
www.burmeseclassic.com

# ပညာကို ဟမ်ဘာဂါလို ရောင်းစားရကြတဲ့ခေတ်

လူထုစိန်ဝင်း




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား စည်းလုံးညီညွတ်ရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပင်ဝါးရုံစာပေ

# ပညာကို ဟမ်ဘာဂါလို ရောင်းစားနေကြတဲ့ခေတ်

## လူထုစိန်ဝင်း

**မှတ်ချက် –**
ဤစာအုပ်တွင်ပါရှိသော ဆောင်းပါးအများစုမှာ Weekly Eleven ဂျာနယ်တွင် ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်များအတွင်း ဖော်ပြပါရှိခဲ့သော ဆောင်းပါးများ ဖြစ်ပါသည်။ ဆောင်းပါးအဆုံးတွင်ပါရှိသော ရက်စွဲများမှာ ၎င်းဆောင်းပါးကို စာရေးသူရေးသားခဲ့သော ရက်၊ သို့မဟုတ် ဂျာနယ်တွင် ပါရှိသောရက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

မျက်နှာဖုံးဒီဇိုင်း – ဘငွေးကြည်

ထုတ်ဝေသူ – ဒေါ်အေးအေးမြိုး
အမှတ် ၂၂၂၊ စံပယ်မာဃလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးဇော်မြင့်ဝင်း
ကာလာဖုန်ပုံနှိပ်တိုက်၊ အမှတ် ၁၈၄(ဘီ)၊
၃၁ လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၂၅၀၀ ကျပ်

**ပင်ဝါးရုံစာပေ**
အမှတ် ၃၂၊ ဘလောက် ၅၁၊ ၂၅ လမ်းနှင့် ရေညဝတီလမ်းထောင့်
နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၆၈၉ ၄၆၂၊ ၀၉ ၅၀၆ ၁၄၄၅၊ ၀၉ ၅၁၉ ၀၉၄၉။

လူထုစိန်ဝင်း ၃၉၈.၂
ပညာကို ဟမ်ဘာဂါလိုရောင်းစားနေကြတဲ့ခေတ်/ လူထုစိန်ဝင်း။ – ရန်ကုန်။
ပင်ဝါးရုံစာပေ။ ၂၀၁၂။
စာမျက်နှာ ၃၅၃ ။ ၁၃ x ၂၁ စင်တီမီတာ။
(၁) ပညာကို ဟမ်ဘာဂါလိုရောင်းစားနေကြတဲ့ခေတ်

BURMESE CLASSIC

# လူထုစိန်ဝင်း
(၁၉၄၀–၂၀၁၂)

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၁၃ ရက်နေ့၌ မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ မိဘအမည်မှာ ဦးသာဒင်နှင့် ဒေါ်ကြည်ခင်တို့ ဖြစ်ပါသည်။

ကလေးဘဝမှ အခြေခံပညာအထက်တန်းအထိ မန္တလေးမြို့ရှိ ဖားသား လဖုန်းကျောင်း၌ ပညာသင်ယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ ပညာသင်ယူခဲ့ပါသည်။

တက္ကသိုလ်ကျောင်းသားဘဝမှာပင် အပျော်တမ်း သတင်းထောက် အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မန္တလေး လူထုသတင်းစာတိုက်၌ အချိန်ပြည့် သတင်းသမားတစ်ဦးအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ဦးလေးဖြစ်သူ ရွှေဥဒေါင်း၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့၏ သင်ကြားဆုံးမမှုများဖြင့် လက်ထောက်အယ်ဒီတာအဖြစ် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

၁၉၆၄ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကာလအတွင်း ရန်ကုန် လူထု တိုက်ခွဲကို အားဖြည့်ရန်အတွက် ရန်ကုန်မြို့သို့ ခေတ္တစေလွှတ်ခြင်း ခံခဲ့ရ သည်။ သို့သော် ရန်ကုန်မြို့မှ မပြန်ရတော့ဘဲ ရန်ကုန် လူထုသတင်းစာ တိုက်ခွဲ၏ တာဝန်ခံအယ်ဒီတာအဖြစ် စတင်တာဝန်ယူခဲ့သည်။

၁၉၆၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် လူထုသတင်းစာ ပိတ်သိမ်းခံခဲ့ ရပြီး ဆရာလူထုစိန်ဝင်းနှင့်အတူ လူထုသတင်းစာတိုက်မှ အယ်ဒီတာ သုံးဦး (ဦးတင်မောင်လေး၊ ဦးမြညွန့်နှင့် ဦးတင်ရှိန်) ထိမ်းသိမ်းခံခဲ့ရသည်။ ထို့နောက် ကိုကိုးကျွန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး ၁၉၇၁ ခုနှစ်တွင် အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လတွင် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ထပ်မံထိန်းသိမ်းခံခဲ့ရသည်။ အင်းစိန်ထောင်တွင် သီးခြားထားရှိခြင်းခံခဲ့ရပြီး ထောင်တွင်းမှာပင် လေဖြတ်ဝေဒနာ ခံစားခဲ့ရ သည့်အတွက် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိခဲ့သည်။ ရန်ကုန်ဆေးရုံကြီး၌ နှစ်လကြာ ထိန်းသိမ်းခံခဲ့ရသည်။

www.burmeseclassic.com

၁၉၈၀ ပြည့်နှစ်တွင် ၁/၈၀ (လွတ်ငြိမ်းချမ်းသာခွင့်အမိန့်)ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ပြန်လည်လွတ်မြောက်ချိန်တွင် ထောင်တွင်း၌ ခံစားခဲ့ရသော လေဖြတ်ဝေဒနာကြောင့် ညာဘက်ကိုယ်တစ်ခြမ်း သေခဲ့သည်။ အိမ်သို့ ပြန်လည်ရောက်ရှိပြီးနောက် အိပ်ရာထက်တွင် ကာလရှည်ကြာ နေထိုင်ခဲ့ရပြီး ဘယ်လက်ဖြင့် စာရေးကျင့်ပြီး စာရေးနိုင်ရန် ကြိုးစားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နေအိမ်၌ အင်္ဂလိပ်စာသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ တစ်ဖက်တွင်လည်း မဂ္ဂဇင်းများ၌ ဆောင်းပါးများ ရေးသားခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ဧပြီ ၂၈ ရက်နေ့တွင် သားကြီးဖြစ်သူ ကိုရဲဝင်းဇော် (အသက် ၃၄)နှစ် ကွယ်လွန်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် နေအိမ်၌ ဖွင့်ထားသော အင်္ဂလိပ်စာ သင်တန်းကျောင်းကို ပိတ်ခဲ့သည်။ နှစ်ပေါင်း ၂၀ နီးပါး ကျောင်းဆရာအဖြစ် ရပ်တည်ခဲ့ပြီးနောက် သင်တန်းကျောင်းကို ပိတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၄ ခုနှစ်တွင် အဆုတ်ရောဂါကြောင့် အောက်ဆီဂျင် အကူအညီဖြင့် အသက်ရှူရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ဇနီးဖြစ်သူ ဒေါ်နုနုမြတ် (အသက် ၇၂နှစ်) ကွယ်လွန်ခဲ့သည်။

၂၀၀၈ ခုနှစ်နောက်ပိုင်း မြန်မာစာပေလောက၌ စာအရေးနိုင်ဆုံးသော စာရေးဆရာတစ်ဦး ဖြစ်သည်။ တစ်နေ့လျှင် ဆောင်းပါးနှစ်ပုဒ်ခန့် အနည်းဆုံး ရေးသားခဲ့သည်။ ရေးသားသည့် ဆောင်းပါးများမှာ စာနယ်ဇင်းအတတ်ပညာ အကြောင်း၊ လူငယ်နဲ့ အမျိုးသမီးများအကြောင်း၊ နိုင်ငံရေးနှင့် နိုင်ငံတကာ ရေးရာများအကြောင်း အစရှိသည်တို့ ဖြစ်သည်။

၂၀၁၂ ခုနှစ် ဖွန်လ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၃၀ အချိန်တွင် ကာလရှည်ကြာခံစားခဲ့ရသော နာတာရှည်အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်ချိန်တွင် သမီးတစ်ဦး၊ ချွေးမနှင့် မြေးတစ်ဦးတို့ ကျန်ရစ်ခဲ့ပါသည်။

BURMESE CLASSIC

## ဆရာလှုထုစိန်ဝင်း၏ ထွက်ရှိခဲ့ပြီး စာအုပ်များ

၁) တောင်ဗီယက်နမ်မှ ငရဲခန်းများ (ဘာသာပြန်)
၂) အရှေ့တောင်အာရှမှ စစ်မီးလျှံများ (ဘာသာပြန်)
၃) စောမိုးခမ်း (ပင်ကိုရေး ဝတ္ထု)
၄) အလံမလှဲစတမ်း (ဘာသာပြန်)
၅) အဖြူနဲ့အဝါ (ဘာသာပြန်)
၆) အဖြူနဲ့အမဲ (ဘာသာပြန်)
၇) သတင်းစာပညာ သောင်းပြောင်းထွေလာ (စာနယ်ဇင်းဆောင်းပါးများ)
၈) စာနယ်ဇင်းအရေးအသား ပုံစံသစ် (ဘာသာပြန်)
၉) မော်ဒန်လက်ဖက်ရည်ပန်းကန်လုံးထဲမှ မုန်တိုင်းငယ်နှင့် အခြားဆောင်းပါးများ
၁၀) ရှက်စိတ်
၁၁) အရှက်နဲ့ တန်ဖိုး
၁၂) စီးပွားရေးလုပ်ငန်းများနှင့် ကြော်ငြာအတတ်ပညာ
၁၃) လူငယ်နဲ့ အချစ်
၁၄) ပထမအမျိုးသမီး လမ်းထွင်သူများ (ဘာသာပြန် ဆောင်းပါးများ)
၁၅) စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲနှင့် အခြားဆောင်းပါးများ
၁၆) အတွေးအမြင် ဆောင်းပါးများ
၁၇) မဂ္ဂဇင်းဆောင်းပါးများ
၁၈) အရှေ့ကို မျှော်၍ အနောက်ကို ကြည့်ခြင်း
၁၉) အလင်းတန်းဆောင်းပါးများ
၂၀) ပိတောက်မြေက မဟေသီနဲ့ ရွှေအမြုတေ
၂၁) မန်နေဂျာကောင်းဆိုတာ
၂၂) လူငယ်များသို့ ကဗျာလက်ဆောင် စာလက်ဆောင် (ဘာသာပြန်ကဗျာများ)
၂၃) လူငယ်နဲ့ တာဝန်ယူစိတ်
၂၄) သင့်လုပ်ငန်း အောင်မြင်ရေး ဖန့်စဉ်သုံးဆောင်ပုဒ်များ
၂၅) မသန်ပေမဲ့ စွမ်းသူများ (ဘာသာပြန်)
၂၆) ဖတ်စရာ
၂၇) အဖေ့ခေါ်သံ
၂၈) စကားမာရသွန် (၁)
၂၉) စကားမာရသွန် (၂)

www.burmeseclassic.com

www.burmeseclassic.com

၃၀) မှုပိုင်ခွင့်
၃၁) စာနယ်ဇင်းကျင့်ဝတ် (ဘာသာပြန်)
၃၂) ပထမတန်းစားစိတ်ဓာတ်
၃၃) စာနယ်ဇင်းနှင့် ယုံကြည်မှု
၃၄) ဆင်းရဲခြင်းထောင်ချောက် (ဘာသာပြန် ဆောင်းပါးများ)
၃၅) လူငယ်တွေ ရင်ဖွင့်ပါစေလား
၃၆) နန်းစကား၊ မန်းစကား၊ မြန်မာတို့ရဲ့ မြန်မာစကား
၃၇) ဒီခေတ်မျိုးဆက်ရဲ့ ပန်းတိုင်
၃၈) မေမေတို့ရဲ့ စစ်ပွဲများ (ဘာသာပြန်ဆောင်းပါးများ)
၃၉) မွန္တလေးရဲ့ ဝိဉာဉ်
၄၀) ဆာယိုနာရာ (ဘာသာပြန်ဝတ္ထု)
၄၁) ဒီမိုကရေစီသည် နောက်ဆုံးပန်းတိုင်မဟုတ်
၄၂) လမ်းဖောက်သူသာ ဖြစ်ပါစေ
၄၃) တစ်ပတ်စာစကား(Talk of the Week, Quotation များ ဘာသာပြန်)
၄၄) မျှော်လင့်ချက်မဲ့ အခြေအနေဆိုတာ မရှိဘူး
၄၅) လူထုရန်နဲ့စာစုများ (ပြည်ပထုတ်)
၄၆) အစိုးရက မိဘလား၊ ပြည်သူက မိဘလား
၄၇) ရှက်စိတ် ကြောက်စိတ် အရှိုင်းစိတ်
၄၈) ပန်းတိုင်က ဘာလဲ
၄၉) လူကြီးလူကောင်းစိတ်
၅၀) အတုတွေ အတုတွေ အတုတွေ
၅၁) လူငယ်တွေကို ယုံပါ
၅၂) တွေ့ဆုံပွဲမှ ဆွေးနွေးပွဲသို့
၅၃) စာပေရှုခင်း
၅၄) တတိယအရွယ်၏ ပထမဝေဒနာ
၅၅) ဒီမိုကရေစီ ရပြီလား
၅၆) ယုန်နှစ်မှာ ယုန်သားစားခြင်း
၅၇) သမိုင်းထဲက စီးပွားရေး၊ စီးပွားရေးထဲက သမိုင်း
၅၈) ပြည်သူတစ်ရပ်လုံး မျှော်လင့်နေကြတယ်
၅၉) နောင်ကြိုးမဲ့ နိုင်ငံရေးသမား
၆၀) ပြည်သူတွေက ဦးဆောင်ရမှာ ဖြစ်တယ်
၆၁) ငြင်းခုံကြပါစေ၊ ပန်းတိုင်းပွင့်ပါစေ

## မာတိကာ


၁။ ကမ္ဘာ့လူသားမျိုးနွယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ မရှိပါလား - ၇
၂။ ကိုလိုနီလက်သစ်ဆိုတာ - ၁၁
၃။ ဝေးဝေးကြည့် နက်နက်တွေး - ၁၅
၄။ ထူးခြားတဲ့ စာတစ်စောင် - ၂၀
၅။ နိုင်ငံရေးသတင်းတွေ ဘယ်လိုရေးကြမှာလဲ - ၂၄
၆။ စိတ်ဆိုးရင်လည်း မတတ်နိုင်တော့ဘူး - ၂၆
၇။ မြန်မာတွေရဲ့ အစွမ်းအစ ယုံကြည်စိတ်ချတယ် - ၃၃
၈။ ပညာကို ဟမ်ဘာဂါလို ရောင်းစားနေကြတဲ့ခေတ် - ၃၇
၉။ သမိုင်းကို ဘယ်သူဖန်တီးတာလဲ - ၄၃
၁၀။ လူငယ်တွေအတွက် မရှိမဖြစ်အရာနှစ်မျိုး -၅၁
၁၁။ လူ့အဆင့်အတန်းဆိုတာ ဘာလဲ - ၅၆
၁၂။ စေတနာရိုက်မှို လွမ်းမိတယ် - ၆၁
၁၃။ ကဲ ... ကျွန်တော်တို့ ဘာတွေချန်ထားခဲ့ကြမှာလဲ - ၆၅
၁၄။ စနစ်တကျ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပါ - ၆၈
၁၅။ ဦးနှောက်ယိုစီးမှုလား၊ ဦးနှောက်ဖွံ့ဖြိုးမှုလား - ၇၃
၁၆။ ရွှေကလောင်ဘွဲ့ ပေးချင်တယ် - ၇၈
၁၇။ မတားပါဘူး၊ စဉ်းစားဖို့ပြောတာပါ - ၈၄
၁၈။ သိက္ခာကိုစွန့်လိုက်ရင် ဘာကျန်တော့မှာလဲ - ၉၀
၁၉။ ခေတ်သစ်နေအေးလို လူတွေ - ၉၄
၂၀။ ကိုယ်ကျိုးရှာသမားများနဲ့ မအပ်စပ်တဲ့အလုပ် - ၉၉
၂၁။ စည်းရုံးရေးဆိုတာ နားလည်ဖို့လိုတယ် - ၁၀၆
၂၂။ ယုန်နှစ်မှာ ယုန်သားစားခြင်း - ၁၁၀
၂၃။ အတ္တာဟိ၊ အတ္တာနော၊ နတ္ထော - ၁၁၅
၂၄။ ဂျပန်ရောက် မြန်မာများအတွက် ဂုဏ်ပြုစကား - ၁၂၁
၂၅။ လူကြီးသူမများရဲ့ ဆုံးမစကား - ၁၂၆
၂၆။ အစာတု၊ ဆေးဝါးတုများရဲ့ အန္တရာယ် - ၁၃၁
၂၇။ ပါဝါများ ကျဆုံးခန်း - ၁၃၇
၂၈။ ရည်မှန်းချက်ချင်းနီးရင် သွေးချင်းနီးတာပဲ - ၁၄၂
၂၉။ လူသုံးမျိုး - ၁၄၆
၃၀။ လေမဟုတ်၊ အလုပ်နဲ့ပြဖို့လို - ၁၅၁
၃၁။ ကမ္ဘာတစ်လွှား လူ့စွမ်းအား - ၁၅၅
၃၂။ လောကရဲ့ အမှန်ဆုံး ဓမ္မတရား - ၁၆၂


www.burmeseclassic.com

www.burmeseclassic.com

၃၃။ စပွန်ဆာဆိုတာ လာဘ်ပေးလာဘ်ယူလုပ်တာပဲ - ၁၆၆
၃၄။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ - ၁၇၂
၃၅။ ဒီမိုကရေစီနဲ့ မအပ်စပ်တဲ့ လူတန်းစား - ၁၇၇
၃၆။ ကလေးတွေရဲ့အနာဂတ်ဟာ တိုင်းပြည်ရဲ့ အနာဂတ် - ၁၈၂
၃၇။ တွေ့ဆုံပွဲမှ ဆွေးနွေးပွဲသို့ - ၁၈၈
၃၈။ နိုင်ငံ့ဝန်ထမ်းများနဲ့ လွတ်လပ်စွာပြောဆိုခွင့် - ၂၀၁
၃၉။ ဘွဲ့ဖြူလက်နက် အန္တရာယ် - ၂၀၇
၄၀။ ဒီမိုကရေစီရပြီလား - ၂၁၄
၄၁။ ဘယ်သူ အာဏာပိုင်လဲ - ၂၂၀
၄၂။ ပြည်သူက ဒဏ်ခတ်လိမ့်မယ် - ၂၂၅
၄၃။ ခဏကြီးမဟုတ်ပါဘူး၊ ခဏလေးပါ - ၂၃၁
၄၄။ အာဏာရှင်အနံ့အသက်တွေ ကင်းရှင်းဖို့ - ၂၃၉
၄၅။ သော့လေးချက်ခတ် ရွှေတံခါးကြီး ဖွင့်နိုင်ဖို့ - ၂၄၃
၄၆။ အရင်ရှင်းရမှာက အရင်းရှင်မဟုတ်၊ ကပ်ပါးကောင်တွေပါ - ၂၅၀
၄၇။ စောင့်မျှော်နေပါတယ် - ၂၅၆
၄၈။ ကွာဟချက် တစ်ဖက်စောင်းနင်းမဖြစ်စေဖို့ - ၂၆၁
၄၉။ ကြာကြာမစောင့်ရဖို့ မျှော်လင့်ပါတယ် - ၂၆၅
၅၀။ ထိပ်တန်းကျသော အစိုးရ - ၂၇၀
၅၁။ က ကညစ်ပေမှာခြစ် မဖြစ်ကြရအောင် - ၂၇၅
၅၂။ ကမ္ဘာကြီးကို ခါးစောင်းတင်ထားနိုင်မှ တော်ကာကျတယ် - ၂၈၁
၅၃။ သတင်းအာပတ်မသင့်စေဖို့ ရေးရတာပါ - ၂၈၇
၅၄။ ပြည်သူတွေ စိတ်ချမ်းသာစေချင်တယ်ဆိုရင် - ၂၉၂
၅၅။ ပေါက္ခရဝသ ဒီမိုကရေစီ - ၂၉၈
၅၆။ အောက်ခြေကလူတွေအတွက် သံတော်ဆင့် - ၃၀၂
၅၇။ ချိုးကူသံလေး ကြားရဖို့ - ၃၀၆
၅၈။ လွမ်းရင်းမျှော် မျှော်ရင်းလွမ်း - ၃၁၂
၅၉။ ပြည်သူချစ်တဲ့သူတွေ ပြည်သူနဲ့အတူ အမြဲရှိပါစေ - ၃၁၆
၆၀။ ပြည်တော်သာစီမံကိန်းကြီးလို ရေစုန်မျောမသွားစေဖို့ - ၃၂၁
၆၁။ နှုတ်မညီနဲ့၊ မတူတာကို လက်ခံနိုင်အောင် ကြိုးစား - ၃၂၅
၆၂။ စုံတွဲတွေကို အခန်းမဲဖောက်ပေးမယ့် ဖျော်ဖြေပွဲ - ၃၃၀
၆၃။ သုံးဓန်လှတောင်သမန်ရဟာတ် ဘယ်သူတွေ ရပ်ပစ်သလဲ - ၃၃၅
၆၄။ လက်တွေ့လုပ်ပြတာပဲ မြင်တွေ့ချင်ကြတယ် - ၃၄၁
၆၅။ ပြည်သူ့အသံ ဂရုစိုက်နားထောင်ပါ - ၃၄၉

# တမ္ဘာ့လူသားမျိုးနွယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ မရှိပါလား

ကျားနဲ့ ရင်ဆိုင်တွေ့ရင် မေတ္တာပို့မနေနိုင်ဘူး။ ဓားဆွဲတန်ဆွဲ၊ တုတ်ဆွဲတန်ဆွဲ လုပ်ရမှာပဲလို့ ရေးလိုက်တာနဲ့ ပတ်သက်ပြီး လူငယ်တစ်စု လာပြီး စကားနိုင်လုကြပါတယ်။ သဘောမတူဘူးရယ်တော့ မဟုတ်ပါဘူး။ ဒီလို လှည့်ပြီးစဉ်းစားရင် ဘယ်လိုလဲ၊ ဒီနည်းနဲ့ စဉ်းစားလို့ မရဘူးလား စသဖြင့် လူငယ်သဘာဝ လှည့်ပတ် စဉ်းစားကြည့်ကြတာပါ။

**အာတွေ့တဲ့ မြန်မာစကား**

လူငယ်တွေက ဒီလိုစကားနိုင်လု ပြောရတာကို တော်တော် ပျော်ကြတယ်။ ခုခေတ် 'အီလစ်'တွေ သည်းခြေခိုက်စကားနဲ့ ပြောရရင်တော့ 'ဦးနှောက် မုန်တိုင်းဆင်ခြင်း'ပေါ့။ ကမ္ဘာ့အဆင့်မီ အရည်အချင်းမရှိဘူးပဲ ပြောပြော၊ စကားနိုင်လုတယ်လို့ ပြောရတာကိုပဲ အာတွေ့ပါတယ်။ လူငယ်တစ်ယောက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ ဂေဟစနစ် ထိန်းသိမ်းရေးတို့ ရှုထောင့်က သူ မြင်သလို ပြောပါတယ်။ ဟူးကောင်းတောင်ကြားမှာ ကျားကောင်ရေ တစ်နေ့တခြား လျော့ပါးလာနေတဲ့အတွက် မကြာခင် နှစ်များအတွင်း ကျားတွေ မျိုးတုံးပျောက်ကွယ်မယ့် အန္တရာယ် ရှိနေတယ်။ ဒါကြောင့် ကျားကို မသတ်သင့်ဘူးလို့ ပြောပါတယ်။ အဲဒီစကား နားထောင်ပြီးတော့ မိန်းကလေးတစ်ယောက်က ကျားကိုမသတ်ရင် ကျားက လူကိုသတ်မှာပေါ့။ ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူးလို့ ဝင်ပြောပါတယ်။

**တြွက်နှိမ်နင်းဖို့ မြွေတွေ လွှတ်ရမလား**

ပထမလူငယ်က လူ့ရပ်လူ့ရွာထဲ ကျားက အတင့်ရဲပြီး ဝင်ဆွဲတာ မဟုတ်ဘူး။ ကျားတွေ၊ ဆင်တွေနေတဲ့ တောတွေ၊ တောင်တွေထဲကို လူတွေက ကျူးကျော် ဝင်ရောက်နေထိုင်ကြတာ ဖြစ်တယ်။ လူတွေက



www.burmeseclassic.com

www.burmeseclassic.com

တရားပျက်ပြီး ကျူးကျော်တာလို့ ခေါ်ပြပါတယ်။ အဲဒီအချိန်မှာပဲ နောက်လူငယ်တစ်ယောက်က အိမ်နီးချင်းနိုင်ငံတစ်ခုမှာ စပါးခင်းတွေကို ကြွက်အုပ်ကြီးတွေ ဝင်ရောက်ဖျက်ဆီးတဲ့အတွက် မြွေတွေကို လယ်ကွင်းတွေထဲ ပြန်လွှတ်ပေးနေတဲ့သတင်းကို ပြောပြပါတယ်။ မြန်မာပြည်က နာဂစ်ဒဏ်ခံဒေသတွေက လယ်ကွင်းတွေ ကြွက်ဝင်ဖျက်နေတာကိုလည်း မြွေတွေလွှတ်ပေးလိုက်ရင် ဘယ်လိုနေမလဲလို့ မေးလိုက်ပါတယ်။ အဲဒီမှာလည်း တစ်ယောက်တစ်မျိုးနဲ့ စကားနိုင်လုပြီး ပြောကြတာ ဆူညံနေတာပါပဲ။ ပျော်စရာ အတော်ကောင်းပါတယ်။

**လူတွေက ကျူးကျော်ဖျက်ဆီးတာ**

လူငယ်တွေအားလုံးဟာ ပညာတတ်တွေဖြစ်ကြတော့ သူတို့ ပြောကြဆိုကြတာတွေကို ခပ်ပေါ့ပေါ့သဘောထားလို့ မရပါဘူး။ ကျားမျိုးပြုန်းမှာစိုးရိမ်တဲ့ လူငယ်ရဲ့ ပြောကြားချက်တွေကလည်း မှန်ပါတယ်။ လူတွေက တိရစ္ဆာန်များ ကျက်စားနေထိုင်ရာဒေသကို ဝင်ရောက်ကျူးကျော် ဖျက်ဆီးတော့ သားရဲတိရစ္ဆာန်တွေမှာ နေစရာ၊ စားစရာ ရှားပါးလာကြပါတယ်။ *တောတောင်ရေမြေ သဘာဝတွေနဲ့ ဂေဟစနစ်ကြီးတစ်ခုလုံးကို လူသားတွေက* ဖျက်ဆီးခဲ့ကြတာ ဖြစ်တယ်။ အဲဒီအကျိုးဆက်ကြောင့် ကျွန်တော်တို့ တိုင်းပြည်မှာ ရာသီဥတုတွေ ဘယ်လောက်ဖောက်ပြန်နေတယ်ဆိုတာ ကျွန်တော်တို့ ကိုယ်တွေ့ပဲ။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စတဲ့ မြစ်ကြီးတွေမှာလည်း နွေမပေါက်ခင် သောင်ခုံကြီးတွေထွန်းနေတဲ့အတွက် သင်္ဘောတွေ၊ မော်တော်တွေ ခက်ခက်ခဲခဲ သွားလာနေကြရတယ်ဆိုတဲ့ သတင်းတွေ နေ့စဉ် ဖတ်နေကြရတယ် မဟုတ်လား။ နောက်ငါးနှစ်က ဆယ်နှစ်အတွင်း ဝင်ရိုးစွန်းဒေသက ရေခဲတောင်ကြီးတွေ ပျောက်ကွယ်သွားတော့မယ်ဆိုတဲ့ သတိပေးချက်တွေကလည်း ကြားနေရလေတော့ အဲဒီအချိန်ကျရင် ကျွန်တော်တို့ ဧရာဝတီ ဘယ်လိုဖြစ်လေမလဲလို့လည်း ပူလိုက်ရတာ။

**ကိုယ်မသတ်ရင် သူက သတ်မှာ**

သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်အတွက် စိတ်ပူတာ မှန်ပေမဲ့ လယ်ကွင်းတွေထဲ မြွေတွေဖမ်းပြီး လွှတ်တာမျိုးတော့လည်း သဘောတူရမှာ ခပ်ခက်ခက်ပဲ။ သူများနိုင်ငံတွေမှာက လယ်ထွန်စက်တွေ၊ Combined



harvester လို့ခေါ်တဲ့ စပါးရိတ်သိမ်းရင်းနဲ့ တစ်ခါတည်း ဆန်ကြိတ်ပြီးသားထွက်လာတဲ့ စက်ကြီးတွေနဲ့ လယ်ထဲဆင်းကြတာဆိုတော့ မြွေကိုက်ခံရစရာအကြောင်း မရှိလှဘူး။ မြန်မာလယ်သမားတွေက ခြေဗလာ၊ လက်ဗလာနဲ့ လယ်ထဲဆင်းရတာ။ မြွေဆိုတာက ဆင်လို၊ ကျားလို မြင်ရတဲ့သတ္တဝါမဟုတ်ဘူး။ ကျေးလက်ဒေသတွေမှာ တစ်နှစ်တစ်နှစ် ပိုးထိလို့ အသက်ဆုံးရှုံးကြရတာတွေ ရာနဲ့ချီရှိနေတာ မဟုတ်လား။ အဲဒီတော့ ဘယ့်နှယ်လုပ်မလဲ။ ကျားတွေ့ရင် သတ်ရမှာပဲ။ မြွေတွေ့လည်း သတ်ရမှာပဲ။ ဂေဟစနစ် ထိန်းသိမ်းရေး အသိဉာဏ် ခေါင်းပါးတယ်ပြောလည်း မတတ်နိုင်ဘူး။ မြွေဆိုးနဲ့ ရင်ဆိုင်တွေ့နေတာ ကိုယ်က သူ့ကိုမသတ်ရင် သူက ကိုယ့်ကို သတ်သွားမှာ သေချာတယ်။

**ဘယ်လောက်ပြောပြော မောရုံပဲ**

တစ်ခါက မီးသွေးအကြီးအကျယ်ရောင်းတဲ့ ကျောင်းသားဟောင်းတစ်ယောက် အတန်းထဲမှာ စကားနိုင်လုပြောကြရင်း ပြောခဲ့တဲ့စကားကို ပြန်အမှတ်ရမိတယ်။ မီးသွေးမရှိရင် ခင်ဗျားတို့ အိမ်တွေမှာ ဘာနဲ့ ထမင်းချက်စားကြမလဲ၊ တောကလူတွေရော မီးသွေးမဖုတ်ရင် ဘာလုပ်စားကြမလဲလို့ *သူက ပြောသွားတယ်။ စဉ်းစားကြည့်တော့ သူပြောတာ မှန်တယ်။* လျှပ်စစ်တို့၊ ဓာတ်ငွေ့တို့နဲ့ ချက်ဖို့ဆိုတာ နေရာတိုင်းမှာ ဖြစ်နိုင်တာမဟုတ်ဘူး။ လူတိုင်း မတတ်နိုင်ဘူး။ ဆင်းရဲသားဆိုတာ ညနေ အလုပ်ပြန်နေ့တွက်ခလေးရလာမှ မီးသွေးလေး အစိတ်သား၊ ငါးဆယ်သား ဝယ်ပြီးချက်ကြပြုတ်ကြရတာလေ။ ရေနံဆီမီးဖိုတွေ ပေါပေါလောလော သုံးနိုင်တဲ့အချိန်တုန်းက မြို့ကြီးပြကြီးတွေမှာ ဘယ်သူမှ မီးသွေးမီးဖိုမသုံးဘူး။ မီးသွေးရတာ လက်ဝင်ရုံတင်မက အိုးတိုက်ရတာ အလုပ်ရှုပ်လို့။ အစားထိုးစရာ ဘာမှ လုပ်မပေးနိုင်ရင်တော့ တောပြုန်းလို့ မီးသွေးမဖုတ်ကြပါနဲ့လို့ ဘယ်လောက်ပြောပြော မောရုံပဲ ရှိမယ်။ သုံးသူက သုံးနေသရွေ့ ဖုတ်ပြီးရောင်းသူက ရောင်းနေကြမှာပဲ။

**လူသားမျိုးနွယ် မပြုန်းရေးအဖွဲ့ မရှိ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ ဂေဟစနစ် ကာကွယ်စောင့်ရှောက်ရေးတို့၊ ရှားပါးတိရစ္ဆာန်များ မျိုးပြုန်းပျောက်ကွယ် မသွားရေး



www.burmeseclassic.com

www.burmeseclassic.com

တို့ ဆိုတဲ့အသိ ရှိကြတာ အင်မတန်ကောင်းတယ်။ ကျားတွေ မသတ်ဖို့၊ မိကျောင်းတွေ မသတ်ဖို့ ပြောဟောနေကြတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီး ဆိုတာ ရှိသလို လူသားမျိုးနွယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ကြီး ဆိုတာမျိုး မရှိတာကတော့ အတော်အံ့ဩစရာကောင်းတယ်။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်သလို နေရာတကာလိုက်ပါပြီး အဖွဲ့ပေါင်းစုံ လျှောက်ဖွဲ့နေတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးတောင် ဒီကိစ္စတော့ မေ့နေတာလား၊ တမင် မေ့ချင်ယောင် ဆောင်နေတာလား မသိဘူး။ ဘာမှလုပ်တာ မတွေ့ရဘူး။ ကမ္ဘာပေါ်မှာ တစ်နှစ်တစ်နှစ်ကို ကျားတွေ၊ မိကျောင်းတွေ၊ ဝေလငါးတွေ အသတ်ခံရတဲ့ အရေအတွက်ဟာ အကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ လူသားတွေအသတ်ခံရတဲ့ အရေအတွက်ရဲ့ တစ်ဝက်တောင် ရှိမယ်မထင်ပါဘူး။

**အာရုံလွှဲဖို့ မီးမောင်းထိုးတာ**

အာဖဂန်နစ္စတန်မှာ၊ အီရတ်မှာ၊ ဆူဒန်မှာ နေ့စဉ် အသတ်ခံရလို့ သေဆုံးသွားကြရတဲ့ တိုက်ခိုက်ရေးသမားမဟုတ်သူ သာမန်အရပ်သူ အရပ်သား ယောကျာ်း၊ မိန်းမ၊ ကလေးသူငယ်တွေရဲ့ အရေအတွက်ဟာ ထောင်ဂဏန်းအထိ ရှိပါတယ်။ ဒါတွေကိုတော့ ဘာမှမပြောဘဲ၊ ဘာမှ မလုပ်ဘဲနဲ့ ကျားမျိုး မပြုန်းရေးတို့၊ မိကျောင်း ကာကွယ်ရေးတို့လောက်ပဲ မီးမောင်းထိုးပြနေကြတာဟာ ဘာသဘောလဲလို့ စဉ်းစားဖို့တော့ လိုပါလိမ့်မယ်။ မီးမောင်းထိုးတယ်ဆိုတာက မီးမောင်းရဲ့ အောက်တည့်တည့်မှာ ရှိနေတဲ့အရာကလွဲပြီး ကျန်တဲ့အရာအားလုံး မမြင်မတွေ့ရအောင် ဖုံးကွယ်ထားချင်လို့ဆိုတဲ့သဘော မဟုတ်ဘူးလား။ လူတွေရဲ့အာရုံကို တစ်နေရာတည်းမှာပဲ စူးစိုက်နေစေပြီး ကျန်တာတွေ ဘာမှမသိရအောင် လုပ်ထားတဲ့ သဘောပဲ မဟုတ်ဘူးလား။ အဲဒီလှည့်ကွက်ထဲ ကမ္ဘာပေါ်က လူတွေ တော်တော်များများမိနေကြတယ်လို့ စိတ်မှာ ထင်နေမိကြောင်းပါဗျာ။

၁၀၊ ၂၊ ၂၀၀၀



# တိုလိုနီလက်သစ်ဆိုတာ

ဂျာနယ်တွေ တစ်စောင်ပြီးတစ်စောင် တိုးလာတာနဲ့အမျှ ဂျာနယ်လစ် လူငယ်၊ လုံမငယ်တွေလည်း တိုးလာတာတွေ့ရတယ်။ ဝမ်းသာစရာ ဖြစ်တယ်။ အထူးသဖြင့် မိန်းကလေးငယ်တွေ ဘယ်ခေတ်ကနဲ့မှ မတူအောင် ဝင်ရောက် လုပ်ကိုင်လာကြတဲ့အတွက် ပိုပြီးအားရမိတယ်။

**ထမင်းငတ်ပါစေ သတင်းမငတ်ပါစေနဲ့**

ဝင်ရောက်လာကြတဲ့ လူငယ်တော်တော်များများက စွဲစွဲမြဲမြဲ မလုပ်ကြဘဲ လေ့ကျင့်စီးတဲ့ သဘောမျိုး ဝင်လာကြတာဖြစ်ပေမဲ့ တချို့လည်း လုပ်ရင်းနဲ့ 'စွဲ'သွားပြီး တင်ကျန်ရစ်ကြပါတယ်။ အဲဒါ အမြတ်ပါပဲ။ ဘာပဲ ဖြစ်ဖြစ် မျိုးဆက်ပြတ်မသွားတော့ဘူးပေါ့။ စာနယ်ဇင်းအကြောင်း၊ စာနယ်ဇင်း ကျင့်ဝတ်အကြောင်း စတာတွေ အများဆုံးရေးသူ ဖြစ်တာကြောင့် ဂျာနယ် တိုက်ပေါင်းစုံက အသစ်ခန့်လိုက်တဲ့ လူငယ်လေး တော်တော်များများဟာ သူတို့မေးမြန်း ဆွေးနွေးချင်တာတွေကို လာပြီး မေးမြန်းတတ်ကြတယ်။ အဲဒီမှာ သတိထားမိတာတစ်ခုက သူတို့လေးတွေ စာဖတ် တော်တော်ပျင်း ကြတယ်ဆိုတာ ဖြစ်တယ်။ အတော်များများကဆို သတင်းစာတောင် မှန်မှန်မဖတ်ကြဘူးဆိုတာ သိရတယ်။ ဂျာနယ်လစ်ဆိုတဲ့ သတင်းသမား လုပ်နေပြီး သတင်းတွေကို စိတ်မဝင်စားရင် ဘယ်လိုလုပ်ပြီး သတင်းသမား ကောင်း ဖြစ်နိုင်မှာလဲ။ သတင်းသမားကောင်း ဖြစ်ချင်ရင် ထမင်းသာ အငတ်ခံပါ။ သတင်းအငတ်ခံလို့တော့ လုံးဝမဖြစ်နိုင်ပါဘူးလို့ လူငယ်တွေ ကို ထပ်ပြီးသတိပေးချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

### မိန်းကလေးတွေ အားနည်းတဲ့အရာ

စာမဖတ်တဲ့လူငယ်တွေရဲ့ အသိဉာဏ်စက်ဝန်းဟာ အင်မတန် ကျဉ်းပါတယ်။ မသိတာမေးလို့ ရှင်းပြလည်း တော်ရုံနဲ့ သဘောမပေါက်ပါဘူး။ နိုင်ငံရေး စီးပွားရေးအကြောင်းတွေဆိုရင် မိန်းကလေးတွေက ယောကျ်ားလေးတွေထက် ပိုပြီးအားနည်းတာ တွေ့ရတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်း မသိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ဂျာနယ်လစ်ကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး။ အရင်က ဝါသနာမပါလို့ မဖတ်လည်း သတင်းသမားအဖြစ် လုပ်ကိုင်နေပြီဆိုရင်တော့ မဖတ်လို့ လုံးဝမဖြစ်ပါဘူး။ ကြိုက်လည်း ဖတ်၊ မကြိုက်လည်း ဖတ်ရမှာပါ။ ပြောရလွန်းလို့ အပ်ကြောင်းလည်း ထပ်လှပါပြီ။ တယ်ပြီးမထူးလှပါဘူး။

### ဖန်တစ်ရာတေတဲ့စကား

တစ်နေ့ကပဲ မယ်ဂျာနယ်လစ်တစ်ယောက်က လာပြီး မေးခွန်းတစ်ခု မေးတယ်။ 'ကိုလိုနီလက်သစ်'ဆိုတာ ဘယ်လိုဟာလဲတဲ့။ ဒီစကားလုံးက 'ဖန်တစ်ရာတေအောင်' ကြားနေရတဲ့စကားမျိုး မဟုတ်လား။ ဒါတောင် မသိတာတော့ လွန်တာပေါ့။ သိသလိုလို၊ မသိသလိုလိုနဲ့ သေသေချာချာ ရှင်းပြစမ်းဆိုတော့ ရှင်းမပြတတ်တော့ဘူးလို့ ပြောပါတယ်။ ဒါတော့ ဟုတ်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ပါးစပ်က အမြဲပြောနေကျ စကားတစ်ခွန်း ရှိတယ်။ 'တိုင်းပြည်ကို လက်ညှိုးထိုး ရောင်းစားတယ်' ဆိုတဲ့စကား။ ဦးနုအစိုးရကို ဝေဖန်တဲ့အခါ ပြောလေ့ရှိတာပါ။ ပြောသာ ပြောတာ တကယ်ရှင်းပြစမ်းဆိုတော့ ရှင်းမပြတတ်ဘူး။ ခုလို အသက်ကြီးလာတဲ့အခါကျတော့မှ ဒီစကားကို တကယ်နားလည်လာရတာ ဖြစ်တယ်။ ဒါကြောင့် ကိုယ်ချင်းစာပြီး ရှင်းပြလိုက်ရတယ်။

### ငါးကြင်းဆီနဲ့ ငါးကြင်းကြော်

ဒီလိုကွဲ့ နားထောင်။ ရှေးတုန်းက စီးပွားရေးအင်အား တောင့်တင်းလာတဲ့ အနောက်နိုင်ငံတွေဟာ သူတို့ကုန်ပစ္စည်းတွေ ရောင်းချဖို့နဲ့ သူတို့လိုအပ်တဲ့ ကုန်ကြမ်းတွေရဖို့အတွက် အင်အားသေးငယ်တဲ့ နိုင်ငံတွေကို စစ်တပ်တွေ စေလွှတ်တိုက်ခိုက်ပြီး လက်အောက်ခံနိုင်ငံများအဖြစ် သိမ်းပိုက်အုပ်စိုးကြတယ်။ နှစ်ကာလရှည်ကြာစွာ ခြယ်လှယ်သွေးစုပ် အမြတ်ထုတ်



ကြတယ်။ အဲဒါကို ကိုလိုနီစနစ်လို့ ခေါ်တယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ကိုလိုနီနိုင်ငံတွေ လွတ်လပ်ရေးရလာကြတဲ့အတွက် အဲဒီစနစ် ချုပ်ငြိမ်းသွားတယ်။ ဒါပေမဲ့ အရင်းရှင်စီးပွားရေးသမားတွေက ဒီအတိုင်းငြိမ်မနေဘဲ နည်းလမ်းအမျိုးမျိုးရှာရင်းနဲ့ ပိုကောင်းတဲ့စနစ်တစ်ခု တွေ့သွားကြတယ်။ အဲဒီစနစ်က ရှေးစနစ်ဟောင်းလို ပိုက်ဆံအကုန်ခံပြီး စစ်တပ်တွေ စေလွှတ်တာမျိုး ကြီးမားတဲ့ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီး တည်ဆောက်ထားရတာမျိုး လုပ်ဖို့မလိုဘူး။ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တာဆိုတော့ ကုန်ကျစရိတ် လုံးလုံးမရှိဘဲ အမြတ်ချည်း ရာနှုန်းပြည့်ရတဲ့စနစ် ဖြစ်တာကြောင့် သူတို့အတွက် ပိုပြီးအကျိုးရှိစေတယ်။

### ယဉ်ကျေးမှုလက်နက်

လုပ်ပုံလုပ်နည်းကတော့ ရှေးကလို အကြမ်းနည်း မဟုတ်တော့ဘဲ အနုနည်း ဖြစ်လာတယ်။ စစ်တပ်တွေ မပို့တော့ဘဲ ယဉ်ကျေးမှုတွေနဲ့ ဈေးပေါပေါ လူသုံးကုန်ပစ္စည်းတွေ တရစပ်ပို့တယ်။ ယဉ်ကျေးမှုကို ဘာနဲ့ ပို့သလဲဆိုတော့ စာပေ၊ ရုပ်ရှင်၊ ဂီတဆိုတာတွေကျတော့ ငယ်ရွယ်နုနယ်သူတွေရဲ့ နှလုံးသားထဲထိအောင် ရောက်သွားတာကြောင့် ဝမ်းသာအားရ ကြိုဆိုတာတောင် ခံရလေ့ရှိတယ်။ ဈေးပေါတဲ့ လူသုံးကုန်ပစ္စည်းတွေကျတော့ ဆင်းရဲသားတွေတောင် ဝယ်ယူသုံးစွဲနိုင်တာဖြစ်လို့ လူနေအိမ်တိုင်းမှာ သူတို့ပစ္စည်းတွေနဲ့ မကင်းနိုင်အောင် ဖြစ်နေကြတော့တယ်။ စစ်ပြီးစကာလမှာ ဂျပန်ကဈေးချိုတဲ့ အပေါစားပစ္စည်းတွေ အလျှံပယ်ထုတ်လုပ်ပြီး အင်္ဂလန်လုပ်၊ ဂျာမနီလုပ်ကိုမှ သုံးလေ့ရှိတဲ့ မြန်မာနဲ့ အရှေ့တောင်အာရှ ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ခဲ့တာ အထင်ရှားဆုံးသာဓက ဖြစ်တယ်။

### ဝေါချောင်ကောင်း ဈေးကွက်

ရှေးတုန်းက မြန်မာလူမျိုးက နာရီဆို ဆွစ်ဇာလန်လုပ် ရိုးလက်ခ်တို့ အိုမီဂါတို့မှ နာရီထင်တာ။ ဖောင်တိန်ဆို ပတ်ကား၊ ကင်မရာဆို ရိုလီကော့တို့၊ ရိုလီဖလက်တို့မှ။ နောက်တော့ ဆင်းရဲသားတွေတောင် ပတ်နိုင်တဲ့ ဈေးပေါပေါ တစ်တိုနီနာရီ၊ ဆေကိုနာရီတွေ လိမ့်ဝင်လာကြတော့ နာရီဈေးကွက်ကို ဂျပန်က လွှမ်းမိုးသွားနိုင်ခဲ့တယ်။ ပတ်ကားဖောင်တိန် တစ်ချောင်း လေးငါးဆယ်ပေးရချိန်မှာ ပိုင်လော့ဆိုတဲ့ ဂျပန်ဖောင်တိန်က



www.burmeseclassic.com

www.burmeseclassic.com

လေးငါးကျပ်နဲ့ ဝယ်လို့ရတော့ ကျောင်းသားတိုင်းရဲ့ လက်ထဲမှာ ပိုင်းလော့ ဖြစ်သွားတယ်။ ကင်မရာဆိုလည်း အလားတူပဲ။ ယာရှီကာတို့၊ မာမီယာတို့ ခေတ် ဖြစ်သွားတယ်။ ရိုလီတွေဆိုတာ မြန်မာဈေးကွက်ထဲက လုံးဝ ပျောက်သွားရတယ်။ ဟောဒီခေတ်ရောက်တော့ ယိုးဒယားလုပ်၊ တရုတ်လုပ်၊ ကိုးရီးယားလုပ် ပစ္စည်းတွေက ဈေးက ဂျပန်ပစ္စည်းတွေထက်တောင် ပေါချောင်ကောင်း ဖြစ်ကြလေတော့ ဈေးကွက်ထဲမှာ သူတို့ပစ္စည်းတွေချည်း ဖြစ်နေကြတော့တယ်။

### တင့်တယ်နေတဲ့ ချဉ်ဖတ်

မန္တလေးမှာ မုံ့တီဆိုင်၊ မြီးရှည်ဆိုင်က ရှာနိုင်မှ တွေ့ရသလို ဖြစ်သွားပြီး ဆန်ခေါက်ဆွဲနဲ့ အကင်ဆိုင်တွေက နေရာတကာမှာ ရှောင်မလွတ် ဖြစ်နေတယ်။ ရန်ကုန်မှာလည်း ဆီချက်ခေါက်ဆွဲစားချင်ရင် တော်တော်ရှာရတယ်။ အကင်ဆိုင်ကတော့ ပေါမှပေါ။ မုန်လာချဉ်၊ မုန်ညင်းချဉ်ဆိုတာ ဘယ်တုန်းကမှ ဆိုင်ကြီးကနားကြီးတွေမှာ တင်ရောင်းတဲ့ပစ္စည်း မဟုတ်ပါဘူး။ အခုတော့ ကင်မ်ချီဆိုတဲ့ ချဉ်ဖတ်က စူပါမားကက်ကြီးတွေမှာ တထီးတနန်းနဲ့ တင့်တယ်နေလိုက်ကြတာ။ ဒါတင်မကဘူး။ ကလေးတွေ ပါးစပ်ဖျားမှာလည်း အပါးတို့၊ အမားတို့၊ အိုပါးတို့၊ အားပူချေးတို့ဆိုတဲ့ စကားတွေပဲ တတွတ်တွတ် ရွတ်နေကြတော့တယ်။ အဲဒီမတိုင်ခင်ကတော့ ရှဲ့ရှဲ့တို့၊ ကွေ့ပုချိတို့၊ မေးယိုကွမ်းစီးတို့ ဆိုတဲ့ စကားတွေပေါ့။ ဟိုရှေးကတော့ ဒယ်ဒီ၊ မာမီတို့၊ အိုင်ဆေးတို့၊ အောရိုက်တို့ပေါ့လေ။ ဒါ မီဒီယာတွေက ဝင်ရောက်ထိုးဖောက်မှုပဲ။ ကိုလိုနီလက်သစ်စနစ်ရဲ့ ပြယုဂ်တွေပဲ။

### ဟောရင်းသာ ပျံတော်မူ

အဲဒီလို ရှည်ရှည်ဝေးဝေး ကကြီးကနေ အ,အထိအောင်ရှင်းပြမှ ဒီခေတ် လူငယ်တချို့က နားလည်ကြတာ။ တော်ရုံတန်ရုံ ပြောလို့ကတော့ ဘာမှသိတာ မဟုတ်ဘူး။ ဒါကြောင့် စာဖတ်ပါ၊ စာဖတ်ပါနဲ့ အပ်ကြောင်းထပ်အောင် ပြောနေရတာဖြစ်တယ်။ ကြာတော့လည်း 'ဟောရင်းသာ ပျံတော်မူလိမ့်မယ်'ဆိုတဲ့ကိန်း ဆိုက်တော့မယ် ထင်ပါရဲ့လို့ ကိုယ့်ဟာကိုယ် တွေးနေမိပါတော့တယ်။

၂၊ ၃၊ ၂၀၁၀။



## ဝေးဝေးကြည့် နက်နက်တွေး

သတင်းစာအလုပ်ကို စွဲလမ်းမြတ်နိုးလွန်းတာကြောင့် တစ်သက်လုံး ဒီအလုပ်တစ်ခုတည်းကိုပဲ လုပ်ခဲ့ပါတယ်။ သတင်းစာမျိုးဆက် ကန်းသွားမှာ စိုးတဲ့အတွက် သတင်းစာပညာနဲ့ ပတ်သက်တဲ့ စာတွေလည်း အများကြီး ရေးခဲ့ပါတယ်။ ရေးတဲ့အခါမှာလည်း ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာကို အထူး အလေးထားရေးခဲ့ပါတယ်။

### အနာပေါ် တုတ်ကျ ဖြစ်ရှာကြ

ဈေးကွက်စီးပွားရေးနဲ့အတူ ပုဂ္ဂလိကဂျာနယ်တွေ ပေါ်ထွန်းလာတဲ့ အခါ ကံစမ်းမဲကိစ္စ၊ လက်ဆောင်ကိစ္စ ဆိုတာမျိုးတွေကြောင့် ဂျာနယ်သမားတွေ နာမည်ပျက်စရာတွေ အများကြီး ဖြစ်လာခဲ့ကြတယ်။ ကြော်ငြာကို သတင်းယောင်ဆောင် ရေးသား ထည့်သွင်းတာမျိုးတွေလည်း တွေ့လာရတယ်။ လက်ဆောင်ကြောင့် ဂျာနယ်သမားချင်း ရန်ဖြစ်ရတာတို့၊ ဖိတ်စာ ဖျောက်တာတို့ဆိုတဲ့ မဖွယ်မရာတွေလည်း မပြတ်ကြားလာရတယ်။ အဲဒါကြောင့် လက်ဆောင်ကို လက်ရှောင်ဖို့ စာတွေ အများကြီး ရေးခဲ့တယ်။ တအုပ်လက်ဆောင်ယူပြီး ကောင်းတယ်ညွှန်းတာ မလုပ်ဖို့၊ သံရုံးက လွှတ်လို့ သူတို့နိုင်ငံ အလည်သွားရပြီး ပြန်လာတော့ အားလုံးကောင်း လွှတ်ကောင်း၊ ခွေမျိုးသာမက နိုင်ငံပါမေ့သွားအောင် ကောင်းဆိုတဲ့ ကျေးဇူးဆပ်စာမျိုးတွေ မရေးဖို့ ဆိုတာမျိုးတွေလည်း ထပ်ခါတလဲလဲ ရေးခဲ့တယ်။ ရေးလွန်းအားကြီးလို့ တချို့ ခေတ်ပေါ်ဂျာနယ်တွေက ကွယ်ရာ တနေ အောက်ကလိအာ ပြောကြတာတွေတောင် ခံရတယ်။ အနာပေါ် တုတ်ကျ ဖြစ်ရှာကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

**လူငယ်တစ်ယောက်က ဆုံးမ**

သူများကို ဆုံးမလွန်းလို့ ဝဋ်လည်တာထင်ပါရဲ့။ အသက် ၇၀ ကျော်မှ လူငယ်တစ်ယောက်က ဆုံးမတာ ခံလိုက်ရတယ်။ အင်တာနက်ထဲက ဆုံးမတာဖြစ်လို့ လူငယ်လို့ ပြောလိုက်တာပါ။ ဘယ်သူဘယ်ဝါ မသိပါဘူး။ အင်တာနက်ထဲမှာ ရေးမဆုံးနိုင် ဖြစ်နေကြတဲ့ 'လက်ရောက် ကျူးလွန်မှု' တစ်ခုနဲ့ ပတ်သက်ပြီး ဂျာနယ်သမားတွေက ထင်မြင်ချက်လာတောင်းတဲ့အတွက် ထင်မြင်ချက်ကို ပြောလိုက်ပါတယ်။ ဘာအကြောင်း ဘာကိစ္စမျိုးနဲ့မှ လူတစ်ဦးတစ်ယောက်ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ထိုးကြိတ်တာမျိုး လုပ်ခွင့်မရှိတဲ့အကြောင်း၊ လုပ်ခဲ့ရင် ဥပဒေအရ အပြစ်ရှိတဲ့အကြောင်း ပြောလိုက်တာပါ။ အဲဒီလို ပြောလိုက်ပြီးတဲ့နောက် အင်တာနက်ကနေပြီး 'လူကြီးဖြစ်ပြီး ကိုယ့်ဟာကိုယ်မနေဘဲ ဒီလိုကိစ္စမျိုးတွေထဲ ဘာလို့ဝင်ပါနေရတာလဲ' ဆိုတဲ့စာ တက်လာတာကို ဖတ်လိုက်ရပါတယ်။

**မျက်နှာလွှဲရမယ့်ကိစ္စ မဟုတ်**

ပေါ့ပ်နယ်ပယ်ကကိစ္စမို့ ဘာမှမဆိုင်ဘူး။ ဝင်ပါစရာ မလိုဘူးလို့ ထင်မယ်ဆို ထင်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်က ဒီကိစ္စကို ငါးစိမ်းတန်းက မိန်းမနှစ်ယောက် နပန်းလုံးတဲ့ကိစ္စလို မျက်နှာလွှဲထားလိုက်ရမယ့် ကိစ္စမျိုးလို့ မယူဆပါဘူး။ စိတ်ဓာတ်ရေးရာ ဖောက်ပြန်ပျက်စီးမှုတွေ ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဖြစ်ပွားနေပြီလဲဆိုတာကို ထင်ဟပ်ဖော်ပြနေတဲ့ လက္ခဏာတစ်ရပ်လို့ ယူဆပါတယ်။

**ဇာတ်မင်းသားငယ် ကိစ္စ**

တစ်နေ့က သဘင်အစည်းအရုံးက တစ်ရှိန်ထိုး နာမည်ကြီးလာတဲ့ ဇာတ်မင်းသားငယ်တစ်ယောက်ကို နှစ်နှစ် ဇာတ်မကရလို့ ပြစ်ဒဏ်ချမှတ်ထားတာကို သက်ညှာတဲ့အနေနဲ့ တစ်နှစ်လို့ လျှော့ချပေးလိုက်တဲ့ သတင်းဂျာနယ်တွေမှာ ဖတ်လိုက်ရတယ်။ ဇာတ်မင်းသားငယ်က ဝန်ချတောင်းပန်တာကိုလည်း တွေ့ရတယ်။ ဖျော်ဖြေရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သဘင်သည်တစ်ယောက်ကို နှစ်နှစ်ကြီးတောင် ဇာတ်မကရလို့ ပြစ်ဒဏ်ချမှတ်တာဟာ အတော်ပြင်းထန်ပါတယ်။ သာမန်အားဖြင့် မလုပ်သင့်ပါဘူး။ ဘာကြောင့်များ ဒီလို ပြစ်ဒဏ်ခတ်ရတာလဲ ဆိုတာကို ပြန်



လေ့လာလိုက်တော့ အောင်မြင်မှုမာန် သိပ်တက်နေတဲ့ မင်းသားငယ်က ဇာတ်စင်ပေါ်ကနေပြီး စင်အောက်က လှောင်ပြောင်တဲ့ ပရိသတ်ကို ရှန့်ရင်းကြမ်းတမ်းတဲ့ စကားလုံးတွေ၊ စော်ကားတဲ့အပြုအမူတွေနဲ့ တုံ့ပြန်ပြုမူခဲ့တာကြောင့် ပွဲခင်းထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ရတယ်။

**သွေး နားထင်ရောက်လို့**

သဘင်အစည်းအရုံးက ငယ်ရွယ်သူ မင်းသားလေး သင်ခန်းစာယူနိုင်အောင် တစ်နှစ် ဇာတ်မကဖို့ ပိတ်လိုက်တယ်။ ဒါကို မင်းသားက မထီမဲ့မြင်ပြုပြီး နယ်ပွဲတွေမှာ ဝင်ရောက်ဖျော်ဖြေတာတွေ လုပ်တယ်။ သဘင်အစည်းအရုံးက သိတော့ စည်းကမ်းဖောက်ဖျက်မှုကြောင့် မူလပြစ်ဒဏ် တစ်နှစ်အစား နှစ်နှစ်ဆိုပြီး အပြစ်တိုးလိုက်တယ်။ ဒီတင် မင်းသားငယ်က လာရောက် ဝန်ချတောင်းပန်လို့ လူကြီးတွေက ဆုံးမပြောဆိုပြီး ပြစ်ဒဏ်လျှော့ပေါ့ပေးလိုက်တာပါ။ ဒါ အင်မတန် သင့်လျော်တဲ့ လုပ်ရပ် ဖြစ်ပါတယ်။ မင်းသားငယ်အနေနဲ့ အောင်မြင်မှုကြောင့် သွေးနားထင်ရောက်ပြီး ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ထမ သူ့ထမင်းရှင် ပရိသတ်ကို မထီမဲ့မြင် ပြုလိုက်တယ်။ နောက်တော့ သဘင်လောကရဲ့ လူကြီးသူမတွေကိုပါ ဂရုစိုက်ဖို့မလိုဘူးလို့ ယူဆပြီး ဆင်ရာစိုင်းလုပ်ခဲ့တယ်။

**ထမင်းရှင်ကို မပြစ်မှားနဲ့**

အခုတော့ ကလေးက နောင်တရပြီး လူကြီးတွေကို ဝန်ချတောင်းပန်တယ်။ နောက်နောင် မဖြစ်စေဖို့ အာမခံတယ်။ ဒီအဖြစ်တွေအားလုံး အစကနေ အဆုံးထိ ဂျာနယ်တွေမှာ ပါလာတော့ တခြား အနုပညာနယ်က လူငယ်လေးတွေပါ သင်ခန်းစာယူနိုင်ကြတယ်။ သဘင်အစည်းအရုံးက အပြစ်ပေးတယ်ဆိုတာ လူငယ်တစ်ယောက် အညွန့်ကျိုးသွားအောင်၊ ဘဝပျက်သွားအောင် လုပ်တာမှ မဟုတ်တာ။ ဆင်ခြင်နိုင်စေဖို့နဲ့ ပရိသတ်ဆိုတာ ထမင်းရှင်၊ ကျေးဇူးရှင် ဖြစ်တဲ့အတွက် မပြစ်မှားရဘူး ဆိုတဲ့ သဘင်သည်တို့ ကျင့်ဝတ်ကို သဘောပေါက်နားလည်စေဖို့ ဖြစ်တယ်။ အခုတော့ လူငယ် မင်းသားလေးလည်း နောင်ကြဉ်သွားလောက်ပြီဆိုတော့ ပြစ်ဒဏ် လျှော့ပေါ့ပေးတာ လျော်ကန်သင့်မြတ်တဲ့လုပ်ရပ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ဥပဒေဆို ခေါက်ထား

အခုခေတ် အနုပညာနယ်ပယ်မှာက လူငယ်လေးတွေများတယ်။ တော်တော်များများဆို ကြီးကောင်ဝင်သံတောင် မပျောက်သေးတဲ့ အရွယ်လေးတွေ ဖြစ်ကြတယ်။ ရှေးခေတ်ကလို ဆရာနဲ့ သမားနဲ့ လူကြီးသူမများရဲ့ စောင့်ရှောက်မှုနဲ့ ရောက်လာကြတာမျိုး မဟုတ်ဘဲ အရှင်မွေး နွေချင်းကြီးဆိုသလို ဝုန်းခနဲ၊ ဝုန်းခနဲ ထင်ပေါ်ကျော်ကြားသူတွေ ဖြစ်သွားကြတယ်။ သူတို့အရွယ်တွေနဲ့ မလိုက်အောင် ပိုက်ဆံတွေရှာနိုင်ကြတယ်။ အဲဒီတော့ ထုံးစံအတိုင်း ခြေဖျားထောက်လာတယ်။ သွေး နားထင်ရောက်လာတယ်။ ငွေရှိရင်၊ ဂုဏ်ရှိရင်၊ မျက်နှာကြီးရင် ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး။ မော်တော်ပီကယ်ဆို ပေါက်ထားလိုက်၊ ဥပဒေဆို ခေါက်ထားလိုက်ဆိုတဲ့ မောက်မာထောင်လွှားမှုတွေ လွန်ကဲလာကြတယ်။

### လျစ်လျူရှုထားမယ်ဆိုရင်

ထင်ပေါ်ကျော်ကြားသူတွေရဲ့ လုပ်ရပ်မှန်သမျှ တစ်ခဏချင်း လူ့အဖွဲ့အစည်းအတွင်း ကူးစက်ရောက်ရှိသွားတာ သဘာဝဖြစ်တယ်။ ဂါရဝတရားတို့၊ မင်္ဂလာတရားတို့ သိပ်အလေးထားတဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ရှေးက မကြုံဖူး၊ မကြားဖူးတဲ့ ရန်နိုရင်းကြမ်းတမ်းမှုတွေ၊ ဟီရိဩတပ္ပ ကင်းမဲ့မှုတွေ၊ ရိုင်းပျစော်ကားမှုတွေ ဒီနေ့ နေရာစုံ၊ နယ်ပယ်စုံမှာ မတွေ့ချင်၊ မမြင်ချင်အဆုံး မြင်တွေ့နေရတယ်။ ဒါမျိုးတွေကို လျစ်လျူရှုထားလိုက်မယ်ဆိုရင် မြန်မာ့ယဉ်ကျေးမှု သိချင်ရင် ပုဂံ ဘုရားနံရံတွေက ဆေးရေးပန်းချီတွေ သွားကြည့်မှ ဖြစ်မယ့်ကိန်း ဆိုက်ရောက်သွားနိုင်တယ်။

### ပေါ့ပ်ဆိုပြီး မပေါ့နဲ့

ပေါ့ပ်ကိစ္စပဲ၊ ပေါ့ပ်စာစောင်တွေပဲဆိုပြီး ခပ်ပေါ့ပေါ့ သဘောထားလို့ မဖြစ်ပါဘူး။ ပေါ့ပ်တွေက လူငယ်တွေကြား အများဆုံး ရောက်နေတာ ဖြစ်တယ်။ ဖျော်ဖြေရေး၊ ဖျော်ဖြေရေးနဲ့ လျစ်လျူရှုထားလိုက်ရင် ဖျော်ဖြေရေးက တစ်ဆင့် လျှပ်ပေါ်လော်လီတဲ့ အဆင့်ကို ကူးပြောင်းသွားဖို့ ဘာမှ ခက်လှတာ မဟုတ်ပါဘူး။ အဲဒါကြောင့် ပြောသင့်ပြောထိုက်တာတွေ ပြောဖို့ လိုပါတယ်။ ပြောတဲ့နေရာမှာလည်း နှစ်ကိုယ်တည်းကြိတ်ပြီး ပြောလို့ မရပါဘူး။ လူသိရှင်ကြားဖြစ်အောင် မီဒီယာတွေကတစ်ဆင့် ပွင့်ပွင့်



လင်းလင်း ပြောဖို့လိုပါတယ်။ ဒီလိုပြောတာရေးတာကို နားလည်ပေးကြဖို့လည်း လိုပါတယ်။

### မီဒီယာတွေ လုပ်ပိုင်ခွင့် ချဲ့ဖို့လို

နိုင်ငံတော် လုံခြုံရေး ထိပါးစေမယ့်ကိစ္စမျိုး၊ အစိုးရကို အကြည်ညို ပျက်စေတဲ့ ကိစ္စမျိုး၊ ဆူပူအုံကြွအောင် လှုံ့ဆော်သလိုဖြစ်စေတဲ့ ကိစ္စမျိုးစတဲ့ တွေ့ အရေးကြီးကိစ္စမျိုးတွေ မဟုတ်ခဲ့ရင် သတင်းမီဒီယာတွေအတွက် လုပ်ပိုင်ခွင့်နယ်ပယ် (space)ကျယ်ရင် ကျယ်သလောက် နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးရှိစေနိုင်ပါတယ်။ ၁၉၅၀ ခုနှစ်များအတွင်းက တရုတ်ပြည် တိုက်ထုတ်ရေး စစ်ဆင်မှုတွေမှာ မီဒီယာတွေရဲ့ တက်တက်ကြွကြွ ပါဝင်လှုံ့ဆော်မှုတွေကြောင့် တစ်နိုင်ငံလုံး နိုးကြားလာခဲ့ကြပြီး ဝိုင်းဝန်းကူညီခဲ့ကြတဲ့ သာဓက ရှိပါတယ်။ နာဂစ်ဘေးဒုက္ခကြီး ကျရောက်စဉ်ကလည်း သတင်းမီဒီယာတွေ တက်ကြွစွာ ပါဝင်လှုံ့ဆော်ခဲ့မှုကြောင့် အထောက်အကူအများကြီး ဖြစ်ခဲ့တာကို လက်တွေ့ မြင်ခဲ့ကြရပါတယ်။

### ဝေးဝေးကြည့် နက်နက်တွေး

အင်တာနက်ထဲမှာ အပြန်အလှန် ငြင်းခုံနေကြတဲ့ လက်ရောက်ကျူးလွန်မှု ကိစ္စဟာ သာမန် ပေါ့ပ်ကိစ္စ မဟုတ်ပါဘူး။ ငွေရှိ၊ ဂုဏ်ရှိ၊ မျက်နှာရှိရင် ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး။ မော်တော်ပီကယ် လောက်တော့ ပေါက်ထား၊ ဥပဒေဆိုတာ ခေါက်ထားဆိုတဲ့ ငါ့မြင်းငါစိုင်း စိုင်းချင်ရာ စိုင်းဆိုတဲ့ စိတ်ဓာတ်တွေ ပျံ့နှံ့နေတာကို တားဆီးကာကွယ်ဖို့ ကိစ္စဖြစ်ပါတယ်။ မီဒီယာတွေက နိုင်ငံနဲ့ လူမျိုးရဲ့ အရေးကိစ္စ မှန်သမျှမှာ တက်တက်ကြွကြွ တာဝန်သိသိ ပါဝင်ဆောင်ရွက်ရေးကိစ္စလည်း ဖြစ်ပါတယ်။ ပြဿနာတစ်ရပ်ကို ကြည့်တဲ့အခါမှာ ဝေးဝေးမျှော်ကြည့်တတ်ဖို့ လိုပါတယ်။ နက်နက်ရှိုင်းရှိုင်း တွေးတတ်ဖို့လည်း လိုပါတယ်လို့ ပြောရင်း နိဂုံးချုပ်လိုက်ပါတော့မယ်။

၂၈၊ ၂၊ ၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com

## ရှားပါးတဲ့ စာတစ်စောင်

Weekly Eleven ဂျာနယ်တိုက်ကတစ်ဆင့် ပို့လိုက်တဲ့ အမြန်ချောပို့ စာတစ်စောင် လက်ခံရရှိပါတယ်။ စာအိတ်ကိုဖွင့်ဖွင့်ချင်း တအံ့တသြ ဖြစ်သွားရလောက်အောင် ထူးခြားတဲ့စာဖြစ်တာကြောင့် မရေးဘဲ မနေနိုင်လို့ ရေးလိုက်ပါတယ်။

**ပေရယ်ဖူးလ် လုပ်တာလား**

'လူထုမောင်စိန်ဝင်းလေးသို့ . . .'လို့ စာကို အစပြုထားလေတော့ မအံ့သြဘဲ ဘယ်နေနိုင်မှာလဲ။ တစ်ယောက်ယောက်ကများ နောက်ပြောင်ပြီး April Fool လုပ်လိုက်တာလားလို့တောင် ထင်မိတယ်။ ဆက်ဖတ်ကြည့်တော့မှ နောက်တာမဟုတ်ဘူးဆိုတာ သိရတယ်။ မန္တလေး ၃၄ လမ်း၊ ၈၃ နဲ့ ၈၄ ကြားဆိုတော့ လူထုတိုက်နဲ့ ဘာဝေးမှာလဲ။ တစ်ပြပ်ကွာတာ။ စာကို သီချင်းလေးနဲ့ စထားတယ်။

*'လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိပ်လိပ်တက်ခါ မြင်ယောင်သေးတော့သည် . . . အညာဌာနီ . . . ကျွန်တော့်အတွက်တော့ မေ့မရပါလေပြီ . . .'တဲ့။* သီချင်းသံလေးကြားလိုက်ရင် တကယ်ပါပဲ၊ ၁၃ နှစ်သမီးတုန်းက စစ်ပြေးကြရလို့ ရောက်ခဲ့တဲ့ စဥ့်ကိုင်၊ ကြက်စိမ့်၊ ကြက်မျှားရွာတွေကို လှည်းနဲ့သွားခဲ့ကြရတော့ တွေ့ရတဲ့ ဖုန်လုံးကြီးတွေရယ်၊ စားခဲ့ရတဲ့ လက်ပန်ခေါင်းကို ခရမ်းသီးခြောက်၊ အိမ်ပုန်းရည်ချဥ်ရည်ကျို၊ ငရုတ်သီးထောင်း စတာတွေကို သတိရမိသေးတော့ . . .' လို့ ရေးထားပါတယ်။

**ဒေါ်ဒေါ်ခေါ်သံကို လွမ်း**

လူထုမောင်စိန်ဝင်းလေးဆိုတဲ့ စာခေါင်း တွေ့လိုက်ကတည်းက အံ့သြစိတ်နဲ့အတူ ကြည်နူးစိတ်တွေ ရင်ထဲအထိ စိမ့်ဝင်သွားခဲ့ရတယ်။



အသက်၊ ဒီအရွယ်မှာ မောင်စိန်ဝင်း ခေါ်မယ့်သူ များများစားစား ဘယ်ရှိမှာလဲ။ ဒေါ်ဒေါ်(လူထုအမေမာ)ရှိစဥ်ကတော့ ဖုန်းဆက်တိုင်း 'မောင်စိန်ဝင်းရေ'လို့ ခေါ်တဲ့အခါခေါ်၊ 'သားရေ'လို့ခေါ်တဲ့အခါ ခေါ်တတ်တယ်။ အခုဒီ ဧပြီ ၇ ရက်ဆိုရင် ဒေါ်ဒေါ်ဆုံးတာ ၂ နှစ်တောင်ရှိပြီဆိုတော့ ဒီခေါ်သံလေးကို လွမ်းဆွတ်နေခဲ့ရတာ။ အခုလို 'မောင်စိန်ဝင်း'ခေါ်တာကို ဖတ်လိုက်ရတော့ ပီတိမဖြစ်ဘဲ ဘယ်နေတော့မှာလဲ။

**သတိရတဲ့ အိမ်ပုန်းရည်**

ဒေါ်ဒေါ် မရှိကတည်းက မောင်စိန်ဝင်းခေါ်တဲ့သူ ဆွေထဲမျိုးထဲမှာတောင် နှစ်ယောက်ပဲရှိတော့တယ်။ ဦးကြီး ဆရာကြီးရွှေဥဒေါင်းရဲ့ ညီဦးကြီးစိန်းရဲ့သား အစ်ကိုကြီး ကိုသင်းမောင်နဲ့ သမီး မမကြည်တို့ပဲ ရှိတယ်။ ကျန်တဲ့ ဆွေမျိုးသားချင်းတွေထဲမှာ ကိုယ်က အစ်ကိုကြီး၊ ဦးကြီး၊ ဘကြီးနဲ့ ဘဘ ဖြစ်နေပြီလေ။ အဲဒါကြောင့် မန္တလေးက 'အဘွားဒေါ်တင်တင်ရီ'ရဲ့စာကို ဖတ်ပြီး ကြည်နူးရတာဖြစ်တယ်။ အဘွားရေးတဲ့ လက်ပန်ခေါင်းကို အိမ်ပုန်းရည်နဲ့ ချဥ်ရည်ချက်တယ်ဆိုတာတွေ့တော့ ကိုယ့်ရပ်ကိုယ့်ရွာကို လွမ်းစိတ်တွေ ဖြစ်ရတယ်။ အိမ်ပုန်းရည်ဆိုတာ ဒီခေတ်လူတွေ ကြားတောင်ကြားဖူးကြမှာ မဟုတ်ဘူး။ ရှေးက လူကြီးတွေ စဥ့်အိုးကြီးထဲမှာ အိမ်ပုန်းရည်တွေ ထည့်ထားလေ့ရှိတာကိုလည်း ပြေးပြီး သတိရမိတယ်။

**ပို့စ်မော်ဒန်မန္တလေး**

အဘွားရဲ့စာမှာ ဆက်ရေးထားတာက 'လူလေး မောင်စိန်ဝင်းက မန္တလေးကိုလာပြီး မန္တလေးကို ရှာမတွေ့ဘဲ ပြန်သွားရတယ်လို့။ မင်းကနေရာမှားပြီး သွားရှာတာကိုး။ မြို့ခံနဲ့ပေါင်းပြီး မန္တလေးကိုရှာပါ'လို့ ရေးထားတယ်။ နေရာမှားပြီး ရောက်သွားရုံသာ မဟုတ်ဘူး။ လူမှားပြီး စကားပြောမိတာလည်း ဖြစ်တယ်။ နောက်ပေါက်လူငယ်တွေက မန္တလေးစစ်စစ်ကို ဘယ်သိကြတော့မှာလဲ။ ပုန်းရည်ကြီးသာသိပြီး အိမ်လုပ်ပုန်းရည်ကို ကြားတောင် ကြားဖူးကြတာ မဟုတ်ဘူး။ သူတို့က 'ပို့စ်မော်ဒန်မန္တလေးသား'တွေလေ။ ဂလိုဘယ်လိုက်ဇေးရှင်းကို ပီပီပြင်ပြင်ဖြစ်အောင် အကောင်အထည် ဖော်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com

**တုတ်ထိုးယဉ်ကျေးမှု**

'မောင်စိန်ဝင်းက မန္တလေးကိုလာပြီး မန္တလေးပျောက်နေတာ။ အဘွားတို့က မန္တလေးမှာမွေး၊ မန္တလေးမှာကြီးပြီး အခု အသက် ၈၀ အထိ မန္တလေးမှာနေရင်းနဲ့ မန္တလေးပျောက်နေကြသူတွေပါကွယ်။ တော်သေးတာက အရပ်ထဲမှာ သက်တူရွယ်တူ အဘွားကြီးသုံးယောက် ရှိနေတာ ဖြစ်တယ်။ သူတို့နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ စားမြုံ့ပြန်ပြီး အလွမ်းဖြေနေရတယ်။ နောင်ဆိုရင် မန္တလေးအကြောင်းတွေ ပြောချင်တဲ့အခါ အဘွားတို့ဆီ လာလည်ပါ။ တစ်ဝကြီးပြောကြတာပေါ့'

ဟုတ်တယ်။ ကိုယ်က မှားတာ။ မန္တလေးအကြောင်း ပြောချင်ရင် မန္တလေးစစ်စစ်ကိုသိတဲ့ ၇၀ တန်း၊ ၈၀ တန်းတွေကို သွားရှာရမှာကိုး။ တုတ်ထိုးယဉ်ကျေးမှုအောက်မှာ ကြီးလာတဲ့ မန္တလေးသားတွေက သူတို့နဲ့ ခေတ်ပြိုင်ကိုသာ သိကြမှာဖြစ်တယ်။ မန္တလေးရဲ့ မူရင်းတုတ်ထိုးတွေကိုတော့ ဘယ်သိကြမှာလဲ။

**မူရင်းတုတ်ထိုး**

ရှေးတုန်းက ခိုတောင်မုန့်တီသည်ဆီမှာ ဘယာကြော်အလုံးလေးတွေ လေးငါးခြောက်လုံးကို သီတံနဲ့ ထိုးထားပါတယ်။ ဘယာကြော်ကိုချေပြီး ခိုတောင်မုန့်တီနဲ့ စားရတဲ့အရသာကို အခုတောင် သွားရည်ယိုမိသေးတယ်။ နောက်ပြီး ပွဲဈေးတန်းတွေမှာရောင်းတဲ့ ကြံပန်းခိုင်လည်း တုတ်ထိုးပဲ။ စိမ်းစားသရက်သီးခြမ်းတွေကို ငရုတ်သီးမှုန့် ဖြူးထားတဲ့ သရက်ကင်လည်း တုတ်ထိုးပဲ။ ပို့စ်မော်ဒန်မန္တလေးမှာတော့ တခြားကလာတဲ့ တုတ်ထိုးတွေပဲ တွင်ကျယ်နေမှာပေါ့။

**အာရုံတော် လှည့်ကြတုန်း**

ဒါပေမဲ့ အဘွားရဲ့စာထဲမှာ မနက်မိုးလင်းရင် ပဲပြုတ်သည်က လာနေကျအတိုင်း လာမြဲဖြစ်ပြီး မုန့်ပြစ်သလက်အဖြူ နံနံပင်လေးကဲထား တာက တစ်ခု ၅၀ ကျပ်။ အကြော်က ၁၀၀ ဖိုး လေးခုနဲ့ စားနေရသေးတယ်။ မန္တလေးမုန့်တီကို ဆန်ခေါက်ဆွဲက ဘယ်တော့မှ ဖုံးမသွားပါဘူး။ နောက်ပြီး စခန်းမဝေးပေါင်၊ မန္တလေးတောင်ရယ်၊ နန်းမြို့ရိုးနဲ့ ကျုံးကြီးရယ်၊ မိန်းကလေးတွေက ကျွန်တော်၊ ကျွန်တော်နဲ့ ပြောတဲ့အသံလေးတွေ



ရယ်ကတော့ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူးလို့ ရေးထားလို့ အားတက်ရသေးတယ်။ ကိုယ့်အမျိုးသား စရိုက်လက္ခဏာနဲ့ အမျိုးသားယဉ်ကျေးမှု မပျောက်သရွေ့ မြန်မာဆိုတာ ပျောက်ကွယ်မသွားနိုင်ဘူး။ စည်ဗျောသံ တညံညံ မဟုတ်တောင် ကက်ဆက်သံ တညံညံနဲ့ အာရုံတော်ဝတ်အသင်းတွေ လှည့်နေကြတုန်း မဟုတ်လား။

**တူးပို့ မန္တလေး**

အခုလိုအချိန်မှာ နေရာတိုင်းမှာကြားနေရတဲ့ 'တူးပို့၊ တူးပို့'အသံတွေကိုလည်း ဘာနဲ့မှ အစားထိုးလို့ရမယ် မထင်ဘူး။ တူးပို့သံက မြန်မာတွေရဲ့ နားထဲသာမက ရင်ထဲအထိ စိမ့်ဝင်နေကြပြီ။ တူးပို့သံ မပျောက်သရွေ့ မန္တလေး မပျောက်ဘူး။ မန္တလေး မပျောက်သရွေ့လည်း တူးပို့သံ ပျောက်မသွားနိုင်ဘူး။ အရှာမှားလို့သာ မန္တလေးကို မတွေ့တာပါ။ 'ဩော် ... သနားစရာ ကောင်းလိုက်ပါဘိတော့တယ် လူထုမောင်စိန်ဝင်းလေးရယ်၊ မန္တလေးကိုလာပြီး မန္တလေးကိုရှာမတွေ့ဘဲ ပြန်သွားရတယ်လို့။ မင်း နေရာမှားပြီး သွားရှာတာကိုး။ မြို့ခံနဲ့ပေါင်းပြီး ရှေးမန္တလေးကို ရှာပါ'လို့ အဘွားပြောတဲ့အတိုင်း နောက်တစ်ခါဆိုရင်တော့ ရှေးလူကြီးတွေကိုပဲ ရှာပြီး ရှေးမန္တလေးအကြောင်း အလွမ်းပြေ စားမြုံ့ပြန်တော့မယ်။ အဘွားနေတဲ့ ၃၄ လမ်း ဆိုတာကလည်း ဘာဝေးတာမှတ်လို့။ ကျွန်တော်တို့ လူထုနဲ့ တစ်ပြသာ ကွာတာမဟုတ်လား။ အဘွားကို အရောက်လာတွေ့ပါမယ်။ ခုခေတ် ပို့စ်မော်ဒန်မန္တလေးသားတွေနဲ့တော့ မဖြစ်ပါဘူး။

၆၊ ၄၊ ၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရေးသတင်းတွေ ဘယ်လိုရေးကြမှာလဲ

လတ်တလောကာလမှာ ဘယ်ဂျာနယ်ပဲ လှန်လိုက်လှန်လိုက် မှတ်ပုံတင်လျှောက်ထားကြတဲ့ နိုင်ငံရေးပါတီတွေရဲ့အကြောင်း သတင်းတွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေ အသားပေးဖော်ပြကြတာကို တွေ့ရတယ်။

**မင်းသား မင်းသမီး အင်တာဗျူးသလို**

နိုင်ငံရေးပါတီတွေအကြောင်း၊ ဒီမိုကရေစီအကြောင်း၊ ရွေးကောက်ပွဲအကြောင်း ဒီခေတ်လူငယ်ဂျာနယ်လစ်လေးတွေက ဖတ်ဖူး၊ ရေးဖူးကြတာ မဟုတ်လေတော့ သူတို့မေးတဲ့၊ ရေးတဲ့ပုံစံတွေက ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကို အင်တာဗျူးလုပ်ပြီးရေးတာတွေ ဖတ်ရသလို ဖြစ်နေတယ်။ ပါတီတစ်ခုအကြောင်း ဂျာနယ်တစ်မျက်နှာလောက်တော့ ရေးထားတာပဲ။ ဒါပေမဲ့ အဲဒီပါတီနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေတော့ ဘာမှမသိလိုက်ရဘူး။ မင်းသား၊ မင်းသမီးတွေ၊ မော်ဒယ်တွေကို ကြော်ငြာပေးတာနဲ့ ဘာမှသိပ်မကွာခြားလှဘူး။ ပေါ့ရွှတ်ရွှတ်နဲ့ အနှစ်သာရမပါဘူး။

**အသုံးချမခံရဘူး**

သတင်းသမားဆိုတာ ဘယ်သူ့အသုံးချခံ လက်ကိုင်တုတ်မှ မဖြစ်ရဘူးဆိုတဲ့အကြောင်း ကြိမ်ဖန်များစွာရေးဖူးပါတယ်။ နိုင်ငံရေးသမားတို့၊ စီးပွားရေးသမားတို့ဆိုတာကတော့ သူတို့အကြောင်း ကောင်းတာ ခဏခဏ ရေးပေးဖို့ သတင်းသမားများကို ပုံစံအမျိုးမျိုးနဲ့ သိမ်းသွင်းကြမြဲ ဖြစ်တယ်။ သူတို့အလုပ်သူတို့လုပ်တာ ဖြစ်တယ်။ အပြစ်ပြောလို့ မရဘူး။ သူတို့လိုပဲ သတင်းသမားကလည်း သူ့အလုပ်သူလုပ်ရမှာ ဖြစ်တယ်။ သတင်းသမားရဲ့ အလုပ်က သတင်းပေးဖို့ ဖြစ်တယ်။ စာဖတ်ပရိသတ် ပြည်သူလူထုကို



သိချင်တဲ့၊ သိသင့်သိထိုက်တဲ့ အကြောင်းကိစ္စမှန်သမျှကို အမှန်ဆုံးနဲ့ အမြန်ဆုံး ရှာဖွေတင်ပြပေးဖို့ ဖြစ်တယ်။ သတင်းသမားဆိုတာ နိုင်ငံရေးသမား မဟုတ်ဘူး။ မင်းဆရာ ပုရောဟိတ်လည်း မဟုတ်ဘူး။ ကြားပွဲစားလည်း မဟုတ်ဘူး။

**အခမဲ့ကြော်ငြာပေး**

သတင်းသမားက ဘယ်သူ့အတွက်မှ ဝါဒဖြန့်မပေးရဘူး။ ဘယ်သူ့ကိုမှ စင်တင်ပေးဖို့လည်း မလိုဘူး။ ပေါင်းကူးဆက်သွယ်ပေးတယ်ဆိုပြီး ကြားပွဲစားလည်း မလုပ်ရဘူး။ လူငယ်တွေက ဒါကိုနားမလည်တော့ မရည်ရွယ်ပါဘဲနဲ့ နိုင်ငံရေးသမားတွေရဲ့ ကြော်ငြာကို အခမဲ့ဝါဒဖြန့်ချိပေးနေသလို ဖြစ်နေကြတယ်။ နိုင်ငံရေးပါတီတွေရဲ့ အသုံးချခံဖြစ်သွားကြတယ်။ ဂျာနယ်တွေမှာ ဖတ်ရတဲ့ 'နိုင်ငံရေးပါတီရဲ့ မူဝါဒလမ်းစဉ်က ဘာပါလဲ' ဆိုတဲ့ မေးခွန်းဟာ အင်မတန်မှကို ညံ့ဖျင်းတဲ့မေးခွန်း ဖြစ်တယ်။ ဒီခေတ်မှာ ဘယ်ပါတီသွားမေးမေး ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့ဆိုတဲ့ အဖြေကို ပေးကြမှာချည်းပဲ။ ဆိုရှယ်လစ်၊ ဆိုရှယ်လစ်နဲ့ အကျယ်လောင်ဆုံးအော်ခဲ့ကြသူတွေကလည်း ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီစကားပဲ ပြောနေကြတာ ကြားနေရတာပဲ မဟုတ်ဘူးလား။

**အမေးမတတ်ရင် ဘာမှမရဘူး**

အမေးမတတ်တော့ ဘာမှမရလိုက်ဘူး။ တကယ်မေးရမှာက စီးပွားရေးသမား၊ ကုန်သည်ပွဲစားက ဈေးကွက်ကို သူ့စိတ်ကြိုက် ဝယ်လိုအားနဲ့ ရောင်းလိုအားအလိုက် ဖန်တီးခွင့်ပေးတဲ့စနစ်မျိုး ကျင့်သုံးမှာလား၊ အစိုးရက ပေါ်လစီမူဝါဒ၊ ဥပဒေတွေနဲ့ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်တဲ့ စနစ်မျိုး ကျင့်သုံးမှာလားဆိုတာ ဖြစ်တယ်။ ဒီလိုမေးမှ ဒီပါတီရဲ့ စီးပွားရေး မူဝါဒဟာ ဘာလဲဆိုတာ သိရမှာဖြစ်တယ်။ အလားတူပဲ ပညာရေးစနစ် ဆိုရင်လည်း မသင်မနေရ ပညာရေးကို ဘယ်အတန်းထိ သတ်မှတ်မှာလဲ၊ စကင်ဒီနေဗီးယားနိုင်ငံတွေလို သူငယ်တန်းက တက္ကသိုလ်အထိ လုံးဝ အခမဲ့ပညာရေးစနစ် ကျင့်သုံးမှာလား၊ အမေရိကန်လို အစိုးရက တချို့ တစ်ဝက်စိုက်၊ ကျန်တာ ကိုယ့်ဟာကိုယ် ကျောင်းလခပေးဆိုတဲ့စနစ် ကျင့်သုံးမှာလား။



www.burmeseclassic.com

www.burmeseclassic.com

**မေးတတ်မှ အတိမ်အနက်သိ**

ကျန်းမာရေးမူဝါဒကရော ရှေးရှေးတုန်းကလို အားလုံး နိုင်ငံတော်က တာဝန်ယူပြီး ထမင်းလည်းကျွေး၊ ဆေးလည်းကုပေးတဲ့စနစ် ကျင့်သုံးမှာလား၊ အခုလက်ရှိကျင့်သုံးတဲ့ စရိတ်မျှပေး ကျန်းမာရေးစနစ် ကျင့်သုံးမှာလား၊ လျှပ်စစ်မီး မှန်မှန်မရတဲ့ကိစ္စ ဘယ်လိုဖြေရှင်းပေးမှာလဲ၊ တိုင်းပြည်ရဲ့ သယံဇာတဖြစ်တဲ့ ရေနံ၊ ဓာတ်ငွေ့နဲ့ လျှပ်စစ်စွမ်းအင်တွေကို ဘယ်လို အသုံးချမှာလဲ၊ သစ်တောပြုန်းတီးမှုနဲ့ မြစ်ချောင်းအင်းအိုင်တွေ တိမ်ကောလာမှုကို ဘယ်လိုတားဆီးမှာလဲ စတဲ့စတဲ့မေးခွန်းတွေကို မေးလိုက်မှ အဲဒီ ပါတီရဲ့ အတိမ်အနက်ကို အသေအချာသိနိုင်မှာ ဖြစ်တယ်။

**လူအကြောင်း သိဖို့လို**

ပါတီအကြောင်း နှိုက်နှိုက်ချွတ်ချွတ်သိအောင် မေးပြီးတဲ့အခါ လူတွေ အကြောင်းကိုလည်း စာဖတ်ပရိသတ် ပြည်သူလူထုသိအောင် လုပ်ပေးဖို့ လိုသေးတယ်။ သူတို့တစ်တွေရဲ့ စီဗီ(CV)လို့ခေါ်တဲ့ ကိုယ်ရေးအကျဉ်းကို ဖော်ပြရုံလောက်နဲ့တော့ သူတို့ကို ဘယ်သူမှ သိမှာမဟုတ်ဘူး။ အဲဒီတော့ သူတို့ဟာ ဘယ်အရပ် ဘယ်ဒေသက လာတယ်၊ ဘာအလုပ် လုပ်တယ်၊ ပညာအရည်အချင်း ဘယ်လောက်ရှိတယ်၊ နိုင်ငံရေး လုပ်ဖူးကိုင်ဖူးတဲ့ အတွေ့အကြုံ ဘယ်လောက်ရှိတယ်၊ ဘာကိုယုံကြည်ပြီး ဘယ်ပါတီတွေမှာ ပါဝင်ဖူးတယ်ဆိုတာတွေကို ပြည့်ပြည့်စုံစုံမေးမြန်းပြီး ရေးသားဖော်ပြဖို့ လိုအပ်ပါတယ်။ လူတစ်ယောက်ရဲ့ နောက်ခံသမိုင်းကြောင်းက အဲဒီလူ ဘယ်လိုလူစားဖြစ်တယ်ဆိုတာ ကောင်းကောင်းညွှန်ပြနိုင်ပါတယ်။

**လမ်းမတော်ဖိုးတုတ်လိုလူ**

ဘယ်သူမဆို ပါးစပ်နဲ့ကတော့ စေတနာထားတတ်တာချည်းပါပဲ။ တကယ် ဟုတ်၊ မဟုတ် ဆိုတာကိုတော့ သူ့လုပ်ရပ်တွေကိုကြည့်ပြီးမှ ပြောနိုင်တယ်။ တိုင်းကျိုးပြည်ဆောင်မယ့် နိုင်ငံရေးသမားဆိုတာ ပါးစပ် အကျိုးပြု(lip service) လုပ်နေရုံနဲ့ မပြီးဘူး။ လက်တွေ့ လုပ်ပြရတယ်။ ရိုးသားဖြောင့်မတ်ရတယ်။ ခုတစ်မျိုး တော်ကြာတစ်မျိုး ဗလောင်းဗလဲ လုပ်လို့ မရဘူး။ နိုင်မြဲတည်ကြည်ရတယ်။ သိက္ခာကို ရိက္ခာနဲ့ မလဲရဘူး။ ရာသီဥတုကိုလိုက်ပြီး အရောင်ပြောင်းတဲ့ ပုတ်သင်ညိုမဖြစ်ရဘူး။ ကိုယ့်မူ



နဲ့ကိုယ် ခိုင်ခိုင်မာမာရပ်တည်တဲ့သူ(man of principle)ဖြစ်ရမယ်။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန်ပိုင်းမှာ နူးညံ့သိမ်မွေ့ရမယ်။ ပျော့ပျောင်းမှု ရှိရမယ်။ အစည်းအဝေးမှာ ငြင်းခုံရင်းနဲ့ တစ်ဖက်သားကို 'လက်သီးနဲ့ ထထိုးလိုက်ရ'လို့ ကြိမ်းမောင်းတတ်သူဟာ နိုင်ငံရေးသမားကောင်း မဟုတ်ဘူး။ လမ်းမတော်ဖိုးတုတ်လို လူမိုက်ပဲလုပ်သင့်သူ ဖြစ်တယ်။

**၁၀ မျက်နှာကို ၁၀ ကြောင်းနဲ့ ရေးတတ်ရမယ်**

နိုင်ငံရေးသတင်းထောက်ဆိုတာ ပါတီတွေဆီသွား၊ သူတို့ပေးတဲ့ ကြေညာချက် လက်ကမ်းစာစောင်ကိုယူ၊ သူတို့ပြောတာကို ကက်ဆက်နဲ့ အသံသွင်းပြီး 'ဤ၊ သည်'မလွဲ အတိအကျပြန်ရေးတဲ့သူ မဟုတ်ဘူး။ အဲဒီ ပြန်ရေးသူဟာ ကြော်ငြာသမားပဲ ဖြစ်နိုင်တယ်။ သတင်းထောက် မဖြစ်နိုင်ဘူး။ သတင်းထောက်ဆိုတာက ၁၀ မျက်နှာလောက်ရှိတဲ့ ကြေညာချက်ကြီးတစ်ခုကို စာကြောင်း ၁၀ ကြောင်းလောက်နဲ့ 'လိုတိုရှင်း' ရေးတတ်ရမယ်။ နှစ်နာရီ၊ သုံးနာရီလောက်ကြာအောင် ပြောသွားတဲ့စကားတွေကိုလည်း လိုရင်းကိုထုတ်ပြီး ၁၀ ကြောင်း၊ ၁၅ ကြောင်းနဲ့ သတင်းဖြစ်အောင် ရေးတတ်ရတယ်။ အင်တာဗျူးလုပ်ရာမှာ သူ့စကားကို ပြင်မရေးရဘူး။ သူ မပြောတာကို ထပ်ဖြည့်မရေးရဘူး။ ဒါပေမဲ့ ကြိုက်သလို ဖြတ်နိုင်တယ်၊ တည်းနိုင်တယ်။ 'ဤ၊ သည်'မလွဲ လုံးစေ့ပတ်စေ့ပြန်ရေးဖို့ မလိုဘူး။ အပြည့်အစုံ ထည့်ပေးပါ့မယ်ဆိုတဲ့ ကတိမျိုး ဘယ်သူ့ကိုမှ ဘယ်အချိန်အခါမှ မပေးရပါဘူး။

**ရေးတာကို ပြဖို့မလိုဘူး**

တချို့က အင်တာဗျူးလုပ်ထားတာကို ပြန်ရေးပြီးတဲ့အခါ စာစောင် ထဲမထည့်မီ သူတို့ကိုပြ၊ အတည်ပြုချက်ယူပြီးမှ ထည့်ပါလို့ ပြောလေ့ ရှိကြတယ်။ ဒါဟာ သတင်းထောက်ကို မယုံဘူးလို့ပြောလိုက်တာနဲ့ အတူတူပဲ။ သတင်းထောက်သိက္ခာကို အကြီးမားဆုံး စော်ကားမှုဖြစ်တယ်။ သတင်းထောက်ဟာ သူရေးတဲ့သတင်းကို သူ့အယ်ဒီတာကလွဲပြီး ဘယ်သူ့ ကိုမှ ပြဖို့မလိုပါဘူး။ အင်တာဗျူးခံရမယ့်သူက သတင်းထောက်ကို၊ ဒါမှ မဟုတ် သူ့စာစောင်ကို စိတ်မချရင် အစကတည်းက အင်တာဗျူးမပေး ဘဲ ငြင်းနိုင်ပါတယ်။ ပြဿနာဆိုတာက 'ခင်ဗျားတို့ကို မယုံလို့ စိစစ်ဆေးဦး



www.burmeseclassic.com

www.burmeseclassic.com

မယ်'ဆိုတာနဲ့ သဘောချင်း အတူတူပါပဲ။

**လံကြုတ်အင်တာဗျူးတွေ**

မယုံတာ၊ စိတ်မချတာဟာ ကိုယ့်ဘက်က သမိုင်းမလှခဲ့လို့ ဖြစ်တာမျိုးလည်း ရှိတတ်တယ်။ တချို့က အထူးသဖြင့် ပေါ့ပ်သတင်းလောကမှာ မင်းသမီးကိုသွားမမေးဘဲနဲ့ ကိုယ့်ဟာကိုယ် စိတ်ကူးနဲ့ လျှောက်ရေးတယ်ဆိုတာမျိုးတွေ မကြာခဏ ကြားရလေ့ရှိတယ်။ တချို့ကျတော့ ရိုက်ကွင်းတစ်ခုမှာ ပြုံးပြနှုတ်ဆက်ပြီး 'နေကောင်းရဲ့လား'လို့ မင်းသမီးကို၊ မင်းသားကို နှုတ်ဆက်လိုက်ရတာကို ပုံကြီးချဲ့ပြီး 'လံကြုတ်'အင်တာဗျူးတွေ ဖန်တီးတယ် ဆိုတာမျိုးလည်း တွေ့ဖူးတယ်။ အဲဒါမျိုးတွေ မကြာခဏကြားရ၊ ကြုံရလို့ သတင်းထောက်ကိုမယုံတာ ဖြစ်တယ်။ တစ်ဖက်သားက ကိုယ့်ကို ယုံကြည်စိတ်ချစေချင်တယ်၊ လေးစားစေချင်တယ်ဆိုရင် သတင်းသမားတွေကလည်း ယုံကြည်စိတ်ချအောင်၊ လေးစားအောင်နေပြ၊ လုပ်ပြဖို့ လိုပါတယ်။ ယုံကြည်စိတ်ချမှုနဲ့ လေးစားမှုဆိုတာ ငွေပေးဝယ်လို့ မရသလို အတင်းအကြပ်လုပ်ယူလို့လည်း မရပါဘူး။ လက်တွေ့ အလုပ်နဲ့ သက်သေပြဖို့ လိုအပ်ပါတယ်။ 'Action speak louder than words.' ဆိုတဲ့စကား အရှိသားမဟုတ်လား။

၁၀၊ ၄၊ ၂၀၁၀။



# စိတ်ဆိုးရင်လည်း မတတ်နိုင်တော့ဘူး

ပေါ့ပ်ဆိုတာ နှာခေါင်းရှုံ့စရာ မဟုတ်ပါဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး တစ်ပုဒ် ရေးဖူးရုံမက ပေါ့ပ်ယဉ်ကျေးမှုဆိုတာ ကိန်းကြီးခမ်းကြီးနိုင်လှတဲ့ အထက်တန်းလွှာတစ်စုရဲ့ ညှော်ခန်းဆောင်ထဲက စိန်ရောင်၊ မြရောင်၊ ပိုးဖဲကတ္တီပါရောင်တွေ ရှန်းလက်တောက်ပနေတာတွေကို ဆန့်ကျင် အရွဲ့တိုက်ရာက ပေါ်ထွက်လာတဲ့ လူထုယဉ်ကျေးမှုဖြစ်တဲ့အကြောင်း စာတွေလည်း ရေးခဲ့ဖူးပါတယ်။

**စာဒကတက်ဖို့ သက်သေတွေ**

တစ်နေ့တော့ လူငယ်တစ်ယောက်က ဂျာနယ်တွေထဲက ဖြတ်ညှပ်ပြီး သိမ်းထားတဲ့ ပေါ့ပ်စာမျက်နှာတွေ အထပ်လိုက် ယူချလာပြီး စာဒကတက်ပါတယ်။ သူ ယူလာတာတွေ ကောက်ကြည့်လိုက်တော့ 'Celebs' လို့ အတိုကောက် ခေါ်လေ့ရှိတဲ့ ထင်ပေါ်ကျော်ကြားသူများအကြောင်း သတင်းတွေ၊ အင်တာဗျူးတွေ၊ နိုင်ငံခြား ဈေးဝယ်ထွက်တဲ့ သတင်းဓာတ်ပုံတွေ စုံနေတာ တွေ့ရတယ်။ ဒ့ါအပြင် စကတ်တိုနဲ့ ရင်ရှားဂါဝန်ဝတ်ပုံတွေလည်း တစ်ထပ်ကြီး ပါလာသေးတယ်။ 'ဒါတွေကို နှာခေါင်း မရှုံ့ရတော့ဘူးလား ခင်ဗျာ'လို့လည်း သူက မေးလိုက်ပါတယ်။ 'နှာခေါင်းရှုံ့ရုံတင်တောပါဘူးကွယ်။ မီးဖိုထဲတောင် ထည့်ပစ်သင့်ပါတယ်'လို့ ဖြေလိုက်တော့ 'ဆရာပဲ ပေါ့ပ်ဆိုတာ နှာခေါင်းရှုံ့စရာ မဟုတ်ပါဘူးလို့ ရေးခဲ့တာပဲ'လို့ ပြန်ပြီးချေပပါတယ်။

**[illegible]ချူးတဲ့**

သူ ယူလာတာတွေကို တစ်ထပ်ချင်း ခွဲထုတ်ပြီး အင်တာဗျူးသပ်သပ်၊ သတင်းသပ်သပ်၊ ဓာတ်ပုံသပ်သပ် သူ့ရှေ့မှာ ချလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အင်တာဗျူးတွေကိုပြပြီး 'ကဲ ... ဒါတွေဟာ သတင်းအင်တာဗျူးတွေလား'လို့ သူ့ကိုမေးခွန်းထုတ်လိုက်ပါတယ်။ အင်တာဗျူး နာမည်ခံထားတာတွေ ကြည့်ပါဦး။ တစ်စက္ကန့် အင်တာဗျူးတဲ့၊ ကြိုတုန်း ဗျူးတဲ့ ကြိုဗျူးတဲ့၊ မေးချင်သလိုမေးပြီး ဖြေချင်သလို ဖြေထားတဲ့ အရည်မရအဖတ်မရ ပေါက်ပန်းဈေးစာတွေ။ မထင်ပေါ်နဲ့ ကိုကျော်ကြားများအတွက် အကျိုးမရှိ။ စာဖတ်သူများအတွက်လည်း ပိုက်ဆံပေးဖတ်ရကျိုး မနပ်တာမျိုးတွေချည်းပဲ။

**ထိမ်ချန်မှုနဲ့ ငြိဦးမယ်**

သတင်းဆိုတာတွေကလည်း သတင်းမဟုတ်ပါဘူး။ လူကြော်ငြာတွေပါ။ နောက်ပြီး မထင်ပေါ်နဲ့ ကိုကျော်ကြားများ ရှော့ပင်းထွက်တာတွေကို ဖော်ပြပေးနေတာတွေလည်း ဆင်ခြင်သင့်ကြတယ်။ မြန်မာနိုင်ငံမှာ ဒေါ်လာကိုင်တာတွေ့ရင် အရေးယူလို့ရတယ်ဆိုတာ မသိကြတာလား။ သိလျက်နဲ့ ဂရုမစိုက်ကြတာလား။ မသိပေမဲ့ တော်ကြာရင် ဂျာနယ်ဆရာပါ သိလျက်နဲ့ ထိမ်ချန်မှုနဲ့ ငြိနေပါဦးမယ်။ မသိလို့ ချိုးဖောက်မိပါတယ်ဆိုလို့ ဥပဒေက ချမ်းသာပေးမှာ မဟုတ်ဘူး။ နိုင်ငံခြားသွား ရုပ်ရှင်ရိုက်မယ်၊ ကြော်ငြာရိုက်မယ် ဆိုသူတွေလည်း သတိနဲ့ ဆင်ခြင်သင့်ကြတယ်။

**ပေါ့ပ်ကိုဗျက်တဲ့ ပက်ပ်**

ပေါက်ပန်းဈေး အရည်မရ အဖတ်မရ သတင်းတွေကို ပေါ့ပ်သတင်းတွေလို့ ခေါ်နေကြတာ ဖြစ်တယ်။ တကယ်တော့ ဒါမျိုးတွေဟာ ပေါ့ပ်မဟုတ်သလို ဒါမျိုးတွေထည့်တဲ့ ဂျာနယ်တွေကိုလည်း ပေါ့ပ်ဂျာနယ်လို့မခေါ်နိုင်ပါဘူး။ ဒါမျိုးတွေကို ပက်ပ်(Pep) အမှိုက်သရိုက်တွေ၊ အပေါစားတွေလို့ ခေါ်ပါတယ်။ လူထုယဉ်ကျေးမှု(Pop Culture)ကို ပုံပျက်ပန်းပျက်ဖြစ်အောင် တမင်တကာလုပ်တဲ့ Pep Culture သာ ဖြစ်တယ်။ အဲဒီလိုပက်ပ်တွေကို ပေါ့ပ်စစ်စစ် အနုပညာသမားတွေက ဘန်းစကားနဲ့ 'ရှလော့' (Schlock)လို့ ခေါ်ကြတယ်။ ဒီမှာ အတွေ့များရတာက ပက်ပ်တွေ၊ ရှလော့တွေ ဖြစ်တယ်၊ ပေါ့ပ် မဟုတ်ဘူး။



**ပညာပေး ဖျော်ဖြေမှု**

စာနယ်ဇင်းဆိုတာ သတင်းပေးဖို့နဲ့ အသိ(ပညာ)ပေးဖို့သာမက ဖျော်ဖြေမှုပေးဖို့ပါ လိုအပ်တယ်။ လူ့ဦးနှောက်ဟာလည်း အညောင်းဖြေဖို့ လိုအပ်တယ်။ ဖျော်ဖြေမှုနဲ့ ဦးနှောက်ကို လန်းဆန်းအောင် လုပ်ပေးတယ်။ ဒါပေမဲ့ စာနယ်ဇင်းသမားဆိုတာ ပျော်တော်ဆက်(clown) မဟုတ်ဘူးဆိုတာလည်း မေ့မထားရဘူး။ စာနယ်ဇင်းရဲ့ ပင်မတာဝန်က သတင်းပေးဖို့နဲ့ အသိ(ပညာ)ပေးဖို့သာ ဖြစ်တယ်။ ဖျော်ဖြေမှုကို ပညာပေးတာနဲ့ ဆက်စပ်ပြီး ကျွဲကူးရေပါသဘော ပေးရမှာ ဖြစ်တယ်။ ဒါကို စာနယ်ဇင်းစကားနဲ့ ပညာပေးဖျော်ဖြေမှု(Edutainment)လို့ ခေါ်တယ်။ ရှေး အစဉ်အဆက်မြန်မာတွေ ပြောလေ့ရှိတဲ့ 'ဇာတ်သမားလာရင် မှတ်သားစရာ ပါရမယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရမယ်'ဆိုတဲ့သဘောမျိုး ဖြစ်တယ်။

**ရှေးက ဇာတ်သဘင်ဆိုတာ**

ရှေးက မြန်မာဇာတ်သဘင်ဟာ အပျင်းပြေ ပျော်တော်ဆက်သက်သက် မဟုတ်ဘူး။ နောက်ပိုင်းဇာတ်ထုပ်ကြီးတွေဟာ ကောင်းမှုနဲ့ မကောင်းမှု၊ ဓမ္မနဲ့ အဓမ္မ အားပြိုင်မှုတွေကိုပြပြီး နောက်ဆုံးမှာ ဓမ္မက အနိုင်ရသွားတာတွေကို ပညာပေးသွားခဲ့တယ်။ ရတနာပုံခေတ်က ရွှေတော်မှာ ကပြခဲ့ကြတဲ့ ဝိဇယပြဇာတ်၊ ပါပဟိန်နဲ့ ရေသည်ပြဇာတ်များဟာ ဖျော်ဖြေရေးသက်သက် မဟုတ်ကြဘူး။ မင်းညီမင်းသားများရဲ့ ရမ်းကားမှုများနဲ့ တိုင်းသူပြည်သားများရဲ့ ပကတိအခြေအနေများကို ရွှေနားတော်အရောက် ကြားသိရအောင် ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။ ပဒေသရာဇ်ခေတ်ကြီးထဲမှာတောင် စာဆိုတော်ကြီးများနဲ့ ဇာတ်သဘင်ပညာရှင်များ တာဝန်ကျေအောင် ဆောင်ရွက်ခဲ့ကြတာ ကြည်ညိုစရာကောင်းလှတယ်။

**အိုချသောက်တာ အတုခိုး**

စာနယ်ဇင်းဆရာတွေက ဦးကြင်ဥတို့၊ ဦးပုညတို့ကိုတော့ အတုယူကြဖို့ စိတ်မကူးဘဲ အနောက်နိုင်ငံတွေက ပက်ပ်စာစောင်တွေနဲ့ ကိုရီးယားမင်းသား၊ မင်းသမီးတွေအကြောင်း ပုံတူကူးချဖို့လောက်သာ အပြိုင်အဆိုင်ကြိုးစားနေကြတာ တွေ့ရတယ်။ ဖျော်ဖြေရေးနယ်ပယ်က မထင်ပေါ်တို့၊ ကိုကျော်ကြားတို့ကလည်း ကိုရီးယား မင်းသား၊ မင်းသမီးများရဲ့ သရုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်မှု အတတ်ပညာကို အတုယူရမယ့်အစား ဖင်ပေါ်၊ ရင်ပေါ် ဝတ်တာစားတာတွေနဲ့ 'ဆိုဂျူ'သောက်တာလောက်ပဲ အတုခိုးနေကြတယ်။ ပြောလိုက်ရင်တော့ အနုပညာအလုပ်၊ အနုပညာရှင်ဆိုတဲ့ စကားတွေက မိုးမွှန်နေတာပါပဲ။

**သံကုန်ဟစ်မှ ဒိုတာမဟုတ်**

အားမနာစတမ်း ပြောရမယ်ဆိုရင် အနုပညာလို့ ခေါ်လောက်တဲ့အဆင့်ကိုရောက်ဖို့ တော်တော်လိုသေးတယ်လို့ပဲ ထင်တယ်။ အများအားဖြင့် ဖျော်ဖြေရေးအဆင့်ထက် မပိုသေးပါဘူး။ သရုပ်ဆောင်ပုံကို ကြည့်။ ဒိုစရာရှိရင် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား သံကုန်ဟစ် အော်ဒိုချလိုက်ပြီး နှာရည်တရွဲရွဲ ညှစ်ပြလိုက်တာပဲ။ လူကြမ်းဆိုရင်လည်း အရုပ်ဆိုးဆိုး၊ မျက်နှာကြောတင်းတင်းနဲ့ အော်ဟစ်ကြိမ်းမောင်း လုပ်ပြလိုက်တာပဲ။ ချစ်ခန်းကြိုက်ခန်းဆိုလည်း မင်းသား၊ မင်းသမီး ဖက်ပြလိုက်ရုံပဲ။ မျက်ရည်မရွဲ၊ နှပ်မညှစ်ဘဲ မေးကြောလေး တစ်ချက်တင်းရုံ၊ အကြောပြိုင်းပြိုင်းထအောင် လက်သီးဆုပ်ပြလိုက်ရုံနဲ့ ကြည့်သူရဲ့ရင်ထဲမှာ ဆို့နင့်သွားစေနိုင်တယ်ဆိုတာ သဘောပေါက်ကြပုံ မရဘူး။ လူဆိုးဆိုတိုင်း အရုပ်ဆိုးတာမဟုတ်ဘူး။ ဗိုလ်အောင်ဒင်လို ဂုဏ်သရေရှိ လူဆိုးကြီးတွေ ရှိတတ်တာကိုလည်း သိပုံမရကြပါဘူး။

**စိတ်ဆိုးရင်လည်း မတတ်နိုင်**

ဒီနေ့ မြန်မာသရုပ်ဆောင် အများစုရဲ့ သရုပ်ဆောင်ပုံတွေဟာ ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်တာနဲ့ အတူတူလိုဖြစ်နေတာ သတိထားမိတယ်။ ရုပ်ရှင်သရုပ်ဆောင်နဲ့ လုံးဝမတူပါဘူး။ မျက်နှာအမူအရာ တစ်မျိုးတည်းနဲ့ အလွမ်း၊ အသော၊ အချစ်၊ အကြမ်း၊ အရမ်း အမျိုးမျိုး သရုပ်ဆောင်ပြနိုင်စွမ်းရှိတဲ့ ရုပ်ရှင်မင်းသား ကျော်ဆွေလို သရုပ်ဆောင်မျိုး တစ်ယောက်မှ မရှိဘူးလို့ပြောရင် လွန်မယ် မထင်ဘူး။ အဲဒါကြောင့် အနုပညာလို့ ခေါ်လောက်တဲ့ အဆင့် မရောက်သေးဘူး။ ဖျော်ဖြေရေးအဆင့်လောက်ပဲ ရှိသေးတယ်လို့ ဆိုခဲ့တာပါ။ စိတ်ဆိုးကြရင်လည်း မတတ်နိုင်တော့ဘူး။

၁၊ ၉၊ ၂၀၁၀။



# မြန်မာတွေရဲ့အစွမ်းအစ ယုံကြည်စိတ်ချတယ်

ဆစ်ဒနီတက္ကသိုလ်မှာ မဟာဘွဲ့အတွက် ကျောင်းတက်နေတဲ့ ကျောင်းသူတစ်ယောက်ဆီက စာတစ်စောင် ရပါတယ်။ သူတို့ကျောင်းမှာ ကျောင်းပိတ်တဲ့ အခမ်းအနားတစ်ခုမှာ နယူးဆောက်ဝေးပြည်နယ်က လွှတ်တော်အမတ် တစ်ယောက်နဲ့ တွေ့ဆုံတဲ့အကြောင်း၊ အဲဒီအမျိုးသမီးက ဆရာ့အိမ်ကို ရောက်ဖူးတဲ့အကြောင်း၊ ဆရာ့ကို တော်တော်ခင်မင်ပုံရကြောင်း စတာတွေ ရေးထားပါတယ်။

**ကျဉ်းသထက် ကျဉ်းလာတဲ့ ကမ္ဘာ**

စာကိုဖတ်ပြီးတော့ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား ဆိုတဲ့ စကားကိုပဲ ရေရွတ်လိုက်မိတယ်။ အဲဒီ အမျိုးသမီးအမတ်ဟာ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ရောက်လာပြီး စကားပြောဖူးတာ ဖြစ်တယ်။ နောက်ထပ် အဆက်အသွယ် မရှိပါဘူး။ တိုက်တိုက်ဆိုင်ဆိုင် မြန်မာကျောင်းသူတစ်ယောက်နဲ့ ဆုံတွေ့ပြီး စကားပြောဖြစ်ကြရာက 'ဘုံမိတ်ဆွေ' တစ်ယောက်အကြောင်း ရောက်သွားပြီး သူတို့ချင်း ခင်မင်ရင်းနှီးသွားကြတာ ဖြစ်တယ်။ ကမ္ဘာကြီးဟာ တစ်နေ့တခြား ကျဉ်းသထက် ကျဉ်းလာတယ်။ ငပလီကမ်းခြေကို ၁၀ ခေါက်ပြည့်အောင် ရောက်ဖူးသူ ရှားပေမယ့် ဘန်ကောက်၊ စင်ကာပူတို့ကို အိမ်ဦးနဲ့ ကြမ်းပြင် ကူးလူးသွားလာနေကြသူတွေတော့ အများကြီး ရှိတယ်။ တချို့များ တစ်လ တစ်ခေါက် ဈေးဝယ်ထွက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

**ဗီနပ်ဝယ်ဖို့ သွားတာတဲ့**

တစ်နေ့ ဂျာနယ်တစ်စောင်မှာ ရုပ်ရှင်မင်းသားတစ်ယောက်နဲ့ မေးဖြေလုပ်ထားတာ ဖတ်မိတယ်။ အဲဒီမင်းသားက တစ်ခါတလေမှာ ဗီနပ်တစ်ရန်ဝယ်ချင်တာနဲ့လည်း ဘန်ကောက်ကို ထသွားလိုက်တယ်လို့ ပြောသွားတယ်။ ဒီခေတ်မှာ ဒါမျိုးတွေ မဆန်းတော့ဘူး။ တစ်ပတ်အတွင်း တစ်နေ့မပြတ်ထွက်နေတဲ့ ဂျာနယ်တွေထဲက ကြိုက်ရာတစ်စောင်ကို ဆွဲလှန်ကြည့်လိုက်၊ ဖျော်ဖြေရေးနယ်ပယ်ကလူတွေ နိုင်ငံခြား ဈေးဝယ်ထွက်တဲ့သတင်း မပါတဲ့ဂျာနယ်ကို မရှိဘူးဆိုတာ တွေ့ရလိမ့်မယ်။ တချို့က ဈေးဝယ်ထွက်တာမဟုတ်ဘူး။ အငြိမ့်ကဖို့၊ သီချင်းဆိုဖို့ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့ကို သွားကြတာတဲ့။

**ဝမ်းသာတယ်၊ အားပေးတယ်**

လူငယ်တွေ ခုလို ခရီးသွားကြတာ ကောင်းတယ်။ မျက်စိပွင့်၊ နားပွင့်တယ်၊ အသိဉာဏ် ဗဟုသုတတွေ တိုးပွားလာစေတယ်။ ဒါကြောင့် ဝမ်းသာတယ်။ အားပေးတယ်။ ကိုယ့်အနားက လူတွေလည်း သွားလာနေကြတာပဲ။ တစ်ခုပဲ ရှိတယ်။ ပြန်လာရင်တော့ ရောက်ရောက်ချင်း သူတို့နဲ့ မတွေ့ချင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ပြောစကားတွေကို နားထောင်ပြီး ကိုယ်ပါ သိမ်ငယ်စိတ်တွေဝင်ပြီး ဝမ်းနည်းသလို ခံစားရလို့ဖြစ်တယ်။ နေ့နဲ့ည မှားလောက်အောင် လင်းထိန်နေတဲ့ နေရာတွေကထွက်လာခဲ့တာဆိုတော့ ဒီကလေဆိပ်ရောက်တာနဲ့ စိတ်ပျက်သွားတာပဲဆိုတဲ့ စကားသံတွေလည်း မကြားချင်ဘူး။

**ရှာမှရှားတဲ့ နိုင်ငံ**

ပြောသူတိုင်းက စေတနာကောင်းနဲ့ ပြောကြတာပါ။ သောက်ရေကိုတောင် နယ်နိမိတ်ချင်း ဆက်နေတဲ့နိုင်ငံက ဝယ်သောက်နေရတဲ့ နိုင်ငံသေးသေးလေးက ခြေဖျားတထောက်ထောက်၊ ခေါင်းတမော့မော့ ဖြစ်နေတာကို ကြည့်ပြီး မခံချည့် မခံသာ ဖြစ်လွန်းလို့ ပြောကြတာ ဖြစ်တယ်။ အဲဒီနိုင်ငံလေးမှာ သယံဇာတဆိုလို့ သဲတောင် ရှိတာမဟုတ်ဘူး။ ဘာမဆိုနိုင်ငံခြားက ဝယ်ရတာ။ မြန်မာနိုင်ငံဆိုတာက ကမ္ဘာမှာ ရှာမှရှားဆိုလောက်တဲ့ နိုင်ငံ။ စားနပ်ရိက္ခာဆိုလည်း ပူစရာမရှိဘူး။ ဆန်စပါး၊ ပဲ၊ ပြောင်းနှမ်း။ ဝါ ဘယ်နေရာ ကြဲလိုက်ကြဲလိုက် အပင်တွေ ထွက်လာတယ်။ ဝတ်စရာအတွက်လည်း ပူစရာမရှိဘူး။ ဝါချည် ထွက်တယ်။ ပိုး ထွက်တယ်။ ရက်ကန်းစင်တွေ ရှိတယ်။ နေစရာအတွက် သစ်ဝါးဆိုတာလည်း ပေါမှပေါ။

**ပူစရာမလိုဘူး**

ဒါတင် ဘယ်ဟုတ်မှာလဲ။ ကမ္ဘာတစ်ခုလုံး သဲကြီးမဲကြီး လိုက်ရှာနေတဲ့ ရေနံ၊ ဓာတ်ငွေ့ သယံဇာတတွေနဲ့ ရွှေ၊ ငွေ၊ ခဲသတ္တုတွင်းတွေလည်း ကြွယ်ပိုးကြွယ်ဝ ရှိတယ်။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စတဲ့တွင်းထွက်ရတနာတွေကလည်း ကမ္ဘာကျော်ခဲ့တယ်။ လူသားလုပ်အားကလည်း အလုံအလောက် ရှိတယ်။ ဒီလောက် လိုလေသေးမရှိ ကြွယ်ဝတဲ့နိုင်ငံ ကမ္ဘာပေါ်မှာ ဘယ်နှနိုင်ငံရှိလို့လဲ။ ဘာမှ ပူစရာမလိုဘူး။ ဝမ်းနည်းစရာ မလိုဘူး။

**ကြွားတာ မဟုတ်ဘူး**

စီးပွားရေး တိုးတက်အောင်လုပ်ဖို့ မြန်မာနိုင်ငံလို နိုင်ငံမှာ ဘာမှခက်ဘူး။ တက်ညီလက်ညီနဲ့ နည်းစနစ်တွေ မှန်မှန်ကန်ကန်နဲ့ ကြိုးစားလုပ်လိုက်ကြရင် ၁၀ နှစ်လောက်နဲ့ အာဆီယံနိုင်ငံတွေထဲမှာ ဒေါင်ဒေါင်မြည် ထိပ်သီးနေရာ ရောက်လာမှာ သေချာပါတယ်။ ကြွားနေတာ မဟုတ်ဘူး။ တကယ်ယုံလို့ ပြောတာ။ မြန်မာလူမျိုးရဲ့ ဉာဏ်ရည်အဆင့်ဟာအာရှက ဘယ်လူမျိုးနဲ့ယှဉ်ယှဉ် မညံ့ပါဘူး။ အာရှမှာ ထိပ်ဆုံးလို့ ပြောနေကြတဲ့ နိုင်ငံတွေက ဘွဲ့ရပြီး အရွယ်စုံ ယောက်ျား၊ မိန်းမ အတော်များများကို ဆရာလုပ်ပြီး အင်္ဂလိပ်စာ သင်ကြားပေးခဲ့ဖူးလို့ ပြောတာ ဖြစ်ပါတယ်။

**ထန်းတက်ဆာမေး**

စီးပွားရေး ပြုပြင်ပြောင်းလဲဖို့က မခက်ဘူး။ ခက်တာက စိတ်ဓာတ်တွေ ပြုပြင်ပြောင်းလဲဖို့ ဖြစ်တယ်။ ပြည်သူ့ဆိုင်ခေတ်နဲ့ တစ်ပါတီစနစ်အောက်မှာ အကြာကြီးနေခဲ့ရတဲ့ လူတိုင်းရဲ့ စိတ်တွေဟာ 'မလုပ်၊ မရှုပ်၊ မပြုတ်' ဆိုတဲ့ စိတ်တွေနဲ့ ဘာအလုပ်လုပ် 'ထန်းတက်ဆာမေး' နဲ့ လုပ်တဲ့ လုပ်နည်းလုပ်ဟန်တွေဟာ ခေါက်ရိုးကျိုးသလို ဖြစ်နေကြပြီ။ ဒီစိတ်တွေက မိဘက သားသမီးအထိ ကူးစက်သွားလေ့ ရှိတယ်။ ၁၉၆၂ ခုနှစ်က





www.burmeseclassic.com

www.burmeseclassic.com

မွေးဖွားခဲ့သူတစ်ယောက်ဟာ အခုဆိုရင် အသက် ၅၀ တန်းရောက်နေပြီ။ သူ့သားသမီးများတောင် အိမ်ထောင်ရက်သားကျပြီး ကလေးတွေ ရလောက်ပြီ။ ပထမမျိုးဆက်က ဒုတိယမျိုးဆက်၊ အခုဆို တတိယမျိုးဆက် ဖြစ်နေပြီ။

**စိတ်ချတယ်**

ဒါကြောင့် လူတွေရဲ့ခေါင်းထဲမှာ စွဲထင်နေတဲ့ စိတ်ဓာတ်တွေကို ပြုပြင်ပြောင်းလဲဖို့ သိပ်ခက်ပါတယ်။ အဲဒါကိုပဲ စိုးရိမ်တယ်။ စီးပွားရေးအရ ဖွံ့ဖြိုးမှု နောက်ကျတာတော့ နည်းနည်းလေးမှ စိုးရိမ်ကြောင့်ကြ မဖြစ်ပါဘူး။ မြန်မာတွေရဲ့ အစွမ်းအစကို ယုံကြည်တယ်။

၈၊ ၉၊ ၂၀၁၀။



# ပညာကို ဟမ်ဘာဂါလို ရောင်းစားနေကြတဲ့ခေတ်

ဒီကနေ့ ပညာသင်ကြားရေးစနစ်က စီးပွားရေးလုပ်ငန်းကြီးတွေအတွက် ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေးရုံသက်သက် ဖြစ်နေပြီး တက္ကသိုလ်တွေဟာလည်း ဘွဲ့ရလုပ်သားတွေ အစုလိုက် အပြုံလိုက် မွေးထုတ်ပေးတဲ့ စက်ရုံကြီးတွေ ဖြစ်နေပြီ။

**ဂဏန်းတွက်စက် ပျက်ရင် ဈေးမရောင်းတတ်**

အမေရိကန် ပညာရေးလောကမှာ တစ်နေ့တခြား ကျယ်သထက်ကျယ်အောင် ကြားနေရတဲ့ ညည်းညူသံတွေ ဖြစ်ပါတယ်။ ဂဏန်းတွက်စက်ပျက်သွားတာနဲ့ ဈေးမရောင်းတတ်တဲ့ အရောင်းဈေးသည်တွေ၊ သူများရေးထားတဲ့ ပြဋ္ဌာန်းစာအုပ်တွေ မရှိရင် စာမသင်တတ်တော့တဲ့ ကျောင်းဆရာမတွေ၊ ဘလူးပရင့်မရှိရင် ဘာမှမလုပ်တတ်တဲ့ အင်ဂျင်နီယာတွေ၊ အသင့်ဖော်စပ် ထုတ်လုပ်ပေးထားတဲ့ ဆေးဝါးတွေမရှိရင် လူနာအတွက် လေဆေးလေးတောင်စပ်ပြီး ကုမပေးနိုင်တဲ့ ဆရာဝန်တွေပဲ များနေတယ်။ ကိုယ့်ဦးနှောက်နဲ့ကိုယ် စဉ်းစားတွေးခေါ်ပြီး လုပ်နိုင်ကိုင်နိုင်တဲ့ ပညာတတ်တွေ ရှားပါးသထက် ရှားပါးလာနေတယ်။ အခု ကျောင်းတွေက ထွက်လာတာတွေက စာတတ်သူတွေချည်းပဲ၊ ပညာတတ်မပါဘူးလို့ ပြောကြဆိုကြတာတွေလည်း မကြာမကြာ ကြားရတယ်။ အမေရိကန်မှာတင် မဟုတ်ဘူး။ နိုင်ငံပေါင်းစုံက ပညာရပ်နယ်ပယ် အားလုံးလိုလိုမှာ ပြောဆိုညည်းတွားနေကြတဲ့အသံတွေ ညံနေပါတယ်။

**အစိုးရတွေက ဈေးတွက်တွက်ကြ**

ပညာကို တန်ဖိုးထားသူတိုင်းက ပညာရေးကို စီးပွားရေး လုပ်ငန်းကြီးများလို သဘောထား လုပ်ကိုင်နေကြတာကို မနှစ်မြို့ကြဘူး။ တက္ကသိုလ်ဆရာတွေက မော်တော်ကားရောင်းသမားလို ကမ္ဘာလှည့်ပြီး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာရင်း နိုင်ငံတကာ ကျောင်းသားတွေ စုဆောင်းနေတာကိုလည်း နှာခေါင်းရှုံ့ကြတယ်။ ပညာရေးကို စီးပွားရေးရဲ့ လက်အောက်ခံအဖြစ် သဘောထားကြတာကို တော်တော်ကို စက်ဆုပ်ကြတယ်။ စက်ဆုပ်ပေမဲ့ လည်း ဘာမှ မတတ်နိုင်ကြဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းရဲ့ အစိုးရတွေ ကိုယ်တိုင်က ဘာမဆို 'ဈေးတွက်'တွက်ပြီး ဈေးရောင်းဈေးဝယ်လုပ်သလို လုပ်နေကြတာဆိုတော့ ပညာရှင်တွေ လက်မှိုင်ချနေကြရတော့တယ်။

**ပညာကို ဟမ်ဘာဂါလိုရောင်း**

ပညာကို ရှူးဖိနပ်ရောင်းသလို၊ ဟမ်ဘာဂါနဲ့ ကိုကာကိုလာရောင်းသလို သဘောထားနေကြတော့ ပညာရဲ့တန်ဖိုးဟာ တစ်နေ့တခြား ကျဆင်းလာခဲ့ရတယ်။ လူတွေဟာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတွေးခေါ်ပြီး ဆုံးဖြတ်ချက်ချဖို့ထက် ကွန်ပျူတာဆီက အဖြေထုတ်ယူဖို့လောက်သာ အားသန်ကြတယ်။ ဒါမှမဟုတ်လည်း စာအုပ်တွေထဲက သဘောတရားတွေနဲ့ ဖော်မြူလာတွေကိုပဲ အားကိုးကြတယ်။ လူ့ဦးနှောက်ဟာ ကွန်ပျူတာလောက်တောင် အသုံးမကျတော့သလို ဖြစ်လာတယ်။ ဒီလိုနဲ့ ကြာလာတော့ လူ့တန်ဖိုးတွေနဲ့ လူသားစံနှုန်းတွေ အားလုံးလိုလိုဟာ ယုတ်လျော့ကျဆင်းပြီး စံချိန်မမီ ဖြစ်ကုန်ကြတော့တယ်။

**အိမ်ထောင်စနစ်**

လူတွေနဲ့ပတ်သက်တဲ့ အိမ်ထောင်ဆိုတာပဲ ကြည့်။ ကမ္ဘာဦးအစက လင်ရယ်၊ မယားရယ်၊ အိမ်ထောင်ရယ်ဆိုတာ မရှိဘူး။ ယောကျာ်း၊ မိန်းမဆိုတာ နွားအုပ်ကြီးထဲက နွားတွေလိုပဲ နေကြတယ်။ ရေကြည်ရာ မြက်နုရာ အုပ်စုလိုက် ရွှေ့ပြောင်းသွားလာ နေထိုင်ကြတယ်။ နောက်တော့ စိုက်ပျိုးစားသောက်လာတတ်ပြီး အခြေတကျ ရွာတည်နေလာကြတယ်။ အဲဒီတော့မှ လင်ရယ်၊ မယားရယ်လို့ သတ်သတ်မှတ်မှတ်နဲ့ အိုးအိမ်တည်ဆောက် နေထိုင်တယ်။ အဲဒီအဆင့်ကို ယဉ်ကျေးလာတဲ့ အဆင့် (civilized) လို့ သတ်မှတ်တယ်။ ဒါတောင် တစ်လင်တစ်မယား မဟုတ်သေးဘူး စစ်နိုင်လို့ ဖမ်းဆီးခေါ်ဆောင်လာတဲ့ မိန်းမတွေကို ယောကျာ်းတွေက မယားအဖြစ်ထားတဲ့အတွက် ယောကျာ်းတစ်ယောက်နဲ့ မိန်းမအများအပြား နေလာကြတယ်။ နောင် ယဉ်ကျေးမှုအဆင့် မြင့်သထက်



မြင့်လာမှ တစ်လင် တစ်မယားစနစ်ကို ဥပဒေတွေ၊ ဘာတွေ ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြတယ်။

**အဖော်ဆိုတဲ့နေနည်း**

ဟော ... အခုတော့ အိမ်ထောင်ဆိုတာက လူသားများရဲ့ လွတ်လပ်ခွင့်ကို ကန့်သတ်တဲ့ အချုပ်အနှောင်လို ဖြစ်တယ်။ ခေတ်မမီတော့ဘူး။ ဘယ်သူ့ဘယ်သူမှ ချုပ်နှောင်မထားတဲ့ အတူနေချင်စိတ် ရှိတဲ့အခိုက် အတူနေ၊ နေချင်စိတ် မရှိတဲ့အခါ ကိုယ့်ဟာကိုယ်နေဆိုတဲ့ အယူအဆကို လက်ခံကျင့်သုံးပြီး 'အဖော်'(companion)လို့ ခေါ်ကြတဲ့ နေနည်းမျိုးနဲ့ နေထိုင်ကြတာတွေ အနောက်နိုင်ငံတွေမှာ တော်တော်လေး ကျင့်သုံးနေကြတယ်။ ပြင်သစ်က တွေးခေါ်ပညာရှင်ကြီး နှစ်ယောက်ဖြစ်တဲ့ ယန်းပေါ်ဆတ်နဲ့ ဆီမွန်ဒီဘူဗွားတို့ဆိုရင် လက်မထပ်ဘဲနဲ့ တစ်သက်လုံး Life Companion ဆိုပြီး နေသွားကြတယ်။ တချို့ကကျတော့ အတူနေပြီး ကလေး တစ်ယောက်၊ နှစ်ယောက် မွေးပြီးမှ လက်ထပ်တာမျိုးလည်း ရှိတယ်။ အိမ်ထောင်နဲ့ မိသားစုဆိုတဲ့ စံနှုန်းတွေ ပြောင်းလဲသွားပုံကို ပြောတာပါ။

**ဆန့်ကျင်ဘက်အထိ ပြောင်းလဲ**

မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်ပုံဆိုရင်လည်း စစ်မဖြစ်မီခေတ်ကဆိုရင် ခြေမျက်စိဖုံးတဲ့ ဂါဝန်ရှည်ပွပွကြီးတွေကို အတွင်းက ရင်စည်းတျပ်ကျပ်ခံပြီး ဝတ်ကြတာပါ။ မိန်းကလေးတွေရဲ့ အပျိုစင်ဘဝကိုလည်း အသက်နဲ့ထပ်တူ တန်ဖိုးထား ကာကွယ်စောင့်ရှောက်ကြပါတယ်။ လက်မထပ်ရသေးဘဲ ကိုယ်ဝန်ရှိလာတဲ့ မိန်းကလေးမျိုးဆိုရင် ရပ်ရွာကနေ နှင်ထုတ်တဲ့အထိတောင် ကဲ့ရဲ့ရှုတ်ချလေ့ ရှိတယ်။ ဟော ... အခုခေတ်တော့ ဝတ်ပုံဆင်ပုံတွေ လျှပ်ပေါ်လော်လီကြပုံတွေများ ပြောတောင် မပြတတ်တော့အောင် ကမ်းကုန်နေကြပါပြီ။ အလယ်တန်းအရွယ် ၁၃ နှစ်၊ ၁၄ နှစ်သမီး အချင်းချင်းဆိုရင် အပျိုစင်အဖြစ် ရှိနေသေးတယ်ဆိုရင် ကဲ့ရဲ့ကြသတဲ့။ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းတယ်ဆိုပြီး ဝေဖန်ကြသတဲ့။ လူ့တန်ဖိုးတွေ ပြောင်းလဲသွားပုံကို ကြည့်ပါဦး။ ဆန့်ကျင်ဘက်သဘော ဖြစ်သွားတဲ့အထိကို ပြောင်းကုန်ကြတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

**အနုတ်လက္ခဏာများ**

လူမှုရေး နယ်ပယ်အတွင်းက တန်ဖိုးတွေနဲ့ နှုန်းစံတွေ ပြောင်းလဲမှုအတော်များများဟာ အပေါင်းလက္ခဏာဆောင်တာ နည်းနည်း၊ အနုတ်လက္ခဏာဆောင်တာက များများဖြစ်နေတာ တွေ့ရတယ်။ စိတ်ဓာတ်နဲ့ စရိုက်တွေကလည်း မယုံနိုင်လောက်တဲ့အထိကို ကြမ်းကြုတ်ခက်ထန်ကုန်ကြတယ်။ အရူးတစ်ယောက်ကိုယ်မှာ ယမ်းထုပ်တွေပတ်ချည်ပေးပြီး ဈေးထဲလျှောက်ပြေးနေတုန်း အဝေးထိန်းခလုတ်နှိပ် ဖောက်ခွဲတာမျိုး ဘယ်ခေတ်က ရှိခဲ့ဖူးလို့လဲ။ ခရီးသည်တွေ အပြည့်ပါတဲ့ လေယာဉ်ပျံကြီးတွေကို အပိုင်စီးပြီး လူနေအဆောက်အအုံကြီးကို ဝင်ဆောင့်တာမျိုးလည်း ဘယ်ခေတ်က ကြားဖူးလို့လဲ။ မောင်းသူမဲ့ လေယာဉ်ပျံပေါ် ဗုံးတွေတင်ပြီး မူလတန်းကျောင်းကလေးပေါ်ကျကျ၊ ဆေးရုံပေါ်ကျကျ ကျချင်တဲ့နေရာကျ၊ မကောင်းသူထိပ် ကောင်းသူထိပ်ဆိုပြီး ဗုံးကြဲချတာမျိုးရော ဘယ်အခါက ကြားဖူးလို့လဲ။ 'ရက်စက်မှုအပေါင်း သရဖူဆောင်းတော့သည်'လို့ကို ပြောရတော့မယ့် ခေတ်ကြီးပဲ။

**ပညာမတတ် ဘွဲ့ရတွေ တစ်ပုံကြီး**

အနုတ်လက္ခဏာတွေများပြီး ဆုတ်ကပ်ကြီးဖြစ်နေတဲ့ အဓိကအကြောင်းရင်းကတော့ လူသားတွေ ဉာဏ်ရည် ယုတ်လျော့ကျဆင်းလာတာပဲ ဖြစ်လိမ့်မယ်လို့ ယူဆတယ်။ နိုင်ငံတိုင်းလိုလိုမှာပဲ စာမေးပွဲတွေအောင်ပြီး ဘွဲ့လက်မှတ် ရဖို့လောက်ကိုသာ ကျောင်းတွေနဲ့ တက္ကသိုလ်တွေက အာရုံစိုက်လုပ်နေကြပြီး ကိုယ်ပိုင် ဆင်ခြင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားနိုင်တဲ့ အသိဉာဏ်ပညာ မြင့်မားဖို့ကို လျစ်လျူရှုထားခဲ့ကြတယ်။ ရလဒ်က ပညာမတတ်တဲ့ ဘွဲ့ရတွေ တစ်ပုံကြီး ပေါ်ထွက်လာတာပဲဖြစ်တယ်။ သူတို့တစ်တွေဟာ သူများရေးထားတဲ့စာတွေ အလွတ်ကျက်ပြီး စာမေးပွဲအောင်လာကြတာပဲ ရှိတယ်။ လက်တွေ့မှာတော့ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဘာတစ်ခုမှ ကိုင်တွယ်ဖြေရှင်းနိုင်ကြတာ မဟုတ်ဘူး။

**နိုဘယ်ဆုအများဆုံးရ နိုင်ငံ**

စီးပွားရေးဆိုင်ရာနိုဘယ်ဆု အများဆုံးရရှိတဲ့နိုင်ငံဟာ အမေရိကန်



ဖြစ်တယ်။ နိုင်ငံကျော် စီးပွားရေးပါရဂူတွေလည်း အများဆုံးရှိတယ်။ အမေရိကန်သမ္မတရဲ့ အိမ်ဖြူတော်အထူးအဖွဲ့မျိုးစုံမှာ နာမည်ကျော် တက္ကသိုလ်ကြီးတွေက ပါရဂူတွေ၊ ပညာရှင်တွေ ဒါဇင်ပေါင်းများစွာ ရှိနေကြတယ်။ ဒါပေမဲ့ ကမ္ဘာပျက်မတတ် တုန်သွားခဲ့ရတဲ့ ဘဏ်ကြီးတွေ ဒေဝါလီခံရတဲ့ စီးပွားပျက်ကပ်ကြီးကိုတော့ တားဆီးကာကွယ်ဖို့မပြောနဲ့ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်သူတောင် တစ်ယောက်မှ မရှိခဲ့ဘူး။ ကမ္ဘာပေါ်က ဆင်းရဲမွဲတေမှုပပျောက်ရေးဆိုပြီး စီမံကိန်းတွေ ရာထောင်ချီ ရေးဆွဲခဲ့ကြတယ်။ နှစ်စဉ်နှစ်စဉ် ငွေတွေ ဘီလျံပေါင်းများစွာ သုံးစွဲဆောင်ရွက်ခဲ့ကြတာလည်း နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ ကမ္ဘာကြီးမပြောနဲ့၊ အမေရိကန်နိုင်ငံမှာတောင် ဆင်းရဲမွဲတေသူပပျောက်ပြီး၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေးပေးနေရတာ ပပျောက်အောင် မလုပ်နိုင်ဘူး။

**ဆင်စွယ်ရဲတိုက်ကြီးတွေထဲက**

နိုဘယ်ဆုရ ပုဂ္ဂိုလ်ကြီးတွေက ဆင်စွယ်ရဲတိုက်ကြီးတွေထဲက စာအုပ်ကြီးတွေဖတ်ပြီး သဘောတရားတွေ ထုတ်ယူနေကြတာပဲ။ လူတွေရဲ့အကြောင်း၊ လူတွေရဲ့ဘဝကို မှန်မှန်ကန်ကန်သိတာမှ မဟုတ်တာ။ နောက်ပြီး အမေရိကန်နိုင်ငံကို အခြေပြုဗဟိုထားပြီး စဉ်းစားတွက်ချက်ထားတဲ့ သဘောတရားတွေနဲ့ စီမံကိန်းတွေဟာ အာဖရိကမှာ၊ အာရှမှာ ဘာကယ်အသုံးဝင်ပါ့မလဲ။ အာဖရိကတိုက်ကို 'အမည်းရောင်တိုက်ကြီး' ဆိုတဲ့ပုံရိပ်က လွတ်မြောက်အောင် ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းပြီးကတည်းက လုပ်ဆောင်လာခဲ့တာ။ ဆင်းရဲမွဲတေသူအများဆုံး၊ ရောဂါဘယအထူပြောဆုံး၊ စစ်မက်ဘေးအကြီးမားဆုံး တိုက်ကြီးအဖြစ် ရှိနေဆဲပါပဲ။

**တော်လည်းတော် ကျော်လည်းကျော်မှ**

အိမ်ဖြူတော်က စီးပွားရေးပညာရှင်ကြီး မတတ်ဘူး၊ မတော်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ သိပ်တော်၊ သိပ်တတ်လို့ ပါရဂူဘွဲ့တွေရ၊ ပါမောက္ခကြီးတွေဖြစ်ပြီး နိုဘယ်ဆုတောင် ရခဲ့ကြတာပေါ့။ အိမ်ဖြူတော်ကခေါ်ယူအသုံးပြုတာ ခံရဖို့ဆိုတာ လွယ်တာမှတ်လို့။ တော်လည်းတော်၊ ကျော်လည်း ကျော်မှ ဖြစ်တာ။ သူတို့စာတော်တာ၊ စာတတ်တာ ဘာမှအငြင်းပွားစရာ မရှိပါဘူး။ ဒါပေမဲ့ အငတ်ဘေးပြဿနာကြီးကို သူတို့ ကိုင်တွယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြေရှင်းနိုင်မယ်ဆိုတဲ့ အချက်ပေါ်မှာတော့ သံသယဖြစ်မိတာ အမှန်ပါပဲ။ နှစ်ပေါင်း ၆၀ ကျော်အောင် သူတို့ရဲ့ဆရာအဆက်ဆက် မဖြေရှင်းနိုင်ခဲ့တာကို သူတို့တွေ ဖြေရှင်းနိုင်ဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပါ။ ကမ္ဘာတစ်ခွင်လုံးမှာ ကျင့်သုံးနေကြတဲ့ ပညာရေးစနစ်နဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေကို အခြေခံကစပြီး ပြုပြင်ပြောင်းလဲမှုမပြုသမျှ ကာလပတ်လုံး ကမ္ဘာပေါ်က ဒုတိယကမ္ဘာစစ်ရက်ာပ်၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်ဆိုတဲ့ ကပ်ကြီးသုံးပါးကို ဖယ်ရှားရှင်းလင်းပစ်နိုင်တဲ့ ပညာရှင်မျိုးတွေ ပေါ်ထွက်မလာနိုင်ဘူးလို့ပဲ ကောက်ချက်ချလိုက်ချင်ပါတယ်။

၁၅၊ ၉၊ ၂၀၁၀။



# သမိုင်းကို ဘယ်သူဖန်တီးတာလဲ

သမိုင်းကိုဖန်တီးတာ ဘယ်သူလဲ။ လူစွမ်းကောင်းတွေလား၊ ပြည်သူပြည်သား လူအများလား။ ဒီမေးခွန်းကို အငြင်းပွားခဲ့ကြတာ နှစ်ပရိစ္ဆေဒတွေ မနည်းတော့ဘူး။ ယေဘုယျခြုံပြီး ပြောရရင် လက်ယာသမားတွေက ချစ်ဝှဲလို၊ ချာချီလို ရောမ ပုဂ္ဂိုလ်ကြီးတွေက သမိုင်းကိုဖန်တီး ပုံဖော်ကြတာလို့ ဆိုကြပြီး လက်ဝဲသမားတွေက သမိုင်းဖန်တီးရှင်ဟာ ပြည်သူတွေသာ ဖြစ်တယ်လို့ ယုံကြတယ်။

## အဖြေမထွက်တဲ့ ငြင်းခုံမှု

နှစ်ပေါင်းများစွာ အငြင်းပွားခဲ့ကြပေမဲ့ အဖြေထွက်မလာဘူး။ နှစ်ဖက်စလုံးက ကိုယ့်အယူအဆကိုယ် ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားခဲ့ကြတယ်။ နှစ်ဆယ်ရာစု ကုန်ခါနီး နောက်ဆုံး ဆယ်စုနှစ်နဲ့ နှစ်ဆယ့်တစ်ရာစုရဲ့ ပထမဆုံး ဆယ်စုနှစ်များအတွင်းရောက်တော့ နည်းပညာတိုးတက်မှုများဟာ မကြုံစဖူး အံ့သြစရာကောင်းလောက်အောင်ကို ခုန်ပျံကျော်လွှားဖြစ်လာခဲ့တယ်။ အထူးသဖြင့် ကွန်ပျူတာ အင်တာနက် ဆက်သွယ်ရေးပညာရပ် တိုးတက်မှုကြောင့် အချိန်နဲ့ အကွာအဝေးဆိုတာ လူတွေအတွက် အတားအဆီးတစ်ခုသဖွယ် ဖြစ်မနေတော့ဘူး။ ကမ္ဘာ့အရှေ့စွန်းနဲ့ အနောက်စွန်းမှာ နေသူ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားပြောနိုင်ကြတယ်။ လန်ဒန်ကဘောလုံးကွင်းမှာ ကန်နေတဲ့ဘောလုံးပွဲကို လန်ဒန်သားတွေနဲ့ တစ်ချိန်တည်း ဝါးဘလောက်သောက် ရွာသားတွေလည်း ကြည့်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**သူဌေးသမီး မှာစရာမလို**

အင်တာနက်နဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေက အချိန်နဲ့ အကွာအဝေးကို ပျောက်ကွယ်သွားအောင် လုပ်လိုက်နိုင်ပြီလို့တောင် ပြောနိုင်တယ်။ အဆင့်မြင့်ပညာရပ်တွေ သင်ယူဖို့ ငွေကုန်ကြေးကျ အများကြီးခံစရာ မလိုတော့သလို သူဌေးသမီး အပျိုကြီးကို ထမင်းထုပ်သိုးအောင် လိုက်ရှာနေစရာလည်း မလိုတော့ဘူး။ ပင်လယ်ကူးသင်္ဘောကြီးကို တစ်လလောက်ကြာအောင် စီးပြီး ဘိလပ်ရွှေမြို့တော်ကြီးအရောက် သွားနေဖို့လည်း မလိုတော့ဘူး။ အိုးမကွာ အိမ်မကွာနဲ့ သင်ယူချင်တဲ့ပညာရပ်ကို အွန်လိုင်းက သင်လို့ရနေပြီ။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကြီးက ဘွဲ့ယူချင်သလား၊ လန်ဒန်တက္ကသိုလ်ကြီးကပဲ ယူချင်သလား။ ဒါမှမဟုတ် အမေရိကန်မှ အမေရိကန်ဆိုလည်း ဟားဗတ်က ယူမလား၊ ပရင့်စတန်နဲ့ ဘာကလေက ယူမလား။ ကြိုက်ရာရွေးယူလို့ ရတယ်။ ကွန်ပျူတာတစ်လုံးရှိဖို့ပဲ လိုတယ်။ တခြားဘာမှ မကုန်ဘူး။ ပိုက်ဆံလည်း များများစားစား မကုန်ဘူး။

**ကျွန်ဘသာယဓာတ်လုံး**

လူတွေက ဒီခေတ်ကို နည်းပညာခေတ်လို့ ခေါ်ကြတယ်။ တချို့တော့ ပညာခေတ်လို့ ခေါ်တယ်။ လက်ကိုင် တယ်လီဖုန်းလေးတစ်လုံးရှိရင် လုပ်ချင်တာကို ဘယ်သူမဆို စိတ်ရှိတိုင်း လုပ်နိုင်တယ်။

ရုပ်ရှင်ကြည့်ဖို့ ရုပ်ရှင်ရုံသွားစရာ မလိုဘူး။ သီချင်းနားထောင်ဖို့ ကက်ဆက်တွေ၊ ဓာတ်စက်တွေရှိဖို့ မလိုဘူး။ အင်တာနက်သုံးဖို့ ကွန်ပျူတာရှာစရာ မလိုဘူး။ စာဖတ်ချင်လို့ စာကြည့်တိုက်သွားစရာ မလိုဘူး။ ဈေးဝယ်ဖို့ ကုန်တိုက်ကြီးမှာ ခြေညောင်းခံ လျှောက်စရာမလိုဘူး။ လက်ကိုင်ဖုန်းလေးတစ်လုံး ရှိရုံနဲ့ ဘာမဆို လုပ်လို့ရတယ်။ လက်ကိုင်ဖုန်းဆိုတာ ဒီခေတ်ရဲ့ ကျွန်ဘသာယဓာတ်လုံး ဖြစ်တယ်။

**"ဦးဖွ"ဆို အကုန်ဖြစ်**

ဖုန်းတစ်လုံးနဲ့ ဘာမဆို လုပ်လို့ရတဲ့အတွက် လူတိုင်းဟာ တန်ခိုးရှင်ဖြစ်လာတယ်။ 'ဦးဖွ'ဆိုပြီး ဘာမဆို ကိုယ့်ရှေ့ရောက်အောင် လုပ်နိုင်တယ်။ ဒါကြောင့် သူရဲကောင်းတွေနဲ့ လူစွမ်းကောင်းတွေရဲ့ခေတ် နိဂုံးချုပ်သွားပြီ။ ဒီခေတ်က ပြည်သူ့အာဏာ(People Power)ခေတ် ဖြစ်သွားပြီလို့ ကြေး



ကြော်သူတွေက ကြွေးကြော်ကြတယ်။ ကြွေးကြော်လောက်အောင်လည်း နည်းပညာတွေက တစ်နေ့တခြား တိုးတက်လာတယ်။ တိုကျိုမြို့က နှလုံးခွဲစိတ်ကုသဖို့လိုတဲ့ လူနာကို နယူးယောက်ဆေးရုံက နှလုံးခွဲစိတ်ကုဆရာဝန်ကြီးက ကွန်ပျူတာကတစ်ဆင့် တိုကျိုဆေးရုံ ခွဲစိတ်ခန်းထဲက စက်ရုပ်ကို ညွှန်ကြားစေခိုင်းပြီး ခွဲစိတ်ကုသတဲ့ အဝေးထိန်းခွဲစိတ်မှု(Virtual Surgery)တောင် လုပ်လို့ရနေပြီ ဖြစ်တယ်။

**အပိုင်စီးထားလို့ မရတော့**

ကိုယ်နဲ့ဆိုင်တဲ့ သတင်းမီဒီယာ နယ်ပယ်မှာတောင် အခုဆို 'လူထုသတင်းသမား'(Citizen Journalist)ဆိုတာတွေ တစ်ပုံကြီး။ သတင်းစာဂျာနယ် လက်ကိုင်ရှိတယ်ဆိုပြီး ခေါင်းတမော့မော့၊ ရင်တကော့ကော့ လုပ်နေလို့ မရတော့ဘူး။ 'ခက်ဖွယ်ရယ်ကြို့၊ လက်နက်ကယ် စုံအညီနဲ့'ဆိုတဲ့ သံကြပ်သတင်းမျိုးတွေလည်း လွှင့်ချင်တိုင်းလွှင့်လို့ မရတော့ဘူး။ တိမ်ကြားခေါင်းခေါင် ပေါ်လာတယ် ဆိုတာမျိုးနဲ့လည်း လုပ်စားလို့ မရတော့ဘူး။ ဆက်ဖက်ရည်ဆိုင်ထဲမှာ တွေ့ရသမျှ လူငယ်တိုင်းဟာ 'ဘလော့ဂါ'လေးတွေ ဖြစ်ချင်ဖြစ်နေတတ်တယ်။ ဘတ်စ်ကားပေါ်မှာ ကိုယ့်နား ကပ်ထိုင်သွားတဲ့ ကောင်မလေးကလည်း facebook က တစ်ဆင့် ဝေဖန်ချက်၊ သုံးသပ်ချက်တွေ မှန်မှန်ရေးနေတဲ့သူ ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ ရှေးကလို 'ခွင်'တစ်ခွင်ကို အပိုင်စီးထားလို့ မရတော့ဘူး။ လူတိုင်းရဲ့ခေတ်၊ ပြည်သူ့ခေတ် ဖြစ်နေပြီ။

**ကြက်တူရွေးလို**

ဒါကိုရည်စူးပြီး သူရဲကောင်းတို့ခေတ်၊ လူစွမ်းကောင်းတို့ခေတ် ကုန်ဆုံးသွားပြီ၊ နိဂုံးချုပ်သွားပြီလို့ ကြွေးကြော်သူများက ကြွေးကြော်နေကြတာ ဖြစ်တယ်။ ဒါပေမဲ့ ခက်တာက အဲဒီ ကြွေးကြော်သူ အများစုဟာ ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆ၊ ဒဿနရယ်လို့ မယ်မယ်ရရ မရှိတာပဲ ဖြစ်တယ်။ သူတို့က သူများရေးတဲ့စာအုပ်တွေဖတ်ပြီး ကြက်တူရွေးလို နှုတ်တိုက်ချွတ်နေကြတာ ဖြစ်တယ်။ ဟိုက နိဂုံးဆိုရင် ဒီမှာလည်း အားလုံး နိဂုံးဆိုပြီး လိုက်အော်ကြတာပဲ။ အော်တဲ့သူ သုံးလေးယောက် ဆုံမိပြီဆိုရင်တော့ 'နိဂုံး နိဂုံး'နဲ့ ယိမ်းကနေသလိုဖြစ်နေတော့တယ်။ လူ ရယ်စရာကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

### နောက်လိုက်ကောင်း ဖြစ်အောင်လုပ်

လူစွမ်းကောင်းခေတ် နိဂုံးချုပ်သွားပြီလို့ အော်နေတဲ့ ရုပ်ကွက်ကပဲ သမိုင်းကို ပြည်သူတွေကရေးတယ်ဆိုတဲ့ အယူအဆကို ပြက်ရယ်ပြု ပြောဆိုသံတွေ ထွက်လာတာ တလောလေးက ခပ်သဲ့သဲ့ ကြားလိုက်ရတယ်။ လူထုဆိုတာ အများစုက ခေါင်းဆောင်တွေဖောက်တဲ့ လမ်းပေါ်တက် လျှောက်ကြတာပဲ ဖြစ်တယ်။ ချာချီလို၊ ရုစဗဲ့လို ခေါင်းဆောင်ကောင်းတွေကြောင့် ဒုတိယကမ္ဘာစစ်ကြီးကို နိုင်အောင်တိုက်နိုင်ခဲ့တာ ဖြစ်တယ်။ ပညာတတ်ပြီး အမြော်အမြင်ရှိသူတွေကိုသာ ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ရမယ်။ လူထုဆိုတာ ယေဘုယျအားဖြင့် ပညာရည်အဆင့်နိမ့်ကျတယ်၊ ခေါင်းမဆောင်နိုင်ဘူး၊ ခေါင်းမဆောင်သင့်ဘူးလို့ ဆိုကြပြီး လူထုအနေနဲ့က နောက်လိုက်ကောင်းဖြစ်အောင်သာ ကြိုးစားသင့်တယ်လို့ ဆုံးမသြဝါဒ ပေးကြတယ်။

### ဂရိ၊ ရောမခေတ် အယူအဆ

ပညာခေတ် ဆိုတဲ့စကားကို ခုတုံးလုပ်ပြီး ရေပေါ်ဆီ လူတန်းစား အခွင့်ထူးခံတစ်စုက သူတို့ရဲ့ ရေပေါ်ဆီနေရာကို ကာကွယ်နေကြတယ်။ သူတို့ အယူအဆက ဘာနဲ့ တူနေသလဲဆိုတော့ ပညာရှင်တွေကသာ တိုင်းပြည်ကို အုပ်ချုပ်သင့်တယ်ဆိုတဲ့ ဂရိခေတ်၊ ရောမခေတ်က အယူအဆတွေနဲ့ ထပ်တူထပ်မျှပါပဲ။ နှစ်ဆယ့်တစ်ရာစုခေတ် လူထုဟာ ဂရိ၊ ရောမခေတ်က ကျွန်တွေ မဟုတ်ကြတော့ဘူးဆိုတာ သူတို့ မသိကြဘူး။ ရေပေါ်ဆီ(အီလစ်)တွေလိုပဲ အင်တာနက်ခေတ်၊ ပညာခေတ်ကြီးကိုလည်း နားမလည်ကြဘူး။ လူငယ် ဘလော့ဂါလေးတွေက ဂျာနယ်တိုက်ထဲက အယ်ဒီတာကြီးတွေထက်တောင် နည်းပညာလှိုင်းတွေထဲမှာ ကူးခတ်လှုပ်ရှားနိုင်ကြတယ်။ လှိုင်းလုံးကြီးတွေ ဘယ်လောက်ကြီးကြီး ကောင်းကောင်း စီးနင်းလိုက်ပါနိုင်ကြတယ် ဆိုတာလည်း မသိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့တစ်တွေက ငါမှတစ်ပါး အခြားမရှိပြီဆိုတဲ့ တိမ်သလ္လာတွေဖုံးပြီး အောက်ခြေလွတ်နေတာကိုး။ အောက်ခြေလွတ်တော့ လူတွေကို အထင်သေးတယ်။ နေရာတကာ အပေါ်စီးက ကြည့်တယ်။ လူတွေဟာ အသိဉာဏ် ဗဟုသုတ နည်းကြရှာတယ်။ ပညာမဲ့ကြတယ်။ သနားပါတယ်။ ငါမကယ် သေဖွယ်သာ ရှိတော့တယ်လို့ အထင်ရောက်လာတယ်။



### နားကလောလွန်း

လူတွေကို အထင်သေးတဲ့စိတ်နဲ့အတူတူ တစ်ပြိုင်တည်း ပေါ်ထွက်လာတာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့စိတ် ဖြစ်တယ်။ နေရာတိုင်းမှာ ငါသာ သိတယ်၊ ငါသာ တတ်တယ်၊ ငါသာ လုပ်နိုင်တယ်ဆိုပြီး ဘဝင်မြင့်လာတယ်။ တစ်တိုင်းတစ်ပြည်လုံးက လူတွေကို တပည့်လို့ယူဆပြီး နေရာတိုင်း ဆရာကြီးလုပ်ချင်တယ်။ နိုင်ငံရေးကို ခုတုံးလုပ်ပြီး ကိုယ့်မိသားတစ်စု လွတ်မြောက်ရေးအတွက် ပြည်ပနိုင်ငံတွေမှာနေကြတဲ့ မြန်မာတချို့က ပိုဆိုးသေးတယ်။ သူတို့မှ ပညာရှင်၊ သူတို့မှ ဒီမိုကရေစီ သူရဲကောင်း။ ဟိုရောက်မှ လက်ပူတိုက်သင်ပေးတဲ့ သင်တန်းတွေတက်၊ ဒီမိုကရေစီ သမ္မာကျမ်းတွေ အာဂုံဆောင်ပြီး ကြက်တူရွေးပညာရှင် လုပ်နေကြတာ နားကလောလွန်းလှတယ်။

### ကြောက်လို့ ထွက်ပြေးတာ ဘယ်သူလဲ

ကိုယ့်အကြောင်းနဲ့ကိုယ် နိုင်ငံခြား သွားနေကြတာပါ။ ဘာမှ ပြောစရာ မရှိပါဘူး။ ကိုယ်အလုပ်ကိုယ်လုပ်၊ ကိုယ့်စီးပွားကိုယ်ရှာပြီး အေးအေးနေကြပါ။ အထဲက လူတွေကို အတုံး အအတွေလို့ သဘောထားပြီး ဒီမိုကရေစီ ဂုရုကြီးတွေ မလုပ်ကြပါနဲ့။ အထဲကလူတွေ ကြောက်နေကြတယ် ဆိုတဲ့စကားတော့ ယောင်လို့တောင် မပြောပါနဲ့။ ကြောက်လို့ ထွက်ပြေးတာ ဘယ်သူလဲဆိုတာ တစ်နိုင်ငံလုံး သိကြပါတယ်။ အင်တာနက်ခေတ်၊ ဂလိုဘယ်ခေတ်နဲ့ ပါးစပ်က အမြှုပ်ထွက်အောင် အော်နေကြပေမဲ့ အင်တာနက်ရဲ့ အစွမ်းကိုတော့ ဘာမှ သေချာရေရာ သိကြတာ မဟုတ်ပါဘူး။ ဒါကြောင့် ဂုရုကြီး လုပ်နေကြတာ။

### ဖြီးတာကို ဖြီးမှန်းသိ

အင်တာနက်ကို မြန်မာလူငယ်တွေ ကောင်းကောင်း အသုံးချတတ်ပါတယ်။ အင်္ဂလန်က၊ အမေရိကန်က၊ သြစတြေးလျက၊ စင်ကာပူက ကွန်ပျူတာ မဟာဘွဲ့ရတဲ့ လူငယ်တွေ မြန်မာပြည်မှာ အများကြီး ရှိပါတယ်။ အင်တာနက်ကို အသုံးချပြီး ကိုယ်လိုချင်တဲ့ ပညာရပ်မျိုးစုံကို လေ့လာနေကြပါတယ်။ လူတွေဟာ၊ အထူးသဖြင့် လူငယ်တွေဟာ မတုံး မအကြတော့ဘူး။ ဖြီးတာကို ဖြီးမှန်း သိတယ်။ လိမ်တာကို လိမ်မှန်း



www.burmeseclassic.com

www.burmeseclassic.com

သိတယ်။ ဘယ်သူတွေဟာ ခြံစည်းရိုးပေါ် ခွထိုင်ပြီး နှစ်ဖက်စလုံးက ပေးစာကမ်းစာကို စားသောက်နေကြတာလဲ ဆိုတာလည်း သိတယ်။ ဘယ်သူတွေက နှစ်ဖက်ချွန်လုပ်နေတာလဲ ဆိုတာလည်း သိတယ်။ ဒီခေတ်က လူထုသတင်းသမား(Citizen Journalist) ခေတ်လေ။ လူတွေကြားမှာ သတင်းတွေဟာ အစုန်အဆန် စီးဆင်းနေကြပါတယ်။

## ကွန်ရက်ထဲမှာ သိန်းချီရှိ

သတင်းကို စီအင်န်အင်န်တစ်ခုတည်းက ဖန်တီးပေးတဲ့ခေတ် ကုန်ဆုံးသွားပြီ။ အယ်လ်ဂျာဇီးယား(aljazeera)လည်း ပေါ်နေပြီ။ ဝက်ဘ်ဆိုက်တွေနဲ့ ဘလော့ဂ်တွေလည်း ကွန်ရက်ထဲမှာ သိန်းနဲ့ချီ ရှိနေကြပြီ။ အမေရိကမှာနေမှ နယူးယောက်တိုင်မ်း ဖတ်နိုင်တဲ့ခေတ် နိဂုံးချုပ်သွားပြီ။ ဂျက်(ကွမ်းခြံကုန်း)ရဲ့ ဝါးဘလောက်သောက်ကလည်း နယူးယောက်တိုင်းမ်၊ ဝါရှင်တန်ပို့စ် ကြိုက်တဲ့သတင်းစာ ရွေးဖတ်နိုင်တဲ့ခေတ် ရောက်နေပြီ။ ဒီခေတ်ဟာ လူစွမ်းကောင်းများခေတ်၊ သူရဲကောင်းများခေတ် မဟုတ်တော့သလို ခေတ်ပျက်ဂုရုတွေရဲ့ခေတ်လည်း မဟုတ်တော့ဘူး။ အင်တာနက်က ကမ္ဘာကြီးတစ်ခုလုံးကို လူထုခေတ်အဖြစ် ပြောင်းပစ်လိုက်ပြီ။

## ဗိုလ်ချုပ်က သမိုင်းဖန်တီးတာလား

ဒါကို နားမလည်ဘဲနဲ့ သမိုင်းဆိုတာ ချာချီလို၊ ရုစဗဲ့လို ခေါင်းဆောင်ကြီးတွေက ဖန်တီးတာ၊ လူထုဆိုတာ နောက်လိုက်တွေ သက်သက်ပဲလို့ ပြောနေကြတာ ဖြစ်တယ်။ ဒီ ဂုရုတွေက ဗိုလ်ချုပ်အောင်ဆန်းလို၊ သခင်မိုးလှကြီးလို၊ ဆရာစံလို ပုဂ္ဂိုလ်တွေကို လက်ညှိုးထိုးပြလေ့ ရှိတယ်။ ရေနံမြေသပိတ်ကြီးကို သခင်မိုးလှကြီးက ဖန်တီးသယောင် ပြောဆိုကြတယ်။ တကယ်က ရေနံမြေသပိတ်ကြီးက သခင်မိုးလှကြီးဆိုတဲ့ ခေါင်းဆောင်တစ်ယောက်ကို မွေးထုတ်ခဲ့တာ ဖြစ်တယ်။ တို့ဗမာအစည်းအရုံးကြီးကို သခင်အောင်ဆန်းက မွေးထုတ်လိုက်တာ မဟုတ်ဘူး။ တို့ဗမာ အစည်းအရုံးကြီးက ကျောင်းသားခေါင်းဆောင် မောင်အောင်ဆန်းကို မျိုးချစ်နိုင်ငံရေးသမားတစ်ယောက်ဖြစ်အောင် ဖန်တီးပေးလိုက်တာ ဖြစ်တယ်။ ကျောင်းသားခေါင်းဆောင် မောင်အောင်ဆန်းရယ်လို့ ဖြစ်လာအောင်လည်း ၁၉၃၆ ကျောင်းသားသပိတ်ကြီးက မွေးထုတ်လိုက်တာ ဖြစ်တယ်။ အလား



တူပဲ ဂျပ်ဒ်ဆင် ကောလိပ်ကျောင်းသားလေး မောင်အောင်ကျော်ကိုလည်း အာဇာနည် ဗိုလ်အောင်ကျော်ဖြစ်အောင် ကျောင်းသားလှုပ်ရှားမှုကြီးက မွေးထုတ်ခဲ့တာ ဖြစ်တယ်။ မောင်အောင်ဆန်း၊ မောင်အောင်ကျော်တို့က ကျောင်းသားလှုပ်ရှားမှုကြီးကို မွေးထုတ်လိုက်တာ မဟုတ်ဘူး။

## သခင်အဖွဲ့ စတင်တည်ထောင်သူ

တို့ဗမာ အစည်းအရုံးကြီးကို စတင်တည်ထောင်ပြီး 'သခင်'ဆိုတဲ့ အမည်ကို စပြီးသုံးခဲ့သူက စာရေးဆရာကြီး သခင်ဘသောင်းဆိုတဲ့ လူတော်ကြီးတစ်ယောက် ဖြစ်တယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူဟာ တို့ဗမာ အစည်းအရုံးကြီးနဲ့ ကင်းကွာသွားပြီး လွတ်လပ်ရေးတိုက်ပွဲတွေနဲ့လည်း အဆက်ပြတ်သွားခဲ့တယ်။ တိုက်ပွဲနဲ့ အဆက်ပြတ်သွားတာနဲ့ လူထုနဲ့လည်း အလှမ်းကွာဝေးသွားတယ်။

၁၉၆၀ ပြည့်နှစ် အိမ်စောင့်အစိုးရခေတ် တည်မြဲ–သန့်ရှင်းတို့ ယှဉ်ပြိုင်နေကြတဲ့ ရွေးကောက်ပွဲမှာ သူဟာ နတ်မောက် မဲဆန္ဒနယ် တစ်သီးပုဂ္ဂလ အမတ်လောင်းအဖြစ် ဝင်ရောက်အရွေးခံရာမှာ သတ်မှတ်ထားတဲ့ အနိမ့်ဆုံး မဲအရေအတွက်တောင် မရလိုက်ပါဘူး။ အဲဒါကြောင့် ဆင်ထားတဲ့ အာမခံကြေးတောင် ပြန်မရတော့ဘဲ အဆုံးခံလိုက်ရပါတယ်။

## အထင်အရှား သိနိုင်တယ်

သခင်ဘသောင်းဆိုတာ အင်မတန် ထူးချွန်ထက်မြက်တဲ့ စာရေးဆရာကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးသမိုင်းကို ဖန်တီးနိုင်ရုံသာမက သူကိုယ်တိုင် တည်ထောင်ခဲ့တဲ့ တို့ဗမာ အစည်းအရုံးကိုတောင် သူ့စိတ်ကြိုက် မဖန်တီးနိုင်ခဲ့ပါဘူး။ ထူးချွန်တဲ့ခေါင်းဆောင်တွေက သမိုင်းကို ဖန်တီးတာလား၊ သမိုင်းက ခေါင်းဆောင်တွေကို မွေးထုတ်လိုက်တာလား ဆိုတဲ့အချက်ကို ကိုအောင်ဆန်း၊ ကိုအောင်ကျော်တို့နဲ့ ဆရာ သခင်ဘသောင်းရဲ့ ဖြစ်ကြောင်းကုန်စင်ကို လေ့လာလိုက်ရုံနဲ့ အထင်အရှား သိနိုင်ပါတယ်။ ဒါနဲ့တောင် မက်ထရှိုပိုလစ်တန် အီလစ်တွေက မသိဘူးဆိုတာတော့ ထူးဆန်းမနေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

**အပေါ်လွှာကိုပဲ နီးစပ်အောင်**

အဲသေအချာ သုံးသပ်ကြည့်ရင်တော့ မထူးဆန်းဘူးဆိုတာ သိနိုင်တယ်။ သဘာဝကျစွာ ဖြစ်ပေါ်လာတာပါပဲ။ အဲဒီ မြို့ကြီးသား လူလည် ရေပေါ်ဆီ အီလစ်တွေဆိုတာက ခေတ်တိုင်းခေတ်တိုင်းမှာ ရေပေါ်ဆီလို အပေါ်ယံမှာပဲ ဝေ့ဝဲနေခဲ့ကြတယ်။ ဘယ် လွတ်လပ်ရေး တိုက်ပွဲစဉ်တွေမှာမှ ပါဝင်ခဲ့ဖူးခြင်း မရှိပါဘူး။ အပေါ်ယံလွှာမှာပဲ ဝေ့ဝဲနေသူတွေ ဖြစ်တာကြောင့် အောက်ခြေ လူတန်းစားတွေနဲ့လည်း တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းပမာ အလှမ်းကွာဝေးပါတယ်။ လူထုကို အထင်သေးပြီး ဘယ်တော့မှ လူထုနဲ့ နီးစပ်အောင် မကြိုးစားပါဘူး။ အောက်ခြေအစား အပေါ်လွှာကိုပဲ နီးစပ်အောင် နည်းမျိုးစုံနဲ့ ကြိုးစားပြီး ရေပေါ်ဆီ လုပ်နေခဲ့ကြတာ ဖြစ်ပါတယ်။

**ရယ်စရာ ဖြစ်မနေဘူးလား**

အဲဒီလို ရေပေါ်ဆီ လူတန်းစားတွေကပဲ သမိုင်းကို ပြည်သူအများစုက ဖန်တီးတာဆိုတဲ့ အယူအဆကို ပြက်ရယ်ပြုခဲ့ကြတာ ဖြစ်တယ်။ ပညာရှင်တွေကသာ တိုင်းပြည်ကို အုပ်ချုပ်ပြီး လူထုတွေကတော့ နောက်လိုက်ကောင်း ဖြစ်အောင် ကြိုးစားကြဖို့ လိုတယ်လို့ ပါးစပ်က အမြှုပ်တစီစီထွက်အောင် အော်ဟစ်နေကြတာ ဖြစ်တယ်။ ဂလိုဘယ်အင်တာနက်ခေတ်၊ လူထုသတင်းသမားများရဲ့ ခေတ်မှာတောင် လူစွမ်းကောင်း၊ ခေါင်းဆောင်ကောင်းတွေက သမိုင်းကို ဖန်တီးတယ်လို့ ပြောနေတာကတော့ ရယ်စရာဖြစ်မနေဘူးလား။

မေ၊ ၁၀၊ ၂၀၁၀။



# လူငယ်တွေအတွက် မရှိမဖြစ်အရာ နှစ်မျိုး

လူငယ်တွေရောက်လာ စကားပြောကြတဲ့အခါ ကျွန်တော်တို့ ဘာလိုနေလဲ၊ ဘာတွေ ကြိုးစားရမလဲဆိုတဲ့ မေးခွန်းကို မေးလေ့ရှိကြတယ်။ သူတို့ကို ဝေဖန်ပါ၊ ထောက်ပြပါလို့ ပြောတဲ့သဘော ဆောင်တဲ့အတွက် ဝမ်းသာရပါတယ်။

**ချီးကျူးရမယ့်စိတ်**

တစ်ဆက်တည်းပဲ လူငယ်တွေအတွက် မရှိမဖြစ် လိုအပ်တဲ့အရာများကိုလည်း ပြောပြပေးပါလို့ တောင်းဆိုတတ်ကြပါတယ်။ ဝေဖန်ရေးကို လိုလိုလားလား တောင်းခံတဲ့စိတ်မျိုးရှိတာ လူငယ်တွေကို ချီးကျူးရမယ်။ ရင့်ကျက်တဲ့အရွယ် လူကြီးတွေတောင် ဝေဖန်ရေးကို လက်ခံတတ်ကြတာ မဟုတ်ဘူး။ ဝေဖန်သူကို 'ကက်ကက်လန်' ပြန်ပြီး ရန်တွေ့တတ်ကြတယ်။ ကိုယ့်မှာ ဖြည့်ဆည်းဖို့ လိုအပ်နေတာတွေကို သိချင်စိတ်ရှိတာလည်း ကောင်းတာပဲ။ တစ်ပါးသူကို ထောက်ပြပေးပါလို့ တောင်းဆိုတာက ပိုပြီး နှစ်လိုဖွယ်ကောင်းတယ်။ ပလွှားစိတ်မရှိတာကို ညွှန်ပြတယ်။ ဒီအချက်တွေကြောင့်လည်း လူငယ်တွေနဲ့ 'ပလဲနံပသင့်'တာ ဖြစ်တယ်။ လူကြီးတွေ အထူးသဖြင့် မြို့သား ပညာတတ်လူကြီးတွေက အများအားဖြင့် ဟန်များတယ်။ (ခုခေတ်စကားနဲ့ဆို ပဲများတယ်ပေါ့) တကယ် သိတာမဟုတ်ဘဲနဲ့ သိချင်တတ်ချင်ယောင် သိပ်လုပ်တတ်ကြတယ်။

**သရေဆိုတာ ပွဲမပြီးတာ**

ဟန်မလုပ်တတ်တာဟာ လူငယ်တွေရဲ့ နှစ်လိုဖွယ်အကောင်းဆုံး အချက် ဖြစ်တယ်။ သိရင် သိတယ်၊ မသိရင် မသိဘူး။ ကြိုက်ရင် ကြိုက်တယ်။ မကြိုက်ရင် မကြိုက်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောတယ်။ ကြိုးပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ပရိသတ်ကို ညှာပြီး သရေထိုးသွားတဲ့ လုပ်ပွဲမျိုးဆိုရင် သည်းခံမနေဘူး။ ဝိုင်းပြီး အော်ကြဟစ်ကြ၊ ဆူကြတာပဲ။ လက်ဝှေ့ထိုးတယ်ဆိုတာ အရှုံး အနိုင်သိဖို့ ဖြစ်တယ်။ အရှုံး အနိုင် အဖြေမထွက်ရင် ပွဲပြီးတယ်လို့ မယူဆဘူး။ ပညာတတ်လောကမှာ ရေပန်းစားတဲ့ win-win ဆိုတာ တကယ့်ပြိုင်ပွဲတွေမှာ မရှိနိုင်ဘူး။ ပြိုင်ပွဲဆိုကတည်းက အရှုံး အနိုင်သိဖို့ လုပ်တာ မဟုတ်ဘူးလား။ သရေဆိုတာက ပွဲမပြီးသေးဘူး၊ နောက်ထပ်ပြိုင်စရာရှိသေးတယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်တယ်။ ဘောလုံးပွဲမှာ ပူးတွဲပထမဆိုတာ မရှိဘူး။ ရာသီကုန်မှာ အမှတ်တူ၊ ဂိုးကွာခြားမှုတူရင် အဲဒီနှစ်သင်း ထပ်ကန်ရတယ်။ သရေဖြစ်နေရင် အချိန်ပို ကစားရတယ်။ အချိန်ပိုထိ သရေဖြစ်နေသေးတယ်ဆိုရင် အရှုံး အနိုင် မပေါ်မချင်း ပင်နယ်တီကန်ပြီး ဆုံးဖြတ်ရတယ်။

**ပိုပြီး ရှင်းရှင်းနှီးနှီး**

ဟန်မဆောင်တတ်တာ၊ ပွင့်လင်းတာကြောင့် လူငယ်တွေနဲ့ ပိုပြီး ရှင်းရှင်းနှီးနှီး နေဖြစ်တယ်။ သူတို့စိတ်ထဲရှိတဲ့အတိုင်း ပြောတာကို ကိုယ်က နားထောင်ပေးသလို ကိုယ်ပြောတာတွေကိုလည်း သူတို့က စေတနာမှန်နဲ့ ပြောတာပဲဆိုပြီး လက်ခံတယ်။ လူကြီးနဲ့ လူငယ် သဟဇာတဖြစ်ဖို့ အရေးအကြီးဆုံးက စေတနာမှန်ဖို့ပဲ။ လူငယ်တွေက သူတို့ လိုအပ်တာတွေ ထောက်ပြပါဆိုရင် ကိုယ်မြင်တွေ့တဲ့အတိုင်း ပြောလိုက်တယ်။ ကိုယ်ရေးတဲ့စာတွေထဲက သူတို့ မကြိုက်တာတွေကို ပြောရင်လည်း လက်သင့်ခံသင့်တာကို လက်ခံပြီး ရှင်းပြဖို့ လိုအပ်တာကို ရှင်းပြလိုက်တယ်။ ဟန်လုပ်ပြီး တစ်ယောက်ကိုတစ်ယောက် 'ဗုံနဲ့ မြှောက်' လုပ်နေတာမျိုးတွေ မရှိဘူး။ လူကြီးရော လူငယ်ပါ စိတ်လွတ်လပ်ပေါ့ပါးတယ်။ စကားပြောရတာ နှစ်ဦးစလုံးအတွက် အကျိုးရှိတယ်။

**မရှိမဖြစ် နှစ်မျိုး**

အဲဒီလို လူငယ်တွေက သူတို့လူငယ်များအတွက် မရှိမဖြစ် လိုအပ်တဲ့ အရာက ဘာလဲလို့ မေးကြတာကိုလည်း ကိုယ့်ခံယူချက်အတိုင်း ဖြေလိုက်ပါတယ်။ မျှော်လင့်ချက်နဲ့ စံပြုပုဂ္ဂိုလ်(Role Model)ဆိုတဲ့ အရာနှစ်မျိုးဟာ လူငယ်တိုင်းအတွက် အလိုအပ်ဆုံးအရာ ဖြစ်တယ်။ ဒီနှစ်ခု



နိုင်နိုင်မာမာ ပြတ်ပြတ်သားသားရှိမှ လူ့လောကမှာ လူတစ်လုံး သူတစ်လုံး (somebody) ဖြစ်နိုင်ပါတယ်။ ဒီနှစ်ခုမရှိရင် ပဲ့မပါတဲ့ လှေလို ဟိုဘက်မျောလိုက်၊ ဒီဘက်မျောလိုက်နဲ့ ဘယ်သောင် ဘယ်ကမ်းမှ ဆိုက်မှာမဟုတ်ဘူး။ ဟိုလိုလို ဒီလိုလိုနဲ့ လူရာမဝင်တဲ့(nobody) ယောင်ခြောက်ဆယ် အဖြစ်နဲ့ နိဂုံးချုပ်ရမှာ သေချာတယ်။

**ရှင်လျက် သေနေသူ**

လူ့ဘဝဆိုတာ မျှော်လင့်ချက်ကြောင့် အဓိပ္ပာယ်ရှိနေတာ။ မျှော်လင့်ချက် ကင်းမဲ့တဲ့ဘဝဟာ အသက်ရှင်လျက် သေနေတဲ့ဘဝ ဖြစ်တယ်။ ဘာမှ အနှစ်သာရမရှိဘူး။ အချည်းနှီးပဲ။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ တစ်နေ့မှာ ဆင်းရဲတဲ့ဘဝက လွတ်မြောက်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ရှိရင် ဆင်းရဲပေမဲ့ ပျော်ရွှင်နိုင်တယ်။ ဆင်းရဲလို့ စိတ်မချမ်းသာတာ၊ မပျော်ရွှင်နိုင်တာ မဟုတ်ဘူး။ မျှော်လင့်ချက်မရှိလို့ စိတ်မချမ်းသာတာ၊ မပျော်နိုင်တာ။ မျှော်လင့်ချက်နဲ့ စိတ်ကူးယဉ်မှုဆိုတာ ဆိတ်သုဉ်းသွားရင် အဲဒီလူဟာ ရှင်လျက် သေနေတဲ့သူပဲ။ ဘာမှသုံးစားလို့ မရတော့ဘူး။ လူမှန်ရင် မျှော်လင့်ချက် ရှိရမယ်။ စိတ်ကူးယဉ်တတ်ရမယ်။

**အိပ်မက် မက်တတ်ရမယ်**

အထူးသဖြင့် လူငယ်မှန်ရင် စိတ်ကူးယဉ်အိပ်မက်တွေ အမြဲမက်နေရမယ်။ အိပ်မက် မမက်တတ်ရင် လူငယ်မဟုတ်ဘူး။ 'ဖြစ်တော့ ဖြစ်ချင်တာပေါ့။ ဒါပေမဲ့ ...'ဆိုတာ အရှုံးသမားရဲ့ လက်သုံးစကား ဖြစ်တယ်။ လူငယ်မှာ ဒါပေမဲ့ (but) ဆိုတာ လုံးဝ မရှိရဘူး။ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ် တစ်ခုတည်းသာ ရှိရမယ်။ မလုပ်ရသေးလို့ မဖြစ်သေးတာသာ ဖြစ်တယ်။ လုပ်ရင် ဖြစ်တယ်။ သွားရင် ရောက်တယ်။ ယူရင် ရတယ်။ မဏ္ဍူသကနတ်ပန်းကိုမှ ဆွတ်ချင်သလား။ မရမချင်း ဆွတ်မယ်ဆိုတဲ့ ဖွဲသတ္တိ ရှိရင် မရဘဲ မနေဘူး။ ရမှာ သေချာတယ်။ ဖွဲနဲ့ သတ္တိ မရှိဘဲ ရတာကိုပဲ ယူလိုက်ပါတော့မယ်ဆိုရင်တော့ မဏ္ဍူသကနတ်ပန်းကို မရဘဲ ခေါင်ရမ်းပန်းကိုပဲ ရလိမ့်မယ်။ ခေါင်းရမ်းပန်းကို ခေါင်းမှာပန်တဲ့လူဆိုရင် ရွာသူရွာသားတွေက ရွာထဲ လုံးဝ အဝင်ခံမှာမဟုတ်ဘူး။ ရွာချတယ်ဆိုပြီး မောင်းထုတ်ကြမှာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အားကျ အတုယူစရာ**

လူငယ်တိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ နောက်တစ်မျိုးက စံပြုပုဂ္ဂိုလ်(Role Model) ဖြစ်တယ်။ ကလေးဘဝကတည်းက အားကျအတုယူစရာ စံပြုပုဂ္ဂိုလ်တစ်ဦးဦး ရှိနေသင့်တယ်။ စံပြုပုဂ္ဂိုလ်ကို အားကျအတုယူပြီး ကြိုးစားအားထုတ်မှုဟာ လူတိုင်းအတွက် အရေးပါတယ်။ ရှေးခေတ်က ကိုအောင်ဆန်းတို့၊ ကိုဗဟိန်းတို့တစ်တွေဟာ အိုင်ယာလန်သူပုန်ကြီး မိုက်ကယ်ကောလင်းကို အားကျအတုယူပြီး အင်္ဂလိပ်နယ်ချဲ့တွေကို မောင်းထုတ်ဖို့ ကြိုးစားခဲ့ကြတယ်။ ဂျူးလိယက်ဖူးချစ်တို့၊ ဟိုချေမင်းတို့ကို ချီးကျူးခဲ့ကြတယ်။ နောက်ခေတ် လူငယ်တွေကျတော့ မော်စီတုန်းနဲ့ ဟိုချီမင်း၊ ကက်စထရိုနဲ့ ချီဂွေဗားရား၊ ငုယင်ဗန်ထရိုင်းစတဲ့ တော်လှန်ရေးသမားကြီးတွေကို စံပြုပုဂ္ဂိုလ်အဖြစ် အားကျ အတုယူခဲ့ကြတယ်။

**ဝေရက်ကိုအောင်နိုင်တဲ့ မျက်မမြင်**

ကျွန်တော်တို့ ကလေးဘဝကဆိုရင် အင်္ဂလိပ်ဖတ်စာအုပ်ထဲမှာပါတဲ့ ရော်ဘင်ဟုဒ်လို၊ အိုင်ဗင်ဟိုလို မတရားမင်းတွေကို ဆန့်ကျင်ခြားနားပြီး ဆင်းရဲသားတွေကို ကူညီတဲ့ လူစွမ်းကောင်းတွေကို သိပ်အားကျခဲ့ရတယ်။ ကစားရင်တောင် ရော်ဘင်ဟုဒ်လုပ်တမ်းမှ ကစားတယ်။ ထောင်အကြိမ်ကြိမ်ကျခဲ့ရတဲ့ သတင်းသမားတစ်ယောက် ဖြစ်ခဲ့ရတာ ငယ်စဉ်က ရော်ဘင်ဟုဒ်တို့၊ အိုင်ဗင်ဟိုတို့ အားကျအတုယူခဲ့လို့ ထင်ပါရဲ့။ အခုခေတ် ကလေးတွေနဲ့ လူငယ်တွေမှာ အဲဒီလို စံပြုပုဂ္ဂိုလ်မျိုး တော်တော်ရှားပါးတာ တွေ့ရတယ်။ ကျောင်းသင် ဖတ်စာတွေထဲမှာ မတွေ့ရသလို အပြင် ဖတ်စရာတွေထဲမှာလည်း မတွေ့နိုင်ဘူး။ ဒီခေတ်မှာ ရော်ဘင်ဟုဒ်လို လူစွမ်းကောင်းတွေ မတွေ့နိုင်တော့ပေမဲ့ မျက်စိနှစ်ဖက်စလုံး မမြင်ရတဲ့သူနဲ့ ခြေနှစ်ဖက်စလုံး ပြတ်နေသူတွေက ဧဝရက်တောင်ထိပ်ကို ရောက်အောင်တက်နိုင်ခဲ့ကြတဲ့အဖြစ်တွေ၊ ၁၃ နှစ်သမီးလေး တစ်ယောက်တည်း ရွက်လှေတစ်စင်းနဲ့ ကမ္ဘာတစ်ပတ် ပတ်ခဲ့တဲ့သတင်းတွေ နေ့စဉ်တွေ့မြင်၊ ဖတ်ရှုနေရတယ် မဟုတ်လား။ ဒါတွေဟာ လူငယ်တွေအတွက် စံပြုပုဂ္ဂိုလ်တွေ ဖြစ်နိုင်တာပေါ့။



**သူတော်ကောင်းကြီး**

ဒီလိုအဖြစ်အပျက်တွေကို ကျောင်းဖတ်စာတွေထဲ ရောက်အောင် ထည့်သင့်ကြပါတယ်။ လူစွမ်းကောင်းတွေအကြောင်းမှ မဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံက ကူသူကယ်သူမဲ့ ဖြစ်နေကြတဲ့ ဆင်းရဲသားနဲ့ ရောဂါသည် ဒုက္ခိတတွေကို ကယ်တင်ရေးအတွက် သူ့ဘဝတစ်ခုလုံး မြှုပ်နှံပြီး ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့တဲ့ လူဖြူခရစ်ယာန်သီလရှင် သူတော်ကောင်းမကြီး မာသာထရီဇာရဲ့ အကြောင်းနဲ့ သူ့လုပ်ရပ်တွေအကြောင်းလည်း ကမ္ဘာတစ်ခုလုံးက စာသင်ခန်းတွေထဲမှာ ကလေးတွေ ဖတ်ရှု သင်ကြားနိုင်အောင် ဆောင်ရွက်သင့်ကြပါတယ်။ ရက်စက်ကြမ်းကြုတ်မှုတွေ တစ်နေ့တခြား တိုးပွားများပြားလာပြီး လူသားတွေ ရိုင်းသထက် ရိုင်းလာနေတဲ့အတွက် ကမ္ဘာကြီးတစ်ခုလုံး ပဋိပက္ခရစ်အရပ်သဖွယ် ဖြစ်နေတဲ့ ခေတ်ကာလကြီးမှာ မာသာထရီဇာဆိုတဲ့ မေတ္တာရှင် သူတော်စင်ကြီးဟာ အကောင်းဆုံးသော စံပြုပုဂ္ဂိုလ် မဟုတ်ပါလားခင်ဗျာ။

၁၃၊ ၁၀၊ ၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com

# လူ့အဆင့်အတန်းဆိုတာ ဘာလဲ

ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်က ထူးခြားတဲ့ အကူအညီတစ်ခု လာတောင်းပါတယ်။ နိုင်ငံခြားရောက်နေတဲ့ သူ့သားဆီကို အဲဒီနိုင်ငံမှာ နေတဲ့ တပည့်ရင်းတစ်ယောက်လောက် လွှတ်ပြီး နားချခိုင်းပေးစမ်းပါဆိုတဲ့ အကူအညီ ဖြစ်တယ်။

**ပထမဆုံး ကြုံဖူးတာ**

သူ့စကားကြားတော့ တော်တော် အံ့အားသင့်သွားတယ်။ နိုင်ငံခြားသွားချင်လို့ အကြံတောင်းတာ၊ အကူအညီတောင်းတာတွေ အမြဲ ကြုံတွေ့နေကျ ဖြစ်ပေမဲ့ အခုလို နိုင်ငံခြားကသား ပြန်လာစေချင်လို့ အကူအညီတောင်းတာမျိုးတော့ တစ်ခါမှ မကြုံဖူးဘူး။ ဒါ ပထမဆုံးပဲ။ သူ့သား နိုင်ငံခြားထွက်သွားတာ သုံးနှစ်နီးပါး ရှိပါပြီ။ မြန်မာပြည်မှာဖွင့်ထားတဲ့ နိုင်ငံခြားသား အများစုသင်တဲ့ ကျောင်းကြီးတစ်ခုက အထက်တန်းပြီးပြီးချင်း သွားလိုက်တာမို့ သွားစက ၁၈ နှစ်တောင် မပြည့်သေးပါဘူး။ ဟိုနိုင်ငံရောက်တော့ တက္ကသိုလ်ဝင်ခွင့်မရသေးဘဲ ဝင်ခွင့်သင်တန်း တစ်နှစ်ကြာအောင် တက်ရပါတယ်။ မြန်မာပြည်မှာ မိဘက မျက်စိအောက်က အပျောက်မခံအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တာဆိုတော့ ၁၈ နှစ်အရွယ် သားလေးဟာ ဟိုနိုင်ငံရောက်တော့ ဖောင်းထဲကလွှတ်တဲ့ မြင်းလိုဖြစ်ပြီး ပျော်ချင်တိုင်း ပျော်မြူးနေပါတော့တယ်။

**ပြန်မလာတော့လို့**

သုံးနှစ်သာ ကြာသွားတယ်။ ဘယ်တက္ကသိုလ်၊ ကောလိပ်မှ မတက်ရပါဘူး။ ဒါပေမဲ့ ကျောင်းသားဗီဇာရနိုင်တဲ့ သင်တန်းတွေ တစ်ခုပြီးတစ်ခု ပြောင်းတက်ပြီး ဆက်နေပါတယ်။ သူတို့နိုင်ငံတွေမှာလည်း ပညာရေးဆိုတာ



စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကြကိုင်ကြတာဆိုတော့ ကျောင်းလခ တစ်နှစ်စာသွင်းရင် ဗီဇာရအောင်လုပ်ပေးတဲ့ ကျောင်းတွေက အများသား ကိုး။ ဒီက မိဘများက ပိုက်ဆံပို့နိုင်ရင် ပို့နိုင်သလောက် ဟိုမှာ ကျောင်းသားလုပ်ပြီး နေနိုင်ကြတယ်လေ။ သုံးနှစ်ကြာတော့ မိဘက ပြန်လာဖို့ခေါ်ပေမဲ့ သားလေးက ပြန်မလာဘူး။ အကြောင်းအမျိုးမျိုးပြပြီး ငြင်းတယ်။ နောက်ဆုံး မတတ်သာတော့လို့ လာပြီး အကူအညီတောင်းတာ ဖြစ်ပါတယ်။

**လူနေမှု အဆင့်အတန်းတဲ့**

ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်တာကြောင့် သူ အကူအညီတောင်းတဲ့အတိုင်း ဟိုမှာနေတာ နှစ်ပေါင်း ၂၀ လောက် ရှိနေပြီဖြစ်တဲ့ တပည့်ရင်းချာ တစ်ယောက်ဆီကို အီးမေးလ်ပို့ပြီး အကူအညီ တောင်းလိုက်ပါတယ်။ သားလို ဖြစ်နေတဲ့ တပည့်ကလည်း ချက်ချင်း ကတိပေးပြီး အလုပ်အားရက်မှာ နှန်းနဲ့ချိန်းပြီး သွားတွေ့ပါတယ်။ သူ့အိမ်ကိုခေါ်ပြီး မြန်မာထမင်းဟင်းတွေ လည်း ကျွေးပါတယ်။ ရင်းနှီးအောင်လည်း ပေါင်းပါတယ်။ သုံးလလောက် ကြာတော့ တပည့်ဆီက လက်လျှော့လိုက်ရကြောင်း အကြောင်းကြားပါ တယ်။ ကလေးက ဘယ်လိုမှ တိုက်တွန်းလို့မရတဲ့အကြောင်း၊ ဟိုမှာပဲ အစ်သက်လုံးနေဖို့ ကြံရွယ်ထားပုံရကြောင်း ပြောပြပါတယ်။ 'လူနေမှု အဆင့်အတန်း'(Quality of Life) ဆိုတဲ့စကားကို ပါးစပ်ကမချအောင်ကို ပြောနေတယ် ဆရာလို့လည်း ဖုန်းထဲက ပြောပြပါတယ်။

**ဘယ်သူ့အပြစ်လဲ**

အကျိုးအကြောင်း မိတ်ဆွေဖြစ်သူကို ပြောပြတော့ မျက်ရည်ကျ ရှာတယ်။ ကိုယ်တိုင်သွားခေါ်မှ ဖြစ်တော့မှာပဲလို့လည်း ညည်းညူသွားပါ တယ်။ ဒီကိစ္စကို ရက်ပေါင်းအတော်ကြာအောင် စဉ်းစားနေမိတယ်။ ဒီကလေးဟာ ဒီမှာလည်း ရွှေပေါ်မြတင် နေခဲ့ရတာပါ။ ဒေါ်လာနဲ့ပေးပြီး တက်ရတဲ့ကျောင်းမှာ အထက်တန်းကုန်တဲ့အထိ တက်ခဲ့ရပါတယ်။ သူ့ဘဝ တစ်လျှောက်လုံး မရှိဆိုတဲ့စကား မကြားခဲ့ဖူးဘူးလို့ ဆိုနိုင်လောက်တဲ့ အခြေအနေပါ။ ဒါတောင်မှ ဒီ 'ကွာလတီအော့ဖ်လိုက်ဖ်' ဆိုတဲ့စကား ဘာကြောင့် နှုတ်ဖျားကမချ ဖြစ်နေရတာလဲ။ ကလေးရဲ့ အပြစ်လား၊ အဲလို ယိုက်တဲ့ မိဘများရဲ့ အပြစ်လား၊ ဒါမှမဟုတ် . . .၊ ဒါမှမဟုတ် . . .။



www.burmeseclassic.com

www.burmeseclassic.com

**မျိုးချစ်ကြီးတွေ မဟုတ်ပေမဲ့**

ဒီကိစ္စကို အပြန်ပြန် အလှန်လှန် ဝေဖန်စောကြောနေမိတယ်။ ကလေး မိဘများကလည်း ထူးကဲတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေ မဟုတ်ပေမဲ့ နိုင်ငံခြားကိုမှ အထင်ကြီးတတ်သူတွေ မဟုတ်ပါဘူး။ နိုင်ငံခြားမှာ သွားနေဖို့လည်း စိတ်ကူးတောင် ကြည့်ဖူးသူတွေ မဟုတ်ပါဘူး။ ဘိုးစဉ်ဘောင်ဆက် ကိုယ်ပိုင်စီးပွားရေးကို လုပ်ကိုင်လာကြပြီး တင့်တောင်းတင့်တယ် နေနိုင်ကြသူတွေ ဖြစ်တယ်။ သားလေးကလည်း ဒေါ်လာပေးတက်ရတဲ့ကျောင်းမှာ တက်ခဲ့တာဖြစ်ပေမဲ့ ဟော့ဟော့ရမ်းရမ်း မဟုတ်ပါဘူး။ စာကြိုးစားရှာပါတယ်။ ကျောင်းပိတ်ရက်တွေမှာလည်း အအားမနေပါဘူး။ သင်တန်းအမျိုးမျိုး တစ်ခုပြီးတစ်ခု တက်နေခဲ့တာပါ။

**ကျောင်းတွေနဲ့ ဆိုင်သလား**

၁၈ နှစ်အရွယ် ကလေးတစ်ယောက်ရဲ့ ခေါင်းထဲကို ဒီ'ကွာလတီ အော့ဖ်လိုက်ဖ်' ဆိုတဲ့စကားက ဘယ်လိုလုပ်ပြီး ရောက်သွားခဲ့တာလဲ။ သူတက်ခဲ့တဲ့ကျောင်းတွေ၊ သင်တန်းတွေနဲ့များ ဆိုင်နေလေသလား။ သူတက်ခဲ့တဲ့ ကျောင်းတွေမှာ နိုင်ငံခြားသားက အများစု ဖြစ်တယ်။ ကျောင်းသားတွေက လူမျိုးစုံသလို ဆရာတွေကလည်း နိုင်ငံစုံက လာကြတာဖြစ်တယ်။ နိုင်ငံခြားက သင်ရိုးတွေအတိုင်းပဲ သင်တယ်။ မြန်မာကျောင်းတွေက သင်ရိုးတွေ မသင်ဘူး။ မြန်မာပြည်က စာမေးပွဲတွေ မဖြေဘူး။ အထက်တန်းပြီးရင် နိုင်ငံခြားသွား ကျောင်းဆက်တက်ကြမှာ။ ဒီအထိ ကိစ္စမရှိဘူး။ နိုင်ငံသားတိုင်း ကိုယ်ကြိုက်ရာကို လွတ်လပ်စွာ လုပ်ခွင့်ရှိတာပဲ။ နိုင်ငံခြားသွား ပညာသင်တာ မကောင်းတဲ့ကိစ္စမှ မဟုတ်တာ။

**ကျော်ပိုးအိတ်သမားတွေလား**

အဲဒီလိုကျောင်းတွေမှာရှိတဲ့ ဆရာတွေနဲ့ ဆိုင်နေမလားလို့ စဉ်းစားမိတယ်။ ကျောင်းတချို့က ဆရာ၊ ဆရာမတွေကို သေသေချာချာ စိစစ်ပြီး အရည်အချင်း ပြည့်မီသူတွေကိုသာ ခန့်ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ တချို့တလေက စီးပွားရေးသမားလို ဈေးတွက်တွက်ပြီး 'ပေါချောင်ကောင်း'တွေရှာပြီး ငှားတာမျိုးလည်း ရှိတယ်။ အခုလိုကျောင်းမျိုးတွေ မပေါ်ခင်အချိန်က အင်္ဂလိပ်စကားပြော သင်တန်းကျောင်းတစ်ခု ဖွင့်ခဲ့ဖူးတော့ တစ်ကိုယ်တော် ကျော်ပိုးအိတ်သမားတွေ လာပြီး ဆရာအလုပ် လျှောက်ကြတာ မကြာခဏ ကြုံဖူးတယ်။ သူတို့က ပိုက်ဆံမကုန်ဘဲ ကမ္ဘာအနှံ့ လည်ရအောင် ရောက်ရာအရပ်မှာ ကြုံတဲ့အလုပ်ဝင်လုပ်ပြီး စရိတ်ရှာလေ့ ရှိကြတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားရအောင် လည်ပတ်ပြီးတဲ့အခါ နောက်တစ်နိုင်ငံ ကူးသွားကြတယ်။ ကြုံရာ ဝင်လုပ်ကြပြန်တယ်။

**ပညာတတ်တိုင်း ဆရာ မဖြစ်**

အဲဒီလို ကျော်ပိုးအိတ်သမားတွေထဲမှာ တချို့က ကျောင်းသူကျောင်းသားတွေဖြစ်ပြီး တချို့က ကျောင်းဆရာတွေ ဖြစ်တယ်။ တချို့ကျတော့ သိပ်ပညာမတတ်တဲ့ အောက်ခြေအလုပ်သမားတွေ ဖြစ်တယ်။ ကျောင်းဆရာအလုပ်ဆိုတာ ပညာတတ်တိုင်း လုပ်လို့ဖြစ်တာ မဟုတ်ပါဘူး။ ဆရာဖြစ်သင်တန်းအောင်မှ လုပ်နိုင်တဲ့အလုပ်မျိုး ဖြစ်ပါတယ်။ အကယ်လို့ ဆရာလုပ်ဖို့ အရည်အချင်းမရှိသူတွေ ဆရာဝင်လုပ်နေကြတဲ့ ကျောင်းမျိုးဆိုရင် ကလေးတွေကို မှန်ကန်တဲ့ ပညာရပ်တွေ၊ မှန်ကန်တဲ့ အတွေးအခေါ်တွေ ပေးနိုင်ပါ့မလား။

**ပြင်ပသင်တန်းတွေ ပိုဆိုး**

နောက်ပြီး ပြင်ပသင်တန်းတွေက ပိုဆိုးသေးတယ်။ အင်္ဂလိပ်စာလေး နည်းနည်းဖတ်တတ်တယ် ဆိုရုံလောက်နဲ့ နိုင်ငံခြားက စာအုပ်ကြီးတွေ ကိုင်ပြီး ဆရာဝင်လုပ်နေကြသူတွေ အများကြီးရှိတယ်။ ဆရာဖြစ်ထက်မှတ်ဆိုတာ ဝေးလို့။ သူတို့ ဆရာကြီးတစ်ဆူလုပ်ပြီး သင်ကြားပေးနေတဲ့ ဘာသာရပ်ကိုတောင် ဘွဲ့ရအောင် သင်ယူခဲ့ဖူးကြတာ မဟုတ်ဘူး။ စာအုပ်ကြီးထဲက မှတ်စုထုတ်ပြီး ကြက်တူရွေးလို ရွတ်ပြနေကြတာများတယ်။ အဲဒီလိုသင်တန်းတွေကို အဟုတ်မှတ်ပြီး တက်ခဲ့ကြတဲ့ကလေးတွေ အများစုက စကားပြောလိုက်ရင် အင်္ဂလိပ်စကားလုံးကြီးတွေ အတုံးလိုက်၊ အတစ်လိုက်ပဲ။ ဘာဖြစ်ဖြစ် သူတို့က ဂလိုဘယ်ဆိုတာကြီးနဲ့ တိုင်ပေါက်လိုက်ကတယ်။ စတစ်ဂလစ်က ဘာပြောတယ်၊ ဖရိုက်မင်းက ဘာပြောတယ်၊ ဖူကူးယားမားက ဘာပြောတယ် ဆိုတာတွေ အပ်ကြောင်းထပ်နေတော့တယ်။ ပါးစပ်တွေမှာ အမြှုပ်တစီစီနဲ့။





www.burmeseclassic.com

www.burmeseclassic.com

**အဆင့်အတန်း ရှိတဲ့သူ**

ဒီလိုကလေးမျိုးတွေကပဲ လူ့အဆင့်အတန်းဆိုတဲ့စကား ပြောကြတာဖြစ်တယ်။ အပ်ကစပြီး မော်တော်ကားအထိ ဝယ်လို့ရတဲ့ ကုန်တိုက်ကြီးတွေက နေရာတကာရှိပြီး သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်း၊ ပျော်ချင်တိုင်း ပျော်လို့ရတဲ့ နိုင်ငံတွေမှာနေမှ အဆင့်အတန်းရှိတဲ့လူလို့ သတ်မှတ်တယ်လို့ ထင်နေကြပုံရပါတယ်။ သင်တန်းမှာ သူတို့သင်ယူခဲ့ကြတဲ့ ဂျီဒီပီတွေ၊ ဂျီအင်န်ပီတွေ၊ လူတစ်ထောင်မှာ မော်တော်ကား ဘယ်နှစီး၊ တယ်လီဖုန်း ဘယ်နှလုံးဆိုတဲ့ စာရင်းအင်း အချက်အလက်တွေကို ကြည့်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ အဆင့်အတန်းကို သတ်မှတ်ရတယ်လို့ ယူဆထားကြတာကိုး။

**ဘယ်သူမပြု မိမိမှု**

လူတွေရဲ့ ပျော်ရွှင်ချမ်းသာမှုဆိုတာ ရုပ်ဝတ္ထုပစ္စည်းတွေက ဖန်တီးပေးတာ မဟုတ်ဘူး။ စိတ်ချမ်းသာမှုရှိမှ အမှန်တကယ် ပျော်ရွှင်ရတယ်ဆိုတာ ကလေးတွေက ဘယ်လိုသိမှာလဲ။ စိတ်ချမ်းသာမှုရှိဖို့အတွက် လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနဲ့ တရားမျှတမှုရှိခြင်းတို့ကသာလျှင် ဖော်ဆောင်ပေးနိုင်တယ် ဆိုတာလည်း မသိရှာကြဘူး။ မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာ လူဖြစ်ခဲ့ပေမဲ့ မြန်မာလူမျိုးတွေနဲ့က အနေဝေးကြတယ်လေ။ နိုင်ငံခြားသားတွေ သင်တဲ့ကျောင်းနဲ့ နိုင်ငံခြားစာတွေပဲသင်တဲ့ သင်တန်းတွေပဲတက်ပြီး ကြီးပြင်းလာခဲ့ကြတာ မဟုတ်လား။ ဒီတော့လည်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ဘယ်အထင်ကြီးတော့မှာလဲ။ နိုင်ငံခြားမှာနေမှပဲ လူ့အဆင့်အတန်း မြင့်တယ်လို့ ထင်နေကြတော့မှာပေါ့။ မိတ်ဆွေကြီးအတွက်တော့ စိတ်မကောင်းဘူး။ ဒါပေမဲ့ ဘာမှလည်း မတတ်နိုင်ဘူး။ ဘယ်သူမပြု မိမိမှုပဲလေ။

၂၇၊ ၁၀၊ ၂၀၁၀။



# ဧတနာရှိတ်မို့ လွမ်းမိတယ်

မိခင်ကျောင်းတော်(Alma Mata)ဖြစ်တဲ့ မန္တလေး ဖားသားလဖုန်း အထိမ်းအမှတ် အထက်တန်းကျောင်းက ကျောင်းသားဟောင်း ၃ ယောက် ရောက်လာပြီး နှစ်စဉ်ကျင်းပနေကျ ဆရာကန်တော့ပွဲကို ဖန်နဝါရီလထဲမှာ ကျင်းပမယ့်အကြောင်း အသိပေးတယ်။

**ငယ်မူငယ်သွေးပြန်ကြ**

ရန်ကုန်မှာရှိတဲ့ စီနီယာကျောင်းသားဟောင်းကြီးတွေ လာဖြစ်အောင် လာဖို့လည်း တိုက်တွန်းပေးပါဦးလို့ ပြောကြတယ်။ အသက် ၆၀ ကျော်၊ ၇၀ ကျော်ကြီးတွေ ပြန်ဆုံတွေ့ကြတဲ့အခါ ငယ်မူငယ်သွေးတွေပြန်ပြီး တစ်ယောက်နဲ့တစ်ယောက် စကြနောက်ကြ၊ ငယ်ကျိုးငယ်နာတွေ ဖော်ကြလုပ်ကြတာတွေကြည့်ပြီး ကြည်နူးရလွန်းလို့ပါလို့လည်း ပြောကြတယ်။ ဟုတ်ပါတယ်။ ငယ်ပေါင်းတွေ ဆုံတဲ့အခါ ဘယ်သူမဆို ပျော်ကြတာပါပဲ။ ရန်ကုန်မှာနေကြတဲ့ အတန်းတူ သူငယ်ချင်းသုံးလေးယောက် ဆုံပြီး တစ်ခါ တလေ လာကြတဲ့အခါ အားလုံး ဝမ်းသာပျော်ရွှင်ကြတယ်။ ဒီအသက်၊ ဒီအရွယ်မှာ ကိုယ့်ကို 'မင်းနဲ့ ငါနဲ့'ပြောသံ ကြားရတာလောက် ပီတိဖြစ်ရတာ ဘာမှ မရှိပါဘူး။ အင်မတန် ကြည်နူးစရာကောင်းတယ်။

**အန်ကယ်ကြီးနဲ့ ဘဘ**

နာမည်ကို 'ဦး၊ ကို၊ မောင်'မပါဘဲ နာမည်အရင်းတိုင်းခေါ်သံ မကြားရတာ နှစ်ပေါင်းလေးငါးဆယ်လောက် ရှိပြီဆိုတော့ ဒီလို အခေါ်ခံရတာ အင်မတန် ဝမ်းသာကျေနပ်ရတယ်။ အားလုံး အသက်တွေက ၅၀ တန်းတွေ ဆိုတော့ အန်ကယ်ကြီးတို့၊ ဘဘကြီးတို့ဆိုတဲ့ ခေါ်သံတွေပဲ နေ့တိုင်း ကြားနေရတာ မဟုတ်လား။ နောက်ပြီး ကိုယ့်ကို မင်းတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ငါတစ်လုံးနဲ့ပြောသံ နားထောင်ရတာလည်း အင်မတန် အရသာရှိပါတယ်။ လဖုန်း ကျောင်းသားဟောင်းတွေထဲမှာ ကျွန်တော်တို့က ဒုတိယအကြီးဆုံး ကျောင်းသားကြီးတွေ ဖြစ်နေကြပြီလေ။ ကျွန်တော်တို့ထက် တစ်တန်း ပိုရှေ့ရောက်တဲ့ ကျောင်းသားဟောင်းတွေက သုံးလေးယောက်ပဲ ကျန်တော့တာကိုး။ ဒီတော့လည်း ဘဘအခေါ်ခံရတာ သဘာဝကျပါတယ်။

**စာရေးဆရာဖြစ်ရတာ ကျေနပ်စရာ**

ကန်တော့ခံ ဆရာတွေထဲမှာလည်း ကျွန်တော်တို့ဆရာ ဖြစ်ခဲ့သူ ဆိုလို့ ဆရာဦးမြသောင်း တစ်ယောက်တည်း ကျန်ပါတော့တယ်။ ဒါကြောင့် တွေ့ချင်၊ ကန်တော့ချင်ပေမဲ့ တစ်ကြိမ်တစ်ခါမှ ကန်တော့ပွဲကိုသွားပြီး မကန်တော့နိုင်ခဲ့ဘူး။ အဝေးကပဲ စိတ်နဲ့မှန်းပြီး ကန်တော့ရတော့တယ်။ သွားနိုင်လာနိုင်တဲ့သူတွေကိုတော့ တိုက်တွန်းနှိုးဆော်ပေးပါတယ်။ ကျေနပ်စရာကောင်းတာလေး တစ်ခုကတော့ မိခင်ကျောင်းတော်ကြီးနဲ့ ဆရာများကို စာနဲ့ ကန်တော့ပန်းဆင်နိုင်တာ ဖြစ်တယ်။ စာရေးဆရာဖြစ်ရတာ ဒီအချက်တစ်ချက်နဲ့ပဲ ကျေနပ်စရာကောင်းနေပြီ။

**စေတနာရိုက်**

ကျွန်တော်တို့ခေတ်ကျောင်းသားတိုင်းမှာ 'မိခင်ကျောင်းတော်'ဆိုတဲ့ အစွဲအလမ်း အင်မတန် ကြီးကြပါတယ်။ ကိုယ့်ကျောင်းကိုယ် သိပ်ပြီး ချစ်ကြ၊ ဂုဏ်ယူတယ်။ ဆရာတွေကိုလည်း ချစ်ခင်လေးစားမှု ရှိကြတယ်။ ရိုက်လည်း ချစ်ကြတာပဲ။ အသက်ကြီးလာတဲ့အခါဆိုရင် အရိုက်သန်တဲ့ ဆရာကို ပိုပြီးတောင် သတိရ တမ်းတလေ့ရှိတယ်။ စေတနာရိုက် ဖြစ်တာကိုး။ အခုခေတ်လို ကျူရှင်ဆရာတွေ ဆိုတာလည်း မရှိဘူးလေ။ စာသိပ်အားနည်းတဲ့ ကျောင်းသားဆိုရင် ဆရာတွေက စာမေးပွဲနီးတဲ့အခါ အိမ်ခေါ်ပြီး သင်ပေးလေ့ရှိတယ်။ ဘာကျူရှင်ခမှ ယူတာမဟုတ်တဲ့အပြင် မုန့်ချိန်တန် မုန့်၊ ထမင်းချိန်တန် ထမင်းကျွေးပြီး သင်ကြတာ။

**စေတနာဆရာနဲ့ ကျူရှင်ဆရာ**

နယ်က ဆရာ၊ ဆရာမတွေဆိုရင် ကျောင်းနဲ့ သုံးလေးမိုင်ဝေးတဲ့ ရွာတွေက လာတက်ရတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို စာမေးပွဲနီးတဲ့



အခါ တစ်လ၊ ကိုးသီတင်းကို အိမ်မှာ ညအိပ်ညနေခေါ်ထားပြီး သင်ပေးကြတယ်။ ကျူရှင်ခတို့၊ ထမင်းဖိုးတို့ ယူတာမဟုတ်ဘူး။ အဲဒီတော့ ကျောင်းသားတွေက မချစ်ဘဲ၊ မလေးစားဘဲ ဘယ်နေတော့မှာလဲ။ ကျောင်းသားတင် မကဘူး။ ကျောင်းသားမိဘတွေကပါ ချစ်ခင်ကြည်ညို ကြတယ်။ အခုခေတ်ရောက်တော့ မြို့တကာ၊ နယ်တကာမှာ ကျူရှင်တွေ ခေတ်စားလာကြတယ်။ ကျောင်းသားတွေက ကျူရှင်ကို ပိုပြီးအားကိုးကြ တယ်။ ဒီတော့ ကျောင်းချစ်စိတ်၊ ဆရာချစ်စိတ်တွေ လျော့နည်းသွားတယ်။ ကျောင်းသားရဲ့အိမ်ကို ဆရာခေါ်ပြီး ဝိုင်းလုပ်သင်တဲ့ခေတ် ရောက်လာ တော့ ဆရာအပေါ်မှာ လုံးဝ အရှိသေတန်သွားတော့တယ်။

**ကျူရှင်က ဖျက်ဆီးလိုက်တာ**

ကျောင်းသားက ဆရာကိုမကြိုက်ရင် ဖြုတ်ပစ်ပြီး ချက်ချင်း နောက်တစ်ယောက် ငှားတယ်။ အဲဒီတော့ ဆရာက ကျောင်းသားကို မျက်နှာချိုသွေးပြီး ချော့သင်ရတယ်။ ကျောင်းသားတင် မဟုတ်သေးဘူး။ ကျောင်းသားအဖေကိုပါ မျက်နှာချိုသွေးရတာ။ အဲဒီလိုဆရာမျိုးတွေ များသထက်များလာတော့ ကျောင်းသားတွေက ဆရာကို ရိုသေလေးစားတဲ့စိတ် ဘယ်လိုလုပ် ရှိတော့မှာလဲ။ ကျူရှင်တွေ ခေတ်စားလာကတည်းက ကျောင်းသူ၊ ကျောင်းသားတွေမှာ ကျောင်းချစ်စိတ်၊ ဆရာချစ်စိတ်တွေ ကွယ်ပျောက်သွားရတာ ဖြစ်တယ်။ 'မိခင်ကျောင်းတော်' ဆိုတဲ့အသုံးအနှုန်းမျိုး ဒီခေတ် ကျောင်းသားတွေကြားမှာ မရှိတော့ဘူး။ မြန်မာလိုရော အင်္ဂလိပ်လိုအသုံးပါ ပျောက်ကွယ်သွားပြီ။ ဒီခေတ် ဘွဲ့ရတဲ့အရွယ် အများစုဟာ 'Alma Mata' ဆိုတဲ့စကား ကြားတောင်မကြားဖူးကြတော့ဘူး။ အားလုံးကို ကျူရှင်က ဖျက်ဆီးပစ်လိုက်တယ်။

**အမေလို ဆရာမကြီးတွေ**

ကျွန်တော်တို့တုန်းကတော့ နည်းနည်းပဲရှိတဲ့ မြန်မာလူမျိုး ဆရာ၊ ဆရာမတွေ မဆိုထားနဲ့၊ အမြဲတမ်း ကုလားဖြူ ခရစ်ယာန်သီလရှင်ကြီးတွေနဲ့ နေလေ့ရှိပြီး ပြုံးခဲ ရယ်ခဲတဲ့ မျက်နှာဖြူ ဖာသာကြီးတွေနဲ့ ဘရာသာတွေကိုတောင် ချစ်ခင်လေးစားကြတယ်။ ဒီနေ့အထိ အမှတ်ရနေဆဲ ဖြစ်တယ်။ ငယ်ငယ် ကလေးဘဝက သင်ခဲ့ရတဲ့ ဆရာမကြီးဒေါ်လှရင်၊ ဆရာမကြီးဒေါ်လှမြနဲ့



www.burmeseclassic.com

www.burmeseclassic.com

တီချာရှိစ်မေရီတို့ဆိုရင် အမေလိုကို ချစ်ခင်ခဲ့ကြတာ ဖြစ်တယ်။ အလယ်တန်းတွေမှာ သင်ခဲ့ရတဲ့ ဆရာဦးထင်ပေါ်၊ ဆရာဦးတင်ဦး၊ ဆရာစိန်၊ ဆရာဝီ၊ ဆရာဦးအောင်စိန်၊ ဆရာဦးမြင့်ထွန်း၊ ဆရာဦးမြသောင်းတို့ဆိုရင်လည်း တစ်ဦးချင်းစီရဲ့ ထူးခြားချက်ကလေးတွေကို ဒီအသက်အရွယ်ရောက်တဲ့အထိ မှတ်မိနေပါသေးတယ်။

**နိဗ္ဗာန်ဆော်တွေ**

ဒီလို မှတ်မိနေတဲ့ ကျေးဇူးတရားတွေကို တစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ဆရာကန်တော့ပွဲတွေက ပြန်လည်ဆန်းသစ်အောင် နှိုးဆော်ပေးတာဖြစ်တဲ့အတွက် အင်မတန် မွန်မြတ်လှပါတယ်။ ကမကထပြု ဆော်သြကြသူတွေဟာလည်း ကျေးဇူးတင်ထိုက်သူတွေ ဖြစ်တယ်။ တပည့်တွေကို ကျေးဇူးတရား မမေ့ကြဖို့ နှိုးဆော်ပေးတဲ့ နိဗ္ဗာန်ဆော်တွေဖြစ်သလို ဘဝရဲ့နောက်ဆုံး ဆည်းဆာချိန်ကို ရောက်ရှိနေကြပြီဖြစ်တဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ပီတိဆိုတဲ့ အသက်ရှည်ဆေး တိုက်ကျွေးပေးတဲ့ သမားတော်တွေလို့လည်း ဆိုနိုင်ပါတယ်။

**ချမ်းသာမှုဆိုတာ**

စိတ်၏ချမ်းသာခြင်းသည်သာ အစစ်မှန်ဆုံး ချမ်းသာခြင်း ဖြစ်တယ်။ မိမိရဲ့ ဆောင်ရွက်မှုလေးတစ်ခုကြောင့် လူတစ်ဖက်သား ပျော်ရွှင်ကြည်နူးနေတာကို မြင်ရတဲ့အခါ ဖြစ်ပေါ်လာတဲ့ ရင်တွင်းက ပျော်ရွှင်ကြည်နူးမှုဟာ ဘယ်လိုမှ ရေးပြလို့မရနိုင်တဲ့ ချမ်းသာပီတိ ဖြစ်တယ်။ တခြား နိုင်ငံသားတွေ ခံစားဖူးချင်မှ ခံစားဖူးလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဆရာ၊ ဆရာမဟောင်းကြီးတွေကို ခေါင်းဖြူ ထိပ်ပြောင် တပည့်ဟောင်းကြီးတွေက မြေမှာဝပ်စင်းပြီး ဦးခိုက်ပူဇော်တာမျိုးက ကမ္ဘာမှာ မြန်မာတစ်ခုတည်းသာ ရှိလို့ ဖြစ်တယ်။ သူများနိုင်ငံတွေမှာက 'ဆရာများနေ့'ရောက်တဲ့အခါ ပို့စ်ကတ်လေး ပို့တာလောက်သာ ရှိတတ်ကြတာဖြစ်တယ်။ အဲဒါကြောင့်လည်း မြန်မာပြည်မှာ လူလာဖြစ်ရတာကို ဝမ်းသာတယ်။ ပီတိကို မျှဝေပေးကြသူများကိုလည်း ကျေးဇူးတင်တယ်။

၃၊ ၁၁၊ ၂၀၁၀။



# ဪ ... ကျွန်တော်တို့ ဘာတွေချန်ထားခဲ့ကြမှာလဲ

လူတိုင်းပါးစပ်ဖျားမှာ လွယ်လွယ်ပြောတတ်တဲ့ ရှေးရိုးစဉ်လာ စကားအချို့ကို သဘောမကျနိုင်ကြောင်း မကြာခဏဆိုသလို ရေးဖြစ်ခဲ့တယ်။ 'ဘုရားတောင် အမိုရှိမှ ပွင့်တယ်'ဆိုတဲ့ စကားမျိုးဟာ 'အတ္တာဟိ အတ္တနောနာထော' မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့ မြတ်စွာဘုရားသခင်ရဲ့ အဆုံးအမနဲ့ ဆန့်ကျင်နေရုံမျှမက ဘုရားသခင်ရဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုပါ သေးသိမ်အောင်ပြုသလို ဖြစ်နေကြောင်း ရေးခဲ့ဖူးတယ်။

**သီလကြောင်တွေက ခုတုံးလုပ်**

အလားတူပဲ 'အူမတောင့်မှ သီလစောင့်နိုင်တယ်' ဆိုတဲ့စကားကို အကျင့်ပျက် သီလကြောင်တွေက ခုတုံးလုပ်ပြီး ထင်ရာစိုင်းတတ်တဲ့အကြောင်းလည်း ရေးဖူးတယ်။ မကြာခင်လေးကတောင် 'ရေကိုသားလို့ အကြားမထင်'ဆိုတဲ့ တစ်သွေးတည်း၊ တစ်သားတည်း စည်းလုံးညီညွတ်ရေးဆိုတဲ့စကားဟာ လူအမျိုးမျိုး စိတ်အထွေထွေ လောကမှာ မဖြစ်နိုင်ရုံသာမက ဒီမိုကရေစီရဲ့ သဘောနဲ့လည်း ဖီလာဆန့်ကျင်ဖြစ်နေတဲ့အကြောင်း ရေးဖြစ်လိုက်သေးတယ်။

**ဘေးနောက် တရားပါ**

အစိုးရဆိုတာ မိဘသဖွယ် တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ရမယ်ဆိုတဲ့ စကားဟာ ပဒေသရာဇ်မင်း ရှင်ဘုရင်များ အုပ်ချုပ်တဲ့ခေတ်နဲ့ လိုက်လျောညီထွေဖြစ်ပေမယ့် အစိုးရကို ပြည်သူလူထု



www.burmeseclassic.com

www.burmeseclassic.com

က ရွှေးကောက်တင်မြှောက်တဲ့ ဒီမိုကရေစီခေတ်မှာ မဲဆန္ဒရှင် ပြည်သူလူထုကသာ အကြွင်းမဲ့အာဏာ ပိုင်စိုးသူ အကြီးအမှူး နာယက မိဘနေရာက ထားရမှာဖြစ်ပြီး အစိုးရနဲ့ အစိုးရဝန်ထမ်းများက ပြည်သူ့အစေခံများ (Public Servant) သာ ဖြစ်ကြောင်းကိုလည်း 'အစိုးရက မိဘလား။ ပြည်သူက မိဘလား' ဆိုတဲ့ခေါင်းစဉ်နဲ့ ၁၁-၁၁-၂၀၁၀ နေ့ထုတ် ပြည်သူ့ခေတ် ဂျာနယ်မှာ ရေးခဲ့တယ်။ တချို့ စကားတွေက 'ပညတ်သွားရာ ဓာတ်သက်ပါ' ဆိုသလို ဖြစ်နေတတ်တယ်။ တချို့ကျတော့ စကားလုံးကြောင့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ထမ်းထားရသလို လေးလံဖိစီးနေလေ့ ရှိတယ်။ အထက်မှာ ပြောခဲ့တဲ့ 'ရေကိုသားလို့ အကြားမထင်'တဲ့ ညီညွတ်ရေးဆိုတဲ့ စကားမျိုး ဆိုပါတော့။ တစ်သွေးတစ်သားတည်း ပေါင်းစည်းညီညွတ်ရေးဆိုတဲ့ စကားလုံးကြီး ခေါင်းစဉ်ထဲမှာ အမြစ်တွယ်နေလေတော့ သဘောထား မတူ ကွဲပြားခြားနားတာကို နည်းနည်းလေးမှ သည်းမခံနိုင်တော့ဘဲ မတူတာ မှန်သမျှ ရန်ဘက် ပဋိပက္ခလို့ မှတ်ယူလိုက်တော့တယ်။

## ပညတ်နောက် ဓာတ်လိုက်

လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတာ သဘာဝတရားက ဖန်တီးပေးလိုက်တာပဲ။ မိဘနဲ့ သားသမီးတောင်မှ စိတ်ဓာတ် တစ်ထပ်တည်းကျတယ်လို့ ရှိမှ မရှိတာ။ ဒါကို လူတိုင်း သိနေကြတယ်။ သိပေမဲ့ တစ်သွေးတစ်သားတည်း 'ရေကိုသားလို့ အကြားမထင်'သလို ပေါင်းစည်းညီညွတ်ရမယ်ဆိုတဲ့ ပညတ်နောက်ကို ဓာတ်က လိုက်သွားတဲ့ သဘောကြောင့် မတူကွဲပြားခြားနားမှုကို လက်မခံနိုင်အောင် ဖြစ်နေကြတယ်။ သည်းမခံနိုင်ရာက တစ်ဆင့်တက်တော့ 'ငါနဲ့မတူ ငါ့ရန်သူ' ဖြစ်သွားကြရော။ ဒီလိုနဲ့ပဲ ကမ္ဘာကြီးတစ်ခုလုံးမှာ ပဋိပက္ခတွေ ကြီးသထက်ကြီးထွားပြီး စစ်မီးတွေ မငြိမ်းနိုင်အောင် ဖြစ်နေကြတာ။

## မြန်မာမှန်းသိအောင်

ရှေးရိုးစဉ်လာ ဓလေ့စရိုက်တွေနဲ့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ရှေးရိုးစဉ်လာတွေအတိုင်း အားလုံး လိုက်လုပ်ရမယ်၊ ပြောဆိုရမယ်၊ ကျင့်သုံးရမယ်လို့တော့ အဓိပ္ပာယ် မကောက်သင့်ဘူး။ ပြတိုက်ထဲမှာ ထိန်းသိမ်းထားသင့်တာ တချို့ကို ထိန်း



သိမ်း စောင့်ရှောက်ပြီး တချို့ကိုတော့ ကျမ်းစာအုပ်တွေထဲမှာပဲ သိမ်းထားသင့်တယ်။ နှစ်ဆယ့်တစ်ရာစုခေတ်အထိ ခေတ်မီနေသေးတဲ့ ရှေးရိုးစဉ်လာတွေ၊ ယဉ်ကျေးမှုတွေကိုတော့ မြန်မာပီသအောင်၊ မြန်မာမှန်းသိအောင် ဆက်လက်သုံးစွဲပြီး ရှင်သန်နေအောင် လုပ်ကြရမယ်။ ဒါမှ ကမ္ဘာ့အလယ်မှာ မြန်မာဆိုပြီး တင့်တယ် ဝင့်ကြွားနိုင်မှာ ဖြစ်တယ်။

## ဆင်ခြေမပေးနဲ့

နှစ်ဆယ့်တစ်ရာစုကို အမီလိုက်ဖို့ဆိုပြီး တိုးတက်တဲ့ သူများနိုင်ငံတွေဆီက အရာမှန်သမျှကို စကားအသုံးအနှုန်းကစ ယူသုံးနေလို့ မဖြစ်ပါဘူး။ နောက်ဆုံးပေါ် ခေတ်မီနည်းပညာတွေနဲ့ ပတ်သက်တဲ့ စကားလုံး ဝေါဟာရတွေကို ဘာသာပြန်လို့ မရဘူးဆိုတဲ့ ဆင်ခြေမျိုးပေးပြီး ဆင်ဝှေ့ရန်ရှောင် လုပ်ဖို့ မစဉ်းစားပါနဲ့။ ဒီဆင်ခြေမျိုးတွေနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဆရာကြီးဦးဖေမောင်တင်က ပြောခဲ့ပြီးသားပါ။ အင်မတန်ခက်ခဲနက်နဲလှတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်တွေကိုတောင် မြန်မာသို့ ဘာသာပြန်နိုင်ပါလျက်နဲ့ လောကီ ပညာရပ်တွေကို ဘာသာပြန်လို့ မရဘူးဆိုတာ မရှိပါဘူးလို့ ဆရာကြီးက ပြောခဲ့ပါတယ်။

## ဘာချန်ထားခဲ့မှာလဲ

ကျွန်တော်တို့ အပျင်းထူပြီး ကြိုးစားအားထုတ်မှု မပြုကြလို့သာ ဘာသာမပြန်နိုင်တာပါ။ ရှေးစကားတွေ၊ စကားပုံတွေဆိုတာ ရှေးခေတ်က ပညာရှိကြီးတွေ ပြောခဲ့ကြ၊ ရေးခဲ့ကြတာတွေပါ။ ကာလကြာညောင်းတော့ နောက်လူတွေက စကားပုံတွေလို့ သတ်မှတ်လိုက်ကြတာ ဖြစ်တယ်။ ရှေးလူကြီးတွေ သူ့ခေတ်သူ့အခါမှာ သူတို့တာဝန်ကျေခဲ့ကြသလို အခု နှစ်ဆယ့်တစ်ရာစု လူသားတွေလည်း နောင်လာနောက်သားတွေအတွက် ဆိုရိုးစကားတွေ၊ စကားပုံတွေ ချန်ထားရစ်ကြရမှာ မဟုတ်ဘူးလား။ ကဲ ... ကျွန်တော်တို့ ဘာတွေ ချန်ထားခဲ့ကြမှာလဲ။

၂၄၊ ၁၁၊ ၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com

## စနစ်ထကျ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ

ကွယ်လွန်သူ စာရေးဆရာ၊ ကဗျာဆရာများအကြောင်း လွမ်းစာတွေ ရေးကြတဲ့အခါမှာ အရက်ဆိုင်ထဲ အရက်သောက်ရင်း ပြောကြ ဆိုကြတာတွေ အရေးများနေတဲ့အကြောင်း မကြာမီက ရေးလိုက်ပါတယ်။

**စုတုပြု**

ကွယ်လွန်သူတွေရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရုံသာမက စာကဗျာဝါသနာပါတဲ့ လူငယ်လေးတွေ အတုယူမှားဖွယ် ဖြစ်စေတာကြောင့် ရေးလိုက်တာပါ။ လူ့ဦးနှောက်ဆိုတာ 'စုတုပြု' ဆိုတဲ့ ဆိုရိုးစကားအတိုင်း ဖြည်းဖြည်းချင်းနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးလာတာဖြစ်တယ်။ ရှေ့က ပုဂ္ဂိုလ်တွေရဲ့ လုပ်ရပ်တွေကို နောက်လူတွေက အတုယူကြတယ်ဆိုတာ သဘာဝ ဖြစ်ရိုးဖြစ်စဉ်ကိစ္စ ဖြစ်တယ်။ ကျွန်တော်တို့ခေတ်က စာပေသမားမှန်ရင် လက်ဖက်ရည်ကျကျကို တစ်နေ့ ၉ ခွက်၊ ၁၀ ခွက် သောက်လေ့ရှိတယ်။ အများစုက ဆရာ ဇန်းမော်တင်အောင်ရဲ့ ဖာတ်လိုက်တွေကို အားကျ အတုယူခဲ့ကြတာ ဖြစ်တယ်။ တချို့ကျတော့ သူတို့ကြိုက်တဲ့ စာရေးဆရာတွေ ထိုင်တယ်ဆိုတဲ့ 'တာဝှာ' ဘားတို့၊ 'ကျုံဟွာ' ဘားတို့မှာ သွားထိုင်ကြတယ်။ နောက်ပိုင်းလူငယ်တွေကျတော့ ကဗျာဆရာတွေ အထိုင်များတယ်ဆိုတဲ့ ရေကျော်နဲ့ ၄၂ လမ်းက အရက်ဆိုင်တွေမှာ ကြက်ရိုးသုပ်နဲ့ ပျော်ကြတယ်။

**သစ္စာရှိပြီး မေတ္တာကြီးမား**

တချို့စာရေးဆရာ၊ ကဗျာဆရာတွေ အရက်ကြိုက်လို့ သောက်ကြတယ်။ တစ်ချိန်တည်းမှာ သူတို့ဟာ စာရေးဆရာကောင်း၊ ကဗျာဆရာ



ကောင်းတွေ ဖြစ်ကြတယ်။ စားဝတ်နေရေး ပြည့်စုံအောင် တာဝန်မယူနိုင်သေမဲ့ အများစုဟာ သစ္စာရှိပြီး မေတ္တာကြီးမားတဲ့ လင်ယောကျ်ားနဲ့ ဖခင်တွေ ဖြစ်ကြတယ်။ သူတို့ သားသမီးတွေရဲ့ စိတ်ထဲမှာ သူတို့အဖေဟာ အရက်သမားကြီးပါလားဆိုတဲ့ အရိပ်မည်းကြီး လွှမ်းမိုးနေအောင် မလုပ်သင့်ကြပါဘူး။ သူတို့အဖေများဟာ ဘယ်လောက်ကောင်းတဲ့ စာတွေ၊ ကဗျာတွေ ရေးခဲ့ကြသူတွေ ဖြစ်တယ်ဆိုတဲ့ ဂုဏ်ယူစိတ်နဲ့ ကြီးပြင်းလာစေသင့်ပါတယ်။ သိမ်ငယ်စိတ်နဲ့ ကြီးပြင်းလာရတဲ့ ကလေးများဟာ တစ်သက်လုံး ကြောက်စိတ်ကြီးမားနေတတ်ပြီး လူတောမတိုး ဖြစ်သွားတတ်ပါတယ်။

**လွမ်းစာ အရေးကောင်းသူ**

အမေ လူထုဒေါ်အမာဟာ ကွယ်လွန်သူများရဲ့အကြောင်း ရေးတဲ့နေရာမှာ အင်မတန် ကောင်းလှတယ်လို့ အမေ့ဆရာတွေဖြစ်ခဲ့တဲ့ ဆရာအောင်ကို၊ ဆရာ မင်းသုဝဏ်တို့ကိုယ်တိုင် မှတ်ချက်ချခဲ့ကြပါတယ်။ ဒါတောင်မှ အချို့က ကွယ်လွန်သူများရဲ့ ဘဝအစိတ်အပိုင်းတချို့ကို ချန်လှပ်ရေးသားမှုနဲ့ ဝတ်သက်ပြီး သဘောမတူနိုင်ခဲ့ကြဘူး။ ဘယ်သူက အရက်သမားဖြစ်ပြီး ဘယ်သူက ဘိန်းစွဲသူဖြစ်တယ်။ ဘယ်သူက မိန်းမ ဘယ်နှယောက်ယူပြီး ဘယ်သူက ယောကျ်ား ဘယ်နှယောက်နဲ့ ညားခဲ့တယ် ဆိုတာမျိုးတွေကို ပါ အမှန်အတိုင်း ထည့်ရေးသင့်တယ်လို့ ဆိုသူက ဆိုခဲ့ကြပါတယ်။ အမေ လူထုဒေါ်အမာကတော့ ပြည်သူချစ်သော အနုပညာရှင်တွေရဲ့ အနုပညာ အရွမ်းထက်ပုံနဲ့ ကြိုးစားအားထုတ်ပုံတွေအကြောင်း ရေးမှ နောင်းလူတွေ အတွက် အကျိုးရှိစေတယ်။ ဘယ်သူက ဘယ်လောက် အရက်သောက်ပြီး ဘယ်လောက် ဖဲကစားကြောင်း၊ မိန်းမ ဘယ်နှယောက်ယူကြောင်း တွေရေးလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးလို့ ပြောလေ့ရှိတယ်။

**လူထုကျောင်းထွက်**

စာရေးဆရာတိုင်းဟာ ကိုယ့်ခံယူချက်နဲ့ကိုယ် ရေးကြတာဖြစ်တယ်။ အမေမာကတော့ သူ့ခံယူချက်အတိုင်း ပြည်သူချစ်သော အနုပညာသည်များအကြောင်း ရေးခဲ့တယ်။ သူ့ဆရာတွေက ချီးကျူးစကား ဆိုခဲ့သလို အတ်ပရိသတ်များကလည်း နှစ်သက်ကြတယ်။ ကိုယ်တိုင်ကလည်း 'လူထုကျောင်းထွက်' ဖြစ်တာကြောင့် အနုပညာသမားတွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းစာရေးကြတဲ့အခါမှာ သူတို့ရဲ့ အနုပညာတွေအကြောင်းပဲ မီးမောင်းထိုးပြသင့်တယ်လို့ ယူဆသူဖြစ်တယ်။ သီချင်းတစ်ပုဒ်အကြောင်း ရေးတဲ့အခါမှာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီသီချင်းကို ရေးဖြစ်တဲ့အကြောင်း၊ စာသားနဲ့ စကားလုံးတွေရအောင် ဘယ်နည်းဘယ်ပုံ ကြိုးစားခဲ့ရတယ်ဆိုတဲ့အကြောင်း စတာမျိုးတွေက ဘယ်အချိန်မှာ ဘယ်သူနဲ့ ဘယ်လိုအရက်မျိုးသောက်ပြီး ရေးတယ်ဆိုတာမျိုးတွေထက် ပိုပြီး တန်ဖိုးရှိတယ်လို့ ယူဆတယ်။

**ပုဂ္ဂိုလ်ရေး ရှေ့တန်းတင်တာ မကောင်း**

ဘယ်နေရာမှာဖြစ်ဖြစ် ပုဂ္ဂိုလ်ရေးကို သိပ်ပြီး ရှေ့တန်းတင်တာ မကောင်းဘူး ထင်တယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှုကို ဦးတည်ရောက်ရှိသွားစေနိုင်တယ်။ အာဏာရှင်စနစ်ဆိုတာ ပုဂ္ဂိုလ်ကိုးကွယ်မှု လွန်ကဲရာက ပေါ်ပေါက်လာတာ ဖြစ်တယ်။ မြို့မငြိမ်းအကြောင်း ရေးမယ်ဆိုရင် မြို့မငြိမ်းရဲ့ အနုပညာ အတိမ်အနက်ကို စနစ်တကျလေ့လာ သုတေသနပြုပြီး သီချင်းတစ်ပုဒ်ချင်းစီရဲ့ သံစဉ်တွေဟာ ဘယ်လိုသံစဉ်တွေဖြစ်ပြီး ဘယ်လိုရာယူခဲ့ရကြောင်း၊ စာသားတွေကိုလည်း ဘယ်လိုရှာခဲ့ကြောင်း ခွဲခြမ်းစိတ်ဖြာရေးပြမယ်ဆိုရင် နောင်လာနောက်သား ဂီတဝါသနာရှင်တွေအတွက် အများကြီး အကျိုးရှိစေနိုင်ပါလိမ့်မယ်။

**မြို့မငြိမ်းရဲ့ ပုံရိပ်**

မြို့မငြိမ်းအကြောင်း ရေးတဲ့စာတွေ အများကြီး ဖတ်ခဲ့ဖူးတယ်။ မြို့မငြိမ်းရဲ့ သားတွေကိုယ်တိုင် ရေးတဲ့စာတွေလည်း ဖတ်ခဲ့တယ်။ မှန်တာပြောရရင် ဒီနေ့ထိ အားရကျေနပ်လောက်တဲ့ စာမျိုး မတွေ့ရသေးဘူးလို့ပဲ ပြောချင်တယ်။ စာတွေထဲမှာ ဖတ်ရတဲ့ မြို့မငြိမ်းက သေးငယ်နေတယ်။ အားလုံးရဲ့ အရေးအသားတွေက မြို့မငြိမ်းရဲ့ စကားလုံးနဲ့ စာသားတွေ ဘယ်လောက်နူးညံ့လှပပြီး ဘယ်လောက် ကဗျာဆန်ကြောင်း၊ မြို့မငြိမ်း သီချင်းအရေး ဘယ်လောက်ကောင်းကြောင်း ညွှန်းဖွဲ့တာတွေပဲ များတယ်။ အားလုံးခြုံ နိဂုံးချုပ်လိုက်တော့ မြို့မငြိမ်းဆိုတာ စာသားနဲ့ စကားလုံးလှလှလေးတွေ ရွေးချယ်သီကုံးတတ်တဲ့ သီချင်းရေးဆရာတစ်ယောက် ဖြစ်တယ်ဆိုတဲ့ ပုံရိပ်ပဲ ပေါ်လွင်ထင်ရှားလာခဲ့တယ်။



**အဆပေါင်းများစွာ မြင့်တဲ့**

သီချင်းအရေးကောင်းတဲ့ သီချင်းရေးဆရာဆိုတဲ့ ပုံရိပ်ဟာ မြို့မငြိမ်းကို ဂုဏ်ပြုရာမရောက်ဘဲ သေးသိမ်အောင် နှိမ့်ချပြောဆိုလိုက်တာလို့ ခံစားရတယ်။ တကယ်တော့ မြို့မငြိမ်းဟာ သာမန် စကားလုံးလှလှလေးတွေ ရေးတတ်တဲ့ သီချင်းရေးဆရာသက်သက်ထက် အဆပေါင်းများစွာ မြင့်မားတဲ့ ဂီတပညာရှင်ကြီးတစ်ယောက် ဖြစ်တယ်လို့ ဆိုချင်တယ်။ စိန်ဗေဒါကြီးဟာ သာမန်ဆိုင်းဆရာတစ်ယောက် မဟုတ်တဲ့ ဂီတအနုပညာရှင်ကြီးတစ်ယောက် ဖြစ်သလို ဆရာငြိမ်းဟာလည်း သာမန် သီချင်းရေးဆရာ တစ်ယောက်မျှသာ မဟုတ်ပါဘူး။ ဂီတအနုပညာရှင်ကြီး တစ်ယောက်ပါ။

**သရီးဒီသံစဉ်တွေ**

မြို့မငြိမ်း ရေးခဲ့တဲ့ သီချင်းတိုင်းလိုလိုမှာ စကားလုံး စာသားအလှထင်မက တေးသွားသံစဉ်တွေပါ ရောင်စုံဖြာယှက်ပြီး လှနေတယ်။ ကြွနေတယ်။ ခေတ်စကားနဲ့ပြောရရင် သရီးဒီ သံစဉ်တွေလို့ ပြောနိုင်တဲ့သီချင်းတွေ အများကြီး တွေ့နိုင်တယ်။ အတော်များများဟာ ရှေးရိုးမြန်မာသံစဉ်တွေနဲ့ မတူကွဲပြား ခြားနားနေတာကိုလည်း ဂီတနားရှိသူတိုင်း သိနိုင်ကြတယ်။ တချို့သီချင်းတွေမှာ ဘီသိုဗင်ရဲ့သံစဉ်နဲ့ ဆင်နေတာတွေ တွေ့ရသလို တချို့သီချင်းကျတော့ မိုးဇက်ရဲ့ တီးလုံးလိုလို ထင်ရတာမျိုးတွေ တွေ့နိုင်တယ်။ ဆရာငြိမ်းဟာ မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်ထိရောက်အောင် ဆွဲတင်ဖို့ ကြိုးစားနေသူဖြစ်တယ်။ သာမန် သီချင်းရေးဆရာတစ်ယောက် သက်သက် မဟုတ်ဘူး။ ဂီတဗေဒပညာရှင်(Musicologist) ဖြစ်တယ်။

**မဏ္ဍပ်တိုင် တက်ပြကြတာ**

စိန်ဗေဒါကိုသွားပြီး ဆိုင်းတီးကောင်းတယ်လို့ ပြောလိုက်တာဟာ ဒီးကျူးရာမရောက်ဘဲ စော်ကားသလို ဖြစ်စေတယ်ဆိုတာ သိဖို့ကောင်းတယ်။ စာရေးသူအတော်များများက သူတို့ရေးတဲ့ ပုဂ္ဂိုလ်အကြောင်း ရေးချင်တာထက် သူတို့အကြောင်း မဏ္ဍပ်တိုင်တက်ပြချင်တာ များကြတယ်။ ဒီအကြောင်းကို 'ဆင်ဖြူတော်မှီ ကြံစုပ်တဲ့စာတွေ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းတစ်စောင်မှာ ရေးခဲ့ဖူးသေးတယ်။ ဆင်ဖြူတော်မှီ ကြံစုပ်တာလည်း



www.burmeseclassic.com

www.burmeseclassic.com

လူ့သဘာဝ၊ မဏ္ဍာပ်တိုင် တက်ပြချင်တာလည်း လူ့သဘာဝမို့ အပြစ်မပြောချင်ဘူး။ ဒါပေမဲ့ အရေးခံပုဂ္ဂိုလ်ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းထိခိုက်စေတာမျိုး မဖြစ်အောင်တော့ ဂရုစိုက်သင့်ကြတယ်။

**လူကို စိတ်မဝင်စားပါနဲ့**

လူငယ်တွေကို အထူးသဖြင့် ပြောချင်တာက လူပုဂ္ဂိုလ်ကို စိတ်ဝင်စားတာထက် သူတို့ရဲ့ လုပ်ရပ်တွေကို ပိုပြီးစိတ်ဝင်စား လေ့လာပါဆိုတာဖြစ်တယ်။ မောင်ချောနွယ်တို့၊ မောင်လေးအောင်တို့ အရက်သောက်တဲ့စာတွေသာ ဖတ်နေရပြီး သူတို့ရေးခဲ့တဲ့ ကဗျာတွေကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာပြီး သုံးသပ်ပြတဲ့ စာမျိုးတွေတော့ အတွေ့ရ အင်မတန် နည်းပါတယ်။ မောင်ချောနွယ်တို့၊ မောင်လေးအောင်တို့ဟာ သာမန်ကဗျာဆရာဆိုတဲ့အဆင့်ကို လွန်မြောက်ခဲ့သူတွေပါ။ သေးသိမ်အောင် မလုပ်ကြစေချင်ဘူး။

၁၊ ၁၂၊ ၂၀၁၀။



# ဦးနှောက်ယိုစီးမှုလား ဦးနှောက်ဖွံ့ဖြိုးမှုလား

ပြည်တွင်းက ပညာတတ်တွေ နိုင်ငံခြားထွက်သွားပြီး အလုပ်လုပ်ကြတာနဲ့ ပတ်သက်ပြီး အမြင် အယူအဆ အမျိုးမျိုးရှိကြတယ်။ တချို့ကဒါဟာ ဦးနှောက်ယိုစီးမှု(brain drain) ဖြစ်တယ်။ ပညာသင်ကြားပေးခဲ့ရတဲ့ မိခင်နိုင်ငံအတွက် ကြီးမားတဲ့ဆုံးရှုံးမှု ဖြစ်တယ်လို့ သဘောထားကြတယ်။

**ပိုဆိုးတဲ့ ပြဿနာ**

ဦးနှောက်ယိုစီးမှုထက်ဆိုးတဲ့ ဦးနှောက်ခြောက်ခန်းမှု(brain dry) ပြဿနာလည်း ရှိသေးတယ်လို့ ကိုယ်တိုင်လည်း ရေးခဲ့ဖူးတယ်။ ဆရာဝန်ဖြစ်ပြီး ဆရာဝန်မလုပ်ဘဲ ကုမ္ပဏီထောင် စီးပွားရေးလုပ်တဲ့အခါ၊ အထည်အလိပ် အင်ဂျင်နီယာဘွဲ့ရက သင်္ဘောသား သွားလုပ်တဲ့အခါ၊ ဘူမိဗေဒဘွဲ့ရက ဆေးကုမ္ပဏီရဲ့ ဆေးရောင်းသမား သွားလုပ်တဲ့အခါ သူတို့ သင်ယူခဲ့တဲ့ ပညာတွေ မေ့လျော့ ခြောက်ခန်းသွားပြီး အဟောသိကံ ဖြစ်ရတယ်လို့ ရေးခဲ့တာဖြစ်တယ်။

ဒီပြဿနာမျိုးဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်များတဲ့အတွက် ဆိုးကျိုးတက်မှု နောက်ကျမှုဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးဆိုးလာတယ်လို့ မှတ်ယူကြတယ်။ ကုလသမဂ္ဂ ညီလာခံကြီးတွေမှာ ဒီပြဿနာကို ဖြေရှင်းရေးအတွက် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပေမဲ့ ဒီနေ့အထိ အဖြေရှာမတွေ့နိုင်ကြဘူး။ ချမ်းသာတဲ့နိုင်ငံတွေက နိုင်ငံပေါင်းစုံရဲ့ အထက်မြက်ဆုံးဦးနှောက်တွေကို အချောင်ရနေတဲ့အတွက် မှိန်းပြီး မသိချင်ယောင်ဆောင်နေကြတယ်လို့ စွပ်စွဲသံတွေလည်း ကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**လွယ်လွယ်နဲ့ ထွက်ခွင့်မပေး**

ဒီနိုင်ငံမှာ ဘွဲ့ရတဲ့အထိ ပညာသင်ယူခဲ့ပြီးမှ နိုင်ငံခြားထွက် အလုပ်လုပ်တဲ့အတွက် နိုင်ငံမှာ နစ်နာတယ်လို့ မြန်မာ့ဆိုရှယ်လစ်ခေတ်က ယူဆခဲ့တယ်။ အဲဒီယူဆချက်ကြောင့် မြန်မာနိုင်ငံသားတွေ နိုင်ငံခြားထွက်ခွင့် လွယ်လွယ်နဲ့ မပေးခဲ့ဘူး။ FRC ကိုင်ထားပြီး အပြီးပြန်တော့မယ့် ဖော်ဂွတ် (for good)သမားတွေပဲ အသွားများတယ်။ မြန်မာလူမျိုးများအတွက်တော့ လွယ်လွယ်နဲ့ မထွက်နိုင်အောင် ဘွဲ့နဲ့ ဒီပလိုမာအတွက် ပညာရေး လျော်ကြေး ကောက်ခံတဲ့စနစ် စတင်တီထွင် လုပ်ဆောင်ခဲ့တယ်။ ဒီနေ့အထိ ဒီစနစ် ရှိသေးတယ်။ အဲဒီခေတ်မှာ အစိုးရကလွှတ်တဲ့ ပညာတော်သင်နဲ့ အစိုးရ ကိုယ်စားလှယ်အဖွဲ့တွေလောက်ပဲ နိုင်ငံခြား အသွားအလာ ရှိကြတယ်။ ဒီခေတ်လို ရှေ့ပင်းထွက်တယ်ဆိုတာ ကြားတောင် မကြားဖူးဘူး။

**ဝါးလုံးခေါင်းထဲက ထွက်ကြ**

ပညာတတ်တွေ နိုင်ငံခြားထွက် အလုပ်လုပ်တာဟာ နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှု မဟုတ်ဘူး။ အမြတ်တောင် ထွက်သေးတယ်လို့ ယူဆသူတွေလည်း ရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် အထူးလိုအပ်တဲ့ နိုင်ငံခြားငွေ ရှာပေးတာဖြစ်လို့ တားဆီးပိတ်ပင် မလုပ်သင့်ဘူးလို့ သူတို့က ဆိုတယ်။ သီရိလင်္ကာ၊ အင်ဒိုနီးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေဟာ နိုင်ငံခြားသွား နိုင်ငံခြားက ပြန်ပို့တဲ့ နိုင်ငံခြားငွေ နှစ်စဉ် ဒေါ်လာသန်း ရာပေါင်းများစွာ ရှိနေတာကို ထောက်ပြကြတယ်။ ကမ္ဘာရွာခေတ်မှာ ဝါးလုံးခေါင်းထဲက ထွက်ကြပါလို့ သူတို့က တိုက်တွန်းနှိုးဆော်ကြတယ်။

**စာရေးကြီးလိုလို**

မကြာသေးမီကပဲ မန္တလေးက စာတစ်စောင်ရတယ်။ အငြိမ်းစား ဘီအီး(စက်မှု) အင်ဂျင်နီယာကြီးတစ်ယောက်ဆီကပါ။ သူမြင်တဲ့ 'ဘရိန်းဒရိန်း'ကတော့ တစ်မျိုးဖြစ်တယ်။ အင်ဂျင်နီယာဘွဲ့ရပြီး ရာထူးကြီးယူထားပေမဲ့ တကယ်လက်တွေ့ကျတော့ စာရင်းအင်းတွေ၊ စာရွက်တွေ၊ အစီရင်ခံစာတွေနဲ့ပဲ အလုပ်ရှုပ်နေရတဲ့ စာရင်းကိုင်လိုလို၊ ရုံးအုပ်စာရေးကြီးလိုလို ဖြစ်နေတာကမှ အမှန်တကယ် 'ဘရိန်းဒရိန်း' ဖြစ်တာပါတဲ့။



**ဘရိန်းဂိန်း**

နိုင်ငံခြားထွက် အလုပ်လုပ်တဲ့အတွက် ပိုပြီး မျက်စိပွင့်၊ နားပွင့်ဖြစ်လို့ 'ဘရိန်းဂိန်း'(brain gain)ဖြစ်တယ်လို့ ပြောချင်ပါတယ်တဲ့။ ဆက်ပြီး သူက တိန့်ရှောင်ဖိန်ရဲ့လုပ်ရပ်ဆိုတဲ့ အကြောင်းတစ်ခု ပြောထားသေးတယ်။ တိန့်ရှောင်ဖိန် အာဏာပြန်ရတဲ့အခါမှာ ပညာထူးချွန်တဲ့ လူငယ်တွေကို အမေရိကနဲ့ ဥရောပ နိုင်ငံတွေဆီ ပညာသင်လွှတ်တယ်။ တခြားလူတွေက ဒီလူတွေပြန်မလာရင် ဘယ်လိုလုပ်မလဲလို့မေးတော့ ကိစ္စမရှိပါဘူးလို့ ပြန်ဖြေတယ်။ လက်တွေ့မှာလည်း အတော်များများ ပြန်မလာဘဲ ဟိုနိုင်ငံတွေမှာ အလုပ်လုပ်နေကြပြီး တချို့က ဟိုနိုင်ငံသားအဖြစ်တောင် ခံယူလိုက်ကြတယ်။

**ပါရဂူတွေ အများကြီး**

ဒါပေမဲ့ တံခါးဖွင့်စီးပွားရေးစနစ် ကျင့်သုံးလိုက်လို့ စီးပွားရေး တစ်ရှိန်ထိုး တိုးတက်သွားတဲ့အခါကျတော့ အဲဒီလူတွေအများကြီး ပြန်လာကြတယ်တဲ့။ အဲဒီထဲမှာ ပါရဂူဘွဲ့ရ ပညာရှင်တွေလည်း အများကြီး ပါလာတယ်။ တချို့ဆိုရင် နိုင်ငံခြားသားပညာရှင်(expatriate)အဖြစ် တရုတ်ကုမ္ပဏီကြီးတွေမှာ လခကောင်းကောင်းနဲ့ ဝင်လုပ်ကြသတဲ့။ ဒါတော့ဟုတ်တယ်။ ၈၀ ခုနှစ်တွေအတွင်းက FRC တပည့်တွေ အများကြီး အဲဒီအချိန်က တရုတ်(တိုင်ပေ)ကို ဖော်ဂွတ်ပြန်သွားကြတယ်။ အခု ဒီဘက်ပိုင်းနှစ်တွေကျတော့ သူတို့ထဲက တချို့ဟာ ပေကျင်းတို့၊ ရှန်ဟိုင်းတို့မှာ ပြောင်းရွှေ့နေထိုင်ကြတာ တွေ့ရတယ်။

**ယုံကြည်စိတ်ချမှု အပြည့်**

မန္တလေးက အငြိမ်းစား အင်ဂျင်နီယာကြီးကတော့ ပညာတတ်တွေ နိုင်ငံခြားထွက်သွားတဲ့အတွက် (၁) အတွေ့အကြုံနဲ့ ပညာအရည်အချင်းတွေ တိုးတက်တယ်၊ (၂) မိသားစု စားဝတ်နေရေး ပြေလည်စေတယ်၊ (၃) တိုင်းပြည်အတွက် လိုအပ်တဲ့ နိုင်ငံခြားငွေ ရစေတယ်၊ (၄) ထွက်သွားသူတွေ နေရာမှာ နောက်လူတွေ အလုပ်ရလို့ အလုပ်လက်မဲ့ လျော့နည်းစေတယ်လို့ နံပါတ်စဉ်ထိုးပြီး ထောက်ခံအားပေးသွားပါတယ်။ မြန်မာလူမျိုးတိုင်းဟာ ကိုယ့်အိုးကိုယ့်အိမ်ကို အင်မတန် ခင်တွယ်တတ်သူတွေဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကျရင် မြန်မာပြည်ကို ပြန်မလာဘဲ မနေပါဘူးလို့လည်း သူက ယုံကြည်စိတ်ချမှုအပြည့် ရှိပါတယ်။

နိုင်ငံခြားထွက်သွားတဲ့ တပည့်တွေ ရာပေါင်းများစွာနဲ့ အဆက်အသွယ် မပြတ်တာကြောင့် ဒီအချက်ကိုတော့ သဘောတူတယ်။ တစ်နေ့မှာ သူတို့ အားလုံး ပြန်လာကြမယ်ဆိုတာ စိတ်ချယုံကြည်တယ်။

**နယ်ပယ်ကျဉ်းလွန်းလို့**

နှစ်ပေါင်း ၂၀ ကျော် ကျောင်းဆရာလုပ်ခဲ့ရာမှာ ကျောင်းသူကျောင်းသား အများစုက မြန်မာပြည်ပေါက် တရုတ်လူမျိုးတွေ ဖြစ်ကြတယ်။ တချို့ဆို တရုတ်စကားတောင် မတတ်ကြဘူး။ ဆိုရှယ်လစ်စကားလုံးတွေ လူတိုင်း ရွတ်နေတဲ့ခေတ်မှာ လုပ်ကိုင်စားစရာနယ်ပယ် ကျဉ်းမြောင်းလွန်းလို့သာ သူတို့ သွားကြတာ။ ဘယ်သူမှတော့ သွားချင်ကြတာ မဟုတ်ပါဘူး။ မြန်မာလူမျိုးစစ်စစ်တွေ မဆိုထားနဲ့၊ သူတို့လို မြန်မာပြည်ပေါက် တရုတ်တွေနဲ့ အိန္ဒိယသားတွေတောင် မြန်မာပြည်အကြောင်းပြောရင် မျက်ရည်မဝဲဘဲ မနေနိုင်ကြပါဘူး။ အခွင့်သာတဲ့တစ်နေ့မှာ သူတို့ ပြန်လာကြမှာပါ။

**ဘာကြောင့် သေချာတာလဲ**

၉၀ ရာနိုင်နှုန်းလောက်ကို ပြန်လာမှာပါလို့တောင် ပြောရဲတယ်။ ဘာကြောင့် ဒီလောက်သေချာနေတာလဲလို့ မေးရင် မြန်မာစကားမတတ်တဲ့ လူတွေတောင် ပျော်လွန်းလို့ ကုတ်နဲ့ကော်ထုတ်တောင် မပြန်ချင်တော့တာတွေကို လက်ညှိုးထိုးပြလိုက်ချင်တယ်။ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာ ကြီးပြီး မြန်မာစကားတစ်မျိုးတည်းသာ ပြောတတ်သူတွေ ပြန်မလာဘဲ မနေနိုင်ပါဘူး။ ပြန်လာတဲ့အခါ တချို့ စုမိဆောင်းမိတာလေးတွေ ပိုက်ပြီး ပြန်လာကြမယ်။ တချို့က ပညာရှင်တွေ၊ ပါရဂူတွေဖြစ်ပြီး ပြန်လာကြမယ်။ တချို့ ကျွမ်းကျင်လုပ်သားတွေအဖြစ် ပြန်လာကြမယ်။ လက်ချည်းသက်သက် ပြန်လာသူလည်း ရှိနိုင်ပါတယ်။

**ကူးလူးယှက်နွယ်**

ဘယ်လိုနည်း၊ ဘယ်လိုပုံစံနဲ့ ပြန်လာလာ တိုင်းပြည်အတွက်ကတော့ အကျိုးရှိတာပါပဲ။ ကမ္ဘာ့နိုင်ငံပေါင်းစုံက အမျိုးမျိုး အဖုံဖုံ ပညာရပ်



တွေ၊ အတွေ့အကြုံ ဗဟုသုတတွေ၊ လုပ်နည်းလုပ်ဟန်တွေ ဖြည့်ဆည်းရယူနိုင်ပါတယ်။ ကျွန်တော်တို့ အမြတ်တနိုး ဂုဏ်ယူဝင့်ကြွားနေရတဲ့ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များဟာလည်း ယိုးဒယား၊ တရုတ်၊ အိန္ဒိယတွေ အိမ်နီးချင်းနိုင်ငံများရဲ့ ယဉ်ကျေးမှု အနုပညာတွေနဲ့ ကူးလူးယှက်နွယ်နေခဲ့ကြတာပဲ မဟုတ်လား။ ကမ္ဘာကြီးတစ်ခုလုံးဟာ ရွာကြီးတစ်ရွာလို ဖြစ်နေတဲ့ ဒီခေတ် ဒီအခါမှာ ကျွန်တော်တို့ချည်းသက်သက် တံခါးပိတ်နေလို့ မဖြစ်ပါဘူး။ တံခါးတွေဖွင့်ထားမှ အခန်းထဲက လေဆိုးလေပုပ်တွေ လွင့်စင်ထွက်သွားပြီး ပြင်ပက လေကောင်းလေသန့်တွေ ဝင်ရောက်လာမှာ ဖြစ်ပါတယ်။

၁၅၊ ၁၂၊ ၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ကလောင်(SKL)ဘွဲ့ပေးချင်တယ်

'ပြည်သူတွေ တာဝန်ကျေဖို့ လိုတယ်'

နိုင်ငံရေးသမားတွေ ဟောတာ ပြောတာ နားထောင်ရတဲ့အခါဖြစ်စေ၊ ခေတ်ပေါ် ဒီမိုကရေစီ မဟာပညာကျော်တွေ ရေးတဲ့ စာတိုစာရှည်တွေကို ဖတ်ရတဲ့အခါဖြစ်စေ ပြည်သူတွေကို တာဝန်ကျေပါ၊ ကိုယ့်တာဝန်ကိုယ် သိပါဆိုတဲ့ စကားတွေကို ထပ်ခါထပ်ခါ ကြားရတယ်။

## ပြေးကပြီ

ကြားရတဲ့အခါတိုင်း နားကလောပြီး ဖတ်ရတဲ့အခါတိုင်း မျက်စိနောက်မိတယ်။ 'ပြေးကများ ပြီရတယ်ရှိသေး'လို့ အမြဲ ပါးစပ်က ထွက်လာလေ့ ရှိတယ်။ တကယ်တမ်း ကိုယ့်တာဝန် ကိုယ်သိပြီး တာဝန်ကျေရမှာက သူတို့လေ။ ခေတ်တိုင်းခေတ်တိုင်းမှာ မြန်မာ ပြည်သူလူထုက တာဝန်မကျေခဲ့တာ ဘယ်မှာရှိလို့လဲ။

နယ်ချဲ့တပ်တွေ ရတနာပုံနေပြည်တော်ကိုသိမ်းဖို့ ကြည်းကြောင်း၊ ရေကြောင်း ချီလာတော့ လမ်းတစ်လျှောက်လုံးမှာရှိတဲ့ ရွာတိုင်းရွာတိုင်းက ရရာလက်နက် ဆွဲကိုင်ပြီး ခုခံတိုက်ခိုက်ခဲ့ကြတယ်။ မြင်းခြံ၊ သပြေတန်း၊ အင်းဝခံတပ်တွေက ရဲမက်အပေါင်းကလည်း အသေခံပြီးတိုက်ဖို့ အသင့်ရှိနေခဲ့ကြတယ်။ ကင်းဝန်မင်းကြီးက 'အင်္ဂလိပ်တွေကို မခုခံရ၊ ခုခံသူသူပုန်'ဆိုတဲ့ ကြေးနန်းရိုက် အမိန့်ထုတ်လို့သာ မတိုက်ကြရတာ ဖြစ်တယ်။

## လက်နက်ချ အညံ့ခံနိုင်း

နေပြည်တော်ကို သိမ်းပိုက်ပြီး ဘုရင်နဲ့ မိဖုရားကို ဖမ်းဆီးခေါ်ဆောင်သွားပြီး နောက်မှာလည်း မြန်မာမျိုးချစ်တွေက အနယ်နယ် အရပ်ရပ်မှာ



နယ်ချဲ့တပ်တွေကို ဆန့်ကျင်တိုက်ခိုက်မြဲ တိုက်ခိုက်ကြတယ်။ အဲဒီအခါ ကင်းဝန်မင်းကြီးနဲ့ အပေါင်းပါများက နယ်ချဲ့တပ်တွေနဲ့အတူ နယ်တကာလိုက်ပါပြီး မြန်မာမျိုးချစ်တွေကို လက်နက်ချ အညံ့ခံဖို့ လှုံ့ဆော်စည်းရုံးခဲ့တယ်။ လက်နက်ချသူတွေကို တိုက်သူကြီး၊ ရွာသူကြီးရာထူးတွေ ပေးမယ်ဆိုပြီး နားချခဲ့တယ်။ လစာရိက္ခာတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေပေးပြီး ဆွယ်ခဲ့ကြတယ်။

ဒီလိုနဲ့ပဲ စစ်ကဲတော်မင်းတို့၊ သမာဓိမြို့ဝန်မင်းတို့ဆိုတဲ့ နယ်ချဲ့လက်ပါးစေအဖြစ် ရောက်သူတွေ ရောက်သွားကြတယ်။ ရွှေစလွယ်ရမင်း (KSM)၊ အမှုထမ်းကောင်းမင်း(ATM)၊ တိုင်းကျိုးပြည်ကျိုးဆောင်(TPS) ဆိုတဲ့ ဘွဲ့ခံတွေလည်း ပေါ်ထွက်လာခဲ့တယ်။ နှစ်လုံးပြူး ဆုချခံရသူ၊ ရွှေဓား ချီးမြှင့်ခံရသူတွေလည်း အများအပြား ရှိလာခဲ့ကြတယ်။

## ဆာဘွဲ့အထိ ရခဲ့ကြ

အဲဒီ ဘွဲ့ထူးဂုဏ်ထူးတွေဟာ နယ်ချဲ့အစိုးရက သူတို့အကျိုးကို သစ္စာရှိရှိ ထမ်းဆောင်တဲ့ လက်ပါးစေတွေကို ချီးမြှင့်တာဖြစ်တယ်။ နောက်ပိုင်း မြန်မာလူထုရဲ့ လွတ်လပ်ရေးတိုက်ပွဲတွေ အရှိန်အဟုန် ကြီးမားပြင်းထန်လာတဲ့အခါကျတော့ ဘိလပ်ရွှေမြို့တော်ကြီးရှိ 'ဂျော့ဘုရင် ရွှေဘုန်းကနေတန္ခိုးပမာ' ကိုယ်တိုင်က ချီးမြှင့်တယ်ဆိုတဲ့ 'ဆာ'ဘွဲ့ ပေးခံရသူများတောင် ရှိလာခဲ့တယ်။ ဂျွန်ဆရာစံနဲ့ အပေါင်းအပါ မျိုးချစ်လယ်သမားတွေကိုတော့ ကြိုးစင်ကို ပို့ခဲ့ကြတယ်။ ကိုနုတို့၊ ကိုအောင်ဆန်းတို့လို ကျောင်းသားတွေကို တက္ကသိုလ်က ထုတ်ပစ်ခဲ့တယ်။ သခင်ကိုယ်တော်မှိုင်းကို ရန်သူတော်နံပါတ်တစ်လို့ ကြေညာပြီး ကိုအောင်ဆန်းကို ဆုတော်ငွေငါးကျပ် အထုတ်ခံ ဝရမ်းပြေးအဖြစ် သတ်မှတ်ခဲ့တယ်။

## အမျိုးသားကျောင်းတွေ

ကိုနု၊ ကိုအောင်ဆန်းတို့ ကျောင်းထုတ်ခံရလို့ တက္ကသိုလ်ကျောင်းတွေက သပိတ်မှောက်ကြတော့လည်း မိဘပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံကြတယ်။ နောက်တော့ အင်္ဂလိပ်ရဲ့ ကျွန်ပညာအစား သခင်ပညာ သင်ကြားနိုင်ဖို့ အမျိုးသားကျောင်းတွေ တစ်နိုင်ငံလုံးအနှံ့ ထူထောင်ပေးခဲ့ကြတယ်။ ပြည်သူတွေကိုယ်တိုင် ငွေကြေးစိုက်ထုတ်ပြီး ကျောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပေးခဲ့ကြတာ ဖြစ်တယ်။ သခင်ကိုယ်တော်မှိုင်းလို ပုဂ္ဂိုလ်ကစပြီး အခကြေးငွေ လုံးဝမယူဘဲ စေတနာဆရာအဖြစ် လုပ်ကိုင်ခဲ့တယ်။

**အမျိုးသမီးတွေလည်း တိုက်ခဲ့ကြ**

အဲဒီနောက် ကိုအောင်ဆန်းတို့ လူငယ်တစ်စု ဘီအိုင်အေ ဖွဲ့စည်း ထူထောင်ပြီး ဂျပန်တွေနဲ့အတူ ဝင်ရောက်လာတော့လည်း တစ်ပြည်လုံးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး ယောကျာ်းမှန်သမျှ ဘီအိုင်အေထဲ ဝင်ခဲ့ကြတယ်။ တစ်ခါ ဗိုလ်ချုပ်အောင်ဆန်းတို့က ဂျပန်ကို ပြန်ပြီးတော်လှန်ကြတော့လည်း လူည်းနေလှေအောင်း မြင်းဇောင်းမကျန် ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ရေး ဆင်နွှဲခဲ့ကြတယ်။ အမျိုးသမီးတွေလည်း ယောကျာ်းတွေနဲ့ တန်းတူရင်ပေါင်တန်းပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ အဲဒီအချိန်က အင်္ဂလိပ်၊ အမေရိကန် စစ်တပ်တွေတောင် စစ်မြေပြင်မှာ လက်နက်ကိုင်တိုက်ခိုက်တဲ့ အမျိုးသမီးတပ်ဖွဲ့တွေ မရှိသေးပါဘူး။

**တိုက်ပွဲခေါ်သံ ပေးသမျှ**

စစ်ပြီးခေတ် လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲအတွက် ဆင်နွှဲရာမှာလည်း ဗိုလ်ချုပ်တို့ ဖဆပလက တိုက်ပွဲခေါ်သံပေးသမျှ တစ်ခဲနက် လိုက်ပါထောက်ခံခဲ့ကြတာချည်း ဖြစ်တယ်။ နေသူရိန်အစည်းအဝေးကြီး တက်ကြဆိုလည်း အိမ်ရှိလူကုန် လာတက်ကြတယ်။ ပြည်လုံးကျွတ် သပိတ်တိုက်ပွဲခေါ်သံ ပေးလိုက်တော့လည်း အစိုးရဝန်ထမ်းအားလုံး နယ်ချဲ့လက်အောက်က ပုလိပ်တွေပါမကျန် သပိတ်မှောက်ခဲ့ကြတယ်။ ပင်လုံညီလာခံ လုပ်မယ်ဆိုတော့လည်း တိုင်းရင်းသားတွေပါ စုစည်းပါဝင်ခဲ့ကြတယ်။ လွတ်လပ်ရေးတိုက်ပွဲ အဆင့်ဆင့်မှာ ပြည်သူလူထုဘက်က တာဝန်ကျေခဲ့ကြတာချည်း ဖြစ်တယ်။ ခေါင်းဆောင်ကောင်းတွေရဲ့နောက်က အမိန့်ကြေကြေ အရေခန်းခန်း တာဝန်သိသိနဲ့ လိုက်ပါလာခဲ့ကြတာချည်း ဖြစ်တယ်။

**ခေါင်းဆောင်ပိုင်းရဲ့ တာဝန်**

လွတ်လပ်ရေးရပြီးနောက်ပိုင်း အမျိုးသားတပ်ပေါင်းစုကြီး ဖြစ်တဲ့ ဖဆပလကြီး ပြိုကွဲသွားတာ၊ ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့တာ၊ ပြည်တွင်းစစ်



ဆိုတဲ့အဆင့်က တက်မလာတာ အားလုံးဟာ ပြည်သူတွေကြောင့် လုံးဝမဟုတ်ဘူး။ မြန်မာပြည်သူလူထုဟာ နယ်ချဲ့လက်အောက်လည်း ကျွန်ဖြစ်ခဲ့ဖူး၊ ဖက်ဆစ်အောက်လည်း ရောက်ခဲ့ဖူး၊ တော်လှန်ရေးတိုက်ပွဲ အလီလီလည်း ဆင်နွှဲခဲ့ဖူး၊ ဖဆပလရဲ့ ပြည်တော်သာခေတ်နဲ့ ပြူစောထီးကိုလည်း ကြုံခဲ့ဖူး၊ ၁၉၆၂ ခုနှစ် အာဏာသိမ်းကောင်စီအောက်လည်း ရောက်ခဲ့ဖူး၊ မြန်မာ့ဆိုရှယ်လစ်ဆိုတာလည်း ဖြတ်သန်းခဲ့ဖူးတဲ့ အတွေ့အကြုံတွေ၊ စစ်ရေးရော နိုင်ငံရေးပါ ကြွယ်ဝနေပါတယ်။ ဒါကြောင့် မြန်မာလူမျိုးတိုင်းကိုယ့်တာဝန်ကိုယ်သိပါတယ်။ ရှေးက တာဝန်ကျေခဲ့သလို နောင်လည်း တာဝန်ကျေဖို့ အသင့်ရှိပါတယ်။

**ရွှေကလောင်ဘွဲ့ ပေးချင်**

နိုင်ငံရေးသမားတွေက သူတို့တာဝန်မကျေခဲ့ကြတာတွေကိုတော့ ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်လုပ်နေခဲ့ကြပြီး ပြည်သူလူထုကိုသာ တာဝန်ကျေကြပါ၊ တာဝန်သိကြပါလို့ ထပ်ခါတလဲလဲ ပြောနေတာတွေ ကြားရတဲ့အခါတိုင်း ပါးစပ်ယားလွန်းလို့ မနည်းချုပ်တီးထားရတယ်။ အလားတူပဲ ခေတ်ပေါ်မဟာပညာကျော်တွေက နိုင်ငံကြီးသားပီသကြပါလို့ လျှာအရိုးမရှိတိုင်း တောပြော၊ တောင်ပြော ပြောနေတာတွေ ကြားရတိုင်းလည်း KSM တွေ၊ ATM တွေ၊ TPS တွေကို ပြေးပြေးပြီး သတိရလိုက်မိတယ်။ SKL (Shwe Ka Laung ရွှေကလောင်)ဆိုတဲ့ ဘွဲ့ထူးတစ်ခုထွင်ပြီး ပေးလိုက်ချင်စိတ်တောင် ပေါက်မိတယ်။

**မပြီးဘဲနဲ့ ဝါးလုံးကွဲရယ်ချင်**

သူတို့ပြောပြောနေတဲ့ တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကြီးတွေက နိုင်ငံကြီးသား ပီသတဲ့ ပြည်သူတွေ တာဝန်သိလို့၊ တာဝန်ကျေလို့ သူတို့နိုင်ငံကြီးတွေ ချမ်းသာနေတာဆိုတဲ့ အသံတွေ ကြားရတိုင်း 'မပြုံးဘဲနဲ့ ဝါးလုံးကွဲ' ရယ်ချင်လာရတယ်။ နယူးယောက် ကုလသမဂ္ဂအဆောက်အအုံကြီး ပတ်ဝန်းကျင်ကလမ်းတွေမှာ ညနေ ၆ နာရီကျော်ရင် တစ်ယောက်တည်း လမ်းလျှောက်ပါနဲ့လို့ ကုလသမဂ္ဂ လုံခြုံရေးအစောင့်တွေ ညီလာခံလာတက်သူတွေကို မပြတ်သတိပေးနေရတာ၊ ငြိမ်းချမ်းသာယာနေတဲ့ ပြယုဂ်လား။ ဘရွတ်ကလင်ရပ်ကွက်က လမ်းတွေမှာ ဟီးထနေတဲ့ အမှိုက်ပုံကြီးတွေ၊



www.burmeseclassic.com

www.burmeseclassic.com

မိလ္လာပိုက်ပေါက်က လျှံထွက်ပြီး လမ်းပေါ်မှာ အိုင်ထွန်းနေတာတွေ၊ ကလေးလေးတွေက မှုးယစ်ဆေးလိုက်ရောင်းနေတာတွေ၊ လူငယ် ဒုစရိုက်ဂိုဏ်းတွေ အချင်းချင်း ရိုက်ပွဲသတ်ပွဲကြီးတွေ နေ့စဉ် ဆူညံနေတာတွေကရော ဒီမိုကရေစီရဲ့ သင်္ကေတတွေလား။

**သစ်ပင်လူသားများ**

သမ္မတအိုဘားမားရဲ့မြို့ ချီကာဂိုပန်းခြံကြီးအတွင်းက နှစ်ပေါင်းရာချီရှိနေပြီဖြစ်တဲ့ ရောမသစ်ပင်ကြီးအောက်မှာ နေထိုင်ကြတဲ့ အိုးမဲ့အိမ်မဲ့တွေ ထောင်ချီရှိနေတဲ့အတွက် အဲဒီ Tree People လို့ခေါ်တဲ့ 'သစ်ပင်လူသားများ'အတွက် မြူနီစပယ်က စာတိုက်သင်္ကေတတစ်ခု သတ်မှတ်ပြီး စာတိုက်ပုံး ထားပေးရပါတယ်။ အဲဒီနိုင်ငံက သမ္မတရွေးကောက်ပွဲနဲ့ လွှတ်တော်ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါတိုင်း မဲလာပေးသူ ၅၀ ရာခိုင်နှုန်းရှိအောင် ပါတီကြီးတွေက သူတို့ပါတီဝင်တွေကို မနည်းကြီး ဆော်ဩပေးရပါတယ်။ အဲဒါ တာဝန်သိတာလား၊ တာဝန်ကျေတာလား။

**သနားစရာ**

ခေတ်ပေါ် မဟာပညာကျော်(SKL)တွေ ခဏခဏ ချီးမွမ်းပြနေကြတဲ့ အာရှနိုင်ငံ သေးသေးလေးမှာ အိမ်ဖော်မိန်းကလေးကို ရေနွေးပူလောင်းတာ၊ အဝတ်တွေရိုက်သွင်းပြီး ဆုံးမတာ၊ ဓားနဲ့ အသားကိုမွှန်းပြီး နှိပ်စက်တာတွေ သူတို့ဆီက သတင်းစာတွေမှာ နေ့စဉ်လိုလို ပါနေပါတယ်။ နိုင်ငံကြီးသားစိတ်ဓာတ်၊ နိုင်ငံကြီးသားပီသမှုဆိုတာ အဲဒါမျိုးတွေလား။ မြေအောက်ဘူတာရုံမှာ ဓာတ်ငွေ့တွေလွှတ်ပြီး လူရာပေါင်းများစွာ ဒုက္ခရောက်အောင်လုပ်တာ နိုင်ငံကြီးသားပီသမှုလား။ မူလတန်းကျောင်းကလေးထဲ မောင်းပြန်သေနတ်ကြီးနဲ့ ဒလကြမ်းဝင်မွှေတာ နိုင်ငံကြီးသားစိတ်ဓာတ်လား။ နိုင်ငံတော်သမ္မတကြီးက အိမ်ဖြူတော်မှာ လုပ်အားလာပေးတဲ့ သူလေးကို မတော်မလျော်ပြုတာ နိုင်ငံကြီးသား အပြုအမူလား။ ခေတ်ပေါ် မဟာပညာကျော်(SKL)များ ဒါတွေကို မသိဘူးလား။ တော်တော် သနားစရာ ကောင်းတယ်။



**လမင်း ထိန်ထိန်သာ**

မှန်တံခါးတွေ အလုံပိတ်ပြီး လေအေးပေးစက်ဖွင့်ထားတဲ့ အခန်းကြီးထဲက မထွက်ဘဲ မြန်မာပြည်မှာ လမသာဘူးလို့ ညည်းပြပြီး ဒီမိုကရေစီနိုင်ငံကြီးတွေက လက်ို လွှမ်းနေလို့ကတော့ ပြည်သူတွေက 'သနားတယ်' လို့ ဟားတိုက်ရယ်သွမ်းသွေးလိုက်ကြမှာ သေချာတယ်။

မနေ့က ဘီလပ်မှာ လမသာဘူး။ နှင်းတွေကျလို့ ဘောလုံးပွဲတောင် ရွှေ့လိုက်ရတယ်။ ရန်ကုန်မြို့မှာတော့ လမင်းကြီး ထိန်ထိန်သာလို့။

KSM = Kyet Thaye Saung Shwe Salweya Min
ATM = Amhu Htan Kaung Min
TPS = Taing Kyo Pyi Kyo Saung

၂၉၊ ၁၂၊ ၂၀၀၀။



www.burmeseclassic.com

www.burmeseclassic.com

## မထားပါဘူး စဉ်းစားဖို့ ပြောထာပါ

အခုတလော လာသမျှလူတိုင်း တစ်ခုတည်းသော မေးခွန်းကိုပဲ မေးလေ့ရှိတယ်။ နိုင်ငံရေးပါတီတချို့က ပါတီရန်ပုံငွေရဖို့အတွက် ကုမ္ပဏီထောင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်လို့ ပြောနေကြတာနဲ့ ပတ်သက်ပြီး ဘယ်လို ထင်မြင်ယူဆသလဲ ဆိုတဲ့မေးခွန်း ဖြစ်တယ်။

**ကိုယ့်သမိုင်း ကိုယ်ရေးတာ**

ဒီလို မေးမလာကြခင်ကတည်းက ဒီကိစ္စကို အထပ်ထပ် အခါခါ စဉ်းစားကြည့်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်လို့ ပြောသူများရဲ့ စကားတွေကိုလည်း သေသေချာချာ နားထောင်ရတယ်။ အားလုံးက ပါတီရန်ပုံငွေအတွက် ကုမ္ပဏီထောင်ပြီး လမ်းဖောက်၊ တံတားဆောက်တဲ့ ကန်ထရိုက်လုပ်ငန်းတွေ လုပ်မယ်၊ စိုက်ပျိုး မွေးမြူရေးတွေ လုပ်မယ်၊ ရေလုပ်ငန်း လုပ်မယ်၊ အိတ်စ်ပို့ အင်ပို့လုပ်ငန်းတွေ လုပ်မယ် စသဖြင့် သန်ရာသန်ရာတွေ စိတ်ကူးထားကြတယ်။

ဒီမိုကရေစီ လမ်းကြောင်းမှာက ဘယ်သူမဆို ကိုယ်စိတ်သန်ရာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတာကြောင့် နိုင်ငံရေးပါတီတွေက စီးပွားရေး လုပ်မယ်ဆိုရင်လည်း ဘာမှ ပြောစရာမရှိပါဘူး။ သူတို့စိတ်ကြိုက် လုပ်ခွင့်ရှိပါတယ်။ ကိုယ့်သမိုင်း ကိုယ်ရေးကြတာပဲ ဆိုတဲ့စကား အရှိသားမဟုတ်လား။

**ကိုယ့်မှာလည်း ခေါင်းတစ်လုံးရှိဖို့ လို**

သူတို့သဘောနဲ့သူတို့ လုပ်တာကို ဘာမှ မပြောလိုဘူး။ ဒါပေမဲ့ ကိုယ့်မှာလည်း ခေါင်းတစ်လုံးရှိတာကြောင့် ကိုယ့်ဟာကိုယ် လွတ်လပ်စွာ



စဉ်းစား တွေးတောတာတော့ လုပ်ဖြစ်တယ်။ ရှေးတုန်းက လွှတ်တော်တွေ အကြောင်းလည်း ပြန်စဉ်းစားမိတယ်။ ရှေးက လွှတ်တော် ဘတ်ဂျက် အစည်းအဝေးတွေမှာ ဝန်ကြီးတွေက သူတို့ဌာနအတွက် တစ်နှစ် ရသုံး ခန့်မှန်းခြေ ငွေစာရင်းတွေကို လွှတ်တော်မှာတင်ပြပြီး အသုံးစရိတ် ခွင့်ပြု ချက် တောင်းကြရတယ်။ အဲဒီအခါ အတိုက်အခံ အမတ်တွေက ထပြီး ဒီလောက်တောင်းတာ များတယ်၊ ဒီလောက် မပေးသင့်ဘူး၊ ဘယ်ရွေ့ ဘယ်မျှ လျှော့ချ ဖြတ်တောက်သင့်ပါတယ်လို့ ကန့်ကွက်ကြတယ်။

**နေ့ရောညပါ အကြိတ်အနယ်**

ကန့်ကွက်ချက်တွေကို သက်ဆိုင်ရာဝန်ကြီးက အကျိုးအကြောင်းနဲ့ ထပ်ပြီး ရှင်းပြရတယ်။ ကန့်ကွက်သူက မကျေနပ်ရင် မဲခွဲ ဆုံးဖြတ်ကြတယ်။ ဝန်ကြီးဌာန တစ်ခုစီရဲ့ အသုံးစရိတ် တောင်းခံချက်တိုင်းကို ဒီလိုပဲ လုပ်ကြ တယ်။ ဒါကြောင့် ဘတ်ဂျက်အစည်းအဝေးတွေဟာ လနဲ့ချီပြီး ကြာတတ် တယ်။ ပါလီမန်ဒီမိုကရေစီ ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ ဒီလိုပဲ လုပ်ကြရတယ်။ ကမ္ဘာ့နိုင်ငံကြီးတိုင်းရဲ့ လွှတ်တော်တွေဟာ တစ်နှစ်ပတ်လုံး ရုံးထိုင်ပြီး နိုင်ငံ့အရေး၊ ကမ္ဘာ့အရေးတွေကို ဆောင်ရွက်ကြရတယ်။ တစ်ခါတစ်ရံ ဘတ်ဂျက် အစည်းအဝေးတွေဟာ လေးငါးရက် ဆက်တိုက် နေ့ရောညပါ အကြိတ်အနယ် ဆွေးနွေးကြရတာမျိုးတွေတောင် ရှိတတ်တယ်။

**ဥပမာ ပြောကြည့်တာ**

မြန်မာပြည်က နိုင်ငံရေးပါတီတွေက နိုင်ငံရေးလုပ်ရင်း တစ်ဖက်မှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကြမယ်ဆိုတော့ အကျိုးစီးပွားချင်း ဆန့်ကျင် ဘက်ဖြစ်မှု (Confliet of interests) ဆိုတာတွေ ပေါ်ပေါက်မလာနိုင်ဘူး လား ဆိုတဲ့အတွေး ပေါ်လာတယ်။ နိုင်ငံရေးပါတီကြီးတစ်ခုက လမ်းဖောက်၊ တံတားဆောက်လုပ်ငန်းတွေကို လုပ်ကိုင်နေတယ် ဆိုပါစို့။ ဥပမာအဖြစ် ပြောတာပါ။ ဒီအလုပ်မျိုးတွေက ဝန်ကြီးဌာနတွေဆီက ကန်ထရိုက်ယူပြီး လုပ်ရမှာ ဖြစ်တယ်။ လွှတ်တော်မှာ အဲဒီဝန်ကြီးဌာနတွေက ဘတ်ဂျက် တင်သွင်းပြီး အသုံးစရိတ် တောင်းခံတဲ့အခါမှာ နိုင်ငံရေးပါတီအနေနဲ့ဆိုရင် အသုံးစရိတ် လျှော့ချဖြတ်တောက်ဖို့ အဆိုတင်သွင်းရမှာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**ထိပ်တိုက်တိုးလေ့ ရှိ**

ဒါပေမဲ့ တစ်ဖက်က စီးပွားရေးအပိုင်းကို တာဝန်ယူထားသူတွေ အနေနဲ့ကတော့ ဝန်ကြီးဌာနနဲ့ ဆက်ဆံရေး ချောမွေ့စေချင်တယ်။ မကန့်ကွက်စေချင်ဘူး။ အဲဒီလိုဆိုရင် ပါတီခေါင်းဆောင်တွေ ဘယ်လိုဆုံးဖြတ်မလဲ။ ပါတီအကျိုးစီးပွားကို ဦးစားပေးမှာလား၊ ပြည်သူလူထု အကျိုးစီးပွားအတွက် အစိုးရ အသုံးစရိတ်တွေကို လျှော့ချဖြတ်တောက်ဖို့ လုပ်မှာလား။

ဒီလို ကြီးမားတဲ့ နိုင်ငံ့အရေးကိစ္စကြီးတွေ ဆိုတာ ထား။ ဘာမဟုတ်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းလုပ်ငန်း အသေးစားလေးတွေမှာတောင် ဒီလို တချို့စီးပွားချင်း ဆန့်ကျင်ဖက်ဖြစ်မှုတွေက ထိပ်တိုက်တိုးလေ့ ရှိတယ်။ ဂျာနယ် မဂ္ဂဇင်း အယ်ဒီတာအဖွဲ့က မှန်ရင် မှန်တယ်၊ မှားရင် မှားတယ်၊ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူး အမှန်အတိုင်း ရေးချင်တယ်။ ရုပ်ရှင်ကားတစ်ကားကို ဝေဖန်သူက မကောင်းဘူးလို့ရေးရင် ရေးတဲ့အတိုင်းပဲ ထည့်ချင်တယ်။ ဆေးဝါးအတုတွေပေါ်နေရင် အတုတွေပေါ်နေတယ်လို့ ရေးချင်တယ်။

**ပိုက်ဆံရဖို့ အလွယ်ပဲ ချောင်းနေ**

ကြော်ငြာဌာနနဲ့ မားကက်တင်းသမားတွေကတော့ ကြော်ငြာရှင်တွေ ငြိုငြင်သွားမှာ စိုးတဲ့အတွက် မကောင်းတာတွေ မထည့်စေချင်ဘူး။ ပိုက်ဆံပေးနေတဲ့ ကြော်ငြာရှင် စီးပွားရေးသမားတွေ သဘောတွေ့၊ မနောခွေ့စေမယ့် စာမျိုးတွေပဲ ထည့်စေချင်တယ်။ ဂျာနယ် မဂ္ဂဇင်းအဖုံး လုပ်တာကအစ အယ်ဒီတာတွေက ပန်းချီသရုပ်ဖော်ပုံ ကောင်းကောင်းတွေ သုံးချင်တယ်။ ကြော်ငြာနဲ့ မားကက်တင်းသမားတွေကတော့ မင်းသား၊ မင်းသမီးပုံတွေပဲ သုံးစေချင်တယ်။ ပိုက်ဆံထုတ်တဲ့ ထုတ်ဝေသူကိုယ်တိုင်က အယ်ဒီတာ လုပ်ရင် တော်သေးတယ်။ သူက ထုတ်ဝေသူ သူဌေးနေရာမှာပဲ နေတယ်ဆိုရင်တော့ အယ်ဒီတာတွေ နေ့စဉ် စိတ်ညစ်နေရပြီသာမှတ်။ သူက မားကက်တင်းနဲ့ ကြော်ငြာသမားတွေ ပြောတဲ့အတိုင်း ပိုက်ဆံများများရဖို့ အကွက်ပဲ ချောင်းနေတာကိုး။

**အကာအကွယ်တွေ**

နိုင်ငံကြီးတွေမှာတော့ ဒီလို အကျိုးစီးပွားချင်း ထိပ်တိုက်တိုးမှု



တွေကို တားဆီးဖို့ အကာအကွယ်တွေ အမျိုးမျိုး လုပ်ထားတတ်ကြတယ်။ ပြီးခဲ့တဲ့ အစိုးရအဖွဲ့က အမေရိကန်နိုင်ငံရဲ့ ဒုသမ္မတ 'ဒစ်ချိန်နီ' ဟာ မူလက ကမ္ဘာ့အကြီးဆုံး ရေနံကုမ္ပဏီကြီးတစ်ခုမှာ အကြီးဆုံး ရာထူးကြီးတစ်ခု ရယူထားသူ ဖြစ်တယ်။ ဒုသမ္မတအဖြစ် ရွေးကောက်ပွဲဝင်မယ်ဆိုတော့ ရေနံကုမ္ပဏီက နုတ်ထွက်ပြီးမှ ဝင်လို့ရတယ်။ သမ္မတ ကလင်တန် ဇနီး မောင်နှံလည်း မူလက သူတို့ဇာတိပြည်နယ်မှာ တခြားရှေ့နေတွေနဲ့အတူ ဥပဒေအကျိုးဆောင် လုပ်ငန်းကြီးတစ်ခု ထူထောင်ထားခဲ့ကြတယ်။ သမ္မတ ရွေးကောက်ပွဲ ဝင်မယ်ဆိုတော့ တာဝန်အသီးသီးက နုတ်ထွက်ခဲ့ရရုံမက သူတို့ရဲ့ ဘဏ်ငွေစာရင်းကိုလည်း 'blind trust' လုပ်ထားလိုက်ရတယ်။ သူတို့ ငွေစာရင်းထဲကို ဘယ်သူကမှ ငွေထည့်ပေးလို့ မရသလို ငွေထုတ်လို့လည်း မရတော့ဘူး။

**နေ့စဉ် ဖြစ်နေတာပဲ**

ဒီနည်းနဲ့ တိတ်တိတ်ပုန်းလုပ်ငန်းတွေ မလုပ်နိုင်အောင် တားဆီးကာကွယ်ထားတယ်။ တချို့ နိုင်ငံတွေမှာတော့ ရွေးကောက်ခံတော့မယ်ဆိုတာနဲ့ တစ်ပြိုင်နက် သူတို့ပိုင်ဆိုင်သမျှ စည်းစိမ်ချမ်းသာတွေကို လူသိရှင်ကြား ထုတ်ဖော်ကြေညာထားရတယ်။ ဒီလိုလုပ်တာတောင်မှ မသမာမှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်နေကြတာပဲ။ ဂျပန်နိုင်ငံမှာဆိုရင် သက်တမ်းပြည့်အောင် တာဝန်ထမ်းဆောင်ရတဲ့ ဝန်ကြီးချုပ် အတော်ရှားတယ်။ အရှုပ်တော်ပုံ တစ်မျိုးမျိုးကြောင့် ရာထူးကတစ်နှစ် နှစ်နှစ်အတွင်း နုတ်ထွက်သွားရသူတွေ များတယ်။ တချို့ဆို တစ်နှစ်တောင် မခံလိုက်ကြဘူး။ တောင်ကိုရီးယားနိုင်ငံရဲ့ အကြီးဆုံး ကုမ္ပဏီကြီးတွေက သူဌေးကြီးတွေ အားလုံးလည်း အာဏာရပုဂ္ဂိုလ်တွေနဲ့ ပေါင်းပြီး ငွေကြေးမသမာမှုအမျိုးမျိုးနဲ့ ထောင်ချ ခံရသူတွေချည်းပဲ။ အနောက်နိုင်ငံကြီးတွေမှာလည်း ကင်းတယ် မရှိပါဘူး။ သတင်းစာတွေမှာ နေ့စဉ်လိုလို ဖတ်နေရတယ်။

**နိန်နဲ့ သံပုရာ**

နိုင်ငံရေးနဲ့ စီးပွားရေးဆိုတာက တိုင်းပြည်တစ်ပြည်မှာ အရေးကြီးဆုံး နယ်ပယ်နှစ်ရပ် ဖြစ်တယ်။ ကိုယ့်နယ်နဲ့ကိုယ် တသီးတခြားစီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရတယ်။ ဒီနှစ်ခုကို မရောထွေးသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ရောထွေးလိုက်ရင် နှစ်ဖက်လုံး အကျိုးမရှိဘူး။ နှစ်ဖက်စလုံး ပျက်စီးသွားတတ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနယ်ပယ်နှစ်ခုဟာ စိန်နဲ့ သံပုရာလိုပဲ ဓာတ်မတည့်ကြလို့ ဖြစ်တယ်။ တစ်ခုချင်းအနေနဲ့ အသုံးဝင်တယ်။ တန်ဖိုးရှိတယ်။ ဒါပေမဲ့ နှစ်ခုရောလိုက်ရင်တော့ အဆိပ်ဖြစ်သွားတယ်။

နိုင်ငံရေးဆိုတာက နိုင်ငံအတွက်၊ အများအတွက် လုပ်ရတဲ့ အလုပ်ဖြစ်တယ်။ ကိုယ်ကျိုးစီးပွား ငဲ့ကွက်လို့ လုံးလုံးမဖြစ်ဘူး။ လိုအပ်လာရင် အသက်ကိုတောင် စွန့်တဲ့အခါ စွန့်ပြီး လုပ်ရလေ့ရှိတယ်။ ပရဟိတသဘော သက်သက် ဖြစ်တယ်။

**တန်ဖိုးနဲ့ မူ**

စီးပွားရေးကတော့ သဘာဝကိုက အမြတ်ရအောင် လုပ်ရတဲ့အလုပ်ဖြစ်တယ်။ အရှုံးခံ အနစ်နာခံပြီး လုပ်ရိုးထုံးစံ မရှိဘူး။ လုပ်ရင် လုပ်တဲ့သူဟာ စီးပွားရေးသမားကောင်းလို့ မခေါ်တော့ဘူး။ ညံ့ဖျင်းတဲ့ စီးပွားရေးသမားလို့ သတ်မှတ်တယ်။ နိုင်ငံရေးသမားက မူနဲ့ ဝါဒကိုကိုင်ပြီး လုပ်ရတယ်။ မူကို တန်ဖိုးထားတယ်။ 'value of the principle' ကို အမြဲဆုပ်ကိုင်တယ်။ စီးပွားရေးသမားက အမြတ်ရဖို့အတွက်ဆိုရင် ဘာမဆို အလျှော့အတင်း၊ အပေးအယူ လုပ်နိုင်တယ်။ သူက မူ(principle)ထက် တန်ဖိုး(value)ကိုသာ ကြည့်တယ်။ ဒါကြောင့် သူမှာ တန်ဖိုးအတွက် မူ (principle of the value) ဆိုတာပဲ ရှိတယ်။ မူအတွက် တန်ဖိုးဆိုတာ မရှိဘူး။ နားမလည်ဘူး။ ဂရုမစိုက်ဘူး။

**အမြတ်ကို ဦးထိပ်ပန်ဆင်**

စီးပွားရေးသမားက ကုမ္ပဏီအတွက် ရှယ်ယာရှင်တွေအတွက် အမြတ်များများရအောင် ဘယ်လို လုပ်ရမလဲလို့ အမြဲ စဉ်းစားရတယ်။ အမြတ်ကို ဦးထိပ်ပန်ဆင်ရတယ်။ နိုင်ငံရေးသမားကတော့ ပြည်သူလူထု သက်သာချောင်ချိဖို့အတွက် ကုန်ဈေးနှုန်းတွေ ကျဆင်းရေးနဲ့ အခွန်အတုတ်တွေ နည်းနိုင်သမျှ နည်းရေးကို ဆောင်ရွက်ရတယ်။ အခွန်အတုတ်တွေ လျော့ကျစေဖို့အတွက် အစိုးရ အသုံးစရိတ်တွေ လျော့ကျဖို့လိုတယ်။ အဲဒါကြောင့် လွှတ်တော်ထဲမှာ ဝန်ကြီးဌာနတွေက တင်ပြတောင်းခံတဲ့ အသုံးစရိတ်တွေ လျော့ကျဖို့ လိုတယ်။ အဲဒါကြောင့် လွှတ်တော်ထဲမှာ



ဝန်ကြီးဌာနတွေက တင်ပြတောင်းခံတဲ့ အသုံးစရိတ်တွေထဲက တစ်ကျပ်ဖြတ်တောက်ရေးအဆို၊ နှစ်ကျပ် ဖြတ်တောက်ရေးအဆိုတွေ တင်ကြတယ်။ တောင်းတဲ့ထဲက ငွေတစ်ရာမှာ တစ်ကျပ်နှုန်း၊ နှစ်ကျပ်နှုန်း ဖြတ်ပါဆိုတဲ့ သဘော ဖြစ်တယ်။

**မတားပါဘူး**

စီးပွားရေးရဲ့ သဘာဝက အစိုးရက အသုံးစရိတ် များများသုံးလေ လုပ်ငန်းဆောင်ရွက်မှု ပမာဏများလေဖြစ်ပြီး ကန်ထရိုက်များများရ ပစ္စည်းများများ ရောင်းချရတဲ့အတွက် သဘောကျ အားပေးထောက်ခံရတယ်။ များများသုံးအောင် နှိုးဆော်တိုက်တွန်းရတယ်။ တကယ်လို့ နိုင်ငံရေးပါတီတွေက ကုမ္ပဏီထောင်ပြီး စီးပွားရေးလုပ်ကြမယ်ဆိုရင် ဒီ အကျိုးစီးပွားချင်း ဆန့်ကျင်ဖက်ဖြစ်မှု(Conflict of interests) ပြဿနာကို ဘယ်လို ကိုင်တွယ်ကြမှာလဲ။ ကုမ္ပဏီ အမြတ်ရဖို့ လုပ်မှာလား။ ပြည်သူလူထု သက်သာချောင်ချိအောင် လုပ်မှာလား။ အစိုးရက အခွန်အတုတ်တွေ များများကောက်ပြီး လုပ်ငန်းတွေ များများလုပ်ဖို့ တိုက်တွန်းမှာလား၊ အခွန်အတုတ်တွေ လျှော့ကောက်ပြီး လုပ်ငန်းနည်းနည်းပဲ လုပ်ဖို့ တောင်းဆိုမှာလား။

ဒီအချက်တွေကို စီးပွားရေးလုပ်မယ့် နိုင်ငံရေးသမားတွေ သေသေချာချာ စဉ်းစားစေချင်တယ်။ မလုပ်နဲ့လို့ ပြောတာ မဟုတ်ပါဘူး။ ဒီမိုကရေစီ လမ်းခရီးမှာ လူတိုင်း လွတ်လပ်စွာ လုပ်ခွင့်ရှိပါတယ်။ မတားပါဘူး။ စဉ်းစားဖို့ ပြောတာပါ။

၅၊ ၁၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# သိက္ခာကို စွန့်လိုက်ရင် ဘာကျန်တော့မှာလဲ

နှစ်သစ်တစ်ခု ကူးပြောင်းတော့ အသက်လည်း တစ်နှစ်ကြီးသွားတယ်။ လူကြီးမဟုတ်တော့ဘဲ လူအိုဖြစ်သွားပြီ။ မအိုခင်က နာခဲ့ပြီးသားဆိုတော့ သိပ်သိသိသာသာကြီးတော့ ပြောင်းလဲသွားတာ မရှိဘူး။ ရုပ်ပိုင်းရော၊ စိတ်ပိုင်းရော ဆိုပါတော့။

**မသိမသာပြောင်း**

စာရေးအားလည်း ကျမသွားဘူး။ ပုံမှန် ရေးနေကျနှုန်းအတိုင်း တစ်နေ့ နှစ်ပုဒ် မှန်မှန်ရေးဖြစ်တယ်။ တချို့ရက်တွေဆိုရင် သုံးပုဒ်တောင် ဖြစ်ချင်ဖြစ်သွားတယ်။ သိသိသာသာကြီး ပြောင်းလဲတာမရှိဘူးဆိုပေမဲ့ မသိမသာ ပြောင်းလဲတာလေးတချို့တော့ ရှိတာ သတိထားမိတယ်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာက နည်းနည်းပြောင်းလာတယ်။ အသက်က စကားပြောတယ်ဆိုတာ ဒါမျိုး ထင်ပါရဲ့။

စိတ်က အရင်ကလောက် မမြန်တော့ဘူး။ နှေးလာတယ်။ အတွေးလည်း နှေးပြီး တုံ့ပြန်နှုန်းကလည်း နှေးတယ်။ အရင်က ဝမ်းသာစရာရှိရင် ချက်ချင်း ဝမ်းသာသွားသလို ဝမ်းနည်းစရာရှိရင်လည်း ချက်ချင်း ဝမ်းနည်းသွားတယ်။ ဒေါသဖြစ်စရာ တွေ့ရင်လည်း ရှူးခနဲ၊ ဒိုင်းခနဲ ချက်ချင်း မီးပွင့်ထွက်မတတ် ဒေါသကြီးတော့တာပဲ။ အခုတော့ တော်ရုံတန်ရုံကိစ္စလောက်ဆို သိပ်မတုန်လှုပ်တော့ဘူး။ လျစ်လျူရှုပြီး နကမွတိ သဘောထားလိုက်နိုင်တယ်။



**လူ့သဘာဝပဲ**

မျက်စိထဲ အမြင်မတော် ထော်လော်ကန့်လန့်ဖြစ်တာတွေ တွေ့လည်း ဒါတွေဟာ လူ့သဘာဝပဲ။ နောက်ကျတော့ တစ်မျိုးပြောင်းသွားမှာပါလို့ သဘောထားလိုက်နိုင်တယ်။ မကြားချင်တာတွေ ကြားနေရတဲ့အခါလည်း မောရင် သူတို့ ရပ်သွားကြမှာပဲဆိုပြီး လျစ်လျူရှု ထားလိုက်နိုင်တယ်။ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ဘယ်သူသေသေ ငဒွေးမာပြီးရော လုပ်နေသူတွေကို တွေ့ရမြင်ရမှသာ ဝင်ပြောလိုက်ချင်တော့တယ်။ ဒီခေတ်မှာက ဒီလိုလူစားတွေ အများသားဆိုတော့ ခဏခဏ ဝင်ပြောဖြစ်နေတယ်။ အထူးသဖြင့် အများအတွက်၊ အများအတွက်လို့ ပါးစပ်က အမြဲပြထွက်အောင် အော်ရင်းနဲ့ နောက်ကွယ်က ကိုယ်ကျိုးရှာနေတဲ့ လူမျိုးတွေကြောင့် ခဏခဏ ပြောနေရတာ ဖြစ်တယ်။

**စာဖတ်ပရိသတ်ရဲ့ နားမျက်စိ**

ကျန်းမာရေးကလည်း နုံချာလာတော့ အေးအေးဆေးဆေး စာလေးဖတ်ပြီး နေချင်တော့တယ်။ နေရာတကာ ဝင်ပါ၊ ဝင်ပြော မလုပ်ချင်တော့ဘူး။ ဒါပေမဲ့ ကိုယ်လုပ်နေတဲ့အလုပ်က အဲဒီလိုလုပ်ရတာမျိုး မဟုတ်ဘူး။ စာနယ်ဇင်းအလုပ်ဆိုတာက စာဖတ်ပရိသတ်များရဲ့ နားမျက်စိအဖြစ် လုပ်ရကိုင်ရဖြစ်လေတော့ မမြင်ချင်၊ မကြားချင်ပြုနေလို့မရဘူး။ 'သတင်းစာသမားဆိုတာ ပြည်ကြီးပခုံး၊ ပြည်ကြီးလက်ရုံး ဖြစ်တယ်'ဆိုတဲ့ ရှေးဆရာကြီးများရဲ့ အဆုံးအမအတိုင်း ထမ်းစရာရှိတဲ့ဝန်ကို ထမ်း၊ တိုက်စရာရှိတဲ့ရန်ကို တိုက်မှ တာဝန်ကျေမှာဖြစ်လေတော့ မလုပ်ချင်လည်း လုပ်၊ လုပ်ချင်လည်း လုပ်၊ မသေမချင်း လုပ်နေရဦးမယ်။

**လူလိမ္မာတွေ များ**

မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့ 'မ'သုံးလုံးခေတ်ထဲမှာ မျိုးဆက်တစ်ဆက်မက သက်တမ်း နေခဲ့ကြရလေတော့ ဒီဘက်ခေတ်မှာ လူလိမ္မာတွေ တော်တော်များတယ်။ 'ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်နွား အလကား မကျောင်းဘူး'ဆိုပြီး ဘာဖြစ်ဖြစ် မျက်နှာလွှဲနေကြတယ်။ တချို့ကလည်း 'အူမတောင့်မှ သီလစောင့်နိုင်တယ်'ဆိုတဲ့စကားကို လက်သုံးထားပြီး သီလကို ပစ်ပယ်ထားကြတယ်။ တချို့ကျတော့ ပါးစပ်က ဘုရား၊ ဘုရားနဲ့



www.burmeseclassic.com

www.burmeseclassic.com

တတွတ်တွတ်ရွတ်ပြီး လက်ကတော့ ကားရားကားရားနဲ့ ရသမျှ သိမ်းကျုံး ယူနေတတ်ကြတယ်။

**ဖုံးကွယ်မထားရ**

သတင်းအလုပ်ဆိုတာ· လူတွေကို သတင်းပေးတဲ့အလုပ်ဖြစ်တယ်။ လူတွေသိချင်တာ၊ သိသင့်သိထိုက်တာ မှန်သမျှ ရှာဖွေဖော်ထုတ် ရေးပေးကြရတယ်။ မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင်နေလို့ မရဘူး။ မြင်တာကို မြင်တဲ့အတိုင်း၊ ကြားတာကို ကြားတဲ့အတိုင်း၊ ဖြစ်တာကို ဖြစ်တဲ့အတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ရေးပြကြရတယ်။ လူမုန်းခံရမှာ စိုးလို့ မရေးဘဲ မနေရဘူး။ အန္တရာယ်ပြုမှာကြောက်လို့ ဖုံးကွယ်မထားရဘူး။ ဒါမှ သတင်းသမားတာဝန် ကျေမယ်။ ဘယ်သူကမှ ရိုက်နိုင်းလို့ လုပ်ကြတာ မဟုတ်ပါဘူး။ ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် လုပ်ကြတာ ဖြစ်တယ်။ ကြောက်ရင် အစကတည်းက ဝင်မလာနဲ့။ အားနာတတ်ရင်လည်း သတင်းသမား မလုပ်နဲ့။

**ဘယ်လောက်ပဲ ဟန့်ဟန့်**

သတင်းသမားအလုပ်ကို စုံရေမက်ရေရှိလွန်းလို့ လုပ်လာခဲ့တာ ရာစုတစ်ဝက် တိုင်ခဲ့ပြီ။ မသေမချင်း လုပ်နေဦးမှာပဲ။ ဇရာနဲ့ ဗျာဓိက ဘယ်လောက်ပဲဟန့်ဟန့် သတင်းအလုပ် လုပ်သမျှတော့ မြင်တာကို မြင်တဲ့အတိုင်း၊ ကြားတာကို ကြားတဲ့အတိုင်း၊ ဖြစ်တာကို ဖြစ်တဲ့အတိုင်း ရေးနေဦးမှာပဲ။ ဒါတင်မက အမြင်မတော်တာ၊ အကြားမတော်တာ မှန်သမျှကိုလည်း တွေ့တိုင်းတွေ့တိုင်း ထောက်ပြနေရမှာပဲ။ အနာပေါ် တုတ်ကျလို့ နာတဲ့သူတွေ ရှိလည်း မတတ်နိုင်ဘူး။ သတင်းသမား အလုပ်ကိုတော့· တာဝန်ကျေအောင် လုပ်ရမှာပဲ ဖြစ်တယ်။

**ဝယ်ဖတ်တာ သိချင်လို့**

အမြင်မတော်၊ အကြားမတော်တာ တွေ့တိုင်း ထောက်ပြနေလို့ ကတော့ မောရှုံသာရှိတယ်။ ကိုယ်က ဘာတတ်နိုင်တာမှတ်လို့ဆိုပြီး ပြောသူတွေလည်း ရှိပါတယ်။ သတင်းသမားရဲ့အလုပ်က သတင်းပေးဖို့ပဲ။ စာဖတ် ပရိသတ်က ပိုက်ဆံပေးပြီး သတင်းစာဝယ်ဖတ်တာက မှန်ကန်



တိကျတဲ့ သတင်းတွေ သိချင်လို့ ဖြစ်တယ်။ ဒါကို ပေးနိုင်ရင် တာဝန်ကျေတယ်။ ပြုပြင်တာ၊ မပြုပြင်တာက သတင်းစာသမားရဲ့အလုပ် မဟုတ်ဘူး။ ဆိုင်ရာဆိုင်ရာ ကာယကံရှင်များရဲ့ကိစ္စ ဖြစ်တယ်။ ပြင်တာတွေ့ရင် ပြင်တယ်လို့ သတင်းသမားက ရေးမယ်။ မပြင်ရင် မပြင်ဘူးလို့ ရေးမယ်။ ဒါပဲ။

**အားနာသလိုလို**

အသက်ကလည်း ရလာ၊ မြန်မာလူမျိုးကလည်း ဖြစ်ဆိုတော့ တစ်ခါတစ်ခါ အမြင်မတော်တာ၊ အကြားမတော်တာ တွေ့တိုင်း ပြောရမှာ အားနာသလိုလို ဖြစ်မိတယ်။ အဲဒီအခါ သတင်းသမားရဲ့ ကျင့်ဝတ်နဲ့ ထိပ်တိုက် တိုးမိတာမျိုးတွေ ရှိလာတယ်။ နောက်ဆုံးကျတော့ နှစ်ပေါင်း ၅၀ လုံးလုံး စွဲစွဲမက်မက် လုပ်လာခဲ့တဲ့ သတင်းသမားအလုပ်ကိုပဲ တာဝန်ကျေအောင် ဆက်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ တစ်သက်လုံး လုပ်လာခဲ့တဲ့ အလုပ်ကို သေခါနီးမှ ရေရောလိုက်မယ်ဆိုရင် တစ်သက်လုံး လုပ်ခဲ့သမျှ အားလုံး အလကားဖြစ်သွားတော့မှာပေါ့။ ကိုယ့်မှာ 'သိက္ခာ'ဆိုတာ တစ်ခုက လွဲရင် ဘာများရှိလို့လဲ။ ဒီတစ်ခုတည်းရှိတဲ့ သိက္ခာကိုစွန့်ပစ်လိုက်ပြီဆိုရင် ဘာများကျန်တော့မှာလဲ။

၁၂၊ ၁၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ်နေအေးလိုလူတွေ

လူ့လောကမှာ နှစ်ပေါင်း ၇၀ ကျော်နေခဲ့ပြီးပြီဆိုတော့ လောကရဲ့ ဖြစ်မြဲဓမ္မတာများကို တော်တော်လေး နားလည်လာခဲ့ပြီလို့ ဆိုနိုင်တယ်။ လူတွေရဲ့အကြောင်းကိုလည်း အများကြီး သိလာခဲ့တယ်။

**နှစ်ခြိုက်စွာ အိပ်နိုင်**

အထူးသဖြင့် ပြောင်းလဲခြင်း သဘောတရားတွေကို နားလည်သဘောပေါက်ခဲ့ပြီဖြစ်လို့ တော်ရုံတန်ရုံကိစ္စများနဲ့ လူတွေကို သိပ်ပြီး အပြစ်မမြင်တော့ဘူး။ 'သူလည်းလေ လောကီသားပေမို့' ဆိုပြီး အလွယ်တကူ ခွင့်လွှတ်တတ်လာတယ်။ ခွင့်မလွှတ်ချင်ရင်တောင် ရယ်သွမ်းသွေးပြီး သနားစရာ သတ္တဝါတွေပဲလို့ ကြည့်နိုင်မြင်နိုင်လာတယ်။ အကျိုးဆက်ကတော့ ဒေါသတွေ လျော့ပါးသွားတဲ့အတွက် စိတ်လက်ကြည်လင် အေးချမ်းစွာ နေနိုင်တယ်။ နှစ်ခြိုက်စွာ အိပ်မောကျနိုင်တယ်။ မြို့ပြလူသား အများစုလို အိပ်ဆေးသောက်ပြီး အိပ်ရတာမျိုး မရှိဘူး။

**ဆင်တော်နဲ့ ခလောက်**

လူတွေကို ခွင့်လွှတ်သည်းခံ ဆက်ဆံတတ်ပြီလို့ဆိုပေမဲ့ ကိုယ့်ကို မလိုမုန်းထား မစ္ဆရိယပွားသူတွေ မရှိဘူးလို့တော့ မဆိုနိုင်ဘူး။ သတင်းသမားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်စေဖို့အတွက် 'အမြင်မတော် ဆင်တော်နဲ့ ခလောက်' ဖြစ်နေတာတွေကို အမြဲတမ်း ထောက်ပြဝေဖန်ရေးသားနေရတာဆိုတော့ 'အနာပေါ် တုတ်ကျ'သလို ဆတ်ဆတ်ခါ နာသူတွေလည်း ရှိကြတယ်။ မတတ်နိုင်ဘူး။ မကောင်းတဲ့ အကျင့်စရိုက်တွေ



ရောဂါပိုးမွှားလို ပျံ့ပွားကူးစက် မသွားစေလိုတဲ့အတွက် မရေးချင်ပေမဲ့ ရေးနေရတယ်။ 'မျောက်ပြ ဆန်တောင်း'တဲ့ အလုပ်မျိုး အရင်က မြန်မာတွေ မလုပ်တတ်ဘူး။ အခု အများကြီး လုပ်တတ်နေကြပြီ။ ဒီလောက်ရေးနေတဲ့ကြားက တစ်နေ့တခြား ကူးစက်ပျံ့ပွားသွားတာ ခုဆိုရင် ရန်ကုန်အင် မကတော့ဘူး၊ တခြားမြို့တွေ နယ်တွေအထိ ရောက်နေတာ တွေ့ရတယ်။

**မျောက်ဖြစ်မှန်း မသိရှာကြ**

တချို့ဆိုရင် ရိုးလွန်းလို့ ကိုယ်တိုင် မျောက်ဖြစ်နေတာတောင် ဖြစ်မှန်း မသိရှာကြဘူး။ လူလည်လူနပ်တွေက ဟိုအကြောင်းပြချက်၊ ဒီအကြောင်းပြချက်တွေ အမျိုးမျိုးပြပြီး မသိနားမလည်သူတွေကို မျောက်အဖြစ် အသုံးချကြတယ်။ ဒါမျိုးတွေကို ထောက်ပြတော့ လုပ်စားနေသူတွေက နာကြ၊ မုန်းကြတာပေါ့။ လတ်တလောဖြစ်နေတဲ့ နိုင်ငံရေးပါတီတွေကြားက ကူညီထောက်ပံ့ငွေ အရှုပ်အထွေးတွေကို ကြည့်ပါလား။ အခုမှ ပါတီအဖြစ် ပါတီထောင်ပြီး နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးသမားအမည်ခံတွေကို လုပ်စားနေကျ လူလည်လူနပ် 'အီလစ်'တွေက အသုံးချလုပ်စားသွားတယ်ဆိုတာကို အင်တာနက်နဲ့ အကျွမ်းတဝင်ဖြစ်နေသူတိုင်း သိနေကြတယ်။ မအူမလည် နိုင်ငံရေးသမားတွေကတော့ မသိကြဘူး။ အရိုးအရင်းလေးလောက် ပစ်ပေးလိုက်တာနဲ့တင် ကျေနပ်နေကြတာ။ အီလစ်တွေကတော့ ဆူလို့ဖြိုးလို့ ဝလို့ဖီးလို့၊ နိုင်ငံခြားကို အိမ်ဦးနဲ့ ကြမ်းပြင်ပမာ ကူးလူးသွားလာနေကြတယ်။ သူတို့ဟာသူတို့တော့ ဟုတ်လှပြီ ထင်နေကြတယ်။ ဝီကီလိခ်ခေတ်မှာ ဘယ်အရာမှ ဖုံးကွယ်ထားလို့ မရတာကို မသိရှာကြဘူး။

**မှုထုဇဉ်က ပုထုဇဉ်ပဲ**

ကိုယ့်ကို မုန်းသူတွေသာရှိပြီး ကိုယ်ကမုန်းသူတွေတော့ မရှိဘူးလားလို့ မေးရင် မှန်တဲ့အတိုင်း ဖြေပါမယ်။ ရှိပါတယ်။ မုန်းသူလည်း ရှိတယ်။ ရန်သူလည်း ရှိပါတယ်။ အသက် ၇၀ ကျော်ပေမဲ့ ပုထုဇဉ်က ပုထုဇဉ်ပါပဲ။ ဘယ်လောက်ပဲ အရေထူလာပြီ သည်းခံခွင့်လွှတ်တတ်ပြီ ပြောပြော ခွင့်မလွှတ်နိုင်တာမျိုးတွေလည်း ရှိပါတယ်။ လူတိုင်းကို စိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်လည်း သဘောမထားနိုင်ပါဘူး။ ချစ်သူရှိသလို မုန်းသူလည်း ရှိတယ်။ မိတ်ဆွေရှိသလို ရန်သူလည်း ရှိတယ်။ ခွင့်လွှတ်နိုင်သူ ရှိသလို ခွင့်မလွှတ်နိုင်သူလည်း ရှိတယ်။

**အစိကနဲ့ သာမည**

အသက်အရွယ်နဲ့ အတွေ့အကြုံက သင်ပေးလို့ ငယ်စဉ်ကလောက်တော့ မုန်းသူရန်သူ မများတော့ဘူး။ ရန်သူဖြစ်သွားနိုင်တဲ့ မိတ်ဆွေမျိုး ရှိသလို၊ မိတ်ဆွေဖြစ်လာနိုင်တဲ့ ရန်သူလည်း ရှိတယ်ဆိုတာကို သဘောပေါက်သွားတဲ့အတွက် တချို့ကို ခွင့်လွှတ်နိုင်ပြီး တချို့ကို မိတ်ဆွေဖွဲ့နိုင်လာတယ်။ ခွင့်မလွှတ်နိုင်တဲ့ ရန်သူထဲမှာတောင် အန္တရာယ် အပေးဆုံး အစိက ရန်သူနဲ့ လတ်တလော အန္တရာယ်မပြုနိုင်တဲ့ သာမညရန်သူ ဆိုပြီး ခွဲခြားတတ်လာတယ်။ အဲဒါကြောင့် ငယ်စဉ်ကလောက် ရန်သူ မများတော့ဘူး။ နည်းသွားတယ်။

**အမြဲတမ်းရန်သူ မရှိ**

ငယ်စဉ်ကတော့ ကိုယ်နဲ့ အယူအဆမတူသူ မှန်သမျှကို ရန်သူလို့ သဘောထားပြီး မီးကုန်ယမ်းကုန် တိုက်ခိုက်ဖို့ တစ်ခုတည်းပဲ သိတယ်။ ညှိနှိုင်းတာတွေ၊ ဧ့စပ်ဆွေးနွေးတာတွေ နားမလည်ဘူး။ ရန်သူကို ဘယ်တော့မှ လက်ဆွဲ နှုတ်မဆက်ဘူး။ အသက်ကြီးလာတော့ အယူအဆ မတူတာနဲ့ ရန်သူလို့ သဘောမထားသင့်တဲ့ သဘောကို သိလာတယ်။ နိုင်ငံရေးမှာ အမြဲတမ်းရန်သူဆိုတာ မရှိသလို အမြဲတမ်းမိတ်ဆွေ ဆိုတာလည်း မရှိ ဆိုတာကို နားလည်သွားတယ်။ ကမ္ဘာမကြေ ရန်သူတွေ ဖြစ်ခဲ့ကြတဲ့ ဗီယက်နမ်နဲ့ အမေရိကန်တို့ ဒီနေ့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်နေကြသလို တရုတ်နဲ့ အမေရိကန်လည်း ရွှေလမ်းငွေလမ်း ခင်းနေကြတာ လက်တွေ့ မြင်တွေ့နေရတာပဲ။

**ခေတ်သစ်နေအေး**

အဲဒီသဘောတရားတွေကို အထိုက်အလျောက် သဘောပေါက် နားလည်လာတော့ ငယ်စဉ်ကလောက် ရန်မများတော့ဘဲ မိတ်ဆွေများလာတယ်။ နောက်ဆုံး ဇကာ(ဆန်ကာ)တင် စစ်ကြည့်လိုက်တော့ ခါးခါးသီး



မုန်းတီးတဲ့ ရန်သူ နှစ်မျိုးတည်းပဲ ရှိတော့တယ်။ 'ဘယ်သူသေသေ **ငတော** **မာ** ပြီးရော'ဆိုတဲ့ သဘောနဲ့ ဘယ်သူ့ကိုမှ မထောက်မညှာ တစ်ကိုယ်**တော်** **ကောင်း**စားရေးအတွက် ဘာမဆိုလုပ်တဲ့ လူစားမျိုးက ပထမအမျိုး**အစား** **ရန်**သူ ဖြစ်တယ်။ ဒုတိယကတော့ အများအကျိုး မျက်နှာဖုံးစွပ်၊ ပရဟိတ ဆိုတဲ့ ဆိုင်းဘုတ်ထောင်၊ နိုင်ငံရေးကောင်းစားရေးလို့ အမြှုပ်တ**စီစီ** ထွက်အောင် ပြောပြီး နောက်ကွယ်က ကိုယ်ကျိုးရှာ ချမ်းသာအောင်လုပ်တဲ့ ခေတ်သစ် 'နေအေး' လူစားမျိုးတွေ ဖြစ်တယ်။

**မျောက်လွှဲကျော်လို**

ဒီလူစားနှစ်မျိုးက သူတို့ အကျိုးရှိဖို့ဆိုရင် ဘယ်သူ့မျက်နှာမှ မထောက်ဘူး။ သူ့လူ ကိုယ့်ဖက်သားလိုလို၊ ကိုယ့်လူ သူ့ဖက်သားလိုလိုနဲ့ နှစ်ဖက်ချွန်လုပ်လေ့ ရှိတယ်။ အခွင့်အရေး ပေးနိုင်တဲ့ဖက်ကို မျက်နှာချို သွေးပြီး ကိုယ်ကျိုးရှာရင်းနဲ့ အခြားတစ်ဖက်ကိုလည်း မေတ္တာ စေတနာ ရှိသလိုလို ဟန်ဆောင်တတ်တယ်။ နာရီချိန်သီးလို၊ မျောက်လွှဲကျော်လို ဟိုဘက်ဒီဘက် အမြဲ ကူးပြောင်းလေ့ရှိတယ်။ ဒီလိုလူစားတွေကို ဗိုလ်ချုပ်အောင်ဆန်းကတော့ ပွင့်ပွင့်လင်းလင်းပဲ 'ဆိတ်လစိလိုလူတွေ'လို့ ခေါ်တယ်။

**လွန်လွန်းအားကြီးလို့**

လူဆိုတာ ကိုယ်ကျိုးကြည့်တတ်တဲ့သဘာဝ ရှိတာကို သဘောပေါက်လို့ တော်ရုံတန်ရုံဆို မပြောပါဘူး။ 'ခေတ်သစ်နေအေး'နဲ့ 'ငတော' လူစားတွေကတော့ လွန်လွန်းအားကြီးလို့ ပြောတာပါ။ ရှက်ရကောင်းမှန်း မသိ၊ ကြောက်ရကောင်းမှန်း မသိကို ဖြစ်နေကြလို့ပါ။ ကိုယ့်ဟာကိုယ် ချမ်းသာအောင်လုပ်တာ၊ ကိုယ့်ဟာကိုယ် စီးပွားရှာတာကို အပြစ်မတင်ပါဘူး။ ကိုယ်က မဟုတ်တာလုပ်ထားရင် ငြိမ်ငြိမ်ကုပ်ကုပ်နေပေါ့။ အခုတော့ မဟုတ်ပါဘူး။ မဟုတ်တာလုပ်တဲ့ လူကပဲ '**တက်ထောင်မောင်းနှင်း**' နဲ့ သူတို့လောက် တိုင်းပြည်ချစ်တဲ့သူ မရှိတော့ဘူးဆိုတဲ့ အပေါက်မျိုး ချိုးပြီး တိုင်းပြည်တစ်ခုလုံး ချောက်ထဲက မထွက်နိုင်အောင် လုပ်နေကြလို့ ပြောနေရတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**မေတ္တာနဲ့ မထိုက်တန်သူတွေ**

မြန်မာလူမျိုးတစ်ယောက်ဖြစ်လို့ မေတ္တာ၊ စေတနာတရားများရဲ့ တန်ဖိုးကို သိပါတယ်။ အတတ်နိုင်ဆုံး ကျင့်ကြံ ပွားများပါတယ်။ ဒါပေမဲ့ လူ့လောကမှာ နှစ်ပေါင်း ၇၀ နေခဲ့တဲ့ အတွေ့အကြုံက မေတ္တာတရားကို နားမလည်တဲ့၊ မေတ္တာနဲ့ မထိုက်တန်တဲ့ ဒေဝဒတ်လို၊ အဇာတသတ်လို၊ ဟစ်တလာလို လူစားတွေ လောကကြီးမှာ အနမတဂ္ဂ မရေမတွက်နိုင်အောင် အများကြီးရှိတယ် ဆိုတာကို သင်ပြပေးခဲ့တယ်။ မေတ္တာရှင် ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင်မှ ခက်ထန်ကြမ်းကြုတ်လှတဲ့ နန္ဒောပနန္ဒ နဂါးကို ရင်ဆိုင်ရတဲ့အခါမှာ ပြုမြဲလမ်းစဉ်အတိုင်း တရားပြ ဆုံးမတော်မမူဘဲ သူ့ထက်ကြီးမားတဲ့ အင်အားကိုသုံးပြီး မာန်စွယ်ကျိုးအောင် ဆုံးမဖို့ ရှင်မဟာမောဂ္ဂလန် ကိုယ်တော်ကြီးကို စေခိုင်းတော်မူခဲ့တယ် မဟုတ်ပါလား။

**ဘုရားရှင်ရဲ့နည်း**

အဲဒါကြောင့် ခေတ်သစ်နေအေးလို၊ ငတေလို လူစားမျိုးတွေကိုတော့ မေတ္တာတန်ဖိုးကို သူတို့နားလည်နိုင်တဲ့ အသိဉာဏ် ပညာ အရည်အချင်း ရှိတယ်လို့ မယုံပါဘူး။ ဒီလိုလူစား နှစ်မျိုးကိုတော့ အဓိကရန်သူလို့ပဲ ပြတ်ပြတ်သားသား သဘောထားပါတယ်။ နန္ဒောပနန္ဒ နဂါးမင်းကို ချုတ်တော်မူတဲ့ ဘုရားရှင်ရဲ့နည်းလမ်းအတိုင်းပဲ လိုက်နာဆောင်ရွက်ရပါမယ်။

၁၃၊ ၁၊ ၂၀၁၁

# တိုယ်ကျိုးရှာသတင်းများနဲ့ မအပ်စပ်တဲ့ အလုပ်

လတ်တလော ထုတ်ဝေနေတဲ့ ဂျာနယ်ပေါင်း ၁၇၀ လောက်ရှိတယ်လို့ သိရတယ်။ အဲဒီ ၁၇၀ လောက်ထဲက စတုတ္ထမဏ္ဍိုင်နဲ့ အကျုံးဝင်တဲ့ သတင်းဂျာနယ်ပေါင်း ၆၀ လောက် ရှိတယ်။ ကျန်တဲ့ ၁၀၀ ကျော်ထဲမှာ ပညာရပ်ဆိုင်ရာ ကွန်ပျူတာ၊ အိုင်တီ၊ စီမံခန့်ခွဲရေး၊ ကျန်းမာရေး စတဲ့ ဂျာနယ်တွေကလွဲရင် ပေါ့ပ်၊ မှုခင်း၊ ဂမ္ဘီရ၊ အားကစား စတဲ့ ဖျော်ဖြေရေးတွေ ဖြစ်ကြတယ်။

**အခါမလပ် စောင့်ကြည့်**

သတင်းဂျာနယ် ၆၀ လောက်ပဲ စတုတ္ထမဏ္ဍိုင်ထဲမှာ အကျုံးဝင်တယ်လို့ ဆိုခဲ့လေတော့ နည်းပညာဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ပေါ့ပ်နဲ့ မှုခင်းဆိုင်ရာ ဂျာနယ်တွေကို စတုတ္ထမဏ္ဍိုင်ထဲ ထည့်သွင်းမထားဘူးလားလို့ မေးစရာရှိတယ်။ ဟုတ်ကဲ့၊ ထည့်မထားပါဘူးလို့ပဲ ဖြေရပါလိမ့်မယ်။ ဘယ်နိုင်ငံမှာမဆို သတင်းစာနဲ့ သတင်းဂျာနယ်၊ မဂ္ဂဇင်းများကိုပဲ စတုတ္ထမဏ္ဍိုင်ထဲ ပါဝင်တယ်လို့ သတ်မှတ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ လုပ်ရပ်တွေကို နေ့စဉ် အခါမလပ် စောင့်ကြပ်ကြည့်ရှုပြီး နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးကို အစီရင်ခံ တင်ပြတဲ့ တာဝန်ကို ထမ်းဆောင်နေရတဲ့အတွက် ဖြစ်တယ်။ ဒါကြောင့် သတင်းစာနဲ့ သတင်းမီဒီယာတွေကို 'အိမ်စောင့်ခွေး' (watch dog)လို့ ခေါ်ခဲ့ကြတာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဘ၀ချင်း မတူ**

စတုတ္ထမဏ္ဍိုင်ထဲမှာ အကျုံးမဝင်ဘူးလို့ ဆိုတဲ့အတွက် ကျန်တဲ့ဟာတွေက အလကားပဲ၊ အသုံးမကျဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားကဏ္ဍများ အရေးကြီးသလို ဖျော်ဖြေရေးလည်း လိုအပ်တယ်။ ဒါပေမဲ့ အဲဒီကဏ္ဍများရဲ့ သဘာဝက အဓိက မဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြပ်ကြည့်ရှုတဲ့ 'watch dog' သဘာဝ မဟုတ်ဘူး။ သတင်းစာနဲ့ သတင်းမီဒီယာ လုပ်ငန်းတွေကသာ စောင့်ကြည့်ပြီး ပြည်သူကို အစီရင်ခံ တင်ပြတဲ့အလုပ်ကို လုပ်တာဖြစ်လို့ စတုတ္ထမဏ္ဍိုင်လို့ခေါ်တာ ဖြစ်တယ်။

**လူသူတော်ကောင်းကြီးတွေ**

စတုတ္ထမဏ္ဍိုင်လို့ သတ်မှတ်ထားတဲ့အတွက် သတင်းမီဒီယာအလုပ်ဟာ အင်မတန်မှကို တာဝန်ကြီးတယ်။ နိုင်ငံသားတိုင်း လိုက်နာကျင့်ကြံရတဲ့ နိုင်ငံသားကျင့်ဝတ်အပြင် အင်မတန် တင်းကြပ်တဲ့ သတင်းသမားကျင့်ဝတ်တွေကိုလည်း လိုက်နာစောင့်ထိန်းရတယ်။ သတင်းသမား ကျင့်ဝတ်တွေကို အတိအကျ အမှန်အကန် လိုက်နာစောင့်ထိန်းနိုင်ရင် အဲဒီပုဂ္ဂိုလ်ဟာ အလွန့်အလွန် ဖြူစင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သတ်မှတ်နိုင်ပါလိမ့်မယ်။ ဆရာ ဂျာနယ်ကျော်ဦးချစ်မောင်လို၊ ဆရာ လူထုဦးလှလို ပုဂ္ဂိုလ်များဟာ လူတွေကြားမှာ အင်မတန်ရှားတဲ့ လူသူတော်ကောင်းကြီးတွေပါ။ အင်မတန် ထူးချွန်ထက်မြက်တဲ့ သတင်းစာဆရာကြီးများလည်း ဖြစ်ကြတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးက ဒီခေတ်မှာ ရှားတယ်။ ကမ္ဘာမှာကို ရှားတာ။ တော်သူတွေ ပေါပါတယ်။ တော်လည်းတော်ပြီး လူသူတော်ကောင်းကြီးတွေလို့လည်း ခေါ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးကတော့ တွေ့ဖို့မလွယ်ပါဘူး။

**လူတော်ဆိုတာ**

လူတော်လူကောင်းလို့ ပြောတဲ့အခါမှာ အကျယ် ဝိတ္ထာရချဲ့ပြီးပြောဖို့ နည်းနည်းတော့ လိုအပ်တယ်။ လူတော်ဆိုတာနဲ့ ပတ်သက်လို့ကတော့ ပြောစရာမရှိပါဘူး။ ပညာရပ်နယ်ပယ်တစ်ခုခုမှာ ထူးထူးချွန်ချွန် ကျွမ်းကျင် တတ်မြောက်ထားသူကို လူတော်လို့ ခေါ်ကြတာပါပဲ။ နိုင်ငံ၊ လူမျိုး ကွဲပြား ခြားနားမှု မရှိ။ စံနှုန်း တစ်ခုတည်းပါပဲ။ တောင်အာဖရိကနိုင်ငံသား



နလုံးအစားထိုး ခွဲစိတ်ကုသမှုလုပ်ခဲ့တဲ့ ဆရာဝန်ကြီး ဒေါက်တာ ခရစ္စတီယန် ဘားနာ့ဒ်ဟာ အမေရိကန် ရောက်တော့လည်း နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး အဖြစ် အသိအမှတ် ပြုကြတာပါ။ အင်္ဂလန်က တွေးခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆဲလ်ကို ကမ္ဘာတစ်ခုလုံးကလည်း တွေးခေါ်ပညာရှင်ကြီးအဖြစ် လေးစားကြပါတယ်။

**လူကောင်းဆိုတာ**

လူကောင်း ဆိုတာကျတော့ ပြောစရာ နည်းနည်းရှိလာတယ်။ ဘာကြောင့်လဲဆိုတော့ လူကောင်းလို့ သတ်မှတ်တဲ့နှုန်းစံက လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ နိုင်ငံတစ်ခုနဲ့တစ်ခု မတူကြလို့ ဖြစ်တယ်။ အလွယ်ဆုံး ဥပမာ ပေးရရင် အရက်ကိစ္စကို ပြချင်တယ်။ အရက်သောက်တာကို ကမ္ဘာ့ လူမျိုးတိုင်းလိုလိုက အပြစ်ကြီးတစ်ခုလို့ မယူဆကြတော့ဘူး။ အရက် သောက်တတ်လို့ လူကောင်းမဟုတ်ဘူးလို့ မသတ်မှတ်ဘူး။ ဗုဒ္ဓဘာသာ သက်ဝင်ကျင့်သုံးတဲ့ မြန်မာလူမျိုးတွေကတော့ အရက်သောက်တာကို အပြစ်ကြီးတစ်ခု၊ သီလပျက်ယွင်းမှုတစ်ခုလို့ သဘောထားတယ်။ အရက်သောက်သူကို လူကောင်းလို့ မမြင်နိုင်ကြဘူး။ ဘုရားဂေါပက ရွေးရင် တခြား စရိတ္တပိုင်းမှာ ဘယ်လောက်ကောင်းကောင်း အရက်သေစာ သောက်စားသူဆိုရင် ဝင်ရောက်အရွေးခံခွင့်တောင် မရှိပါဘူး။ ဂေါပကအဖွဲ့တိုင်းရဲ့ စည်းမျဉ်းမှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားကြတယ်။

**တောင်ပေါ်မြေပြန့် ခြားနားမှု**

ဒါပေမဲ့ မြန်မာပြည်မှာလည်း တောင်ပေါ်နဲ့ မြေပြန့် မတူတာမျိုးတော့ ရှိသေးတယ်။ မြေပြန့်သားတွေက အရက်သောက်တာကို သီလပျက်ယွင်းမှု အဖြစ် ရှုမြင်ပေမဲ့ အလွန်ချမ်းအေးတဲ့ တောင်ပေါ်ဒေသတွေမှာတော့ ဒီလို မမြင်တော့ဘူး။ အအေးဒဏ်ကိုကာကွယ်ဖို့ လူကြီး၊ လူငယ် ကျားမ မရွေး အရက်သောက်ကြတယ်။ အနောက်နိုင်ငံတွေမှာလည်း ဒီလို ကွဲပြားမှုတွေ ရှိကြတာပဲ ဖြစ်တယ်။ အင်္ဂလိပ် ဘောလုံးသမားတွေ အိမ်ထောင်ဖက် အပေါ် သစ္စာမစောင့်မှုကြောင့် ပြဿနာဖြစ်ရတဲ့သတင်းတွေ အမြဲမပြတ် သတင်းစာတွေမှာ ဖတ်နေရတယ်။ အင်္ဂလိပ်တွေက ဒီကိစ္စကို တော်တော် ရေးကြီးခွင်ကျယ် သဘောထားတယ်။ ပြင်သစ် ဘောလုံးလောကမှာတော့



www.burmeseclassic.com

www.burmeseclassic.com

ဒါမျိုးတွေကို သတင်းစာတွေက ရေးကြီးခွင်ကျယ်လုပ်ပြီး ရေးလေ့မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြင်သစ်နိုင်ငံမှာက အိမ်ထောင်ဖက်အပြင် ချစ်သူ (Lover) ထားတာမျိုးက မဆန်းတော့တဲ့ကိစ္စအဖြစ် သဘောထားကြလို့ ဖြစ်တယ်။ ယောကျ်ား၊ မိန်းမ ဘယ်သူမဆို 'ချစ်သူ'ထားကြတာပဲလို့ ပြောလေ့ရှိတယ်။

**မတားပါဘူး**

အတိအကျ အခိုင်အမာပြောချင်တာ တစ်ခုတော့ရှိတယ်။ မြန်မာလူမျိုးအဖြစ်နဲ့ မြန်မာနိုင်ငံမှာ နေထိုင်သမျှ ကာလပတ်လုံး မြန်မာလူမျိုးတို့ရဲ့ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံတွေနဲ့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းလိုက်နာရမယ် ဆိုတဲ့အချက် ဖြစ်တယ်။ မြန်မာ့ရိုးရာဓလေ့တွေဟာ တောကျတယ်၊ ခေတ်မမီတော့ဘူး၊ မလိုက်နာနိုင်ဘူးဆိုရင်လည်း ရပါတယ်။ ခေတ်ရှေ့ပြေးတဲ့ နိုင်ငံတွေမှာ သွားနေပါ။ မတားပါဘူး။ မနှမြောပါဘူး။ မြန်မာနိုင်ငံမှာနေတဲ့ မြန်မာတစ်ယောက်ဖြစ်ပြီး 'အငယ်လေး'တွေ တစ်မြို့တစ်ယောက် စပွန်ဆာလုပ်ထားတာမျိုးတော့ မနှစ်သက်ပါဘူး။ မြို့လယ်ခေါင် ပလက်ဖောင်းမှာ ဝတ်လစ်စလစ်နဲ့ 'ပါဖောမင့်'လုပ်ကြတာမျိုးလည်း လက်မခံနိုင်ပါဘူး။

**မျက်စိရှက်လို့**

အထက်မှာပြောခဲ့တဲ့ စတုတ္ထမဏ္ဍိုင်ကိစ္စမှာလည်း နိုင်ငံနဲ့ လူမျိုးအလိုက် ကွဲပြားခြားနားတဲ့နှုန်းစံတွေ ရှိကြတယ်။ သတင်းသမားဆိုတာ အဖြစ်မှန် သတင်းမှန်ကို အတိအကျ အမှန်အကန် ရေးသားတင်ပြရတယ်။ ဒါပေမဲ့ နိုင်ငံနဲ့လူမျိုးရဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှုအလိုက် ခြားနားချက်တော့ ရှိကြတယ်။ မှုခင်းသတင်းတစ်ပုဒ်ကို ဖော်ပြရာမှာ အနောက်နိုင်ငံများက မှုခင်းကျူးလွန်သူရော၊ ကျူးလွန်ခံရသူအမည်ကိုပါ နာမည်၊ လိပ်စာအတိအကျ ဖော်ပြလေ့ ရှိတယ်။ ဂျပန်နိုင်ငံမှာတော့ သတင်းမီဒီယာ အများစုက နာမည်နဲ့ လိပ်စာနေရာမှာ ကွက်လပ်ထား ဖော်ပြကြတယ်။ အနောက်နိုင်ငံသတင်းစာတွေမှာ မျက်နှာဖုံးသတင်းအဖြစ် အသားပေး ဖော်ပြလေ့ရှိတဲ့ သတင်းတချို့ဆိုရင် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ရေးသားဖော်ပြဖို့ ဆိုတာထား။ ဖတ်ရမှာတောင် မျက်စိရှက်လို့ ကျော်ဖတ်သွားရတယ်။



စာနယ်ဇင်းကျင့်ဝတ်နဲ့ ပတ်သက်လို့ မကြာခဏ လာမေးကြတဲ့ သူငယ်တွေကို မြန်မာနိုင်ငံမှာ စာနယ်ဇင်းသမားကောင်းတစ်ယောက် အခေါ်ခံရဖို့က နိုင်ငံခြားမှာထက် ပိုခက်တဲ့အကြောင်း အမြဲပြောပြဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာရဲ့ ဩဇာရိပ်ကြီးမားတဲ့ နိုင်ငံဖြစ်တော့ မြန်မာတွေက 'သီလ'ပိုင်းကို သိပ်အလေးထားတဲ့အတွက် ဖြစ်တယ်။

**ဈေးထုတ နှုန်းစံ**

မြန်မာစာနယ်ဇင်းသမား လူငယ်များအတွက် ကျွန်တော်တို့ငယ်စဉ်က ဦးလေးလူထုဦးလှနဲ့ ဒေါ်ဒေါ် လူထုဒေါ်အမာတို့ အမြဲတမ်း သွန်သင်ဆုံးမခဲ့တဲ့ အချက်လေးတချို့ကို စဉ်းစားရသမျှ ပြန်ရေးပြပါမယ်။ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ရဲ့ သတင်းစာဆရာကောင်းနှုန်းစံ ဆိုပါတော့။

ဦးလေးနဲ့ ဒေါ်ဒေါ်က ကျွန်တော်တို့ သတင်းစာအလုပ် စလုပ်ကတည်းက မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဘီဂျေအေ)က ချမှတ်ထားတဲ့ သတင်းစာဆရာကျင့်ဝတ်များကို သေသေချာချာ ဖတ်ခိုင်းမှတ်ခိုင်းပါတယ်။ ပြီးတော့မှ အဲဒီထဲမပါတဲ့ သူတို့ကိုယ်ပိုင်နှုန်းစံတွေကို ပြောပြဆုံးမပါတယ်။ နောင်လည်းပဲ ကြုံရင်ကြုံသလို ဆုံးမပါတယ်။ လူငယ်တွေ သိကြရအောင် မှတ်မိသမျှ နံပါတ်စဉ်ထိုး ဖော်ပြပေးပါမယ်။

**ကျင့်ဝတ်များ**

၁။ မှန်တဲ့သတင်းဖြစ်ပေမဲ့ ဘယ်သူ့အတွက်မှ အကျိုးမဖြစ်စေဘဲ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းရုံသက်သက်သာ ဖြစ်စေတဲ့သတင်းမျိုး မရေးနဲ့။

၂။ မမှန်တာကို မမှန်မှန်းသိလျက်နဲ့ ရေးသားဖော်ပြခြင်း မပြုနဲ့။

၃။ ကိုယ်ရေးတဲ့သတင်း မှားသွားရင် သိသိချင်း အမှားပြင်ဆင်ချက်ကို သိသာထင်ရှားတဲ့နေရာမှာ ထည့်ပေးရမယ်။ စာဖတ်ပရိသတ်နဲ့ ထိခိုက်နစ်နာဖွယ်ရှိသူ မှန်သမျှကို တောင်းပန်ရမယ်။

၄။ စီးပွားရေးသမားများရဲ့ ကြော်ငြာကို သတင်းအဖြစ်ရေးတာ၊ ဆောင်းပါးအဖြစ်ရေးတာမျိုး မလုပ်နဲ့။

၅။ ဘယ်သံရုံးညစာခံပွဲမှ မတက်နဲ့။ သံရုံးတွေကပေးတဲ့ ဘာလက်ဆောင်မှ လက်မခံနဲ့။ သတင်းစာရှင်းလင်းပွဲလုပ်တဲ့ ကိစ္စကလွဲရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သံရုံးကိုမှ ဝင်ထွက်သွားလာ မလုပ်နဲ့။ သံရုံးတွေကပေးတဲ့ ဘယ်လို သင်တန်းမျိုးကိုမှ မတက်နဲ့။

၆။ ဘယ်နိုင်ငံရေးပါတီမှ မဝင်နဲ့။ ဘယ်နိုင်ငံရေးပါတီကိုမှ စပွန်ဆာ မလုပ်နဲ့။ ဘယ်နိုင်ငံရေးပါတီကပေးတဲ့ ထောက်ပံ့ကြေးမှ မယူနဲ့။

၇။ ကံမွဲသူ ဆင်းရဲသားများကို နှိမ့်ချတာ၊ ပြက်ရယ်ပြု လှောင်ပြောင်တာ လုံးဝမလုပ်နဲ့။

၈။ သတင်းစာကို အကြောင်းပြုပြီး ဘယ်လိုလူပုဂ္ဂိုလ် အဖွဲ့အစည်းမျိုးဆီကမှ အခွင့်ထူး၊ အကျိုးထူးများ တောင်းခံခြင်း၊ ရယူခံစားခြင်း မလုပ်နဲ့။

၉။ အရက် မသောက်နဲ့။ အိမ်ထောင်ရေးဖောက်ပြားမှု လုံးဝမရှိစေနဲ့။

၁၀။ သတင်းနဲ့ သတင်းဓာတ်ပုံကို အကြောင်းပြုပြီး ပိုက်ဆံရှာခြင်း၊ အကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အပေးအယူလုပ်ခြင်း လုံးဝ မလုပ်နဲ့။

## တိုက်တွင်းကျင့်ဝတ်

အခုဖော်ပြခဲ့တာတွေက လူကြီးသူမတွေက ကျွန်တော်တို့ကို ဆိုဆုံးမခဲ့တာတွေပါ။ လူထုသတင်းစာရဲ့ တိုက်တွင်းကျင့်ဝတ်လို့ ဆိုရမှာပါ။ တခြားတိုက်တွေနဲ့ မတူတာတွေလည်း ရှိပါတယ်။ ဥပမာ – အရက်မသောက်နဲ့ ဆိုတဲ့ကိစ္စ။ ဒါကတော့ ဦးလေးလှရဲ့ ကိုယ်ပိုင်ကျင့်ဝတ် ဖြစ်တယ်။ သူက အရက်မသောက်၊ ဆေးလိပ်မသောက်ပါဘူး။ သူ့မိတ်ဆွေရင်းချာတွေကတော့ သောက်ကြတယ်။ ကျွန်တော့်ဦးကြီး ရွှေဥဒေါင်းလည်း သောက်ပါတယ်။ ဦးလေးလှရဲ့ သားသမီး ၅ ယောက်နဲ့ မြေး ၆ ယောက်စလုံး အရက်ရော၊ ဆေးလိပ်ရော မသောက်ကြပါဘူး။

## သာသနာပြုနဲ့တူတဲ့ အလုပ်

အရက်သောက်တာကြောင့် စာနယ်ဇင်းသမားကောင်းတစ်ယောက် မဟုတ်ဘူးလို့ မပြောနိုင်ပါဘူး။ အရက်လုံးဝမသောက်ပေမဲ့ တခြားနည်းမျိုးစုံနဲ့ ပျက်စီးနေတဲ့ စာနယ်ဇင်းသမားတွေလည်း အများကြီးရှိပါတယ်။ အဓိကအကျဆုံးကတော့ စာနယ်ဇင်းသမားအလုပ်ကို ခုတုံးလို အသုံးချပြီး ကိုယ်ကျိုးစီးပွားရှာတဲ့ အလုပ်မျိုး မလုပ်ဖို့ ဖြစ်ပါတယ်။ စာနယ်ဇင်း



အလုပ်ဆိုတာ သာသနာပြုလုပ်ငန်းနဲ့တူတဲ့ မွန်မြတ်တဲ့အလုပ် ဖြစ်တယ်။ ကိုယ်ကျိုးရှာသမားများနဲ့ လုံးဝမအပ်စပ်တဲ့အလုပ် ဖြစ်တယ်လို့ပဲ ဆိုလိုက်ချင်ပါတယ်။

၂၆၊ ၁၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# စည်းရုံးရေးဆိုတာ နားမလည်ကြသေးဘူး

နိုင်ငံရေး ဆိတ်သုဉ်းလုနီးပါး အခြေအနေမျိုးနဲ့ နှစ်ပေါင်း ၅၀ လောက် နေခဲ့ကြရလေတော့ နိုင်ငံရေးသမား မျိုးဆက်ပြတ်သလို ဖြစ်သွားတယ်။ နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်လို့ရတဲ့ခေတ်ကို သိမီခဲ့သူတွေနဲ့ နိုင်ငံရေးသမားကြီးတွေ ရှိတန်သလောက် ရှိနေသေးပေမဲ့ ၈၀ ကျော်၊ ၉၀ အရွယ်တွေ ဖြစ်ကုန်ကြပြီဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါကြရှာတော့ဘူး။

## ကြေညာချက်တွေ ဝေကြ

၂၀၁၀ နိုဝင်ဘာ ၇ ရက်မှာ ရွေးကောက်ပွဲလုပ်မယ်လို့ အစိုးရက ကြေညာပြီး ပါတီတွေ ဖွဲ့စည်းတည်ထောင်ခွင့် ပေးလိုက်တဲ့အခါမှာ တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ အသေးအရောင်တူသူတွေ စုပေါင်းပြီး ပါတီထောင်ကြတယ်။ တိုင်းရင်းသား လူမျိုးစုတွေကလည်း သူတို့ဒေသ၊ သူတို့လူမျိုးကို အခြေခံပြီး ပါတီထောင်ကြတယ်။ အဲဒီနောက်တော့ ထုံးစံအတိုင်း မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေ လုပ်ကြတယ်။ အများအားဖြင့်တော့ ကြေညာချက်တွေရိုက်ပြီး ရပ်ကွက်ထဲ လိုက်ဝေကြတယ်။ လူစုလူဝေးနဲ့ တရားပွဲတွေ ဘာတွေ သိပ်မလုပ်နိုင်ကြဘူး။ ပါတီတွေအတွက် ကောင်းသွားတာက ဂျာနယ်တွေ တစ်ရာ့လေးငါးဆယ်လောက် ရှိနေတာ ဖြစ်တယ်။

## ဂျာနယ်တွေ တာဝန်ကျေ

ဂျာနယ်တွေက ပါတီတွေနဲ့ အမတ်လောင်းတွေအကြောင်း ပြည်သူလူထုသိအောင် အမျိုးမျိုး သတင်းပေးကြတယ်။ လူငယ် ဂျာနယ်သမားတွေ တာဝန်ကျေကြတယ်။ ကျေးဇူးတင်စရာ သိပ်ကောင်းတယ်။ ဂျာနယ်တွေက



တတဖြစ်အောင် ကြိုးစားကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော် ...ဓိစုံခေတ်ကလို မလိုတဲ့ပါတီ အဖွဲ့အစည်းကို နည်းလမ်းမျိုးစုံသုံးပြီး ...ပ်ချတာမျိုး ကင်းရှင်းကြတယ်။ ပုပ်လို့ပေါ်လာတဲ့ ပါတီနဲ့ လူပုဂ္ဂိုလ် ...တွေကိုတောင် ဖုံးဖုံးဖိဖိနဲ့ သက်သက်ညှာညှာ ရေးကြတာ တွေ့ရတယ်။

## စည်းရုံးရေးဆိုတာ နားမလည်ကြ

သတင်းသမားတစ်ယောက်အနေနဲ့ စောင့်ကြည့် လေ့လာရင် ဘာ ...ားတွေ့ရလဲဆိုတော့ နိုင်ငံရေးပါတီတွေနဲ့ အမတ်လောင်းတွေအားလုံး ...ွယ်တာပဲလုပ်တတ်ပြီး စည်းရုံးရေး မလုပ်နိုင်ကြဘူးဆိုတဲ့ အားနည်းချက် ...တယ်။ တော်တော်များများက စည်းရုံးရေးဆိုတာကို နားမလည်ကြတာ။ ...ကြေညာချက် စာရွက်စာတမ်းတွေ ဝေတာနဲ့ တရားဟောတယ်ဆိုတာက ...ွယ်တာပဲ။ စည်းရုံးတာ မဟုတ်ဘူး။ စည်းရုံးတယ်ဆိုတာက ရွေးကောက်ပွဲ ...ပွဲအတွက် တစ်ပွဲတိုးလုပ်တာ မဟုတ်ဘူး။ ကိုယ့်ပါတီကို နှစ်နှစ်ကာကာ ...ကြည်ထောက်ခံတဲ့ အမာခံပါတီဝင်တွေ ဖြစ်အောင် လုပ်ရတာဖြစ်တယ်။ ...ယ့်ပါတီရဲ့ မူဝါဒ လမ်းစဉ်တွေကို ကြေကြေညက်ညက် နားလည်ပြီး ...ပေါင်းပါဝင် ဆောင်ရွက်လိုသူတွေ ဖြစ်လာအောင် လုပ်ရတာ ဖြစ်တယ်။

## ...ာခံမဟုတ်ဘူး

မဲဆွယ်စဉ်ကာလမှာ ရွေးကောက်ပွဲနိုင်ရင် ဘာလုပ်ပေးပါ့မယ်ဆိုတဲ့ ကြေညာချက်ကို သဘောကျပြီး မဲထည့်တဲ့ မဲဆန္ဒရှင်ဆိုတာက ကိုယ့်အတွက် ...ချရတဲ့ အမာခံအဖြစ် ယူဆလို့မရဘူး။ နောက်တစ်ယောက်က ကိုယ့် ...က် သာအောင် လုပ်ပေးပါ့မယ်ပြောရင် ပြောတဲ့ဘက်ကို ပါသွားမှာပဲ။ ...မဟုတ် ရှေး ဖဆပလခေတ်က ပျူစောထီးတွေလို သေနတ်ပြပြီး ...ောက်ရင်လည်း ကြောက်လို့ ပါသွားမှာပဲ။ ဘယ်လို အန္တရာယ်မျိုးမဆို ...ဆိုင်ပြီး ကိုယ်ယုံကြည်တဲ့ ပါတီဘက်က ရပ်တည်မယ်ဆိုတာက ပါတီရဲ့ ...ဝါဒ လမ်းစဉ်ကို နှစ်နှစ်ကာကာ ယုံကြည်လို့ ဝင်လာတဲ့ ပါတီဝင်တွေသာ ...တယ်။

## ...ည်မခံဘဲ ထည့်ဝင်

အဲဒီလိုပါတီဝင်မျိုး များများရအောင် စည်းရုံးနိုင်တာကို စည်းရုံးရေး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်လို့ ခေါ်တယ်။ သူတို့က မူဝါဒကို ယုံကြည်တဲ့အတွက် ဝင်ကြေးတို့၊ လစဉ်ကြေးတို့ပေးပြီး ဝင်လာကြတယ်။ အခွင့်အရေးလိုချင်လို့ ဝင်ကြတာ မဟုတ်ဘူး။ ကိုယ့်အိတ်ထဲက ပိုက်ဆံထုတ်ပြီး ဝင်လာကြတာ။ အနောက်နိုင်ငံတွေမှာ 'Paid member' လို့ခေါ်တဲ့ အဲဒီလို ပါတီဝင်မျိုးတွေကိုမှ အမာခံလို့ သတ်မှတ်နိုင်တယ်။ ပါတီရန်ပုံငွေလိုတယ် ဆိုရင်လည်း သူတို့က ဝိုင်းရှာပေးကြတယ်။ နိုင်ငံရေးခေတ်မှာ နိုင်ငံရေးပါတီတွေဟာ ဒီနည်းနဲ့ပဲ ရပ်တည်ကြတယ်။ ပါတီက စည်းရုံးရေးကောင်းရင် ကောင်းသလောက် ရန်ပုံငွေ တောင့်တောင့်တင်းတင်း ရှိလာမယ်။ သူဌေးသူကြွယ်တွေကလည်း မူကြိုက်လို့ဖြစ်ဖြစ်၊ လူကြိုက်လို့ဖြစ်ဖြစ် အလုံးအရင်းနဲ့ ထည့်ဝင်လေ့ရှိတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းသူတွေ ရှိသလို မူဝါဒ၊ သို့မဟုတ် လူကိုကြိုက်လို့ အမည်မခံဘဲ ထည့်ဝင် လှူဒါန်းသူတွေလည်း ရှိပါတယ်။

## လူထုက မဏ္ဍိုင်

စည်းရုံးရေးလုပ်တယ်ဆိုတာ ကိုယ့်မူဝါဒ လမ်းစဉ်ကို လူတွေ သိအောင် ချပြပြီး လူထုထောက်ခံမှု များသထက်များအောင် လုပ်ခြင်း ဖြစ်တယ်။ လူထုထောက်ခံမှု အပြည့်အဝ အခိုင်အမာရှိတဲ့ ပါတီ၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်ဟာ ရှင်သန် ရပ်တည်မှုအတွက် ဘာမှ ပူစရာမလိုဘူး။ အမာခံ ပါတီဝင်တွေနဲ့ လူထုက ကျောရိုးမဏ္ဍိုင်အဖြစ် နောက်က အမြဲထောက်ခံ ရပ်တည်ပေးမှာ ဖြစ်တယ်။ အရေးအကြီးဆုံးအချက်က ကိုယ် ကိုင်စွဲတဲ့ မူဝါဒ လမ်းစဉ်တွေဟာ လူထုရဲ့ လိုအပ်ချက်နဲ့ တစ်ထပ်တည်းကျဖို့ပဲ ဖြစ်တယ်။ ဆန္ဒစွဲ အားကြီးပြီး ခြေလှမ်းက ရှေ့ကို သိပ်ကျွံနေလို့ မဖြစ်သလို နှေးကွေးထုံထိုင်းပြီး လူထုရဲ့နောက်မှီးဆွဲ လုပ်နေလို့လည်း မဖြစ်ဘူး။ လူထုနဲ့ အမြဲတမ်း တစ်သားတည်း ရှိနေရမယ်။

## တစ်သွေးတစ်သံ၊ တစ်မိန့်

ဒီတစ်ကြိမ် ရွေးကောက်ပွဲမှာတော့ စည်းရုံးရေးသဘော နားမလည်ရုံသာ မဟုတ်သေးဘူး။ တော်တော်များများက မူဝါဒလမ်းစဉ် ဆိုတာတောင် ဘာမှန်း မသိကြတာ တွေ့ရတယ်။ ဒါလည်း သူတို့ကို အပြစ်မတင်ပါဘူး။ နှစ်ပေါင်း ၅၀ နီးပါး ကာလတစ်လျှောက်လုံးက နိုင်ငံရေးတို့၊ စည်းရုံးရေးတို့ လုပ်ခဲ့ကြရတာ မဟုတ်လေတော့ တစ်သွေးတစ်သံ၊ တစ်မိန့်ဆိုတာ တစ်ခု



တည်းကိုသာ သိခဲ့ကြရတာကိုး။ ၁၉၆၂ ခုနှစ်ကစပြီး ဒီနေ့အထိ တိုင်းပြည်ကို အုပ်ချုပ်နေခဲ့တာက တပ်မတော်အစိုးရ မဟုတ်လား။ အဲဒီတော့လည်း စစ်တပ်သဘာဝအတိုင်း ထက်အောက်ကို နာခံရတဲ့ အမိန့်ပေးစနစ်နဲ့ပဲ အုပ်ချုပ်ခဲ့တာပေါ့။ ဘယ်နိုင်ငံက၊ ဘယ်စစ်တပ်မှ ဒီမိုကရေစီနည်းနဲ့ အုပ်ချုပ်တယ်ဆိုတာ မရှိပါဘူး။ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။ စစ်တပ်နဲ့ ဒီမိုကရေစီဆိုတာ မြဒါးတစ်လမ်း သံတစ်လမ်းပါ။

## ပြည်သူက ရှေ့အများကြီးရောက်

တပ်မတော်အစိုးရက ဒီမိုကရေစီလမ်းစဉ်ကို သွားမယ်ဆိုပြီး ပါတီတွေ ထောင်ခွင့်ပေး၊ ရွေးကောက်ပွဲ ကျင်းပပေး လုပ်ခဲ့ပေမဲ့ ထူထောင်လိုက်တဲ့ နိုင်ငံရေးပါတီတွေ ကိုယ်တိုင်က နိုင်ငံရေးဆိုတာ ဘာမှန်း သိပ်သိကြသေးတာ မဟုတ်ဘူး။ အားလုံးသော ပါတီတွေက ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးဆိုတဲ့ ယေဘုယျမူဝါဒကိုသာ ပြောနိုင်ကြတယ်။ ဘယ်လို ဒီမိုကရေစီလဲ၊ ဘယ်ပုံစံနဲ့ ဈေးကွက် စီးပွားရေးလဲဆိုတဲ့ တိကျရေရာတဲ့ လမ်းစဉ်မျိုး ချပြနိုင်တာ မရှိပါဘူး။ ဒီနေ့ မဲဆန္ဒရှင် ပြည်သူလူထုက နိုင်ငံရေး ပါတီတွေထက် ရှေ့ကို အများကြီးရောက်နေတယ်။ ဒီမိုကရေစီဆိုတာ ဘယ်လို ဒီမိုကရေစီမျိုးလဲ၊ ယိုးဒယား ဒီမိုကရေစီမျိုးလား၊ အရှေ့အလယ်ပိုင်းက ဘုရင်တွေနဲ့ စော်ဘွားတွေရဲ့ ဒီမိုကရေစီမျိုးလားဆိုတာ အတိအကျ သိချင်ကြတယ်။

## ယေဘုယျနဲ့ မလုံလောက်

ဈေးကွက်စီးပွားရေးမှာလည်း ဂျပန်တို့၊ အမေရိကန်တို့က ပုံစံလား၊ တရုတ်က ဈေးကွက်စီးပွားရေးပုံစံလား၊ ဗီယက်နမ်ပုံစံလားဆိုတာ ရေရေရာရာ သိချင်ကြတယ်။ ဘယ်ပါတီကမှ အဲဒီလို တိတိကျကျ ရေရေရာရာ ပြောနိုင်တာ မတွေ့ရပါဘူး။ ပြည်သူလူထု တစ်ရပ်လုံးက ယုံကြည်ကိုးစားနိုင်တဲ့ ပါတီတစ်ခုဖြစ်ဖို့ဆိုရင် အခုလို ယေဘုယျပြောနေရုံနဲ့ မလုံလောက်ပါဘူး။ တိကျရေရာတဲ့ မူဝါဒ လမ်းစဉ်တွေ ချပြနိုင်ဖို့ လိုတယ်ဆိုတဲ့ အကြောင်း ပြောလိုက်ရပါတယ်။

၂၊ ၂၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

# ယုန်နှစ်မှာ ယုန်သားစားခြင်း

တရုတ်ပြက္ခဒိန်အရ ဒီနှစ်က ယုန်နှစ် ဖြစ်တယ်။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် တရုတ် နှစ်သစ်ကူးနေ့မှာ ယုန်သား လက်ဆောင်ရတယ်။ မန္တလေးက မိတ်ဆွေတစ်ယောက်က နေပြည်တော်ကအပြန် လမ်းမှာတွေ့လို့ ဝယ်လာခဲ့ပြီး ကားဂိတ်ကတစ်ဆင့် ပို့လိုက်တာ။ မနှစ်ကလည်း သူပို့ပေးလို့ နှစ် ၅၀ လောက်အတွင်း ပထမဆုံး အကြိမ်အဖြစ် ယုန်သား စားလိုက်ရတယ်။ ဘုတလင်ကရလို့ ပို့လိုက်တာတဲ့။

**တိုင်း၍ရက်တဲ့ ပက္ကလာ**

သူက မန္တလေးသားစစ်စစ်ဆိုတော့ အညာစာတွေ ကြိုက်တတ်တယ်။ တစ်ခါတလေ တယ်လီဖုန်းထဲကနေပြီးတောင် အညာစာတွေ အကြောင်း သူပြောတာ နားထောင်ရင်း သွားရည်ကျရတယ်။ ညက်ညက်ကလေးနဲ့ အပြောလည်း ကောင်းတယ်။ သူ ယုန်သားပို့တဲ့နေ့မှာပဲ နှမတွေကလည်း ထုံးစံအတိုင်း အညာစာတွေ ဘူးကြီးတစ်ဘူးနဲ့ ပို့လိုက်တော့ တိုင်း၍ရက်တဲ့ ပက္ကလာဆိုသလို ဖြစ်သွားတယ်။ နှမတွေ ပို့တဲ့အထဲမှာက တမာရွက်နဲ့ ထနောင်းရွက်ပါသလို ခွေးတောက်ရွက်လည်း ပါတယ်။ တဖောင်းခါးလည်း ပါတယ်။ ပဲနဲ့ ဆီးသီးလည်း ပါတယ်။ ပဲမြစ်နဲ့ ခေါ်ပုတ်တောင် မကျန်ဘူး။ နည်းနည်းနဲ့ စုံအောင် ထည့်ပေးလိုက်တာလို့ ပြောပေမယ့် တစ်မျိုးတစ်မျိုးကို နည်းတာမဟုတ်ဘူး။ တစ်ဆင့်တောင် ပြန်ပြီး ခွဲဝေပေးရသေးတယ်။

**ယုန်သားနဲ့ ခွေးတောက်ရွက်ဟင်းချို**

တိုင်း၍ရက်တဲ့ ပက္ကလာလို့ ပြောလိုက်တာက ယုန်သားနဲ့ ခွေးတောက်



ရွက် သိပ်ပြီးလိုက်ဖက်လို့ပါ။ ယုန်သားပြုတ်တဲ့အရည်ထဲကို ခွေးတောက်ရွက်ကလေးခပ်ပြီး သောက်ရတဲ့အရသာက သိပ်ကောင်းတာ။ ပြုတ်ထားတဲ့ ယုန်သားကိုထောင်းပြီး ကြက်သွန်နီပါးပါးလှီး၊ ဆီရွှဲရွဲလေးနဲ့ စားရတာကလည်း ဘာနဲ့မှ မတူအောင် အရသာရှိလှပါတယ်။ ယုန်သားက ကြက်သားထက် နူးညံ့ပြီး ပိုချိုတယ်။ ချက်စား၊ ကြော်စား၊ ပြုတ်ထောင်းကြော်စား အမျိုးမျိုး စားလို့ရတယ်။ အဲဒီနေ့ကတော့ ယုန်သားထောင်း၊ ခွေးတောက်ရွက် ဟင်းချို၊ ပဲနှပ်၊ မရမ်းသီးထောင်း၊ ထနောင်းရွက်သုတ်နဲ့ အညာပြန်ရောက်နေသလို အောက်မေ့ရတယ်။

**လပေါ်က ယုန်လို**

ရန်ကုန်ရောက်ကတည်းက ယုန်သားကို ခဏခဏ သတိရနေတယ်။ မနှစ်ကမှ မိတ်ဆွေရဲ့ကျေးဇူးကြောင့် စားရတာ။ ဒီနှစ် ယုန်နှစ်မှာလည်း ယုန်သားစားရတော့ လပေါ်က ယုန်ကလေးလို အသက်ရှည်မယ့်ပုံပဲ။ ထမင်းစားရင်းကနေ ငယ်ဘဝကို ပြန်ပြီးတွေးမိတယ်။ ငယ်ငယ်တုန်းက တရုတ်တန်းဈေးမှာ ယုန်သားရလေ့ရှိတယ်။ ယုန်သားကို ထောင်းဖို့ အသားကို နွှင်တော့ ထွက်လာတဲ့ အရိုးတွေကို ဟင်းချိုအိုးထဲ အမေက ပစ်ထည့်တတ်တယ်။ ဟင်းချိုက ပိုချိုတာပေါ့။ မရမ်းသီးမပေါ်တဲ့အချိန် ဆိုရင်တော့ မန်ကျည်းသီးထောင်းနဲ့လည်း လိုက်ဖက်ပါတယ်။ မန်ကျည်းသီးထောင်းပေါ်မှာ ပင်စိမ်းရွက်ကလေးတွေ အုပ်လိုက်ရင် အနံ့ကလေး မွှေးနေတာပေါ့။

**အဆောင်တွေထဲ ပြေးဝင်လာကြ**

ရန်ကုန်မှာတော့ ယုန်သားစားလေ့ မရှိကြဘူး။ ရောင်းတာလည်း မတွေ့ဖူးဘူး။ မွေးဖို့ရောင်းတဲ့ ယုန်တွေပဲ ရှိတယ်။ ပေါပေါမရလို့ မစားတတ်ကြတာ ထင်ပါရဲ့။ မန္တလေးမှာတော့ ငယ်စဉ်က တော်တော်ပေါတယ်။ မန္တလေးတက္ကသိုလ်ရဲ့ ယောကျ်ားလေးအဆောင် နှစ်ဆောင်ဖြစ်တဲ့ အောင်မင်္ဂလာဆောင်နဲ့ ရွှေပြည်အေးဆောင် ဆောက်ပြီးစကဆို အဆောင်ထဲကို ယုန်ကလေးတွေ ပြေးပြေးလာတတ်တယ်။ အဆောင်တွေရဲ့ အရှေ့ဖက်မှာက လယ်ကွင်းတွေနဲ့ ထန်းတောတွေ ရှိတာကိုး။ ယုန်လိုက်ရှံလောက်တော့ အဝေးကြီးသွားစရာ မလိုဘူး။ တက္ကသိုလ်ဝန်းကျင်မှာတင် ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဆင်အုပ်နဲ့ တိုး**

သေနတ်ပစ် ဝါသနာမပါပေမဲ့ တောလည်တာ ဝါသနာပါလို့ သူငယ်ချင်းတွေ တောပစ်ထွက်ရင် လိုက်လေ့ရှိတယ်။ ပလိပ်လောက် ထွက်လိုက်ရုံနဲ့ တောဝက်ကောင်းကောင်းပစ်လို့ရတယ်။ မတွေ့တဲ့အခါ မရှိသလောက်ပဲ။ ထုံးဘိုတို့၊ ရွှေစာရံတို့ဘက်ထွက်ရင် တောဝက်သာမက ဒရယ်တို့၊ ဂျီ(ချေ)တို့ပါ ရတယ်။ တစ်ခါကဆို နားမြှောင်းကျချောင်းဖျားမှာ သူငယ်ချင်းတွေက ဂျီလိုက်ချောင်းနေတုန်း တစ်ယောက်တည်း သရက်သီး လိုက်ကောက်နေမိတယ်။ သရက်တောကြီးက နေပြောက်တောင် မထိုး ဘူး။ ကြွေကျတဲ့ သရက်ကင်းကလေးတွေ လိုက်ကောက်နေတုန်း ဆင် လေးငါးကောင်အုပ်နဲ့တိုးလို့ ပြေးရတာ ကောင်းကောင်းမှတ်မိနေသေးတယ်။ ၂၁ မိုင်ဝန်းကျင်မှာ တစ်ခါတလေ ကျားတွေ့ရတယ်။ အဲဒီအချိန်က မေမြို့ (ပြင်ဦးလွင်)အတက် တောင်ကြောတွေမှာ ရေထွက်ကလေးတွေ၊ စမ်းချောင်း ကလေးတွေက သိပ်ပေါတာ။

**မုဆိုးလည်း သူ့စရိုက်နဲ့သူ**

ရေထွက်ကလေးတွေနေရာမှာ သားကောင်မျိုးစုံ ရေသောက်လာလေ့ ရှိတယ်။ တောပစ်သူတွေက ရေထွက်နေရာက စောင့်ပြီးပစ်ရုံပဲ။ သူငယ်ချင်း တွေက တောဝက်ကိုပဲ ရှာကြတာများတယ်။ ဝက်မရမှ ဒရယ်တို့၊ ဂျီ(ချေ) တို့ ပစ်ကြတယ်။ မုဆိုးလည်း သူ့စရိုက်နဲ့သူ သေနတ်ကိုင်ပြီး မည်းမည်း မြင်တိုင်း လျှောက်ပစ်နေတာ မဟုတ်ဘူး။ ကိုယ်တိုင်ကတော့ တောလည် လိုက်နေပေမဲ့ လေသေနတ်တောင်ပစ်ဖူးတာ မဟုတ်ဘူး။ ငယ်စဉ်ကလည်း လေးခွတောင် မကိုင်ဖူးဘူး။ တောလည်ရတာကို ပျော်တာ။ တောထဲ ရောက်ရင် ဆီးသီးခူးမယ်၊ သရက်သီးကောက်မယ်၊ မရမ်းသီးကောက်မယ်၊ ဒါပဲ။

**မိဘမဲ့ ဝက်ဝံလေးနှစ်ကောင်**

တစ်ခါက ထုံးဘိုတို့၊ ကျောက်ချောတို့ဘက် တောလည်ရင်း မိဘမဲ့ ဝက်ဝံလေးနှစ်ကောင် တွေ့ခဲ့ရတာကို မှတ်မိသေးတယ်။ ဝက်ဝံလေးတွေက တစ်လသားအရွယ်လောက်ပဲ ရှိဦးမယ်နဲ့ တူပါတယ်။ ဝက်ဝံမကြီးက တစ်ယောက်ယောက်လက်ချက် မိသွားပုံရပါတယ်။ ဝက်ဝံလေးနှစ်ကောင်ကို



ယူလာပြီး သူငယ်ချင်းတစ်ယောက်အိမ်မှာ နို့ဘူးတိုက် မွေးထားကြတယ်။ သိပ်လိမ္မာပြီး သိပ်ချစ်စရာကောင်းတယ်။ နောက်တော့ ဒီကောင်တွေက ဆိုးမအကောင်ကြီးတွေ ဖြစ်လာတယ်။ အန္တရာယ်ဖြစ်မှာ စိုးရိမ်ရတယ်လို့ ပြောလွန်းမက ပြောကြတာကြောင့် နောက်ဆုံးမှာ သူငယ်ချင်းတစ်သိုက် ကျောက်ဆည်ဘက်က မြို့ကြီး ဒေါင်းမီးအထိ ယူသွားပြီး မျက်ရည်စက်လက် နဲ့ လွှတ်ပစ်ခဲ့ကြရတယ်။

**သမိုင်းဆောင်းပါးလို**

ယုန်သားထောင်းနဲ့ ခွေးတောက်ရွက်ဟင်းချို စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောင်းအောက်မေ့ လွမ်းဆွတ်နေမိတာ ဖြစ်ပါတယ်။ အခုခေတ်လူငယ်တွေ ဖတ်မိရင်တော့ သမိုင်းဆောင်းပါးတစ်ပုဒ် ဖတ်ရသလို အောက်မေ့နေကြပါလိမ့်မယ်။ အခြေအနေတွေက ဆက်စပ် ညီလို့ မရနိုင်လောက်အောင်ကို ပြောင်းလဲသွားကြပြီ မဟုတ်လား။ လူ့ သမိုင်းမှာ ပြောင်းလဲမှုဆိုတာ လိုအပ်ချက်တစ်ခု ဖြစ်တယ်။ တားဆီးလို့မရတဲ့ အရာတစ်ခုလည်း ဖြစ်တယ်။ ဒါပေမဲ့ ပြောင်းလဲမှုတိုင်းဟာ ကောင်းတယ် လို့တော့ သတ်မှတ်လို့မရဘူး။ ကောင်းတဲ့ ပြောင်းလဲမှုရှိသလို မကောင်းတဲ့ ပြောင်းလဲမှုလည်း ရှိတယ်။

**ဆင်နဲ့ လူ ဘယ်သူက ကျူးကျော်တာလဲ**

မကြာမီကပဲ တောဆင်ရိုင်းတွေ အန္တရာယ်ပြုလို့ အင်းတကော်နားမှာ လူနှစ်ယောက် သေဆုံးသွားတဲ့သတင်း ဖတ်ရတယ်။ မြစ်ဝကျွန်းပေါ်ဘက်မှာ လည်း ရွာနားပတ်ဝန်းကျင်ကို တောဆင်ရိုင်းတွေ ဝင်ရောက်နှောင့်ယှက်တဲ့ သတင်းတွေ ဖတ်ရတယ်။ ကလောအတက် ယင်းမာပင်နားမှာလည်း တော ဆင်ရိုင်းတွေ ဝင်ရောက်လာတဲ့သတင်းတွေ ဖတ်ရတယ်။ တောဆင်ရိုင်း တွေ ဝင်ရောက်နှောင့်ယှက်တယ်လို့ သတင်းတွေက ဆိုတယ်။ လူတွေရဲ့ နေရပ်ရွာထဲကို ဆင်တွေကလာပြီး နှောင့်ယှက်တာလား။ ဆင်တွေနေတဲ့ တောကြီးထဲကို လူတွေက ဝင်ရောက်ကျူးကျော် နေထိုင်ကြတာလားဆိုတာ စဉ်းစားကြဖို့ ကောင်းတယ်။ တောအုပ်ကြီးတွေအဖြစ်ကနေ လူနေရပ်ရွာတွေ အဖြစ် ပြောင်းလဲသွားခြင်းရဲ့ရလဒ် မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

**လူတွေကိုယ်တိုင် လုပ်တာ**

ဒီနေ့ ကမ္ဘာ့နေရာအနှံ့အပြားမှာ အပူလွန်ကဲလိုက်၊ အအေးလွန်ကဲလိုက်၊ ရေကြီးလိုက်၊ မုန်တိုင်းတိုက်လိုက်၊ လျှော်လှုပ်လိုက်၊ မီးတောင်ပေါက်ကွဲလိုက်နဲ့ သဘာဝ အန္တရာယ်ဆိုးကြီးတွေ နေ့စဉ်နေ့တိုင်း မကြားရတဲ့နေ့ တစ်နေ့မှ မရှိပါဘူး။ ဒီအန္တရာယ်ဆိုးကြီးတွေ အများစုက လူသားတွေ ကိုယ်တိုင် ဖန်တီးခဲ့ကြတာ ဖြစ်တယ်။ ဒါကို လူတိုင်းလိုလို သိနေကြတယ်။ မသိလို့ လုပ်နေကြတာ မဟုတ်ဘူး။ တောထဲက ဆင်တွေက လူနေရပ်ရွာထဲ ဝင်ရောက်ကျူးကျော်တာလား။ လူတွေကပဲ ဆင်တွေနေတဲ့ တောအုပ်ကြီးကို ဖျက်ဆီးပြီး ကျူးကျော် နေထိုင်ကြတာလားဆိုတာ ရှင်းနေတာပဲ။ လူတိုင်း သိတယ်။ ဒါပေမဲ့ လူတွေက ဆင်ခြင်ကြသလား။ ပြုပြင်ကြသလား။ ရှောင်ကြဉ်ကြသလား။ အဲဒါကြောင့် ရေးဖြစ်ဟောင်းတွေ ပြန်ပြီး ပြောနေရတာပါ။

၉၊ ၂၊ ၂၀၁၁။



# အတ္တာယိ၊ အတ္တနော၊ နတ္တော

အိမ်ထဲက အိမ်ပြင်မထွက်ဘဲနဲ့ ကံကောင်းထောက်မပြီး ကောင်းမှုကုသိုလ်တစ်ခုပြုဖို့ အခွင့်အရေးတစ်ခု ရလိုက်ပါတယ်။ အင်မတန် ရင်းနှီးကျွမ်းဝင်တဲ့ ဦးပဥ္စင်းတစ်ပါး တစ်နေ့မှာ ရောက်လာပြီး မာကြောင်းသာကြောင်း မေးပါတယ်။ ပြီးတော့မှ တိုင်ပင်ချင်တာလေးတစ်ခု ရှိပါတယ်။ ဆရာ ပြန်မပြောပါနဲ့ မောနေပါမယ်။ ဦးပဥ္စင်းပြောတာပဲ နားထောင်ပေးပါလို့ ပြောပါတယ်။

**ကျောင်းကလေး ပိတ်မှာစိုးလို့**

ဦးပဥ္စင်းက ပရဟိတ စိတ်အားထက်သန်မှု အင်မတန်ကြီးမားပါတယ်။ ချင်းတောင်သွားပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းလည်း လုပ်ခဲ့ဖူးတယ်။ အခုလည်း ပရဟိတ ကျောင်းလေးတစ်ကျောင်း ပိတ်ရတော့မလို ဖြစ်နေလို့ အကြံဉာဏ်လာတောင်းတာပါ။ ကျောင်းလေးက ဆရာတော်တစ်ပါး စတင်တည်ထောင်ခဲ့တာ ဖြစ်တယ်။ တည်ထောင်သူ ဆရာတော်ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ကျောင်းသူကျောင်းသား ၁၂၀ လောက်အထိ တက်ရောက် သင်ကြားနေကြတယ်။ သူငယ်တန်းက ရှစ်တန်းအထိ အစွယ်စုံ ရှိတယ်။ ဆရာ၊ ဆရာမ ငါးယောက်ကိုလည်း ဆရာတော်က လစဉ် တတ်နိုင်သမျှ ထောက်ပံ့ခဲ့တယ်။ ရွာကလည်း တတ်စွမ်းသမျှ စာအုပ်၊ ဘောပင်၊ ခဲတံကအစ ဝေယျာဝစ္စတွေ ကူညီပါတယ်။ ဒါပေမဲ့ အများစုက မချောင်လည်ကြတော့ ဆရာတော်ကိုပဲ အလုံးစုံ အားကိုးနေကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**စာမေးပွဲတွေ နီးခါမှ**

ဖြစ်ချင်တော့ ဆရာတော်က ရုတ်တရက် အမှတ်မထင် ပျံလွန်တော်မူသွားတယ်။ ကျောင်း အကျိုးတော်ဆောင်အဖွဲ့က ကြိုးစားပြီး ထိန်းသိမ်းပေမဲ့ အလှူငွေရှာနိုင်တဲ့ ဆရာတော် မရှိတော့ဘူးဆိုတော့ အခက်တွေ့လာတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှစ်လအတွက် ဆရာ ဆရာမတွေကို ထောက်ပံ့ငွေပေးဖို့တောင် မရှိတော့ဘူး ဖြစ်လာတယ်။ မလွှဲမရှောင်သာ ကျောင်းပိတ်လိုက်ရတော့မယ်။ ဒီအချိန်မှာ ပရဟိတလုပ်ငန်း စိတ်ထက်သန်သူ ဦးပဋ္ဌင်းနဲ့ တွေ့ခဲ့ကြရတာ ဖြစ်တယ်။ ဦးပဋ္ဌင်းက စာမေးပွဲတွေနီးခါမှ မပိတ်လိုက်ကြပါနဲ့ဦး၊ နည်းလမ်းရှာပါဦးမယ်လို့ ပြောပြီး လာရောက်တိုင်ပင်တာပါ။

**တက္ကသိုလ်ရောက် ၁၂ ယောက်**

ပထမတော့ ဦးပဋ္ဌင်းက အဲဒီရွာနဲ့ ၇ မိုင်ကွာလောက်မှာရှိတဲ့ မြို့မှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်တစ်ဦးနဲ့ အရင်တိုင်ပင်တယ်။ ဆရာဝန်က အပြည့်အဝတော့ မတတ်နိုင်လို့ လစဉ် ငွေတစ်သိန်းလှူပါမယ်လို့ စေတနာ သဒ္ဓါတရား ထက်သန်စွာနဲ့ တာဝန်ယူလိုက်တယ်။ ဦးပဋ္ဌင်းက အားတက်သွားပြီး ဆက်ရှာဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။ အဲဒီနောက်ပိုင်း တိုင်ပင်နေကျဖြစ်တဲ့အတိုင်း အရင်ဆုံး လာရောက်တိုင်ပင် အကြံတောင်းတယ်။ ကျောင်းနဲ့ ကလေးတွေရဲ့ ဓာတ်ပုံတွေလည်း ပြတယ်။ ဒီကျောင်းလေးကနေ တစ်ဆင့်တက်ပြီး ဆယ်တန်းအောင်လို့ တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးနေတဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့စာရင်းလည်း ယူလာတယ်။ စုစုပေါင်း ၁၂ ယောက် ရှိတယ်။ ဒီကျောင်းကလေးသာမရှိရင် ဒီကလေးတွေ ဘယ် ဆယ်တန်းအောင်နိုင်မှာလဲ။

**စိတ်မကောင်းဖြစ်**

ကျောင်းကလေးကို တည်ထောင်သွားတဲ့ ဆရာတော်က တော်တော့်ကို ကြိုးစားပမ်းစား ဆောင်ရွက်သွားခဲ့တာ ဖြစ်တယ်။ ကျောင်းကလေးက သပ်သပ်ရပ်ရပ် လှပနေတယ်။ အရွယ်စုံ ကလေးတွေကလည်း ဖြူးထူး လန်းဆန်းနေကြတယ်။ ကလေးတွေရဲ့ ဓာတ်ပုံတွေကြည့်ရင်း စိတ်မကောင်း ဖြစ်လာတယ်။ ဒီကလေးတွေ ဒီလိုဆက်ပြီး ဖြူးထူး ပျော်ရွှင်နိုင်ကြပါဦး



တော့မလား။ စာမေးပွဲနီးလာမှ ကျောင်းပိတ်လိုက်ရရင် ကလေးတွေ စာမေးပွဲ ဘယ်လို ဖြေနိုင်ကြတော့မှာလဲ။ ကိုယ်တိုင် သင်တန်းကျောင်းလေးဖွင့်ပြီး စာသင်နေစဉ်ကလည်း ဒီလိုကိစ္စမျိုးတွေ မကြာခဏ ကြုံခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ သိပ်မပူရဘူး။ ကိုယ့်ကျောင်းသူ ကျောင်းသားတွေကို ပြောပြလိုက်ရုံနဲ့ တစ်ယောက်တစ်လက် ဝိုင်းဝန်းကူညီလိုက်ကြတာနဲ့ အားလုံး အဆင်ပြေသွားတာပဲ။

**အကြံပေးရုံနဲ့ မပြီးတော့**

အခုတော့ ကိုယ်ကလည်း ကျန်းမာရေးမကောင်းတော့ ကျောင်းဖွင့်၊ စာသင် မလုပ်နိုင်တော့ဘူး။ ကျောင်းသူ ကျောင်းသားတွေ မရှိတော့ ဘာဖြစ်ဖြစ် တစ်ယောက်တည်းပဲ ဖြေရှင်းရတော့တယ်။ အခု ကျောင်းကလေး ကိစ္စမှာလည်း ဦးပဋ္ဌင်းက လာပြီး အကြံတောင်းရုံသက်သက်ပါပဲ။ ဒါပေမဲ့ ဒီတိုင်းလို အကြံပေးလိုက်ရုံနဲ့ မပြီးဘူး။ လာပြောတာက ဒီဇင်ဘာလ။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီအတွက် ပေးစရာလခ မရှိတော့ဘူး။ ဒီတော့ ရက်ပိုင်းလေးအတွင်း ကျောင်းပိတ်ရတော့မယ့်အခြေအနေ ဖြစ်နေပြီ။ နောက်ဆုံးကျတော့ နောင်ကိစ္စ နောင်မှ စဉ်းစား။ ခု လောလောဆယ် ကျောင်းကလေး မပိတ်ရဖို့အတွက် နောက်ဆုံး နှစ်လစာအတွက်တော့ တပည့်တော်ပဲ တာဝန်ယူလိုက်မယ်။ ဒီနှစ်လပြီးရင် နွေရာသီ ကျောင်းပိတ်ရက်ဆိုတော့ အဲဒီအချိန်ကျမှ ဆက်ပြီးတိုင်ပင်ကြတာပေါ့လို့ ပရဟိတ ဦးပဋ္ဌင်းကို အာမခံလိုက်ရတယ်။

**အခွန်းတွေ အစီအရီ**

ဦးပဋ္ဌင်းလည်း ဝမ်းသာအားရဖြစ်ပြီး မနက်ဖြန်ပဲ ရွာကိုသွားပြီး ပြောပြမယ်။ ရွာက လူတွေရော၊ ကလေးတွေရော ဝမ်းသာကြမှာပဲလို့ ပြောပြတယ်။ သူပြန်တော့ ခြေလှမ်းတွေ ပေါ့ပါးသွက်လက်နေတာကို တွေ့လိုက်ရတယ်။ ကိုယ်တိုင်လည်း နေရင်းထိုင်ရင်း ကုသိုလ်ရလိုက်လို့ ဝမ်းသာမိတယ်။ ညဘက် အိပ်ရာထဲရောက်တော့ ဒီကိစ္စကို ဆက်ပြီးတွေးမိတယ်။ နောက်စာသင်နှစ်မှာ ဘယ်လို ဆက်လုပ်ရမလဲ၊ ကိုယ်က ဘယ် အတိုင်းအတာအထိ ကူညီနိုင်မှာလဲ၊ ဒီလို အလှူငွေကိုပဲ အားကိုးပြီး ဘယ်လောက်ကြာကြာ ဆက်သွားနိုင်မှာလဲ၊ တခြား ဘယ်နည်းနဲ့ ဖြေရှင်းရင် ဖြစ်နိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com

စတဲ့မေးခွန်းတွေ ခေါင်းထဲကို တစ်ခုပြီးတစ်ခု အစီအရီ ဝင်ရောက်လာကြတယ်။

**ဘီလ်ဂိတ်မောင်နှံ အလှူ**

တွေးရင်းတောရင်းနဲ့ အိပ်ရာမဝင်ခင် ကြည့်ခဲ့တဲ့ နိုင်ငံတကာသတင်းတွေထဲမှာ ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့ ကပ်ရောဂါဆိုးကြီးတွေ တိုက်ဖျက်ရေးအတွက် စီးပွားရေး လုပ်ငန်းရှင်ကြီးတွေက အလှူငွေများများထည့်ကြဖို့ ဘီလျံနာသူဌေးကြီး ဘီလ်ဂိတ်က ဆော်ဩလိုက်တာကို မျက်စိထဲ မြင်နေမိတယ်။ ဘီလ်ဂိတ် ဇနီးမောင်နှံ ကိုယ်တိုင်က သူတို့ချမ်းသာသမျှကို အလှူငွေထည့်ပြီး ဖောင်ဒေးရှင်းတစ်ခု ထူထောင်ခဲ့ကြတယ်။ ဒေါ်လာဘီလျံ ၅၀ လောက်ကို အခြေခံပြီး အာဖရိကတိုက်ကြီးမှာ ပုံအောလုပ်ဆောင်နေကြတယ်။ သာဓုခေါ်မိပါတယ်။

**နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ**

အင်တာဘေး ပပျောက်ရေးနဲ့ ကပ်ရောဂါဆိုးကြီးတွေ တိုက်ဖျက်ရေးအတွက် ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်း ဖွဲ့စည်းတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တယ်။ UNDP, UNESCO, FAO, WFP စတဲ့ အဖွဲ့အစည်းကြီးများနဲ့ ကမ္ဘာ့ဘဏ်နဲ့ IMF လို အဖွဲ့ကြီးတွေကလည်း ငွေဘီလျံပေါင်းများစွာ ပုံအောသုံးရုံမက ကျွမ်းကျင်သူ ပညာရှင်အများအပြားကိုလည်း စေလွှတ်ပေးခဲ့တယ်။ ခုဆိုရင် နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ အာဖရိကတိုက်ကြီး ငတ်မွတ်ခေါင်းပါးခြင်းဘေးက လွတ်ကင်းသွားပြီလား။

**ဆရာများ သားသေ**

အားလုံး သိကြတဲ့အတိုင်း ထူးမခြားနားပါပဲ။ အာဖရိကတိုက်ကြီးဟာ အမှောင်တိုက်ကြီးအဖြစ်က အခုထိ မလွတ်ကင်းသေးပါဘူး။ ထောက်ပံ့ပေးကမ်း လှူဒါန်းတဲ့ငွေတွေလည်း ဘီလျံတွေ ထောင်သောင်းချီနေပါပြီ။ ဒါပေမဲ့ ကြွက်တွင်းထဲ ရေလောင်းထည့်သလို ဘယ်ရောက်သွားမှန်း မသိအောင် ပျောက်ကွယ်သွားခဲ့ကြပါတယ်။ ပညာရှင်မျိုးစုံက သီအိုရီအမျိုးမျိုး ထုတ်ပြီး လက်တည့်စမ်းခဲ့တာလည်း ‘ဆရာများ သားသေ’ ဆိုသလို



ဆင်းရဲတွင်းထဲ ပိုပိုပြီး နစ်ဝင်သွားခဲ့ကြပါတယ်။ ဒေါ်လာတွေ ဘီလျံပေါင်းများစွာ ပေးကမ်းလှူဒါန်းခဲ့ကြတဲ့ နိုင်ငံကြီးတွေကတော့ ပေးလေလှူလေ ပိုပြီးချမ်းသာလေ ဖြစ်လာတာကိုတော့ သာမန်လူတစ်ယောက်အနေနဲ့ ဉာဏ်မမီလို့ မစဉ်းစားတတ်တော့ပါဘူး။

**ကိုယ့်အားကိုယ်ကိုး**

‘လှူဒါန်းပေးကမ်းခြင်းဖြင့် နိုင်ငံတစ်နိုင်ငံကို မကယ်တင်နိုင်ဘူး’ (Charity does not save a nation) ဆိုတဲ့စကားကို ကြားဖူးတယ်။ မှန်တယ်လို့လည်း ယုံကြည်တယ်။ ဘာမဆို ကိုယ်လုပ်မှ ကိုယ်ရတာလို့ ခံယူထားတယ်။ ‘အတ္တာဟိ၊ အတ္တနော၊ နတ္ထော’ဆိုတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမကို အကြွင်းမဲ့ လက်ခံထားတယ်။ အဲဒါကြောင့် ကူညီရမယ့် ကျောင်းကလေးကို အလှူရှင် မျှော်နေရတဲ့ အခြေအနေနဲ့ ရှိမနေစေချင်ဘူး။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်စေချင်တယ်။ အဲဒီတော့ ဘယ်လိုအကြံဉာဏ်မျိုး ပေးရမလဲ။ ဦးနှောက်ခြောက်အောင် စဉ်းစားရတယ်။

**ငွေမြှုရေး လုပ်ခိုင်းရမလား**

လစဉ် ထောက်ပံ့နေမယ့်အစား တစ်လုံးတစ်ခဲတည်း ငွေထုတ်ပေးပြီး လစဉ် ဝင်ငွေရမယ့် လုပ်ငန်းတစ်ခု ထူထောင်ပေးမလား။ တောရွာနဲ့ လိုက်ဖက်အောင် ဝက်မွေး၊ ကြက်၊ ဘဲမွေးတာ လုပ်ပေးမလား။ ဒါလည်း မဟုတ်သေးဘူး။ ဦးဆောင်လုပ်ကိုင်နေသူက ရဟန်းတော်တွေဖြစ်ပြီး ပရဟိတကျောင်းလေ။ တခြား စီးပွားရေးတွေလုပ်ဖို့ စဉ်းစားတာလည်း မဟန်ပါဘူး။ သံဃာတော်တွေကို လောကီလူမှုကိစ္စတွေထဲ ဆွဲမသွင်းသင့်ဘူး။ ရွာလူကြီးတွေနဲ့ ကျောင်းကော်မတီလက်ထဲအပ်ပြီး ပရဟိတကျောင်း ရန်ပုံငွေအတွက် စီးပွားရေးလုပ်ကြပါ ပြောရင်ရော . . .။ တောသူတောင်သားဆိုတာ ကိုယ့်မိသားစု တစ်ဝမ်းတစ်ခါးအတွက်တောင် အလုပ်နဲ့ဆက် မပြတ်အောင် လှုပ်ရှားရုန်းကန်နေကြရတာ မဟုတ်လား။ ရေရှည် ဘယ်သူမှ လုပ်နိုင်ကြမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

### ဝပ်ရှော့လုပ်မှ ဖြစ်မယ်ထင်

တစ်ရွာလုံး အိမ်ထောင်စုတိုင်း စားဝတ်နေရေးအတွက် မပူမပင်ရ အောင် လုပ်ပေးလိုက်မှပဲ ဖြစ်တော့မှာ။ အဲဒီတော့လည်း ပရဟိတကျောင်း ဘယ်လိုအပ်တော့မှာလဲ။ ကလေးတိုင်း မြို့ကျောင်းတက်နိုင်ပြီပေါ့။ စဉ်းစား ရင်း၊ စဉ်းစားရင်းနဲ့ မိုးသာ စင်စင်လင်းသွားတယ်။ အဖြေကတော့ ထွက် မလာသေးဘူး။ စတာစ်ဂလစ်ဖြစ်ဖြစ်၊ ဖရိုက်မင်းဖြစ်ဖြစ် နိုဘဲလ်ဆုရှင်ကြီး တစ်ယောက်ယောက်ကို ဖိတ်ပြီး ဝပ်ရှော့လုပ်မှ ဖြစ်တော့မယ် ထင်တာ ပါပဲ။

၁၆၊ ၂၊ ၂၀၁၁



## ဂျပန်ရောက် မြန်မာများအတွက် ဂုဏ်ပြုစကား

ဂျပန်ငလျင်ကြီးလှုပ်ပြီး သုံးရက်မြောက်နေ့မှာ တိုကျိုရောက် တပည့်မ တစ်ယောက်က ဖုန်းဆက်ပြီး ဘေးမသီ ရန်မခ ရှိနေတဲ့အကြောင်း သတင်း ပေးတယ်။ တိုကျိုမှာနေကြတဲ့ သူငယ်ချင်းတွေအားလုံးလည်း ဘာမှ မဖြစ် ကြဘူးလို့ ပြောကြတယ်။

### ဖုန်းလေးတစ်ဆက်ကြောင့်

ကျောင်းသူကျောင်းသား တပည့်တွေအများစုက တိုကျို၊ တိုင်ပေနဲ့ အမေရိကမှာ ရှိနေကြလေတော့ ငလျင်သတင်းကြားတာနဲ့ သူတို့တစ်တွေ အတွက် စိတ်ပူရတယ်။ အင်တာနက်နဲ့ ဖုန်းအဆက်အသွယ်တွေ ပြတ် တောက်နေတော့ ပူရုံအပြင် ဘာမှမတတ်နိုင်ဘူး။ မိသားစုတချို့ကလည်း စိတ်ပူပြီး အဆက်အသွယ်များ ရသလားလို့ လှမ်းမေးကြတယ်။ တပည့်မ လေးက ဖုန်းဆက်အကြောင်းကြားလို့ ဝမ်းသာရသလို ကျေးဇူးလည်း တင်မိတယ်။ လက်လှမ်းမီရာ မိသားစုများကိုလည်း မြန်မာတွေ ဘေးမသီ ရန်မခ ရှိကြတဲ့အကြောင်း သတင်းကောင်းပါးရတယ်။ ဒါကြောင့် ဖုန်းဆက် တဲ့ တပည့်မကို ကျေးဇူးတင်မိတယ်လို့ ပြောရတာ ဖြစ်တယ်။ သူ့ဖုန်းလေး တစ်ဆက်က ကြောင့်ကြစိတ်တွေနဲ့ ပူပင်သောက ရောက်နေကြရှာတဲ့ မိသားစုပေါင်းများစွာရဲ့ ရင်တွေကို အေးသွားစေတယ်လေ။

### အရေးကြီးတော့ သွေးနီးကြ

ဒါတင် မကသေးပါဘူး။ တပည့်မ ဖုန်းဆက်ပြောတဲ့အထဲမှာ တိုကျို မှာရှိတဲ့ မြန်မာတွေ အတော်များများဟာ နီးစပ်ရာအချင်းချင်းစုပြီး မြန်မာ တွေ အနေများတဲ့ ရပ်ကွက်တွေကို လှည့်ပြီး သတင်းမေးကြတယ်။ လိုအပ်တဲ့ အကူအညီတွေ ပေးကြတယ်။ တချို့ကျတော့ ဂျပန် ရုပ်မြင်



www.burmeseclassic.com

www.burmeseclassic.com

သံကြားက ထုတ်လွှင့်ပေးနေတဲ့ ခါတ်ရောင်ခြည် ကာကွယ်ရေး သတိပေးချက်တွေကို မြန်မာလိုပြန်ပြီး မြန်မာရပ်ကွက်တွေကို လိုက်လံဖြန့်ဝေပေးနေကြတယ်။ ရထားတွေ၊ ဘတ်စ်ကားတွေ ဘာမှမရှိတော့ ခြေကျင်လျှောက်ဝေနေကြတယ်။ သိပ်ချီးကျူးဖို့ ကောင်းတယ်လို့ ပြောပြတယ်။ ဈေးဆိုင်တွေလည်း ဝယ်မရတော့လို့ တချို့ စားစရာပြတ်ကြတယ်။ အပိုရှိတဲ့ လူတွေက ဆန်နဲ့ ခေါက်ဆွဲခြောက်တွေ မျှဝေပေးကြတယ်။ တချို့များ သောက်စရာ ရေတောင် မရှိကြတော့ဘူးလို့လည်း ပြောပြပါတယ်။ အရေးကြီးတော့လည်း သွေးနီးကြသားပဲကိုးဆိုပြီး ဝမ်းသာပီတိ ဖြစ်ရတယ်။

## ဂုဏ်ယူရတဲ့စရိုက်

အချင်းချင်း သွေးစည်းကြရုံသာ မဟုတ်ဘူး။ စီးစရာ ယာဉ်ရထားမရှိလို့ အဝေးကြီး လမ်းလျှောက်ပြီး အိမ်ပြန်ကြရတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးအမေတွေ တွေ့ရင်လည်း မြန်မာတွေက အထုပ်ကူဆွဲပေး၊ ကလေးချီပေးနဲ့ တတ်နိုင်သမျှ ဝိုင်းကူကြလို့ ဂျပန်တွေကတောင် ချီးကျူး ကျေးဇူးတင်နေကြသေးတယ်လို့လည်း တပည့်မက ထည့်ပြောသွားသေးတယ်။ လူတစ်ဖက်သားကို ကြင်နာတတ်၊ စေတနာထားတတ်တဲ့ မြန်မာ့စရိုက်ကတော့ ခေတ်တွေ ဘယ်လောက်ပြောင်းပြောင်း ပြောင်းလဲမသွားပါလားလို့ တွေးပြီး အခြောက်တိုက် ဝင်ပြီး ဂုဏ်ယူလိုက်ရသေးတယ်။ အမျိုးဂုဏ်မြှင့်တင်ပေးတဲ့ လူငယ်တွေကို ချီးကျူးမိပါတယ်။

## ဓာတ်ရောင်ခြည် ယိုစိမ့်

ဂျပန်က တပည့်မ ဖုန်းချသွားပြီး မကြာမီမှာပဲ ဆန်ဖရန်စစ္စကိုမှာနေတဲ့ တပည့်တစ်ယောက်က ဖုန်းဆက်ပြီး ဂျပန်မှာ နျူကလီးယား ဓာတ်ပေါင်းဖိုတွေ မီးလောင်လို့ ဓာတ်ရောင်ခြည် ယိုစိမ့်နေပြီ။ အမြဲတမ်းဖွင့်ထားတဲ့ ပြတင်းပေါက်တွေ ပိတ်ထားပါ။ မိုးရွာရင် အိမ်သားတွေ အပြင်မထွက်ပါစေနဲ့။ မိုးရေအထိမခံပါနဲ့လို့ စိုးရိမ်တကြီး သတိပေးတယ်။ ဆူနာမီလှိုင်းလုံးကြီးတွေရဲ့ အရှိန်က သူတို့ ဆန်ဖရန်စစ္စကိုအထိ ရိုက်ခတ်တယ်လို့လည်း ပြောပြတယ်။ သူတို့ဆီမှာလည်း မုန်တိုင်းကြောက်ရ၊ တောမီးလောင်တာ ကြောက်ရနဲ့ နေလို့မကောင်းတော့ဘူးလို့လည်း ညည်းတယ်။ မြန်မာပြည်ကိုလွမ်းတယ် ဆရာလို့ တမ်းတရှာတယ်။



## တွံတေးသိန်းတန်အခွေ မှာ

သူ ဟိုရောက်နေတာ နှစ်အစိတ်လောက်ရှိပြီ။ ပြန်လာချင်တယ်လို့ ခဏခဏ ပြောပေမဲ့ ပြန်မလာနိုင်ပါဘူး။ ဟိုမှာ သားတွေ၊ သမီးတွေနဲ့ အခြေကျနေပြီဖြစ်တော့ ပြန်လာဖြစ်မယ် မထင်ပါဘူး။ ခဏတဖြုတ်အလည်သဘောလောက်သာ လာနိုင်တော့မှာပါ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က တစ်ခါ သူပြန်လာပြီး တစ်ပတ် ရဟန်းခံသွားသေးတယ်။ သူက ရန်ကုန်ပေါက် တရုတ်လူမျိုးပါ။ ဒါပေမဲ့ မြန်မာစာအဓိကနဲ့ ဘွဲ့ရပြီးမှ ထွက်သွားတာ ဖြစ်တယ်။ ဟိုရောက်ပြီး လေးငါးနှစ်လောက်ကြာတော့ လူကြုံတိုင်း တွံတေးသိန်းတန် အခွေတွေချည်း မှာလေ့ရှိတယ်။ အခုနောက်ပိုင်းကျတော့ တရားခွေတွေပါ ပို့ပေးပါလို့ မှာတတ်တယ်။ မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီးတဲ့ မြန်မာလူမျိုး မဟုတ်သူတွေတောင် မြန်မာပြည်ကို မလွမ်းဘဲ မနေနိုင်ပါလားလို့ တွေးမိပြီး သူတို့အားလုံးအတွက် စိတ်မကောင်းဖြစ်ရတယ်။

## ဩဘာနိမိတ်ထွန်း

မြန်မာလူမျိုးတွေသာ မြန်မာပြည်ကို လွမ်းတာ မဟုတ်ဘူး။ အကြောင်းအမျိုးမျိုးနဲ့ မြန်မာပြည်မှာ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် လာနေဖူးတဲ့ နိုင်ငံခြားသားတွေလည်း မြန်မာပြည်က မပြန်ချင်ကြဘူး။ မတတ်သာလို့ ပြန်သွားရရင်တောင် မြန်မာပြည်ကို အမြဲတမ်း တသသဖြစ်နေတတ်ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်လောက်က မြန်မာပြည်မှာနေခဲ့ဖူးတဲ့ နိုင်ငံခြားက မိတ်ဆွေတွေဆို ခုချိန်ထိ မြန်မာပြည်ကို လွမ်းလို့မဆုံးနိုင်ကြသေးဘူး။ အဆက်အသွယ် မပြတ် လုပ်ကြတယ်။ အခါအခွင့်သင့်တိုင်း ပြန်လာလည်ကြတယ်။ တချို့ဆို ဆွေမျိုးရင်းချာလိုတောင် အပြန်အလှန် သံယောဇဉ်ဖြစ်နေကြရတယ်။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ဘူး။ မြန်မာလူမျိုးတွေက ချစ်စရာကောင်းသလို မြန်မာနိုင်ငံကလည်း အင်မတန် နေချင်စရာကောင်းတဲ့နိုင်ငံ ဖြစ်တယ်။ ဓမ္မဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့ ဒေသလို့တောင် ဆိုရိုးရှိခဲ့တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

**သယံဇာတကြွယ်ဝ**

မြန်မာပြည်က ဥတုသဘာယ မျှတတယ်။ အပူအအေး လွန်ကဲမှု မရှိဘူး။ နှင်းတွေကျ၊ ရေတွေခဲဆိုတာမျိုး မရှိသလို ပူလွန်းလို့ ကေသိန်းချီပြီး တောမီးလောင်ကျွမ်းတယ် ဆိုတာမျိုးလည်း မရှိဘူး။ စားနပ်ရိက္ခာ ကောက်ပဲသီးနှံနဲ့ မြေပေါ်မြေအောက် သယံဇာတမျိုးစုံ ပေါကြွယ်ဝတယ်။ ရေနံနဲ့ ဓာတ်သတ္တုမျိုးစုံလည်း ရှိတယ်။ အခြေခံ စားဝတ်နေရေး အတွက် လောက်ကတော့ ဘယ်နိုင်ငံခြားကိုမှ အားကိုးနေဖို့မလိုဘူး။ ကိုယ့်ဟာကိုယ် လိုလေသေးမရှိ ပြည့်စုံတယ်။ ဒါကြောင့်လည်း ရှေးက အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ ဒတ်ချ်၊ ပေါ်တူဂီ စတဲ့ နယ်ချဲ့နိုင်ငံကြီးတွေ အားလုံးက အငမ်းမရ သူ့ထက်ငါဦးအောင် မြန်မာပြည်ကို သိမ်းပိုက်ချင်ခဲ့ကြတာ ဖြစ်တယ်။

**ကန်သမ္မတရဲ့ မှတ်ချက်**

မြန်မာ့ကျွန်းသစ်ဆိုတာ ကမ္ဘာပေါ်မှာ သူ့လောက်ကောင်းတဲ့ သစ်မျိုး ဘယ်မှာမှ မရှိဘူး။ နယ်ချဲ့သမားတွေ နှစ်ပေါင်း တစ်ရာကျော် ခုတ်လို့ ရောင်းချခဲ့တာ မကုန်နိုင်ဘူး။ အဲဒီလောက် ပေါတာ။ ဒုတိယ ကမ္ဘာစစ် မတိုင်မီကဆိုရင် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ နံပါတ်တစ် ဆန်တင်ပို့ ရောင်းချတဲ့နိုင်ငံ ဖြစ်ရုံမက ငွေနဲ့ ခဲဓာတ်သတ္တု အများဆုံး တင်ပို့တဲ့ နိုင်ငံလည်း ဖြစ်ခဲ့တယ်။ လူတွေကလည်း အင်မတန် စိတ်နှလုံး နူးညံ့ သိမ်မွေ့ပြီး သဒ္ဓါရက်ရောကြတယ်။ ခွင့်လွှတ်သည်းခံစိတ် ကြီးမားတယ်။ စိတ်ယဉ်ကျေးမှုက အထက်တန်းကျတယ်။ မြန်မာပြည်က နမ္မတူဘော်တွင်းမှာ အင်ဂျင်နီယာအဖြစ် လာရောက်အမှုထမ်းဖူးပြီး နောင်တော့ အမေရိကန်နိုင်ငံရဲ့ ၃၁ ဦးမြောက် သမ္မတဖြစ်သွားခဲ့တဲ့ ဟားဘတ်ဟူးဗား(Herbert Hoover, 1874-1964) က 'မြန်မာလူမျိုးများဟာ အာရှတိုက်တစ်ခုလုံးမှာ ပျော်ရွှင်ချမ်းမြေ့မှု အစစ်အမှန်ကို ရရှိထားတဲ့ တစ်ခုတည်းသောလူမျိုး ဖြစ်တယ်'လို့တောင် မှတ်ချက်ချခဲ့ဖူးပါတယ်။

**လိုက်လိုက်လဲ့လဲ့**

ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း ကမ္ဘာ့နေရာ အနှံ့အပြားမှာ ရောက်ရှိနေကြတဲ့ မြန်မာတွေဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို မချစ်လို့



ကျောခိုင်း စွန့်ခွာသွားကြတာ မဟုတ်ပါဘူး။ အခြေအနေက တွန်းပို့လို့ လွဲမရှောင်သာ သွားကြရတာပါ။ ကိုယ့်ရပ်ကိုယ့်ရွာကို မလွမ်းတဲ့သူ၊ မပြန်ချင်တဲ့သူ ဘယ်ရှိမှာလဲ။ သူတို့အားလုံးရဲ့ အမျိုးချစ်စိတ်က ဂျပန် လျှောင်ကြီးလို ကိစ္စကြီး ကြုံတွေ့လာတော့ အထင်းသား ပေါ်ထွက်လာခဲ့တာပဲ မဟုတ်လား။ မြန်မာအချင်းချင်းပဲဆိုပြီး ကူညီစောင့်ရှောက်ကြ၊ ရိုင်းပင်းကြတယ်လေ။ ဒီအတွက် လူငယ်တွေကို ချီးကျူးမိတယ်။ မြန်မာချင်းသာမက အကူအညီ လိုအပ်နေတဲ့ ဂျပန်လူမျိုးတွေကိုလည်း ကူညီကြတယ်ဆိုလို့ ပီတိဝမ်းသာရတယ်။ ဘိုးစဉ်ဘောင်ဆက် စိတ်ယဉ်ကျေးမှု အထက်တန်းကျတဲ့ မြန်မာတို့ရဲ့စရိုက်ကို ဆက်ခံပြီး မြှင့်တင်ပေးခဲ့ကြတဲ့အတွက် လူငယ်လုံမငယ်လေးတွေ အားလုံးကို လိုက်လိုက်လဲ့လဲ့ ဂုဏ်ပြုလိုက်ပါတယ်။

၁၇၊ ၃၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# လူကြီးသူမများရဲ့ ဆုံးမစကား

အခုတလော စာရေးဖို့ စားပွဲမှာသွားထိုင်တိုင်း ဒေါ်ဒေါ့် (လူထု ဒေါ်အမာ)ကို ပြေးပြီး သတိရနေမိတယ်။ ဒေါ်ဒေါ့်အသံကိုလည်း နားထဲမှာ ကြားယောင်နေတယ်။ ဒေါ်ဒေါ်က အသက်ကြီးလာလေလေ သံယောဇဉ် ကြီးလေ ဖြစ်ပြီး သူ့ဆီကို နေ့စဉ်လိုလို ဖုန်းဆက်စေချင်တယ်။

**ဆရာတွေကိုသာ လွမ်း**

ဖုန်းပြောရင် မောမှာစိုးလို့ တစ်ခါတလေ အမေ့ကောက်ပြီး မဆက် ဘဲ နေလိုက်ရင် သူက ကောက်ဆက်တော့တာ။ ဆက်တဲ့အခါတိုင်းလည်း 'စာရေးတဲ့အခါ သတိထားရေး။ ကိုယ်က စေတနာနဲ့ရေးပေမဲ့ ဝေဒနာ ဖြစ်သွားတတ်တယ်။ ဘာအကြောင်းရေးရေး သူတစ်ပါး နားခံသာအောင် ပျော့ပျော့ပျောင်းပျောင်းနဲ့ ချိုချိုသာသာ ရေး'လို့ အမြဲ ဆုံးမလေ့ရှိတယ်။ အသက်ကြီးလာတော့ စိုးရိမ်စိတ်လည်း ပိုကြီးလာတယ်။ အခုတော့ အဲဒီလို ဆုံးမမယ့်သူ မရှိတော့ဘူး။ ကိုယ်တိုင်က သက်ကြီးတန်း ဖြစ်နေပြီ။ ဒါပေမဲ့ ဆုံးမတာ ခံချင်သေးတယ်။ ဦးကြီး(ရွှေဥဒေါင်း)၊ ဦးလေး(လူထုဦးလှ)နဲ့ ဒေါ်ဒေါ်တို့ကို လွမ်းလိုက်၊ သတိရလိုက်တာ။

**ကျားမြီးဆွဲရမှာထက် ကြောက်**

ဦးကြီးရွှေဥဒေါင်းက စာရေးတဲ့အခါ အဆွဲအငင် အသတ်တွေ တိုနန့်နန့်နဲ့ မပီမသဖြစ်နေရင် အမြဲ ဆူလေ့ငေါက်လေ့ ရှိတယ်။ သူ့စာလည်း လိုက်ရေးရသေး၊ နေ့တိုင်း အငေါက်အငမ်းလည်း ခံရသေးဆိုတော့ ယော်စဉ် ကဆိုရင် သူ့အနားသွားရမှာ ကျားမြီးဆွဲရမှာထက်တောင် ကြောက်သေး



တယ်။ အခုတော့လည်း အမြဲတမ်းလို သတိရနေမိတယ်။ ဦးလေးလှကတော့ ဦးကြီးနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်။ အောက်သားဖြစ်ပေမဲ့ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်၊ အမူအကျင့် အားလုံး နူးလေးသားတွေထက်တောင် ယဉ်ကျေးသိမ်မွေ့တယ်။ သားသမီးတွေနဲ့ တပည့် သားမြေးတွေကိုတောင် ဆူတယ်၊ ငေါက်တယ် မရှိဘူး။ 'မင်း သားတွေ၊ မင်းတူတွေကို ကြည့်ပြောဦး'ဆိုတဲ့စကားဟာ ဦးလေး အလွန် ဆုံးပြောတဲ့ စကားပဲ။

**ရိုင်းသီးကြမ်းတမ်းတဲ့စကား မသုံး**

စာရေးတဲ့အခါမှာလည်း ဦးလေးက သိမ်မွေ့ ယဉ်ကျေးတာပဲ။ စကားလုံး ရိုင့်ရိုင့်သီးသီး ဘယ်တော့မှ မသုံးဘူး။ မင်္ဂလာမရှိတဲ့ အသုံး အနှုန်းမျိုးကိုလည်း ဘယ်တော့မှ သတင်းစာထဲမှာ မပါစေရဘူး။ 'မိုးခေါင် လို့ လယ်သမားတွေ ဒုက္ခရောက်နေကြတယ်'လို့ ကျွန်တော်တို့ အယ်ဒီတာ တွေက ရေးလိုက်မိရင် ဦးလေးက ဒုက္ခဆိုတဲ့ စကားအစား 'အခက်အခဲနဲ့ ရင်ဆိုင်နေကြတယ်'လို့ ပြင်ပေးလိုက်တယ်။ မုဒိမ်းကျင့် ဆိုတဲ့စကားလည်း ဦးလေးက သိပ်စက်ဆုပ်တယ်။ လူထုသတင်းစာမှာ ဘယ်တော့မှ မသုံး ဘူး။ အဲဒီလို သတင်းမျိုးလည်း ဘယ်တော့မှ မထည့်ဘူး။ ဆက်စပ် အကြောင်းရှိလို့ မတတ်သာဘဲ ထည့်ရတဲ့အခါမျိုး (ဥပမာ ပြူစောထီး ခိုယ်က ရွာသူတစ်ဦးကို ခင်ပွန်းမရှိခိုက် အနိုင်ကျင့်တဲ့ သတင်းမျိုး)မှာတောင် ကြမ်းတမ်းတဲ့စကားလုံးကိုမသုံးဘဲ မတော်မလျော် ပြုသည်၊ အနိုင့်အထက် ပြုသည် ဆိုတဲ့ စကားမျိုးနဲ့ ရေးစေတယ်။

**တည့်တည့်ကြီးမှန်အောင်**

ဆရာကောင်း သမားကောင်းများရဲ့ အဆုံးအမအောက်မှာ ကြီးပြင်း ခဲ့ရတာဖြစ်ပေမဲ့ အခုထိ မလိမ္မာသေးတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ဒေါသ ဖြစ်ရတဲ့ အခါတွေလည်း မနည်းလှပါဘူး။ စာရေးတဲ့အခါ ဒေါ်ဒေါ် ဆုံးမ သလို သူတစ်ပါး နားခံသာအောင် ချိုချိုသာသာ ရေးရမယ့်အစား ဒိုးသာလေးနဲ့ နံဘေးပစ်သလို တည့်တည့်ကြီးမှန်အောင် ပစ်ထည့်လေ့ ရှိတော့ အနာပေါ်တုတ်ကျ မခံမရပ်နိုင် ဖြစ်သွားကြတယ်။ NGO ဆိုင်ရာတတ် ဆောင် လုပ်စားနေကြသူတွေအကြောင်း ထုတ်ဖော်ရေးတော့ ပြည်တွင်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်ပက အဲဒီလို လုပ်စားနေကြသူတွေ တီကို ဆားနဲ့ တို့သလို ထွန့်ထွန့် လူး ဖြစ်ကုန်ကြတယ်။ အတင်းအဖျင်း မီဒီယာလုပ်သူတွေ၊ ကြော်ငြာ ဆောင်းပါးရေး စီးပွားရှာသူတွေ၊ ဖွင့်ပွဲမှန်သမျှ လည်တက်ပြီး လက်ဆောင် ယူသူတွေ၊ ကံစမ်းမဲ နှိုက်ပေးတာနဲ့ အခမ်းအနားမိန့်ခွန်း ခြွေပေးတာကိုပဲ တကယ့် စာနယ်ဇင်းအလုပ်ကြီး ထင်နေသူတွေအကြောင်းတွေ ရေးတော့ အဲဒီလို လုပ်စားနေသူတွေက မလိုတမာနဲ့ အောက်ကလိအာ စကားတွေ မကြားတကြား ပြန်ပြောကြတယ်။

BURMESE CLASSIC

### နေ့မြင် ညပျောက်

'ကိုယ်ရေးနေလို့လည်း ဘာမှပြောင်းလဲတာ မဟုတ်ဘူး။ ကိုယ့် ကျန်းမာရေးကိုယ် ဂရုစိုက်ပြီး အေးအေးသာ နေပါတော့။ စာတွေရေးမယ့် အစား ဖတ်ချင်တာတွေသာ ဖတ်နေစမ်းပါ' ဖနီးသည်ရှိစဉ်က မကြာခဏ အဲဒီလို ပြောလေ့ရှိတယ်။ သူကလည်း ကိုယ့်ကျန်းမာရေးကြောင့် စိုးရိမ် တာကိုး။ ဒါပေမဲ့ သေမလိုဖြစ်လို့ ဆေးရုံတက်ရတဲ့ ကိုယ်က ကျန်ရစ်ပြီး အကြာကြီး နေရလိမ့်ဦးမယ်လို့ ထင်ထားတဲ့သူက ကွယ်လွန်သွားရှာတယ်။ လူ့ဘဝဆိုတာ ဘာမှ သေချာရေရာတာ မဟုတ်ဘူး။ အသက်အိုးအိမ် စည်းစိမ်ချမ်းသာတွေ၊ ရာထူးအာဏာတွေ၊ ဂုဏ်သတင်း ကျော်စောခြင်း တွေ၊ ချီးမွမ်းကဲ့ရဲ့ဆိုတာတွေ အားလုံး 'ရေပွက်ပမာ တစ်သက်လျာတည်း' ဆိုသလို နေ့မြင် ညပျောက်တွေချည်း မဟုတ်ပါလား။

### ဘာလုပ်ရမှာလဲ

အလိမ္မာဖက်ပြီး လောကီသားတိုင်း လိုချင်မက်မောတဲ့ အရာတွေ စုဆောင်းနေလို့ ဒီအသက်အရွယ်ကျမှ ဘာလုပ်တော့မှာလဲ။ ပြင်သစ်က နာမည်ကျော် စားဖိုမှူးကြီးကိုယ်တိုင် လာချက်ကျွေးလည်း ပန်းကန်တစ်ဝက် ထက် ပိုပြီး မစားနိုင်တော့ပါဘူး။ ပုပ်ရဟန်းမင်းကြီးက မာသာထရီဇာကို လက်ဆောင်ပေးတဲ့ ရိုးရွိုက်စ်ကားကြီးမျိုး လက်ဆောင်လာပေးလည်း အိမ်ပေါ်က အိမ်အောက်တောင် မဆင်းနိုင်တော့တာ ဘာလုပ်ရမှာလဲ။ ဒီခေတ် မြို့သားလူလည်တွေလို ဆိုင်းဘုတ်ထောင်ပြီး ဒေါ်လာရှာတာများ ဘာခက်လို့လဲ။ ဒါပေမဲ့ ဒီအသက်အရွယ်ရောက်မှ လူတကာကို မျက်နှာချို သွေးပြီး ခြေထောက်လိုက်ဖက်နေရတာ ဘာလုပ်ဖို့လဲ။ သေရာပါသွားတာမှ



ဟုတ်တာပဲ။ ကျန်ရစ်တဲ့ ကိုယ့်သားသမီးတွေလည်း ကိုယ့်ကြောင့် ဆက်ညှိုးထိုးခံရပြီး လူတောမတိုးတဲ့ဘဝ မရောက်စေချင်ပါဘူး။

### ဒေါသမချုပ်နိုင်သေး

လူကြီးသူမများ အဆုံးအမကြောင့် လူ့ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးလို မြဲနိုင်ပေမဲ့ အတော်အသင့်တော့ ဆင်ခြင်နိုင်တယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ ထောင်းခနဲ ထောင်းခနဲ ထွက်လာတတ်တဲ့ ဒေါသကိုတော့ ခုထိ မချုပ် တည်းနိုင်သေးဘူး။ အထူးသဖြင့် ကြောင်ဖြူတာ၊ မည်းတာက အရေး ကြီးဘူး။ ကြွက်မိဖို့သာ လိုရင်းပဲဆိုတဲ့ ဘယ်သူသေသေ ငတေမာပြီးရော လူစားမျိုးတွေနဲ့ အိုဘားမားလို ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်မူ ဘာတစ်ခုမှ မရှိဘဲ ပေါ်ပြူလာဖြစ်ရင် ပြီးရောဆိုပြီး လူတိုင်းကို မျက်နှာချို ချိုက်သွေးနေတဲ့ လူစားမျိုးတွေရဲ့ လုပ်ရပ်ကိုမြင်တိုင်း ဒေါသက ခေါင်းပြူပြူ ထလေ့ ရှိတယ်။ အာဖဂန်နစ္စတန်က မူလတန်းကျောင်းကလေးအပေါ် ကြံချလို့ ကလေးတွေ အတုံးအရုံး သေကြတဲ့သတင်းတွေ ဖတ်ရတဲ့ အခါမျိုးမှာလည်း ဒေါသက ထောင်းခနဲထွက်လာတယ်။ ကမ္ဘာကြီး တစ်ခုလုံး ကို ကယ်တင်ရှင်ကြီးများသဖွယ် အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး လိမ်ညာ နေတာတွေ ကြားတဲ့အခါမှာလည်း နားကလောပြီး ဒေါသက ဝုန်းခနဲ ထလာတတ်တယ်။

### ကျွဲပါးစောင်းတီး

ဒါပေမဲ့ ထွက်လာတဲ့ ဒေါသကို ချွန်းအုပ်ပြီး လူယဉ်ကျေးစကား ပြောပါ၊ ရေးပါတယ်။ ခက်တာက ကောင်းဘွိုင်တွေက လူကြီးလူကောင်းစကား နားမလည်တာပဲ။ ဘယ်လောက်ပြောပြော၊ ဘယ်လောက်ရေးရေး 'ကျွဲပါး စောင်းတီး'ဆိုသလို ပြောရင်းသာ ပျံတော်မူရမယ့်ကိန်း ဆိုက်နေတော့ တယ်။ ကောင်းဘွိုင်ဆိုတာက ပညာမဲ့ လူကြမ်း၊ လူမိုက်၊ လူရမ်းကားတွေ ဆိုတော့ ရှက်တတ်တဲ့စိတ်လည်း ရှိတာမဟုတ်ဘူး။ အဲဒီတော့လည်း ကောင်းဘွိုင်ကို ကောင်းဘွိုင်နားလည်တဲ့ တစ်ခုတည်းသော ဘာသာ စကား(Language of the gun)နဲ့ ပြောရတော့တာပဲ။ ကြမ်းပေ ရင့်သီးပေ မယ့် မတတ်နိုင်တော့ဘူး။ ကောင်းဘွိုင်တွေက လူယဉ်ကျေးစကားကိုမှ နားမလည်တာ။



www.burmeseclassic.com

www.burmeseclassic.com

**လီမွှာချင်ပေမဲ့**

ရေးလိုက်ရပေမဲ့ စိတ်ချမ်းသာတာတော့ မဟုတ်ဘူး။ လူကြီးမဲ့တွေရဲ့ ဆုံးမစကားက နားထဲမှာ ပဲ့တင်ထပ်နေတာကြောင့် စိတ်မလုံမလဲ ဖြစ်ရ တယ်။ လူလီမွှာမဖြစ်သေးတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အားမရ ဖြစ်မိ တယ်။ အသက် ၇၀ တန်း ရောက်ပြီဆိုတော့ လိမ်လိမ်မာမာနဲ့ အေးအေး ချမ်းချမ်း နေချင်ပါတယ်။ ဒါပေမဲ့ ကောင်းဘွိုင်တွေက အာဖဂန်နစ္စတန်မှာ 'ငရဲခွေးကြီး လွတ်နေသည်'(Hell Hound at Large)ဆိုတဲ့အတိုင်း သေနတ် ကိုင်ပြီး ရမ်းကားချင်တိုင်း ရမ်းကားနေသေးတယ်လေ။ အဲဒီတော့ လီမွှာ ချင်ပေမဲ့ မိုက်လက်စနဲ့ ဆက်မိုက်နေရဦးတော့မှာပါပဲ။ ကောင်းဘွိုင်တွေ အာဖဂန်နစ္စတန်မှာ မရှိတော့တဲ့အချိန်ထိ ဆိုပါတော့။

၂၃၊ ၂၊ ၂၀၁

BURMESE CLASSIC



# အာတု၊ ဆေးတုများရဲ့ အန္တရာယ်

ကော်ဖီမှုန့်တွေ စိတ်တိုင်းမကျ ဖြစ်နေခိုက်မှာ ပြင်ဦးလွင်က လူကြုံနဲ့ ကော်ဆောင်ပါးလိုက်တဲ့ အိမ်လုပ်ကော်ဖီမှုန့်စစ်စစ် ရောက်လာလို့ ဝမ်းသာ သွားရတယ်။ ခေတ်ပေါ် အသင့်ဖျော်ကော်ဖီထုပ်တွေ မကြိုက်တဲ့အတွက် ချက်ချင်း စက်နဲ့ကြိတ်ပေးတယ်ဆိုတဲ့ ကော်ဖီမှုန့်ကိုပဲ ဝယ်သောက်မြဲ ဖြစ်တယ်။

**မှုန့်တွေ ရောမှန်းမသိ**

ရှေးနှစ်ပေါင်းများစွာကတည်းက ဝယ်သုံးလာခဲ့တာ အဆင်ပြေနေ မဲ့ အခုနောက်ပိုင်းကျတော့ သိပ်ပြီး မဟုတ်ချင်တော့ဘူး။ ဟိုဟာ ဟာတွေ ရောနှောလာကြတယ်။ ကော်ဖီသောက်လို့ ကုန်ခါနီးရင် ခွက်ထဲ က ကော်ဖီနှစ်တွေ အနယ်ထိုင်နေတာ တွေ့ရတယ်။ ကော်ဖီမှုန့်စစ်စစ်က လို အနယ်မထိုင်ပါဘူး။ ဘာမှုန့်တွေ ရောထားမှန်းမှ မသိတာ။ ဦးကြီး ခေါင်းရဲ့ အမျိုးမို့လား မသိဘူး။ အစားအသောက်နဲ့ပတ်သက်ရင် နည်းဗိဇာကြောင်တတ်တာကြောင့် ရှေးကတည်းက ကော်ဖီစေ့ကို ချက်ချင်းကြိတ်ပေးတဲ့ မေမြို့(ပြင်ဦးလွင်)က ဘီတီဘရားသား ကော်ဖီမှုန့် သာ သုံးခဲ့တယ်။ ပြည်သူ့ဆိုင်ခေတ် ရောက်သွားတော့လည်း ကိုယ်တိုင် တ်ရောင်းတဲ့ အိမ်ဆိုင်လေးတွေ တွေ့အောင်ရှာပြီး ဝယ်သုံးခဲ့တယ်။ ဆင်ပြေတယ်။



www.burmeseclassic.com

www.burmeseclassic.com

**မသတီဘူး**

အခုနောက်ပိုင်းရောက်တော့ တယ်မဟုတ်တော့ဘူး။ ဘယ်ဆိုင် ပြောင်းဝယ်ဝယ် အရောအနှောတွေ လွှတ်တယ်လို့ကို မရှိတော့ဘူး။ နိုင်ငံခြား ကော်ဖီမှုန့်တွေ ဒီနေ့ခေတ်မှာ ပေါပေမဲ့ မကြိုက်ဘူး။ အနံ့သာ မွှေးတာ၊ ကော်ဖီရဲ့အရသာက သိပ်မဟုတ်ဘူး။ သူတို့လည်း 'ခြစ်ကိုရီမှုန့်' ရောကြတာကိုး။ လတ်လတ်ဆတ်ဆတ် ကော်ဖီစေ့ကိုလှော်ပြီး ကြိတ်ထား တဲ့ ကော်ဖီမှုန့်ကို စွဲခဲ့တဲ့လျှာက တခြားကော်ဖီတွေကို အရသာ သိပ် မတွေ့ဘူး။ ဘာမှုန့်တွေရောမှန်းမသိ ရောထားတာတွေဆိုတော့ သောက် သာ သောက်ရတာ မသတီဘူး။

**လူအတု ဖန်တီးဖို့**

မသတီပေမဲ့ ဘာတတ်နိုင်မှာလဲ။ ရှိတာကိုပဲ 'ရသေ့စိတ်ဖြေ' သဘောထားပြီး သောက်နေရတယ်။ ဒီခေတ်မှာ အစစ်ဆိုတာ အရှားသား မဟုတ်လား။ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် အတုတွေချည်းပဲ သကြားတို့၊ အသားတုတို့ဆိုတာလောက်ကို စာဖွဲ့မနေနဲ့။ လူကိုတောင် ပုံတူပွားပြီး လူတုဖန်တီးဖို့ ကြံဆောင်နေကြတဲ့ခေတ်လေ။ ပန်းသီးဆိုပြီး စားကြည့်လိုက်။ အရသာက ပန်းသီးအရသာလိုလို၊ သစ်တော်သီးအရသာ လိုလိုနဲ့ ဘာသီးလို့ခေါ်ရမှန်း မသိဘူး။ သစ်တော်သီးတု ပန်းသီးလား ပန်းသီးတု သစ်တော်သီးလား။ အလားတူပဲ။ ဇီးသီး(ဆီးသီး)ဆိုပြီး စားလိုက် တာ စိမ်းစားဥစားရသလို ဖြစ်နေတယ်။ သစ္စာပန်းအနီဆိုပြီး ပန်းအိုးထိုး လိုက်တာ ရေတွေပါ အနီဖြစ်ကုန်တော့မှပဲ ဆေးဆိုးထားတဲ့အနီတုကြီးမှန်း သိလိုက်ရတယ်။

**ငတေမာ ပြီးရော စိတ်ဓာတ်**

အတုတွေထဲမှာ အဆိုးဆုံးကတော့ အစားအစာနဲ့ ဆေးဝါးတုတွေပဲ အရောင်လှအောင် ချည်ဆိုးဆေးတွေ သုံးတဲ့သူက သုံးတယ်။ အကြော် တွေ ကြာကြာခံအောင် ပလတ်စတစ်တွေ ထည့်ကြော်ကြသတဲ့။ ကလေး တွေတိုက်တဲ့ နို့မှုန့်ထဲကို မယ်လမင်းတွေ ရောထည့်ကြသတဲ့။ ဘယ်သူ သေသေ ငတေ မာပြီးရောဆိုတဲ့ လူယုတ်မာစိတ်ဓာတ်တွေ တစ်နေ့တခြား ကြီးထွားသထက် ကြီးထွားလာနေကြတယ်။ တိုင်းရင်းဆေးတံဆိပ်ကပ်ပြီး



ရောင်းတဲ့ ဆေးတွေထဲမှာ အင်္ဂလိပ်ဆေးတွေရောပြီး ထည့်ထားကြောင်း သက်ဆိုင်ရာက ကြေညာလိုက်တာတွေလည်း မကြာခဏ ဖတ်နေရတယ်။

**နယ်စပ်တွေက ဝင်**

မြန်မာနိုင်ငံမှာ စစ်ဆေးခံပြီး မှတ်ပုံတင်မထားတဲ့ နိုင်ငံခြားဆေးဝါး များကိုလည်း ဆိုင်ရာက ခဏခဏ ကြေညာပေးနေရတယ်။ အားလုံးလိုလို ဟာ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေက တရားမဝင် လမ်းကြောင်းက ဝင်ရောက်လာတာတွေ ဖြစ်တယ်။ အဲဒီ အိမ်နီးချင်း နိုင်ငံတွေဟာ ဆေးဝါးအတု ထုတ်လုပ်ရောင်းချတဲ့နေရာမှာ ကမ္ဘာ့အကြီး ဆုံး စားရင်းဝင်နိုင်ငံတွေ ဖြစ်ကြတယ်။ သူတို့နဲ့ နယ်နိမိတ်ချင်း ထိစပ် နေရတာ အင်မတန် ကံဆိုးတယ်လို့တောင် ပြောရမလိုပါပဲ။ အစားအစာ အတုနဲ့ ဆေးဝါးအတုလုပ်တာဟာ အင်မတန်မှ လူမဆန်တဲ့လုပ်ရပ် ဖြစ် ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ညီလာခံကြီးတွေ ကျင်းပ တိုင်း ဒီကိစ္စကို ဆွေးနွေးပြောဆိုနေပါတယ်။ ဒါပေမဲ့ ပြောရုံပြောနေလို့က တော့ ဘာမှဖြစ်မလာပါဘူး။ လက်တွေ့ တားဆီးကာကွယ်ဖို့ နည်းလမ်း တွေရှာဖို့ လိုပါတယ်။

**လူထုကိုယ်တိုင်ပါမှ**

ဒီကိစ္စမျိုးဟာ အစိုးရတွေချည်းလုပ်လို့ မအောင်မြင်နိုင်ပါဘူး။ ပြည်သူလူထုကိုယ်တိုင် ပါဝင်တဲ့ စားသုံးသူကာကွယ်ရေး(Consumer Protection) အဖွဲ့အစည်းတွေ ဖွဲ့စည်းဆောင်ရွက်ဖို့ လိုပါတယ်။ မြို့တိုင်း ရွာတိုင်းလိုလိုမှာ ဒီလိုအဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး မသမာတဲ့ စီးပွားရေး သမားတွေကို ဖော်ထုတ်ရပါမယ်။ အစိုးရတွေက ထိရောက်တဲ့ဥပဒေတွေ ပြဋ္ဌာန်းသတ်မှတ်ပြီး ပြည်သူလူထုက ဖော်ထုတ်တိုင်တမ်းတဲ့ ကိစ္စရပ်တွေ ကို ချက်ချင်း အရေးယူဆောင်ရွက်ပေးရပါမယ်။ ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ မပါဘဲနဲ့ ဘယ်နည်းနဲ့မှ အောင်မြင် အောင် လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။

**အတုယူစရာ**

ဂျာမနီနိုင်ငံမှာ Green Party စတင် ပေါ်ပေါက်လာမှုနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်နိုင်ငံမှာ စားသုံးသူကာကွယ်ရေးလှုပ်ရှားမှု စတင်ပေါ်ပေါက်လာမှုများကို အတုယူသင့်ကြတယ်။ ခြောက်ဆယ်ခုနှစ်များအတွင်းက ဂျာမနီနိုင်ငံမှာ အဏုမြူလက်နက်ဆန့်ကျင်ရေး လူငယ်တစ်စုက စတင်ပြီး သူတို့နိုင်ငံ မြေပေါ်မှာ အဏုမြူလက်နက်တွေ ထားရှိတာကို ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှု စတင်လုပ်ဆောင်ခဲ့ကြတယ်။ အစက ပါတီရယ်လို့ မထောင်ပါဘူး။ ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှုတစ်ခုအဖြစ်သာ လုပ်ခဲ့ကြတာပါ။ နောက်ကျတော့ ဂျာမနီက မြို့ကြီးတွေမှာပါ ဆန့်ကျင်ကန့်ကွက်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ တဖြည်းဖြည်း အင်အားကြီးမားလာတဲ့အခါကျမှ ပါတီအဖြစ် တည်ထောင်ခဲ့ကြတာ ဖြစ်တယ်။

**ဂရင်းပါတီ**

ပါတီရယ်လို့ ထောင်ခဲ့ပေမဲ့ သမားရိုးကျ နိုင်ငံရေးလုပ်ငန်းတွေ မလုပ်သေးပါဘူး။ ပင်မရေစီး နိုင်ငံရေးပါတီများ လုပ်ရကောင်းမှန်းမသိတဲ့ အဏုမြူလက်နက် ဆန့်ကျင်ရေးလုပ်ငန်းတွေကို စောက်ချလုပ်ပါတယ်။ ဂျာမနီကနေပြီး အခြား ဥရောပနိုင်ငံများကို ပြန့်ပွားသွားအောင် အင်အားအတော်ကြီးမားသွားပါတယ်။ အဲဒီအခါကျတော့ အဏုမြူလက်နက် တင်ဆောင်ထားတဲ့ စစ်သင်္ဘောကြီးတွေ နိုင်ငံတစ်ခုခုကို ဆိုက်ကပ်မယ်ဆိုရင် ဝင်လို့မရအောင် 'ဂရင်းပါတီ'အလံ လွှင့်ထူထားတဲ့ သင်္ဘောလေးတွေနဲ့ ပိတ်ဆို့တားဆီး ကန့်ကွက်ကြပါတယ်။ အဲဒီက တစ်ဆင့်တက်တော့ အဏုမြူလက်နက် စက်ရုံတွေနဲ့ စစ်စခန်းတွေကိုဝိုင်းပြီး ဆန္ဒပြ ကန့်ကွက်တာတွေ လုပ်ပါတယ်။ နောက်ပိုင်းကျတော့ အဏုမြူနက်လက် ဆန့်ကျင်ရေးသာမက ဝေလငါးဖမ်းဆီးရေးကို တားဆီးကန့်ကွက်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအထိ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။

**စားသုံးသူ ကာကွယ်ရေး**

ဒီကနေ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန် ကြီးကြီးမားမားနဲ့ လုပ်ဆောင်လာခဲ့ကြတာဟာ အစိုးရတွေက စတင်လုပ်ဆောင်ခဲ့ကြတာ မဟုတ်ပါဘူး။ ကုလသမဂ္ဂအဖွဲ့ကြီးက စခဲ့တာလည်း မဟုတ်ပါဘူး။ ဂရင်းပါတီဆိုတဲ့ လူငယ်လေးတွေက စတင်လိုက်တဲ့ လှုပ်ရှားမှုက မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။



စားသုံးသူ ကာကွယ်ရေးဆိုတဲ့ စကားကလည်း ၁၉၆၀ ခုနှစ်မတိုင်ခင်နှစ်များက ပြောတဲ့သူ မရှိပါဘူး။ ၁၉၆၀ ခုနှစ်များအတွင်း ရောက်တော့မှ အမေရိကန်နိုင်ငံမှာ စပြီး ကျယ်ကျယ်လောင်လောင် ကြားရတာ ဖြစ်တယ်။ Ralph Nader ဆိုတဲ့ ရှေ့နေတစ်ယောက်က စားသုံးသူဘက်ကနေပြီး ကုမ္ပဏီတွေကို တရားစွဲတာ၊ အစိုးရဌာနဆိုင်ရာများကို တရားစွဲတာတွေ လုပ်ပေးပါတယ်။ တဖြည်းဖြည်း သူ နာမည်ရလာတော့ စားသုံးသူကာကွယ်ရေးအဖွဲ့ ဖွဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ပါတယ်။ နောက်တော့ အင်အားကြီးမားသထက် ကြီးမားလာပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်သွားပါတယ်။

**သမ္မတ ဝင်အရွေးခံခဲ့**

ရပ်ဖ်နဒါရဲ့အဖွဲ့အစည်း ဘယ်အထိ အင်အားကြီးမားလာခဲ့သလဲဆိုရင် လွှတ်တော်က စားသုံးသူကာကွယ်ရေး ဥပဒေအမျိုးမျိုး ပြဋ္ဌာန်းပေးတဲ့အထိ ဖြစ်လာပါတယ်။ ရပ်ဖ်နဒါကိုလည်း လွှတ်တော်က ခေါ်ယူပြီး တင်ပြဆွေးနွေးစေပါတယ်။ သမ္မတအိမ်တော်က ဆောင်ရွက်တဲ့ စားသုံးသူကိစ္စများမှာလည်း ရပ်ဖ်နဒါကို ခေါ်ယူတိုင်ပင်ပါတယ်။ နောက်ဆုံးကျတော့ နဒါဟာ သမ္မတရွေးကောက်ပွဲတိုင်းမှာ တစ်သီးပုဂ္ဂလအဖြစ် မနိုင်မှန်းသိပေမဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ စားသုံးသူ ကာကွယ်ရေးကိစ္စကို အစိုးရအဆက်ဆက် အလေးထားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

**တစ်လှန့်နိုးဆော်**

အမေရိကန် စားသုံးသူကာကွယ်ရေး အဖွဲ့အစည်းတွေနဲ့ ဂရင်းပါတီ လှုပ်ရှားမှုတွေရဲ့ ကျေးဇူးကြောင့် ဒီနေ့ ကမ္ဘာတစ်ခုလုံးမှာ စီးပွားရေးသမားတွေရဲ့ မသမာမှုမျိုးစုံကို တားဆီးကာကွယ်တဲ့ ဥပဒေတွေ အများအပြား ပေါ်ပေါက်လာခဲ့ပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုတွေလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ အရှိန်အဟုန် ကြီးကြီးမားမား ပေါ်ထွက်လာခဲ့ရတာ ဖြစ်တယ်။ အဲဒီ နှစ်ခုစလုံးဟာ အစိုးရတွေက လုပ်ရကောင်းမှန်းသိလို့ စလုပ်ခဲ့ကြတာ မဟုတ်ပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်တဲ့ လှုပ်ရှားမှုတွေကြောင့် ပေါ်ထွက်လာခဲ့ရတာ ဖြစ်တယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အစားအစာတု၊ ဆေးဝါးတုတွေ ကာကွယ်ရေးနဲ့ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးကိစ္စတွေကို ပြည်သူတွေကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြဖို့ လိုအပ်ကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။

၂၊ ၃၊ ၂၀၁၁။



# ဓါတ်ပြား ကျသုံးခန်း

ကမ္ဘာတစ်ခုလုံး အထူးအာရုံစိုက်ပြီး စောင့်ကြည့်နေရတဲ့ အရှေ့အလယ်ပိုင်းဒေသက မကြုံစဖူး ထူးကဲဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ အာမှ မရေးရသေးတာလဲဆိုတဲ့ မေးခွန်းတွေ တစ်ယောက်ပြီးတစ်ယောက် မေးကြတယ်။

## မထောက်ခံသူ မရှိ

မန္တလေးက စာဖတ်သူတစ်ဦးကဆိုရင် တယ်လီဖုန်းနဲ့ဆက်ပြီး ရေးဖို့ တိုက်တွန်းတာ လေးကြိမ်တောင် ရှိပြီ။ တူနီးရှားမှာ စဖြစ်ကတည်းက သူ တိုက်တွန်းနေတာ ဖြစ်တယ်။ တောင်ကြီးက စာဖတ်သူတစ်ဦးကတော့ နာရက် ရာထူးက နုတ်ထွက်သွားတဲ့ သတင်းကို အယ်ဂျာဇီးရားက လွှင့်လွှင့်ချင်း ဝမ်းသာအားရနဲ့ ဖုန်းဆက် သတင်းပေးတယ်။ ရန်ကုန်မှာ လူချင်းတွေ့သမျှ ဂျာနယ်သမားတိုင်းကလည်း ဝမ်းသာနေကြတာ တွေ့ရတယ်။ ခုချိန်ထိတော့ မထောက်ခံသူ တစ်ယောက်မှကို မတွေ့ရသေးဘူး။ အားလုံး ဝမ်းသာကြတယ်။ ဒီမိုကရေစီလှိုင်းတံပိုးကြီး ရိုက်ခတ်လာတာပဲလို့ မြင်ပြီး ထောက်ခံကြိုဆိုကြတယ်။ အာဏာရှင်တွေရဲ့နေရာမှာ ဒီမိုကရေစီ အစိုးရတွေ အစားထိုး ဝင်ရောက်လာလိမ့်မယ်လို့လည်း မျှော်လင့်နေကြတယ်။

## နိုးနိုပ်ချိုးနှိမ်ထားခဲ့လို့

ဘုရင်တွေ၊ စော်ဘွားတွေ၊ အာဏာရှင်တွေရဲ့နေရာမှာ ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီ အစိုးရမျိုး ဝင်ရောက်လာ မလာဆိုတာ ခုချိန်မှာ ယတိပြတ် မပြောနိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ အာရပ်ကမ္ဘာ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

လုံးမှာ ဒုတိယကမ္ဘာစစ် ပြီးကတည်းက ပုံစံအမျိုးမျိုးနဲ့ အာဏာရှင်တွေ အုပ်စိုးလာခဲ့ပြီး ဒီမိုကရေစီ အင်အားစုမှန်သမျှ ဖိနှိပ်ချိုးနှိမ်ထားခဲ့လို့ လွတ်လပ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ မရှိသလောက် ဖြစ်ခဲ့တယ်။ ဒုတိယကမ္ဘာစစ် မတိုင်မီက အရှေ့အလယ်ပိုင်းဒေသ တစ်ခုလုံး အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ စတဲ့ နယ်ချဲ့နိုင်ငံကြီးတွေရဲ့ အုပ်စိုးမှုအောက် နှစ်ပေါင်းများစွာ နေခဲ့ကြရပြီး စစ်ပြီးကာလ ရောက်တော့လည်း ဘုရင်တွေ၊ ရှိတ်စော်ဘွားတွေနဲ့ စစ်အာဏာရှင်တွေရဲ့ အုပ်စိုးမှုအောက်မှာ နေခဲ့ကြရလေတော့ အာရပ်တွေအားလုံးဟာ အင်မတန် ဆင်းရဲခဲ့ကြတယ်။

## သဲကန္တာရ လူမျိုးစုများ

ဆင်းရဲတော့ ပညာမသင်နိုင်ကြဘူး။ အာရပ်ကမ္ဘာ တစ်ခုလုံးမှာ အီဂျစ်နိုင်ငံ တစ်ခုတည်းမှာပဲ တက္ကသိုလ်နဲ့ ကျောင်းကောင်းကောင်းတွေ ရှိလို့ ပညာတတ်သူ များတယ်။ ကျန်နိုင်ငံတွေမှာက ပညာ မတတ်သူတွေ များတယ်။ သဲကန္တာရထဲ လှည့်လည်သွားလာနေကြတဲ့ လူဆင်းရဲတွေလည်း များတယ်။ အခု နာမည်ကြီးနေတဲ့ နိုင်ငံအတော်များများဟာ စစ်အေးကာလအထိတောင် နိုင်ငံရယ်လို့ ခေါ်ရလောက်တဲ့အဆင့် မရောက်ကြသေးဘူး။ လှည့်လည်သွားလာနေကြတဲ့ လူမျိုးစုအဆင့်လောက် ရှိကြသေးတာ။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ် အစိတ်လောက်ကမှ ရေနံတွေတွေ့ပြီး နေ့ချင်းညချင်း သူဌေးဖြစ်လာကြတာ ဖြစ်တယ်။

## ဘောလုံးအသင်းတွေ ဝယ်ကြ

ရေနံကြောင့် အုပ်စိုးသူ ရှိတ်တွေ၊ စူလတန်တွေ၊ ဘုရင်တွေ ဘီလျံနာ သူဌေးကြီးတွေဖြစ်ပြီး အင်္ဂလန်နဲ့ ဥရောပက ဘောလုံးအသင်းတွေ အပြိုင်အဆိုင် ဝယ်လိုက်ကြ၊ အင်္ဂလိပ်မြင်းပွဲတွေကို ကိုယ်ပိုင်ဂျက်လေယာဉ်ကြီးတွေနဲ့ သွားပြီး ဒေါ်လာသန်းပေါင်းများစွာ လောင်းကစားကြ လုပ်နေကြပေမဲ့ ဆင်းရဲတဲ့သူတွေကတော့ ဆင်းရဲမြဲ ဆင်းရဲနေကြတယ်။ အီဂျစ်နိုင်ငံဟာဆိုရင် ကမ္ဘာပေါ်မှာ ခါးပိုက်နှိုက်နဲ့ အလစ်သုတ်သမား အများဆုံးနိုင်ငံအဖြစ် နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တယ်။ စက်မှုဖွံ့ဖြိုးမှုကြောင့် ရေနံ လိုအပ်ချက် များသထက် များလာလေ ရေနံသူဌေးကြီးတွေ ချမ်းသာသထက် ချမ်းသာလာလေ ဖြစ်လာတယ်။ ဆင်းရဲချမ်းသာ ကွာဟမှုကလည်း တစ်နေ့



ခြား ကြီးသထက် ကြီးလာခဲ့ရတယ်။ အုပ်စိုးသူ အာဏာရှင်တွေနဲ့ ဘုရင်တွေ၊ စော်ဘွားတွေက ဒီအချက်ကို လုံးဝ လျစ်လျူရှုထားခဲ့ကြတယ်။

## ရေနံကုမ္ပဏီကြီးတွေအကြိုက်

အနောက်နိုင်ငံကြီးတွေကလည်း ပါးစပ်ကသာ လူကြားကောင်းအောင် ဒီမိုကရေစီ တွင်တွင်အော်နေတာ၊ တကယ့်လက်တွေ့ကျတော့ သူတို့နိုင်ငံတွေက ရေနံကုမ္ပဏီကြီးတွေအကြိုက် လိုက်ပြီး အာရပ်အာဏာရှင်တွေကို ချော့ပေါင်းနေကြတာပါပဲ။ အာရပ်ကမ္ဘာက နိုင်ငံတွေအနက် အစွဲရေးကို အရင်ဆုံး အသိအမှတ်ပြုခဲ့တဲ့ အန်ဝါဆဒတ်ကို နိုဘဲလ်ဆုပေးပြီး ချီးမြှင့်မြှောက်စားခဲ့သလို သူ့ကိုဆက်ခံခဲ့တဲ့ မူဘာရက်ကိုလည်း နှစ်ပေါင်း ၃၀ ကျော် ငွေကြေးအလုံးအရင်း ထောက်ပံ့ပေးကမ်းပြီး ကျားကန်ပေးခဲ့တယ်။ လစ်ဗျားနိုင်ငံကို နှစ်ပေါင်း ၄၀ ကျော် အုပ်စိုးခဲ့တဲ့ ကဒါဖီ ဆိုရင်လည်း အာဏာသိမ်းပြီး တက်လာကတည်းက ကမ္ဘာ့အန္တရာယ်အရှိဆုံး အကြမ်းဖက်ခေါင်းဆောင်အဖြစ် သတ်မှတ်ခံခဲ့ရသူ ဖြစ်တယ်။

## အမြတ်အစွန်းပဲ တန်ဖိုးထား

အခုတော့လည်း ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ အင်္ဂလိပ် စတဲ့ ဥရောပနိုင်ငံအားလုံးက ရေနံမျက်နှာကြည့်ပြီး ကဒါဖီကို မြှောက်စားခဲ့ကြတယ်။ မကြာမီက ဥရောပကို ကဒါဖီ တိုင်းခန်းလှည့်လည်တော့ ကော်ဇောနီခင်းပြီး သောင်းသောင်းဖျဖျ ကြိုဆိုကြတယ်။ အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန်ဆိုရင်လည်း အီရန်ကိုဆန့်ကျင်ဖို့ စီအိုင်အေက မွေးထုတ်ပေးခဲ့တာ ဖြစ်တယ်။ သူတို့ ဒီမိုကရေစီ အော်တာက လူအထင်ကြီးခံရဖို့ သက်သက်ပါ။ တကယ် သူတို့ တန်ဖိုးထားတာက ဒီမိုကရေစီလည်း မဟုတ်ပါဘူး။ လူ့အခွင့်အရေးလည်း မဟုတ်ပါဘူး။ အမြတ်အစွန်းပဲ။ အမြတ်အစွန်းသာ ရမယ်ဆိုရင် ဘနဖူးတောင် သိုက်တူးကြမှာ မလွဲဘူး။

## သေချာတာတစ်ခု

ရေနံသူဌေးကြီးတွေနဲ့ အာဏာရှင်တွေ နှစ်ပေါင်းများစွာ ထင်တိုင်းကြဲနေကြလေတော့ ဆင်းရဲသားတွေအတွက် ဆင်းရဲတွင်းက ပိုနက်သထက် နက်လာတယ်။ သဲကန္တာရဒေသတွေဆိုတော့ ဆန်ရေစပါးက ရှားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရေနံက စားလို့ရတာမဟုတ်ဘူး။ နောက်ဆုံး ဆင်းရဲသားတွေ မခံမရပ်နိုင်ဖြစ်ပြီး ပေါက်ကွဲတော့တယ်။ အင်တာနက် ကျေးဇူးကြောင့် မမျှော်လင့်ဘဲ တစ်နိုင်ငံပြီးတစ်နိုင်ငံ ချက်ချင်း ကူးစက်ပြန့်ပွားသွားခဲ့တယ်။ နောက်ထပ် ဘယ်သူတွေ ပြုတ်ကျပြီး ဘယ်သူတွေ တက်လာမယ်ဆိုတာ မပြောနိုင်သေးပေမဲ့ သေသေချာချာ ပြောနိုင်တာတစ်ခုတော့ ရှိတယ်။ အရှေ့အလယ်ပိုင်း အရေးကိစ္စတွေဟာ 'ပါဝါများရဲ့ ကျဆုံးခန်း'(Fall of the Powers) ဖြစ်တယ် ဆိုတာပဲ။

**စူပါများ ကျဆုံးခန်း**

စစ်အေးတိုက်ပွဲကာလက စူပါပါဝါကြီးနှစ်ခု ရှိခဲ့တယ်။ အဲဒီထဲက ဆိုဗီယက်စူပါပါဝါကြီး ပြိုလဲကျဆုံးသွားတာကို တွေ့ခဲ့ရတယ်။ ဒီနေ့အထိတော့ စူပါပါဝါ တစ်ခုတည်း ကျန်တော့တယ်။ ဒါပေမဲ့ တကယ်ကျတော့ ဟန်သာရှိတော့တာ၊ အဆန်မရှိတော့ဘူး။ ရှေးတုန်းကလို ကမ္ဘာကြီး တစ်ခုလုံးကို ကိုင်မလှုပ်နိုင်တော့ဘူး။ မြောက်ကိုရီးယားလို နိုင်ငံသေးသေးလေးကို မာမာထန်ထန် တုံ့ပြန်ချင်တာတောင် တရုတ်မျက်နှာ လှမ်းကြည့်ပြီး ကိုယ်ရှိန်သတ်နေရတယ်။ တရုတ်က အမေရိကန်ရဲ့ အကြီးဆုံး မြီရှင်ကြီး ဖြစ်နေတာကိုး။ နှစ်ဆယ့်တစ်ရာစုရဲ့ ဒုတိယ ဆယ်စုနှစ် မကုန်မီမှာပဲ ကမ္ဘာပေါ်မှာ စူပါပါဝါဆိုတာ ရှိမှာမဟုတ်တော့ပါဘူး။

**ဖုံးထားလို့ မရတော့**

စူပါပါဝါခေတ် နိဂုံးချုပ်တော့မှာဖြစ်သလို တခြား ပါဝါတွေလည်း နိဂုံးချုပ်ဖို့ မဝေးတော့ပါဘူး။ အရှေ့အလယ်ပိုင်း အရေးအခင်းတွေက အစပျိုးလိုက်တာပဲ ဖြစ်တယ်။ အင်တာနက်ခေတ်မှာ လူတွေမသိအောင် ဘာမှ လုပ်လို့ မရတော့ဘူး။ အီတလီဝန်ကြီးချုပ် ပိုက်ဆံပေးပြီး ပျော်တော်ဆက်မယ်နဲ့ ပျော်ပါးတာလည်း ဖုံးဖိထားလို့ မရဘူး။ ကာဒါဖီက အမေရိကန်ဘဏ်တွေမှာ ဒေါ်လာ သန်းထောင်ချီပြီး အပ်နှံထားတာလည်း လျှို့ဝှက်ထားလို့ မရဘူး။ စူပါပါဝါတို့ရဲ့ လက်နက်က နျူကလီးယားလက်နက် ဖြစ်သလို အင်တာနက်က ကမ္ဘာသူ ကမ္ဘာသားများရဲ့ စွမ်းအားအကြီးမားဆုံး လက်နက် ဖြစ်နေပြီ။



**ရောမ ချောက်ကမ်းပါးကြီး**

ရေနံသူဌေးကြီးတွေနဲ့ ဘုရင်တွေ၊ အာဏာရှင်တွေ ပါဝါမှာယစ်မူးပြီး တိုင်းသူပြည်သား လူများစုကြီးကို နှစ်ပေါင်း ၅၀ ကြာအောင် လျစ်လျူရှု ပစ်ပယ်ထားခဲ့တာကြောင့် ဆင်းရဲချမ်းသာကွာဟမှုက ရောမ ချောက်ကမ်းပါး ကြီးသဖွယ် ဖြစ်လာခဲ့တယ်။ နောက်ဆုံး မိုက်ပေါင်းလောင်းတွေက မခံနိုင်တော့ဘဲ အုံကြွလာခဲ့တယ်။ အင်တာနက်က အလျင်အမြန် ကူးစက်ပြန့်ပွားသွားအောင် လုပ်ဆောင်ပေးခဲ့တယ်။ အဲဒါကြောင့် အရှေ့အလယ်ပိုင်း အရေးတော်ပုံကို အီးတော်လှန်ရေး(e-revolution)လို့ နာမည်ပေးလိုက်ချင်တယ်။

**မျက်ဝါးထင်ထင်**

နျူကလီးယားလက်နက် ကိုင်ထားနိုင်ရင် စူပါပါဝါဖြစ်ပြီး ကမ္ဘာကြီးကို လွှမ်းမိုးနိုင်တယ်ဆိုတဲ့ ပါဝါရှင် အယူအဆကို အာရပ်ပြည်သူတွေက နိဂုံးချုပ်ပစ်လိုက်ပြီလို့ ဆိုချင်တယ်။ ပြည်သူတွေရဲ့စွမ်းအားက ဘာမဆို ဖန်တီးနိုင်တယ်ဆိုတာ သက်သေပြလိုက်တာ ဖြစ်တယ်။ အာဏာရှင်၊ ပါဝါရှင်တွေရဲ့ ကျဆုံးခန်းကို မျက်ဝါးထင်ထင် မြင်တွေ့နေရတာပဲလို့ ပြောလိုက်ချင်ပါတယ်။

၃၊ ၃၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

# ရည်မှန်းချက်ချင်းနီးရင် သွေးချင်းနီးတာပဲ

ဟိုတလောက ဂျပန်လျှောင်ကြီးနဲ့ ဆူနာမီ ဒီလှိုင်းကြီး ကြုံတွေ့ခိုက်မှာ ဂျပန်ရောက် မြန်မာတွေချင်း ယိုင်းပင်းကူညီကြပုံများကို ကြားရပြီး ဝမ်းမြောက်ဂုဏ်ယူမိတဲ့အကြောင်း ရေးခဲ့တယ်။ မရှေးမနှောင်းမှာပဲ မလေးရှားပြန် လူငယ်တစ်ယောက်ရေးတဲ့ ကိုယ်တွေ့အဖြစ်အပျက် စာမူတွေကို အမှာစာရေးဖို့ ဖတ်ရင်းနဲ့ မြန်မာတွေချင်း အရေးကြီးတော့ သွေးနီးကြပုံ အကြောင်းတွေ တွေးပြီး ကြည်နူးပီတိ ဖြစ်ရတယ်။

**သွေးမနီးပါဘဲ သွေးစည်းကြ**

အဲဒီအကြောင်းနှစ်ခုက ဆက်စပ်ပြီး သွေးစည်းမှုနဲ့ သွေးနီးမှု အကြောင်းတွေကို ဆက်တွေးဖြစ်သွားတယ်။ လူချင်းတူလို့၊ ဘာသာအယူဝါဒချင်းတူလို့ သွေးစည်းကြတာမျိုးရှိသလို လူမျိုးတွေ၊ ဘာသာတွေ မတူပေမဲ့လည်း အတွေးအခေါ်၊ အယူအဆချင်း တူညီလို့ သွေးမနီးပါဘဲနဲ့ သွေးစည်းကြတာမျိုးတွေလည်း တွေ့ရတတ်တယ်။ တစ်ခါတလေကျတော့လည်း ကိုယ်နဲ့ လူမျိုးချင်း၊ ဘာသာချင်း တူပါလျက်နဲ့ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ သွေးစည်းလို့မရနိုင်တာမျိုး ရှိသလို လူမျိုး ဘာသာ လုံးဝ ကွဲပြားခြားနားနေပါလျက်နဲ့ ဆွေလိုမျိုးလို ရင်းနှီးချစ်ခင်ကြတာမျိုးလည်း ရှိတတ်တယ်။ အကြောင်းရင်းကို သုံးသပ်ကြည့်တော့ အတွေးအခေါ်၊ အယူအဆချင်း ထပ်တူနီးပါး တူညီကြတဲ့အတွက် ဖြစ်တယ်လို့ ကောက်ချက်ချမိတယ်။ 'အသွေးအရောင် တူညီတဲ့ ငှက်တွေချင်း အုပ်စုဖွဲ့ နေကြတယ်'(Birds of the same feather flock together) ဆိုတဲ့ စကားလိုပေါ့။



**ဆရာလုပ်ခဲ့လို့**

မြန်မာပြည်မှာ နှစ်ပေါင်း ၂၀ ကျော် ကျောင်းဆရာလုပ်ခဲ့လေတော့ ကိုယ်က သားလို၊ သမီးလို သဘောထားခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားတွေ အများအပြား ရှိခဲ့သလို ကိုယ့်ကို အဖေတို့၊ အဖေကြီးတို့ခေါ်တဲ့ တပည့်တွေလည်း ရှိခဲ့တယ်။ မြန်မာလူမျိုးတွေကြားမှာတော့ ဒီကိစ္စဟာ သိပ်ထူးဆန်းလှတာ မဟုတ်ပါဘူး။ ဆရာသမားကို မိဘနဲ့ တစ်တန်းတည်း ထားလေ့ ရှိကြတာကိုး။

**ထူးဆန်းတဲ့ အကျိုးပေး**

ဘဝအကျိုးပေးကပဲ ထူးဆန်းလို့လားတော့ မသိဘူး။ နိုင်ငံခြားသူ နိုင်ငံခြားသားတွေ ဖြစ်ပါလျက်နဲ့ ကိုယ့်အပေါ် သံယောဇဉ်ဖြစ်ပြီး အဖေလို့ခေါ်တဲ့သူ၊ အဖေလိုသဘောထား ဆက်ဆံသူ လေးငါးယောက်ထက် မနည်း ရှိခဲ့တယ်။ ဂျပန်လူမျိုး လူငယ်သတင်းထောက်လေး တစ်ယောက်က ဆရာလိုတစ်မျိုး၊ အဖေလိုတစ်မျိုး လေးစားချစ်ခင်ပြီး အမြဲမပြတ် ဆက်သွယ်နေလေ့ရှိသလို လူမှုရေးနဲ့ ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ ဂျပန်မလေးတစ်ယောက် ဆိုရင်လည်း သူ့အလုပ်တွေနဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေး လုပ်ရုံတင်မက သူ့ကိုယ်ရေးကိုယ်တာကိစ္စ ရင်ဖွင့်စရာတွေ ရှိရင်လည်း မကွယ်မဝှက် ရင်ဖွင့်လေ့ရှိတယ်။ ငိုစရာရှိရင်လည်း ငိုပြတယ်။ ဘယ်နိုင်ငံ ရောက်နေရောက်နေ ၆ လ တစ်ကြိမ်တော့ ရောက်အောင် လာတွေ့တယ်။ တစ်ခါတလေ ၂ လ၊ ၃ လ တစ်ခါ ရောက်လာတတ်တယ်။ 'ပါပါ'လို့ ခေါ်ပါရစေလို့ ခွင့်တောင်းပြီး အမြဲတမ်း ခေါ်တယ်။ စာရေးရင်၊ အီးမေးလ်ပို့ရင်လည်း 'ပါပါ'လို့ပဲ ရေးတယ်။

**တွေ့ရှားဘဲနဲ့**

မြန်မာပြည်မှာ နှစ်အတော်ကြာအောင် အမှုထမ်းခဲ့တဲ့ အနောက်နိုင်ငံသူ တစ်ယောက်ဆိုရင် အဖေတစ်ယောက်ကို ဂရုစိုက်သလိုကို ဂရုစိုက်ခဲ့တယ်။ အခု သူ့နိုင်ငံ ပြန်သွားတော့လည်း အမြဲမပြတ် အီးမေးလ်ပို့ပြီး ကျန်းမာရေးကို မေးမြန်းတယ်။ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်မှန်သမျှ ပို့ပေးရှာတယ်။ သမီးတစ်ယောက်လိုကို စိတ်ထဲမှာ မှတ်ယူထားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အခု ပြောခဲ့သူအားလုံးက လူချင်းတွေ့ဆုံ ရင်းနှီးခဲ့ကြလို့ သံယောဇဉ် ဖြစ်သွားကြတာ။ အခုတစ်ယောက်ကျတော့ လူချင်း တွေ့ဖူးတာမဟုတ်ဘဲ နဲ့ သတင်းကြားနဲ့ ရင်းနှီးချစ်ခင်ပြီး အဖေလို့ ခေါ်ခွင့်တောင်းခဲ့တာ ဖြစ် တယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှာ မဟာဘွဲ့တစ်ခုအတွက် ကျောင်းတက်နေတဲ့ ကျောင်းသူတစ်ယောက်ဆီက သူက သိသွားခဲ့တာပါ။

**ကာတွန်းဆရာမ**

သူကလည်း ဆစ်ဒနီတက္ကသိုလ်မှာ မဟာဘွဲ့လာတက်တဲ့ သီရိ လင်္ကာနိုင်ငံသူ ဖြစ်တယ်။ သူ့နိုင်ငံမှာ အတော်အသင့် နာမည်ကျော်ကြား တဲ့ ကာတွန်းဆရာမတစ်ယောက် ဖြစ်ပါတယ်။ သူက သတင်းကြားနဲ့ ခင်မင်ရင်းနှီးနေပြီး အဖေလို့ ခေါ်ခွင့်တောင်းရုံမက မြန်မာလို ဖေဖေလို့ ရေးတာပါ သင်ယူပြီး သူ့လက်ရေးနဲ့ ဖေဖေဆိုပြီး ရေးလိုက်ပါတယ်။(သူ့ လက်ရေးနမူနာနဲ့ သူ့ကာတွန်းလက်ရာကို အကဲခတ်နိုင်အောင် ထည့်သွင်း ဖော်ပြပေးလိုက်ပါတယ်။) သူက ကာတွန်းဆွဲရုံတင်မက ကဗျာလေးတွေ လည်း ရေးပါတယ်။ သူ့ကဗျာလေးတွေနဲ့ ကာတွန်းလက်ရာလေးတွေလည်း ပို့ပေးလိုက်ပါသေးတယ်။ သူ ကျောင်းပြီးသွားရင် လာဖြစ်အောင်လာပြီး တွေ့မယ်လို့လည်း ကတိပေးထားပါတယ်။

**အသွေးအရောင်တူတဲ့ငှက်**

မမြင်ဖူး၊ မတွေ့ဖူးဘဲနဲ့ ရင်းနှီးချစ်ခင်တယ်ဆိုတာ ဖြစ်နိုင်သလား။ လူမျိုး၊ ဘာသာ မတူကွဲပြား ခြားနားပါလျက်နဲ့ သွေးသားရင်းချာလို သဘောထားတယ်ဆိုတာ ဖြစ်နိုင်သလား။ အများစုကတော့ မဖြစ်နိုင်ဘူး လို့ ထင်ကြမှာပဲ။ လောကွတ်အနေနဲ့ ပြောတာပဲ ဖြစ်လိမ့်မယ်လို့ ယူဆ ကြမှာ ဖြစ်တယ်။ ဒါပေမဲ့ လောကွတ်အနေနဲ့ ပြောစရာ ဘာအကြောင်းမှ မရှိပါဘူး။ ကိုယ်ကလည်း ဘာမှအရေးပါ အရာရောက်သူ မဟုတ်တော့ ဟန်လုပ်ပြီး ပြောနေဖို့ မလိုပါဘူး။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အကျိုး မျှော်ကိုးစရာလည်း ဘာမှရှိတာမဟုတ်ဘူး။ ဒီတော့ ဒီလို ချစ်ခင်ရင်းနှီးမှုမျိုး ရှိနိုင်တယ်လို့ ယုံတယ်။ အသွေးအရောင်တူတဲ့ ငှက်တွေချင်း အုပ်စု နေလေ့ရှိတယ် ဆိုတဲ့စကားအတိုင်းပေါ့။



**ရည်မှန်းချက်တူရင်**

နိုင်ငံခြားသားတွေ ဖြစ်ပေမယ့် စိတ်ဓာတ်ချင်း၊ စရိုက်ချင်း၊ ယုံကြည် ချက်ချင်း၊ ရည်မှန်းချက်ချင်း တူညီသူတွေဖြစ်ကြတော့ သွေးမနီးပေမဲ့ သွေးစည်းနိုင်ကြတဲ့သဘောလို့ပဲ ယူဆမိတယ်။ ဒီသွေးစည်းမှုက ကျွမ်းဝင် ရင်းနှီးမှုနဲ့ ချစ်ခင်လေးစားမှုတို့ ပေါ်ထွန်းလာတာ ဖြစ်တယ်။ အဲဒီက တစ်ဆင့် သံယောဇဉ်တို့၊ တွယ်တာမှုတို့ ဖြစ်လာနိုင်တယ် မဟုတ်ဘူးလား။ အာဂျင်တီးနားနိုင်ငံသား ချေဂွေဗားရားဟာ ကျူးဘားလူမျိုးများရဲ့ လွတ် မြောက်ရေး တိုက်ပွဲအတွက် ကက်စထရိုနဲ့ လက်တွဲတိုက်ခိုက်ခဲ့ပြီး နောက် ဆုံးမှာ ဘော်လစ်ဗီးယား လွတ်မြောက်ရေးအတွက် ဘော်လစ်ဗီးယားလူမျိုး တွေနဲ့ လက်တွဲတိုက်ခိုက်ရင်း ကျဆုံးခဲ့ရပါတယ်။ ယုံကြည်ချက်ချင်း၊ ခံယူ ချက်နဲ့ ရည်မှန်းချက်ချင်းတူရင် လူမျိုးတူမှ မဟုတ်ဘူး၊ ဆွေမျိုးတော်မှ မဟုတ်ဘူး။ ဘယ်သူနဲ့မဆို သွေးစည်းနိုင်တယ်၊ ချစ်ခင်ရင်းနှီးနိုင်တယ်၊ သံယောဇဉ်ဖြစ်နိုင်တယ်လို့ ယုံကြည်တယ်။

**မေ့တာပဲ**

နိုင်ငံခြားရောက် မြန်မာတွေလည်း သာမန်အချိန်တွေမှာ တစ်ယောက် နဲ့တစ်ယောက် ဂရုစိုက်ချင်မှ စိုက်နိုင်ကြလိမ့်မယ်။ ဒါပေမဲ့ ဂျပန်လျှင် ကြီးလို အဖြစ်ဆိုးကြီး ကြုံကြရတဲ့အခါကျတော့ အားလုံးဟာ ဘဝတူတွေ ဖြစ်သွားကြတယ်။ ဘဝတူတွေဖြစ်တော့ အလိုလိုနေရင်း သွေးစည်းသွား ကြတယ်လေ။ ဘဝချင်းတူရင်၊ ယုံကြည်ချက်ချင်းတူရင်၊ ရည်မှန်းချက်ချင်း တူရင် အားလုံးဟာ အရေးကြီးတဲ့အခါမှာ အလိုလိုနေရင်း သွေးနီးသွား ကြတာဟာ ဓမ္မတာပါပဲ။

၃၀၊ ၃၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# လူသုံးမျိုး

'မြန်မာလူမျိုးက နှစ်ယောက်ရှိရင် နှစ်ဂိုဏ်းကွဲတယ်။ သုံးယောက်ရှိရင် သုံးဂိုဏ်း ကွဲတယ်။ ဘယ်တော့မှ မညီညွတ်ဘူး။ ဒါကြောင့် မတိုးတက်တာ' နိုင်ငံရေးအလုပ်ကို မနှစ်မြို့တဲ့ လူစားများရဲ့ ပါးစပ်က အမြဲတမ်း ကြားရလေ့ရှိတဲ့စကား ဖြစ်တယ်။

## မြန်မာမှာ မကွဲတာ မရှိတဲ့

သူတို့စကား နိုင်မာစေဖို့အတွက် ကွန်မြူနစ်တွေလည်း ကွဲတယ်။ ပြည်သူ့ရဲဘော်လည်း ကွဲတယ်။ ဆိုရှယ်လစ်လည်း ကွဲတယ်။ ဖဆပလလည်း ကွဲတယ်။ ပထစလည်း ကွဲတယ်။ အဲဒီမတိုင်ခင်က ဂျီစီဘီအေလည်း ကွဲ၊ သခင်တွေလည်းကွဲ၊ မကွဲဖူးတဲ့အဖွဲ့အစည်း တစ်ခုမှကို မြန်မာပြည်မှာ မရှိဘူးလို့ ဆက်ပြောချင် ပြောပါလိမ့်ဦးမယ်။ ဘယ်သူတွေက အဲဒီလို ပြောကြတာလဲလို့ ကြည့်လိုက်ရင် အများစုဟာ ဘယ်ခေတ် ဘယ်အခါမှာမှ အများအရေးကို ပါဝင်ဆောင်ရွက်လေ့မရှိဘဲ ကိုယ့်အရေး၊ ကိုယ့်မိသားစု အရေး တစ်ခုတည်းကိုသာ အလေးထား လုပ်ဆောင်လေ့ရှိသူတွေ ဖြစ်တယ် ဆိုတာ တွေ့ရလိမ့်မယ်။

## သက်သက် ရမယ်ရှာတာ

တကယ်တော့ ဒီလူတွေဟာ အများအကျိုး၊ ရပ်ကျိုးရွာကျိုး သူတို့ မလုပ်တာကို ခုခံကာကွယ်ဖို့အတွက် သက်သက်မဲ့ ရမယ်ရှာပြီး ပြောကြတာ ဖြစ်တယ်။ လူ့လောကမှာ ရုပ်ချင်းခွဲမရအောင် တူတယ်ဆိုတာသာ



ရှိပြီး စိတ်သဘောထားချင်း တစ်ထပ်တည်း တစ်သားတည်း ကျအောင် တူတယ်ဆိုတာ မရှိဘူး။ ဒါ သဘာဝတရား ဖြစ်တယ်။ ရုပ်ချင်းတူတဲ့ အမြွှာချင်းတောင်မှ စိတ်ချင်း အတော်တူပေမဲ့ အားလုံး တစ်သားတည်း ကျအောင် တူတာတော့ မဟုတ်ဘူး။ မတူတဲ့နေရာတွေလည်း ရှိသေးတယ်။ ဒါနဲ့ သားသမီးလည်း အလားတူပဲ။ စရိုက်မတူတာတွေ ရှိသလို အကြိုက် မတူတာတွေလည်း ရှိတယ်။ ဒါဟာ လူ့လောကရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝပဲ။

## စစ်မဖြစ်ဖူးတဲ့နိုင်ငံ မရှိ

မြန်မာလူမျိုးတွေမှ သူများထက်ထူးပြီး ကွဲကြတာ မဟုတ်ဘူး။ မညီညွတ်ဖြစ်တာ မဟုတ်ဘူး။ ကမ္ဘာပေါ်မှာ ရှိသမျှ နိုင်ငံတိုင်း၊ လူမျိုးတိုင်း မကွဲဖူးတဲ့နိုင်ငံ၊ စစ်မဖြစ်ဖူးတဲ့နိုင်ငံ တစ်ခုမှ မရှိပါဘူး။ တိုးတက်ထွန်းကားနေတဲ့ နိုင်ငံကြီးတွေမှာလည်း အယူအဆ မတူကွဲပြားကြလို့ သူ့ပါတီ၊ ကိုယ့်ပါတီဆိုပြီး သီးခြား ခွဲထောင်ထားကြတာပဲ။ ဂျပန်နိုင်ငံရဲ့ သက်တမ်း အရှည်ဆုံး အာဏာရပါတီကြီး ဖြစ်ခဲ့တဲ့ အယ်လ်ဒီပီပါတီဆိုရင် ပါတီတစ်ခုတည်းမှာကို သီးခြားအုပ်စုကွဲတွေ တစ်ဒါဇင်လောက် တရားဝင် တည်ရှိနေတာ ဖြစ်တယ်။

## လူလားမမြောက်သေးလို့

ကွဲကြ၊ ပြိုကြတယ် ဆိုတာက အယူအဆချင်း၊ ယုံကြည်ချက်ချင်း မတူလို့ မဟုတ်ဘူး။ ဦးနှောက် လူလားမမြောက်သေးလို့နဲ့ နိုင်ငံရေး မရင့်ကျက်သေးလို့ ဖြစ်တာ။ လူလားမြောက် ရင့်ကျက်ပြီဆိုရင် အမြင် အယူအဆ မတူတာဟာ လူ့သဘာဝပဲလို့ နားလည်ပြီး သည်းခံနိုင်တယ်။ အတူတွဲပြီး လုပ်နိုင်ကိုင်နိုင်တယ်။ လူ့ဘုံ၊ လူ့လောက ဆိုတာ မတူတဲ့လူတွေ အတူတွဲပြီး မတူတဲ့ အတွေးအခေါ် အယူအဆတွေကို တစ်ဦးချင်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြကိုင်ကြရင်းက တဖြည်းဖြည်းချင်း တိုးတက်ဖွံ့ဖြိုးလာခဲ့တာ ဖြစ်တယ်။

## ထင်းစည်းဥပမာ

တစ်သွေးတစ်သားတည်း ပေါင်းစည်းညီညွတ်တယ်။ ရေကိုဓားလို့ အကြားမထင်သလို ပေါင်းစပ်တယ် ဆိုတာတွေက စကားအဖြစ် ပြောတာ



www.burmeseclassic.com

www.burmeseclassic.com

သက်သက်ပဲ။ ထင်းစည်းတစ်စည်းလို စည်းလုံးညီညွတ်တယ်ဆိုတဲ့ ပုံဆောင်စကားကမှ လူ့လောကမှာ သဘာဝကျစွာ ဖြစ်နိုင်တဲ့ ပေါင်းစည်းညီညွတ်ရေး ဖြစ်တယ်။ ထင်းစည်းတစ်စည်းမှာ အမျိုးအစားမတူတဲ့၊ အတိုအရှည်မညီတဲ့ ထင်းချောင်းတွေကို ကြိုးတစ်ချောင်းနဲ့ စုပြီးစည်းထားလိုက်တာ ဖြစ်တယ်။ ပေါင်းစည်းထားတဲ့အတွက် လိုရာအရပ် ရောက်အောင် သက်သက်သာသာ လွယ်လွယ်ကူကူနဲ့ သယ်ပိုးသွားနိုင်တယ်။ အလွယ်တကူ ကျိုးပဲ့မသွားဘူး။

**ဘုံအကျိုးစီးပွားအတွက်**

လူ့လောကဆိုတာလည်း အတူတူပဲ။ အသွေးအရောင်၊ အမျိုးအနွယ် မတူ ကွဲပြားခြားနားတဲ့ လူအများအပြားဟာ တူညီတဲ့ ပန်းတိုင်တစ်ခုကို ရောက်ဖို့အတွက် ဘုံအကျိုးစီးပွားဆိုတဲ့ ကြိုးနဲ့ စုစည်းပြီး ခရီးသွားနေတာ ဖြစ်တယ်။ တူညီတဲ့ပန်းတိုင် ဆိုတာကတော့ အေးချမ်းသာယာပြီး လူတိုင်းလူတိုင်း မတောင့်မတ၊ မကြောင့်မကြ လွတ်လွတ်လပ်လပ် နေထိုင်နိုင်တဲ့ သာယာရွှေပြည် ဖြစ်ပါတယ်။ အဲဒီ သာယာရွှေပြည်ကိုရောက်ရင် လူမျိုးမရွေး ဘာသာမရွေး၊ အသားအရောင်မရွေး လူသားအားလုံး ခံစားရမှာဆိုတော့ ကိုယ်လည်း ခံစားရမယ်။ သူလည်း ခံစားရမယ်ပေါ့။ အဲဒီလို ခံစားချင်စိတ်က ဘုံအကျိုးစီးပွား ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်းက ညီညွတ်ရေးဆိုတာ တူညီတဲ့ ဘုံအကျိုးစီးပွား တစ်ခုအတွက် ပူးတွဲနေထိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်တယ်။

**ဒီမိုကရေစီကျင့်စဉ်**

ဘုံအကျိုးစီးပွား တူရင် တွဲလုပ်တယ်။ မတူရင် တွဲမလုပ်ဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာ လုပ်တယ်။ ဒါ သဘာဝပဲ။ ဘာမှ မထူးဆန်းဘူး။ အပြစ်ပြောစရာလည်း မဟုတ်ဘူး။ ကိုယ်က ကိုယ်ကြိုက်တဲ့ လမ်းက သွားသလို သူလည်း သူကြိုက်တဲ့ လမ်းက သွားပါစေ။ ဒါ လူတိုင်းရဲ့ မွေးရာပါ အခွင့်အရေးပဲ။ ကိုယ့်အခွင့်အရေးကို ကိုယ်မြတ်နိုးသလို သူလည်း သူ့အခွင့်အရေးကို တန်ဖိုးထားမှာပဲ။ ဒါကို နားလည်သဘောပေါက်ပြီး သူ့အခွင့်အရေးကို တန်ဖိုးထား လေးစားတာ၊ သူ့အခွင့်အရေး၊ သူ့စိတ်ကြိုက် အသုံးချတာကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံပေးတာဟာ ဒီမိုကရေစီကျင့်စဉ် ဖြစ်တယ်။



**လူသုံးမျိုး**

ဒီလိုပြောတဲ့အတွက် အားလုံးဟာ မိတ်ဆွေ ဖြစ်တယ်။ ရန်သူမရှိဘူးလို့ ပြောတာမဟုတ်ဘူး။ လူ့အဖွဲ့အစည်းအတွင်း လူကောင်း၊ လူဆိုး၊ သူယုတ်မာ ဆိုတာကတော့ ဘယ်ခေတ် ဘယ်အခါမဆို ရှိနေတာပဲ ဖြစ်တယ်။ လူကောင်းကို မိတ်ဆွေအဖြစ် သဘောထားရမယ် ဆိုတာကတော့ ပြောစရာ မလိုဘူး။ လူတိုင်း သိတယ်။ လူဆိုးကျတော့ ခွဲခြားစဉ်းစားစရာ ရှိတယ်။ တချို့က အရက်သေစာ သောက်စားမူးယစ်တဲ့သူ၊ လောင်းကစား အလွန်အကျွံ လုပ်သူကို လူဆိုးလို့ ခေါ်တယ်။ သူ့မှာသူ ကြိုက်လို့ စွဲလို့ သောက်တယ်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးဆိုတဲ့ သူမျိုးကိုတော့ မိတ်ဆွေအဖြစ် မပေါင်းသင်းချင်ရင်တောင် ရန်သူအဖြစ် သဘောထားပြီး ရှောင်ဖယ်နေစရာတော့ မလိုဘူး ထင်ပါတယ်။

**အမှားကိုမြင်လို့ ပြုပြင်ရင်**

တချို့ ဆင်းရဲလွန်းလို့ ကြီမိကြီရာကြံရင်းနဲ့ ခါးပိုက်နှိုက်ဖြစ်၊ သူခိုးဖြစ်သွားတာမျိုး ရှိတယ်။ သူတို့ဟာ လူဆိုးတော့ လူဆိုးပဲ။ ဒါပေမဲ့ မတရားနိုင်ထက်စီးနင်းနဲ့ နှိပ်စက်ညှဥ်းပန်း မလုပ်ဘူး။ သူတစ်ပါး သားပျိုသမီးပျိုကို ထိပါးစော်ကား မပြုဘူးဆိုရင်တော့ လူယုတ်မာလို့ ခေါ်တဲ့အဆင့် မရောက်သေးဘူးလို့ ဆိုချင်တယ်။ သူတို့ အမှားကိုသိလို့ နောင်တတရားရ ပြုပြင်တယ်ဆိုရင် ခွင့်လွှတ်သင့်သူကို ခွင့်လွှတ်ရမယ်။ ပြုပြင်ပေါင်းသင်းသင့်သူကို ပေါင်းသင်းနိုင်တယ်။ ရှေးခေတ်ရှေးအခါက နာမည်ကြီးတဲ့ ရှင်မတောင် ဓားပြဂိုဏ်းကြီးတောင် နောက်ဆုံးကျတော့ ဖက်ဆစ်တော်လှန်ရေးကြီးထဲ ပါဝင်လာပြီး တိုင်းပြည်ရဲ့ အဖိုးတန် သားကောင်း သမီးကောင်းတွေ ဖြစ်လာခဲ့ကြတဲ့ သာဓက ရှိပါတယ်။

**ငတေမာပြီးရော**

တချို့ကျတော့ သောက်စားမူးယစ် မရှိဘူး။ လောင်းကစား မလုပ်ဘူး။ ဓားပြလည်း မတိုက်ဘူး။ ဒါပေမဲ့ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့ စိတ်နဲ့ တစ်ရွာလုံး ငတ်ပြီး သေချင်သေ။ ငါ့စပါးကျီထဲက စပါးတွေတော့ ထုတ်မရောင်းနိုင်ဘူးဆိုပြီး လူတွေ တစ်ယောက်ပြီးတစ်ယောက် သေသွားတာကို ငုတ်တုတ် ထိုင်ကြည့်နေနိုင်တယ်။ တချို့က နိုင်တုန်းခဲထောင်း



www.burmeseclassic.com

www.burmeseclassic.com

ထားမယ် ဆိုတဲ့စိတ်နဲ့ အားနည်းသူတွေကို နိုင့်ထက်စီးနင်း ညှင်းပန်း နှိပ်စက်တတ်တယ်။ တချို့ကျတော့ မသိ နားမလည်သူတွေကို လိမ်ညာ လှည့်စားပြီး ကိုယ်ကောင်းစားဖို့ 'ကုပ်သွေးစုပ်'တတ်တယ်။ တချို့က သူတော်ကောင်း ဟန်ဆောင်ပြီး လူမသိအောင် မတော်မတရား အလုပ်တွေ လုပ်တတ်တယ်။

**မောရှံသာ အဖတ်တင်**

ဒီလူစားမျိုးတွေကိုတော့ လူဆိုးစာပြုထက်တောင် ကြောက်စရာကောင်းလို့ လူယုတ်မာဆိုတဲ့စကားလုံးနဲ့ပဲ ထိုက်တန်တယ်။ ဘယ်တော့ဘယ်အခါမှ အပေါင်းအသင်း မလုပ်အပ်သူတွေဖြစ်တယ်။ ရန်သူအဖြစ် ပြတ်ပြတ်သား သား သတ်မှတ်ပြီး ခေါင်းမဖော်နိုင်အောင် ရှုတ်ချပစ်ရမယ်။ အားနာနေလို့ မဖြစ်ဘူး။ ညှာတာထောက်ထားဖို့ မတန်ဘူး။ လူယုတ်မာတွေက မေတ္တာ တရားကို ဘယ်တော့မှ တန်ဖိုးထားတာ မဟုတ်ဘူး။ တရားဟောနေရင် မောရှံသာ အဖတ်တင်ပါလိမ့်မယ်။

၁၆၊ ၃၊ ၂၀၁၁



# အဓိပ္ပာယ်တတ် အလုပ်နဲ့ဖြစ်ဖို့လို

ခွင့်မပန်ဘဲ ရုတ်တရက် တစ်လလုံးလုံး စာရေးဖို့ ပျက်ကွက်ခဲ့တဲ့ အတွက် စာဖတ်ပရိသတ်များကို တောင်းပန်ပါရစေ။ စိတ်စေတနာနဲ့ တစ်နယ်တစ်ကျေးက၊ နိုင်ငံရပ်ခြားက ဖုန်းဆက်ကြ၊ စာရေးကြပြီး စုံစမ်း မေးမြန်းကြသူများနဲ့ အိမ်အရောက်လာပြီး ကြည့်ရှုကြသူ အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ဦးစွာပထမ ပြောကြားလိုက်ပါရစေ။

**ရှုလိုက် အေးလိုက်**

အားလုံး စိတ်ပူကြတဲ့အတိုင်း နည်းနည်း နေထိုင်မကောင်းဖြစ်သွား လို့ပါ။ ဒီနှစ် မတ်လက ရာသီဥတု တော်တော်ဖောက်ပြန်တယ်။ ပူလိုက်၊ နှင်းကျလိုက်၊ အေးချင် အေးလာလိုက်နဲ့ ခုတစ်မျိုး၊ တော်ကြာ တစ်မျိုး အစိုးမရ ဖြစ်ချင်တိုင်း ဖြစ်နေတာ။ အိန္ဒိယသမုဒ္ဒရာထဲ မုန်တိုင်းဖြစ်ပြီး မြန်မာပြည်ထဲ ဝင်မလိုလို သတင်းတွေကလည်း ဖြစ်နေသေးတယ်။ နောက် တော့ မတ်လထဲမှာ မြန်မာပြည်ကို မုန်တိုင်းဝင်တဲ့ထုံးစံ မရှိဘူးလို့ ရဲရဲပြော ခဲ့တဲ့ မိုးလေဝသဦးထွန်းလွင်ရဲ့စကား မှန်လို့ တော်သွားတာပေါ့။ ဒါတောင် အယ်လ်နီညိုနဲ့ လာနီညာ ကလိတဲ့ ဒဏ်ကတော့ မလွတ်ဘူး။ လမ်းပေါ်မှာ အလျှပ်ငွေ့တွေ တလူလူပျံပြီး ကျောကော့အောင် ပူနေရာက ရုတ်တရက် လေတွေတိုက်ပြီး မိုးတွေရွာချင် ရွာချပြန်ရော၊ အပူသက်သာသွားလို့ ဝမ်းသာမလိုဖြစ်ခါရှိသေး၊ နောက်နေ့ မိုးလင်းတော့ ခြစ်ခြစ်တောက် ပူလာ ပြန်ရော။ အစိုးရတာ တစ်ခုမှမရှိဘူး။ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေ တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

### ရောဂါသည်က သိတယ်

မတ်လကုန်ခါနီး တစ်ရက်ကတော့ တစ်သက်မှာ တစ်ခါမှ မကြုံဖူး တဲ့ ရာသီဥတုဖောက်ပြန်မှုတစ်ခုကို တွေ့ရတယ်။ ထူးဆန်း အံ့ဩဖွယ်လို့ ပြောရမလား၊ ပြောမယုံ ကြုံဖူးမှသိလို့ ပြောရမလား ဆိုတာတောင် မဝေခွဲ တတ်တော့ဘူး။ ထူးဆန်းတာကတော့ ထူးဆန်းတယ်။ အဲဒီနေ့ကို လူကောင်း တွေကတော့ သတိပြုချင်မှ သတိပြုမိကြမယ်။ ရောဂါသည်ကတော့ ကောင်းကောင်း မှတ်မိနေတယ်။ အဲဒီနေ့က မိုးလင်းကတည်းက ပူတာ လူကို ဟောဟဲလိုက်နေတယ်။ နည်းနည်းလေး လှုပ်မိတာနဲ့ ငါးလို ပါးစပ် ဟပြီး ဖုတ်လိုက်ဖုတ်လိုက် အသက်ရှူနေရတယ်။ ထမင်းဝါးရတာတောင် မောတယ်။ ညနေစောင်းတော့ လေပြင်းတိုက်ပြီး မိုးတွေရွာချလိုက်တယ်။ မိုးက သိပ်များတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တော်တော်အေးသွားလို့ ညဘက် စောင်ခြုံအိပ်ရတယ်။

### နွေမိုးဆောင်း တစ်ပေါင်းတည်း

မနက်ကျတော့ မိုးမရွာဘူး။ အုံ့ရုံပဲ အုံ့တယ်။ ဒါပေမဲ့ ဆောင်းလို ချမ်းနေတယ်။ တစ်နေ့လုံး မိုးအုံ့လိုက်၊ လေပြင်းတိုက်လိုက်နဲ့ စောင်ခွာလို့ မရဘူး။ မတ်လ နွေခေါင်ခေါင် နေ့လယ်ခင်းကြီးမှာ စောင်ခြုံပြီး ကွေးနေ ရတယ်ဆိုတာ ယုံနိုင်စရာ မရှိဘူး။ အညာသားတစ်ယောက်အနေနဲ့ ရန်ကုန် ဆောင်းရာသီမှာတောင် နေ့လယ်ကြီး စောင်ခြုံ မကွေးခဲ့ဖူးဘူး။ အခုမှ ကြုံဖူးရတယ်။ သဘာဝတရားရဲ့ ဆန်းကြယ်မှုတွေ အမျိုးမျိုး ကြားဖူး ကြုံဖူးပါရဲ့။ နေ့ရဲ့သင်္ကေတ နေမင်းကြီးနဲ့ ညရဲ့သင်္ကေတ လမင်းကြီးတို့ ကောင်းကင်ထက်မှာ နှစ်ပါးဆိုင်ပြီး အပြိုင်ထွက်နေတာ မြင်ဖူးပါတယ်။ နွေခေါင်ခေါင် မိုးကြိုးပစ်တာ ကြားဖူးသလို ဆောင်းတွင်းကြီး မိုးရွာတာ လည်း ကြုံဖူးပါတယ်။ ဒါပေမဲ့ မနေ့ကလို တစ်နေ့တည်းမှာ နွေမိုးဆောင်း ရာသီ တစ်ပြိုင်တည်း ကျရောက်တာမျိုးတော့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူး။ ကြားလည်း မကြားဖူးဘူး။

### တင်စားတာ မဟုတ်

ဥတုသုံးမျိုး တစ်ပေါင်းတည်းကျတယ် ဆိုတာက သဘောလောက်သာ မဟုတ်ဘူး။ တင်စားပြောတာ မဟုတ်ဘူး။ တကယ် ပီပြင်တာ။ နွေက



လို ခြစ်ခြစ်တောက် ပူသလို မိုးကလည်း မိုးဝီဝီသသ အုံ့ဆိုင်းမှုန်မှိုင်းပြီး ရွာချတာ။ မိုးရပ်သွားတာတောင် အုံ့မှိုင်းနေတုန်းပဲ။ ချမ်းတဲ့နေရာ ကျတော့ လည်း ရန်ကုန်ဆောင်းနဲ့မတူဘဲ အညာဆောင်းလို စောင်ခြုံထဲက မထွက် နိုင်တဲ့ အချမ်းမျိုး။ ထူးထွေတည့် အံ့ရာသော်ဝ်လို့ ဆိုရမယ့် အခြေအနေပဲ။ နောက်နေ့ရောက်တော့ ချမ်းတယ်ဆိုတာ ဘယ်ရောက်သွားမှန်း မသိတော့ ဘူး။ ချက်ချင်းပဲ ပူလာလိုက်တာ ကိုယ့်အသား ထိရင်တောင် အငွေ့ထွက် တာသလို ခံစားရတယ်။ ရာသီဥတုက လူတွေကို ကျီစားနေသလို အောက်မေ့ မိတယ်။

### အော့ရွှံတင်ကြောင်း ပြောချင်လို့

နွေမိုးဆောင်း တစ်ပေါင်းတည်းကျတဲ့ ဒဏ်ကို မကျန်းမာတဲ့ ခန္ဓာ ကိုယ်က မခံနိုင်ဘူး။ အသက်ရှူကြပ်ပြီး မောလာတယ်။ ခါတိုင်းလို ရှူဆေး ရှူလိုက်တာနဲ့ သက်သာမသွားဘူး။ ဗင်တိုလင်ရှူဆေးကို စက်နဲ့မှုတ်သွင်း ပြီး ရှူလည်း ခဏပဲ သက်သာသွားတယ်။ ပြီးတော့ ကြပ်မြဲကြပ်ပြီး မောမြဲ မောနေတော့တယ်။ နည်းနည်းလေးမှ အလှုပ်မခံတော့ ဆေးရုံလည်း သွားနိုင်ဘူး။ အနီးကပ် စောင့်ရှောက်ပေးနေတဲ့ ဆရာလေးကိုပဲ အကြောင်း ကြားရတယ်။ ဆရာလေးရဲ့ ဂရုစိုက်မှုကြောင့် သေကောင်ပေါင်းလဲတော့ မဖြစ်လိုက်ဘူး။ ခံတော့ တော်တော်ခံလိုက်ရတယ်။ တစ်လလုံး စာမရေးဘဲ နားလိုက်တယ်။ အခုတော့ သက်သာလာပြီဖြစ်တာက တစ်ကြောင်း၊ စိတ်မှု ကြတဲ့ စာဖတ်ပရိသတ်များကို ကျေးဇူးတင်ကြောင်း ပြောချင်တာက တစ်ကြောင်းကြောင့် ဒီစာကို ရေးလိုက်ရတာ ဖြစ်တယ်။

### ရွှန်ကရစ်ဖုန်းဆိုးတောကြီး

ရှိတုန်းက တန်ဖိုးမထားဘဲ မရှိတော့မှ အဖိုးတန်မှန်း သိတာ လူ့ သဘာဝပဲ။ အညာသားဖြစ်လို့ တော်ရုံအပူလောက်ကို မမှုပါဘူး။ အခု ရောဂါရတော့မှ အပူကို ကြောက်ပြီး သစ်ရိပ်ဝါးရိပ်တွေကို တမ်းတမိတယ်။ ဒါပေမဲ့ အချိန်က အများကြီးနှောင်းသွားပြီ။ ကျောင်းသားဘဝက နေပြောက် ထိုးတဲ့ ရန်ကုန်–မန္တလေး မီးရထားနဲ့ ကားလမ်းတစ်လျှောက်က ကျွန်းတော ကြီးတွေ မရှိတော့ဘူး။ ဝါးဆိုပန်းရူးထွက်ကြတဲ့ မဂ်လာဒုံနဲ့ ထောက်ကြံ့ ဘက်က တောအုပ်တွေ ပျောက်ကွယ်သွားပြီ။ ည ၉ နာရီခွဲမှ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီးအပြန် ပန်းဆိုးတန်းတစ်လျှောက်မှာ ကလေးတွေနဲ့ အလုအယက် ပန်းကောက်ခဲ့ကြတဲ့ ခရေပင်ကြီးတွေ မရှိတော့ဘူး။ စိမ်းညို့နေတဲ့ ခရေပင် ကြီးတွေ၊ မန်ကျည်းပင်ကြီးနဲ့ ကုက္ကိုပင်ကြီးတွေ နေရာမှာ အခုတော့ ကွန်ကရစ် ဖုန်းဆိုးတောကြီးပဲ ရှိတော့တယ်။

**တိုးတက်မှုနဲ့ ဆုတ်ယုတ်မှု**

ဒါကိုပဲ မြို့ပြဖွံ့ဖြိုးတိုးတက်မှုလို့ ခေါ်နေကြသေးတယ်။ တိုးတက်မှုနဲ့ ဆုတ်ယုတ်ပျက်စီးမှုကို လူတွေ ခွဲခြားမသိကြဘူး။ ရောဂါရမှ သိကြရတယ် ဆိုရင် ဘယ်ကောင်းမှာလဲ။ အခု ဆယ်စုနှစ်တစ်ခုလောက် အတွင်းမှာ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေး လှုံ့ဆော်မှုတွေ တော်တော်လေး လုပ်ကိုင်လာကြတာ တွေ့ရလို့ စိတ်သက်သာရာရသေး တယ်။ အနယ်နယ် အရပ်ရပ်မှာ သစ်ပင်စိုက်တဲ့ သတင်းတွေလည်း ကြားသိ မြင်တွေ့နေရတယ်။ အခုစိုက်တဲ့အပင်တွေ သစ်ပင်ကြီး ဖြစ်လာ ဖို့က ၉ နှစ်၊ ၁၀ နှစ် အချိန်ယူရဦးမယ်။ လောလောဆယ် သက်တမ်း လေးငါးဆယ်ရှိနေတဲ့ သစ်ပင်ကြီးတွေကို ခုတ်လှဲခြင်း မပြုလုပ်ဖို့လည်း တားဆီးကာကွယ်ဖို့ လိုပါတယ်။ လမ်းဖောက်လို့ အဆောက်အဦဆောက်လို့ ဆိုပြီး သက်တမ်းရင့် သစ်ပင်ကြီးတွေကို လက်လွတ်စပယ် ခုတ်လှဲခြင်း မပြုဖို့ လိုပါတယ်။

**သက်သေပြပါ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ ပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေးတို့၊ သစ်ပင်စိုက်ရေးတို့ လှုံ့ဆော် ဟောပြောနေကြတာ အလွန် ကောင်းတယ်။ လက်တွေ့ များများစိုက်ကြရင် ပိုကောင်းတယ်။ အခုတော့ အစိုက်နဲ့ အခုတ် တစ်ဖက်စောင်းနင်းဖြစ်နေတယ်လို့ ထင်တယ်။ များများ စိုက်ပြီး နည်းနည်းပဲခုတ်ကြပါလို့ တောင်းပန်ချင်တယ်။ ဖုန်းဆိုးတောဖြစ်ပြီးမှ အိုအေစစ်ပြန်ဖြစ်အောင်လုပ်ဖို့ မလွယ်ပါဘူး။ အပြောထက် လက်တွေ့က ပိုအရေးကြီးတယ်(Action Speaks louder than words.) ဆိုတဲ့စကား အတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စကို လေမဟုတ်၊ အလုပ်နဲ့ သက်သေပြကြပါလို့ နှိုးဆော်လိုက်ရပါတယ်။

၄၊ ၅၊ ၂၀၁၁



# ဘာတစ်လွှား လူ့စွမ်းအား

'ကမ္ဘာပျက်တဲ့နေ့'(dooms day)ဆိုတာ တကယ်ရောက်လာတော့ ာလား။ လျှော်ကြီးတွေလှုပ်လိုက်၊ ဆူနာမီဖြစ်လိုက်၊ အခုနောက်ဆုံး ကလီးယား ဓာတ်ပေါင်းဖိုကြီးတွေ မီးလောင် ပေါက်ကွဲလိုက်နဲ့ ဒီအတိုင်း က်ပိုက်ကြည့်ရုံက လွဲပြီး ဘာမှမတတ်နိုင်ကြဘူးလား။

**ာက်ချားစရာတွေ**

အခုတလော လာသမျှလူတိုင်းက ဒီမေးခွန်းကိုချည်း မေးကြတယ်။ စ်များနဲ့ အရှေ့အလယ်ပိုင်း ကိစ္စတွေကိုတောင် သိပ်စိတ်မဝင်စားနိုင် ဘူး။ ဂျပန်လျှော်ကြီးပြီးတာနဲ့ ရှမ်းပြည်နယ်အတွင်းက လျှော်ကြီးက တ်တိုက်ဆိုသလို ဝင်လာတော့ လူတိုင်း စိတ်ထိခိုက်ရတယ်။ ဒီကြားထဲ ာက်ချားစရာ သတင်းတွေကလည်း တစ်မျိုးပြီးတစ်မျိုး ထွက်လာသေး ယ်။ ၁၉၃၀ ခုနှစ်များအတွင်းက လှုပ်ခဲ့တဲ့ ပဲခူးလျှော်ကြီးမျိုး ဒုတိယအကြိမ် ာနိုင်သေးတယ်ဆိုတဲ့ ဟောကိန်းကြောင့် ထိတ်ထိတ်လန့်လန့် ဖြစ်နေ မှာ စစ်ကိုင်းပြတ်ရွေ့ကြောကြီးကလည်း အချိန်မရွေး အန္တရာယ်ပေး င်တယ်ဆိုတဲ့ သတိပေးချက်တွေ ကြားရပြန်တယ်။

**သက်စွန့် တားဆီးကာကွယ်**

ဂျပန်က နျူကလီးယား ဓာတ်ပေါင်းဖိုတွေ ပေါက်ကွဲမှုကလည်း န်းချုပ်စရာ နည်းလမ်းမရှိတော့ဘူး ထင်ရတယ်။ ဓာတ်ငွေ့ပျံ့နှံ့မှုပမာဏ သထက် ကြီးလာတာကို ဒီအတိုင်း ကြည့်နေရတယ်။ ဓာတ်ပေါင်းဖိုက



www.burmeseclassic.com

www.burmeseclassic.com

စီးထွက်လာတဲ့ရေတွေ ပင်လယ်ထဲမရောက်အောင်တော့ အစွမ်းကုန် ကြိုးစားနေကြတာ တွေ့ရတယ်။ ဂျပန်အလုပ်သမားတချို့က ဓာတ်ရောင် ခြည် အန္တရာယ်ကို ရင်ဆိုင်ပြီး ကြိုးစားနေကြတယ်။ သူတို့ အသက်ကို စွန့်ပြီး အစွမ်းကုန် တားဆီးကာကွယ်သွားမယ်လို့ သူတို့အားလုံး သန္နိဋ္ဌာန် အခိုင်အမာချထားကြောင်း ကြားသိရတယ်။ ချီးကျူးစရာကောင်းလိုက်တာ တကယ့် သူရဲကောင်းတွေပါပဲ။ ဦးညွှတ် အလေးပြုလိုက်ပါတယ်။

**စိတ်ပျက်တာ ကြာပြီ**

ကမ္ဘာပေါ်မှာ ဆက်ဒမ်ဟူစိန်လို၊ ကဒါဖီလို လူတွေချည်းမဟုတ်ဘဲ အများအတွက် အသက်စွန့်ဆောင်ရွက်တဲ့ ဂျပန် နျူကလီးယားစက်ရုံက အလုပ်သမားတွေလို လူကောင်းသူကောင်းတွေလည်း ရှိကြပါသေးလား ဆိုပြီး အားတက်ရတယ်။ မှန်တဲ့အတိုင်း ဝန်ခံရရင် လူတွေကို စိတ်ပျက် နေတာ ကြာပြီ။ ကမ္ဘာကြီးကိုလည်း နေချင်စရာမကောင်းတော့တဲ့ ပစ္စည်း အရပ်ကြီးအဖြစ် ရှုမြင်ထားခဲ့တယ်။ ဆုတ်ကပ်ကြီးထဲ ရောက်နေပြီလို့ မကြာခဏ စိတ်ပျက်လက်ပျက် ရေးခဲ့ဖူးတယ်။ တစ်ခါတလေများဆိုရင် စိတ်ကုန်လွန်းလို့ အားလုံးပျက်သွားလည်း ကောင်းတာပဲ၊ အသစ်က ပြန်စ နိုင်တာပေါ့လို့တောင် အရွဲ့တိုက် ပြောမိတယ်။

**စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေ**

ကြည့်လေ။ ကမ္ဘာကြီးရဲ့ ဘယ်ထောင့်၊ ဘယ်နေရာမှာများ စိတ် ချမ်းသာစရာကောင်းတာ၊ မျှော်လင့်ချက်တွေနဲ့ အားတက် ရွှင်မြူးစရာ ကောင်းတာ တွေ့ရမြင်ရ ကြားရလို့လဲ။ ရုပ်မြင်သံကြား ကြည့်လိုက်တာနဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်က စစ်သတင်းတွေနဲ့ ဆူဒန်က လူမျိုးပြုတ်အောင် တိုက်ခိုက်နေတဲ့ စစ်ပွဲတွေ၊ ကမ္ဘာအနှံ့က အကြမ်းဖက် တိုက်ခိုက်မှုတွေ အသေခံ ဗုံးခွဲတိုက်ခိုက်တာတွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ၊ ကြက်ငှက် တုပ်ကွေး၊ ဝက်တုပ်ကွေးနဲ့ နွားရူးရောဂါ ဆိုတာတွေချည်းပဲ။ အခု လာပြန် ပြီ။ ဝက်နားရွက်ပြာရောဂါတဲ့။ ဘယ်တုန်းကမှ မကြားဖူးခဲ့တဲ့ ရောဂါ အသစ်အဆန်းတွေက များလိုက်တာ။ ဘယ်မှာလဲ ပျော်စရာကောင်းတာ။ အဲဒါကြောင့် ကမ္ဘာကြီးနဲ့ လူတွေကိုပါ စိတ်ပျက်နေတာ ဖြစ်တယ်။



**လောကကို ပြန်လည်တွယ်တာ**

ဓာတ်ရောင်ခြည်သင့်ရုံမကလို့ ချက်ချင်းသေသွားလည်း ကိစ္စမရှိဘူး လူသားတွေ အန္တရာယ်မကျရောက်ဖို့အတွက် အစွမ်းကုန် တားဆီးကာကွယ် သွားမယ်ဆိုတဲ့ ဂျပန်အလုပ်သမားတွေအကြောင်း ကြားလိုက်ရတော့ စိတ်ပျက်နေတာတွေ ပျောက်သွားတယ်။ လေးစားကြည်ညိုစရာ လူကောင်း သူကောင်းတွေ ရှိနေသေးတာပဲဆိုပြီး အားတက်လာတယ်။ လူ့လောကကို တွယ်တာစိတ်တွေ ပြန်ဝင်လာတယ်။ လူတွေနဲ့ ကမ္ဘာကြီးကို အကောင်းမြင် စိတ်တွေ ပြန်ဝင်လာတာနဲ့ တစ်ပြိုင်နက် ကမ္ဘာကြီးကို မပျက်စေချင်တော့ဘူး။ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ချင်လာတယ်။ ဒီအတိုင်း လက်ပိုက်ကြည့်ရုံက လွဲပြီး ဘာမှမတတ်နိုင်ကြတော့ဘူးလားလို့ မေးလာတဲ့လူတွေကိုလည်း ပြန်ပြောစရာ အဖြေရှိလာတယ်။

**အဆိုးထဲက အကောင်း**

ကမ္ဘာကြီး ပျက်မသွားအောင် ကာကွယ်ချင်တဲ့စိတ် အမှန်တကယ် ရှိရင် ကာကွယ်နိုင်ပါတယ်။ လက်ပိုက်ကြည့်နေရုံ ကြည့်နေရမယ့် အခြေ အနေ မရောက်သေးပါဘူး။ ကျွန်တော်တို့မှာ ကယ်တင်နိုင်တဲ့ စွမ်းအားတွေ ရှိတယ်။ တကယ်ထုတ်သုံးရင် တကယ်ကို ကယ်တင်နိုင်တယ်။ ဂျပန်ငလျင် ကြီးနဲ့ ဆူနာမီကြီးဟာ အဆိုးထဲက အကောင်းရ(blessing in disguise) ဆိုတဲ့သဘော ဖြစ်တယ်။ ဒါကို သင်ခန်းစာထုတ်ယူပြီး ကောင်းကောင်း အသုံးချနိုင်ရင် နျူကလီးယား လက်နက်အားလုံး ဖျက်သိမ်းရေးအထိ ဦးတည် ရောက်ရှိသွားနိုင်ပါတယ်။

**မိုးရေထဲ ဓာတ်ရောင်ခြည်ပါ**

ဆူနာမီကြောင့် ဂျပန် နျူကလီးယားဓာတ်ပေါင်းဖို မီးလောင် ပေါက်ကွဲတော့ ဂျပန်လူမျိုးတွေသာမက ကမ္ဘာတစ်ခုလုံးက လူသားအားလုံး ထိတ်လန့်တုန်လှုပ်သွားကြတယ်။ အာရှနိုင်ငံတွေသာမက ဥရောပနိုင်ငံများ ကပါ ဂျပန် စားသောက်ကုန်တွေထဲမှာ ဓာတ်ရောင်ခြည်တွေ ပါဝင်လာ မှာကို စိုးရိမ်ပြီး ဝင်မလာအောင် ပိတ်ပင်တားဆီးမှုတွေ ပြုလုပ်ကြတယ်။ အမေရိကန် ဒေသတချို့မှာရွာတဲ့ မိုးရေထဲ ဓာတ်ရောင်ခြည်ပါတာ တွေ့ရ တယ်လို့ ကြေညာတာလည်း ကြားလိုက်ရတယ်။ နိုင်ငံတချို့က ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com

များကတော့ သူတို့နိုင်ငံမှာရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုတွေ ပိတ်ပစ်ဖို့ ဆန္ဒပြ တောင်းဆိုလာကြတယ်။

**ပြည်သူကို လှုံ့ဆော်စည်းရုံး**

ဂျာမနီနိုင်ငံက ဒေသရွေးကောက်ပွဲတွေမှာ နျူကလီးယားလက်နက်ဆန့်ကျင်တဲ့ ဂရင်းပါတီက နေရာအများအပြား အနိုင်ရခဲ့တယ်လို့ သတင်းတွေအရ သိရတယ်။ ဝန်ကြီးချုပ် အင်ဂျလာမာကဲလ်ရဲ့ အာဏာရပါတီမျက်နှာပန်းမလှခဲ့ဘူး။ ဒီလိုအချိန်မှာ ဒီလိုအခြေအနေကို အခွင့်အလမ်းတစ်ခုအဖြစ် မိမိရရဆုပ်ကိုင် ဆောင်ရွက်နိုင်ရင် အထက်မှာပြောခဲ့သလို နျူကလီးယားလက်နက်များ လုံးဝဖျက်သိမ်းရေးအထိ ဦးတည်ရောက်ရှိသွားနိုင်တယ်။ လုပ်ရမှာက တစ်ကမ္ဘာလုံးရှိ ပြည်သူများကို လှုံ့ဆော်စည်းရုံးရမှာ ဖြစ်တယ်။ ပြည်သူ့စွမ်းအားနဲ့ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရမယ်။

**ဘာတစ်ခုမှ မအောင်မြင်ခဲ့**

ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖို့၊ စစ်ပွဲတွေချုပ်ငြိမ်းဖို့၊ နျူကလီးယားလက်နက် အပါအဝင် လူသတ်လက်နက်တွေအားလုံး ဖျက်သိမ်းဖို့၊ ဆင်းရဲမွဲတေမှု ပပျောက်ဖို့၊ ကြောက်မက်ဖွယ်ရာ ရောဂါဆိုးကြီးတွေ ပျောက်ကွယ်သွားအောင် တိုက်ဖျက်ဖို့ စတဲ့ လုပ်ငန်းမျိုးစုံကို ကမ္ဘာ့ကုလသမဂ္ဂကြီးက ဆောင်ရွက်ခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ ဘာတစ်ခုမှ အောင်မြင်တယ်လို့ မရှိသေးဘူး။ အမေရိကန်၊ ဥရောပနဲ့ ကမ္ဘာ့ချမ်းသာ နိုင်ငံကြီးတွေအားလုံးကလည်း တစ်နိုင်ငံချင်း ဆောင်ရွက်ခဲ့ကြသလို G 8 တို့၊ G 20 တို့ဆိုတဲ့ အဖွဲ့တွေဖွဲ့ပြီးလည်း ဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမဲ့ ဘာတစ်ခုမှ မအောင်မြင်ခဲ့ဘူး။ ချမ်းသာတဲ့နိုင်ငံတွေပဲ ပိုပိုပြီး ချမ်းသာသွားကြပြီး ဆင်းရဲတဲ့နိုင်ငံတွေကတော့ ဒုံးရင်းဒုံးရင်းပါပဲ။

**ဝါရင်းဘတ်ဖက်ရဲ့စကား**

ဘာကြောင့် ဒီလိုဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ဒီအခြေအနေအထိ ဘာကြောင့် ရောက်ရသလဲဆိုတော့ ချမ်းသာတဲ့နိုင်ငံကြီးတွေ အားလုံးက ကူညီတယ်၊ ကယ်ဆယ်တယ်ဆိုတဲ့ စကားလုံးလှလှလေးတွေ တွင်တွင်



သုံးပြီး သူတို့ အကျိုးစီးပွားအတွက်သာ အထူးအလေးထား လုပ်ကိုင်နေကြလို့ ဖြစ်တယ်။ နိုင်ငံလေးတွေမှာ စစ်ပွဲတွေ များများဖြစ်လေ သူတို့ရဲ့လက်နက်တွေ ရောင်းရလေပဲ။ ကပ်ရောဂါဆိုးကြီးတွေ ကျရောက်လေသူတို့ ဆေးကုမ္ပဏီကြီးတွေ ရောင်းရလေ ဖြစ်တယ်။ ဂျပန်ငလျင်ကြီးလှုပ်ပြီး သုံးရက်အကြာမှာ အမေရိကန်သူဌေးကြီး ဝါရင်းဘတ်ဖက်(Warren Buffet) တောင်ကိုရီးယားနိုင်ငံကို ရောက်လာပြီး ဂျပန်ငလျင်ကြီးကြောင့် ဂျပန်နိုင်ငံဟာ အကြီးဆုံးဈေးကွက်ကြီး ဖြစ်လာပေိမ့်မယ်လို့ ဟောကိန်းထုတ်လိုက်တယ်။ သူများတွေ ဒုက္ခအကြီးအကျယ် ရောက်နေချိန်မှာ ကူညီဖို့ ကယ်ဆယ်ဖို့ မပြောဘဲနဲ့ ကုန်ပစ္စည်းတွေ ရောင်းရဖို့နဲ့ ငွေလုံးငွေရင်းနှင်းနိုးမြှုပ်နှံဖို့ပဲ စဉ်းစားရုံမက မအောင့်နိုင်ဘဲ ထုတ်တောင်ပြောလိုက်သေးတယ်။ ရက်စက်လိုက်တာ။

**မီးလောင်အိမ် ဝင်လု**

ရက်စက်တာ မဟုတ်ဘူး။ ဒါ စီးပွားရေးသမားများရဲ့ သဘာဝပဲ။ Fishing in the troubled water ဆိုတဲ့ သူတို့ အနောက်နိုင်ငံသားတွေရဲ့စကား ရှိတယ်မဟုတ်လား။ မြန်မာတွေကတော့ 'ပွဲလန့်တုန်း ဖျာခင်းတယ်၊ မီးလောင်နေတဲ့အိမ် ဝင်လုတယ်' စသဖြင့် ပြောလေ့ရှိတယ်။ မီးလန့်တုန်းဖျာခင်းတာထက်ဆိုးတာ ရှိသေးတယ်။ တမင်တကာ မီးလှန့်ပြီး ဖျာဝင်ခင်းတာ ဖြစ်တယ်။ ကမ္ဘာ့နေရာ အနှံ့အပြားမှာ စစ်ပွဲတွေ အဆက်မပြတ်ဖြစ်နေတဲ့ အကြောင်းရင်းက စီးပွားရေးသမားတွေက ပွဲလှန့်ပြီး ဖျာဝင်ခင်းနေကြလို့ ဖြစ်တယ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံး ညီညီညွတ်ညွတ်လက်ချင်းတွဲပြီး ဒီလိုလုပ်ရပ်အားလုံးကို တားဆီးကာကွယ်ရပါလိမ့်မယ်။

**လူတွေဆီ တိုက်ရိုက်သွားပါ**

တားဆီးဖို့ မခက်ပါဘူး။ ကုလသမဂ္ဂနဲ့ အဖွဲ့အစည်းတွေကို အားကိုးမနေပါနဲ့။ ကိုယ့်နိုင်ငံက အစိုးရတွေကိုလည်း အားကိုးမနေကြနဲ့။ အစိုးရတွေဆိုတာက စီးပွားရေးသမားတွေ ကြိုးဆွဲတဲ့အတိုင်း ကနေကြတာချည်းပဲ။ ကမ္ဘာသူ ကမ္ဘာသားအချင်းချင်းကိုသာ အားကိုးပါ။ လူတွေဆီကို တိုက်ရိုက် သွားပါ။ လူတွေကို အကူအညီတောင်းပါ။ ဥပမာ လက်နက်ထုတ်သည့်ကုမ္ပဏီကြီးတွေကို ရင်ဆိုင်ဖို့ ဆိုပါတော့။ ကီြအမ်လို ကုမ္ပဏီကြီးတွေနဲ့ ရိုးလ်ရွိုက်စ်



www.burmeseclassic.com

www.burmeseclassic.com

လို ကုမ္ပဏီကြီးတွေက ဒုံးကျည်တွေ၊ တိုက်လေယာဉ်တွေ၊ တင့်ကားတွေ လည်း ထုတ်လုပ်ရောင်းချတယ်။ ဒီလိုကုမ္ပဏီကြီးတွေကို ဒဏ်ခတ်ဖို့ အတွက် ကမ္ဘာတစ်ခုလုံးမှာရှိကြတဲ့ လူထုအဖွဲ့အစည်းတွေကို ချည်းကပ် ရမယ်။ အကူအညီရအောင် တောင်းရမယ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံးက အဲဒီလိုကုမ္ပဏီကြီးတွေက ထုတ်လုပ်တဲ့ မော်တော်ကားတွေ မဝယ်ဘူး လေကြောင်းလိုင်းတွေ မစီးဘူး၊ ကွန်ပျူတာတွေ မသုံးဘူးလို့ သပိတ် မှောက်ကြရင် သူတို့ ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မှာလဲ။

**ဒေဝါလီခံသွားရမယ်**

အစာတု၊ ဆေးတု ထုတ်လုပ်တဲ့ နိုင်ငံတွေကိုလည်း အလားတူ သပိတ်မှောက်ပါ။ မက္ကဆီကိုပင်လယ်ကွေ့မှာ ရေနံယိုစိမ့်မှုတွေ ဖြစ်စေခဲ့တဲ့ ရေနံကုမ္ပဏီမျိုးကိုလည်း ကမ္ဘာအနှံ့ရှိနေတဲ့ သူတို့ဓာတ်ဆီဆိုင်တွေမှာ ဓာတ်ဆီမဝယ်ဘူးလို့ ဆန္ဒပြလိုက်ပါ။ အဲဒီကုမ္ပဏီကြီးကို သူတို့နိုင်ငံအစိုးရ က အရေးမယူပေမဲ့ ကမ္ဘာတစ်ဝန်းလုံးရှိ သုံးစွဲသူတွေက အရေးယူနိုင် တယ်ဆိုတာ လက်တွေ့ပြလိုက်ပါ။ ကမ္ဘာသူ ကမ္ဘာသားအားလုံး ညီညွတ် ရင် ဘာမဆို ဖြစ်အောင်လုပ်နိုင်တယ်။ ကမ္ဘာသားအားလုံးက ဆန့်ကျင် သပိတ်မှောက်ရင် ကုမ္ပဏီကြီးတွေအားလုံး ဒေဝါလီခံသွားရနိုင်တယ်ဆိုတာ သူတို့ သိပါတယ်။ ဘယ်သူမှ ရင်မဆိုင်ရဲပါဘူး။

**လူထုကွန်ရက်ကြီး**

ကမ္ဘာပေါ်က နိုင်ငံအားလုံးမှာ လူမှုရေးအသင်းအပင်းတွေ၊ ရပ်ရွာ အခြေပြု လူထုအဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့အစည်းတွေ၊ လှုံ့ဆော် သူတွေ၊ တက်ကြွလှုပ်ရှားသူတွေ ရှိကြတယ်။ နိုင်ငံတစ်ခုချင်းစီဆို အင်အား သိပ်မကြီးမားပေမဲ့ အဲဒီအင်အားတွေအကုန်လုံး စုစည်းလိုက်မယ်ဆိုရင် ကမ္ဘာပေါ်က အင်အားအကြီးမားဆုံး လူထုကွန်ရက်ကြီး ဖြစ်သွားပါလိမ့် မယ်။ ကုလသမဂ္ဂလို၊ နိုင်ငံအစိုးရတွေလို လုပ်နိုင်စွမ်းမရှိတဲ့ အဖွဲ့အစည်း တွေကို အားကိုးနေမယ့်အစား တကယ်လုပ်နိုင်စွမ်းရှိတဲ့ ကမ္ဘာသူ ကမ္ဘာသား တွေဆီ တိုက်ရိုက်သွားပါ။ သူတို့ကို အားကိုးပါ။ သူတို့အားနဲ့ ပေါင်းစည်း လှုပ်ရှားပါ။ ရပ်ထဲရွာထဲက သာမန်လူတွေရဲ့အားဟာ စုပေါင်းလိုက်ရင် အစွမ်းအထက်ဆုံး အင်အားစုကြီး ဖြစ်တယ်။



**ဥစ္စာရင်လို ဥစ္စာရင်ခဲ**

ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး လက်တွဲပြီး ညီညီညွတ်ညွတ်နဲ့ 'ကမ္ဘာတစ်လွှား လူ့စွမ်းအား' (People Power World Wide-PPWW) ဆိုတဲ့အဖွဲ့ကြီးမျိုး ပေါ်ပေါက်လာစေချင်တယ်။ ဒီလို လူထုအဖွဲ့အစည်းမျိုး ကသာ စစ်ရပ်စဲရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးတို့၊ နျူကလီးယားလက်နက် ဖျက်သိမ်းရေးတို့၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးတို့ အမှန်တကယ် ဆောင် ရွက်နိုင်မှာ ဖြစ်တယ်။ ကိုယ်နေတဲ့ ကမ္ဘာမြေကြီးကို ကာကွယ်စောင့်ရှောက် ဖို့ ကျွန်တော်တို့ကိုယ်တိုင် လုပ်မှပဲ ဖြစ်တော့မှာပါ။ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုတဲ့စကား အရှိသားမဟုတ်လား။

၆၊ ၄၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# လောကရဲ့ အမှန်ဆုံး ဓမ္မတရား

လူတိုင်းလူတိုင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပြီး ငြိမ်းချမ်းသာယာတဲ့ တိုင်းပြည်နိုင်ငံတစ်ခုဖြစ်ဖို့ ဘာအရေးအကြီးဆုံးလဲဆိုတဲ့ မေးခွန်းကို အခုတလော အမေးများကြတယ်။ အားလုံး သဘောအကြိုက်ညီဆုံး အဖြေကတော့ အစိုးရကောင်းတစ်ခု ရှိဖို့ပဲဆိုတာ ဖြစ်တယ်။

## ကိုယ့်အတွက် အကောင်းဆုံးဖြစ်ဖို့ပဲ

အစိုးရကောင်းဆိုတာနဲ့ ပတ်သက်ပြီး အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ အများအပြား ရှိနိုင်တယ်။ အမေရိကန်ရဲ့ အစိုးရကောင်းဆိုတဲ့ စံနှုန်းနဲ့ တရုတ်ပြည်ရဲ့ အစိုးရကောင်းဆိုတဲ့ စံနှုန်း တူချင်မှတူလိမ့်မယ်။ အလားတူပဲ အိန္ဒိယရဲ့စံနှုန်းနဲ့ ပါကစ္စတန်ရဲ့စံနှုန်းလည်း တူချင်မှတူမယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို အမျိုးမျိုး ကွဲပြားခြားနားနေကြမှာပဲ။

ဒီလို ကွဲပြားခြားနားတာတွေကို ကြည့်ပြီး စိတ်ပျက်စရာ မလိုသလို အငြင်းပွားနေစရာလည်း မလိုဘူး။ ကိုယ့်အခြေအနေနဲ့ ကိုယ့်လိုအပ်ချက်အရ ကိုယ့်အတွက် အကောင်းဆုံးဖြစ်တဲ့ အစိုးရမျိုးဖြစ်ဖို့ပဲ အရေးကြီးတယ်။ မြန်မာလူမျိုးတစ်ယောက်အဖြစ် နှစ်ပေါင်း ၇၀ တိတိ နေထိုင်လာခဲ့တဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ တရားဥပဒေကို တိတိကျကျ လေးစားလိုက်နာတဲ့ အစိုးရမျိုးဟာ အကောင်းဆုံးပဲလို့ ပြောရပါလိမ့်မယ်။

## မကြုံဖူးလို့

ဘာကြောင့်လဲဆိုတော့ အဲဒီအစိုးရမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့လို့ပဲ။ လွတ်လပ်ရေးရတဲ့အချိန်မှာ အသက် ၈ နှစ်သားပဲ ရှိသေးတာဆိုတော့ ကိုလိုနီခေတ်အကြောင်းတွေ ဘာတွေ မသိပါဘူး။ လူကြီးသူမတွေ ပြောတာလောက်ပဲ ကြားဖူးခဲ့ရပါတယ်။



ဖဆပလခေတ် ပါလီမန်ဒီမိုကရေစီကိုတော့ ကောင်းကောင်း သိမီလိုက်တယ်။ အာဏာရပါတီက ဥပဒေကို လိုတစ်မျိုး၊ မလိုတစ်မျိုး ကြိုက်သလို အသုံးချပြီး ထင်သလိုလုပ်နေတာတွေလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတယ်။ နာမည်ကြီး ဓားပြဗိုလ်က အာဏာရပါတီရဲ့အမတ် ဖြစ်သာပြီး ရမ်းကားချင်းတိုင်း ရမ်းကားတာတွေလည်း ကြုံတွေ့ခဲ့ရဖူးတယ်။

## ဆိုလေသေးမရှိ

အဲဒီနောက် ခေတ်တွေမှာလည်း တရားဥပဒေ စိုးမိုးရေး ချည့်နဲ့အားနည်းခဲ့တာပဲ တွေ့ရကြုံရတယ်။ အုပ်ချုပ်သူ လူတန်းစားက သူ့ အုပ်ချုပ်ရေး တည်မြဲဖို့အတွက် တရားဥပဒေကို လိုသလို အသုံးချသွားကြတယ်။ ဘယ်လို အစိုးရမျိုးမဆို ရှိနေတဲ့ တရားဥပဒေတွေကို လေးစားလိုက်နာပြီး ဥပဒေအတိုင်း အုပ်ချုပ်သွားမယ်ဆိုရင် ဘာမှကို ပြောစရာမရှိအောင် ကောင်းတဲ့ အစိုးရမျိုးဖြစ်မှာ သေချာတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ တရားဥပဒေတွေဟာ အဘက်ဘက်က လိုလေသေးမရှိအောင် ပြည့်စုံတယ်လို့ ပြောနိုင်လောက်ပါတယ်။ အခုခေတ် ပြောဆိုနေကြတဲ့ လူ့အခွင့်အရေးတို့၊ တနယ်ဖင်းလွတ်လပ်ခွင့်တို့ ဆိုတာတွေအတွက်လည်း အပြည့်အဝ အာမခံချက် ပေးထားတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ရှိပြီးသားပါ။ နိုင်ငံသားတိုင်းရဲ့ အခြေခံ ရပိုင်ခွင့်တွေကို ပြဋ္ဌာန်းသတ်မှတ်ပေးထားတဲ့ ဥပဒေတွေလည်း ရှိပါတယ်။ ဘက်ပေါင်းစုံ လိုလေသေးမရှိလို့တောင် ဆိုနိုင်တယ်။

## အုပ်စိုးသူများ အကျုံးမဝင်

ဥပဒေတွေက ပြည့်စုံတယ်။ ရှိနေတဲ့ ဥပဒေတွေကို လူတွေက လေးစားလိုက်နာခြင်း မပြုလို့သာ ပြဿနာတွေ ဖြစ်နေရတာပါ။ ခေတ်အဆက်ဆက် အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ခေတ်တိုင်းခေတ်တိုင်းမှာ ဥပဒေဆိုတာ နိုင်ငံသူ နိုင်ငံသားများ လိုက်နာဖို့အတွက်သာဖြစ်ပြီး အုပ်စိုးသူလူတန်းစားနဲ့ အကျုံးမဝင်သလို သဘောထားကြတာပဲ တွေ့ရတယ်။ ဥပဒေကိုသာ အတိအကျ အမှန်အကန် လိုက်နာကြမယ်ဆိုရင် အကျင့်ပျက်ခြစားမှုတွေ၊ အာဏာ အလွဲသုံးစားပြုမှုတွေ များများစားစား ရှိမလာနိုင်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာ အကျင့်ပျက် ခြစားမှုတွေ များရတဲ့ အကြောင်းရင်းက တရားဥပဒေကို အုပ်စိုးသူ လူတန်းစားက လိုသလို ခြယ်လှယ် အသုံးချနေလို့ ဖြစ်ရတာပါ။

**မီဒီယာဆိုတာ အစိုးရမိတ်ဆွေ**

အကျင့်ပျက် ခြစားမှုနဲ့ အာဏာ အလွဲသုံးစားပြုမှုတွေ ပပျောက်ဖို့ ဥပဒေ စိုးမိုးရေး ခိုင်မာဖို့အတွက် အကောင်းဆုံး အာမခံချက်ကတော့ သတင်းမီဒီယာတွေ လွတ်လပ်ခွင့်ရှိအောင် ဆောင်ရွက်ပေးဖို့ ဖြစ်တယ်။ သတင်းမီဒီယာဆိုတာ အစိုးရအတွက် အထူးအားထားရတဲ့ မိတ်ဆွေ ဖြစ်တယ်။ ပြည်သူတွေကြားမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့ အခြေအနေမှန်တွေကို နေ့စဉ် ဖော်ပြနေတာကြောင့် အစိုးရများအတွက် အများကြီး အထောက်အကူ ရစေတယ်။ ရှေးခေတ်ရှေးအခါက မင်းကောင်းမင်းမြတ်များဟာ တိုင်းပြည်ရဲ့ အခြေအနေမှန်များကို သိဖို့အတွက် ရုပ်ဖျက်ပြီး စနည်းနာထွက်ကြလေ့ ရှိတယ်။ ဝန်ကြီး၊ ဝန်ကလေးတွေရဲ့ လျှောက်တင်မှုနဲ့တင် ရောင့်ရဲနေလေ့ မရှိကြဘူး။ မှူးကြီးမတ်ကြီးတွေ၊ ဝန်ကြီး ဝန်ကလေးတွေဆိုတာက ဘုရင့် အကြိုက်ကိုသာလိုက်ပြီး သံတော်ဦးတင်လေ့ရှိကြတာ မဟုတ်လား။

**သနပ်ခါးလိမ်း၊ ပန်းပန်**

အခုခေတ်တော့ သတင်းမီဒီယာတွေက တိုင်းသူပြည်သားများရဲ့ အခြေအနေမှန်၊ အဖြစ်အပျက်မှန်တွေကို အမြဲတမ်း ရှာဖွေစူးစမ်း ဖော်ပြနေတာ ဖြစ်လေတော့ အစိုးရများအနေနဲ့ ရုပ်ဖျက်စနည်းနာဖို့ မလိုတော့ပါဘူး။ အမှန်တွေကို သိနိုင်ပါတယ်။ သတင်းမီဒီယာတွေမှာဖော်ပြတဲ့ သတင်းတွေက ဌာနဆိုင်ရာက အစီရင်ခံစာတွေထက် စိတ်ချရတယ်။ ဌာနဆိုင်ရာ အစီရင်ခံစာဆိုတာ သနပ်ခါးလိမ်း၊ ပန်းပန်ပြီးမှ တင်ပြကြတာ သဘာဝပဲ ဖြစ်တယ်။ သတင်းမီဒီယာကတော့ သနပ်ခါးလိမ်းထားတဲ့သတင်း ဖော်ပြလို့လည်း မျက်နှာကောင်းရစရာ အကြောင်းမရှိတော့ စိတ်မချစရာ မရှိဘူး။

**မီဒီယာကို ကူညီသင့်**

အဲဒါကြောင့် သတင်းမီဒီယာဆိုတာ အစိုးရများအတွက် မိတ်ကောင်း



ဆွေကောင်းလို့ ဆိုခဲ့တာဖြစ်တယ်။ ဒီအချက်ကို အစိုးရများ သဘောပေါက် နားလည်ပြီး သတင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီသင့်ပါတယ်။ သတင်းမီဒီယာကို ကူညီခြင်းဟာ အစိုးရကောင်းတစ်ခုရဲ့ သင်္ကေတဖြစ်တယ်။ အစိုးရကောင်းရှိမှ သတင်းမီဒီယာကောင်း ရှိနိုင်သလို သတင်းမီဒီယာကောင်း ရှိမှ အစိုးရကောင်း ရှိနိုင်တယ်။ သတင်းမီဒီယာကောင်းက သန့်ရှင်းတဲ့ အုပ်ချုပ်ရေးယန္တရားဖြစ်အောင်လည်း ကူညီဆောင်ရွက်နိုင်သေးတယ်။

**အမှန်ဆုံး ဓမ္မတရား**

တိုင်းပြည်တစ်ပြည်ကို ဘယ်စနစ်နဲ့ အုပ်ချုပ်အုပ်ချုပ် တရားဥပဒေ စိုးမိုးမှု မရှိရင် ဘယ်နည်းနဲ့မှ မအောင်မြင်နိုင်ပါဘူး။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ ကျော် ကြာခဲ့ပြီဖြစ်တာတောင် ငြိမ်းချမ်းမှုမရှိဘဲ ဆင်းရဲမှု ချောက်ကမ်းပါးကြီးထဲက မတက်နိုင်အောင် ဖြစ်နေရတာဟာ အမှန်စင်စစ်တော့ တရားဥပဒေကို မျက်ကွယ်ပြုခဲ့ကြလို့ပါ။ ကမ္ဘာပေါ်က ဆိုရှယ်လစ်နိုင်ငံတွေနဲ့ ကွန်မြူနစ်နိုင်ငံတွေ ပြိုလဲသွားခဲ့ကြရတာလည်း မတ်ဝါဒကောင်းလို့ မဟုတ်ဘဲ အာဏာရှင်စနစ် ကျင့်သုံးပြီး တရားဥပဒေကို မျက်ကွယ်ပြုခဲ့ကြလို့ပဲ ဖြစ်တယ်။ တကယ်တော့ အာဏာရှင်စနစ်ဟာ မတ်ဝါဒ မဟုတ်သလို မတ်ဝါဒဟာလည်း အာဏာရှင်စနစ် မဟုတ်ပါဘူး။ တရားဥပဒေကို နင်းချေပစ်ပြီး ငါတကောကောတဲ့ အာဏာရှင်တွေကြောင့် မတ်ဝါဒ နာမည်ပျက်ရတာ ဖြစ်တယ်။ တရားဥပဒေကို နင်းချေပစ်ရင် ဘယ်လိုအစိုးရမျိုးမဆို ကျဆုံးရမှာပဲ ဖြစ်တယ်။ ဒါဟာ လောကရဲ့ အမှန်ကန်ဆုံး ဓမ္မတရား ဖြစ်တယ်။

၁၁၊ ၅၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# စပွန်ဆာဆိုတာ လာဘ်ပေးလာဘ်ယူလုပ်တာပဲ

နေမကောင်းဖြစ်နေတာကို လာမေးရင်းနဲ့ ဂျာနယ်သမား လူငယ် တစ်ယောက်က နိုင်ငံရေးပါတီတွေနဲ့ လူတွေအကြောင်း သိချင်တာလေးတွေကို နေကောင်းတဲ့အခါ လာမေးခွင့်ပြုပါလို့ ခွင့်တောင်းတယ်။ ဘယ်သူတွေရဲ့ နောက်ကြောင်းက ဘယ်လိုမှန်းမသိတော့ ဘယ်သူ့ကို တင်ပေးရမှန်း မသိ လို့ပါလို့ အဲကြောင်းပြတယ်။

**ပွဲစားတွေလား**

စကားပြောတာဖြစ်ဖြစ်၊ ထမင်းဝါးတာဖြစ်ဖြစ် အင်နာဂျီသုံးရတယ် လူကောင်းတွေလို ခန္ဓာကိုယ်ထဲမှာ အောက်စီဂျင် အလျှံပယ် ရှိနေတာ မဟုတ်တော့ အင်နာဂျီသုံးပြီး တစ်ခုခုလုပ်လိုက်တာနဲ့ အောက်စီဂျင် ကျ သွားတယ်။ ချက်ချင်း ဟောဟဲဟောဟဲ ဖြစ်လာတယ်။ ဒါကြောင့် ကိုယ့် ကိုယ်ကိုယ် မလှုပ်ရှားမိအောင် သတိထားနေရတယ်။ ရောက်ကတည်းက သူပြောတာကိုသာ နားထောင်နေခဲ့ပေမယ့် နောက်ဆုံး ပြောလိုက်တဲ့ ဘယ်သူ့ကို တင်ပေးရမှန်းမသိလို့ဆိုတဲ့ သူ့စကားကို ကြားလိုက်ရတော့ မနေနိုင်တော့ဘူး။ ချက်ချင်း တုံ့ပြန်ပြောလိုက်မိတယ်။ တင်ပေးရအောင် ဂျာနယ်သမားတွေက ပွဲစားတွေလားလို့ မေးလိုက်တယ်။

**ဆက်ဆံရေးမျှူပြဟာ**

ဒီခေတ် စာနယ်ဇင်းတွေထဲမှာ 'တင်ပေးတယ်'ဆိုတဲ့စကား သိပ်အသုံး များတယ်။

'သမီးတို့ ဒီလိုဖြစ်လာတာ စာနယ်ဇင်းတွေက တင်ပေးလို့ပါ'



'စာနယ်ဇင်းဆိုတာ အနုပညာသမားတွေအတွက် ပေါင်းကူးတံတား ပါ၊ 'စာနယ်ဇင်းတွေက မြှောက်စားလို့ ဒီနေရာ ရောက်လာတာပါ'

ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်၊ မော်ဒယ်လ် စတဲ့ ဖျော်ဖြေရေး နယ်က လူတွေက လူထုဆက်ဆံရေး ဇျူပြဟာအနေနဲ့ ပြောတဲ့စကားတွေကို အဟုတ်မှတ်ပြီး မီဒီယာသမားတွေ ကိုယ်တိုင်က ဂုဏ်ယူနေကြတယ်။ 'ဒီ တင်ပေးလိုက်တာပေါ့'ဆိုပြီး လူထုထုရှိရင် ကြွားတတ်တယ်။ တကယ် တော့ ဒီစကားတစ်ခွန်းက သတင်းမီဒီယာသမားကို ပီအာသမားလိုလို၊ ကြော်ငြာသမားလိုလို၊ အေးဂျင့်လိုလို အဆင့်မျိုးရောက်အောင် ဆွဲချပစ် လိုက်တယ် ဆိုတာကိုတော့ မသိရှာကြဘူး။

**ကြားပွဲစားမဟုတ်**

သတင်းသမားဆိုတာ သတင်းပေးဖို့ကလွဲပြီး တခြား ဘာတာဝန်မှ မရှိဘူး။ အဖြစ်မှန်၊ အချက်အလက်မှန်ကို မိတ်ကပ်မလိမ်းဘဲ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ရေးသားတင်ပြပေးဖို့သာ ဖြစ်တယ်။ ဘယ်သူနဲ့ ဘယ်သူ့ကြားမှာမှ ပေါင်းကူးဆက်သွယ်ပေးစရာလည်း မလိုဘူး။ သတင်းသမားဆိုတာ ဖျန်ဖြေရေးသမား (mediator) မဟုတ်သလို စေ့စပ် ရေး သမား(negotiator)လည်း မဟုတ်ဘူး။ ကြားပွဲစားလည်း မဟုတ်ဘူး။ ဖျန်ဖြေရေးသမား၊ စေ့စပ်ရေးသမားဖြစ်ဖို့က အထူးကျွမ်းကျင်မှု လိုအပ်တဲ့ အလုပ်မျိုး ဖြစ်တယ်။ နိုင်ငံရေးကို ခြေခြေမြစ်မြစ် တတ်သိနားလည်ဖို့ လိုအပ်သလို သံခင်းတမန်ခင်း(diplomacy)ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် နိုင်ဖို့ လိုတယ်။ လူတိုင်း လုပ်လို့ရတာမျိုး မဟုတ်ဘူး။

**အတ်ယောင်ကားတွေရဲ့ အန္တရာယ်**

အလုပ်ဆိုတာ ကျွမ်းကျင်ရာလိမ္မာဆိုတဲ့ စကားအတိုင်း ကိုယ် ကျွမ်း ကျင်ရာကို လုပ်မှ ဖြစ်မြောက်တယ်။ ငါတို့လည်း စာဖတ်တတ်တာပဲ။ စာဖတ်ပြီးလုပ်ရင် ဘာကြောင့် မဖြစ်ရမှာလဲလို့ သဘောထားလို့ မရဘူး။ ဆေးကျောင်းတက်ပြီး စနစ်တကျ မသင်ယူဘဲ ဆေးစာအုပ်တွေဖတ်ပြီး ဆရာဝန်လုပ်လို့ မရဘူး။ ဖွတ်လုပ်ရင် ဆရာဝန်မဖြစ်ဘဲ လူသတ်သမားပဲ ဖြစ်လိမ့်မယ်။ ဒီခေတ်က အင်တာနက်ခေတ်ဆိုတော့ ဘာမဆို အလွယ်တကူ ရှာလို့ရတာကြောင့် အထူးဆင်ခြင်သတိထားဖို့ လိုတယ်။ တတ်ယောင်ကား



www.burmeseclassic.com

www.burmeseclassic.com

သမားတွေရဲ့ အန္တရာယ် သိပ်ကြီးတယ်။ မြန်မာနိုင်ငံမှာက ဒီမိုကရေစီတို့ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်တို့ လူ့အခွင့်အရေးတို့ဆိုတဲ့ စကားတွေကို ကျယ်ကျယ်မပြောဝံ့တဲ့ အခြေအနေကနေပြီး ရုတ်တရက် အထိုက်အလျောက် ပြောလို့ရတဲ့ အခြေအနေကို ရောက်လာတော့ ခေတ်ပေါ် ဒီမိုကရေစီ ဂုရုတွေ နေရာပေါင်းစုံက ပေါ်ထွက်လာပြီး ဒီမိုကရေစီတရားတွေ ဟောကြားနေကြတာ ခုတလော နေရာတကာမှာ တွေ့နေရတယ်။

### သားကောင်း၊ လင်ကောင်း၊ ဖခင်ကောင်း

ဒီလို ဂုရုတွေထဲမှာ လူမျိုးစုံပါတယ်။ တချို့က လက်ဝဲသမား ယောင်ယောင်၊ တော်လှန်ရေးသမားယောင်ယောင်နဲ့ တောခိုတမ်းကစားရာကနေပြီး နောက်တော့ 'နောင်ကြိုးမဲ့ကမ္ဘာ' အကောင်းဆုံးလို့အော်ပြီး ဖဆပလအစိုးရက ဆုချတဲ့ ရာထူးလေးတစ်ခုနဲ့ ငြိမ့်နေတယ်။ သိပ်မကြာခင် မြန်မာဆိုရှယ်လစ်ခေတ်ဆိုတာ ရောက်လာပြန်တော့ ဗုဒ္ဓအလိုကျ အညမညဟာ အမှန်ဆုံးပဲလို့ ကြွေးကြော်ပြီး ရာထူးတစ်ခုရပြန်တယ်။ ဒီလူတွေပဲ ခုကျတော့ ဒီမိုကရေစီဂုရုကြီးတွေ ဖြစ်နေကြပြန်ပါပြီ။ ဘယ်ခေတ်၊ ဘယ်အခါကမှ နိုင်ငံရေးကို စိတ်ဝင်စားမှုမရှိခဲ့ဘူး။ မရှိရုံသာ မဟုတ်ဘူး။ နိုင်ငံရေးဆိုတာ လူမိုက်တွေရဲ့ အလုပ်လို့တောင် နှာခေါင်းရှုံ့ကြသေးတာ။ ငယ်စဉ်ဘဝတစ်လျှောက်လုံး သားလိမ္မာလေးအဖြစ် ကြီးပြင်းလာခဲ့ပြီး အရွယ်ရောက်တော့လည်း လင်ကောင်း၊ သားကောင်း၊ ဖခင်ကောင်းတစ်ယောက်ဖြစ်အောင် စီးပွားရေးပဲ ကုန်းရုန်းပြီးလုပ်ခဲ့တယ်။

### စီးပွားရေးဂုရုကြီးတွေ

စီးပွားရေးလုပ်ရာမှာလည်း သူတို့က အင်မတန် လိမ္မာကြတယ်။ လူတိုင်းနဲ့ တည့်အောင်ပေါင်းပြီး လိုချင်တာ ရအောင်ယူတတ်တယ်။ လိုင်စင်ခေတ်မှာ လိုင်စင်ရအောင် ယူနိုင်စွမ်းရှိသလို ပါမစ်ခေတ်မှာလည်း ပါမစ်မျိုးစုံရအောင် ယူနိုင်တယ်။ အခုခေတ်ရောက်တော့ 'တို့ခေတ် ရောက်ပြီဟေ့'လို့ လက်ခမောင်းခတ် ကြွေးကြော်ပြီး 'စီးပွားရေးဂုရု'ကြီးတွေ လုပ်နေကြတော့တယ်။ စီးပွားရေးသမားက စီးပွားရေးလုပ်တာ သဘာဝကျတယ်။ ဘာမှ ပြောစရာမရှိဘူး။ ဒါပေမဲ့ စီးပွားရေးကို ရိုးရိုးသားသား မလုပ်ဘဲ 'ဂုရု'ကြီးလုပ်ပြီး 'ဖရီးမားကက်'တို့၊ 'လစ်ဘရယ်လိုက်ဇေးရှင်း'



တို့၊ 'ဒီမိုကရက်တိုက်ဇေးရှင်း'တို့ လျှောက်ပြောနေတာကတော့ နားကြားပြင်းကပ်လှတယ်။

### ကိုယ့်အလုပ် ကိုယ်လုပ်

စီးပွားရေးသမားက စီးပွားရေးလုပ်ပါ။ ဒါဟာ တိုင်းပြည် ကြီးပွားရာ ကြီးပွားကြောင်း တစ်ဖက်တစ်လမ်းက ပါဝင်လုပ်ဆောင်တာပဲ။ ကျောင်းဆရာက စာသင်ပါ။ ဆရာဝန်က ဆေးကုပါ။ ကားဆရာက ကားမောင်းပါ။ ဆံသဆရာက ဆံပင်ညှပ်ပါ။ ကျွမ်းကျင်ရာ လိမ္မာကြတာပဲ။ အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်နေကြရင် ပြီးရောပေါ့။ ဆိုက်ကားနင်းတတ်တာနဲ့ မော်တော်ကားတက်မောင်းလို့တော့ ဘယ်ဖြစ်မှာလဲ။ အလားတူပဲ ကျွန်တော်တို့ သတင်းသမားတွေလည်း သတင်းအလုပ်ကို မှန်မှန်ကန်ကန်၊ တိတိကျကျ လုပ်ဖို့ လိုတယ်ဆိုတာ သတိထားသင့်ကြတယ်။ သတင်းသမားရဲ့ အလုပ်က သတင်းရေးဖို့နဲ့ တချို့သတင်း တွေကို ရှင်းသထက်ရှင်းအောင် ပိုင်းခြားစိတ်ဖြာ လုပ်ပေးဖို့ပဲ ဖြစ်တယ်။

### အားတော့ မရှိလှဘူး

သတင်းအလုပ်ကို လူထုဆက်သွယ်ရေး လုပ်ငန်းတို့၊ ကြော်ငြာလုပ်ငန်းတို့၊ အေဂျင်စီလုပ်ငန်းတို့၊ ကုမ္ပဏီကြီးတွေနဲ့ ပါတီအဖွဲ့အစည်းတွေရဲ့ ပြန်ကြားရေးအရာရှိ လုပ်ငန်းတို့နဲ့ ရောထွေးမပစ်သင့်ဘူး။ ပြောသာပြောရတာ။ အားတော့ မရှိလှဘူး။ နိုင်ငံတကာက သတင်းစာပညာ သင်ကြားတဲ့ တက္ကသိုလ်ကြီး အတော်များများမှာ သတင်းစာပညာ ဘာသာရပ်ဟာ 'လူထုဆက်သွယ်ရေး လုပ်ငန်း'ဆိုတဲ့ ခေါင်းစဉ်အောက်ကပဲ သင်ကြားနေကြတော့တယ်လို့ သတင်းစာပညာ သင်ကြားတဲ့ ဆရာတွေကိုယ်တိုင်က စိတ်ပျက်လက်ပျက် ညည်းညူသံတွေ တစ်နေ့တခြား ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားနေရလို့ ဖြစ်တယ်။

### မှန်ဆာဆိုတာ လာဘ်ပေးတာ

မြန်မာမီဒီယာလောကမှာ တွင်ကျယ်နေတဲ့ 'တင်ပေးတယ်'ဆိုတဲ့ စကားက 'လူထုဆက်သွယ်ရေးလုပ်ငန်း'က လာတဲ့စကား ဖြစ်တယ်။ သတင်းလောက စကား မဟုတ်ဘူး။ သတင်းသမားက ဘယ်သူ့ကိုမှ တင်



www.burmeseclassic.com

www.burmeseclassic.com

မပေးဘူး၊ မြှောက်မပေးဘူး။ ဘယ်သူမြှောက်ပေးတာ၊ တပည့်မွေးတာမှ လည်း မခံဘူး။ ဘယ်သူ့လက်ကိုင်တုတ်မှ အဖြစ်မခံရဘူး။ ဒီခေတ်စကားနဲ့ လိုတိုရှင်းပြောရရင် ကိုယ်က ဘယ်သူ့ကိုမှ 'စပွန်ဆာ'မလုပ်ရသလို သူများ က ကိုယ့်ကို 'စပွန်ဆာ'လုပ်တာလည်း ဘယ်တော့မှ လက်မခံရဘူး။ သတင်းသမားအဖို့ 'စပွန်ဆာ' လက်ခံတယ်ဆိုတာ လာဘ်ပေးလာဘ်ယူ လုပ်တာနဲ့ အတူတူပဲ။ သတင်းသမားဟာ 'စပွန်ဆာ'ကို 'ပါဏာပေတ်' အသက်ထက်ဆုံး၊ 'ဝေရာမဏီ' ရှောင်ကြဉ်ရတယ်။

## ရှက်လည်း ရှက်တယ်

ဒီအကြောင်းရေးတာ အပ်ကြောင်းထပ်နေပါပြီ။ ဒါပေမဲ့ သတင်း အလုပ်ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာနေတာမျိုးတွေက လျော့သွားတယ် မရှိဘူး။ ဒီဘက်ပိုင်းမှာ ပိုတောင်ဆိုးလာတယ်။ လုပ်ပိုင်ခွင့်ရှိသူတွေနား ကပ်ပြီး 'အနားပြာ'လုပ်ရင်းနဲ့ ရသမျှအခွင့်အရေး 'ပိုက်စိတ်တိုက်' ရအောင် ယူသူနဲ့ နိုင်ငံရေးသမား လက်သစ်တွေကို တင်ပေးသလိုလို၊ မြှောက်စား သလိုလိုလုပ်ပြီး အသုံးချဖို့ ကြိုးစားသူနဲ့ သံရုံးတကာ ဝင်ထွက်သွားလာပြီး 'ကျွန်တော့်ကို ဖိတ်ပါ'လို့ မျက်နှာပြောင်တိုက် ပြောတဲ့သူနဲ့ စီးပွားရေး သမားတွေအတွက် ခဏခဏ ကြော်ငြာရေးပေးပြီး ကြော်ငြာခနဲ့တန်အောင် စပွန်ဆာကြေးကောင်းကောင်း ပြန်ယူသူနဲ့ မကြားချင်အဆုံး၊ မမြင်ချင်အဆုံး ဖြစ်နေတယ်။ ဒါကြောင့် ထပ်ခါထပ်ခါရေးရတာ ဖြစ်တယ်။ စာဖတ်ပရိသတ် ကို အားလည်းနာတယ်။ ရှက်လည်း ရှက်ပါတယ်။ ကိုယ့်ပေါင်ကိုယ် လှန် ထောင်းနေရလို့။

## စောင့်မျှော်ပေးပါ

ခုချိန်မှာ အိုစမာဘင်လာဒင်ကိစ္စ၊ လစ်ဗျား၊ ဆီးရီးယားနဲ့ ယီမင်ကိစ္စ၊ အမေရိကန်နဲ့ ပါကစ္စတန် ဆက်ဆံရေးကိစ္စ၊ အာဖဂန်နစ္စတန်နိုင်ငံကို အိန္ဒိယသမ္မတ သွားရောက်တဲ့ကိစ္စ၊ အစ္စရေးနိုင်ငံအနေနဲ့ ၁၉၆၇ ခုနှစ် စစ်ပွဲမတိုင်မီက နယ်နိမိတ်အထိ ပြန်ဆုတ်ပေးဖို့ အိုဘားမားက ပြောလိုက်တဲ့ ကိစ္စ စတဲ့ ကိစ္စပေါင်းများစွာ ကမ္ဘာ့ထိပ်တန်း သတင်းကြီးများအဖြစ် လူတိုင်း စိတ်ဝင်စားနေကြချိန်မှာ ဒီအကြောင်းတွေကို ခွဲခြားစိတ်ဖြာပြရမဲ့ အစား ရေးပြီးသားအကြောင်းအရာကိုပဲ ထပ်ပြီးရေးမိတဲ့အတွက် စာဖတ်သူ



များကို တောင်းပန်ပါတယ်။ စာဖတ်သူများ စိတ်ဝင်စားတဲ့အကြောင်းတွေကို ကြိုးစားရေးသွားဖို့ စိတ်ထဲမှာ အမြဲတမ်း ရှိပါတယ်။ စိတ်ရှည်ရှည်ထား စောင့်မျှော်ပေးကြပါ။

၁၊ ၆၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

# တမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ

အပူဒဏ်ကြောင့် နေမကောင်းဖြစ်လို့ နှစ်လလုံးလုံး စာမရေးနိုင်ခဲ့ဘူး။ မိုးဦးလေးကျလာတာကြောင့် နေသာထိုင်သာ ရှိလာတဲ့အတွက် စာရေးစားပွဲမှာ ပြန်ထိုင်လိုက်တယ်။ ခေါင်းထဲမှာ တေးမှတ်ထားတဲ့ အကြောင်းအရာတစ်ခုက ချက်ချင်း ပြန်ပေါ်လာတယ်။

**ကျော့ချမ်းအောင် ကြောက်**

စပြီး အိပ်ရာထဲမလဲခင် ရက်ပိုင်းအလိုမှာ နိုင်ငံခြားသားတစ်ယောက်နဲ့ စကားစမြည် ပြောခဲ့ရတဲ့အကြောင်းပါ။ နိုင်ငံခြားသားက ကမ္ဘာတစ်ခုလုံး ဖြန့်ကြက်လှုပ်ရှားနေတဲ့ အင်န်ဂျီအိုအဖွဲ့ကြီးတစ်ခုအတွက် အလုပ်လုပ်နေသူ ဖြစ်တယ်။ တော်တော်ကြီးတဲ့ ရာထူးတာဝန်တစ်ခု ထမ်းဆောင်နေသူပါ။ ဂျပန်က ချူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုနဲ့ ဆက်စပ်ပြီး ချူကလီးယား အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ စည်းရုံးလှုံ့ဆော်နေတာ ဖြစ်တယ်။ အဏုမြူဒြပ်ကို ကျော့ချမ်းအောင် ကြောက်တာချင်း တူကြတဲ့အတွက် စကားပြောရတာ ကောင်းပါတယ်။ လုပ်နည်းလုပ်ဟန်နဲ့ ပတ်သက်ပြီး ဖြစ်စေချင်တဲ့ အကြံအစည်လေးတစ်ခုကို စကားစပ်မိလို့ ပြောပြလိုက်တော့ သူက တော်တော်စိတ်ဝင်စားသွားတယ်။ အသေးစိတ် ရှင်းပြပါဦးလို့ တောင်းဆိုလို့ ရှင်းလိုက်ရသေးတယ်။



**ရည်မှန်းပစ်မှတ်**

ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ သူတို့ အင်န်ဂျီအိုတွေ လုပ်သလို ကမ္ဘာလှည့်ပြီး စည်းရုံးလှုံ့ဆော်တာမျိုးပါပဲ။ သူတို့နဲ့ မတူတာ တစ်မျိုးတည်းပါ။ ရည်မှန်းပစ်မှတ် ဖြစ်တယ်။ ကမ္ဘာတစ်ခုလုံးမှာ တိရစ္ဆာန်အခွင့်အရေး ကာကွယ်ရေးကအစ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အလယ် ချူကလီးယားလက်နက်များ ဖျက်သိမ်းရေးအဆုံး အကြောင်းအရာ အမျိုးမျိုး၊ ဆိုင်းဘုတ် အမျိုးမျိုးနဲ့ အဖွဲ့အစည်းတွေ ထောင်သောင်းချီ ရှိနေတယ်။ သူတို့အားလုံးက ညီလာခံကြီးတွေ မကြာခဏ လုပ်၊ စာတမ်းတွေ ဖတ်၊ ဆုံးဖြတ်ချက်တွေချ၊ ကြေညာစာတမ်းတွေ ထုတ်၊ နောက်ပြီးတော့ အဲဒီ ဆုံးဖြတ်ချက်တွေကို ကမ္ဘာတစ်ခုလုံးသိရအောင် လိုက်လံဟောပြော လှုံ့ဆော်ကြတာ။ ရည်ရွယ်ချက်ကတော့ နိုင်ငံတိုင်းမှာရှိတဲ့ ပြည်သူတွေက သူတို့အစိုးရတွေကို တွန်းအားပေးဖို့ ဖြစ်တယ်။ သူတို့အစိုးရတွေ အသီးသီးက ကုလသမဂ္ဂလို အဖွဲ့ကြီးထဲမှာ ထပ်တွန်းအားပေးပြီး ဆုံးဖြတ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေချအောင် လုပ်ကြတယ်။ ကုလသမဂ္ဂက ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက် ချလိုက်နိုင်ပြီဆိုရင် သူတို့ ရည်မှန်းချက် အောင်မြင်ပြီဆိုပြီး ကျေနပ်သွားကြတယ်။

**ဆုံးဖြတ်ချက်တွေ ထောင်ချီရှိ**

ဒီလိုနဲ့ပဲ နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ ကုလသမဂ္ဂ အဖွဲ့ကြီးက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်နဲ့ ပြဋ္ဌာန်းချက်တွေ ထောင်နဲ့ချီပြီး ရှိလာခဲ့တယ်။ ပါလက်စတိုင်းနဲ့ အစ္စရေးပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်ပေါင်း ရာကျော်အောင် ရှိခဲ့တယ်။ ဒါပေမဲ့ စစ်ပွဲတွေကတော့ ခုထိ ဖြစ်နေတုန်းပဲ။

လောလောဆယ် ကမ္ဘာမှာ ရှေ့တန်းအရောက်ဆုံး ပြဿနာတွေထဲက တစ်ခုဖြစ်တဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကျိုနိုသဘောတူညီချက်၊ စတော့ဟုမ်း သဘောတူညီချက်၊ မက္ကဆီကို သဘောတူညီချက် ဆိုတဲ့အချက်တွေ နည်းတာမဟုတ်ဘူး။ ဒါပေမဲ့ ဖန်လုံအာနိသင် အကျိုးသက်ရောက်မှုဖြစ်စေတဲ့ အဓိက စက်မှုနိုင်ငံကြီး အားလုံးလိုလိုက လိုက်နာဆောင်ရွက်ခြင်း မရှိကြတာကြောင့် ဘာမှဖြစ်မလာခဲ့ဘူး။ မြောက်ဝင်ရိုးစွန်းက ရေခဲတောင်ကြီးတွေကတော့ဖြင့် ကွယ်ပျောက်လုနီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

**စီးပွားရေးလုပ်ငန်းရှင်ကြီးများ အလိုကျ**

အစိုးရတွေဆိုတာလည်း အာဏာရှင် အစိုးရမျိုးကလွဲရင် ဘယ်လို အစိုးရမျိုးမဆို ရွေးကောက်ပွဲ အနိုင်ရဖို့အတွက် ရောမ စီးပွားရေးလုပ်ငန်းကြီးများရဲ့ အားပေးထောက်ခံမှုကို အရယူကြတယ်။ အဲဒီတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ သဘောမကျတဲ့ ပေါ်လစီမျိုး၊ ဥပဒေမျိုးကို မလုပ်ရဲကြဘူး။ အမေရိကန်နိုင်ငံမှာ သေနတ်ကြောင့်သေရတဲ့ လူသေမှုနဲ့ လူသတ်မှုတွေ တစ်နေ့တခြား ကြောက်ခမန်းလိလိ တိုးပွားလာတော့ လူထုအဖွဲ့အစည်းတွေက သေနတ်ကိုင်ဆောင်ခွင့်၊ ရောင်းချခွင့် ပိတ်ပင်တားဆီးဖို့ တောင်းဆိုကြ၊ ကန့်ကွက်ဆန္ဒပြမှုတွေ လုပ်ကြတယ်။ သေနတ်ဆန့်ကျင်ရေး အားကောင်းတဲ့ဒေသတွေက လွှတ်တော်အမတ်တချို့က လွှတ်တော်မှာ သေနတ်ပိတ်ပင်ရေးဥပဒေ ပြဋ္ဌာန်းဖို့ အဆိုတွေတင်ကြတယ်။ ဒါပေမဲ့ ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။ သေနတ်အမျိုးမျိုးနဲ့ ခဲယမ်းမီးကျောက်တွေ ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတွေက ကျောထောက်နောက်ခံ ပြုပေးထားတဲ့ အမေရိကန်သေနတ်ပစ်အသင်းကြီးက ရန်ပုံငွေ သိပ်တောင့်တင်းတော့ ဒီမိုကရက် အစိုးရဖြစ်ဖြစ်၊ ရီပတ်ဘလီကင် အစိုးရဖြစ်ဖြစ် သူတို့ဘက်ပါအောင် လုပ်ဆောင်ထားနိုင်ခဲ့တာကိုး။

**စစ်မတိုက်ဘူး၊ ထောင်ကျခံ**

သေနတ်ဆန့်ကျင်ရေးသမားများရဲ့ လုပ်ဆောင်ချက် မအောင်မြင်ရတဲ့ အကြောင်းရင်းက 'ရည်မှန်းချက်ပစ်မှတ်' လွဲချော်နေလို့ ဖြစ်တယ်။ တကယ်တမ်း သူတို့ ချဉ်းကပ်ရမှာက အိမ်ဖြူတော်မဟုတ်ဘူး၊ ကက်ပီတော် မဟုတ်ဘူး။ အမေရိကန်ပြည်သူတွေဆီ တိုက်ရိုက်သွားရမှာ။ လူထုကို လှုံ့ဆော်ရမှာ။ အရပ်သူ၊ အရပ်သား သာမန်ပြည်သူလူထု မှန်ရင် ဘယ်နိုင်ငံက ဘာလူမျိုးဖြစ်ဖြစ် သတ်တာဖြတ်တာ၊ ပစ်ခတ်တာတွေကို မနှစ်မြို့ပါဘူး။ သာမန် အမေရိကန် ပြည်သူပြည်သားများလည်း လူသတ်တာတွေနဲ့ စစ်ပွဲတွေကို မုန်းတီးကြတာပါပဲ။

ဗီယက်နမ်စစ်ပွဲကနေ ကမ္ဘာစစ်ကြီး ဖြစ်လာတော့မယ့် အခြေအနေထိ ရောက်လာတော့ အမေရိကန်ပြည်သူတွေ သန်းနဲ့ချီပြီး တစ်နိုင်ငံလုံးအနှံ့ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေ ဆင်နွှဲကြတယ်။ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ကက်စီးယက်ကလေးဟာ ဗီယက်နမ်မှာသွားပြီး စစ်မတိုက်နိုင်ဘူးလို့



ငြင်းဆန်ခဲ့တဲ့အတွက် ထောင်ချခံခဲ့ရတယ်။ လက်ဝှေ့သရဖူလည်း ရုပ်သိမ်းခံရတယ်။

**လူတွေဆီကို သွားပါ**

စစ်ပွဲတွေရပ်စဲပြီး ချူကလီးယားလက်နက်တွေ ဖျက်သိမ်းစေချင်သလား။ ဆိုင်းဘုတ်ထောင်ပြီး တောင်းဆိုနေရုံနဲ့တော့ မရဘူး။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဆုံးဖြတ်ချက်ချရုံနဲ့လည်း မရဘူး။ ကြီးငါးကြီး သဘောတူစာချုပ် လက်မှတ်ထိုးရုံနဲ့လည်း မရဘူး။ ဒီအလုပ်မျိုးတွေ လုပ်လာခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီပဲ။ တကယ်လုပ်ရမှာက ကိုယ့်မြို့ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံက ပြည်သူတွေဆီ တိုက်ရိုက်သွားပါ။ ဒီလို အကြီးစား လက်နက်မျိုးတွေ ထုတ်လုပ်ရောင်းချတဲ့ ဂျီအမ်လို၊ ရိုးလ်စ်ရွိုက်စ်လို ရောမ ကော်ပိုရေးရှင်းကြီးတွေကထုတ်တဲ့ မော်တော်ကားတွေမဝယ်ဖို့၊ လေယာဉ်ပျံတွေ မစီးဖို့ လှုံ့ဆော်စည်းရုံးပါ။

တလောက မက္ကဆီကိုပင်လယ်ကွေ့မှာ ကမ္ဘာ့အဆိုးဝါးဆုံး ရေနံယိုဖိတ်မှုကြီး ဖြစ်စေခဲ့တဲ့ ရေနံကုမ္ပဏီကြီးကို ဒဏ်တပ်ရုံနဲ့ မရပါဘူး။ အစိုးရက ဥပဒေပြဋ္ဌာန်းလိုက်ရုံနဲ့လည်း ဒီကိစ္စမျိုးတွေက ရပ်တန့်သွားမှာ မဟုတ်ပါဘူး။

**ငြင်းဆန်ခြင်းလှုပ်ရှားမှု**

ကမ္ဘာတစ်လွှား နိုင်ငံအသီးသီးမှာ ရှိနေကြတဲ့ လူထုတွေက အဲဒီ ရေနံကုမ္ပဏီကြီးကို ဒဏ်ခတ်တဲ့အနေနဲ့ သူ့ကုမ္ပဏီက ဓာတ်ဆီဆိုင်တွေမှာ ဓာတ်ဆီမထည့်ဘူးလို့ ငြင်းဆန်ကြမယ်ဆိုရင် သူ ထင်တိုင်း လုပ်ရဲမှာ မဟုတ်ပါဘူး။ စီးပွားရေးသမားတွေထဲမှာ အဆိုးယုတ်ဆုံး စီးပွားရေးသမား ဖြစ်တဲ့ ဆေးတု၊ အစာတု ထုတ်လုပ်ရောင်းချသူတွေကို တစ်ဦးချင်း ရှာဖွေဖော်ထုတ်ဖို့က မလွယ်ဘူး။ အကောင်းဆုံးနည်းလမ်းက အဲဒီလို ဆေးဝါးအတုနဲ့ အစားအစာအတု အများဆုံး ထုတ်လုပ်ရောင်းချတဲ့နိုင်ငံက ဘာပစ္စည်းကိုမှ မသုံးဘူးဆိုပြီး ငြင်းဆန်ခြင်း ဖြစ်တယ်။

**ပူးပေါင်းပါဝင်လာဖို့**

ဒီသဘောတရားတွေကို လူတိုင်းလူတိုင်း သိရှိ သဘောပေါက်ဖို့နဲ့



www.burmeseclassic.com

www.burmeseclassic.com

စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်လာဖို့အတွက် ကမ္ဘာအနှံ့မှာ ရှိနေကြတဲ့ လူမှုရေး အဖွဲ့အစည်းတွေနဲ့ ပရဟိတအဖွဲ့အစည်းတွေ အင်အားချင်း ပေါင်းစပ်ပြီး လက်တွဲဆောင်ရွက်ကြဖို့ပဲ လိုတယ်။

အင်တာနက်ခေတ်မှာ တစ်ဦးနဲ့တစ်ဦး ထိတွေ့ ဆက်သွယ်ဆောင်ရွက်ဖို့ မခက်ပါဘူး။ လူမှုရေးစိတ်ဓာတ်စစ်စစ်နဲ့ ပရဟိတစိတ်ဓာတ်စစ်စစ် ရှိဖို့ပဲ လိုတယ်။ အင်န်ဂျီအိုဆိုင်းဘုတ်တစ်ခုကိုင်ပြီး ကိုယ်ကျိုးရှာတဲ့လူတွေ ပါမလာအောင်တော့ သတိကြီးစွာထားပြီး စိစစ်ဖို့လိုတယ်။ ဒါလည်း မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒီနေ့ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ။ ဘယ်သူတွေ ဘာလုပ်စားနေတယ်ဆိုတာ နာရီပိုင်းအတွင်း တစ်ကမ္ဘာလုံးက သိနိုင်နေပါပြီ။ ရွေးကောက်ပွဲလည်းပြီးရော အဖတ်ဆယ်မရအောင် မြောင်းထဲ ကျသွားသူတွေ ဘယ်လောက်များသလဲဆိုတာ မြန်မာလူမျိုးများက မျက်ဝါး ထင်ထင် မြင်တွေ့ပြီးကြပြီလေ။ လူတွေကို ကြာကြာလိမ်လို့ မရပါဘူး။

၈၊ ၆၊ ၂၀၁၁



# ဒီမိုကရေစီနဲ့ မအပ်စပ်တဲ့လူတန်းစား

အထက်အညာ အင်းတော်ကြီးဒေသ မာန်လည်မြို့ကလေးက လူငယ်တစ်ယောက် ဂျာနယ်တိုက်တွေကို စုံစမ်းမေးမြန်းပြီး ရောက်လာတယ်။ ချစ်စရာ မြန်မာ့ရိုးရာ ဓလေ့အတိုင်း ရောက်ရောက်ချင်း ဦးချကန်တော့ပြီးမှ သူ့ကိုယ်သူ မိတ်ဆက်တယ်။ နောက်တော့ သူ့ရင်ထဲမှာ မျိုသိပ်ထားရတာတွေ များလွန်းလို့ ဘယ်လိုမှ အောင့်အီးမနေနိုင်တော့လို့ လာပြီး ရင်ဖွင့်တာပါလို့ နုတ်သံမနှောဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်တယ်။

**ရွှေရှာ ကျောက်တူး**

နေမကောင်းလို့ စာတောင် မရေးနိုင်တော့တဲ့အချိန် ဖြစ်နေပေမဲ့ သူ့ခမျာ ဒီလို ရင်ဖွင့်ဖို့သက်သက် ဝေးလံခေါင်ဖျားဒေသက တပင်တပန်း လာခဲ့ရရှာတာဖြစ်တဲ့အတွက် သက်သာသလိုနေရင်း နားထောင်ပေးခဲ့တယ်။ စကားပြောရင်သာ မောပြီး နားထောင်တာက မောမှမမောတာ။ သူ ပြောတာက သူတို့ဒေသတစ်ဝိုက်က လယ်သမားတွေ လယ်မလုပ်ကြတော့ဘဲ မြစ်ရိုးတစ်လျှောက် ရွှေရှာသူတွေက ရှာကြ၊ မော်တွေထဲသွားပြီး ကျောက်တူး သူတွေက တူးကြ ဖြစ်နေတဲ့အတွက် တစ်ချိန်ချိန်မှာ သူများနိုင်ငံက ဆန်ကို ဝယ်စားရတဲ့အဖြစ်မျိုး ရောက်သွားမှာ စိုးရိမ်နေရပါတယ်တဲ့။ 'ရွှေမရှိတာ ဘာမှမဖြစ်ဘူး။ ဆန်မရှိရင်တော့ ဒုက္ခ အကြီးအကျယ်ရောက်မှာ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

**ဝယ်စရာမရှိ တန်ဖိုးမရှိ**

မှန်လိုက်တဲ့စကား။ ငွေစက္ကူတစ်ရွက်ဟာ ပွတ်ချွန်း လိပ်သော ဖို့တောင် အသုံးမဝင်တဲ့ ကျွန်းပေါ်မှာ နေခဲ့ဖူးသူတစ်ယောက်ဆိုတော့ သူ့စကား ဘယ်လောက်အထိ မှန်ကန်သလဲဆိုတာ ကောင်းကောင်းသိတာ ပေါ့။ ငွေဆိုတာက ဝယ်စရာပစ္စည်းရှိမှ တန်ဖိုးရှိတာ။ ပစ္စည်းမရှိရင် ဘာတန်ဖိုးမှ မရှိတော့ဘူး။ မာန်လည်သား လူငယ်လေးက အရှည်တွေးပြီး ရင်လေးပုံရတယ်။ ကိုယ်တိုင်လည်း ဒီအချက်ကို စိုးရိမ်ပူပန်မိနေတာ တော်တော်ကြာပြီ။ ခုတလော ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း ဒေသတစ်ဝိုက်ရှိ လယ်ယာနဲ့ ဥယျာဉ်ခြံမြေတွေကို စီးပွားရေးသမားတွေက ဈေးကောင်းပေးပြီး လိုက်ဝယ်နေကြတဲ့သတင်းတွေ အဆက်မပြတ် ကြားနေရတယ်။

**မျက်နှာစိမ်းတွေ**

အနီးအနား ဝန်းကျင်ဒေသတွေကသာမက မန္တလေးလိုနေရာက မျက်နှာစိမ်းတွေလည်း အများကြီး တွေ့မြင်ကြရတယ်တဲ့။ ခြံစောင့်ရရင် တော်ပါပြီ။ သွားနေပြီး လုပ်စားကြပါ။ ထွက်သမျှသီးနှံတွေ အကုန်ယူပါလို့ ပြောတာတောင် သွားနေချင်သူ မရှိတဲ့နေရာက ခြံမြေတွေကို သိန်းရာနဲ့ ထောင်နဲ့ချီပေးပြီး ဝယ်တာကို မရောင်းချင်သူ ဘယ်သူရှိပါ့မလဲ။ ဒါ သဘာဝပဲ။ အပြစ်တင်လို့လည်း မရဘူး။ မနေ့ကတောင် သန်လျင် သီလဝါ ဆိပ်ကမ်းသွားရာ လမ်းဘေးဝဲယာရှိ လယ်ကွက်တွေကို အဝယ်လိုက်နေလို့ တစ်ဧကကို သိန်း ၂၀ လောက်နဲ့ ရောင်းနေကြတယ်ဆိုတဲ့ သတင်းတွေ ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသေးတယ်။

**စောကြီးလွန်းလို့**

နိုင်ငံတည်ဆောက်စကာလမှာ စက်ရုံ၊ အလုပ်ရုံတွေ တည်ဆောက် ကြ၊ မြို့ပြဖွံ့ဖြိုးရေးတွေ လုပ်ဆောင်ကြဆိုတာ လုပ်ရိုးလုပ်စဉ်၊ ဖြစ်ရိုး ဖြစ်စဉ်တွေမို့ ဒီသတင်းမျိုးတွေဟာ သိပ်မဆန်းပါဘူး။ ဒါပေမဲ့ စည်းလွတ် ဝါးလွတ်တော့ မဖြစ်စေသင့်ဘူး။ ၁၉၅၀ ဦးပိုင်းကာလက လွတ်မြောက်လာ တရုတ်ပြည်မှာ တည်ဆောက်ရေးဇောတွေ ကြီးမားလွန်းကဲပြီး ကျေးလက် ဒေသက အိမ်တိုင်းအိမ်တိုင်းမှာ သံရည်ကျိုဖိုတွေ ရှိရမယ်၊ သံတိုသံစတွေ



ဆောင်းရှာဖွေပြီး သံရည်ကျိုလုပ်ငန်း လုပ်ရမယ်၊ သံနဲ့ သံမဏိ များများ ထုတ်လုပ်နိုင်မှ စက်မှုနိုင်ငံကြီး မြန်မြန်တည်ဆောက်နိုင်မယ်ဆိုတဲ့ 'မဟာ ခုန်ပျံကျော်လွှား' (Great Leap Forward) စီမံကိန်း ချမှတ် လုပ်ဆောင်ခဲ့ တာကြောင့် ကသောင်းကနင်းဖြစ်မှုကြီး ကြောက်စရာကောင်းအောင် ပေါ် ပေါက်ခဲ့ဖူးတယ်။

**သင်ခန်းစာယူသင့်**

တောကလယ်သမားတွေ လယ်မစိုက်နိုင်တော့ စပါးမထွက်တော့ဘဲ ကြီးမားတဲ့အငတ်ဘေးကြီး ကြုံတွေ့ခဲ့ရလို့ ပေါ်လာစီအများကို အမြန် ပြန်ပြင်ပြီး လယ်ယာစိုက်ပျိုးရေးကို ပြန်ပြီး ဦးစားပေးခဲ့ကြရတယ်။ ဒီအဖြစ်ကို ကောင်းကောင်း သင်ခန်းစာယူသင့်တယ်။ စက်ရုံတွေဆောက်ပါ။ ဒါပေမဲ့ စိုက်ပျိုးနေတဲ့ လယ်ယာတွေနေရာမှာတော့ မဆောက်သင့်ဘူး။ မြန်မာပြည် မှာ မြေလွတ်မြေရိုင်းတွေ အများကြီးရှိပါတယ်။ စက်မှုလုပ်ငန်းနဲ့ အိုင်တီ လုပ်ငန်းက စိုက်ပျိုးရေးလုပ်ငန်းထက် ပိုအရေးကြီးတယ်လို့ မယူဆသင့်ဘူး။ ငွေမရှိတာက ဘာမှ မဖြစ်ဘူး။ ဆန်မရှိရင်တော့ ဒုက္ခ အကြီးအကျယ် တွေ့မှာ ခင်ဗျ' ဆိုတဲ့ မာန်လည်ကလူငယ် ပြောတဲ့စကားကို မျက်ကွယ်ပြု ထားသင့်ဘူး။

**ကမ္ဘာမှာ နံပါတ်တစ်**

မြန်မာနိုင်ငံဟာ ဘိုးစဉ်ဘောင်ဆက်က စိုက်ပျိုးရေးနိုင်ငံ ဖြစ်တယ်။ ဗြိတိသျှလက်အောက် ကျရောက်နေစဉ် ကာလကတောင် ကမ္ဘာမှာ ဆန် အင်ပို့ရောင်းချတဲ့ နံပါတ်တစ်နိုင်ငံ ဖြစ်ခဲ့တယ်။ ပတ်ဝန်းကျင်ဒေသနိုင်ငံ တွေ အားလုံးလောက်နီးပါးဟာ အရွယ်အစား ပမာဏအားဖြင့် မြန်မာနိုင်ငံ ထက် ကြီးမားကျယ်ဝန်းကြတယ်။ မြေကွက်ဧရိယာ အများကြီး ရှိတယ်။ ဒါပေမဲ့ ရေမြေအနေအထားနဲ့ ရာသီဥတု အခြေအနေက မြန်မာနိုင်ငံလောက် သာယာဖြစ်ပြီး မျှတမှုမရှိတာကြောင့် ဘယ်နိုင်ငံမှ ကောင်းကောင်းမစိုက် ပျိုးနိုင်ကြဘူး။ စိုက်ပြီး မိုးခေါင်လို့ သရောကြီးခိုင်းတာနဲ့ ရိတ်သိမ်းခါနီးမှ မြစ်ရေ၊ ချောင်းရေတွေ လျှံတက်လာလို့ ရွာကိုစွန့်ပြီး ကိုယ်လွတ်ရုန်း ပြေးရတာနဲ့ အင်မတန် ဒုက္ခကြီးမားရှာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အားလုံး ပြိုသွားမယ်**

မြန်မာနိုင်ငံမှာတော့ အပူလွန်လို့၊ အအေးလွန်လို့ လူတွေ အပြောင်
အများ သေကြရတာမျိုး မရှိသလို မိုးခေါင်လွန်းလို့၊ ရေကြီးလွန်းလို့ ဒု
ရောက်ရတာမျိုးလည်း ကြီးကြီးမားမား များများစားစား မကြုံဖူးပါဘူ
နာဂစ်ကတော့ ခြွင်းချက်ပေါ့။ နောက်ပြီးတော့ စိုက်ပျိုးရေးလုပ်ငန်း
ပြောတဲ့အခါမှာ တောင်သူလယ်သမားနဲ့ ကောက်စိုက်သမတွေကိုချည်
မြင်နေလို့ မဖြစ်ဘူး။ စိုက်ပျိုးရေးလုပ်ငန်းကို အမှီပြုပြီး ရပ်တည်နေကြရ
လူဦးရေဟာ နိုင်ငံ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ စိုက်ပျိုးရေ
ယိုင်နဲ့သွားရင် ရန်ကုန် ဘုရင့်နောင်လို ကုန်စည် ဈေးကွက်ကြီးတစ်ခုလုံ
ပြိုကျသွားမှာပါ။ တစ်နိုင်ငံလုံး အနှံ့ရှိနေတဲ့ ဆန်စက်တွေနဲ့ ဆက်စပ်လုပ်ငန်
တွေ၊ လှေသမ္ဗန်နဲ့ သင်္ဘောတွေ၊ မော်တော်ကားတွေလည်း လုပ်စရာ မ
တော့ဘဲ ဖြစ်ကုန်ကြမှာပါ။

**မရှိမဖြစ် လိုအပ်ချက်**

အဲဒါကြောင့် မလွဲမသွေ လုပ်ကိုလုပ်ရမယ့် စက်မှုတည်ဆောက်
ရေးများ လုပ်တဲ့အခါမှာ စနစ်တကျ စီမံကိန်းချပြီးလုပ်ဖို့ အထူး လိုအ
ပါတယ်။ ဒါ့အပြင် မမေ့အပ်တဲ့ အချက်တစ်ခုက ဒီမိုကရေစီစနစ်
ထူထောင်ရာမှာ တိုင်းသူပြည်သားအားလုံးရဲ့ တက်တက်ကြွကြွ ပါဝင်
ဆောင်ရွက်မှု မရှိမဖြစ် လိုအပ်တယ်ဆိုတာ ဖြစ်တယ်။ စိတ်ရောကိုယ်
အားတက်သရော ဝင်ဆောင်ရွက်ဖို့ဆိုရင် တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့
အစိုးရဟာ သူတို့ အားလုံးအတွက် မှန်မှန်ကန်ကန် လုပ်ဆောင်နေတယ်
သူတို့ အကျိုးစီးပွားကို အမြဲတမ်း ကာကွယ်စောင့်ရှောက် ပေးနေတယ်
သံသယကင်းကင်းနဲ့ လုံးဝ ယုံကြည်စိတ်ချမှုရှိနေဖို့ လိုအပ်တယ်။

**ကြိုးစားဆဲကာလ**

အစိုးရတစ်ရပ်ဟာ ပြည်သူအများကို လျစ်လျူရှုပြီး လူတစ်စုတစ်
အတွက်သာ လုပ်ဆောင်နေတယ်။ လူတစ်စုတစ်ဖွဲ့ အကျိုးစီးပွားကိုသာ
ကာကွယ်စောင့်ရှောက်နေတယ်လို့ ထင်မြင်ယူဆနေရင်တော့ ဘယ်တော့
စိတ်ပါလက်ပါ တက်တက်ကြွကြွ ပါဝင်လာမှာမဟုတ်တာ သေချာတယ်
ဒီနေ့ လက်ရှိအစိုးရသစ်ဟာ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှုကို အပြည်



အဝ ရရှိဖို့ ကြိုးစားနေဆဲကာလ ဖြစ်တယ်။ အစိုးရ တာဝန်ရှိသူတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်လာပြီး တရားဥပဒေကို မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် လိုက်နာ အကောင်အထည် ဖော်ကြဖို့ ပြောကြားနေကြတာ တွေ့ရတယ်။ ဒါ အလွန်အရေးကြီးတဲ့အချက် ဖြစ်တယ်။ တရားဥပဒေဟာ ပြည်သူတွေကို အမြဲတမ်း ကာကွယ်စောင့်ရှောက်တယ်၊ မျက်နှာနှစ်ဖက်မရှိဘူး၊ တရားဥပဒေရဲ့ အထက်မှာ ဘာမှမရှိဘူးလို့ သူတို့ အမှန်တကယ် ယုံကြည်လာရင် ဘယ်လိုအစိုးရမျိုးမဆို သူတို့ ထောက်ခံကြမှာ ဖြစ်တယ်။

**လမ်းဘေးဈေးသည် ရှင်းတဲ့အခါ**

ဒီလိုအခြေအနေမှာ အဆင့်အသီးသီးက တာဝန်ရှိ ဝန်ထမ်းများဟာ စက်ရုံ၊ အလုပ်ရုံ(အစိုးရဖြစ်ဖြစ်၊ ပုဂ္ဂလိကဖြစ်ဖြစ်)ဆောက်ဖို့ လယ်ယာမြေများ သိမ်းယူတဲ့အခါ လမ်းဖောက်၊ တံတားဆောက်ဖို့ လူနေအိမ်ခြေများ သိမ်းယူတဲ့အခါ၊ ယုတ်စွအဆုံး ပလက်ဖောင်းပေါ်က လမ်းဘေးဈေးသည်တွေ ရှင်းလင်းတဲ့အခါဖြစ်ဖြစ် ဥပဒေဟာ နှစ်မျိုးမရှိဘူး ဆိုတာကို ပြတ်ပြတ်သားသားပြဖို့ လိုပါလိမ့်မယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရဟာ နိုင်ငံသား တစ်ဦးချင်းစီရဲ့ အကျိုးစီးပွားကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပေးထားခြင်း ဖြစ်တယ်။

**အောပ်စပ်ဘူး**

ဥပဒေထဲမှာပါတယ် ဆိုရုံနဲ့လည်း မပြီးသေးဘူး။ တကယ် လက်တွေ့ကာကွယ်စောင့်ရှောက်ပေးဖို့ လိုတယ်။ ပလက်ဖောင်းပေါ်မှာ ဈေးမရောင်းရဘူး ဆိုရင် ဘယ်သူ့ကိုမှ မရောင်းရတာမျိုး ဖြစ်သင့်တယ်။ ဟိုလူကျရောင်းခွင့်ပြုတယ်၊ ဒီအဖွဲ့ကျတော့ ရောင်းခွင့်ပြုတယ်ဆိုတာမျိုး လုပ်ရင် အများပြည်သူလူထုက ပိုပြီးအရေးကြီးတဲ့ တရားဥပဒေစနစ်ကြီး တစ်ခုလုံးအပေါ်မှာပါ ယုံကြည်မှု ကင်းမဲ့သွားနိုင်တယ်။ ဒီမိုကရေစီ စနစ်အောက်မှာ ပြည်သူပြည်သားအားလုံး တန်းတူညီမျှ အခွင့်အရေး ရှိတယ်။ အခွင့်ထူးခံလူတန်းစားဆိုတာ ဒီမိုကရေစီနဲ့ နည်းနည်းလေးမှ မအပ်စပ်ပါဘူး။

၂၂၊ ၆၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# ကလေးတွေရဲ့အနာဂတ်ဟာ တိုင်းပြည်ရဲ့အနာဂတ်

ဒီနှစ် ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်လာတော့ အောင်ချက်ရာခိုင်နှုန်း သုံးဆယ်ကျော်ရှိလို့ ခါတိုင်းနှစ်တွေထက် တက်လာတယ်လို့ သိရတယ်။ ဝမ်းသာစရာပဲ။ ဆက်တိုက်ဆိုသလိုပဲ ခြောက်ဘာသာ၊ ငါးဘာသာ ဂုဏ်ထူးရှင်တွေကို ဂုဏ်ပြုချီးကျူးကြောင်း ကြော်ငြာတွေလည်း သတင်းစာနဲ့ ဂျာနယ်တွေထဲမှာ နေ့စဉ် တွေ့လာရတယ်။

**ပညာကို တန်ဖိုးထားတာ**

မဆီမဆိုင် ကိုယ့်ရပ်ကိုယ့်ရွာ မန္တလေးက ပညာရေးနဲ့ပတ်သက်ရင် ဘယ်မြို့ ဘယ်ရွာနဲ့မှကို မတူအောင် အားပေး မြှောက်စားတဲ့ကြောင်း ကြုံတုန်း ကြွားလိုက်ချင်တယ်။ ဂုဏ်ပြု ချီးကျူးကြော်ငြာ ထည့်တဲ့နေရာမှာ မန္တလေးက အကြီးဆုံးထည့်တဲ့မြို့ ဖြစ်တယ်။ သတင်းစာ 'မျက်နှာပြည့်' ကြော်ငြာတွေကို နည်းတာ မဟုတ်ဘူး။ မျက်နှာဝက်လောက်တော့ ပြောမနေနဲ့။ ကြော်ငြာမှာပါတဲ့ ဘိုးဘိုး ဘွားဘွား၊ ဘဘကြီး၊ ပါးပါး မားမား၊ ဦးဦး ဒေါ်ဒေါ်၊ တီတီကြီး တီတီလေး၊ ကိုကို မမ စသူတွေရဲ့ နာမည်တွေနောက်မှာလည်း ဘွဲ့ဒီဂရီတွေ၊ ဒီပလိုမာတွေနဲ့ LCCI(UK), NCC(UK) ဆိုတာတွေပါ တစ်ခုမကျန် ထည့်သွင်းဖော်ပြကြတယ်။ ပညာကို ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ ထင်ရှားမနေဘူးလား။

**မုဒိတာပွား**

ချီးကျူးထိုက်သူကို ချီးကျူးတာ၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတာ မင်္ဂလာတစ်ပါးမို့ မုဒိတာပွားပါတယ်။ ကြိုးစားအားထုတ်ခဲ့ကြတဲ့ ကလေး



တွေကိုလည်း ဒီနေရာကနေပြီး ထပ်လောင်း ဂုဏ်ပြုလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ မြင်းကောင်းခွာလိပ် မအောင်မမြင် ဖြစ်ခဲ့ကြရတဲ့ ကလေးတွေကိုလည်း စိတ်ဓာတ်မကျဘဲ ဆက်လက်ကြိုးစားကြဖို့ အားပေးစကား ဆိုလိုက်ချင်တယ်။ လူတစ်ရာမှာ သုံးဆယ်လောက် အောင်တယ်ဆိုတော့ ခုနစ်ဆယ်လောက်က မျက်နှာငယ်လေးတွေနဲ့ ဝမ်းနည်းပက်လက် ဖြစ်နေကြရှာတယ်။ တချို့ဆို အိမ်မှာလည်း မျက်နှာကောင်းမရလို့ စိတ်ညစ်၊ သူငယ်ချင်းတွေကို မျက်နှာပြရမှာလည်း ရှက်ပြီး သေချင်စော်နံအောင်ကို ခံစားနေကြရတယ်။

**ကြောက်စရာ ကောက်ချက်**

တစ်ကြိမ်မက နှစ်ကြိမ်၊ သုံးကြိမ် ရှုံးနိမ့်ထားသူများဆိုရင် ရှေ့ဆက်လျှောက်စရာလမ်း မရှိတော့ဘဲ လူညွန့်တုံးသွားသလို လက်မှိုင်ချနေလိုက်ကြရတော့တယ်။ တချို့က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့သွားပြီး ဆက်မကြိုးစားတော့ဘဲ ဘဝကို ရေစုန်မျှောပစ်လိုက်ချင်စိတ်တွေ ပေါ်ပေါက်လာတယ်။ တချို့ ကလေးတွေကျတော့ မိဘတွေက အသိဉာဏ်ပြည့်ဝလို့ ကံကောင်းတယ်လို့ ဆိုရမယ်။ စာမေးပွဲမအောင်တဲ့ သားသမီးကို ဆူပူကြိမ်းမောင်းမလုပ်ဘဲ ဆက်ကြိုးစားဖို့ အားပေး တိုက်တွန်းကြတယ်။ တချို့ကျတော့ မိဘတွေကပါ စိတ်ဓာတ်ကျပြီး ပညာတတ်ဖြစ်ဖို့ ကံမပါဘူးလို့ တထစ်ချ ကောက်ချက်ချလိုက်ကြတယ်။ အဲဒီကောက်ချက်က အင်မတန် ကြောက်စရာကောင်းတယ်။ ကလေးတစ်ယောက်ရဲ့ အနာဂတ်ဘဝကို တစ်ခါတည်း ပြဋ္ဌာန်းပေးလိုက်သလို ဖြစ်သွားတယ်။ တလူလူ တက်စပြုနေတဲ့ အညွန့်ကလေးကို ကပ်ကြေးနဲ့ တစ်ချက်တည်း ကိုက်ဖြတ်ပစ်လိုက်သလို ပါပဲ။

**ကုန်သည်ပွဲစားသမီး**

ပိုက်ဆံရှိတဲ့ ကုန်သည်၊ ပွဲစား သားသမီးများဆို တော်သေးတယ်။ ပညာဆက်မသင်နိုင်လည်း မိဘလက်ငုတ် စီးပွားရေးထဲ အလိုက်သင့် ဝင်လုပ်ပြီး လူတစ်လုံး သူတစ်လုံး ဖြစ်သွားနိုင်သေးတယ်။ လခစားသားများနဲ့ လက်လုပ်လက်စား သားသမီးများဆိုရင် တကယ်ကို လူညွန့်တုံးသွားသလို ဖြစ်သွားကြတာ များတယ်။ အရင်းအနှီးမရှိတော့ စီးပွားရေး မလုပ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူများအလုပ်တွေနဲ့ ဈေးဆိုင်တွေမှာ ရရာအလုပ် ဝင်လုပ်ကြရုံပဲ ရှိတယ်။ ဆယ်တန်းမှ မအောင်တော့လည်း ဒီခေတ်ကြီးမှာ လူတစ်လုံး သူတစ်လုံး ဖြစ်နိုင်လောက်တဲ့ အလုပ်မျိုး ဘယ်လိုလုပ် ရနိုင်မှာလဲ။

**တစ်လမ်းသွား**

ဆယ်တန်း မအောင်တာနဲ့ပဲ ပညာဆက်သင်လို့ မရတော့ဘဲ ကလေးတွေရဲ့ဘဝ အညွန့်ကျိုးသွားသလို ဖြစ်စေတဲ့ ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ဖို့ အထူးကို လိုအပ်နေပြီလို့ ယူဆပါတယ်။ ဒီနေ့စနစ်က တစ်လမ်းသွားစနစ် ဖြစ်နေတယ်။ ဆယ်တန်းအောင်ဖို့ အရင်လုပ်၊ ပြီးတော့ တက္ကသိုလ်တက်ပြီး ဘွဲ့တစ်ခုခု ရအောင်ယူ၊ ဘွဲ့ရတော့ လခစား အလုပ်တစ်ခုခု ဝင်လုပ်ဆိုတဲ့ပုံစံ ဖြစ်တယ်။ ဆယ်တန်း မအောင်ရင်တော့ ဘာအိပ်မက်မှ မက်ခွင့် မရှိဘူး။ နှစ်စဉ်နှစ်တိုင်း ဆယ်တန်းအောင်သူက အနည်းစု လေးဆယ်ရာနှုန်း၊ သုံးဆယ်ရာနှုန်းလောက်သာရှိပြီး မအောင်မြင်သူက အများစုကြီး ဖြစ်တယ်။ ကျောင်းသား ၁၀၀ မှာ ၇၀ ကျော်၊ ၈၀ လောက်ဟာ ပညာဆက်မသင်ကြားနိုင်တော့ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အညွန့်ကျိုးသလို ဖြစ်သွားကြရတယ်။ ဒါဟာ ကလေးတွေအတွက် နစ်နာလှသလို တိုင်းပြည်အတွက်လည်း မကောင်းပါဘူး။

**လမ်းခွဲတွေ ဖောက်**

ပညာတတ်တွေ များများပေါ်ထွက်လာမှ တိုင်းပြည် မြန်မြန်တိုးတက်မှာ ဖြစ်တယ်။ ဒါကြောင့် ဒီခေတ် ကလေးတွေကို ပညာတတ်တွေဖြစ်အောင် နည်းမျိုးစုံသုံးပြီး ဆောင်ရွက်သင့်တယ်။ ကျောင်းသားအားလုံး တက္ကသိုလ်တွေမှာ စုပြုံ တိုးဝှေ့နေမယ့်အစား အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကျောင်းတွေဆီ သွားအောင် လမ်းခွဲတွေအများကြီး ဖောက်ပေးသင့်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက တက်စရာသင်တန်းတွေ၊ ကျောင်းတွေ အများကြီးရှိတာ သတိရမိတယ်။ ငါးဆယ်ဦးပိုင်းကာလတွေက ဖဆပလ အစိုးရရဲ့ ပြည်တော်သာစီမံကိန်းခေတ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွေ လုပ်တော့ လေးတန်းအောင်လက်မှတ် ရှိသူတိုင်းကို ရက်တိုသင်တန်းတွေ ပေးပြီး မူလတန်းဆရာ ခန့်တယ်။ ကျောက်ထိုးဆရာ ခန့်တယ်။ ထွန်စက်မောင်းသင်တန်းတွေ ဖွင့်ပေးတယ်။ သားဖွားဆရာမသင်တန်းတွေ ပေးတယ်။



**စက်နဲ့ မကင်း**

ဆယ်တန်းထိ ပညာမသင်နိုင်ပေမဲ့ အလယ်တန်းလောက်အောင်ရင် မြို့တိုင်းစာရေးအကူတို့၊ တောခေါင်းတို့ လုပ်နိုင်အောင် သင်တန်းတွေ ဖွင့်ပေးတယ်။ မြို့တွေနယ်တွေမှာတင် သင်တန်းပေးပြီး ချက်ချင်းခန့်တာ ဆိုတော့ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေ စာသင်ခွင့် ရေသူတွေတောင် ဘဝလမ်းဆုံး ရောက်မသွားကြဘူး။ လုပ်ငန်းခွင်ထဲမှာ အဆင့်ဆင့် သင်တန်းတွေတက်ရင်း အတိုင်းအတာတစ်ခုအထိ တိုးတက်မှု ရသွားကြတယ်။ ဒီခေတ်အခါမှာ သင်ယူစရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေက ရှေးကထက် အဆပေါင်းများစွာ တိုးလာတာကြောင့် စနစ်တကျစီမံပေးမယ်ဆိုရင် ကလေးတိုင်း ဆယ်တန်းအောင်ဖို့နဲ့ တက္ကသိုလ်တက်ဖို့အတွက်သာ စုပြုံတိုးဝှေ့နေကြမှာ မဟုတ်ပါဘူး။ ဒီခေတ်မှာ တောရွာကလေးတွေအထိ စက်နဲ့မကင်းပါဘူး။ လယ်ထွန်စက်၊ ပေါင်းလိုက်စက်၊ ချွေလှေ့စက်၊ ကြိတ်ခွဲစက်၊ ရေစုပ်စက် စတာတွေကနေ မော်တော်ဆိုင်ကယ်အထိ သုံးစွဲနေကြတယ်။

**သင်တန်းကျောင်းတွေ ဖွင့်**

အဲဒီစက်တွေအတွက် လိုအပ်တဲ့ စက်ပြင်ဆရာတွေ မွေးထုတ်ပေးနိုင်ဖို့ အမြို့မြို့ အနယ်နယ်မှာ စက်မှုသင်တန်းကျောင်းတွေ ဖွင့်ပေးဖို့ လိုအပ်ပါတယ်။ ကိုယ်နဲ့နီးစပ်ရာနယ်က ဥပမာတစ်ခုပြရရင် ပုံနှိပ်စက်တွေကို ပြချင်တယ်။ တော်ရုံ မြို့သေးသေးလေးတွေမှာတောင် အလှူမင်္ဂလာဆောင် ဖိတ်စာရိုက်တဲ့ ပုံနှိပ်စက်ကလေးတွေ အနည်းဆုံး တစ်ခုတော့ ရှိနေကြတယ်။ တချို့မြို့ကလေးတွေဆိုရင် နှစ်ခု၊ သုံးခုတောင် ရှိကြတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြောရရင် ပုံနှိပ်စက်လုပ်ငန်းဟာ တော်တော်ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီး တစ်ခုအဖြစ် တည်ရှိနေပြီလို့တောင် ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အံ့ဩစရာကောင်းတာက မြန်မာပြည်မှာ ပုံနှိပ်လုပ်ငန်း ပညာသင်ကျောင်း ဆိုတာမျိုး တစ်ခုမှမရှိတာပဲ ဖြစ်တယ်။ လုပ်ငန်းထဲ ဝင်ရောက် လုပ်ကိုင်နေသူ အားလုံးဟာ ရှေးရိုးစဉ်လာ ပညာသင်တဲ့စနစ်အတိုင်း လုပ်ငန်းခွင်မှာ အောက်ခြေသိမ်း ဝင်ရောက်လုပ်ကိုင်ရင်းက လုပ်တတ်လာကြတာချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်ပညာသင်ကျောင်း**

မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပုံနှိပ်လုပ်ငန်းတွေအတွက် စက်ဆရာတွေ စက်ပြင်ဆရာတွေ၊ လက်ထောက်တွေ နှစ်စဉ် ထောင်နဲ့ချီ လိုအပ်နေမယ်ထင်ပါတယ်။ ပုံနှိပ်လုပ်ငန်း ပညာသင်ကျောင်းတွေ စနစ်တကျ ဖွင့်လှစ်ချိန်တန်ပါပြီ။ အလားတူပဲ ဓာတ်ပုံပညာသင်ကျောင်းတွေ ဖွင့်ပြီး ရုပ်သေ ရုပ်ရှင် အခြေခံ ဓာတ်ပုံပညာတွေ သင်ကြားပေးသင့်တယ်။ ဒီပညာရပ်တွေဟာ အခြေခံအဆင့်ကနေပြီး ဒီပလိုမာအဆင့်၊ ဘွဲ့အဆင့်ထိ တိုးမြှင့် သင်ကြားပေးဖို့ လိုအပ်တဲ့ နယ်ပယ်တွေ ဖြစ်တယ်။ ဓာတ်ပုံဆိုင်ဆိုတာ ပုံနှိပ်စက်လိုပဲ။ အခု ဒစ်ဂျစ်တယ် ကင်မရာလေးတွေခေတ်မှာ နယ်တကာ အနှံ့ ရှိနေကြတယ်။

**လက်နှိပ်စက်ကျောင်း**

ရှေးက လက်ရေးတိုနဲ့ လက်နှိပ်စက်သင်တန်းကျောင်းတွေ မြို့ရွာ အနှံ့ ရှိခဲ့တာကို သတိရမိတယ်။ အစိုးရက မြို့တကာလိုက်ပြီး ဘယ်ဖွင့်နိုင်မှာလဲ။ ပုဂ္ဂလိကတွေက ဖွင့်ကြတာ။ ဒါပေမဲ့ အစိုးရ သက်ဆိုင်ရာဌာနက ကျောင်းတွေကို စည်းကမ်းစနစ်တွေ ချမှတ်ပေးထားပြီး စစ်ဆေးကြပ်မတ်တယ်။ စံချိန်စံညွှန်း ကိုက်ညီတဲ့ ကျောင်းတွေကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးတယ်။ အစိုးရဌာနတွေက အလုပ်ခေါ်တဲ့အခါတွေမှာ အသိအမှတ်ပြု ကျောင်းတွေက ထုတ်ပေးတဲ့ အောင်လက်မှတ်ကို အသိအမှတ်ပြု လက်ခံပေးတယ်။ အဲဒီတော့ ပုဂ္ဂလိကကျောင်းတွေကို ယုံကြည်စိတ်ချစွာနဲ့ သင်တန်းတက်ကြတယ်။ ဒီလိုနဲ့ပဲ နယ်မြို့လေးတွေမှာနေကြတဲ့ ကလေးတွေရဲ့ အညွှန့်ကလေးတွေ ဆက်လက်လန်းစွင့်ခွင့် ရသွားကြတယ်။

**တိုင်းပြည်ရဲ့ အနာဂတ်**

အခုခေတ်မှာ သင်ယူစရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေ နည်းတာမဟုတ်ဘူး။ ရှေးက အစိုးရအသိအမှတ်ပြု လက်နှိပ်စက်ကျောင်းတွေလို စနစ်တကျ စောင့်ကြပ်ကွပ်ကဲမှုရှိတဲ့ ပုဂ္ဂလိကသင်တန်းကျောင်းတွေ အမြို့မြို့ အနယ်နယ်မှာ ဖွင့်နိုင်အောင် ဆောင်ရွက်သင့်တယ်။ ဒါထက် ပိုအရေးကြီးတာကတော့ ဆယ်တန်းအဆင့်ထက် အများကြီး ပိုမြင့်ပြီး ပိုခက်ခဲတဲ့ တက္ကသိုလ်အတန်းတွေ(ဆရာဝန်ပညာ၊ အင်ဂျင်နီယာ



ပညာများ အပါအဝင်)မှာ နှစ်စဉ် ကျရှုံးမှုရာနှုန်းမှာ ဒီလောက်မများဘဲ ဆယ်တန်း အဆင့်ကျမှ ဘာကြောင့် ဒီလောက်များနေရသလဲဆိုတာ အန်းစစ်လေ့လာပြီး ပြုပြင်သင့်တာတွေ အမြန်ဆုံး ပြုပြင်ဖို့ လိုအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ကလေးတွေရဲ့အနာဂတ်ဟာ တိုင်းပြည်ရဲ့အနာဂတ် ဖြစ်နေလို့ပါပဲ။

၂၉၊ ၆၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

## တွေ့ဆုံပွဲမှ ဆွေးနွေးပွဲသို့

ဒီတစ်ခါ အိပ်ရာက မထနိုင်ဖြစ်တာ တော်တော်ကြာသွားတယ်။ ဘယ်လောက်ထိ ကြာသွားသလဲဆိုရင် နံပါးနှစ်ဖက်မှာ ဘိုလို bedsore လို့ခေါ်တဲ့ အိပ်ရာပွန်းနာတွေ ရလာတဲ့အထိပါပဲ။ သုံးလလုံးလုံး နေ့ရောညပါ အိပ်ရာထဲမှာပဲ လှဲနေပြီး ညာဘက်နံတောင်းနဲ့ စောင်းအိပ်လိုက်၊ ဘယ်ဘက်နံတောင်းနဲ့ စောင်းအိပ်လိုက်သာ နေရတာကိုး။

**စိတ်ပူရှာကြ**

ရေးနေကျ ဂျာနယ်တွေအတွက် စာတွေမရေးနိုင်တော့ နယ်ပေါင်းစုံက စာဖတ်ပရိသတ်တွေ ဖုန်းဆက်ကြ၊ စာရေးကြနဲ့ စိတ်ပူရှာကြတယ်။ ရန်ကုန်နဲ့နီးတဲ့ဒေသက စာဖတ်ပရိသတ်များကတော့ လူကိုယ်တိုင် ရောက်လာပြီး စုံစမ်းမေးမြန်းကြတယ်။ နဂိုက ညွှဲမပြတ်ရတာထက်တောင် ပိုပြီး အရောက်အလာများတယ်။ နေမကောင်းဘူး ကြားတော့ စာပေသမား သတင်းသမားတွေကလည်း စိတ်ပူပြီး တစ်ယောက်ပြီးတစ်ယောက် ရောက် ရောက်လာကြတယ်။ တချို့များဆို ဝီရိယကောင်းလွန်းလို့ နေမကောင်းတဲ့ ကြားက ပြုံးတောင်ပြုံးမိသေးတယ်။ စာရေးနိုင်ပြီလားဆိုတာ သိချင်လို့ လာတာပါဆိုပြီး အိပ်ရာထဲလှဲနေတဲ့သူကို ထောင့်မျိုးစုံကလှည့်ပြီး ဓာတ်ပုံရိုက်သူက ရိုက်၊ ဗီဒီယိုရိုက်သူက ရိုက်နဲ့ လုပ်ကြတော့ သတင်းသမားချင်း မဟုတ်လား။ သူတို့လာတဲ့ ရည်ရွယ်ချက်ကို မသိဘဲ ဘယ်နေပါ့မလဲ။

**မဂိုးသေးပါဘူး**

လူငယ်လေးတွေမို့ ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်ပေမဲ့ စိတ်ထဲကတော့ 'မဂိုးသေးပါဘူးကွယ်။ ကျောင်းသားလူငယ်တွေ၊ ဆရာတော် သံဃာတော်တွေ၊ တပ်မတော်သားတွေနဲ့ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ပြည်သူတွေအားလုံး လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးကို မမြင်ရမချင်း အကြာကြီးကို နေသွားဦးမှာပါ' လို့ ပြောနေမိတယ်။ အနိစ္စမသိ၊ တရားမရှိလို့ ပြောတာ မဟုတ်ပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးမှာ မွေးပြီး နှစ်ပေါင်း ၆၀ ကျော် ပြည်တွင်းစစ်ကြီးနဲ့ ဖက်ဆစ်ပါတီ တစ်ဖွဲ့တစ်စည်း အုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်း ၅၀ နီးပါး နေထိုင်ခဲ့ရသူတစ်ဦးအနေနဲ့ ဒါလောက်ကလေး လိုလားတောင့်တတာဟာ လွန်လောက်ဘူး ထင်လို့ပါ။

**ဒါကြောင့်**

'စစ်ဆိုရင် မုန်းလွန်းလို့ ရေတောင် စစ်မသောက်ချင်ဘူး' လို့ ရှေးလူကြီးတွေ ပြောကြသလိုတောင် တစ်ခါတစ်ခါ ပြောချင်မိတယ်။ နှစ် ၆၀ ကျော်ကြာ ပြည်တွင်းစစ်ကြီးအတွင်းမှာ တပ်ထဲဝင်သွားတဲ့ ဦးလေးသားချင်း စစ်ဗိုလ်တွေ တိုက်ပွဲမှာ ကျဆုံးသွားတာရှိသလို ရဲဘော်ဖြူတွေထဲ၊ ကွန်မြူနစ်တွေထဲ ရောက်သွားပြီး ကျဆုံးသွားတဲ့ ဆွေမျိုးတွေလည်း ရှိခဲ့တယ်။ ကိုယ် ကြီးလာတော့လည်း ဒီအတိုင်းပဲ။ သူငယ်ချင်း စစ်ဗိုလ်အချို့ ကျဆုံးသွားကြသလို တောထဲ၊ ထောင်ထဲရောက်သွားပြီး တိုက်ပွဲမှာကျသွားတဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေလည်း ရှိတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ချစ်တာ၊ ဒီမိုကရေစီကို လိုချင်တာ။

**အဆုံးအဖြတ်ပြုနိုင်လောက်တဲ့ သတင်း**

ဇူလိုင်လ ကုန်ခါနီးတော့ ညွှဲသည်အဝင်အထွက် ပိုများလာတယ်။ တွေ့သည်းနည်း သက်သာသလိုမြင်ရရင် စကားပြောလာကြတယ်။ ရှုပတ်မားဒေါ်နဲ့ မီဒီယာအင်ပါယာကြီးကိစ္စအပေါ် ထင်မြင်ချက် မေးချင်လာကြတယ်။ ဇူလိုင် နောက်ဆုံးပတ်ရောက်တော့ မားဒေါ့ကိစ္စတုန်းက အလိုက်သိစွာနဲ့ ဘာမှမမေးဘဲ နှုတ်ဆိတ်နေခဲ့ကြတဲ့ မိတ်ဆွေတချို့တောင် မမေးဘဲ မနေနိုင်ကြတော့ဘဲ 'ထင်မြင်ချက်ကလေး ပေးပါဦး' လို့ ပြောလာကြတယ်။ မားဒေါ့ကိစ္စလို မဟုတ်ဘဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက်တော့ အရေးကြီး ထိပ်တန်းသတင်းကြီး မဟုတ်လား။ တိုင်းပြည်ရဲ့ကံကြမ္မာကို



www.burmeseclassic.com

www.burmeseclassic.com

အကောင်းအဆိုး အဆုံးအဖြတ်ပြုနိုင်လောက်တဲ့အထိ အရေးပါတဲ့သတင်းကြီးလေ။ အစိုးရသစ်ရဲ့ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံကြတဲ့ သတင်းပေကိုး။

**သို့လော သို့လော**

သူတို့ အရေးတကြီးနဲ့ အလေးထားကြတာ မလွန်ပါဘူး။ ကိုယ်တိုင်လည်း အိပ်ရာက မထနိုင်ပေမဲ့ သတင်းမှန်သမျှကိုတော့ မျက်ခြည်မပြတ်စောင့်ကြည့်နေခဲ့ရပါတယ်။ အစိုးရသစ်က ဦးအောင်ရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည် အမည်တပ်ပြီး သတိပေးချက် ထုတ်ပြန်လိုက်တော့ လူတိုင်းရဲ့စိတ်ထဲမှာ သို့လောသို့လော တွေးနေကြခိုက်မှာ မထင်မှတ်ဘဲ အစိုးရသစ်ရဲ့ဝန်ကြီး ဦးအောင်ကြည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ နှစ်ဦးတည်းတွေ့ဆုံမယ်လို့ ကြေညာလိုက်တာကိုး။ ဒီတော့ ဘယ်လိုဖြစ်လာနိုင်သလဲ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် အလားအလာကောင်းများ ဖြစ်လာနိုင်သလား၊ စာနဲ့သတိပေးချက်ပို့ပြီးခိုင်မာစေဖို့ လူကိုယ်တိုင် တွေ့ဆုံသတိပေးတာလား၊ ဒီလိုအခြေအနေမှာ ဒီမိုကရေစီအင်အားစုများအနေနဲ့ ဘာတွေလုပ်ဆောင်သင့်ကြသလဲ စသဖြင့် စတဲ့ လဲပေါင်းများစွာ၊ လားပေါင်းများစွာကို မေးခွန်းထုတ်နေကြတယ်။

**ထင်မြင်ချက်မျိုးစုံ**

'ထင်မြင်ချက်ပေးပါဦး' ဆိုလာသူတွေကို ထင်မြင်ချက်မပေးမီ အရင်ဆုံးအနေနဲ့ လာသမျှ ဧည့်သည်မျိုးစုံနဲ့ မီဒီယာသမား ကြီးငယ်မျိုးစုံတို့ရဲ့ ထင်မြင်ယူဆချက်တွေ၊ ဆန္ဒစွဲ မှန်းဆမှု (wishful speculation)တွေကို စုစည်းကြည့်လိုက်တယ်။ ဒီလို တွေ့ရတယ်။

၁။ ဘန်ကီမွန်းလို ဒါဟာ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် ကောင်းမွန်တဲ့လမ်းစ ဖြစ်တယ်ဆိုတဲ့ အကောင်းမြင်ရှုထောင့်က ကြည့်တဲ့သူများ။

၂။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ပြောသလို မှန်ကန်ကောင်းမွန်တဲ့လမ်းကြောင်း ဖြစ်တယ်။ ဒါပေမဲ့ ဒီလောက်နဲ့ မလုံလောက်သေးဘူး။ လက်တွေ့ အလုပ်နဲ့သက်သေပြဖို့ လိုတယ် ဆိုတဲ့ 'ထောက်ကွက်'လုပ်သူများ။



၃။ အမေရိကန်နဲ့ အာဆီယံနိုင်ငံတွေက ပရက်ရှာ(ဖိအား)ပေးနေတာတွေ လျော့ကျသွားစေဖို့နဲ့ လှည့်ကွက်သက်သက်မို့ 'အရာကြီးနဲ့ ဘာဘူကြီး'လို့ ထူးမခြားနားပါပဲလို့ ဆိုသူများ။

၄။ တွေ့ဆုံကြတဲ့ ဘက်နှစ်ဖက်မှာ ကိုယ်စီကိုယ်စီ ဘယ်လိုရည်ရွယ်ချက်တွေ ရှိနေရှိနေ တစ်ဖက်နဲ့တစ်ဖက် ကျောခိုင်းနေတာထက်တော့ မျက်နှာချင်းဆိုင် တွေ့ဆုံတာက ပိုကောင်းတယ်။ ဒါကြောင့် ထောက်ခံသင့်တယ်။ တွေ့ဆုံပွဲကနေ ဆွေးနွေးပွဲဖြစ်အောင် အားလုံးဝိုင်းပြီး တိုက်တွန်းအားပေးရမယ်လို့ ဆိုတဲ့သူများ။

**အကျိုးတော်ဆောင်လုပ်ဖို့**

အဓိကအနေနဲ့ကတော့ အဲဒီ လေးမျိုးလေးစား တွေ့ရတယ်။ ဒီကြားထဲမှာ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ဖို့အတွက် နှစ်ဖက်စလုံးနဲ့ ထိတွေ့မှု အများဆုံးရှိနေတဲ့ မီဒီယာကြီးတွေက 'အကျိုးတော်ဆောင်' လုပ်ပေးရင် မကောင်းဘူးလားလို့ ပြောလာသူ နှစ်ဦး၊ သုံးဦးလည်း ရှိသေးတယ်။ သူတို့ကတော့ လူနည်းစုလေးမို့ အထက်မှာပြောခဲ့တဲ့ လေးမျိုးလေးစားထဲ ထည့်မတွက်ဘဲ ချန်လုပ်ထားခဲ့တာပါ။ မီဒီယာကြီးတွေလို့ ပြောတော့ ကိုယ်နဲ့လည်း ဆက်စပ်နေတာကြောင့် ဖြေတဲ့အခါမှာ ထည့်သွင်းဖြေကြားသွားပါမယ်။

**ကြိုတင်ပြောပါရစေ**

ထင်မြင်ချက်ပေးဖို့ ပြောသူများထဲမှာ နိုင်ငံရေးသမားတွေ ပါသလို မီဒီယာသမားတွေလည်း ပါပါတယ်။ နိုင်ငံရေးသမား၊ မီဒီယာသမား မဟုတ်တဲ့ ရိုးရိုးလူငယ်တွေလည်း တော်တော်များများ ပါကြတယ်။ ကိုယ်တိုင်က နိုင်ငံရေးပါတီတစ်ခုမှာ ပါဝင်ပတ်သက်နေသူ မဟုတ်ဘဲ သတင်းမီဒီယာသမားသက်သက်သာ ဖြစ်တာကြောင့် နိုင်ငံရေးသမားလို 'ခွဲခြမ်းစိတ်ဖြာ' (analyse) စဉ်းစားတာမျိုး မလုပ်နိုင်ပါဘူး။ သတင်းသမား တစ်ယောက်ရဲ့ သုံးသပ်ဝေဖန်ချက် ရေးသလိုမျိုးသာ ဖြေတတ်ပါတယ်။ ဒါကြောင့် နိုင်ငံရေး သုံးသပ်ဝေဖန်ချက် စာတမ်းတစ်ခုလို မကြည့်ဘဲ ထင်ဟပ်ပေါ်ပြဖို့ သတင်းစာ၊ ဂျာနယ်ထဲမှာရေးတဲ့ သတင်းသုံးသပ်ချက် ဆောင်းပါးတစ်ပုဒ်အဖြစ်နဲ့သာ ရှုမြင်ပါလို့ ကြိုတင်ပြောထားပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

**မင်္ဂလာသတင်း**

သတင်းသမားဆိုတာ သတင်းဖြစ်လာရင် ဖြစ်လာတဲ့အတိုင်း အလို မရှိ အမှန်အတိုင်း၊ အရှိအတိုင်း ရေးရတယ်။ သုံးသပ်ဝေဖန်ရာမှာလည်း ကောင်းတာတွေ့ရင် ကောင်းတယ်လို့ရေးသလို မကောင်းတာ တွေ့ရင်လည်း မကောင်းဘူးလို့ ရေးရတယ်။ အစိုးရသစ်ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံတာဟာ ကောင်းတဲ့ကိစ္စ ဖြစ်တယ်။ မင်္ဂလာသတင်း ဖြစ်တယ်။ ဒီလိုတွေ့ဆုံမှုမျိုး ထပ်ခါထပ်ခါ ပြုလုပ်ကြဖို့ တိုက်တွန်း နှိုးဆော်ရမယ်။ ဒီတွေ့ဆုံမှု မတိုင်မီက အာဇာနည်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့အဖွဲ့ဝင်တွေ ချီတက် အလေးပြုကြဖို့ကိစ္စမှာ ပတ်သက်ပြီး တာဝန်ရှိသူချင်း တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ကြတယ်လို့ သိရတယ်။ သားအမိနှစ်ယောက်ရဲ့ ပုဂံဘုရားဖူး ခရီးစဉ်မှာလည်း တာဝန်ရှိသူချင်း တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ကြတယ်လို့ သိရတယ်။

**တွေ့ဆုံခြင်းရလဒ်**

အာဇာနည်နေ့ကိစ္စရော ပုဂံဘုရားဖူးကိစ္စပါ မြန်မာနိုင်ငံသားတွေမက ကမ္ဘာတစ်ခုလုံးကပါ ရင်တမမနဲ့ စောင့်ကြည့်နေခဲ့ကြပေမဲ့ မဖြစ်သင့် မဖြစ်ထိုက်တဲ့ကိစ္စမျိုး တစ်ခုမှ ဖြစ်ပေါ်မလာခဲ့ဘဲ အေးအေးချမ်းချမ်း ပြီးဆုံးသွားခဲ့တယ်။ ဒါဟာ နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းမှုကြောင့် ထွက်ပေါ်လာတဲ့ ရလဒ် ဖြစ်တယ်။ ပြည်သူပြည်သားအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်။ ကမ္ဘာမှာ အစိုးရသစ်ရဲ့ ဂုဏ်သိက္ခာလည်း တက်သွားစေတယ်။ အစိုးရသစ်ဟာ လုံခြုံရေးရှုထောင့် တစ်ခုတည်းကသာ ကြည့်ပြီး လုံခြုံရေးအတွက် စစ်တပ်တွေ၊ ရဲတပ်တွေ အများအပြား ချထားခြင်းမပြုဘဲ နိုင်ငံရေးရှုထောင့်ကပါ ရှုမြင်သုံးသပ်ပြီး ပါးပါးနပ်နပ် ဆောင်ရွက်ခဲ့တာကြောင့် ဒီလိုရလဒ်မျိုး ရရှိခဲ့တာ ဖြစ်တယ်။

**အာမခံချက်ပေး**

ဒီမိုကရေစီနိုင်ငံတိုင်းမှာ တိုင်းသူပြည်သားများအတွက် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ အသင်းအပင်း ဖွဲ့စည်းခွင့်၊ ဆန္ဒပြ စီတန်းလှည့်လည်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ထည့်သွင်းရေးသားပြီး အာမခံချက်ပေးထားကြတယ်။ မြန်မာနိုင်ငံက လက်ရှိ ဖွဲ့စည်းပုံ



အခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းပေးထားတယ်။ ဆန္ဒပြတယ်ဆိုတာ ဒီမိုကရေစီနိုင်ငံတွေမှာ မထူးဆန်းပါဘူး။ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား လမ်းမတွေပေါ်မှာ လူလေးငါးဆယ်လောက်ကနေ လေးငါးရာနဲ့ လေးငါးထောင်အထိ ဆိုင်းဘုတ်လေးတွေကိုင်ပြီး စီတန်းလှည့်လျှောက်နေကြတာတွေ ရုပ်မြင်သံကြားမှာ နေ့တိုင်း တွေ့နေကြရတယ်။ ဆန္ဒပြသူက ပြ၊ လမ်းသွားလမ်းလာတွေက သွားမြဲလာမြဲ၊ ရုံးသူရုံးသားတွေက ရုံးတက်မြဲပါပဲ။ ဆန္ဒပြသူတွေကလည်း သူတို့ပြစရာရှိတာ ပြ၊ တောင်းဆိုချက် ပေးစရာရှိတာတွေကိုပေးပြီး အေးအေးဆေးဆေး ပြန်သွားကြတာပါပဲ။

**ပြောမယုံ ကြုံဖူးမှသိ**

လုံခြုံရေးရှုထောင့်တစ်ခုတည်းက မကြည့်ဘဲ နိုင်ငံရေးရှုထောင့်ကပါ ရှုမြင်သုံးသပ်လို့ ရလဒ်ကောင်းရခဲ့တဲ့ 'ဖြစ်ရပ်ဆန်း'တစ်ခု အာဇာနည်နေ့က ကြားသိခဲ့ရတယ်။ မြောက်ဒဂုံက လူပေါင်း နှစ်ဆယ်၊ အစိတ်လောက်ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ ချီတက် အလေးပြုမှာကို သွားရောက်ပူးပေါင်းဖို့အတွက် စီတန်းထွက်ခွာလာကြတယ်။

အဲဒီမှာ 'ပြောမယုံ၊ ကြုံဖူးမှ သိ'လို့ ပြောရမယ့်ဖြစ်ရပ်ကို တွေ့ရတယ်။ စီတန်းချီတက်လာသူတွေကို လုံခြုံရေးတာဝန်ရှိသူတွေက ရင်ဆိုင်တွေ့ဆုံ မေးမြန်းပြီးတော့ သူတို့သွားလိုရာအရောက် ကားတွေပေါ်တင်ပြီး လိုက်ပို့လိုက်သတဲ့။ ကဲ ... အဲဒါထက်ဆန်းတဲ့သတင်း ရှိသေးရဲ့လား။ ဒီ လုံခြုံရေးအဖွဲ့ဝင်များရဲ့ လုပ်နည်းလုပ်ဟန်ကို မချီးကျူးဘဲ မနေနိုင်ဘူး။ နမူနာကောင်းလေး ဖြစ်ပါစေလို့ အောက်မေ့လိုက်ရတယ်။

**ချူဟာတွေ လိုတယ်**

သတင်းသမားတစ်ယောက်အနေနဲ့ မြင်တာကို မြင်တဲ့အတိုင်း ပြောတာ ဖြစ်တယ်။ မမြင်ရတဲ့ကိစ္စ၊ မဖြစ်သေးတဲ့ကိစ္စကို ပြောလို့မရပါဘူး။ အစိုးရက ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ မသိပါဘူး။ သိအောင် လုပ်တဲ့ကိစ္စက နိုင်ငံရေးပါတီတွေရဲ့ အလုပ်ပါ။ သတင်းသမား အလုပ် မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေဆိုတာ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေ ချမှတ်လုပ်ဆောင်ရတာဖြစ်တော့ တစ်ဖက်သားရဲ့ ရည်ရွယ်ချက်နဲ့ တစ်ဖက်သားရဲ့ အခံစိတ်ဓာတ်ကို အသေးစိတ် လေ့လာတွက်ချက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မှန်းဆရတယ်။ အဲဒီလို မှန်းဆရာမှာ မှန်ကန်ဖို့ သိပ်အရေးကြီးတယ်။ ‘ဆန္ဒစွဲ မှန်းဆချက်’ (wishful speculation)မဖြစ်ဖို့ လိုတယ်။ မြန်မာပြည် နိုင်ငံရေး အသိုင်းအဝိုင်းထဲက ပုဂ္ဂိုလ်အများစု မှားလေ့ရှိတဲ့ အမှားမျိုး ထပ်မမှားစေဖို့ သတိထားသင့်တယ်။ အမေရိကန်နဲ့ အီးယူက ဖိအားပေးလို့ အာဆီယံက ‘ပရက်ရှာ’ပေးလို့ အစိုးရက လိုက်လျောလာတာ ဆိုတဲ့အမြင် ဟာ အင်မတန် မှားယွင်းတဲ့အမြင် ဖြစ်တယ်။ နှစ်ပေါင်း ၅၀ နီးပါး လက်တွေ့မြင်တွေ့ခဲ့ရတဲ့ အချက်ကတော့ မြန်မာအစိုးရဟာ ဘယ်သူ့ဖိအား ကိုမှ ဂရုမစိုက်ဘူး ဆိုတဲ့အချက် ဖြစ်တယ်။ သမ္မတ ဘီလ်ကလင်တန်ရဲ့ ဖိအားကိုတောင် အရေးမလုပ်ခဲ့တဲ့ အစိုးရဟာ သူ့မိန်းမ ဟီလာရီလို နိုင်ငံခြားရေးဝန်ကြီးရဲ့ မိန့်ခွန်းလောက်ကို ဂရုစိုက် နားထောင်မှာတောင် မဟုတ်ပါဘူး။

**အပ်နဲ့ထွင်းလို့ မရ**

အရေးကြီးတာက ကိုယ့်အားကိုယ်ကိုးဖို့ပဲ ဖြစ်တယ်။ ကိုယ့်မှာ ခံ့ညားရှိသေလောက်တဲ့ အင်အားရှိမှ အများက လေးစားမှာဖြစ်တယ်။ သတင်းသမားတစ်ယောက်ရဲ့ မျက်စိထဲမှာ လောလောဆယ် မြင်နေရတဲ့ အဖြစ်အပျက်တွေ၊ သတင်းတွေက ကြာရှည်လျစ်လျူရှုထားရင် ‘အပ်နဲ့ ထွင်း’ ရုံနဲ့ မရတဲ့အခြေအနေအထိ ရောက်လာနိုင်ပါတယ်။ တိုင်းရင်းသား ဒေသ အားလုံးလိုလိုမှာ စစ်ပွဲတွေ အရှိန်ပြင်းပြင်းနဲ့ ဖြစ်လာနေတာတွေဟာ အင်မတန် အန္တရာယ်ကြီးလှတယ်လို့ သဘောရတယ်။ စိတ်မချမ်းသာစရာ ဖြစ်တယ်။ တပ်မတော်သား ကျဆုံးလည်း မြန်မာပဲ။ ကေအိုင်အေက ကျလည်း မြန်မာပဲ။ ဒီကေဘီအေနဲ့ ကေအင်န်ယူကသေလည်း မြန်မာပဲ။ ရှမ်းဘက်ကကျလည်း မြန်မာနိုင်ငံသားပဲ။ ကိုယ့်အချင်းချင်း တိုက်နေ သတ်နေရတာ ဘာကောင်းလို့လဲ။

**မျက်နှာမလှတဲ့ကိစ္စ**

ခုချိန်မှာ မြန်မာတစ်မျိုးသားလုံးအတွက် အရေးအကြီးဆုံးက သေနတ်သံတွေ ရပ်စဲပြီး အသေအပျောက်သတင်းတွေ မကြားရတော့ဖို့ ဖြစ်တယ်။ ဒီကိစ္စကို အားလုံး ဝိုင်းဝန်း ကြိုးစားကြစေချင်တယ်။ နောက် အရေးကြီးတာ တစ်ခုကတော့ အစိုးရအတွက်လည်း နိုင်ငံတကာမှာ



မျက်နှာမလှ ဖြစ်နေရတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ၈၈ မျိုးဆက် ခေါင်းဆောင်တွေ အပါအဝင် လူပေါင်း နှစ်ထောင်နီးပါးကိစ္စ ဖြစ်တယ်။ ဒီလို ထိန်းသိမ်းထားမှုတွေဟာ အစိုးရအတွက် မျက်နှာမလှ ဖြစ်ရုံသာမက တိုင်းပြည်အတွက်လည်း စွမ်းအားတွေ အဟောသိကံ ဖြစ်ရာရောက်တယ် လို့ ယူဆပါတယ်။ ဒါ့အပြင် ရောဝတီမြစ်ကြီး ကယ်တင်ရေးကိစ္စ၊ လယ်သမား တွေ အကြောင်းအမျိုးမျိုးကြောင့် လယ်မလုပ်နိုင်ကြတော့ဘဲ မြို့တက်ပြီး ရွှေ့ပြောင်းလုပ်သား ဖြစ်ကုန်တဲ့ကိစ္စ၊ မြန်မာအမျိုးသမီးတွေ အိမ်နီးချင်း နိုင်ငံတွေဘက် ရောင်းစားခံနေရတဲ့ ကိစ္စ၊ ချမ်းသာသူတစ်စုက ပိုပိုချမ်းသာ နေပြီး ဆင်းရဲသူတွေက ပိုပို ဆင်းရဲလာနေတဲ့ကိစ္စ စတဲ့စတဲ့ ကိစ္စတွေက နည်းလှဘူး။

ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံရာ ကနေ ဆွေးနွေးတဲ့အဆင့်ကို ရောက်ရင်တောင် ဖြေရှင်းရမယ့်ပြဿနာ တွေ တောင်လိုပုံနေတယ်လို့ ဆိုချင်တယ်။ အဲဒါကြောင့် တွေ့ဆုံပွဲကနေ ဆွေးနွေးပွဲဖြစ်လာအောင် အားလုံး ဝိုင်းဝန်းကြိုးစားကြဖို့ မြန်နိုင်သမျှ အမြန်ဆုံး ဆောင်ရွက်ကြဖို့ နှိုးဆော်လိုက်ပါတယ်။

* * * *

ပြီးခဲ့တဲ့အပတ်က ထွက်လာတဲ့ ဂျာနယ်အားလုံးလိုလို ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြတဲ့ သတင်းကို မင်္ဂလာသတင်းအဖြစ် ဝမ်းသာအားရ ဖော်ပြကြတယ်။ ဒါတင်မက ဆောင်းပါးတွေရေးပြီးလည်း ကြိုဆိုထောက်ခံကြတာ တွေ့ရတယ်။

**အားလုံး ကြိုဆိုထောက်ခံ**

ဂျာနယ်တချို့က နိုင်ငံရေးပါတီအသီးသီးနဲ့ အလွှာပေါင်းစုံက ပြည်သူ များရဲ့ အာဘော်ကို ဖော်ပြရာမှာ အားလုံး အားတက်သရော ထောက်ခံ ကြတာ တွေ့ရတယ်။ ‘အလဲဗင်း’အွန်လိုင်းသတင်းစာမှာ ဖော်ပြထားတဲ့ စာရေးသူရဲ့ ‘တွေ့ဆုံပွဲမှ ဆွေးနွေးပွဲသို့’ ဆောင်းပါးကိုဖတ်ရှုပြီး ထင်မြင်ချက် ပေးသူ အားလုံးကလည်း ကြိုဆိုထောက်ခံကြတာကို ထူးထူးခြားခြား တွေ့ရတယ်။ အွန်လိုင်းမှာ ထင်မြင်ချက်ပေးတယ်ဆိုတာက ဘယ်သူဘယ်ဝါ နာမည်မဖော်ဘဲ ရေးကြတာဆိုတော့ အားလုံး ထောက်ခံတာမျိုး ရှိခဲတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အားလုံးရဲ့တာဝန်**

နိုင်ငံ့တာဝန်ဆိုတာ အင်မတန်ကြီးလေးတဲ့တာဝန်ကြီး ဖြစ်တယ်။ အစိုးရဆိုတဲ့ အဖွဲ့အစည်း တစ်ခုတည်းအားနဲ့ မလုံလောက်ဘူး။ နိုင်ငံ့အရေး လုပ်မယ်ဆိုတဲ့ နိုင်ငံရေးအဖွဲ့အစည်း အားလုံး၊ လူပုဂ္ဂိုလ် အားလုံး ပါဝင်လုပ်ဆောင်ကြဖို့ လိုတယ်။ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ သူ့လူကိုယ့်လူ၊ သူ့ဝါဒကိုယ့်ဝါဒဆိုတဲ့ ဂိုဏ်းဂဏအမြင်တွေနဲ့ မကြည့်ဘဲ တိုင်းပြည်အတွက်ဆိုတဲ့ ပန်းတိုင်တစ်ခုတည်းကိုကြည့်ပြီး ဆောင်ရွက်ကြရမှာ ဖြစ်တယ်။ အထူးသဖြင့် ငါတို့မှ တိုင်းပြည်ချစ်တယ်၊ ငါတို့သာ တိုင်းပြည်ကို ကယ်တင်နိုင်တယ်ဆိုတဲ့ အတ္တစွဲနဲ့ မာန်မာနတိမ်သလ္လာ ဖုံးနေမှုတို့ကို လုံးဝဖယ်ရှားစွန့်ပစ်နိုင်ရမှာ ဖြစ်တယ်။

**ကာလရှည်ကြာ ကင်းကွာ**

မြန်မာနိုင်ငံမှာ ဒီမိုကရေစီစံနှုန်းများနဲ့ ကင်းကွာခဲ့တာ နှစ်ပေါင်း ၅၀ ရှိတော့မှာ ဖြစ်တယ်။ ဒီကာလရှည်ကြီးအတွင်းမှာ တစ်ပါတီ၊ တစ်ဖွဲ့တစ်စည်းတည်းရဲ့ သဘောနဲ့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တာ ဖြစ်လေတော့ မုန်းတီးနာကြည်းမှုတွေ၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မယုံသင်္ကာဖြစ်မှုတွေ၊ ကိုယ့်အဖွဲ့အစည်း တည်တံ့ဖို့အတွက် ကိုယ်နဲ့မတူတဲ့ တခြားအဖွဲ့အစည်း အားလုံးကို ချေမှုန်းပစ်ရမယ်ဆိုတဲ့ အာဃာတတွေဟာ ဟိုဘက်ဒီဘက် အဖွဲ့အစည်းအားလုံးမှာ ရှိခဲ့ကြတယ်။ ဒါဟာ အပြစ်ဆိုစရာတော့ မဟုတ်ဘူး။ မငြိမ်းချမ်းတဲ့၊ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်တိုက်ခိုက်နေတဲ့ အခြေအနေမှာ ဒါမျိုးတွေဟာ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်တယ်။

**တိုးတိုးစကား မဟုတ်**

ခုအချိန်မှာတော့ ဒီမိုကရေစီဆိုတဲ့ စကားဟာ နှစ်ကိုယ်ကြား ပြောရတဲ့ 'တိုးတိုးစကား' မဟုတ်တော့ဘူး။ အာဏာရ အစိုးရကိုယ်တိုင်က နေ့စဉ်နဲ့အမျှ တဖွဖွ ပြောနေတဲ့စကား ဖြစ်နေပြီ။ လတ်တလောလေးမှာတင် အစိုးရအဖွဲ့က ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီး 'ပြည်သူလူထု ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးအတွက် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပါသည်'ဆိုတဲ့ ကြေညာချက်ထုတ်ပြန်ခဲ့တယ်။ သတင်းသမားတစ်ယောက်ရဲ့ မျက်စိထဲမှာတော့ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတွေအများကြီးရှိနေတာကို မြင်နေတာကြောင့် မျှော်လင့်ချက် ရောင်ခြည်ကလေးမှိန်ရေးရေး သန်းလာတယ်။

**အပြန်အလှန် လေးစား**

တွေ့ဆုံဆွေးနွေးမှု ဖြစ်မြောက်ဖို့၊ အောင်မြင်ဖို့အတွက် ပထမဆုံးလိုအပ်ချက်က နှစ်ဖက်စလုံး၊ ဒါမှမဟုတ် သုံးဖက်၊ လေးဖက်စလုံးရဲ့ စိတ်အခံတွေမှာ သူ့ဘက် ငါ့ဘက်ဆိုတဲ့ အမြင်တွေကို ဖျောက်ပစ်ဖို့ လိုပါလိမ့်မယ်။ သူ့ဘက် ငါ့ဘက်ဆိုတဲ့ အခြေခံကနေ တစ်ဆင့်တက်ပြီး 'ငါနဲ့တွေ့ ငါ့ရန်သူ'ဆိုတဲ့ စိတ်ဓာတ်တွေ ပေါ်ထွက်လာစေပါတယ်။

မတူခြားနားတဲ့ အယူအဆတွေ ကိုယ်စီရှိနေကြတာကို အပြန်အလှန်အသိအမှတ်ပြု လေးစားပြီး တူညီတဲ့ပန်းတိုင်အတွက် အတူလက်တွဲလုပ်လို့ရတာတွေကို အတူတွဲလုပ်ခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တယ်။ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကြားမှာ ကွဲလွဲချက်တွေရှိနေတာကို လတ်တလော မကိုင်တွယ်ကြသေးဘဲ တူညီချက်တွေကို ရှာပြီး အရင်ဆုံး ကိုင်တွယ်သင့်ကြတယ်လို့ ယူဆပါတယ်။

**အားရှိသူ နိုင်မြို**

မြန်မာနိုင်ငံမှာရှိနေတဲ့ အဖွဲ့အစည်းအားလုံးမှာ မတူညီတဲ့ မူဝါဒလမ်းစဉ်တွေ ရှိနေကြပေမဲ့ ဒီမိုကရေစီနိုင်ငံကြီး တည်ထောင်ချင်တယ်ဆိုရာမှာ တူကြတယ်။ အားလုံးဟာ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုချစ်ကြတယ်။ တိုင်းပြည်နဲ့ လူမျိုး ပျောက်မသွားဖို့ အသက်ပေး ကာကွယ်ကြမယ်ဆိုတဲ့အချက်မှာ တူကြတယ်။ ဒီတူညီချက်တွေပေါ် အခြေခံပြီး ရှေ့ဆက်လုပ်စရာတွေ လက်တွဲလုပ်ဆောင်လို့ ရတယ်။ အန္တရာယ်တွေကို ပူးပေါင်းကာကွယ်နိုင်ကြတယ်။ မြန်မာနိုင်ငံဆိုတာက လူဦးရေ ပေါက်ကွဲထွက်လုမတတ် များပြားတဲ့ နိုင်ငံကြီးနှစ်ခုကြားမှာ ညပ်နေတဲ့ နိုင်ငံသေးသေးလေးတစ်ခုသာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ သူ့နိုင်ငံကြီးနှစ်ခုက ပြည်နယ်တစ်ခုရဲ့ လူဦးရေလောက်တောင် ရှိတာမဟုတ်ဘူး။ နောက်ပြီး ကမ္ဘာကြီးတစ်ခုလုံးက ဒီမိုကရေစီခေတ်လို့ ဘယ်ဆောက်ပဲ




www.burmeseclassic.com

www.burmeseclassic.com

အော်နေ၊ အော်နေ တကယ်တော့ 'အားရှိသူ အနိုင်ရစမြဲ' (might is right) ဆိုတဲ့ စစ်ဘုရင်ဝါဒက ကြီးစိုးနေဆဲ ဖြစ်တယ်။

**အန္တရာယ်တွေ ရှိနေတယ်**

လူဦးရေနည်းပြီး စီးပွားရေးအရ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ မြန်မာနိုင်ငံအဖို့ စီးပွားရေးအရ၊ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ ဘက်ပေါင်းစုံက ဝါးမျိုခံရနိုင်တဲ့ အန္တရာယ် အမြဲတမ်းရှိနေတယ်။ တိုင်းပြည်ရဲ့ မြေပေါ် မြေအောက် သယံဇာတတွေနဲ့ သစ်တော ဝါးတောကြီးတွေ ပျောက်ကွယ်သွားမယ့် အန္တရာယ်လည်း ရှိနေတယ်။ အဲဒီနောက်က ကပ်ပါလာတဲ့ ရာသီဥတုဖောက်ပြန်မှုတွေနဲ့ အယ်လ်နီညိုတို့၊ လာနီညာတို့ရဲ့ အန္တရာယ်တွေလည်း ရှိနေတယ်။ ဒီလိုအန္တရာယ်တွေ ကျရောက်လာခဲ့ရင် အစိုးရတစ်ဖွဲ့တည်းက ခံရမှာ မဟုတ်ဘူး။ နိုင်ငံရေးအဖွဲ့အစည်းတွေသာ ခံရမှာမဟုတ်ဘူး။ တစ်တိုင်းတစ်ပြည်လုံး၊ ပြည်သူတွေအားလုံး ခံကြရမှာ။ သဘာဝ ဘေးဆိုးကပ်ဆိုးတွေ ကြောက်စရာကောင်းသလို လူလုပ် ဘေးဆိုးကပ်ဆိုးတွေကလည်း ကြောက်စရာ ကောင်းပါတယ်။

**မလွဲကော်**

ဒီအန္တရာယ်တွေကို ဘုံရန်သူအဖြစ် သဘောထားပြီး 'အရေးကြီးက သွေးစည်းကြ'ဆိုသလို အားလုံး လက်တွဲကာကွယ်ကြဖို့ လိုတယ်။ 'ငါနဲ့မတူ ငါ့ရန်သူ'စိတ်ဓာတ်တွေ စွန့်ပစ်ပြီး ခံစရာရှိရင် ငါတို့ အတူတူ ခံကြရမှာပဲ။ အားလုံး 'ဆိုးတူကောင်းဘက်'တွေပဲဆိုတဲ့ စိတ်ဓာတ်မျိုး မွေးကြရမယ်။ တစ်ဦးနဲ့တစ်ဦး သံသယစိတ်တွေနဲ့ တံဆိပ်အမျိုးမျိုး ကပ်၊ နာမည်အမျိုးမျိုး ပေးနေတာတွေ ရပ်ပစ်ပြီး တိုင်းပြည်နဲ့ လူမျိုး မပျောက်ဖို့ ဆိုတဲ့စိတ် တစ်မျိုးတည်းနဲ့ ဆောင်ရွက်သွားကြရင် ပြည်သူလူထုတစ်ရပ်လုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြရမှာ မလွဲကော်ပါပဲလို့ ပြောလိုက်ချင်ပါတယ်။

၁၃၊ ၈၊ ၂၀၁၁



# နိုင်ငံ့ဝန်ထမ်းများနဲ့ လွတ်လပ်စွာပြောဆိုခွင့်

လွတ်လပ်တဲ့ သတင်းစာနဲ့ သတင်းမီဒီယာ လုပ်ငန်းများဟာ နိုင်ငံတိုင်းနဲ့ လူမျိုးတိုင်းအတွက် အင်မတန် အရေးကြီးတယ် ဆိုတာကို တစ်ကမ္ဘာလုံးက သိကြတယ်။ ဒီမိုကရေစီနိုင်ငံတွေမှ သိတာမဟုတ်ဘူး။ အာဏာရှင်တွေလည်း သိ၊ ဖက်ဆစ်တွေလည်း သိတယ်။

**စိတင်လောက်အောင်တော်တဲ့ ဟစ်တလာ**

သိတဲ့အတွက် ဘယ်နိုင်ငံမှာမဆို အာဏာသိမ်းပွဲတစ်ခု ဖြစ်ပြီဆိုရင် သတင်းစာနဲ့ အသံလွှင့်ဌာနတွေကို အစိုးရရုံးအိမ်တော်၊ လွှတ်တော်တို့နဲ့ အတူ အရင်ဆုံး သိမ်းပိုက်ကြပါတယ်။ ဒီမိုကရေစီ အစိုးရတွေက သတင်းမီဒီယာရဲ့တန်ဖိုးကို သိပေမဲ့ တန်ဖိုးသိပ်ထားလေ့ မရှိကြဘူး။ သူတို့အတွက် အသုံးချလို့ရရုံလောက်သာ နေရာပေးကြတယ်။ အာဏာရှင်တွေနဲ့ နာဇီတွေ၊ ဖက်ဆစ်တွေကတော့ သတင်းမီဒီယာရဲ့တန်ဖိုးကို ကောင်းကောင်းသိသလို ကောင်းကောင်းလည်း အသုံးချကြတယ်။ ဂျာမန်အာဏာရှင်ကြီး ဟစ်တလာဟာ သတင်းမီဒီယာကို အသုံးချတဲ့နေရာမှာ စိတင်လောက်အောင် တော်တဲ့သူ ဖြစ်တယ်။ စစ်အတွင်း နာဇီအသံလွှင့်ဌာနက လွှင့်လိုက်တဲ့သတင်းတွေဟာ နာဇီတို့ရဲ့ စစ်ရေးအောင်မြင်မှုတွေကို အများကြီး အထောက်အကူပြုခဲ့တယ်။ ဒီအသံလွှင့်ချက်တွေကြောင့် ဂျာမန်တွေ ရေလက်ကြားကိုဖြတ်ပြီး မနက်ဖြန်ပဲ လန်ဒန်မြို့ကြီးကို ရောက်တော့မလိုလို၊ သန်ဘက်ခါပဲ ဆလထီးတပ်တွေ ရောက်တော့မလိုလိုနဲ့ အင်္ဂလန်တစ်ကျွန်းလုံး ထိတ်လန့်ချောက်ချား ဖြစ်ကုန်ကြရတယ်။ စိတ်ဓာတ်စစ်ဆင်ရေးနဲ့ ဝါဒဖြန့်ချိရေးတာဝန်ခံ ပြန်ကြားရေးဝန်ကြီး 'ဂိုဘယ်'ကို ဂျာမန်ပြည်သူတွေအားလုံးနဲ့ နာဇီတပ်တွေကပါ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ယောရောရှိနဲ့ ဘန်ဇိုင်း**

အာရှတိုက်က ဂျပန်ဖက်ဆစ်တွေလည်း အလားတူ အသံလွှင့်ဝါဒဖြန့် လုပ်ငန်းကို ကောင်းကောင်းကြီး အသုံးချခဲ့တာပါပဲ။ 'အာရှတိုက်သာတူညီမျှ'ရေးနဲ့ 'မဟာအာရှ ထူထောင်ရေး'ဆိုတဲ့ တိုကျိုအသံလွှင့်ဌာနရဲ့ ဝါဒဖြန့်ချိရေး မှိုင်းလုံးကြီးတွေဟာ ဗြိတိသျှရဲ့ ကိုလိုနီထမ်းပိုးအောက်က ရုန်းထွက်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေခဲ့ကြတဲ့ အာရှနိုင်ငံ အားလုံးအပေါ်မှာ အများကြီး ရိုက်ခတ်ခဲ့တယ်။ ကျွန်တော်တို့ဆီမှာ ဘယ်လောက်အထိ သြဇာလွှမ်းမိုးခဲ့သလဲဆိုရင် ပါးရိုက်၊ နားရိုက် အလုပ်ခံနေရတဲ့ ကြားကတောင် လက်သီးဆုပ်ကို ဆန့်တန်းပြီး 'နိပ္ပွန်၊ ဘိရှမာ ဘန်ဇိုင်း၊ ဘန်ဇိုင်း' လို့ အော်တဲ့အထိ ဖြစ်ခဲ့ရတယ်။ ဂျပန်စကား မတတ်ပေမဲ့ မြန်မာလူမျိုးတိုင်း 'ယောရောရှိ'နဲ့ 'ဘန်ဇိုင်း'တော့ ကောင်းကောင်းပြောတတ်နေကြတယ်။

**ဝန်ကြီးနဲ့ တန်းတူ**

စစ်အေးကာလ တစ်လျှောက်လုံးမှာလည်း အရှေ့ ဥရောပနိုင်ငံအားလုံးမှာ သတင်းမီဒီယာလုပ်ငန်းကို ကောင်းကောင်းအသုံးချခဲ့တယ်။ ပရာဗဒါလိုတပ်စ်လို သတင်းစာနဲ့ သတင်းဌာနကြီးတွေရဲ့ အယ်ဒီတာချုပ်တွေဟာ ဝန်ကြီးတွေလောက်နီးပါး အာဏာရှိခဲ့ကြတယ်။ နိုင်ငံခြားကို စေလွှတ်တဲ့ သတင်းထောက်တွေဆိုရင်လည်း သံအမတ်ကြီးတွေနဲ့ တန်းတူလောက် သဘောထားကြတယ်။ တချို့သတင်းထောက်တွေဆို သံအမတ်ကြီးတွေထက်တောင် သြဇာရှိကြတယ်။ စိတ်ချရတဲ့ လက်ရွေးစင်တွေကိုမှ ရွေးပြီး နိုင်ငံခြားသတင်းထောက်အဖြစ် စေလွှတ်တာဖြစ်တယ်။ အဲဒါကြောင့် ဒီလူတွေဟာ တော်လည်း တော်ကြတယ်။ နှမြောစရာကောင်းတာက လူတော်တွေရဲ့ အရည်အချင်းတွေ၊ လုပ်ရည်ကိုင်ရည်တွေဟာ ပြည်သူလူထုအတွက် ဖြစ်ရမယ့်အစား သူတို့ပါတီရဲ့ အကျိုးစီးပွားအတွက်သက်သက် အပေါ်ဟာသိကြ ဖြစ်ပြီး ဆုံးရှုံးသွားရတာပဲ။

**ပြည်သူလူထုမှ တစ်ပါး**

ဒီမိုကရေစီနိုင်ငံတွေက သတင်းစာဆရာစစ်စစ်တွေကတော့ သူတို့ကို သတင်းစာဆရာအဖြစ် သတ်မှတ်လေ့ မရှိကြဘူး။ ဝါဒဖြန့်ချိရေးအရာရှိတွေလို့ပဲ သဘောထားကြတယ်။ သတင်းသမားဆိုတာ ပြည်သူလူထုမှ



တစ်ပါး ဘယ်သူ့သစ္စာခံမှ မဖြစ်ရဘူးဆိုတဲ့ ပြဋ္ဌာန်းချက်ကို သိပ်အလေးထားကြတယ်။ သတင်းသမားစစ်စစ်ဟာ ပြည်သူလူထုရဲ့မျက်နှာက လွဲပြီး ဘယ်သူ့မျက်နှာမှ မကြည့်ရဘူး။ အစိုးရရဲ့မျက်နှာကို မကြည့်ရသလို နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရဲ့ မျက်နှာကိုလည်း မကြည့်ရဘူး။ ဘယ်သူ့အထောက်အပံ့ကိုမှလည်း မခံယူရဘူး။ တစ်စုံတစ်ဦး၊ ဒါမှမဟုတ် တစ်ပါတီ၊ အဖွဲ့အစည်းတစ်ခုခုရဲ့ အထောက်အပံ့ကို ရယူ လက်ခံမိရင် ဘယ်နည်းနဲ့မှ ဖြောင့်မတ်မှန်ကန်တဲ့ သတင်းသမား မဖြစ်နိုင်တော့ဘူး။ ထောက်ပံ့ကူညီတဲ့ အဖွဲ့အစည်း၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်ရဲ့မျက်နှာကို ငဲ့ကြည့်ရတော့မှာ အသေအချာဖြစ်တယ်လို့ ထောက်ပြလေ့ရှိကြတယ်။

**တန်ဖိုးထား**

ဒီလို ကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းတဲ့ သတင်းမီဒီယာတွေဆိုရင် စာဖတ်ပရိသတ် ပြည်သူလူထုကသာ မဟုတ်ဘူး။ အစိုးရတွေနဲ့ နိုင်ငံရေးသမားတွေကလည်း တန်ဖိုးထား လေးစားကြတယ်။ ထိုက်တန်တဲ့ နေရာကို ပေးကြတယ်။ ရှေးက နယူးယောက်တိုင်း၊ ဝါရှင်တန်ပို့စ်တို့လို သတင်းစာတွေနဲ့ တိုင်းမ်မဂ္ဂဇင်းလို သတင်းမဂ္ဂဇင်းကြီးတွေက အယ်ဒီတာ၊ သတင်းထောက်တွေကို မော်စကိုသွားရင် ကရင်မလင်က ခေါင်းဆောင်ကြီးတွေ ကိုယ်တိုင်က လက်ခံတွေ့ဆုံလေ့ရှိတယ်။ မြန်မာပြည်မှာလည်း ဒိုလ်ချုပ်နေဝင်း အစိုးရလက်ထက်က ကျင်းပတဲ့ အလုပ်သမားညီလာခံ၊ တောင်သူလယ်သမား ညီလာခံဆိုတဲ့ ညီလာခံကြီးတွေမှာ ဆရာကြီးရွှေဒေါင်းလို၊ ဆရာဇဝနလို၊ ဆရာလူထုဦးလှလို အယ်ဒီတာကြီးတွေကို ရှေ့ဆုံးတန်း ဗိုလ်ချုပ်နေဝင်းဘေးမှာ နေရာပေးပြီး ထိုင်စေတာဖြစ်တယ်။

**သီလ၊ သမာဓိ၊ သိက္ခာရှိရှိ**

အခု အစိုးရလက်ထက်မှာလည်း သမ္မတသစ်ဦးသိန်းစိန်ရဲ့ တိုင်းပြည်ကိုပြောကြားတဲ့ ပထမဆုံးမိန့်ခွန်းမှာတောင် စတုတ္ထမဏ္ဍိုင်ရဲ့အရေးပါပုံကို အသိအမှတ်ပြု တန်ဖိုးထားပြီး ပြောကြားသွားခဲ့တယ်။ နောက်ပြောကြားတဲ့ မိန့်ခွန်းတိုင်းမှာလည်း စတုတ္ထမဏ္ဍိုင်အကြောင်း အမြဲလိုလို ပါခဲ့တယ်။ အစိုးရကိုယ်တိုင်က အခုလို အလေးအနက်ထား ပြောကြားနေချိန်မှာ သတင်း မီဒီယာများဘက်ကလည်း သီလ၊ သမာဓိ၊ သိက္ခာရှိရှိနဲ့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

တာဝန် ကိုယ် ကျေပွန်စွာထမ်းဆောင်ဖို့ လိုအပ်ပါတယ်။ ဗိုလ်ချုပ်နေဝင်းနဲ့ နဘောမှာ နေရာပေးခံခဲ့ရတဲ့ သတင်းစာဆရာကြီးတွေလို သတင်းသမား ဒီနေ့ ဘယ်နှယောက်များ ရှိသလဲလို့ ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်ကြ လိုတယ်။ အနာပေါ် တုတ်ကျဖြစ်ကြရင်လည်း မတတ်နိုင်ဘူး။ မှန်တဲ့ အတိုင်း ပြောရမယ်ဆိုရင် လက်ချိုးရေကြည့်တဲ့အခါမှာ လက်တစ်ဖက် တောင် ပြည့်အောင်မရှိပါဘူး။

**ဒါလောက် မည့်ပါဘူး**

အစိုးရက အသိအမှတ်ပြု နေရာပေးတယ်ဆိုရင် ကိုယ့်ဘက်က လည်း ထိုက်တန်အောင်တော့ ကြိုးစားရမှာဖြစ်တယ်။ အစိုးရလုပ်သမျှ အားလုံး ကောင်းပါသည်ခင်ဗျား လုပ်တိုင်း အစိုးရက သဘောကျပြီး နေရာပေးလိမ့်မယ် မထင်ပါနဲ့။ ဘယ်သူမှ ဒါလောက် မည့်ဘူး။ ကောင်းတာကို ကောင်းတယ်ပြော၊ မကောင်းတာကို မကောင်းဘူးပြော၊ မှန်ရင် မှန်တဲ့ အတိုင်း၊ မှားရင် မှားတဲ့အတိုင်း သိက္ခာရှိရှိ ပြောတဲ့၊ ရေးတဲ့သူများကိုသာ လူတွေက လေးစားကြမှာ ဖြစ်တယ်။ သတင်းသမားကောင်းလို့ သတ်မှတ် ကြမှာ ဖြစ်တယ်။ ဥပမာအနေနဲ့ ပြောရရင် ဒီနေ့ အစိုးရက လက်နက်ကိုင် ပဋိပက္ခတွေ ရပ်စဲဖို့၊ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ် ကမ်းလှမ်းတာဟာ ကောင်းတယ်။ ဒါကြောင့် ကောင်းတယ်လို့ ပြောရဲရမယ် ရေးရဲရမယ်။ ဧရာဝတီမြစ်ဆုံမှာ တည်ဆောက်မယ့် ဆည်ကြီးတွေကိစ္စကို ပြန်လည်သုံးသပ် လေ့လာနေပါတယ်လို့ ပြောတာ ကောင်းတယ်။ ကောင်း တယ်လို့ ထောက်ခံရဲရမယ်။ သမ္မတဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည် ကို လက်ခံတွေ့ဆုံတာဟာ အင်မတန်ကောင်းတယ်။ ထောက်ခံကြိုဆို ရမယ်။ အထူးသဖြင့် ဗိုလ်ချုပ်ဓာတ်ပုံ ချိတ်ဆွဲထားတဲ့နေရာမှာ ဓာတ်ပုံ တွဲရိုက်ပြီး တိုင်းပြည်ကသိအောင် ပြလိုက်တာဟာ အစိုးရအနေနဲ့ ချစ်ကြည် ရင်းနှီးလိုစိတ်ရှိကြောင်း ပြသတဲ့ လက္ခဏာတစ်ရပ် ဖြစ်တယ်။ ဝမ်းသာ အားရ ကြိုဆိုထောက်ခံရမယ်။

**မကြောက်မရွံ့ ထောက်ပြ**

အလားတူပဲ မသင့်လျော်ဘူးလို့ ထင်မြင် ယူဆစရာများ ရှိရင်လည်း မကြောက်မရွံ့ ထောက်ပြရမှာ ဖြစ်တယ်။ ဥပမာ စက်မှု(၁)က မော်တော်



အား ရောင်းတဲ့ကိစ္စမျိုး ဆိုပါတော့ လောလောဆယ် လွှတ်တော် ကိုယ် စားလှယ်တွေကို ရောင်းပေးတယ်။ နောက်ကျရင် တတ်သိပညာရှင်တွေ၊ ပါမောက္ခတွေ၊ ဆရာဝန်တွေ၊ စာရေးဆရာတွေနဲ့ စာနယ်ဇင်းသမားတွေ ကို ရောင်းပေးမယ်ဆိုတဲ့ ကိစ္စမျိုးဟာ ဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိ စေရဘူး၊ အခွင့်ထူးခံလူတန်းစား မရှိစေရဘူးဆိုတဲ့ သမ္မတကြီးနဲ့ လွှတ် တော် ဥက္ကဋ္ဌတို့ ပြောကြားခဲ့တဲ့စကားတွေနဲ့ ဆန့်ကျင်နေတယ်။ ဒီမိုကရေစီ ရဲ့ အနှစ်သာရနဲ့လည်း ဖီလာဖြစ်နေတယ်။ ဒီမိုကရေစီစနစ်မှာ အခွင့်ထူးခံ လူတန်းစားဆိုတာ လုံးဝမရှိရဘူး။ စာရေးဆရာမို့၊ စာနယ်ဇင်းသမားမို့ သာမန်ပြည်သူတွေထက်ပိုပြီး အခွင့်အရေးမယူသင့်ဘူးဆိုတာကို ထောက်ပြ ရမယ်။

**ဘယ်မှ မသွားသူတွေ ပြန်လာစေသင့်**

ပလက်ဖောင်းပေါ်က လမ်းဘေးဈေးသည်တွေအားလုံးကို ရှင်းလင်း ဖယ်ရှားပစ်နေချိန်မှာ မီဒီယာကော်နာဆိုတဲ့ ဆိုင်ကြီးတွေက ထီးထီးကျန်ရှိ နေတာ မတင့်တယ်ပါဘူး။ အခွင့်ထူးခံလို ဖြစ်နေတယ်။ အကြောင်း အမျိုးမျိုးကြောင့် ပြည်ပရောက်သွားသူတွေကို ပြန်လာခွင့်ပြုမယ်လို့ ပြော ပေမဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကိုချစ်လို့ ဘယ်မှမသွားဘဲ နေရစ်ခဲ့သူ တွေကို ပြန်လာခွင့် မပေးသေးတာကတော့ မသင့်တော်ပါဘူးလို့ ထောက်ပြ ရမယ်။ ဒီလူတွေကို အိမ်ပြန်ခွင့်ပေးလိုက်မယ်ဆိုရင် တိုင်းသူပြည်သားအားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားကြရမှာဆိုတာကိုလည်း ရေးရဲရမယ်။

**ဝန်ထမ်းကြီးငယ်များပါ**

နောက်ဆုံး ပြောချင်တာကတော့ လွတ်လပ်စွာ ထုတ်ဖော်ပြောကြား ခွင့်၊ ရေးသားခွင့်ဆိုတာ ရိုးရိုးအရပ်သူ၊ အရပ်သားများသာ ခံစားခွင့်ရှိတာ မဟုတ်ဘူး။ တိုင်းသူပြည်သားတွေထဲမှာ ပါဝင်နေတဲ့ အရာထမ်း၊ အမှုထမ်း တွေမှာလည်း ခံစားခွင့်ရှိကြောင်း ဝန်ထမ်းကြီး၊ ဝန်ထမ်းငယ် အားလုံး သိရှိအောင် လုပ်ပေးဖို့လိုကြောင်း ထောက်ပြသင့်တယ်။ ရပ်ကွက်တစ်ခုမှာ လူသတ်မှု၊ ဒါမှမဟုတ် လုယက်မှုဖြစ်တယ်ဆိုရင် ရပ်ကွက်မှာ တာဝန်ရှိ ထားရတဲ့ ရဲစခန်းကို သတင်းထောက်က သွားမေးလိမ့်မယ်။ အဲဒီအခါ စခန်းက တာဝန်ရှိသူ ဘယ်သူမဆို ဖြစ်စဉ်အတိုင်း၊ ဒါမှမဟုတ် 'ပထမ



www.burmeseclassic.com

www.burmeseclassic.com

သတင်းပေး တိုင်ကြားချက်'(FIR)မှာ ရေးမှတ်ထားတဲ့အတိုင်း ပြောခွင့်ပေး ထားလိုက်ရင် အထက်ဆင့်တွေအထိ မလိုအပ်ဘဲ အလုပ်ရှုပ်စရာ မလို တော့ဘူးပေါ့။

**အလေ့အကျင့်လုပ်**

အလားတူပဲ ရပ်ကွက်ထဲက မီးလောင်တဲ့သတင်းကို သက်ဆိုင်ရာ မီးသတ်ဌာနက တာဝန်ရှိသူက ဖြေလိုက်ပေါ့။ ဒီမိုကရေစီနိုင်ငံတွေမှာ ဗဟို က ချုပ်ကိုင်တဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ ဆိုတာမျိုး ထားလေ့မရှိပါဘူး။ ဌာနဆိုင်ရာ ဝန်ထမ်းတိုင်း သူတို့ရဲ့ တာဝန်ဝတ္တရားနဲ့ တာဝန်ယူမှုကို မှန်မှန်ကန်ကန် ကျင့်သုံးတတ်အောင် အလေ့အကျင့် ပြုလုပ်ပေးဖို့ လိုအပ် ပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်ဆိုတာ ဝန်ထမ်းတွေနဲ့လည်း အကျုံး ဝင်ကြောင်း ထောက်ပြသင့်တယ်လို့ ထောက်ပြလိုက်ရပါတယ်။

၃၁၊ ၈၊ ၂၀၁၁။



# အဲ့ဖြူလက်နက် အန္တရာယ်

အကျင့်ပျက် ခြစားမှု ပပျောက်ရေးနဲ့ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းများ အောင်မြင်မှု မရနိုင်ကြောင်း အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များက နေ့စဉ်နှင့်အမျှ ထုတ်ဖော်ပြောကြားနေကြတာများကို စာနယ်ဇင်းတွေမှာ အခုတလော မပြတ်ဖတ်ရှုနေရတယ်။

**ကြောက်စရာ ချောက်ကြီး**

ဒီပြောကြားချက်များဟာ သွေးထွက်အောင် မှန်တဲ့စကားများ ဖြစ် တယ်။ တစ်ပါတီ၊ တစ်ဖွဲ့တစ်စည်း အာဏာရှင် စနစ်ကြီး သက်ဆိုးရှည်ခဲ့ လေတော့ နိုင်ငံအိမ်ကြီးကို ထောက်မထားတဲ့ တိုင်ကြီးလေးလုံး၊ မဏ္ဍိုင် ကြီး လေးခုစလုံးဟာ အတွင်းလိုက်စားတဲ့ ခြပုန်းတွေ လက်ချက်ကြောင့် မြင်မကောင်း၊ ရှုမကောင်းအောင်ကို ယိုင်နဲ့နေတာ တွေ့ရတယ်။ မငြိမ် မသက် ဖြစ်မှုတွေနဲ့ ဆူပူအုံကြွမှုတွေရဲ့ ရေခံမြေခံဖြစ်တဲ့ ဆင်းရဲချမ်းသာ ကွာဟမှု၊ ဒါမှမဟုတ် အပယ်ခံနဲ့ အခွင့်ထူးခံ ကွာဟမှုချောက်ကြီးကလည်း ကြောက်စရာကောင်းလောက်အောင် နက်ရှိုင်းလာခဲ့တယ်။ အင်မတန် အန္တရာယ်ကြီးတဲ့ချောက်ကြီး ဖြစ်တယ်။

**တောမီး လောင်သလို**

အခုတလော တောမီးလောင်သလို တစ်နေရာက တစ်နေရာကို ရှုတ်တရက် ချက်ချင်း ကူးစက် ပျံ့နှံ့သွားတဲ့ အရှေ့အလယ်ပိုင်းဒေသက တော်လှန်ရေးမုန်တိုင်းကြီးကို ကြည့်ပြီး ကောင်းကောင်း သင်ခန်းစာယူ သင့်တယ်။ အရှေ့အလယ်ပိုင်းဒေသက နိုင်ငံအားလုံးလိုလိုဟာ မူလက



www.burmeseclassic.com

www.burmeseclassic.com

အင်မတန် ဆင်းရဲကြတယ်။ စာတတ်မြောက်မှုနှုန်းလည်း အင်မတန်နိမ့်ကျတယ်။ ခြောက်ဆယ်ခုနှစ်များအတွင်းရောက်မှ ရေနံတွင်းတွေ ရှာဖွေတွေ့ရှိပြီး လူရာဝင်လာကြတာ ဖြစ်တယ်။ လူချမ်းသာတွေ အများကြီး ပေါ်ထွက်လာခဲ့တယ်။ အဲဒီနိုင်ငံတွေရဲ့ နိုင်ငံရေးစနစ်က အာဏာရှင်စနစ် ဖြစ်တယ်။ တချို့နိုင်ငံတွေမှာ ဘုရင်တွေ၊ ပဒေသရာဇ်တွေ အုပ်ချုပ်ပြီး တချို့နိုင်ငံတွေကျတော့ စစ်တပ်က အာဏာသိမ်းပြီး အုပ်ချုပ်နေကြတာ ဖြစ်တယ်။ ဒေသတစ်ခုလုံးမှာ ဒီမိုကရေစီနိုင်ငံလို့ လက်ညှိုးထိုးပြစရာ ဆိုလို့ အစ္စရေးနိုင်ငံတစ်ခုပဲ ရှိတယ်။

**ရေနံ ဝင်ငွေတွေ**

ရေနံဝင်ငွေ ဒလဟော လှိမ့်ဝင်လာပေမဲ့ တိုင်းပြည်ရဲ့ လူဦးရေ အများစုက ဆင်းရဲမြဲ ဆင်းရဲနေကြတယ်။ ဘာကြောင့်လဲဆိုတော့ ရသမျှ ဝင်ငွေတွေဟာ ဘုရင်တွေ၊ ဆူလတန်တွေ၊ ရှိတ်တွေနဲ့ ဆက်ဒမ်ဟူစိန်လို ကဒါဖီလို အာဏာရှင်တွေရဲ့ နိုင်ငံခြားက ဘဏ်စာရင်းတွေထဲပဲ စီးဝင်သွားကြတာကိုး။ အရှေ့ အလယ်ပိုင်းဒေသ နိုင်ငံတွေရဲ့ ချမ်းသာသမျှတွေဟာ အဲဒီနိုင်ငံတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်သာရှိတဲ့ ကုဋေကြွယ် သူဌေးကြီးများရဲ့ လက်ထဲမှာ ၇၀ ရာခိုင်နှုန်းလောက် ရှိနေပြီး ကျန် ၃၀ ရာခိုင်နှုန်းလောက်ကိုသာ ၉၀ ရာခိုင်နှုန်းလောက်ရှိတဲ့ တိုင်းသူပြည်သားများက လုည့်ပတ်သုံးစွဲနေရတာ ဖြစ်တယ်လို့ ပညာရှင်များက ထောက်ပြကြတယ်။

**လက်ဆုပ် မဖြေကြ**

ဓနခွဲဝေမှု သင့်တင့်မျှတတဲ့ အချိုးအဆရောက်အောင် ပြုပြင်ဖို့ လိုတယ်။ ဒီလိုမလုပ်ရင် ထိန်းမနိုင်သိမ်းမရ အုံကြွမှုတွေ ဖြစ်လာနိုင်တယ်လို့လည်း သတိပေးကြတယ်။ ဒါပေမဲ့ ဘုရင်ကြီးတွေ၊ ဆူလတန်ကြီးတွေနဲ့ အာဏာရှင်ကြီးတွေက လောဘမသတ်နိုင်ဖြစ်ပြီး လက်ဆုပ်ကို မဖြေကြဘူး။ ရုရှားက၊ တရုတ်က၊ အမေရိကန်က၊ ဂျာမနီက၊ ပြင်သစ်နဲ့ အီတလီက ဝယ်ထားတဲ့ ခေတ်မီ စစ်လက်နက်ပစ္စည်းတွေက သူတို့ကို ကာကွယ်မှု ပေးလိမ့်မယ်လို့ ယုံကြည်ပြီး ရေနံဝင်ငွေတွေကို တိုင်းသူပြည်သားများကို မျှဝေ ခံစားစေမယ့်အစား နိုင်ငံပေါင်းစုံက လက်နက်ကုန်သည်ကြီးတွေ လက်ထဲသာ ထိုးအပ်လိုက်ကြတယ်။



**နင်းဘောလုံးလို**

လူတွေ ဆင်းရဲတွင်း နက်သထက်နက်နေရတဲ့အထဲ ကြီးနိုင်ငယ်ညှဉ်း ပြုမှုတွေက လွန်သထက် လွန်ကဲလာလေတော့ နောက်ဆုံးမှာ မခံမရပ်နိုင် ဖြစ်ကြပြီး ဒီနေ့အခြေအနေမျိုးအထိ ရောက်ရှိသွားတာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ရတဲ့ အဓိက အကြောင်းရင်းကတော့ ဓနခွဲဝေမှု တစ်ဖက်စောင်းနင်း ဖြစ်ရတဲ့အချက် ဖြစ်တယ်။ ဒီအချက်က သိပ်ကြောက်စရာကောင်းတယ်။ တစ်ဖက်စောင်းနင်းဖြစ်မှု စရှိနေပြီဆိုတာနဲ့ တောင်စောင်းက လှိမ့်ချလိုက်တဲ့ နင်းဘောလုံးများလို ကြာလေကြီးလေ ဖြစ်လာလေ့ရှိတယ်။ လျော့ပါး သွားတယ်လို့ ဘယ်တော့မှမရှိဘူး။ ငွေတွေက အာဏာရှိသူနဲ့ ပိုက်ဆံ ရှိသူတွေ လက်ထဲကိုသာ ပုံစံအမျိုးမျိုးနဲ့ ရောက်သွားကြတယ်။ တကယ် လိုအပ်တဲ့ ဆင်းရဲသားတွေလက်တော့ ဘယ်တော့မှ ရောက်တယ်မရှိဘူး။ ဒီလို ဓနဥစ္စာကွာဟချက် ကြီးမားခြင်းက ဩဇာအရှိန်အဝါ ကွာခြားချက်ကို ပေါ်ပေါက်စေတယ်။ အခွင့်ထူးခံနဲ့ အပယ်ခံလူတန်းစားဆိုပြီး ဖြစ်ပေါ်စေတယ်။ အခွင့်ထူးခံတွေက နေရာတိုင်းမှာ အခွင့်ထူးတွေ ခံစားရရှိကြပြီး အပယ်ခံတွေကတော့ တစ်နေ့တခြား ဘေးကိုရောက်သထက် ရောက်ကုန်ကြတယ်။

**ငွေများ တရားနိုင်**

အပယ်ခံတွေကလည်း ပုထုဇဉ်လူသားတွေ ဖြစ်တဲ့အတွက် ချမ်းသာချင်တယ်။ အခွင့်အရေးတွေ ရချင်တယ်။ အဲဒီတော့ ချမ်းသာကြွယ်ဝတဲ့ အခွင့်ထူးခံ စီးပွားရေးသမားများ လုပ်ခဲ့ကြတဲ့ နည်းလမ်းတွေအတိုင်း အခွင့်ထူး ခံစားရဖို့ လာဘ်ပေးလာဘ်ယူတွေ လုပ်လာကြတယ်။ ဒီလိုနဲ့ အကျင့်ပျက် ခြစားမှုတွေ လူတန်းစားအားလုံးဆီ ပျံ့နှံ့သွားပြီး နောက်ဆုံးမှာ ငွေများ တရားနိုင်ဆိုတဲ့ အခြေအနေ၊ ငွေက အရာရာကို ဖန်တီးတယ် (money makes everything)ဆိုတဲ့ အခြေအနေမျိုးတွေအထိ ရောက်ရှိသွားတော့တယ်။

**လှုပ်လေ မြုပ်လေ**

ဆင်းရဲသား အပယ်ခံတွေမှာတော့ ငွေက အရာရာကို ဖန်တီးတဲ့ ခေတ်မှာ လူနဲ့သူနဲ့တူအောင် နေထိုင်နိုင်ဖို့ကို တစ်နေ့တခြား ခက်ခဲသထက်



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲလာကြတယ်။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား လှုပ်လေမြုပ်လေ ဆိုသလို ဆင်းရဲတွင်းကြီးထဲ နစ်သထက် ပိုနစ်နေကြရတယ်။ ဘယ်လိုမှ မတတ်နိုင်ကြလေတော့ အံတကြိတ်ကြိတ်နဲ့ နာကြည်း မုန်းတီးမှုတွေပဲ ရင်ထဲမှာ တစ်နေ့တခြား ကြီးထွားလာကြတယ်။ အဲဒီလိုနဲ့ ကြာလာတော့ သေမထူး နေမထူး စိတ်ဓာတ်မျိုးတွေ ဖြစ်လာတယ်။ ခါးသီးတဲ့ အမုန်း ဆူးတောင်ကြီးတွေ တစ်ချောင်းပြီးတစ်ချောင်း ပေါက်လာတယ်။ နောက်ဆုံး တော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး သွေးရူးသွေးတန်းနဲ့ ထင်ရာစိုင်းရင်း လုပ်ချင်တာ တွေ လျှောက်လုပ်တော့တယ်။ လူသတ်ရမှာလည်း မကြောက်တော့ဘူး ကိုယ့်အသက် သေမှာလည်း မကြောက်တော့ဘူး။

**သွေးရူးသွေးတန်း လူများ**

အဲဒီလို အကြောက်တရားကို လွန်မြောက်သွားတဲ့ သွေးရူးသွေးတန်း (desperate)ဖြစ်နေတဲ့ လူမျိုးတွေကို desperados လို့ ခေါ်ကြတယ်။ သိပ်ကြောက်စရာကောင်းတယ်။ ဒီလိုလူမျိုးတွေကို ဘာနဲ့ခြောက်ခြောက် မကြောက်တော့ဘူး။ ဘယ်လိုတားတား မရတော့ဘူး။ ထင်ရာ လုပ်တော့ တာပဲ။ အဲဒါကြောင့် လူတွေကို အဲဒီအဆင့် ရောက်မသွားအောင် ကြိုတင် ကာကွယ်တားဆီးဖို့ လိုပါတယ်။ ခေနဲ့ဝေမှု တစ်ဖက်စောင်းနင်း ဖြစ်နေတာ ကိုလည်း ပြုပြင်ဖို့ လိုတယ်။ အခွင့်ထူးခံလူတန်းစားနဲ့ အပယ်ခံလူတန်းစား ဆိုပြီး ရှိနေသမျှ ကာလပတ်လုံး အကျင့်ပျက် ခြစားမှုတွေနဲ့ လာဘ်ပေး လာဘ်ယူ ကိစ္စတွေ ရှိနေဦးမှာဖြစ်တယ်။

**အဓိက တာဝန်ရှိသူ**

အခွင့်ထူးခံလူတန်းစား မရှိဖို့နဲ့ အကျင့်ပျက် ခြစားမှု တိုက်ဖျက်ဖို့ အတွက် အဓိကတာဝန်ရှိတာက အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တို့ ဖြစ်တယ်။ တရားဥပဒေအပိုင်းက လက်ရှိ တည်ဆဲဥပဒေတွေနဲ့တင် လုံလောက်တယ်လို့ ဆိုနိုင်တယ်။ ရှိနေတဲ့ ဥပဒေတွေကို လိုက်နာ စောင့်ထိန်းတဲ့အပိုင်းက ပျက်ကွက်လို့သာ ဒီလိုအခြေအနေမျိုးကို ရောက် နေတာ ဖြစ်တယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင် နှစ်ခုက ဒီပျက်ကွက်မှုကို ပြုပြင်ဖို့ လိုတယ်။ နိုင်ငံတော် သမ္မတ၊ ဒုသမ္မတနဲ့ လွှတ်တော်ဥက္ကဋ္ဌတို့ မကြာမီက ပြောကြားခဲ့တဲ့အတိုင်း တရားဥပဒေရဲ့



အထက်မှာ ဘယ်သူမှမရှိစေရဆိုတဲ့ အချက်ကို တိတိကျကျ မှန်မှန်ကန်ကန် ထက်တွေ့ကျင့်သုံးကြဖို့ လိုပါတယ်။ စကားအဖြစ် လေထဲမှာ ကွယ်ပျောက် သွားတာမျိုး မဖြစ်စေသင့်ဘူး။

**စံနမူနာ ပြသင့်**

တာဝန်ရှိသူတွေရဲ့ ပြောကြားချက်အရ ဝန်ကြီးဌာနနှစ်ခု ပူးတွဲ အိုင်ဆောင်ရတဲ့ ဝန်ကြီးများကိုယ်တိုင်က ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အကျိုး ကြည့်တဲ့အနေနဲ့ လစာနှစ်ခု ထုတ်ယူခံစားခြင်းမပြုဘဲ လစာတစ်ခုသာ ထုတ်ယူတယ်လို့ သိရပါတယ်။ အင်မတန် ကောင်းပါတယ်။ အားလုံး အတုယူပြီး ဝန်ကြီးဖြစ်လို့၊ လွှတ်တော်အမတ်ဖြစ်လို့၊ အရာရှိကြီးဖြစ်လို့၊ အရာသူကြီးဖြစ်လို့၊ အာဏာရပါတီဖြစ်လို့ဆိုပြီး အထူး အခွင့်အရေးများ ရယူတာမျိုးမလုပ်ဘဲ စံနမူနာကောင်း ပြသင့်တယ်။ အစိုးရဆိုတာ သမ္မတ ကစပြီး အောက်ဆုံးအဆင့် ဝန်ထမ်းလေးအထိ ပြည်သူကပေးတဲ့ လစာ ငွေကိုစားတဲ့ ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြတယ်။ ပြည်သူလူထုဟာ ကျေးဇူးရှင် ထမင်းရှင်များ ဖြစ်တယ်။ ကိုယ့်ကို ထမင်းကျွေးမွေးထားတဲ့ ကျေးဇူးရှင်များထက် အခွင့်ထူးပိုယူတာမျိုး မရှိသင့်ဘူး။

**ပြည်သူက ကျေးဇူးရှင်**

လွှတ်တော်အမတ်ဆိုတာလည်း ပြည်သူလူထုက သူတို့ကိုယ်စား တိုင်းရေးပြည်မှု ဆောင်ရွက်ဖို့ ရွေးချယ် တင်မြှောက်ထားသူများ ဖြစ်တဲ့ အတွက် ပြည်သူလူထုကို ဦးထိပ်ထား လေးစားရမှာ ဖြစ်တယ်။ ရရှိခံစားတဲ့ အခွင့်အရေး အဆောင်အယောင် မှန်သမျှ ပြည်သူ့ဘဏ္ဍာငွေက ထုတ်ယူ သုံးစွဲတာ ဖြစ်တဲ့အတွက် ပြည်သူလူထုကို ကျေးဇူးရှင်အဖြစ် ခံယူစွဲမှတ် ရမှာ ဖြစ်တယ်။ သာမန်ပြည်သူတိုင်း ရရှိတဲ့ အခွင့်အရေးများထက် ပိုပြီး အခွင့်ထူး ခံစားခွင့် မရှိဘူး။ ကိုယ်ကျိုးထက် တိုင်းပြည်နဲ့ လူမျိုး အကျိုး စီးပွားကို ရှေ့တန်းတင် ဦးစားပေး လုပ်ဆောင်ပါ့မယ်လို့ ကတိကဝတ် ပြုသာဥ်ပြုပြီး အရွေးချယ်ခံခဲ့သူများ ဖြစ်တာကြောင့် ကိုယ်ကျိုး မကြည့် ရမှာ၊ အခွင့်ထူး မခံစားရမှာ ရှေ့ဆောင်လမ်းပြ စံနမူနာကောင်း ဖြစ်စေ ရမယ်။



www.burmeseclassic.com

www.burmeseclassic.com

**ပြည်ကြီးပခုံး၊ ပြည်ကြီးလက်ရုံး**

နောက်ဆုံး ကျန်ရှိနေတဲ့ မဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ စတုတ္ထမဏ္ဍိုင် ဆိုတာလည်း ပြည်ကြီးဝန်ကို ပြည်ကြီးပခုံး၊ ပြည်ကြီးလက်ရုံးအဖြစ် ထမ်းဆောင်ကြရသူများ ဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် ပြည်သူ့ဝန်ထမ်းများပင် ဖြစ်ကြတယ်။ တခြား ပြည်သူ့ဝန်ထမ်းများလိုပဲ ပြည်သူကို ဦးထိပ်ထား လေးစားရမှာ ဖြစ်တယ်။ ပြည်သူ့အထက်ကနေချင်လို့ မဖြစ်ဘူး။ ပြည်သူ့ရှေ့က အခွင့်ထူး ရချင်လို့လည်း မဖြစ်ဘူး။ အဲလားတူပဲ သတင်းသမားဟာ အစိုးရတစ်ရပ်ရဲ့ လက်ကိုင်တုတ် မဖြစ်ရသလို နိုင်ငံရေးပါတီ အဖွဲ့အစည်းနဲ့ နိုင်ငံရေးသမားများရဲ့ အသုံးချခံလည်း မဖြစ်စေရဘူး။ စီးပွားရေးသမားများရဲ့ ကျေးဇူးခံ ကျေးဇူးစားလည်း မဖြစ်စေရဘူး။ ဒီခေတ်မှာ ခေတ်စားတဲ့ စပွန်ဆာဆိုတာဟာ စီးပွားရေးသမားက သတင်းမီဒီယာသမားကို လာဘ်ထိုးတဲ့သဘော ဖြစ်တယ်။ စပွန်ဆာ လက်ခံရယူတဲ့ သတင်းမီဒီယာသမားဟာ စပွန်ဆာရှင်ရဲ့ မျက်နှာကို အမြဲကြည့်နေရမှာ ဖြစ်တဲ့အတွက် ဖြောင့်မတ်မှန်ကန်တဲ့ သတင်းသမား လုံးဝ မဖြစ်နိုင်တော့ဘူး။

**ဘွဲ့ ဖြူလက်နက်**

စပွန်ဆာတွေထဲမှာ အဆိုးဝါးဆုံးကတော့ သံရုံးတွေနဲ့ နိုင်ငံခြား အဖွဲ့အစည်းတွေရဲ့ စပွန်ဆာ ဖြစ်တယ်။ စတိုင်ပင်၊ စကောလားရှစ်၊ ဂရန့် စတဲ့ အမည်အမျိုးမျိုးပေးထားတဲ့ ထောက်ပံ့ကြေးမှန်သမျှဟာ သံရုံးတွေနဲ့ နိုင်ငံခြား အဖွဲ့အစည်းတွေက သူတို့ရဲ့ သစ္စာတော်ခံများအဖြစ် မွေးမြူ သိမ်းသွင်းဖို့ အသုံးပြုတဲ့ 'ဘွဲ့ဖြူလက်နက်' ဖြစ်တယ်။ 'အဏုမြူလက်နက်' လို အလွန်ကြောက်စရာကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ သစ္စာခံဆိုတာ 'ပဥ္စမံတပ်သား'အငယ်စား(Jinior Fifth Column)တွေ ဖြစ်ကြလို့ပါပဲ။ အကြောင်းကြီးငယ် ရှိလာခဲ့ရင် သစ္စာခံများဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးထက် သူတို့သစ္စာခံထားတဲ့ နိုင်ငံရဲ့ အကျိုးစီးပွားကိုသာ ထမ်းရွက်ကြလို့ ဖြစ်တယ်။

**နားခွက်က မီးတောက်ပြီးသား**

ပြည်သူလူထုကြီးရဲ့ မျက်နှာကလွဲပြီး ဘယ်သူ့မျက်နှာမှ မကြည့်တဲ့ ဘယ်သူ့စပွန်ဆာတို့၊ စတိုင်ပင်နဲ့ စကောလားတို့၊ ဂရန့်တို့ကိုမှ လုံးဝလက်ခံတဲ့ သတင်းမီဒီယာကိုသာ စတုတ္ထမဏ္ဍိုင်လို့ သတ်မှတ်တာ ဖြစ်တယ်။ အဲဒါတွေ တစ်ခုခုနဲ့ မလွတ်ကင်းရင် စတုတ္ထမဏ္ဍိုင်လို့ ဆိုင်းဘုတ်တပ်ပြီး ဘာတွေပဲ ပြောနေနေ၊ ဘာတွေပဲ ရေးနေနေ မြန်မာစာဖတ်ပရိသတ်ကို သိမ်းလို့မရပါဘူး။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးတဲ့ မြန်မာစာဖတ်ပရိသတ် ပြည်သူတွေက 'ချက်ဆို နားခွက်က မီးတောက်ပြီးသား' ဖြစ်တယ်။ ဘယ်သူတွေဟာ စတုတ္ထမဏ္ဍိုင် ပီသတယ်၊ ဘယ်သူတွေကတော့ 'သစ္စာတော်ခံ'တွေ ဖြစ်တယ်ဆိုတာ ကောင်းကောင်းကြီး သိထားပြီးသား ဖြစ်ပါတယ်။

၇၊ ၉၊ ၂၀၁၁။





www.burmeseclassic.com

www.burmeseclassic.com

# ဒီမိုကရေစီရပြီလား ...

'ဒီမိုကရေစီ ရပြီလား ...'

နယ်က စာဖတ်ပရိသတ် မိန်းကလေးတွေနဲ့ လူငယ်လေးတွေ ရောက်လာတဲ့အခါတိုင်း ဒီမေးခွန်းကို မေးတတ်ကြတယ်။ စာစုံအောင် ဖတ်လေ့ရှိတဲ့ လူငယ်တချို့ကတော့ 'ရွှေပြည်ကြီးကို ရောက်ပြီလား အဘ' လို့ မေးကြတယ်။

## မှန်ရာကိုသာ ပြောချင်

တစ်ခါက လောကပါလတရားနဲ့ ပြည့်စုံတဲ့ ရွှေပြည်ကြီးကို ရောက်ဖို့ မဝေးတော့ပါဘူးလို့ ရေးခဲ့ဖူးတာကို ရည်ညွှန်းပြီး 'ရွှေပြည်ကြီး' ရောက်ပြီ လားလို့ မေးတာပါ။ သူတို့ ဒီလိုမေးတာဟာ တကယ်သိချင်လို့ မေးကြတာ ဖြစ်တယ်။ ခနဲ့ပြီး၊ ကလိပြီး မေးတာ မဟုတ်ပါဘူး။ အသက်အရွယ် ငယ် ကြသေးပြီး အတွေ့အကြုံ နုနယ်ကြလေတော့ ဝေဖန်ပိုင်းခြားမှုမှာ အား နည်းကြတယ်။ ဒါကြောင့် သူတို့ ယုံကြည်လေးစားမှုရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် အဖြစ် သဘောထားပြီး လာရောက်မေးမြန်းကြတာ ဖြစ်တယ်။ ဒီလို လူငယ်လေးတွေကို မှားယွင်းတဲ့ မျှော်လင့်ချက်တွေ မပေးချင်ဘူး။ အလိမ္မာ ဖက်ပြီး အဓိပ္ပာယ်နှစ်ခွထွက်တဲ့ ယောင်ဝါးဝါးစကားမျိုးလည်း မပြောချင်ဘူး။ မျက်မှန်စိမ်းတပ်ပြီးကြည့်တဲ့ အဆိုးမြင်သက်သက် စကားတွေပြောပြီး သူ့ရဲ့ ကောင်းလည်း မလုပ်ချင်ဘူး။ သူတို့လေးတွေရဲ့ ယုံကြည်လေးစားမှုကို တန်ဖိုးထားပြီး ကိုယ်မြင်တဲ့အတိုင်း မှန်ရာကိုသာ ပြောချင်တယ်။

## ရပ်ကြည့်နေလို့ မဖြစ်ဘူး

'ဒီမိုကရေစီ မရသေးပါဘူး။ အခုမှ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို



ခြေတစ်လှမ်း ချမိရုံပဲ ရှိပါသေးတယ်။ ရှေ့ဆက်ပြီး ခြေလှမ်းသွက်သွက် လှမ်းနိုင်ဖို့အတွက် အားလုံး ဝိုင်းပြီး လမ်းရှင်းတာတွေ၊ ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်းရန် လယ်ရှားပေးတာတွေ လုပ်ဖို့လိုတယ်။ ကိုယ်နဲ့မဆိုင်ဘူး ဆိုပြီး ဘေးက ရပ်ကြည့်နေလို့တော့ မဖြစ်ဘူး'

နိုင်ငံတစ်ခု တည်ဆောက်ရာမှာ တစ်တိုင်းတစ်ပြည်လုံး တက်တက် ကြွကြွနဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုတယ်။ ပြည်သူလူထု မပါဝင်ရင် ဘယ်စနစ်မှ မအောင်မြင်ဘူးဆိုတာ နှစ် ၅၀ သမိုင်းကြောင်းက သက်သေ ပြပြီး ဖြစ်တယ်။ အရင်ကတော့ မြန်မာ့ဆိုရှယ်လစ်စနစ်တို့၊ အာဏာရှင် စနစ်တို့ ဆိုတာတွေကို ပြည်သူက လက်မခံတဲ့အတွက် ပူးပေါင်းပါဝင်မှု မပြုဘဲ နေခဲ့လို့ အဲဒီစနစ်တွေ မအောင်မြင်ခဲ့ဘူး။

## စောင့်ကြည့်နေတဲ့ မျက်လုံးများ

အခုတော့ ဒီမိုကရေစီစနစ်ကို သွားမယ်လို့ အတိအလင်း ပြောဆို ထားတာကြောင့် ပြည်သူလူထုက ရင်ထဲမှာ သဘောကျ နှစ်ခြိုက်နေကြ တယ်။ ဒါပေမဲ့ နှစ် ၅၀ အတွေ့အကြုံက ရှိနေလေတော့ သံသယစိတ်ကို ဖျောက်လို့မရသေးဘူး။ စောင့်ကြည့် အကဲခတ်ချင်သေးတယ်။ အဲဒီလို စောင့်ကြည့်နေတဲ့ မျက်လုံးတွေအောက်မှာ ခြေလှမ်းမှန်မှန် လျှောက်လှမ်း နိုင်ဖို့ အထူးသတိထားဖို့ လိုတယ်။ ခေတ်အဆက်ဆက် အတွေ့အကြုံများ အရ အခွင့်ထူးခံ လူတန်းစားနဲ့ အပယ်ခံ လူတန်းစားဆိုပြီး ကွဲပြားခြားနားမှု ရှိနေရင်လည်း ဘယ်နည်းနဲ့မှ ဒီမိုကရေစီပန်းတိုင်ကို မရောက်နိုင်ဘူးလို့ ထောက်ပြချင်တယ်။

## ပြည်တွင်းစစ်နဲ့ ခြစားမှု

၁၉၄၈ က ၁၉၆၂ ခုနှစ်ကြားမှာ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ အစိုးရ ပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ ရည်မှန်းတဲ့အတိုင်း ဒီမိုကရေစီပန်းတိုင်ကို မရောက်ခဲ့ဘဲ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းပွဲ ဖြစ်ပြီး အဆုံး သတ်သွားခဲ့တယ်။ ဘာကြောင့် ဒီမိုကရေစီစနစ် မအောင်မြင်ခဲ့သလဲဆိုတော့ အဓိကအချက်ကြီး နှစ်ချက်ကြောင့်လို့ ယူဆတယ်။ ပထမအချက်က တစ်ပြည်လုံးအနှံ့ ပြည်တွင်းစစ်ကြီး တိုက်ခိုက်နေရတာ ဖြစ်တယ်။ ဒုတိယ အချက်ကတော့ အာဏာရ ဖဆပလအဖွဲ့ကြီးအတွင်း အကျင့်ပျက် ခြစားမှု



www.burmeseclassic.com

www.burmeseclassic.com

တွေ့ တစ်နေ့တခြား ကြီးထွားသထက် ကြီးထွားလာပြီး သူတစ်လူ ငါတစ်မင်း နဲ့ ထိမ်းမနိုင် သိမ်းမရ အခြေအနေထိ ဆိုက်ရောက်သွားတာ ဖြစ်တယ်။

**ခြတွင်းကြီးတစ်ခု**

အကျင့်ပျက် ခြစားမှုက ဘယ်လောက်အထိ ဆိုးဝါးသလဲဆိုရင် ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်တဲ့ ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်က 'ဖဆပလ အဖွဲ့ကြီးဟာ ခြတွင်းကြီးတစ်ခုလို ဖြစ်နေပြီ။ ထင်းရှူးသေတ္တာ တစ်လုံး ပစ်ချလိုက်ရင် ခြတွေ ဝိုင်းစားကြလို့ မျက်စိတစ်မှိတ်အတွင်းမှာ မြင်ကွင်းက ပျောက်ကွယ်သွားသလို အခြေအနေမျိုးထိ ဆိုက်ရောက်နေပြီ'လို့ ထုတ်ဖော် ပြောကြားရတဲ့အထိ ဖြစ်လာခဲ့တယ်။ အဲဒီလို ပြောပြီးတဲ့နောက် ဦးနုဟာ ဝန်ကြီးချုပ်အဖြစ်က အနားယူပြီး ဖဆပလ ပြန်လည်တည်ဆောက်ရေးကို ဖောက်ချလုပ်ဖို့ ဖဆပလဥက္ကဋ္ဌတာဝန် တစ်ခုတည်း ထမ်းဆောင်ခဲ့တယ်။ ဒုတိယဝန်ကြီးချုပ် ဦးဗဆွေကို ဝန်ကြီးချုပ်တာဝန် လွှဲပေးခဲ့တယ်။

**စသုံးလုံး ဘုတ်အဖွဲ့ကြီး ဖွဲ့**

အဲဒီနောက် ဦးချမ်းသာကို ဥက္ကဋ္ဌနေရာမှာ တာဝန်ပေးပြီး အထူး စုံစမ်းစစ်ဆေးရေးအဖွဲ့(စစစ)ဆိုတဲ့ ဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စီးပွားရေး မသမာမှုတွေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေကိုချည်း ကိုင်တွယ်စစ်ဆေးဖို့ အထူး တာဝန်ပေးခဲ့တယ်။ အစိုးရ ဌာနဆိုင်ရာဝန်ထမ်းကြီးငယ်များအကြား လာဘ်ပေးလာဘ်ယူ ကိစ္စတွေ ဖော်ထုတ်စစ်ဆေးပြီး ထောင်ချ အပြစ်ပေးခဲ့ တာတွေ ရှိတန်သလောက် ရှိခဲ့ပေမဲ့ ခြတွင်းကြီးကတော့ ရှိမြဲ ရှိနေဆဲ ဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုတွေလည်း ရှိနေတာပါပဲ။ ဘာကြောင့်လဲ ဆိုတော့ ခြစားမှုကိစ္စတွေက ဝန်ထမ်းအဖွဲ့အစည်းတွေကြားမှာ သန္ဓေတည်ခဲ့ တာ မဟုတ်ဘဲ ဖဆပလ အစိုးရအဖွဲ့ကြီးရဲ့ ထိပ်ဆုံးနေရာတွေမှာ စတင် သန္ဓေတည်ခဲ့တာကြောင့် ဖြစ်တယ်။

**လိုင်စင်ခေတ်**

အဲဒီခေတ်က ဒီမိုကရေစီနဲ့ လွတ်လပ်တဲ့ ပုဂ္ဂလိက စီးပွားရေးစနစ် ဆိုပေမဲ့ တိုင်းပြည်ထူထောင်စအချိန် ဖြစ်တာကြောင့် သွင်းကုန်လုပ်ငန်း တွေကို အစိုးရက ကြီးကြပ်ထားပြီး လိုင်စင်ရသူများကိုသာ သွင်းခွင့်



ထုတ်ခွင့် ပေးခဲ့တယ်။ အဲဒီမှာ ခြစားမှုက စတင် သန္ဓေတည်ခဲ့တယ်။ ဖဆပလဝန်ကြီးတွေက သူတို့ကို ရန်ပုံငွေဆိုပြီး ပံ့ပိုးငွေများများပေးတဲ့ မြန်မာကုန်သည်တွေနဲ့ သူတို့နဲ့နီးစပ်သူတွေကို လိုင်စင်ချပေးခဲ့တယ်။ အဲဒီ သူတွေ အများစုက တကယ် အရောင်းအဝယ်လုပ်ကြတာ မဟုတ်ဘဲ လိုင်စင်လျှောက်ခွင့်မပြုတဲ့ တရုတ်နဲ့ ကုလား ကုမ္ပဏီကြီးတွေလက်ထဲ လိုင်စင်ကို လက်လွှဲရောင်းချလိုက်ကြတယ်။

**အခွင့်ထူးခံနဲ့ အပယ်ခံ**

အဲဒီအချိန်ကစပြီး အခွင့်ထူးခံ(လိုင်စင်ရ) လူတန်းစားနဲ့ အပယ်ခံ လူတန်းစားဆိုပြီး ကုန်သည်လောကမှာ ပေါ်ပေါက်ခဲ့တယ်။ အပယ်ခံ လူတန်းစားတွေကလည်း သူတို့ စီးပွားရေးလုပ်နိုင်ဖို့အတွက် ပုံစံအမျိုးမျိုးနဲ့ အစိုးရ စက်ယန္တရားကြီးအတွင်း ထိုးဖောက်ဝင်ရောက်ပြီး အခွင့်အရေး ရအောင် လုပ်ဆောင်ကြတယ်။ ဒီလိုနဲ့ပဲ ခြတွင်းကြီးဟာ ပြန့်သထက်ပြန့် ကျယ်သထက် ကျယ်လာပြီး နှိမ်နင်းလို့မနိုင်တဲ့ အခြေအနေထိ ရောက်သွား တယ်။ နောက်ဆုံးကျတော့ ဖဆပလ အစိုးရကြီးနဲ့အတူ ဒီမိုကရေစီ န်းကိုင်ပါ လုံးဝ ပျောက်ကွယ်သွားခဲ့ရတယ်။

**လေမဟုတ်၊ အလုပ်နဲ့ ပြ**

အခု အစိုးရသစ်က ဒီမိုကရေစီ လမ်းကြောင်းပေါ် ခြေလှမ်း စတင် ချတဲ့အချိန်မှာ အကျင့်ပျက် ခြစားမှု အားလုံးရဲ့ အရင်းအမြစ်ဖြစ်တဲ့ အခွင့် ထူးခံ လူတန်းစားနဲ့ အပယ်ခံ လူတန်းစားဆိုပြီး ကွဲပြားခြားနားမှုကို အထူး သတိထား ရှောင်ကြဉ်ဖို့ လိုတယ်လို့ အကြံပြုချင်ပါတယ်။ ပြည်သူတွေ အားလုံးနဲ့ ကမ္ဘာတစ်ခုလုံးက စောင့်ကြည့်နေတဲ့ သံသယမျက်လုံးတွေကို ဖယ်ရှားနိုင်ဖို့အတွက် တာဝန်ရှိသူတွေအားလုံး 'လေမဟုတ်၊ အလုပ်နဲ့ သက်သေပြ'ဖို့ လိုပါတယ်။ ဒီအချိန်မှာ ဒီမိုကရေစီ မရသေးပါဘူး။ ပြည်သူ တွေ အားလုံး ဒီမိုကရေစီအခွင့်အရေးတွေကို ပီပီပြင်ပြင် မခံစားရသေးပါဘူး။

**နေရာမရှိတဲ့ ဝန်ကြီးချုပ်**

ဒီလို ခြေလှမ်းပြင်စ ရှိသေးတဲ့အချိန်မှာ အစိုးရ၊ လွှတ်တော်၊ တရား စီရင်ရေးဆိုတဲ့ ယန္တရားကြီး သုံးရပ်စလုံးမှာ ပါဝင်ကြသူမှန်သမျှ ပြည်သူတွေ



www.burmeseclassic.com

www.burmeseclassic.com

မခံစားရသေးတဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို အခွင့်ထူး ခံယူခွင့်မပြု သတိထား ဆင်ခြင်ကြသင့်တယ်။ အကြောင်းတိုက်ဆိုင်လို့ ခေါင်းထဲမှာ စွဲနေတဲ့ အကြောင်းလေးတစ်ခုကို ပြောပါရစေ။ ကြာတော့ ကြာပါပြီ နိုင်ငံခြားက သတင်းတစ်ပုဒ် ဖတ်မိခဲ့တာပါ။ အင်္ဂလန်နိုင်ငံက ဝန်ကြီးချုပ် အက်ဒဝပ်ဟီသ် (Edward Health)ဟာ လေဘာပါတီက ဟာရိုးဝီလ်ဆင် (Harold Wilson)ကို ရှုံးနိမ့်ပြီး ဝန်ကြီးချုပ်ရာထူးက ဆင်းပေးရပါတယ်။ ဝန်ကြီးချုပ်စံအိမ် အမှတ် ၁၀၊ ဒေါင်းနင်းလမ်းက ဖယ်ပေးရမယ့်ရက်မှာ နေစရာအိမ်မရှိလို့ ဖယ်မပေးနိုင်ဘူး ဖြစ်နေပါတယ်။

**သူလိုဖြစ်ကြရင် ကောင်းမှာပဲ**

အဲဒီအချိန်မှာ သူ့မိတ်ဆွေတစ်ယောက်က လန်ဒန်မှာရှိတဲ့ သူပိုင် အိမ်ခန်းတစ်ခန်းမှာ ခေတ္တနေထိုင်ဖို့ ပေးခဲ့တာကြောင့် လူပျိုကြီးဖြစ်တဲ့ မစ္စတာဟီသ်ဟာ တစ်ယောက်တည်း ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ အခန်းက ခပ်သေးသေးဆိုတော့ သူပိုင်ပစ္စည်းတွေ ထားစရာမရှိလို့ တခြားမိတ်ဆွေ တစ်ယောက်ရဲ့ တောပိုင်းက စံအိမ်မှာ ပို့ထားရပါတယ်။ အဲဒီသတင်းလေး ဖတ်ခဲ့ရတာ ကြာလှပြီဖြစ်ပေမဲ့ ခုအချိန်ထိ ခေါင်းထဲမှာ မှတ်မိနေပါသေး တယ်။ ကျွန်တော်တို့ နိုင်ငံရေးသမားတွေအားလုံး မစ္စတာဟီသ်လို ဖြစ်ကြ ရင် ကောင်းမှာပဲလို့ စိတ်ထဲမှာ အောက်မေ့မိပါတယ်။

**ဘယ်သူ့ကိုမှ ချန်မထားဘူး**

နိုင်ငံရေးသမားတွေကိုသာပြောပြီး ခင်ဗျားတို့ စာနယ်ဇင်းသမား တွေတော့ မပြောတော့ဘူးလားလို့ မေးနိုင်ပါတယ်။ ပြောမှာပါ။ အမြင် မတော်ရင် ဘယ်သူ့ကိုမှ ချန်မထားပါဘူး။ စာနယ်ဇင်းသမားတွေကို ပြောချင်တာကတော့ တိုင်းပြည်က ဒီမိုကရေစီနိုင်ငံ မဖြစ်သေးပါဘူး။ ပြည်သူတွေထက်ထူးပြီး ဒီမိုကရေစီ အခွင့်အရေးတွေ မယူချင်ပါနဲ့။ ပြည်သူ တွေအားလုံး လွတ်လွတ်လပ်လပ်နဲ့ သူတို့ဝယ်စီးချင်တဲ့ မော်တော်ကား ဝယ်မစီးနိုင်သေးတဲ့အချိန်မှာ ကိုယ်က အခွင့်ထူးလိုချင်တာမျိုး၊ ကားဝယ်ခွင့် ပေးပါလို့ တောင်းဆိုတာမျိုး မလုပ်သင့်ပါဘူး။ လွှတ်တော် ကိုယ်စားလှယ်တွေ လည်း အတူတူပါပဲ။ အခွင့်ထူးခံ လူတန်းစား မဖြစ်ချင်ပါနဲ့။



**ကိုယ်ကျိုး ရှေ့တန်းတင်လွန်း**

ဒီအချိန်မှာ ကျွန်တော်တို့ အားလုံး လုပ်ရမှာက ဒီမိုကရေစီ ပန်းတိုင်ကို မြန်မြန်ရောက်ဖို့ ဝိုင်းကြိုးစားကြဖို့ ဖြစ်တယ်။ တိုင်းပြည်က ဒီမိုကရေစီ မရသေးခင်မှာ ဒီမိုကရေစီရပြီးမှ လုပ်ရမယ့်အလုပ်တွေကို လုပ်တာဟာ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်လွန်းရာကျတယ်။ အခွင့်ထူးခံ လူတန်းစားနဲ့ အပယ်ခံ လူတန်းစား ကွဲပြားမှု ကြီးမားလွန်းရာက ခြတွင်းကြီး အဖြစ် ရောက်ရှိသွားပြီး ဖဆပလအဖွဲ့ကြီးနဲ့ ဒီမိုကရေစီ ပန်းတိုင်ကြီးပါ နိဂုံးချုပ်သွားရတာကို မမေ့ကြဖို့ သတိပေးလိုက်ရပါတယ်။

၁၄၊ ၉၊ ၂၀၀၁။



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူ အာဏာပိုင်လဲ

အာဏာပိုင်များ၊ အာဏာပိုင် အဖွဲ့အစည်းများဆိုတဲ့ စကားဟာ မြန်မာစကားမှာ အတော် တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတဲ့ စကားများ ဖြစ်တယ်။ အစိုးရ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အစိုးရဝန်ထမ်းတွေကို ရည်ညွှန်းပြောဆိုကြတာပါ။

**တစ်ချက်လွှတ် အမိန့်**

တစ်ပါတီ၊ တစ်ဖွဲ့တစ်စည်းက အာဏာသုံးရပ်စလုံးကို ချုပ်ကိုင်ထားပြီး တစ်ချက်လွှတ်အမိန့် ပြန်တမ်းများနဲ့ အုပ်ချုပ်တဲ့ အာဏာရှင်စနစ်အောက်မှာတော့ ဒီအသုံးအနှုန်းများဟာ လျော်ကန်သင့်မြတ်တယ်လို့ ဆိုနိုင်တယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေ၊ ရွေးကောက်ပွဲတွေ၊ လွှတ်တော်တွေလို ဒီမိုကရေစီပြယုဂ်တွေ အစုံအလင်နဲ့ အစိုးရမျိုးလက်ထက်မှာတော့ ဒီအသုံးအနှုန်းတွေဟာ ဆီလျော်အပ်စပ်ခြင်း မရှိတော့လို့ မသုံးသင့်တော့ဘူး။ သက်ဆိုင်ရာဌာနများ၊ အစိုးရ ဝန်ထမ်းများဆိုတဲ့ စကားလုံးတွေနဲ့ အစားထိုး သုံးစွဲသင့်ကြတယ်။

**ဖျောက်ဖို့ ခက်ပေမဲ့**

နှစ်ပေါင်း ၅၀ လောက် ပါးစပ်ထဲမှာစွဲနေတာတွေမို့ ရုတ်တရက်ဖျောက်ဖို့ ခက်တာ မှန်ပေမဲ့ နေ့စဉ် တဖွဖွပြောနေကြတဲ့ ဒီမိုကရေစီဆိုတဲ့ အသံနဲ့ နည်းနည်းမှ မအပ်စပ်ပါဘူး။ ဖျောက်အောင် ဖျောက်ရပါလိမ့်မယ်။ အာဏာပိုင်ဆိုတဲ့ စကားဟာ ကိုလိုနီခေတ်မှာ အတော်လေး သုံးစွဲကြတယ်။ အထူးအာဏာရ ရာဇဝတ်တရားသူကြီးတို့၊ အထူးအာဏာရ ငွေမားလွှယ်ဆုရ သူကြီးမင်းတို့ စသဖြင့် သုံးကြတယ်။ မြို့အုပ်မင်း ရုံးထိုင်လို့ သူကြီးမရှိတဲ့ မြို့နယ်လေးတွေမှာတော့ အရပ်ထဲ လူရှိသေ၊ ရှင်ရှိသေ ပုဂ္ဂိုလ်



တစ်ယောက်ကို ရွေးပြီး သမာဓိမြို့ဝန်မင်းတို့၊ အထူးအာဏာရ သမာဓိမြို့ဝန်မင်းတို့ဆိုပြီး ခန့်ထားခဲ့ကြတယ်။

**မတော်လှန်ရဲအောင်**

ကိုလိုနီလက်အောက်ခံ နိုင်ငံတိုင်းမှာ အုပ်ချုပ်သူ မျက်နှာဖြူ အရှင်သခင်ကြီးတွေက အာဏာပိုင် သခင်ကြီးတွေဖြစ်ပြီး ဌာနေတိုင်းရင်းသား အုပ်စိုးခံတွေက ကျွန်အစေအပါးတွေ ဖြစ်ကြတယ်။ အုပ်စိုးခံတွေ ကြောက်သန့်ပြီး မတော်လှန်ရဲအောင် အနိမ့်ဆုံးအဆင့် သူကြီးလောက်ကို အထူးအာဏာရ သူကြီးမင်းတို့၊ ငွေမားလွှယ်ဆုရ သူကြီးမင်းတို့ လုပ်ထားကြတယ်။ မျက်နှာဖြူဘုရင်ခံနဲ့ အပေါင်းပါတွေ တောပစ်ထွက်ရာမှာ လူဇတွေ မောင်းထုခေါ်ပြီး တောခြောက်ပေးတဲ့ သူကြီးကလည်း 'ဘုရင်ခံ မင်းတရားကြီး၏ ခြောက်လုံးပြူးဆုတော်မြတ် ပေးသနားခြင်းခံရသော အထူးအာဏာရ သူကြီးမင်း'ဆိုတာမျိုး ဖြစ်နေတယ်။ အဓိကကတော့ သာမန် တိုင်းသူပြည်သားတွေ ခေါင်းမဖော်ရဲအောင် ချိုးနှိမ်ဖိနှိပ်ထားဖို့ ဖြစ်တယ်။

**ကြောက်စိတ်ပျောက်**

ကိုလိုနီနယ်ချဲ့သမားတွေရဲ့ အကြောက်တရားနဲ့ အုပ်စိုးခြင်း နည်းဟာက တော်တော်ထိရောက်တယ်။ ကိုလိုနီ လက်အောက်ခံဘဝက လွတ်မြောက်လာခဲ့တာ နှစ်ပေါင်း ၆၀ ကျော်နေပြီ ဖြစ်တာတောင် မြန်မာလူမျိုးများဟာ ရုံးပြင်ကနားသွားရမှာ အင်မတန်ကြောက်ကြတယ်။ 'သခင်မျိုးဟေ့ ဒို့ဗမာ'လို့ ပါးစပ်က ဘယ်လောက်ပဲ အော်နေအော်နေ ကြောက်စိတ်က ဘယ်လိုမှ ဖျောက်လို့ မပျောက်သေးဘူး။ ရုံးနား ဂိတ်နားရောက်ရင် အလိုလိုနေရင်း ကျောထဲက စိမ့်စိမ့်လာတတ်တယ်။ ဘယ်လောက်ပဲ ပြောပြော ယူနီဖောင်းဝတ်နဲ့ ရဲစာသင်(ဆာဂျင်)လောက် လာရင်ကို အာဏာပိုင် ပုဂ္ဂိုလ်ကြီး လာတယ်၊ အာဏာပိုင် အဖွဲ့အစည်းတွေ လာတယ်ဆိုပြီး ခြေမကိုင်မိ လက်မကိုင်မိ ပျာပျာသလဲ ဖြစ်နေကြရတယ်။

**အရက်ယူခဲ့၊ ကြက်ယူခဲ့**

'ပညတ်သွားရာ ဓာတ်သက်ပါ'ဆိုတဲ့စကား ရှိထားတဲ့အတိုင်း ရဲစာသင်လောက်၊ မြို့အုပ်မင်းရဲ့ တောလိုက်စာရေးလောက်၊ ပုလိပ်တော်



www.burmeseclassic.com

www.burmeseclassic.com

မင်းလောက်ကလည်း သူတို့ကိုယ်သူတို့ တကယ်ကို အာဏာပိုင်စိုးထဲ ပုဂ္ဂိုလ်ကြီးများအဖြစ် မှတ်ယူနေကြပြီး အရပ်သူ အရပ်သားများကို ဖွေ တာနဲ့ ဟိန်းဟောက် ခြိမ်းခြောက် လုပ်ကြတယ်။ အရက်ယူခဲ့၊ ကြက်ယူခဲ့ အာဏာပါဝါ ပြကြတယ်။ တောသူတောင်သားတွေသာ မဟုတ်ဘူး မြို့ပေါ်က ပညာတတ် လူတန်းစားတွေတောင် ဟိန်းဟောက် ခြိမ်းခြောက် ရင် ကြောက်ဒူးတုန်ကြတယ်။ အကျိုးသင့် အကြောင်းသင့် ပြန်လှန်မပြော ကြဘူး။ နှုတ်ဆွံ့ပြီး အ,အကြီးတွေလို ဖြစ်နေကြတော့တယ်။

**ခေတ်ကြီး ပြောင်းနေပြီ**

အဲဒါကြောင့် 'ပညတ်သွားရာ ဓာတ်သက်ပါ' မဖြစ်ရလေအောင် အာဏာပိုင်ပုဂ္ဂိုလ်များတို့၊ အာဏာပိုင်အဖွဲ့အစည်းများတို့ ဆိုတဲ့အသုံးအနှုန်း တွေကို ပပျောက်စေချင်တာပါ။ ဘာပဲပြောပြော ခေတ်ကြီးက ပြောင်းနေ ပါပြီ။ အရှေ့အလယ်ပိုင်းက ဘုရင်ကြီးတွေ၊ ဆူလတန်ကြီးတွေနဲ့ အာဏာ ရှင်ကြီးတွေ တစ်ယောက်ပြီးတစ်ယောက် ရာဇပလ္လင်ပေါ်က ဆင်းသွားကြ ရပါပြီ။ မြန်မာပြည်မှာလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့၊ ရွေး ကောက်ပွဲနဲ့၊ လွှတ်တော်နဲ့ ဖြစ်နေပြီ။ တစ်ခေတ်ပြောင်းဖို့ တာစူချိန် ရောက်နေပြီ။

**အမေးနဲ့ အဖြေ**

ဒီနေရာမှာ ၁၁–၉–၂၀၁၁ နေ့ထုတ် မော်နီတာဂျာနယ်မှာပါတဲ့ အမေး အဖြေလေး တစ်ခုကို ကောက်နုတ်ဖော်ပြချင်ပါတယ်။ မေးသူကို 'ဦးမြတ်ခိုင် (လျှပ်တပြက် သတင်းဂျာနယ်၊ မော်နီတာ သတင်းဂျာနယ် အယ်ဒီတာချုပ်)'လို့ ဖော်ပြထားပြီး အမေးခံပုဂ္ဂိုလ်ကတော့ ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်း ဖြစ်ပါတယ်။

**မေး** – *ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်တော်တို့ သတင်းသမားတွေ တွေ့ဆုံရတာ ဒုတိယအကြိမ် ဖြစ်ပါတယ်။ ကျွန်တော်တို့ အပြင်မှာ ကြားသိနေရတာက အဘ ဦးစိုးသိန်းတို့အဖွဲ့က ပျော့ပျောင်းတဲ့အဖွဲ့လို့ ကျွန်တော်တို့ သိရပါတယ်။ ဒီမိုကရေစီ နည်းလမ်းတကျ သွားနေတဲ့ ပြည်ထောင်စုဝန်ကြီးလို့ သိရပါတယ်။ အဲဒါ ဟုတ်ပါသလားလို့ သိချင် ပါတယ်။ အဲဒါ နံပါတ် ၁ အချက်ပါ။ နံပါတ် ၂ အချက်ကတော့ နိုင်ငံခြား ငွေနဲ့ ကားဝယ်ခွင့်ရတယ် ဆိုတဲ့အခါမှာ ပိုက်ဆံရတဲ့ နည်းလမ်း ဥပဒေ ငွေဖြူကိစ္စ၊ ငွေမည်းကိစ္စတွေ ပြဿနာရှိလား။ အဲဒါကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်'*



**ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထား**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းရဲ့ အဖြေက ...

*'ကျွန်တော်က ဒီမှာလာတာ ညှော်သည်ဗျ။ သို့သော်လည်း လာ ကူညီတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ပျော့ပျောင်းတယ်၊ မာတယ်ရယ်လို့ မဟုတ်ဘူးဗျ။ ကျွန်တော်တို့က ပြည်သူလူထုက ရွေးချယ်တင်မြှောက် ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်က ကျွန်းစု မြို့နယ်က ပြည်သူ့ကိုယ်စားလှယ် ဖြစ်ပါတယ်။ ပြည်သူအနေနဲ့ ရွေးချယ် တင်မြှောက်ခံရပြီး ပြည်ထောင်စုဝန်ကြီး တာဝန်ကို နိုင်ငံတော်သမ္မတက တာဝန်ပေးထားတာပါ။ ပြည်သူ့အကျိုးအတွက် ကျွန်တော်တို့ လုပ်ကြဖို့ ဝန်မလေးတာပါ။ တကယ်လုပ်ရမယ့်အလုပ်ဆိုရင် ကျွန်တော်တို့ သံမဏိ တဲ့သို့ တကယ်မာပါတယ်'*

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြည်သူလူထုက ရွေးချယ် တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ဖြစ်လို့ ပြည်သူ့အကျိုးအတွက် လုပ်ကြဖို့ ဝန်မလေးတာပါလို့ ပြောသွားတာ ကျေနပ်စရာပါ။ ခေတ်ပြောင်း သွားပြီလို့ ဝန်ကြီးက အသိအမှတ်ပြုတဲ့သဘောလို့ ယူဆပါတယ်။ ဝန်ကြီး ဟာ အရင်အစိုးရ လက်ထက်က ကာကွယ်ရေးဦးစီးချုပ်(ရေ) တာဝန် ထမ်းဆောင်ခဲ့တဲ့ ဒုတိယဗိုလ်ချုပ်ကြီးအဆင့် ပုဂ္ဂိုလ်ပါ။

**အကျင့်ဆိုတာ မပျောက်နိုင်**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းလို ဒုတိယဗိုလ်ချုပ်ကြီးအဆင့် တာဝန်ယူခဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးက ခေတ်ပြောင်းသွားတာကို လက်ခံ အသိအမှတ်ပြုပြီး ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ ကိုယ် စားလှယ် တစ်ဦးအနေနဲ့ ပြည်သူ့အကျိုးကို လုပ်ဆောင်ဖို့ ဝန်မလေးပါလို့ ပြောပေမယ့် ဗျူရိုကရေစီ ယန္တရားကြီးအတွင်းက ရုံးတစ်လုံး ဓားတစ်စင်း အာဏာရှင်စိတ်ဓာတ် မပျောက်သေးတဲ့ ဗျူရိုကရက်ကြီးတွေနဲ့ ဗျူရိုကရက်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေကတော့ ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ အကျင့်ဆိုးတွေ မဖျောက်နိုင်ကြသေးတာ တွေ့ရတယ်။ ကိုယ့်ရုံးဌာနရှေ့ ရောက်လာသူ မှန်သမျှကို ဟိန်းဟောက် ခြိမ်းခြောက်ပြီး အာဏာ ပါဝါပြတာမျိုးတွေ ဆက်ပြီးလုပ်နေကြဆဲ ဖြစ်တယ်။

**ပြည်သူ့အစေခံ**

ဝန်ထမ်းဆိုတာ ဘယ်လောက်ကြီးကြီး၊ ဘယ်လောက်ငယ်ငယ် ပြည်သူလူထုရဲ့ လစာရိက္ခာကို စားသောက်နေကြရသူများ ဖြစ်တယ်။ Public Servant လို့ခေါ်တဲ့ အင်္ဂလိပ်စကားရဲ့ အဓိပ္ပာယ်က 'ပြည်သူ့အစေခံ' ဖြစ်တယ်။ သဘောကတော့ ပြည်သူလူထုကို အလုပ်အကျွေးပြုဖို့ လစာပေး ခန့်ထားခြင်းဖြစ်တယ်။ တစ်နည်းအားဖြင့် ပြည်သူလူထုက အရှင်သခင်ဖြစ်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ ဗျူရိုကရေစီ ယန္တရားကြီး အတွင်းက အသိဉာဏ်အဆင့် နိမ့်ကျသူ ဗျူရိုကရက် ကြီး၊ ငယ်များဟာ ဒီအချက်ကို သဘောမပေါက်ကြသေးဘဲ ပြည်သူလူထုအပေါ်မှာ အာဏာရှင်များသဖွယ် ပြုမူဆက်ဆံနေကြဆဲ ဖြစ်တယ်။

**တားမရတော့ဘူး**

အာဏာရှင်စနစ်မှာက တိုင်းသူပြည်သားများရဲ့ ဆန္ဒကို လုံးလုံး ဂရုမစိုက်ဘဲ ဘုရင်တစ်ပါး၊ ဆူလ်တန်တစ်ယောက်၊ အာဏာရှင်တစ်ဦးရဲ့ ဆန္ဒ သဘောထား တစ်ခုတည်းနဲ့ အုပ်ချုပ်တာ ဖြစ်တယ်။ လူတွေအများကြီးက ဘယ်လောက်ပြောပြော ဂရုမစိုက်ဘူး။ အာဏာရှင်ရဲ့ပါးစပ်က ထွက်တဲ့စကားဟာ ဥပဒေ ဖြစ်တယ်။ ဒီမိုကရေစီစနစ်မှာတော့ တိုင်းသူပြည်သား လူများစုရဲ့ဆန္ဒကို ဘယ်သူမှ လွန်ဆန်လို့ မရဘူး။ အားလုံး ပြည်သူ့ဆန္ဒအတိုင်း လုပ်ရတယ်။ ပြည်သူလူထုဟာ အကြွင်းမဲ့အာဏာပိုင်များ ဖြစ်တယ်။ ပြည်သူသာ အမိ၊ ပြည်သူသာ အဖ ဖြစ်တယ်။ ဗျူရိုကရက် ကြီး၊ ဗျူရိုကရက်လေးတွေက ပြည်သူလူထုရဲ့ 'အဘ' မဟုတ်ဘူး ဆိုတာ သိထားသင့်ကြတယ်။ ခေတ်ကြီးက ပြောင်းနေပါပြီ။ ဘယ်သူ တားတား တားလို့မရတော့ပါဘူး။

၂၁၊ ၉၊ ၂၀၁၁



# ပြည်သူက ဒက်ခတ်လိမ့်မယ်

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး လူတိုင်းရဲ့ပါးစပ်ဖျားမှာ ဒီမိုကရေစီ ဆိုတဲ့စကား ရေပန်းစားလာခဲ့တယ်။ စကားဝိုင်းတွေမှာလည်း ဒီမိုကရေစီ၊ စာအုပ်တွေ၊ စာစောင်တွေထဲမှာလည်း ဒီမိုကရေစီ ဖြစ်နေကြတော့တယ်။

**နှစ်ကိုယ်ကြားပဲ ပြောရ**

ဒီမိုကရေစီဆိုတဲ့စကားကို နှစ်ပေါင်း ၅၀ လုံးလုံး ဘယ်သူမှ ကျယ်ကျယ် မပြောရဲကြဘူး။ တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြားပဲ ပြောကြရ တယ်။ အစိုးရကိုယ်တိုင်က ရွေးကောက်ပွဲတွေ လုပ်ပေးတော့မယ်၊ ဒီမို ကရေစီ အစိုးရမျိုးကို အာဏာလွှဲပြောင်းပေးမယ်လို့ ကြေညာလိုက်တဲ့ အချိန်ကစပြီး ဒီမိုကရေစီဆိုတဲ့စကားကို သွေးတိုးစမ်း ပြောလာကြတယ်။ အခုတော့ လူတိုင်း ကျယ်ကျယ်ပြောဝံ့နေကြပြီ။ စာနယ်ဇင်းတွေထဲလည်း ကြီးကြီး ရေးနေကြပြီ။ ဒါ ဝမ်းသာစရာအခြေအနေ ဖြစ်တယ်။ လမ်း လျှောက်တဲ့အခါ ခြေလှမ်းတစ်လှမ်းပြီးတစ်လှမ်း လှမ်းကြရသလို ဒီမိုကရေစီ ခရီးကိုလည်း တစ်လှမ်းပြီးတစ်လှမ်း ရှေ့တိုးလှမ်းကြရမှာ ဖြစ်တယ်။

**တစ်ဒီတည်း ဒီလာကြ**

အစိုးရကိုယ်တိုင်က ဒီမိုကရေစီလမ်းကြောင်းအတိုင်း ချီတက်မယ် ပြောချိန်ကစပြီး ရှေးက ဒီမိုကရေစီကို နှာခေါင်းရှုံ့ခဲ့ကြသူတွေလည်း အသံပြောင်းပြီး တစ်ဒီတည်း ဒီလာခဲ့ကြတယ်။ ဒီမိုကရေစီစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်လာကြတယ်။ ဒါလည်း ကောင်းတဲ့ကိစ္စ ဖြစ်တယ်။ ဒီ နှစ် ၅၀ အတွင်း မွေးဖွားလာခဲ့ကြသူတွေဟာ လွတ်လွတ် လပ်လပ် ရောင်းဝယ်ဖောက်ကား စားသောက်ချင်တယ်၊ ပြောဘဲလွတ်



www.burmeseclassic.com

www.burmeseclassic.com

လပ်လပ် ပြောချင်ဆိုချင်၊ ရေးချင်ဖတ်ချင်တယ် ဆိုတာလောက်ကလွဲပြီး ဒီမိုကရေစီအကြောင်း ဂဃနဏ မသိကြဘူး။

## ဗီလာဆန့်ကျင်ဖြစ်

တတ်သိနားလည်သူတွေက ဒီမိုကရေစီအကြောင်း ဟောပြောတာ စာတွေရေးပြတာဟာ ဝမ်းသာအားရ ကြိုဆိုရမယ့်ကိစ္စ ဖြစ်တယ်။ ဒါပေမဲ့ လို အချိန်ကြာလာတဲ့အခါမှာ ဟောပြောသူတွေနဲ့ ဒီမိုကရေစီဖတ်စာရေးသူ အတော်များများဟာ သူတို့ပါးစပ်က အပ်ကြောင်းထပ်လောက်အောင် ပြောနေကြတဲ့ 'ပြည်သူလူထုကို ဦးထိပ်ထားတယ်'ဆိုတဲ့စကားနဲ့ ဗီလာ ဆန့်ကျင်ဖြစ်တဲ့ စကားတွေ ပြောလာကြတာကို မြင်တွေ့ ကြားသိနေရတယ်။ သူတို့ရေးတဲ့ ဒီမိုကရေစီစာတွေမှာလည်း အလားတူ ဖတ်ရှုရတယ်။

'ဒီမိုကရေစီလိုချင်ရင် လူတိုင်း နိုင်ငံကြီးသားပီသပြီး ဒီမိုကရေစီ အသိရှိဖို့ လိုတယ်'

'ဒီမိုကရေစီလိုချင်ရင် လူတိုင်း ပါဝင်လုပ်ဆောင်ကြဖို့ လိုတယ်'

'လူတွေအတွက် သူတို့နဲ့ထိုက်တန်တဲ့ အစိုးရကို သူတို့ ရရှိကြမှာ ဖြစ်တယ်'

## ဓားမြှောင်နဲ့ ထိုးသလို

ဒီသြဝါဒကထာတွေနဲ့ ရေးသားချက်တွေဟာ ပြည်သူလူထုအများ ကြီးကို စော်ကားလိုက်တာ ဖြစ်တယ်။ ပြည်သူတွေ အသုံးမကျလို့ နှစ်ပေါင်း ၅၀ လုံးလုံး တစ်ပါတီ တစ်ဖွဲ့ အာဏာရှင်စနစ်အောက်မှ ပိပြားနေခဲ့ကြတာ ဖြစ်တယ်လို့ ပြောလိုက်တာနဲ့ အတူတူပဲ။ မြန်မာလူမျိုးတွေ ပညာရေးရေချိန် နိမ့်ကျနေသေးလို့ ဒီမိုကရေစီစစ်စစ်နဲ့ မထိုက်တန်သေးဘူး။ 'guided democracy' လောက်နဲ့ပဲ သွားရမယ်လို့ ပြောရဲသူတွေတောင် ရှိတယ်။ ဒီလိုအသံတွေ ကြားရတဲ့အခါတိုင်း ရင်ထဲမှာ ဓားမြှောင်နဲ့ထိုးသလို စူးခနဲ စူးခနဲ နာကျင်ရတယ်။

## ဦးစီးဦးကိုင်ကောင်း မရှိလို့

မြန်မာ့ဦးစွန်း မြေခဲ့ရတဲ့ ပါတော်မူချိန်ကစပြီး မြန်မာနိုင်ငံသားတွေ ဟာ တာဝန်ကျေခဲ့ကြတယ်။ ရရာတုတ်၊ ဓား၊ လက်နက်စွဲကိုင်ပြီး နယ်ချဲ့



သားသူတွေကို တွန်းလှန်တိုက်ခိုက်ခဲ့ကြတယ်။ မြန်မာပြည်အလယ်ပိုင်းက အောင်ဆန်းတို့အဘိုး မင်းကြီးရွှေလရောင်ကစပြီး ရှမ်း၊ ချင်း၊ ကချင် တိုင်းရင်းသားတွေဟာ အသက်ပေါင်းများစွာစတေးပြီး တော်လှန်ခဲ့ကြတယ်။ ဦးစီးဦးကိုင်ကောင်း မရှိလို့သာ အားမတန် မာန်လျှော့ခဲ့ကြရတယ်။ အဲဒီ အချိန်အခါက နန်းတွင်းမှာ အရေးပါခဲ့တဲ့ ကင်းဝန်မင်းကြီး အမှူးပြုတဲ့ ဝန်ကြီးတွေ၊ ဝန်ကလေးတွေက အင်္ဂလိပ်ရဲ့လစာရိက္ခာတော် ထောက်ပံ့ကြေး ကို လက်ခံပြီး တောင်ပေါ်မြေပြန့်က ခုခံတွန်းလှန်သူတွေကို ရွှေပြည်အေး သမားတွေ လိုက်လံဟောပြောပြီး လက်နက်စွန့်ဖို့ နားချခဲ့ကြတယ်။

## ရဲရဲကြီး လိုက်ခဲ့ကြ

အားမတန်လို့ မာန်လျှော့ခဲ့ကြရပေမဲ့ လည်စင်းခံနေကြတာတော့ မဟုတ်ဘူး။ အခါအခွင့်သင့်တိုင်း ပုံစံအမျိုးမျိုးနဲ့ နိုင်ငံရေးတိုက်ပွဲတွေ ဆင်နွှဲနေကြတယ်။ ဝိုင်အမ်ဘီအေခေတ်၊ ဂျီစီဘီအေခေတ်တွေမှာလည်း ပြည်သူတွေက အဲဒီအဖွဲ့ကြီးတွေရဲ့ ဦးဆောင်မှုနောက်က ရဲရဲကြီးလိုက်ခဲ့ ကြတယ်။ ရှေ့က ဦးဆောင်သူတွေ ညီညီညွတ်ညွတ်မရှိကြဘဲ ငါးထောင်စား ဖြစ်ဖို့လောက်သာ လုံးပမ်းနေခဲ့ကြတာကြောင့် ရေစုန်မျောသွားခဲ့ကြရတယ်။ အဲဒီနောက်ပေါ်လာတဲ့ 'တို့ဗမာအစည်းအရုံး'ခေတ်မှာလည်း ပြည်သူတွေက သစ်ခဲနက် ထောက်ခံအားပေးခဲ့ကြတယ်။ ဆရာစံရဲ့ တောင်သူလယ်သမား ပုန်ကန်မှုကြီးနဲ့ ရေနံမြေအလုပ်သမားသပိတ် တိုက်ပွဲကြီးတို့ဟာ ပြည်သူ တွေဘက်က ဘယ်လောက်တာဝန်ကျေသလဲဆိုတာ ပြလိုက်တဲ့ သက်သေ တွေပဲ ဖြစ်တယ်။

## ခေါင်းဆောင်တွေ ကွဲကြပြိုကြလို့

ရှေ့က ဦးဆောင်ဦးရွက်ပြုတဲ့ တို့ဗမာအစည်းအရုံးကြီး နှစ်ခြမ်းကွဲ သွားလို့ တိုက်ပွဲအရှိန် လျော့ကျသွားခဲ့ရတယ်။ အဲဒီနောက်ပေါ်လာတဲ့ ဖဆပလအဖွဲ့ကြီးရဲ့ အလံတော်အောက်မှာ နောက်တစ်ကြိမ် ပြည်သူတစ်ရပ် လုံး စုစည်းပြီး တိုက်ပွဲ ဆက်လက်ဆင်နွှဲခဲ့ကြတဲ့အတွက် ဖက်ဆစ်ဂျပန်တွေ ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့တယ်။ လွတ်လပ်ရေး ရခဲ့တယ်။ ဒါပေမဲ့ ခေါင်းဆောင်တွေ ကွဲကြပြိုကြ ပြန်တာကြောင့် အသက်အိုးအိမ်တွေ အများကြီး ဆုံးရှုံးခဲ့ရတဲ့ ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ရတယ်။ အဲဒီကာလတွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်လျှောက်လုံးမှာ ပြည်သူတွေတစ်ရပ်လုံး လှည်းနေလှေအောင်း မြင်ဖောင်းမကျန် ထွက်လာကြတာချည်း ဖြစ်တယ်။

**ခေါင်းဆောင်တွေ ခေါင်းရှောင်တာ**

လွတ်လပ်ရေးရပြီး နောက်ပိုင်းနှစ်တွေကို ပြန်ကြည့်။ ပြည်သူတွေဘက်က တာဝန်ကျေခဲ့ကြတာချည်းပါပဲ။ ဦးဆောင်ဦးရွက် ပြုခဲ့ကြသူတွေသာ တာဝန်မကျေတာ။ 'ဒီမိုကရေစီလိုချင်ရင် လူတိုင်း ပါဝင်လုပ်ဆောင်ဖို့လိုတယ်'ဆိုတဲ့စကားဟာ ခေါင်းဆောင်တွေ ခေါင်းရှောင်ဖို့ ပြောတဲ့စကားဖြစ်တယ်။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေ၊ ဒီမိုကရေစီမိခင်နိုင်ငံကြီးတွေဆိုတဲ့ နိုင်ငံတွေမှာလည်း ပြည်သူလူထုက သူတို့ကိုယ်စား ဆောင်ရွက်ဖို့ ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ပြီး လွှတ်တော်ထဲမှာ ဆောင်ရွက်စေတဲ့ 'ကိုယ်စားပြု ဒီမိုကရေစီ' (representative democracy) စနစ်ကို ကျင့်သုံးနေကြတာ ဖြစ်တယ်။ ရှေး ခေါ်မခေတ်ကလို ပြည်သူတွေအားလုံး ပါဝင်ဆုံးဖြတ်တဲ့ 'တိုက်ရိုက် ဒီမိုကရေစီ' (direct democracy) မဟုတ်ပါဘူး။

**ရွေးကောက်ပွဲတွေ ကြည့်ပါ**

ဘယ်နိုင်ငံက ဘယ်ပြည်သူတွေမှ နေ့စဉ် တိုင်းရေးပြည်ရာကိစ္စတွေမှာ အချိန်ပြည့် ပါဝင်လုပ်ဆောင်ခြင်း မပြုနိုင်ပါဘူး။ အဲဒီလို ကိုယ်တိုင် အချိန်ပြည့် မလုပ်နိုင်တဲ့အတွက် ကိုယ်စားဆောင်ရွက်မယ့်သူတွေကို မဲပေး ရွေးချယ်ခဲ့ကြတာ ဖြစ်တယ်။ နိုင်ငံရေးသမားတို့၊ နိုင်ငံရေးပါတီတို့ဆိုတာ အဲဒါကြောင့် လိုအပ်ခဲ့ရတာ ဖြစ်တယ်။ 'လိုချင်ရင် ကိုယ်တိုင်လုပ်ယူ' ဆိုရင် နိုင်ငံရေးသမားနဲ့ နိုင်ငံရေးပါတီတွေရှိဖို့ ဘယ်လိုအပ်တော့မှာလဲ။ မြန်မာတွေ ဘယ်လောက်နိုင်ငံကြီးသားပီသပြီး နိုင်ငံရေးတာဝန် ကျေသလဲ ဆိုတာ သိချင်ရင် ရွေးကောက်ပွဲကျင်းပချိန်တွေကို ပြန်ကြည့်လိုက်ပါ။

**မဲပေးသူ ရာနှုန်း**

အထက်မှာပြောခဲ့တဲ့ ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွေမှာ ဖြစ်ဖြစ် ဒီမိုကရေစီမိခင်နိုင်ငံကြီးတွေမှာ ဖြစ်ဖြစ် ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါမှာ မဲဆန္ဒပေးသူ အရေအတွက် ၄၀ ရာခိုင်နှုန်း ရှိတယ်။ ၈၀ ရာခိုင်နှုန်း ရှိတယ်ဆိုတာမျိုး တစ်ခါမှ မကြုံဖူး၊ မကြားဖူးပါဘူး။ သူတို့ဆီမှာ အလွန်ဆုံး ရှိမှ ၆၀ ရာခိုင်နှုန်းကျော် ၇၀ ရာခိုင်နှုန်းလောက်ပါပဲ။ မြန်မာပြည်မှာ ကျင်းပခဲ့သမျှ ရွေးကောက်ပွဲတွေမှာဆိုရင် ဖဆပလခေတ် ရွေးကောက်ပွဲတွေတောင် ၇၀ ရာခိုင်နှုန်းကျော် ရှိခဲ့တယ်။ အဲဒီနောက်ခေတ် ရွေးကောက်ပွဲအားလုံးမှာတော့ လာရောက်မဲပေးသူ ရာခိုင်နှုန်း ၈၀ ကျော်၊ ၉၀ ကျော် ရှိခဲ့တာချည်းပါပဲ။



**ခါတော်မီ ဂုရုကြီးတွေ**

ဒီအချက်တွေက မြန်မာပြည်သူတွေဟာ ဘယ်လောက် တာဝန်ကျေတယ်၊ ဘယ်လောက် နိုင်ငံရေးအသိ ရှိတယ်ဆိုတာကို ပြဆိုတဲ့ ညွှန်းကိန်းတွေပဲ မဟုတ်ဘူးလား။ ဟောကြ၊ ပြောကြသူတွေနဲ့ ဒီမိုကရေစီ ဖတ်စာအုပ် ရေးကြသူတွေအားလုံး ပြည်သူလူထုကို အထင်သေး အမြင်သေးတဲ့ စကားမျိုးတွေ မပြောစေချင်ဘူး။ တကယ်တတ်သိ နားလည်သူတွေက ပြောရင် တော်သေးတယ်။

ဆိုရှယ်လစ်ခေတ်တုန်းက အာဏာပါဝါရှိတဲ့ ဆိုရှယ်လစ်ကြီးတွေကို ချက်နှာချိုသွေး တည့်အောင်ပေါင်းပြီး ခေတ်ပျက် ဆိုရှယ်လစ်သူဌေး လုပ်ခဲ့သူတွေက အစိုးရက ဒီမိုကရေစီလည်း ပြောလိုက်ရော ချက်ချင်း ဆိုရှယ်လစ်မျက်နှာဖုံး ချွတ်လိုက်ပြီး ခါတော်မီ ဒီမိုကရေစီဂုရုကြီးတွေ အနေနဲ့ ဟောကြပြောကြ၊ ဒီမိုကရေစီ ဖတ်စာအုပ်ကြီးတွေရေးကြ လုပ်လာကြတယ်။ အဲဒီလူတွေက မြန်မာတွေ ဉာဏ်ရည်နိမ့်ကျသေးတယ်၊ ဒီမိုကရေစီအသိ မရှိသေးဘူး၊ လူတိုင်း လူတိုင်းမှာ ဒီမိုကရေစီအသိ မြင့်မားနေမှ ဒီမိုကရေစီနဲ့ ထိုက်တန်တယ်လို့ ပြောတာတွေ ကြားရတာကတော့ တော်တော် နားကြားပြင်းကပ်လှတယ်။

**မြောင်းထဲ ရောက်သွားမယ်**

နိုင်ငံတော်သမ္မတ အပါအဝင် ထိပ်တန်းခေါင်းဆောင်တွေ အားလုံးသိလိုက သူတို့အားလုံးဟာ ပြည်သူလူထုက ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာကြောင့် ပြည်သူ့ဆန္ဒကို အမြဲတမ်းလေးစား လိုက်နာရမယ်လို့ အကြိမ်ကြိမ် ပြောနေကြရတယ်။ ဒါဟာ ပြည်သူကို ဦးထိပ်ထားရမယ်ဆိုတဲ့သဘော ဖြစ်တယ်။ ပြည်သူ့အတွက် လုပ်ဆောင်သူတွေကို အမြဲ ထောက်ခံအားပေးမှာ ဖြစ်တယ်။ ပြည်သူ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

သဘောထားကို ဂရုမစိုက်ရုံမက ပြည်သူကို နှိမ့်ချစော်ကားတဲ့ အပြုအမူမျိုး၊ လုပ်ရပ်မျိုး လုပ်ဆောင်လာရင်တော့ ပြည်သူက ဒဏ်ခတ်တာခံရပြီး မြောင်းထဲရောက်သွားမှာ သေချာတယ်လို့ သတိပေး ပြောလိုက်ချင်ပါတယ်။

၂၈၊ ၁၀၊ ၂၀၁၁။



# ဒဏ်ကြီးမဟုတ်ပါဘူး၊ ဒဏ်လေးပါ

ဦးသိန်းစိန်အစိုးရသစ် တာဝန်ယူချိန်ကစပြီး ထောက်ခံသလား၊ မထောက်ခံဘူးလား ဆိုတဲ့မေးခွန်းကို လူတိုင်းက မေးကြတယ်။ သတင်းမီဒီယာသမားများကလည်း မေးကြတယ်။ အထူးသဖြင့် ပြည်ပမီဒီယာတွေက ပိုမေးကြတယ်။

**ရှုတိုင်ခွဲသူဖြစ်လို့**

ကိုယ်တိုင်က ဒီနယ်ပယ်သား ဖြစ်တဲ့အတွက် ကိုယ်ချင်းစာစိတ်နဲ့ မေးသမျှ ဖြေပါတယ်။ မူတစ်ခု အခိုင်အမာကိုင်စွဲ ရပ်တည်တဲ့ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်တာကြောင့် ပိုပြီးသိချင်ကြတဲ့သဘော ဖြစ်လိမ့်မယ်ယူဆတယ်။ ဘာစာရေးရေး ကိုင်စွဲထားတဲ့ မူအတိုင်းပဲ ရေးတယ်။ သတင်းသမားမို့ သတင်းရေးသလို ‘လိုတိုရှင်း’ ရေးတယ်။ စကားပြောတဲ့အခါမှာလည်း ရှင်းရှင်းပြတ်ပြတ်ပဲ ပြောတယ်။ ဝေ့လည်ချောင်ပတ် ဘယ်တော့မှ မလုပ်ဘူး။ ဘယ်သူ့မျက်နှာမှလည်း ကြည့်မနေဘူး။ နိုင်ငံရေးသမားတွေလို အလိမ္မာဖက် မပြောတတ်လို့ စိုးရိမ်တဲ့ စာဖတ်ပရိသတ်များကတောင် မကြာခဏ လှမ်းပြီး သတိပေးကြတယ်။

**ခေါင်းမာသူ**

သတိပေးသူတွေကို ကျေးဇူးတင်ပေမဲ့ မူနဲ့ပတ်သက်ရင်တော့ နည်းနည်းမှ အထိမခံဘူး။ ဒါကြောင့် လူအတော်များများက ‘ခေါင်းမာသူ’ လို့ သတ်မှတ်ကြတယ်။ တကယ်တော့ ခေါင်းမာတာ မဟုတ်ပါဘူး။ ရှေ့သိမ်းလိုက် ဘသားယိမ်းလိုက် မလုပ်တာပါ။ အစိုးရက ရွေးကောက်ပွဲလုပ်မယ်လို့ ကြေညာလိုက်ချိန်ကစပြီး ဖြည်းဖြည်းချင်း လျှော့ချသွားတာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့တို့၊ မရှိတာနဲ့စာရင် ရှိတာက ကောင်းတာပေါ့တို့ ဆိုတဲ့အသံတွေ ကျယ်လောင်လာခဲ့တယ်။ နောက်တော့ အားလုံး ယိမ်းဝင်ကကြတယ်။ အဲဒီအချိန်မှာ 'ယိမ်းကတဲ့အထဲ ဝင်မပါဘူး'ဆိုတဲ့ ခေါင်းစဉ်နဲ့ အတိအလင်း ရေးခဲ့တယ်။ တကယ်လည်း ဘာမှ မရေးခဲ့ဘူး။ ကိုယ့်မူအတိုင်း ရပ်ခဲ့တယ်။

**သတင်းသမားမူနဲ့ နိုင်ငံရေးသမားမူ**

သတင်းသမားရဲ့မူက နိုင်ငံရေးသမားရဲ့မူနဲ့ မတူဘူး။ နိုင်ငံရေးသမားရဲ့ မူဆိုတာက သူ့ပါတီက ချမှတ်ပေးတာ ဖြစ်တယ်။ ပါတီကို အမြဲ နာခံရတယ်။ ပါတီကဖြူရင် လိုက်ဖြူရပြီး ပါတီကမည်းရင် လိုက်မည်းရတယ်။ မလိုက်နာနိုင်ရင် ပါတီကထွက်ပြီး အပြင်မှာ ကိုယ့်သဘောနဲ့ကိုယ် လုပ်နိုင်တယ်။ ပါတီထဲမှာ ရှိနေသမျှ ပါတီကို နာခံရတယ်။ ဒါ နိုင်ငံရေး ပါတီတိုင်း ချမှတ်ထားရမြဲ စည်းကမ်း ဖြစ်တယ်။ ဒီလိုစည်းကမ်းမျိုး မရှိရင် ပါတီပျက်မှာပဲ။ တစ်ယောက်တစ်မျိုး ထင်ရာတွေ လုပ်ကုန်ကြမှာပေါ့။

**အတွင်းစိတ်က သတ်မှတ်တာ**

သတင်းသမားမူဆိုတာ ပါတီ အဖွဲ့အစည်းတစ်ခုက ချမှတ်တာ မဟုတ်ဘူး။ ဘယ် ပြင်ပ ပုဂ္ဂိုလ်ကမှ ညွှန်ကြားတာလည်း မဟုတ်ဘူး။ သတင်းသမား ကိုယ်တိုင်ရဲ့ အတွင်း အဇ္ဈတ္တစိတ်ကလေးက သတ်မှတ်တာ ဖြစ်တယ်။ အဲဒီ အဇ္ဈတ္တစိတ်ကလေး(conscience)ကပဲ သူ့ကို တည်ဆောက် ပေးတယ်။ သူ့ အတွက် အမှားအမှန်၊ အကောင်းအဆိုးကို ညွှန်ပြပေးတယ်။ လောကလူသား မှန်သမျှ သူတို့ရဲ့ အဇ္ဈတ္တစိတ်ကလေးက ဖန်တီးပေးလိုက်တဲ့ အတိုင်း လိုက်ပါ လုပ်ဆောင်နေကြရတာ ဖြစ်တယ်။

**ပြည်သူက ပြဋ္ဌာန်းပေးလိမ့်မယ်**

သတင်းသမားဟာ သူ့အဇ္ဈတ္တကလွဲပြီး ဘယ်သူ့အမိန့်ကိုမှ မနာခံဘူး။ ဘယ်သူ့ ညွှန်ကြားချက်ကိုမှလည်း စောင့်ဆိုင်းနေစရာ မလိုဘူး။ သူ့အတွင်းစိတ်ကလေးက ဖန်တီးပေးတဲ့မူကို ကိုင်စွဲပြီး လုပ်စရာရှိတာ လုပ်ရတယ်။ ဘယ်အချိန်မှာ ဘာလုပ်သင့်တယ်ဆိုတဲ့ အချက်ကို သူ့ ပြည်သူလူထုက ပြဋ္ဌာန်းသတ်မှတ်လိမ့်မယ်။ သတင်းသမားဟာ သူ့အဇ္ဈတ္တ နဲ့ သူ့ ပြည်သူလူထုကလွဲပြီး ဘယ်သူ့ကိုမှ နာခံစရာ မလိုဘူး။ ဘယ်သူ့ ချက်နာကိုမှလည်း ထောက်စရာမလိုဘူး။ ရေးစရာရှိရင် ရဲရဲရေးပြီး ပြောစရာ ရှိအပ်ရင် ပြတ်ပြတ်သားသား ပြောရမယ်။



**ဘယ်အာဏာရှင်မှ မကြိုက်**

သိချင်လို့ မေးလာကြသူအားလုံးကို ရှင်းရှင်းပြတ်ပြတ်ပဲ ဖြေပါ မယ်။ အာဏာရှင်စနစ် မှန်သမျှ တစ်ပါတီ အာဏာရှင်စနစ်ကိုလည်း မထောက်ခံဘူး။ စစ်အာဏာရှင်စနစ်ကိုလည်း မထောက်ခံဘူး။ ကလိတိတိ၊ ရိတိတိ မေးချင်သူတွေကိုလည်း ဒီကနေ အတိအလင်း ဖြေလိုက်ပါမယ်။ ကွန်မြူနစ်အာဏာရှင်စနစ်ကိုလည်း မကြိုက်ပါဘူး။ ဒါပေမဲ့ အောက်ခြေက ဆင်းရဲသားလူတန်းစားတွေ သွေးစုပ်မခံရအောင် အကာအကွယ်ပေးတဲ့ ကားလ်မတ်စ်ရဲ့ အတွေးအခေါ်၊ အယူအဆတွေကိုတော့ ဒီနေ့အထိ နှစ်နှစ်ကာကာ ယုံကြည်နေဆဲ ဖြစ်တယ်။

**စောင့်ကြည့်ဆဲ**

ကိုယ့်အဇ္ဈတ္တက ပြဋ္ဌာန်းပေးလိုက်တဲ့ မူအတိုင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် အစိုးရကို မထောက်ခံခဲ့သလို သူ့ကိုဆက်ခံတဲ့ အစိုးရတွေကိုလည်း မထောက်ခံဘူး။ အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မထောက် ခံဘူး ဆိုတာလည်း သတင်းမီဒီယာတွေကတစ်ဆင့် အတိအလင်း ပြောခဲ့ တယ်။ ဦးသိန်းစိန် အစိုးရကိုလည်း မထောက်ခံဘူး။ စောင့်ကြည့်ဆဲ အဆင့်ပဲ ရှိသေးတယ်။

**ထမဆုံးမိန့်ခွန်း**

သမ္မတဖြစ်လာတဲ့ ဦးသိန်းစိန်က ပထမဆုံးကျင်းပတဲ့ ပြည်သူ့ လွှတ်တော် အစည်းအဝေးမှာ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို လေးစားရမယ်။ ပြည်သူ တွေ လိုချင်တဲ့ ဒီမိုကရေစီ စနစ်ကို မဖြစ်မနေ အကောင်ထည်ဖော် ဆောင်ရွက်သွားမယ်။ ပြည်တွင်း ငြိမ်းချမ်းရေး ရအောင် အမြန်ဆုံး ဆောင် ရွက်မယ်။ ဒီမိုကရေစီလိုလားသူ အားလုံးနဲ့လည်း ပူးပေါင်းဆောင်ရွက်နိုင် အောင် လုပ်ဆောင်မယ်။ နိုင်ငံတည်ဆောက်ရေးမှာ အရေးပါတဲ့ စတုတ္ထ မဏ္ဍိုင် သတင်းမီဒီယာ လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီမယ်



www.burmeseclassic.com

www.burmeseclassic.com

စတဲ့ စကားများကို ပြောသွားခဲ့တယ်။ ဒီစကားတွေဟာ အပေါင်းလက္ခဏာ ဆောင်တယ်လို့ ချက်ချင်း စိတ်ထဲမှာ မှတ်သားထားလိုက်တယ်။

### ကြိုဆိုကြောင်း ရေးခဲ့၊ ပြောခဲ့

အဲဒီနောက် ဆက်တိုက်ဆိုသလို ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံတယ်။ မတူတာတွေ အသာထားပြီး တူတာတွေ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူခဲ့ကြတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းချက် ထုတ်ပြန်တယ်။ ပြည်ပရောက်သွားသူတွေ ပြန်လာနိုင်အောင် ဆောင်ရွက်ပေးမယ်လို့ အတိအလင်းကြေညာတယ်။ ဒါတင်မက ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်သေးသူတွေနဲ့ပါ လက်တွဲဆောင်ရွက်နိုင်အောင် ညှိနှိုင်းဆွေးနွေးဖို့ တံခါးဖွင့်ထားတယ်လို့ သမ္မတ ကိုယ်တိုင်က ပြောကြားခဲ့တယ်။ ကိုယ်တိုင်က အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ခံနိုင်သေးသူတွေထဲက တစ်ယောက်ဖြစ်လေတော့ ဒီစကားကို ကြိုဆိုတယ်။ ကြိုဆိုကြောင်း အတိအလင်းရေးခဲ့၊ ပြောခဲ့တယ်။

### တိုးတက်မှုလို့ ပြောနိုင်

အပေါင်းလက္ခဏာဆောင်ရုံမက တိုးတက်မှုလို့ပါ ပြောနိုင်တဲ့အချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတ ဦးသိန်းစိန်တို့ရဲ့ တွေ့ဆုံမှု ဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံကြီးရှေ့မှာ ခေါင်းဆောင်နှစ်ဦး ယှဉ်တွဲနေတဲ့ပုံကို ရုပ်မြင်သံကြားမှာ ဖျတ်ခနဲ မြင်တွေ့လိုက်ရတော့ ပြည်သူတွေအားလုံး အံ့အားသင့်ပြီး ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြတယ်။ နောက်နေ့မနက်ထွက်တဲ့ သတင်းစာတွေရော၊ ဂျာနယ်တွေပါ ဝယ်မရတဲ့အထိ ဖြစ်သွားတယ်။ ပြည်သူအားလုံး ဝမ်းသာ ကြိုဆိုကြတယ်။

### အရှိကို အရှိအတိုင်း

အဲဒီနောက်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းနဲ့ ဓာတ်ပုံတွေကို ဂျာနယ်တွေမှာ ဖော်ပြခွင့်ရလာတယ်။ ဦးဝင်းတင်ရဲ့စာအုပ်တွေတစ်အုပ်ပြီးတစ်အုပ် ထုတ်ဝေခွင့်ရလာလို့ လူတွေ အလုအယက် ဝယ်ဖတ်ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်တာဗျူးတွေ ထည့်ခွင့်သာမက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆောင်းပါးကို ဖော်ပြခွင့်ရလာတယ်။ ဒါတွေအားလုံးဟာ လွန်ခဲ့တဲ့ ၆ လကျော်က အိပ်မက်တောင် မမက်နိုင်တဲ့အရာတွေ ဖြစ်တယ်။ အပေါင်းလက္ခဏာ ဆောင်တာတွေချည်း ဖြစ်တယ်။ သတင်းသမားဆိုတာ အရှိကို အရှိအတိုင်း တင်ပြရတယ်။ ဒါတွေဟာ သက်တွေ့ မြင်တွေ့နေရတဲ့ အရှိတရားတွေဖြစ်ပြီး အကောင်းဘက်ကို ဦးတည်နေကြတယ်။

### အနုတ်လက္ခဏာ ဆောင်တာတွေ

အကောင်းဘက်ကို ဦးတည်နေတာ ဖြစ်တယ်။ အကောင်းဘက်ကို ရောက်သွားတာတော့ မဟုတ်သေးဘူး။ မဖယ်ရှားသေးတဲ့ အနုတ်လက္ခဏာဆောင်တာတွေ ရှိနေသေးတယ်။ တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲတွေပြန်ဖြစ်နေတဲ့ ကိစ္စ၊ ၈၈ လူငယ်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် လူ့ပေါင်းများစွာကို ပြန်မလွှတ်သေးတဲ့ကိစ္စ၊ တောင်သူ လယ်သမားတွေရဲ့ လယ်ယာမြေတွေ အကြောင်းအမျိုးမျိုးနဲ့ သိမ်းယူကြတဲ့ကိစ္စ၊ မြစ်ဆုံရေကာတာကိစ္စ၊ တိုင်းပြည်ရဲ့ အဖိုးတန် သယံဇာတတွေကို ပုံစံအမျိုးမျိုးနဲ့ 'အေးမားပြ' တိုက်ယူနေတာတွေကို ကာကွယ်တားဆီး မလုပ်နိုင်သေးတဲ့ကိစ္စ စတဲ့ကိစ္စတွေ အတော်များများ ကျန်ရှိနေသေးတယ်။

### အတဲခတ်ဆဲ

ဒီကိစ္စတွေကို အမြန်ဆောင်ရွက်ဖို့ တိုက်တွန်း နှိုးဆော်ရမယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတ ဦးသိန်းစိန်တို့ဟာ ဒီအရေးကိစ္စတွေကို ဆွေးနွေး ညှိနှိုင်းနေကြတယ်လို့ ယူဆတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အကဲခတ်နေကြပုံရတယ်။ အကဲခတ်ဖို့ လိုအပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ကလည်း အနှစ် ၂၀ လုံးလုံး ဆန့်ကျင်ဘက်မှာ ရှိနေတဲ့သူတွေက ရုတ်တရက် ချက်ချင်းကြီး ပြောင်းလဲလာတယ်ဆိုတာ သံသယဖြစ်မှာပဲ။ ဒါ သဘာဝကျတယ်ဆိုတာကို တစ်ဖက်က နားလည်ပေးသင့်တယ်။ အလားတူပဲ သမ္မတ ဦးသိန်းစိန်အစိုးရဟာ အရပ်သားအစိုးရအဖြစ် အသွင်သဏ္ဌာန် ပြောင်းလဲလာပေမဲ့ သူတို့ရဲ့ မူလဇာစ်မြစ်ဟာ နှစ်ပေါင်း ၅၀ လုံးလုံး အုပ်ချုပ်လာခဲ့တဲ့ စစ်အစိုးရဆိုတာ နားလည်သဘောပေါက်ထားကြရမယ်။





www.burmeseclassic.com

www.burmeseclassic.com

**သံသယစိတ်နဲ့**

ဦးသိန်းစိန်ကိုယ်တိုင်က အရင်အစိုးရအဖွဲ့မှာ ဝန်ကြီးချုပ် ဖြစ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး ဖြစ်တယ်။ စစ်တပ်များရဲ့ သဘောသဘာဝကိုလည်း နားလည် ထားကြဖို့ လိုတယ်။ စစ်တပ်ရဲ့ သဘာဝကိုက လုံခြုံရေးကို အဓိက ဦးစားပေးတယ်။ ဘယ်ကိစ္စမျိုးမဆို လုံခြုံရေးမျက်စိနဲ့ ကြည့်တယ်။ ချဉ်းကပ်လာသူ မှန်သမျှကို မသင်္ကာတဲ့အကြည့်နဲ့ ကြည့်တယ်။ ရန်သူ ဖြစ်နေမလားဆိုတဲ့ သံသယစိတ်နဲ့ စစ်ဆေး စမ်းသပ်တယ်။ ရာနှုန်းပြည့် စိတ်ချရမှ သူတို့နား အကပ်ခံတယ်။ ဒါ သူတို့ရဲ့ သဘာဝပဲ။ စစ်မြေပြင်မှာ ဒီလိုမလုပ်ရင် ချေမှုန်းခံရမှာ ဖြစ်တယ်။ စစ်တပ်က ပြည်သူတွေကြားထဲ ဝင်ရောက်နေထိုင်ပြီး ပြည်သူတွေရဲ့အရေးကို ဆောင်ရွက်ရာမှာ စစ်မြေပြင် မှာ ကျင့်သုံးသလို ကျင့်သုံးလို့ မရဘူးဆိုတာ အခုမှ နားလည်စ ပြုလာနိုင် ဖြစ်တယ်။

**ထိလွယ် ရှလွယ်**

ဒီလို နားလည်စ ပြုလာတာကို ကြိုဆိုပြီး ပိုနားလည်လာအောင် ပြည်သူလူထုက ကူညီရမှာ ဖြစ်တယ်။ သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်း စုကြည်တို့ တွေ့ဆုံဆွေးနွေးမှုကို အချိန်နည်းနည်းယူပြီး စောင့်ကြည့်ရမယ်။ ခုအချိန်ဟာ အင်မတန်မှ နုနယ်သိမ်မွေ့တဲ့ ထိလွယ်ရှလွယ်အခြေအနေ ဖြစ်တယ်။ အကောင်းဘက်ကို ရောက်သွားနိုင်သလို ရုတ်တရက် ချက်ချင်း အဆိုးဘက်ပြောင်းပြီး ဒုံရင်း ပြန်ဖြစ်သွားနိုင်တယ်။ နှစ်ဖက်စလုံးက ခြေလှမ်းမမှားအောင် သတိကြီးစွာထားပြီး ဆောင်ရွက်ကြဖို့ လိုတယ်။ ဒုံရင်းပြန်ရောက်သွားရင် ထိခိုက်နစ်နာမှာက ပြည်သူတွေ ဖြစ်တယ်။

**ခဏ စောင့်ကြည့်**

ဒုံရင်း ပြန်မရောက်အောင် တားနိုင်တာလည်း ပြည်သူတွေ ဖြစ်တယ်။ ဒီမိုကရေစီစနစ်ကြီး အောင်မြင်အောင် တည်ဆောက်နိုင်တာကလည်း ပြည်သူတွေ ဖြစ်တယ်။ ပြည်သူတွေရဲ့ ပြဿနာချက်ကို အကောင်အထည်ဖော်ဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တို့က ကြိုးစားနေကြတာ ဖြစ်တယ်။

သူတို့နှစ်ယောက် အခုမှ တစ်ကြိမ်ပဲ တွေ့ရသေးတယ်။ တစ်ကြိမ် တွေ့ရုံနဲ့ 'ဟပ်ချလောင်း'ဆိုပြီး ချက်ချင်း ပြောင်းမသွားနိုင်ဘူး ဆိုတာ



နားလည်ပေးသင့်တယ်။ သူတို့ကို အချိန်နည်းနည်း ပေးသင့်တယ်။ ခဏလေး စောင့်ကြည့်သင့်တယ်။

**ခဏကြီး၊ ခဏလေး**

ခဏလေးဆိုတာ နှစ် ၅၀ ကြာတဲ့ ခဏကြီးကိုပြောတာ မဟုတ်ပါဘူး။ ခဏကြီးကတော့ ရှည်ကြာလွန်းပြီး ခါးသီးလှပါတယ်။ ရှေ့တိုးမလား၊ နောက်ဆုတ်မလား၊ ပြောင်းမလား၊ မပြောင်းဘူးလား ဆိုတာကို 'စံသုံးခု' နဲ့ ချိန်ထိုးကြည့်နိုင်တယ်။ (၁) ထောင်ထဲကလူတွေ လွှတ်၊ မလွှတ်ဆိုတဲ့ စံ၊ (၂) တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုတဲ့ စံ၊ (၃) မြစ်ဆုံတာတမံကိစ္စ ရပ်၊ မရပ်ဆိုတဲ့ စံ။

**သုံးချက်စလုံး ဆောင်ရွက်ဆဲ**

ဒီ စံသုံးခုအနက် ပထမအချက် လွှတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို လွှတ်တော်က ထောက်ခံပြီးသား ဖြစ်တယ်။ တပ်မတော်သား ကိုယ်စားလှယ် များကပါ ထောက်ခံတယ်။ တပ်မတော်သားဆိုတာ အထက်အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာရတာ ဖြစ်တဲ့အတွက် တပ်မတော်သား ကိုယ်စား လှယ်က ထောက်ခံတယ်ဆိုတာဟာ တပ်မတော်တစ်ခုလုံးက ထောက်ခံ တယ်လို့ပဲ မှတ်ယူနိုင်တယ်။

ဒုတိယအချက် ငြိမ်းချမ်းရေးစံလည်း ငြိမ်းချမ်းရေးကမ်းလှမ်းချက် ထုတ်ပြန်ပြီး ဆောင်ရွက်နေတာ တွေ့ရတယ်။ တတိယ မြစ်ဆုံကိစ္စလည်း တန့်ကွက်သူ ကန့်ကွက်၊ ဆက်လုပ်မှာပဲဆိုတဲ့ အခြေအနေကနေပြီး လွှတ် တော်ကို တင်ပြ ဆွေးနွေးပြီးမှ ဆက်လုပ်ပါ့မယ်လို့ လေသံပြောင်းသွား တယ်။

**နည်းနည်း အချိန်ပေးပါ**

ဒီအချက်တွေကို လုပ်၊ မလုပ် မကြာမီမှာပဲ အဖြေသိရမယ်လို့ ယူဆတယ်။ ပြည်သူ့ဆန္ဒကို လျစ်လျူရှုပြီး ဒီအချက်အားလုံးကို ငြင်းပယ် မယ်ဆိုရင်တော့ ပြည်သူတွေက ကောင်းကောင်းကြီး ဒဏ်ခတ်မှာ သေချာ ပါတယ်။ ပြည်သူ့စွမ်းအား(People Power)ကို အကြွင်းမဲ့ယုံတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ခဏလေး စောင့်လိုက်ပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတ ဦးသိန်းစိန်တို့ကို နည်းနည်းလေး အချိန်ပေးလိုက်ပါ။ ခဏကြီး မဟုတ်ပါဘူး။ ခဏလေးပါ။

၅၊ ၁၀၊ ၂၀၁



# အကျောရှင်အနံ့အသက်တွေ ကင်းရှင်းစေဖို့

'မိကျောင်းမင်း ရေးခင်းပြသလို' ဖြစ်မှာတော့ စိုးရိမ်ရတယ်။ ဒါပေမဲ့ 'ညောင်ရှိ သတိဖြစ်ခဲ' မဖြစ်ဖို့အတွက် ရေးသင့်ရေးထိုက်တာလေးတွေတော့ ရေးပါရစေ။ ဒီလိုရေးဖို့အတွက် စာနယ်ဇင်းသမားဆိုတာ ရှိနေရတာ မဟုတ်လား။

**နာထူးကြီးလေ ဇိမ်မရှိလေ**

ခေါင်းဆောင်တွေဆိုတာက နေ့စဉ်နဲ့အမျှ စားချိန်၊ အိပ်ချိန်မှာ ဆောင် တိုင်းရေးပြည်ရေးတွေ စဉ်းစားရင်းနဲ့ စားကြ၊ အိပ်ကြရတာပါ။ နာထူးကြီးလေ ဇိမ်မရှိလေလို့တောင် ဆိုနိုင်တယ်။ အရေးကြီးကိစ္စ မှန်သမျှ ကိုယ်တိုင်ဆုံးဖြတ်ရတာ ဖြစ်လေတော့ တာဝန်သိပ်ကြီးပြီး စိုးရိမ်ကြောင့်ကြ ရတာတွေ သိပ်များတယ်။ ကိစ္စကြီးတွေကို ခေါင်းထဲမှာထည့်ထားပြီး စက္ကန့်နဲ့အမျှ စဉ်းစားခန်းထုတ်နေရတာကြောင့် တော်ရုံကိစ္စလေးတွေကို 'သတိမမူ ဂူမမြင်' ဖြစ်နေတတ်တယ်။ အဲဒီလိုအခါမျိုးမှာ သတင်းစာတွေကို အားကိုးအားထား ပြုရတယ်။ စဉ်းစားရလွန်းလို့ ခေါင်းတွေပူလာတဲ့အခါ သတင်းစာတွေကို လှန်လှောကြည့်ရင်း ခေါင်းအေးအောင် လုပ်ကြရတယ်။

**အမင်းစား ရေသောက်သလို**

သတင်းစာဆိုတာက လူ့လောကအတွင်း ဖြစ်ပျက်သမျှ ကိစ္စကြီးငယ် မှန်သမျှ ရေးသားဖော်ပြကြတာ ဖြစ်လေတော့ သာမန်အချိန်တွေမှာ သတိမထားမိတဲ့ ကိစ္စလေးတွေကို သတိထားမိသွားတတ်တယ်။ အဲဒါကြောင့် တိုင်းရေးပြည်ရေး ဆောင်ရွက်တဲ့ပုဂ္ဂိုလ်မှန်သမျှ သတင်းစာတွေကို နေ့စဉ် အမင်းစား ရေသောက်တဲ့အလုပ်တွေ လုပ်သလို တာဝန်တစ်ရပ်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သဘောထားပြီး မဖတ်မဖြစ် ဖတ်ဖို့ လိုအပ်တယ်။ သတင်းစာမဖတ်သူ ဟာ ဘယ်နည်းနဲ့မှ တာဝန်ကျေတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် မဖြစ်နိုင်ဘူး။

**ခွဲခြမ်းစိတ်ဖြာပေးရ**

သတင်းစာတွေကလည်း စတုတ္ထမဏ္ဍိုင်ပီသဖို့အတွက် ခေါင်းဆောင် တွေ အပါအဝင် တိုင်းသူပြည်သားအားလုံး သိရှိသင့်တဲ့၊ လုပ်ကိုင်ဆောင်ရွက် သင့်တဲ့ ကိစ္စမှန်သမျှကို ကိစ္စကြီး၊ ကိစ္စငယ် မခွဲခြားဘဲ ဖော်ထုတ်ရေးသား ကြဖို့ လိုအပ်တယ်။ အကြောင်းအရာအလိုက် ဆစ်ပိုင်းပြီး ခွဲခြမ်းစိတ်ဖြာ ပြသင့်တဲ့အခါလည်း ပြရတယ်။ သတင်းစာဖတ်သူတိုင်းဟာ အားလပ်နေသူ တွေ မဟုတ်ကြဘူး။ သတင်းစာက ခွဲခြမ်းစိတ်ဖြာပြတဲ့အတွက် အချိန်ကုန် သက်သာပြီး အများကြီး အထောက်အကူ ဖြစ်စေတယ်။ ဒါကြောင့် တာဝန် သိတဲ့ သတင်းစာသမားတိုင်း ဒီကိစ္စကို အထူးအလေးထား လုပ်ဆောင်ကြ ရတယ်။

**ကျန်နေတဲ့ အားအင်ကလေးနဲ့**

အသက် ၇၀ ကျော်ဆိုတာ မြန်မာလူမျိုးတို့ရဲ့ သက်တမ်းအရ ပြောရင် နောက်ဆုံးဆယ်စုနှစ်ထဲ ရောက်နေပြီလို့ ပြောရမှာပါ။ ကွေးသော လက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ အချိန်မရွေး ဖြုတ်ခနဲ ကြွေ သွားနိုင်တယ်။ ဒီအချိန်မှာ ပိုက်ဆံရဖို့၊ နာမည်ကြီးဖို့တို့ မလိုတော့ပါဘူး။ ကျန်ရှိနေသေးတဲ့ အားအင်ကလေးနဲ့ တိုင်းကျိုးပြည်ကျိုး အများအကျိုး သယ်ပိုးထမ်းရွက်လိုတဲ့စိတ်ပဲ ရှိပါတော့တယ်။ ဒီစိတ်ကလေးနဲ့ပဲ ရေးသင့် တယ် ထင်တာလေးတွေ ရေးနေပါတယ်။ အခု ရေးမယ့်ကိစ္စကလည်း ဘယ်သူ့အပေါ်မှာမှ အမြင်မကြည်လင်လို့ မဟုတ်ပါဘူး။ 'ပညာရှိ သတိ ဖြစ်ခဲ' မဖြစ်စေချင်လို့ပါ။

**အာဏာရှင်စော် နံ**

သတင်းမီဒီယာတွေ နားထောင်၊ ဂျာနယ်တွေဖတ် လုပ်တဲ့အခါ တိုင်း သမ္မတကြီး ဦးသိန်းစိန် အပါအဝင် နိုင်ငံခေါင်းဆောင်တွေ နေ့စဉ်နဲ့ အမျှ ပြောကြားနေတဲ့ ဒီမိုကရေစီဆိုတဲ့ စကားသံတွေနဲ့ မအပ်စပ်တဲ့



စကားသံတွေလည်း ကြားကြားနေရတဲ့အတွက် ရေးဖြစ်တာပါ။ အဲဒီစကား သံတွေကတော့ . . .

'သမ္မတကြီး ညွှန်ကြားတဲ့အတိုင်း'

'သမ္မတကြီး ပြောကြားတဲ့အတိုင်း'

'သမ္မတကြီး ဆုံးဖြတ်တဲ့အတိုင်း'

ဆိုတဲ့အသံတွေ ဖြစ်တယ်။ ဒီစကားတွေက အရာရာကို သမ္မတကြီး တစ်ယောက်တည်းရဲ့ သဘောနဲ့ ဆုံးဖြတ်လုပ်ကိုင်နေတယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။ အစိုးရအဖွဲ့၊ အထူးသဖြင့် ဒီမိုကရေစီလမ်းကြောင်း လိုက်နေတဲ့ အစိုးရအဖွဲ့ကို ဂုဏ်သိက္ခာ ကျဆင်းစေတယ်။ အာဏာရှင် စနစ်အောက်မှာ ဆိုရင်တော့ နားလည်နိုင်တယ်။ ဒါပေမဲ့ ဦးသိန်းစိန်အစိုးရ ဟာ မဲဆန္ဒရှင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရ ဆိုတော့ အာဏာရှင်စော်နံတဲ့ ဒီစကားမျိုးတွေ မသုံးသင့်တော့ဘူး။

**အမြော်အမြင်ရှိသူ**

သမ္မတကြီး ဦးသိန်းစိန်ဟာ အမြော်အမြင်ရှိပြီး စိတ်နေသဘောထား ပြည့်ဝသူဖြစ်တယ်လို့ သိရှိထားပါတယ်။ ဒီမိုကရေစီစနစ် လိုလားသူလို့လည်း ယုံကြည်ပါတယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု ဆန်လွန်းပြီး အာဏာရှင်အနံ့အသက် ဆောင်းတဲ့ ဒီလို ချီးပင့်မြှောက်စား ပြောစကားမျိုးကို နှစ်သက်လိမ့်မယ်လို့ မထင်ဘူး။ အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်တို့၊ ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ် ချက်တို့ဆိုတဲ့ အသုံးအနှုန်းမျိုးကိုသာ ကျင့်သားရအောင် သုံးသင့်တယ်။

**အစ်ကြောင်းထပ်အောင် သုံး**

အစိုးရဘက်ကတင် ဒီစကားမျိုးသုံးနေတာ မဟုတ်ဘူး။ နိုင်ငံရေး ပါတီတွေဘက်ကလည်း ဒီစကားမျိုးကို အစ်ကြောင်းထပ်အောင် သုံးနေကြ တယ်။ ဆေးခန်းဖွင့်ပွဲလုပ်တာလည်း 'အန်တီစု ညွှန်ကြားချက်အရ'၊ ရေပုတ်တကျောင်းဖွင့် စာသင်တာလည်း 'အမေစု တာဝန်ပေးချက်အရ'၊ စာကြည့်တိုက်ဖွင့်တာလည်း 'အန်တီစု လမ်းညွှန်ချက်အရ'ဆိုတာမျိုးတွေ လည်း ကြားနေရတယ်။ ဒီစကားတွေ ကြားရတော့ တစ်ခေတ်တစ်ခါက ဘာလုံးပွဲနိုင်တာလည်း 'ဥက္ကဋ္ဌမော် ခေါင်းဆောင်မှုကြောင့်'၊ ရေတွင်း တွေ့တာလည်း 'ဥက္ကဋ္ဌမော်ကြောင့်'၊ မီးရထားလမ်း ဖောက်နိုင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com

'ဥက္ကဋ္ဌမော်ကြောင့်'ဆိုတဲ့အသံတွေ ညံနေအောင် ကြားခဲ့ရတာကို ဖြစ်
အမှတ်ရမိတယ်။

**အရိယာမဟုတ်**

ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ဉာဏ်ပညာကြီးသူ၊ စိတ်နှလုံး ဖြူစင်သန့်ရှင်းသူ၊ တရားရှိသူဖြစ်တယ်ဆိုတာ နည်းနည်းလေးမှ ယုံမှား သံသယ မရှိပါဘူး။ တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်တဲ့ နေရာမှာလည်း အံ့မခန်းလောက်အောင်ကို ဖြစ်ပါတယ်။ ဒါပေမဲ့ သမ္မတ ဦးသိန်းစိန်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ဆိုတာ အရိယာတွေ မဟုတ်ကြ ပါဘူး။ ပုထုဇဉ်တွေသာ ဖြစ်ကြတယ်။ ပုထုဇဉ်လူသားမှန်သမျှ ချီးပင့် မြှောက်စားမှုမှာ သာယာတတ်တယ်။ ကောင်းတဲ့စကားကို ကြားလိုတယ်။ ဂုဏ်ပြုခံရရင် ဝမ်းသာပီတိ ဖြစ်တတ်တယ်။ ဒါ သဘာဝ ဖြစ်တယ်။

**ငါမှ ငါ**

ချီးပင့်မြှောက်စားမှုက တစ်ဆင့်တက်ရင် ပုဂ္ဂိုလ်ကိုးကွယ်မှု ဖြစ်သွား တတ်ပါတယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု လွန်ကဲလွန်းရင် ကိုးကွယ်ခံရသူမှာ 'ငါမှ ငါ'ဆိုတဲ့ အတ္တစိတ် ကြီးထွားလာလေ့ ရှိတယ်။ အဲဒီအတ္တစိတ် အလွန် အကျွံ ကြီးမားသွားတဲ့အခါမှာ အာဏာရှင်စိတ် မလွဲမသွေ ဝင်ရောက်လာ တတ်ပါတယ်။ သမိုင်းမှာပေါ်ပေါက်ခဲ့တဲ့ အာဏာရှင်တွေရဲ့ သမိုင်းကို လေ့လာတဲ့အခါမှာ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု လွန်ကျူးရာက ဖြစ်ပေါ်လာတယ် ဆိုတာ တွေ့နိုင်တယ်။ ဒီမိုကရေစီကို ချစ်မြတ်နိုးသူတိုင်း ပုဂ္ဂိုလ်ရေး ကိုး ကွယ်မှုကို ရှောင်ရှားနိုင်အောင် အထူးသတိထားကြဖို့ လိုအပ်ကြောင်း သတိပေး ရေးသားလိုက်ပါတယ်။

၆၊ ၁၀၊ ၂၀၁



# ဆော့လေးချက်ခတ် ရွှေထီးဒါးကြီးဖွင့်နိုင်ဖို့

စာတွေရေးနေတာ နှစ်ပရိစ္ဆေဒ မနည်းတော့ဘူး။ ကိုယ့်အလုပ် နဲ့သာ ဝတ္တရားမပျက် လုပ်နေတာ၊ ရာနှုန်းပြည့် အားရကျေနပ်တယ်လို့ တော့ ဘယ်အခါမှ မရှိခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ဘယ်လောက်ပဲ ရေးရေး ဘာမှ အရာရောက်တယ်လို့ မခံစားရလို့ပဲ။

**အတိုင်းအဆမရှိ မေတ္တာတွေကြောင့်**

တစ်ခါတလေ စိတ်ပျက်လက်ပျက်နဲ့ 'ဟောရင်းသာ ပျံတော်မူလိမ့် မယ်'လို့တောင် ရေးမိသွားတယ်။ နှစ်ပေါင်း ၂၀ ကျော်အတွင်း ရေးခဲ့တဲ့ စာတွေ နည်းတာမဟုတ်ဘူး။ စုပြီးထုတ်တဲ့ စာအုပ်တွေတောင် ၄၀ ကျော်၊ ၅၀ နီးပါး ရှိနေပြီ။ ရေးရကျိုးနပ်တယ်လို့ ကျေနပ်အားရဖြစ်ရတာမျိုး မရှိ ဘူး။ အတိုင်းအဆမရှိ ကြီးမားတဲ့ စာဖတ်ပရိသတ် ပြည်သူလူထုရဲ့ မေတ္တာကို ရရှိခံစားနေရတာလေး တစ်ခုကြောင့်ပဲ အဆက်မပြတ် ရေးဖြစ် နေတာ။ အမှန်ပြောရရင် အချိန်မရွေး ကြုံတွေ့ရနိုင်တဲ့ အန္တရာယ်အသွယ် သွယ်ကို စဉ်းစားလိုက်တဲ့အခါ ရေးသင့်တယ်လို့တောင် မထင်ပါဘူး။

**ဆင်းခုတ်စားတောင် ရပါတယ်**

စာတွေအများကြီးရေးတော့ ပိုက်ဆံတွေ အများကြီးရနေတယ် ဟုတ်လားလို့ မေးစရာရှိပါတယ်။ မှန်ပါတယ်။ အများကြီးမဟုတ်ပေမဲ့ အသင့်အတင့် ရပါတယ်။ ဒါပေမဲ့ ဒီလောက်ငွေကြေးကတော့ မြန်မာပြည် မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောခဲ့သလို 'ထမင်းတစ်လုပ်တော့ ဆင်းခုတ်စားရင်တောင် ရပါတယ်'လို့ ပြောရမှာပါ။ ရှမ်းပြည်တက်ပြီး တော်ဖီလေးစိုက်လိုက်၊ လိမ္မော်လေးစိုက်လိုက် လုပ်နေတာ အန္တရာယ်ကင်း



www.burmeseclassic.com

www.burmeseclassic.com

ဘေးကင်း ဖြစ်ရုံမက ကျန်းမာရေးအတွက်ပါ အလွန်ကောင်းတာမို့ အဲဒီလိုနေချင်စိတ် အခုထိ ရှိနေသေးတယ်။ ဒါပေမဲ့ အတိတ်က ဝဋ်ကြွေး တွေက မကုန်သေးတော့ စာရေးတဲ့အလုပ်ကို မစွန့်နိုင်ဘူး။ ရန်ကုန်ဟာ ကိုယ့်အတွက် ပဋိရူပဒေသ မဟုတ်ပေမဲ့ မခွာနိုင်ဘူး။ တွယ်ကပ်ပြီး နေနေ ရဆဲ ဖြစ်တယ်။

**ရုတ်တရက် ပြောင်းသွား**

ကိုယ့်ဟာကိုယ် ပန်းပေါ်တင်ပြီး ထမ်းထားတဲ့တာဝန်မို့ မညည်းမညူ လုပ်ကိုင်နေပေမယ့် အားတက်သရော မရှိလှတာတော့ အမှန်ပဲ။ ဒါပေမဲ့ အခု နှစ်လ၊ သုံးလအတွင်းမှာ အခြေအနေတွေ ရုတ်တရက် ပြောင်းသွား တယ်။ နှစ်ပေါင်း ၅၀ လောက်အတွင်း ဘယ်တုန်းကမှ မကြားဖူးတဲ့ 'ပြည်သူလူထု'ဆိုတဲ့အသံတွေ ညံနေအောင် ကြားလာရပြီး အရင်က ထုတ်ဝေခွင့် အကြိမ်ကြိမ် ပယ်ချခံရတဲ့ ကိုယ့်စာအုပ်တွေ ထုတ်ဝေခွင့် ပြန်ရလာတယ်။ နေ့စဉ်ရေးနေတဲ့ စာမူတွေလည်း ပရိသတ်လက်ထဲ မြန်မြန်ဆန်ဆန် ရောက်လာတယ်။ ပုဂ္ဂလိက ကြေးမုံသတင်းစာတို့၊ လူထု သတင်းစာတို့ ခေတ်ကတည်းက အတူလက်တွဲလာခဲ့တဲ့ သွေးသောက်ကြီး ဦးဝင်းတင်ရဲ့ စာအုပ်တွေလည်း ထုတ်ဝေခွင့်ရလို့ တစ်အုပ်ပြီးတစ်အုပ် ပြန်ထွက်လာတာ ဝမ်းသာစရာ တွေ့ရတယ်။

**တံခါးဖွင့်ထားတယ်**

အဲဒီနောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးဦးအောင်ကြည် တွေ့ တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းနဲ့ ဓာတ်ပုံတွေ ဂျာနယ်တွေမှာ ဖော်ပြခွင့် ရလာတယ်။ ပြီးတော့ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့တယ်။ သမ္မတ ဦးသိန်းစိန်က ပြည်သူတွေ လိုချင်တဲ့ ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည် ဖော်မယ်။ ပြည်သူက ရွေးကောက် တင်မြှောက်ထားသူများဖြစ်လို့ ပြည်သူ့ဆန္ဒကို လေးစားမယ်။ ပြည်တွင်းငြိမ်းချမ်းရေးရအောင် အမြန်ဆုံး ဆောင်ရွက်မယ်။ ဒီမိုကရေစီ လိုလားသူအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်နိုင်အောင် နည်းလမ်း တွေ ရှာကြမယ်။ မတူတာတွေကို အသာထားပြီး တူတာတွေကို အတူ ပူးပေါင်းလုပ်ဆောင်မယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်မခံနိုင်



သေးသူများနဲ့ပါ လက်တွဲဆောင်ရွက်နိုင်အောင် ညှိနှိုင်းဆွေးနွေးဖို့ တံခါး ဖွင့်ထားတယ်ဆိုတဲ့ စကားတွေ ပြောကြားလာခဲ့တယ်။

**ပေါ်လစီဆောင်းပါး**

အဲဒီအချိန်မှာ ဧရာဝတီမြစ်ဆုံဒေသမှာ တရုတ်ကုမ္ပဏီက ရေအား ရေကာတာကြီးတစ်ခု တည်ဆောက်မယ့်ကိစ္စကို ပြည်သူလူထုတစ်ရပ်လုံး က မလိုလားတဲ့အကြောင်း ပုံစံအမျိုးမျိုးနဲ့ တင်ပြမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာတယ်။ ဒီအသံတွေကိုချေဖျက်ဖို့ အစိုးရသတင်းစာတွေမှာ ထုံးစံ အတိုင်း 'ပေါ်လစီဆောင်းပါး'တစ်ပုဒ် ထည့်လိုက်တယ်။ လျှပ်စစ်ဝန်ထမ်း တစ်ဦး အမည်ခံပြီးထည့်တဲ့ ဆောင်းပါးမှာ မြစ်ဆုံရေကာတာ ဆောက်လုပ် တဲ့အတွက် အကျိုးအမြတ်တွေ ဘယ်လိုရရှိမယ်ဆိုတဲ့ အချက်တွေကို ပေါ်လစီဆောင်းပါးများ ထုံးစံအတိုင်း ရှုန်းရှုန်းဝေအောင် ရေးသားထားတာ တွေ့ရတယ်။

**ဈေးဦးပေါက် ခွင့်ပြု**

အဲဒီဆောင်းပါး ပါလာတဲ့နေ့မှာပဲ Weekly ရဲ့ စီအီးအိုက အွန်လိုင်း ဂျာနယ်မှာ ဒီဆောင်းပါးကို ကန့်ကွက်ကြောင်း အချက်အလက် အခိုင်အမာ နဲ့ ပြန်လည်ရေးသားလိုက်တယ်။ ပုံနှိပ်ဂျာနယ်ထဲမှာလည်း အပြည့်အစုံ ဖော်ပြခဲ့တယ်။ ဒါဟာ နှစ် ၅၀ အတွင်း မြန်မာစာနယ်ဇင်းလောကရဲ့ မှတ်တိုင်တစ်ခု ဖြစ်သွားတယ်။ အစိုးရသတင်းစာမှာပါတဲ့ ဆောင်းပါးကို ပြန်လည်ဝေဖန် ချေပတဲ့စာမျိုး ဘယ်တုန်း ဘယ်အခါကမှ မရေးခဲ့ဖူးဘူး။ စာပေစိစစ်ရေးကလည်း ဘယ်တော့မှ ခွင့်မပြုခဲ့ဘူး။ ဒီတစ်ခါ ဈေးဦးပေါက် ခွင့်ပြုတာ ဖြစ်တယ်။

**မကြုံဖူးတဲ့ ပေါင်းစည်းမှု**

အဲဒီ ကန့်ကွက်ဝေဖန်ချက် ပါလာပြီးတဲ့နောက် ဧရာဝတီကယ်တင် ရေး အသံတွေ ပိုညံလာတယ်။ ပြည်သူလူထုကြီး တစ်ရပ်လုံး မကြုံဖူးတဲ့ စည်းလုံးမှုမျိုးနဲ့ ညီညွတ်ပေါင်းစည်းသွားတယ်။ တကယ်ကို အံ့သြစရာ ပေါင်းစည်းညီညွတ်မှုကြီး ဖြစ်တယ်။ ထုံးစံအတိုင်း နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေက ပြည်သူလူထုကြီးရဲ့နောက်က လိုက်လာကြပြီး



www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော်ထဲအထိ ဂယက်တွေရောက်သွားတယ်။ နောက်တော့ မြစ်ဆုံရေကာတာ ဆောက်လုပ်ရေးကို သူ့အစိုးရလက်ထက်မှာ ဆက်မလုပ်တော့ဘဲ ရပ်စဲထားမယ်ဆိုတဲ့ သမ္မတကြီးရဲ့ လွှတ်တော်ကိုပေးပို့တဲ့ သဝဏ်လွှာ ရုတ်တရက် ပေါ်ထွက်လာခဲ့တယ်။

### နတ်လူ့ သာစုခေါ်

လုံးဝ မျှော်လင့်မထားတဲ့ ကြေညာချက် ဖြစ်တာကြောင့် လူတွေအားလုံး မယုံနိုင်အောင်ဖြစ်သွားကြပြီး နီးစပ်ရာ မိတ်သင်္ဂဟတွေဆီ ဖုန်းဆက်မေးလိုက်ကြတာ အဲဒီနေ့ကတော့ ဖုန်းလိုင်းတွေ အားတယ်လို့ကို ရှိမှာမဟုတ်တော့ဘူး။ အိမ်ကဖုန်းလည်း ဆက်တိုက်မြည်နေတော့တယ်။ တချို့ ဖုန်းဆက်ရင်း မျက်ရည်တောင် ကျရှာကြတယ်။ ဝမ်းသာတယ်ဆိုတာထက်တောင် ပိုလိမ့်မယ်။ ပြည်သူတွေရဲ့ လိုအင်ဆန္ဒကို ဘယ်တုန်းကများ ဖြည့်ဆည်းပေးဖူးတယ် ရှိလို့လဲ။ သမ္မတကြီးကို သာစုခေါ်ကြတယ် နတ်လူ့ သာစုခေါ်ကြတယ်လို့တောင် ပြောရလောက်တယ်။

### ဆန့်ကျင်ဘက်က ရပ်ခဲ့တာ

သာမန်ပြည်သူတွေဆိုတာ ထား။ နှစ်ပေါင်း ၅၀ လုံးလုံး တက်လာသမျှ အစိုးရတိုင်းကို တစ်ကြိမ်တစ်ခါတောင် အကောင်းမပြောဖူးတဲ့ မီဒီယာ ကိုယ်တိုင်တောင် မေးလာသမျှ မီဒီယာတိုင်းကို ကြိုဆိုကြောင်း၊ ဝမ်းသာကြောင်း ပြောတဲ့အထိ ဖြစ်သွားတယ်။ တကယ်ပါ။ နှစ်ပေါင်း ၅၀ လုံးလုံး ဆန့်ကျင်ဘက်က ရပ်ခဲ့တာပါ။ တော်လှန်ရေးကောင်စီအစိုးရကို မထောက်ခံသလို မြန်မာ့ဆိုရှယ်လစ် အစိုးရကိုလည်း မထောက်ခံဘူး။ ၁၉၈၈ နောက်ပိုင်း အစိုးရတွေကိုလည်း မထောက်ခံဘူး။ အမျိုးသားညီလာခံကို မထောက်ခံသလို ပေါ်ထွက်လာတဲ့ လွှတ်တော်တို့၊ အစိုးရတို့ကိုလည်း မထောက်ခံဘူး။ နိုင်ငံတော်သမ္မတကြီးနဲ့ တခြား ထိပ်ပိုင်းပုဂ္ဂိုလ်တွေက ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်မယ်လို့ အကြိမ်ကြိမ်ပြောနေလည်း မယုံသေးဘူး။ စောင့်ကြည့်ဦးမယ်လို့ပဲ ဆုံးဖြတ်ထားခဲ့တယ်။

### မနာယူဘဲ မနေနိုင်

ဒီလိုလူတောင် ရောဝတီကိစ္စကျတော့ သတင်းသမားရဲ့ ဝိညာဉ်



(conscience) က သတိပေးလာတာကို မနာယူဘဲ မနေနိုင်တော့ဘူး။ သတင်းသမားဆိုတာ ကောင်းတာတွေ့ရင်း ကောင်းတယ် ရေးရမယ်၊ မှန်တာတွေ့ရင် မှန်တယ် ရေးရမယ်လို့ တစ်သက်လုံး နာယူမှတ်သားခဲ့ရတာ မဟုတ်လား။ ပြည်သူ့မျက်နှာကလွဲပြီး ဘယ်သူ့မျက်နှာမှ မကြည့်ရဘူးလို့ ကိုယ်တိုင် အပ်ကြောင်းထပ်အောင် ရေးနေတာပဲ။ ဒီတော့ အပြောနဲ့ အပေါ ညီရမှာပေါ့။ ပြည်သူတစ်ရပ်လုံး လှိုက်လှိုက်လှဲလှဲကြီး ဝမ်းသာကြိုဆိုနေကြတာကို ဘာကြောင့် မကြိုဆိုဘဲ နေရမှာလဲ။ ဝမ်းသာတယ်၊ ကြိုဆိုတယ်၊ ကျေးဇူးတင်တယ်လို့ရေးရင်း ပိုပြီးလေးနက်စေချင်လို့ အရင်က မထောက်ခံခဲ့ဘူးဆိုတာတွေပါ ထည့်ရေးလိုက်တယ်။ အံ့ဩစရာမှ တကယ့်ကို အံ့ဩစရာ။ စာပေစိစစ်ရေးက အဲဒီ မထောက်ခံဘူးဆိုတာတွေကို ထည့်ခွင့်ပေးလိုက်တယ်။

### ထောက်ခံမဲတစ်မဲ ပေးလိုက်ပြီ

အဲဒါတွေပါတဲ့ 'ခဏကြီးမဟုတ်ပါဘူး၊ ခဏလေးပါ'ဆိုတဲ့ဆောင်းပါးမှာ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို အချိန်နည်းနည်းပေးလိုက်ပါ။ တကယ့်ကို ခဏလေးပါလို့ ရေးလိုက်တယ်။ ပြီးတော့ သမ္မတဦးသိန်းစိန် အစိုးရကို 'စံသုံးခု'နဲ့ စောင့်ကြည့် အကဲခတ်နေမယ်လို့လည်း ရေးလိုက်တယ်။

၁။ နိုင်ငံရေး အကျဉ်းသားများ လွှတ်၊ မလွှတ်ဆိုတဲ့စံ

၂။ ပြည်တွင်းစစ်ရပ်စဲရေး အမြန်လုပ်၊ မလုပ်ဆိုတဲ့စံ

၃။ မြစ်ဆုံရေကာတာ ဆောက်လုပ်ရေး ရပ်၊ မရပ်ဆိုတဲ့စံ

အဲဒီအချက်သုံးချက်ထဲက မြစ်ဆုံရေကာတာကိစ္စ အဖြေပေါ်သွားပြီ။ အစိုးရက ပြည်သူ့ဆန္ဒကို အမှန်လေးစားလိုက်နာကြောင်း ပြလိုက်ပြီ။ ထောက်ခံမဲတစ်မဲ ပေးလိုက်ပြီ။

### လွှတ်ငြိမ်းချမ်းသာခွင့်

သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့) မွန်းလွဲပိုင်းလောက်မှာ သမ္မတဦးသိန်းစိန် လက်မှတ်ရေးထိုးထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာတယ်။ အမျှော်ကြီးမျှော်ရင်း နှစ်ပေါင်းများစွာ 'မျှော်ရမျှော်သူ ကောရတယ်' ဖြစ်နေကြရတဲ့ မိဘဆွေမျိုးတွေ ရောဝတီတုန်းကလိုပဲ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်မြူးသွားကြတယ်။ ရောဝတီကိစ္စမှာ ပြည်သူတစ်ရပ်လုံး စိတ်ချမ်းသာအောင် ဆောင်ရွက်ခဲ့တဲ့ သမ္မတကြီးကို အပြည့်အဝ ယုံကြည်ပြီး အရင်အကြိမ်တွေလိုတော့ ဖြစ်မှာမဟုတ်ပါဘူးလို့ သေချာပေါက် တွက်ဆထားကြတယ်။ တစ်ညလုံး အိပ်မပျော်နိုင်ကြဘဲ မိုးလင်းအောင် မနည်းကြိုးသည်းခံစောင့်ဆိုင်းနေကြရတယ်။ တချို့က မအောင့်နိုင်တော့ဘဲ မိုးမလင်းခင်က ထောင်ဗူးဝက သွားစောင့်ကြတယ်။

**ရင်ဝ စုန်ကန်ခံရသလို**

ရောင်နီလာပြီ။ ပြီးတော့ မိုးစင်စင်လင်းပြီ။ ထောင်တံခါးကြီး ပွင့်ပြီး အချိန်တန်တော့ သူတို့ ပြန်လာကြပြီ။ ဒါပေမဲ့ သူတို့ထဲမှာ သူတို့ ပါမလာဘူး။ အရင်အကြိမ်တွေလိုပဲ မျှော်မျှော်သူ မောရရှာတယ် ဖြစ်ရပြန်ပြီ။ ရင်ဝကို စုန်ကန်ခံရသလို နာကျင်ခံစားလိုက်ရတယ်။ ဒီခံစားချက်တွေ ဘယ်လောက် ဆိုးဝါးတယ်ဆိုတာ ခံစားဖူးသူတွေမှ သိနိုင်ကြတယ်။

တစ်နေ့လုံး တယ်လီဖုန်း အဆက်မပြတ်နားထောင်ရလို့ လူရောစိတ်ပါ နုံးခွေသွားတယ်။ စိတ်ထဲမှာတနုံ့နုံ့ ခံစားနာကျင်နေတယ်။ သမ္မတ ဦးသိန်းစိန် အစိုးရဟာ ရောဝတီနဲ့ရထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ယုံကြည်မှုကို ဘာကြောင့်များ အဆုံးရှုံးခံလိုက်ရတာလဲဆိုတာ တွေးလို့မရ ဖြစ်နေတယ်။

**ဘာကြောင့်လဲ၊ ဘာကြောင့်လဲ**

ဒီတစ်မှတ်ကိုသာ ရအောင်ယူလိုက်နိုင်ရင် ပြည်သူတစ်ရပ်လုံးရဲ့ သုံးပုံနှစ်ပုံက ကိုယ့်ကို ထောက်ခံနေပြီလို့ ပြောနိုင်ပြီဆိုတာ သိသိကြီးနဲ့ ဘာကြောင့်လဲ။ ဘာကြောင့်လဲ။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ဆိုတာ ခေါင်းဆောင်နှစ်ယောက်တည်းအားနဲ့ မရနိုင်ဘူး။ ပါတီအဖွဲ့အစည်း နှစ်ခုတည်းလည်း မဆောင်ရွက်နိုင်ဘူး။ ပြည်သူလူထု အများစုကြီးရဲ့ ပေါင်းစည်းအင်အားနဲ့ ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုတယ်။ အထူးသဖြင့် နှစ်ပေါင်း ၆၀ ကျော် ပြည်တွင်းစစ် တိုက်ခိုက်နေရတဲ့ တိုင်းပြည်တစ်ပြည်အဖို့ တိုင်းရင်းသား အားလုံးနဲ့ လက်တွဲနိုင်ဖို့ အင်မတန် အရေးကြီးတယ်။ မဖြစ်မနေကို ရအောင်လုပ်ဖို့ လိုတယ်။



**ရွှေပြည်တော်ဂိတ်တံခါး**

အထဲမှာကျန်နေရစ်တဲ့ ၈၈ မျိုးဆက်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အရေးအကြီးဆုံး သော့တစ်ချောင်းကိုယ်စီ ကိုင်ဆောင်ထားသူတွေ ဖြစ်တယ်။ ရွှေပြည်တော် ဂိတ်တံခါးက သော့လေးချက် ခတ်ထားတယ်။ တစ်ချောင်းက ဒေါ်အောင်ဆန်းစုကြည်ဆီမှာ ရှိပြီး နောက်တစ်ချောင်းက သမ္မတ ဦးသိန်းစိန်ကို ရှေ့တန်းတင်ထားတဲ့ တပ်မတော်လက်ထဲမှာ ရှိတယ်။ ဒီနေ့ တပ်မတော်သား ခေါင်းဆောင် အားလုံးလိုလိုဟာ လူငယ်တွေဖြစ်တယ်။ အထဲမှာရှိနေတဲ့ ၈၈ မျိုးဆက်တွေနဲ့ အရွယ်ချင်း မတိမ်းမယိမ်းတွေလို့ ဆိုနိုင်တယ်။

**မော်ကွန်းတင်နိုင်တဲ့အချိန်**

သူတို့ ရွယ်တူတန်းတူ လူငယ်တွေချင်း အတွေးအခေါ်တွေ သိပ်ခြားနားကြမှာ မဟုတ်ပါဘူး။ အရှေ့တောင်အာရှဒေသမှာ အချမ်းသာဆုံးဖြစ်တဲ့ မြန်မာနိုင်ငံကို ဆင်းရဲတွင်းကြီးထဲက ဆွဲထုတ်ပြီး ထိုက်တန်တဲ့နေရာကို အမြန်ဆုံး ပြန်လည်ရရှိအောင် လုပ်ဆောင်ချင်စိတ်တွေ လူငယ်တိုင်းမှာ ရှိပါတယ်။ စစ်မြေပြင်မှာ လုံခြုံရေးကို ဦးစားပေး လုပ်ဆောင်ရတာ သဘာဝကျပါတယ်။ ဒါပေမဲ့ နိုင်ငံရေးကိစ္စမှာကျတော့ နိုင်ငံရေးကိုသာ ဦးစားပေး စဉ်းစားရပါတယ်။ ဒီအချိန်ဟာ သမိုင်းမှာ အလှည့်အပြောင်းကြီးတစ်ခုအဖြစ် မော်ကွန်းတင်နိုင်တဲ့အချိန် ဖြစ်တယ်။ တပ်မတော်နဲ့ ပြည်သူ ကြည်ဖြူလက်တွဲမှု ဖြစ်ပေါ်လာနိုင်တဲ့အချိန် ဖြစ်တယ်။ ဒီအခွင့်အရေးကို လက်လွှတ်မခံသင့်ဘူး။ အမိအရ ရအောင်ယူကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

၁၉၊ ၁၀၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# အရင်ရှင်းရမှာက အရင်းရှင်မဟုတ်၊ ကပ်ပါးတောင်တွေပါ

မြန်မာလူမျိုးတွေ သည်းခံနိုင်လွန်းတာနဲ့ မြန်မာနိုင်ငံ တိုးတက်သင့်သလောက် တိုးတက်မလာဘဲ နောက်ကျန်နေရစ်တာဟာ ကိုးကွယ်တဲ့ ဘာသာတရားနဲ့များ သက်ဆိုင်နေမလားဆိုတဲ့ မေးခွန်းကို နိုင်ငံခြားသား သတင်းသမားတွေ၊ စာရေးဆရာတွေနဲ့ တွေ့တဲ့အခါတိုင်း အမေးခံရလေ့ ရှိတယ်။

**ပါဝင်စွက်ဖက်မှုမရှိတဲ့ ဘာသာ**

မြန်မာလူမျိုး ပညာတတ်လူငယ်တချို့လည်း တစ်ခါတလေ ဒီလို မေးတတ်တယ်။ ဗုဒ္ဓဘာသာက ဘယ်အရာမဆို မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်ကံအလျောက် ဖြစ်ရတယ်လို့ ဆိုတဲ့အတွက် ကြိုးစားသင့်သလောက် မကြိုးစားကြဘဲ ရောင့်ရဲတင်းတိမ်နေကြတယ်လို့ ထင်နေကြတယ်။ တကယ်တော့ ဘာမှ မဆိုင်ပါဘူး။ ဗုဒ္ဓဘာသာဟာ 'ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်နိုက်' ဆိုတဲ့အတိုင်း ရှုပ်ထွေးပွေလီလှတဲ့ လူ့လောကရဲ့ လောကီကိစ္စတွေထဲ ပါဝင်စွက်ဖက်ခြင်း လုံးဝမရှိတဲ့ဘာသာ ဖြစ်တယ်။ ကလေးမွေးဖွားတဲ့ ကိစ္စမှာလည်း ဝင်မပါဘူး။ လူသေတဲ့အခါ ဘုန်းကြီးပင့်ပြီး 'သရဏဂုံ'တင်ကြတာလည်း ဗုဒ္ဓ ဘာသာက သတ်မှတ်ထားတာ မဟုတ်ဘူး။ လူတွေက ဆန္ဒရှိကြလို့ လိုက်လုပ်ပေးတာသာ ဖြစ်တယ်။ ဗုဒ္ဓဘာသာက သေမှ သရဏဂုံတင်ခိုင်းတာ မဟုတ်ဘူး။ အသက်ရှင်နေသမျှ ကာလပတ်လုံး အခါမလပ် သရဏဂုံသုံးပါး ဆောက်တည်ဖို့သာ ဆုံးမတာ ဖြစ်တယ်။ တင်လို့ ဘာမှမထူးသလို မတင်လို့ လည်း ဘာမှ မဖြစ်ဘူး။



**အမျိုးသမီးတွေ ဓားဆွဲကြ**

သည်းခံစိတ်ရှိတယ် ဆိုတဲ့ကိစ္စမှာလည်း အများထင်ကြသလို တခြား လူမျိုးတွေထက် ထူးထူးခြားခြားကြီး ပိုနေတယ်လို့ မထင်ပါဘူး။ တခြား လူတွေရဲ့ သည်းခံနိုင်မှုမှာ အတိုင်းအတာရှိသလို မြန်မာလူမျိုးတွေမှာလည်း အတိုင်းအတာ ရှိတာပါပဲ။ သည်းခံနိုင်မှုရဲ့ အမြင့်ဆုံး အတိုင်းအတာက ကျော်လွန်သွားပြီ ဆိုရင်တော့ အမျိုးသမီးတွေတောင် ဓားဆွဲပြီး ထတတ်ကြ တယ်။ နယ်ချဲ့စစ်တပ်တွေ မန္တလေးကို သိမ်းပြီးနောက် အညာကျေးလက် ဒေသတွေကို ငြိမ်ဝပ်ပိပြားရေးအတွက်ဆိုပြီး ခုခံတိုက်ခိုက်သူရှိတဲ့ ကျေးရွာ မှန်သမျှ မြေလှန်မီးရှို့ လုပ်တဲ့အခါမှာ အမျိုးသမီးတွေ ဓားဆွဲပြီး ကုလား ဖြူတွေကို ဝင်ခုတ်ပြီး ခုခံတိုက်ခိုက်ခဲ့ကြတယ်။

**အထူးအဆန်း မဟုတ်**

ဆရာစံရဲ့ တောင်သူလယ်သမား သူပုန်ထမှုကြီးမှာလည်း အမျိုး သမီးတွေ ဝင်ရောက်တိုက်ခိုက်ခဲ့ကြတယ်။ ရေနံမြေသပိတ်ကြီးမှာလည်း အလားတူ ပါဝင်ကြတယ်။ ဂျပန်ခေတ်ရောက်တော့လည်း ပါးရိုက်၊ နားရိုက် အနိုင်ကျင့်မှုတွေ လွန်လွန်းလာတဲ့အခါရောက်တော့ သည်းခံနိုင်မှု ဂိတ် ဆုံးဖြစ်ပြီး တစ်နိုင်ငံလုံး အမျိုးသား၊ အမျိုးသမီး၊ ရဟန်းရှင်လူ မှန်သမျှ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရရာလက်နက် စွဲကိုင်ပြီး အုံကြ တော်လှန်ခဲ့ကြတယ်။ ဒါ အထူးအဆန်းတော့ ဟုတ်မယ်မထင်ဘူး။ တခြား လူမျိုးတွေလည်း ဒီလိုပဲရှိမှာ သေချာတယ်။

**ဒုက္ကရစရိယာ ခြောက်နှစ်ကြာ**

နောက်ပြီးတော့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က ရောင့်ရဲတင်းတိမ် မနေဘဲ အချိန်ရှိသမျှ ကြိုးပမ်းအားထုတ်ဖို့ အမြဲ ဟောပြောဆုံးမနေခဲ့တယ်။ ဘယ်သူမဆို ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်လို့ လမ်းညွှန်ခဲ့တယ်။ ကိုယ် တော်တိုင်လည်း ကပ်ကမ္ဘာပေါင်း အသင်္ချေနဲ့ အနန္တ ကြိုးစားအားထုတ်ခဲ့ ပြီး နောက်ဆုံးဘဝမှာတောင် ပင်ပန်းကြီးစွာနဲ့ ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်ကြံခဲ့ရတယ်။ တခြား ဘာသာများမှာက ဘုရားသခင်ဆိုတာ ဘယ်က လာတယ်၊ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ ဘယ်လောက် ဆင်းရဲပင်ပန်းခံပြီး ကျင့်ကြံအားထုတ်လည်း ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားမဖြစ်နိုင်ဘူး။ ကြိုးစားအားထုတ်ရင် ဘုရားဖြစ်နိုင်တယ်ဆိုတာ ဗုဒ္ဓဘာသာတစ်ခုပဲ ရှိတယ်။

**ထိုးတော့မယ့် ဆင်**

ဗုဒ္ဓဘာသာက မှန်တယ်၊ ကောင်းတယ်လို့ ဆိုလိုချင်တာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာကြောင့် လူတွေ သည်းခံရောင့်ရဲပြီး လည်စင်း ခေါင်းငုံ့ခံနေကြတာ မဟုတ်တဲ့အကြောင်း ပြောချင်တာပါ။ ငြိမ်နေတိုင်း ဘာမှမလုပ်ဘူးလို့တော့ မထင်နဲ့။ ပင်လယ်ပြင်မှာ လေလုံးဝမတိုက်ဘဲ ငြိမ်သက်နေရင် သိပ်ကြောက်ဖို့ကောင်းတဲ့ မုန်တိုင်းကြီး လာတော့မယ်ဆိုတဲ့ နိမိတ်လက္ခဏာပဲ။ ထိုးတော့မယ့် ဆင်ဟာလည်း နောက်တစ်လှမ်းဆုတ်ပြီး ငြိမ်နေလေ့ရှိတယ်။ ဗုဒ္ဓဘာသာအကြောင်း၊ မြန်မာလူမျိုးများအကြောင်း သေသေချာချာမသိတဲ့ နိုင်ငံခြားသားများက ဘာသာတရားကြောင့် မြန်မာတွေ ဒီဘဝက မကျွတ်မလွတ်သေးတာလို့ ပြောတာကို နားလည် သည်းခံနိုင်ပါတယ်။ မြန်မာလူမျိုးတွေ ကိုယ်တိုင်က သံယောင်လိုက် ပြောတာမျိုးကိုတော့ နည်းနည်းမှ သည်းမခံနိုင်ဘူး။ အားကြီး စိတ်ဆိုးတယ်။

**လက်ချိုး ရေတွက်ကြည့်ပါ**

စီးပွားရေး မဖွံ့ဖြိုးတာလည်း လူတွေက ရောင့်ရဲတင်းတိမ်နေလို့ မဟုတ်သလို ပျင်းလို့၊ ဖျင်းလို့လည်း မဟုတ်ပါဘူး။ နှစ်ကာလတွေကို လက်ချိုး ရေတွက်ကြည့်လိုက်ပါ။ လွတ်လပ်ရေးရပြီးတာ ၆၃ နှစ်ရှိပြီဆိုပေမဲ့ တကယ်တမ်း လွတ်လွတ်လပ်လပ် စီးပွားရေးလုပ်ခွင့်ရှိတာ ဘယ်နှနှစ် ရှိလို့လဲ။ ၁၉၄၈ ခုနှစ်က ၁၉၆၂ ခုနှစ်အတွင်း ၁၄ နှစ် လုပ်ခဲ့ရတယ်။ ရန်ကုန် အစိုးရခေတ်လို အချိန်ကာလတွေ ကြုံတွေ့ခဲ့ရတာတောင် အများကြီး တိုးတက်ခဲ့တယ်။ အဲဒီခေတ်က 'တက်ထရွန်'ဆိုတဲ့ ပိတ်စချောချောဖြူဖြူ ထုတ်လုပ်နိုင်တာ အာရှတိုက် တစ်ခုလုံးမှာ ဂျပန်ပြီးရင် မြန်မာပဲ ရှိတယ်။ အဲဒီနောက် 'ဒက်ထရွန်'တို့၊ 'နိုင်လွန်'တို့လည်း ထုတ်နိုင်တယ်။

**တွေ့သမျှ ပြည်သူပိုင်သိမ်း**

စီးကရက်မှာတော့ အာရှတစ်ခွင်လုံးမှာ မြန်မာကို ဘယ်သူမှ မမီဘူး။



ဂျပန်လည်း မမီဘူး။ ဘားမားစတိတ်၊ ကပ္ပတန်၊ လန်ဒန်ကိုးလ်ဂေါ်လ်ဆလက်ကက်ဆိုတဲ့ စီးကရက်တံဆိပ်တွေကို အိမ်နီးချင်းနိုင်ငံအားလုံးသို့ ဆင်ပို့ရောင်းချရတယ်။ အဲဒီအချိန်က စက်မှုလုပ်ငန်း အများကြီး တိုးတက်ခဲ့တယ်။ နောက်တော့ မြန်မာ့ဆိုရှယ်လစ် ဆိုတဲ့ခေတ် ရောက်သွားပြီး ဆိုကွက်ထဲက ကုန်ခြောက်ဆိုင်ကလေးတောင် အရင်းရှင်လို့ သတ်မှတ်လိုက်တယ်။ တွေ့သမျှ မြင်သမျှ ပြည်သူပိုင်သိမ်းပစ်လိုက်တယ်။ စာသင်ကျောင်းတွေတောင် မချန်ဘူး။ ငါးဆယ်ခုနှစ်များအတွင်း အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေ အားလုံး ပြိုလဲ ကျဆင်းသွားခဲ့ရတယ်။

**စီးပွားရေး**

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်အသက်သွင်းခဲ့တယ်။ ဒါပေမဲ့ အဓိကကျတဲ့ နိုင်ငံရေးစနစ်က စစ်တပ်အုပ်စိုးတဲ့ အာဏာရှင်စနစ်ဆိုတော့ စနစ်နှစ်ခု သဟဇာတမဖြစ်တဲ့အတွက် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ဘူး။ အာဏာရှင် စနစ်များနဲ့ ပူးဆက်တော်လို အမြဲတွဲပါလာတတ်တဲ့ 'ကပ်ပါးကောင်'လူတန်းစားသစ်တစ်မျိုးကြောင့် ဈေးကွက်စီးပွားရေးဟာ မျက်စိကြီး၊ နားကြီးတို့ရဲ့ 'ဖီးကွက်စီးပွားရေး' ဖြစ်သွားခဲ့ရတယ်။ အကျိုးဆက်က ချမ်းသာ၊ ဆင်းရဲ ကွာဟမှု အလွန့်အလွန် ကြီးမားသွားပြီး မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာကျောရိုး'ဖြစ်တဲ့ 'လူလတ်တန်းစား' လုံးဝ ကွယ်ပျောက်သွားတယ်။

**မရှိမရှားပဲ**

မြန်မာနိုင်ငံမှာ ဘယ်ခေတ် ဘယ်အခါကမှ အိမ်နီးချင်းနိုင်ငံတွေမှာလို ငတ်သေလောက်အောင် ဆင်းရဲမွဲတေတဲ့ လူတန်းစား မရှိခဲ့ဘူး။ အလားတူပဲ သူတို့ဆီမှာလို 'ဘီလျံနာ'သူဌေးတွေလည်း မရှိဘူး။ လူလတ်တန်းစား တိုင်းပြည် ဖြစ်တယ်။ အားလုံး 'မရှိမရှား'ပဲ။ အခုတော့ တစ်ပါတီ၊ တစ်ဖွဲ့ အာဏာရှင်စနစ်နေရာမှာ ဒီမိုကရေစီ အစိုးရမျိုးနဲ့ အစားထိုးဖို့ ဆောင်လုပ်ဆောင်နေပြီ ဖြစ်တယ်။ အာဏာရှင်စနစ်ကို စွန့်လွှတ်လိုက်သလို 'ကပ်ပါးကောင်'တွေကိုပါ တစ်ပါတည်း ဖယ်ရှား ရှင်းလင်းပစ်ဖို့ မဖြစ်မနေ လုပ်ဆောင်ဖို့ လိုတယ်။ ဒါမှ ဈေးကွက်စီးပွားရေး ပီပီပြင်ပြင် ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

လာနိုင်လိမ့်မယ်။ ကပ်ပါးကောင်များအစား ရိုးရိုးသားသား စီးပွားရှာစားတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်များ အများအပြား ပေါ်ထွက်လာအောင် တွန်းအား ပေးရမယ်။

### ချုပ်ကိုင်ခဲ့တယ်

မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်က ဆိုရှယ်လစ် 'ဒီရေမြင့်ချိန်' ဖြစ် တယ်။ ဖဆပလအစိုးရကလည်း ဆိုရှယ်လစ်နိုင်ငံ ထူထောင်မယ်လို့ ကြွေးကြော်ခဲ့တယ်။ လယ်ပိုင်ရှင်ကလေးတွေနဲ့ တိုင်းရင်းသား လုပ်ငန်းရှင် လေးတွေကို မြေယာရှင်ကြီးတွေ၊ အရင်းရှင်ကြီးတွေအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်စားသောက်ခွင့်တွေကို ချုပ်ကိုင်ခဲ့တယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ် အစိုးရလက်ထက်ရောက်တော့ ချုပ်ကိုင်ရုံ မကတော့ဘဲ လုံးဝနှိပ်ကွပ်ပစ်လိုက်တယ်။ ကွမ်းယာဆိုင်ကအစ ပြည်သူပိုင်သိမ်းလိုက် တယ်။ တိုင်းရင်းသား လုပ်ငန်းရှင်မျိုးဆက် လုံးဝကွယ်ပျောက်သွားခဲ့တယ်။

### ကူညီ ထောက်ပံ့ပေး

၁၉၈၈ နောက်ပိုင်းမှာ ဈေးကွက်စီးပွားရေးစနစ် စတင် ကူးပြောင်း ခဲ့တယ် ဆိုပေမဲ့ တိုင်းရင်းသားလုပ်ငန်းရှင်မျိုးဆက် ကွယ်ပျောက်ခဲ့ပြီ ဆိုတော့ အင်တိုက်အားတိုက် ပါဝင်လာမယ့်သူ မရှိတော့ဘူး။ အဲဒီနေရာ တွေမှာ 'ကပ်ပါးကောင်'တွေ ပေါ်ထွက်လာပြီး ရသမျှ လက်ဝါးကြီး အုပ်ကြ တယ်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့အခါမှာ နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ် သဟဇာတဖြစ်ဖို့ လိုတယ်။ နိုင်ငံသားအားလုံး အားတက်သရော ပါဝင်လာဖို့ လည်း မရှိမဖြစ် လိုအပ်တယ်။ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ယုံကြည်စိတ်ချစွာနဲ့ ပါဝင်လာဖို့ လိုတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေ အနေနဲ့ နိုင်ငံခြားသားတွေနဲ့ ယှဉ်ပြိုင်နိုင်အောင် အစိုးရက ကူညီထောက်ပံ့ မှုတွေ ပေးရမယ်။ အရေးကြုံတဲ့အခါ တိုင်းရင်းသားလုပ်ငန်းရှင်ကသာ အားကိုးရမှာ ဖြစ်တယ်။ နိုင်ငံခြားသား ဆိုတာကတော့ သာတုန်းနာပြီး မသာရင် ခွာသွားကြတာပါပဲ။

### အရင်းရှင် အရင်းရှင်း

တိုင်းရင်းသား လုပ်ငန်းရှင်တွေ နိုင်ငံခြားသားတွေနဲ့ ပခုံးချင်းယှဉ်



ယှဉ်နိုင်ကိုင်နိုင်ဖို့ အစိုးရဘဏ်တွေက ငွေလုံးငွေရင်း ထုတ်ချေးမှုတွေ လုပ်ပေးဖို့ လိုတယ်။ လုပ်သာကိုင်သာဖြစ်အောင် အတိုးနှုန်းနည်းနည်းနဲ့ ချရှည်ချေးငွေမျိုး ဖြစ်ဖို့လည်း လိုတယ်။ တကယ် အလုပ်လုပ်တဲ့အခါ ငါးနှစ်၊ ခြောက်နှစ်အတွင်း အပြီးဆပ် ဆိုတာမျိုးနဲ့ ဘယ်လိုမှ လုပ်လို့ မဖြစ်နိုင်ဘူး။ အရေးကြီးတာက တိုင်းရင်းသား လုပ်ငန်းရှင်တွေကို ရှေးယခင် မြန်မာ့ဆိုရှယ်လစ်ခေတ်ကလို အရင်းရှင်ကြီးတွေလို့မြင်ပြီး 'အရင်းရှင်း' မပစ်ဖို့ ဖြစ်တယ်။ 'အရင်းရှင်း'ပစ်ရမှာက တိုင်းရင်းသားအရင်းရှင် မဟုတ်ဘဲ 'ကပ်ပါးကောင်' ဖီးကွက်စီးပွားရေးသမားတွေသာ ဖြစ်ပါတယ်။

၂၆၊ ၁၀၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# စောင့်မျှော်နေပါတယ်

သမ္မတ ဦးသိန်းစိန် အစိုးရကို မထောက်ခံသေးဘူး၊ စောင့်ကြည့်နေဆဲ ဖြစ်တယ်လို့ ရေးလိုက်တဲ့စာ ဂျာနယ်တွေထဲပါလာတဲ့ မနက်ပိုင်းမှာတင် စာဖတ်ပရိသတ် အတော်များများဆီက ဖုန်းတွေ လက်ခံရရှိတယ်။ အားလုံးက အားမလို အားမရဖြစ်လို့ ဆက်ကြတာ။

## အကြောင်းပြချက် ကိုယ်စီရှိ

အားမရသူ အများစုက ဘယ်လောက်ကြာအောင် စောင့်ရဦးမှာလဲ။ နှစ်ပေါင်း ၅၀ လုံးလုံး စောင့်ကြည့်ခဲ့တာ မလုံလောက်သေးဘူးလားလို့ မေးကြတယ်။ သူတို့တစ်တွေ စိတ်မရှည်နိုင်တော့တာ အကြောင်းမဲ့ မဟုတ်ဘူးဆိုတာ သိနေတဲ့အတွက် နားလည်ပေးလိုက်ပါတယ်။ အားမရသူ အနည်းစုကတော့ အရပ်သားအစိုးရသစ်က ဒီလောက်ပြောပြီး ဒီလောက် လုပ်ပြနေတာတောင် မထောက်ခံသေးဘူး။ စောင့်ကြည့်ဦးမယ်ဆိုတာ မလွန်လွန်းဘူးလား။ မျက်မှန်စိမ်းကြီး ချွတ်လိုက်ပါတော့လို့ ငေါ့တော့တော့နဲ့ ပြောကြတယ်။ သူတို့မှာလည်း အကြောင်းပြချက်တွေ အများကြီး ရှိနေကြောင်း သိထားလို့ နားလည်ပေးလိုက်ပါတယ်။

## အများကြီး ပိုပိုသာသာ

နှစ် ၅၀ လုံးလုံး စောင့်ကြည့်ခဲ့ပြီးပြီဆိုသူများမှာ အကြောင်းပြချက်တွေ လုံလောက်ရုံမက အများကြီး ပိုပိုသာသာ ရှိနေကြပါတယ်။ ပထမဆုံး သူတို့ ထောက်ပြရာက ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ သူ့ကြောင့် ပေါ်လာတဲ့ ဦးနေဝင်းအစိုးရ ဖြစ်တယ်။ အဲဒီနောက် လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲတွေနဲ့ အစိုးရတွေအကြောင်း၊ အပေါ်ယံ ပုံသဏ္ဌာန်တွေသာ



ပြောင်းသွားခဲ့ပြီး အနှစ်သာရက ဘာမှမပြောင်းတဲ့အကြောင်း။ အဲဒီနောက် တောင်သူလယ်သမား ညီလာခံကြီးတွေအကြောင်း၊ အလုပ်သမား ညီလာခံကြီးတွေအကြောင်း စသဖြင့် စုံနေတာပါပဲ။

## မပြောင်းပါဘူး

ဟုတ်တော့လည်း ဟုတ်ပါတယ်။ အဲဒီတုန်းကတော့ အခြေခံဥပဒေတွေ အတည်ပြုကြ၊ ရွေးကောက်ပွဲတွေ လုပ်ကြ၊ လွှတ်တော်အစည်းအဝေးကြီးတွေ ကျင်းပကြနဲ့ အပေါ်ယံကြည့်ရင်တော့ ဟုတ်တုတ်တုတ်ပါပဲ။ ဒါပေမဲ့ အတွင်းသား အနှစ်သာရကတော့ ဘာမှမပြောင်းပါဘူး။ ဆိုရှယ်လစ်ရောက်နာဖုံးစွပ်ထားတဲ့ စနစ်ပဲ ဖြစ်တယ်။ အခုလက်ရှိ ဦးသိန်းစိန်အစိုးရက ရွေးကောက်ပွဲနဲ့ တက်လာတဲ့ လွှတ်တော်က ရွေးကောက် တင်မြှောက်လိုက်တဲ့ အရပ်သားအစိုးရ ဆိုပေမဲ့ ပါဝင်နေသူ အများစုက အရင်စစ်အစိုးရမှာ ပါဝင်ခဲ့သူတွေဖြစ်တာကြောင့် စောင့်ကြည့်ဖို့ မလိုဘူး။ အရင်အစိုးရနဲ့ ဘာမှမထူးပါဘူးလို့ သူတို့က ပြောကြတာ ဖြစ်တယ်။

## ယတိပြတ် မပြောချင်

ကိုယ်တိုင်ကတော့ အဲဒီလို ယတိပြတ် မပြောချင်ဘူး။ သမ္မတ ဦးသိန်းစိန် အစိုးရ လက်တွေ့မှာ ဘာတွေလုပ်သလဲဆိုတာကို ကြည့်ပြီး အကဲခတ်ချင်တယ်။ ရွေးကောက်ပွဲပြီးပြီးချင်း လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီး အကျဉ်းသားတစ်သောင်းကျော် လွှတ်ပေးတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း လွတ်လာတယ်။ ဒါကို ထူးခြားချက်လို့ မယူဆခဲ့ဘူး။ ပါသင့်ထိုက်သူတွေ ဘယ်သူမှ ပါမလာဘူး။ ဒေါ်အောင်ဆန်းစုကြည် လွတ်တာလည်း လွတ်ရက်စေ့လို့ လွှတ်လိုက်တာလို့ပဲ သဘောထားတယ်။ ဒါပေမဲ့ သိပ်မကြာဘူး။ အစိုးရသစ်က အင်မတန်နည်းတဲ့ ပင်စင်လစာလေးနဲ့ နေကြရရှာတဲ့ ဝန်ထမ်းများအတွက် ပင်စင်လစာတွေ တိုးမြှင့်ပေးတယ်။ ကျေးလက်ဒေသ ဆင်းရဲမှု ပပျောက်ရေးအတွက် ဆွေးနွေးပွဲကျင်းပပြီး နည်းလမ်းရှာတယ်။

## ကြိုဆိုသဘော ဆောင်ရွက်ချက်တွေ

အဲဒီနောက် ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်



www.burmeseclassic.com

www.burmeseclassic.com

သုံးကြိမ် တွေ့ပြီး နိုင်ငံတော် သမ္မတက ဒေါ်အောင်ဆန်းစုကြည်
နေပြည်တော်မှာ လက်ခံတွေ့ဆုံတယ်။ ဂျာနယ်တွေမှာ ဒေါ်အောင်ဆန်း
စုကြည် ဓာတ်ပုံတွေ၊ သတင်းတွေ ဖော်ပြခွင့်ရလာတယ်။ အရင်က အဖြ
ခံရတဲ့ ဆောင်းပါးတွေ ထည့်ခွင့်ပေးလာတယ်။

ဒါတွေဟာ အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေလို့ သဘော
ရတယ်။ အဲဒီနောက် တစ်နိုင်ငံလုံးက လှည်းနေလှေအောင်း မြင်းဇော
မကျန် ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒဖြစ်တဲ့ ဧရာဝတီမြစ်ဆုံ ရေကာတ
ဆောက်လုပ်ရေးကိစ္စကို နိုင်ငံတော်သမ္မတက လိုက်လျောပြီး ဆက်မဆော
တော့ဘဲ ရပ်ဆိုင်းလိုက်ကြောင်း ကြေညာလိုက်တယ်။

## မြန်မြန်ကြီး ပြီးမယ်မထင်ခဲ့

ကိုယ်တိုင်တောင် မယုံနိုင်လောက်အောင် အံ့အားသင့်သွားတယ်
လုံးဝ မျှော်လင့်မထားခဲ့ဘူး။ ဒီလောက် မြန်မြန်ဆန်ဆန် ပြီးသွားလိမ့်မယ်
ဘယ်သူမှလည်း ထင်မှာမဟုတ်ပါဘူး။ ပြည်သူ့ဆန္ဒ လေးစားတယ်ဆိုတာ
မျိုး ဘယ်တုန်းကမှ ရှိဖူးတာ မဟုတ်တာပဲ။ အခုအစိုးရကတော့ ထွက်လာ
ကတည်းက ပြည်သူက ရွေးကောက်တင်မြှောက်ထားတာ ဖြစ်တဲ့အတွက်
ပြည်သူ့ဆန္ဒကို လေးစားလိုက်နာမယ်၊ ပြည်သူတွေကို စိတ်ချမ်းသာအောင်
လုပ်ဆောင်မယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်သေးသူတွေနဲ့တော
လက်တွဲနိုင်ဖို့ နည်းလမ်းတွေ ရှာသွားမယ် စတဲ့စတဲ့ စကားတွေ တ
ပြောကြားခဲ့တယ်။ ဖြေလျှော့တာတွေ၊ ပြုပြင်ပြောင်းလဲတာတွေလည်
ဆက်တိုက်လုပ်လာတယ်။

## နောက်ဆုံး ဆောင်ရွက်ချက်တွေ

တခြားနေရာတွေထက် သတင်းမီဒီယာလောကမှ ပိုပြီးထင်ရှာ
သိနိုင်၊ မြင်နိုင်တယ်။ စာပေစိစစ်ရေးဆိုတာ ရှိမြဲရှိနေသေးပေမဲ့ ဖြတ်တာ
ဖြုတ်တာ မရှိသလောက် နည်းသွားတယ်။ ဘယ်တုန်းကမှ မျှော်လင့်မထား
အကြောင်းအရာတွေ၊ စကားလုံး အသုံးအနှုန်းတွေ ရေးခွင့်ရလာတယ်
လက်တွေ့သာ‌ကြေပြရရင် စာရေးသူကိုယ်တိုင်ရေးတဲ့ အခြေခံဥပဒေလည်
မထောက်ခံဘူး။ ရွေးကောက်ပွဲလည်း မထောက်ခံဘူး။ ဦးသိန်းစိန်အစိုး
လည်း မထောက်ခံဘူး။ စောင့်ကြည့်နေဆဲပဲဆိုတဲ့ စာကို တစ်လုံးတစ်ပါ



ဖြတ်ဘဲ ခွင့်ပြုခဲ့တယ်။ အခုနောက်ဆုံး ဆောင်ရွက်ချက်ကတော့ ရွှေဘ
အတွင်းဝန်ရုံး(စက္ကရီတေးရီးယက်)လို့ခေါ်ပြီး အခုခေတ်မှာ ဝန်ကြီးများရုံး
လို့ခေါ်တဲ့ ကိုလိုနီခေတ် အဆောက်အအုံကြီးကို ဟိုတယ်အဖြစ် ပြောင်းလဲ
လုပ်ကိုင်နိုင်ဖို့အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များကို ငှားရမ်းမယ်ဆိုတဲ့
ကိစ္စ ဖြစ်တယ်။

## ဟိုတယ်ဖျက်လိုက်

အဲဒီသတင်းကို ဂျာနယ်တွေက ထင်မြင်ချက်တွေပါ တောင်းခံပြီး
ထည့်လိုက်တယ်။ ထင်မြင်ချက်ပေးသူအားလုံးက သမိုင်းဝင် အဆောက်အအုံ
တွေကို ထိန်းသိမ်းထားသင့်ကြောင်း ပြောကြတယ်။ နောက်တစ်ပတ်
ဂျာနယ်ထွက်ရက် ရောက်တော့ နိုင်ငံတော်သမ္မတကြီးက ဟိုတယ်အဖြစ်
ငှားရမ်းမယ့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနကို
ထိန်းသိမ်းစောင့်ရှောက်ဖို့ လွှဲပေးလိုက်ကြောင်း သတင်းပါလာတယ်။
ဂျာနယ်မှာပါလာပြီး ရက်ပိုင်းလေးအတွင်းမှာပဲ ဆုံးဖြတ်ချက်ထွက်လာတာ
ဘယ်လောက်မြန်လိုက်သလဲ။ ဂျာနယ်တွေမှာသာ ဒီသတင်း ထည့်ခွင့်မပေး
ခဲ့ရင် ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံခဲ့ရတဲ့ အခန်း
တွေက နိုင်ငံခြားသားတွေ အရက်မူးပြီး ကခုန်နေကြတဲ့ ကပွဲခန်းမကြီး
ဖြစ်ချင်ဖြစ်သွားမှာ။

လွှတ်တော်ခန်းမကြီးတွေက မီးဖိုချောင်ဖြစ်သွားမလား၊ သန့်စင်ခန်း
ဖြစ်သွားမလား မသိနိုင်ပါဘူး။ ဂျာနယ်တွေကျေးဇူးကြောင့် မဖြစ်သင့်တဲ့ကိစ္စ
တစ်ခုကို အချိန်မီ တားနိုင်လိုက်တယ်။ သမ္မတကြီးကို ကျေးဇူးတင်လိုက်
တယ်။

## စောင့်မျှော်နေတယ်

ဒီလောက်ဆိုရင် အားမလို အားမရဖြစ်ကြတဲ့ နှစ်ဖက်စလုံးက
ပုဂ္ဂိုလ်တွေ ကျေနပ်နိုင်လောက်ပြီ ထင်ပါတယ်။ ထပ်စောင့်ကြည့်ဖို့ လိုသေး
လို့လားလို့ မေးတဲ့သူတွေလည်း ဘာကြောင့် လိုသေးတယ်ဆိုတဲ့ အကြောင်း
ပြချက်ကို လက်ခံနိုင်မယ်လို့ ယူဆတယ်။ မျက်မှန်စိမ်းကြီး ချွတ်လိုက်ပါ
တော့လို့ ပြောသူတွေလည်း အမြဲတမ်း ဆန့်ကျင်ခဲ့သူတစ်ဦးရဲ့ ကလောင်က
ကြိုဆိုတယ်၊ ကျေးဇူးတင်တယ် ဆိုတဲ့စာလုံးတွေ မထွက်စဖူး ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

တာကိုကြည့်ပြီး ကျေနပ်လိမ့်မယ် ထင်ပါတယ်။ ထောက်ခံတယ်လို့ အပြတ် ပြောဖို့အတွက် အပြောင်းအလဲတွေကို စောင့်မျှော်နေပါတယ်။ မြန်မြန် ပေါ်ထွက်လာစေချင်ပါပြီဗျာ။

၂၊ ၁၁၊ ၂၀၁၁



# တွာဟချက် တစ်ဝက်ဝေမင်းနှင်း မဖြစ်စေဖို့

'တစ်နေ့ နှစ်ပုဒ် နေ့တိုင်းရေးတာတွေ လျှော့လိုက်ပါတော့။ တစ်ပတ် နှစ်ပုဒ်လောက်ပဲရေးပြီး နားနားနေနေ သက်သက်သာသာနေဖို့ ကောင်းပြီ'

အမေဖြစ်သူကို မွေးကင်းစ ကလေးငယ်တစ်ယောက် စောင့်ကြည့် သလို အရိပ်တကြည့်ကြည့် စောင့်ကြည့်နေလေ့ရှိတဲ့ သမီးရဲ့ပြောစကား ဖြစ်ပါတယ်။

**ရန်ကုန်ကို စွန့်ခွာဖို့**

ဖြစ်လိုက်ရင် အားလုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ရလောက် အောင် အသည်းအသန် ဖြစ်တတ်တာကြောင့် ရာသီဥတု ပူပြင်းလာပြီ ဆိုရင် သမီးက စိတ်ပူမြဲ ဖြစ်တယ်။ အချိန်ပြည့် အောက်စီဂျင်ပိုက် တပ်မထားရဘဲ မောတဲ့အချိန်လောက်သာ တပ်ရတဲ့ အချိန်တွေတုန်းကဆို ရင်ပူစပြုတာနဲ့ မေမြို့(ပြင်ဦးလွင်)သွားပြီး ဒေါ်ဒေါ်(လူထုအမေမာ)နဲ့နေဖို့ ဆော်သြလေ့ ရှိတယ်။ အခုတော့ မသွားနိုင်တော့တာတောင် ၆ နှစ်ကျော်၊ ၇ နှစ် ရှိပြီ။ ရန်ကုန်အပူဒဏ်တွေကို လှိမ့်ခံနေရတယ်။ အဲဒီအခါမျိုးမှာ စာရေးတာနားထားဖို့ အမြဲ ပြောတတ်တယ်။ တစ်ခါတလေကျတော့ ရန်ကုန်ကို အပြီးစွန့်ခွာပြီး အေးတဲ့ဒေသမှာ သွားနေကြဖို့လည်း ပြော တတ်တယ်။

**ရှမ်းပြည်နယ်ကို သံယောဇဉ်ကြီး**

သမီးက ရန်ကုန်မှာမွေးပေမဲ့ ၈ တန်းအောင်တဲ့အထိ တောင်ကြီး နဲ့ ကလောမှာ နေထိုင်ကြီးပြင်းခဲ့ရတာ ဖြစ်လေတော့ ရှမ်းပြည်နယ်ကို အတော် သံယောဇဉ်ကြီးတာ။ အစားအသောက်ကအစ သိပေါသူ အမေနဲ့ ဘူလို့ ရှမ်းခေါက်ဆွဲတို့၊ ရှမ်းမုန့်တီတို့၊ ခေါ်ပုတ်တို့ပဲ ကြိုက်တယ်။ မုန့်တီ မကြိုက်ဘူး။ မုန့်ဟင်းခါး မကြိုက်ဘူး။ ပြင်ဦးလွင်မှာတော့ ရှမ်းစာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ ရာသီဥတုကလည်း ကလောလိုအေးတော့ အဖေ ပြင်ဦးလွင်မှာ နေချင်လည်း အနီးစခန်းမှာရှိတဲ့ ခြံလေးထဲ အိမ်ဆောက်လိုက်တာပေါ့လို့ နွေရာသီရောက်တိုင်း ပြောမြဲ ဖြစ်တယ်။ ဒါပေမဲ့ အခုချိန်အထိ ရန်ကုန်က မခွာနိုင်သေးပါဘူး။

**စိတ်ပျက်စရာ**

ရန်ကုန်မှာ ရေမကြည်ပါဘူး။ မြက်လည်း မနုပါဘူး။ ပစ္စန္တရစ် အရပ်ကြီး တစ်ခုလို စိတ်ပျက်စရာပါ။ ဒါဖြင့်ရင် ဘာကြောင့် ရန်ကုန်ကို မစွန့်ခွာနိုင်သေးတာလဲ။ စာရေးတဲ့ကိစ္စကြောင့်တော့ မဟုတ်တာ သေချာတယ်။ အရင်က ဒေါ်ဒေါ် (လူထုအမေမာ)နဲ့အတူ ပြင်ဦးလွင်မှာ သုံးလေးလ နွေခိုကြစဉ်က စာတွေရေးပြီး အမြန်ချောနဲ့ပို့လို့ အဆင်ပြေနေတာပဲ။ အခု ဆို အီးမေးလ်နဲ့ ပို့မလား၊ ဖက်စ်နဲ့ပို့မလား ပိုလို့တောင် လွယ်သေး။ ရန်ကုန်က မစွန့်ခွာနိုင်တဲ့ အကြောင်းရင်းကို သေသေချာချာ စဉ်းစားကြည့် တယ်။ စီးပွားရေးလုပ်သူ မဟုတ်တော့ လုပ်ကွင်းလုပ်ကွက်တွေနဲ့ ဈေးကွက် တွေလည်း ကြည့်နေဖို့မလိုဘူး။ ဝန်ထမ်းမဟုတ်လို့ ရုံးကိစ္စတို့ ဘာတို့ လည်း စဉ်းစားစရာ မရှိဘူး။

**အရေးကိစ္စ မှန်သမျှ**

ရန်ကုန်ဟာ ပထမမြို့တော်မဟုတ်တာ အတော်တောင် ကြာပါပြီ။ ဒါပေမဲ့ လူတွေအတွက် အသုံးဝင်မှု တန်ဖိုးကတော့ ကျမသွားဘူး။ အရင် အတိုင်းပဲ။ လူတိုင်းအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ နေရေးထိုင်ရေး စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး အရေးကိစ္စ မှန်သမျှ ရန်ကုန် လောက် ပြည့်စုံတာ ဘယ်မှမရှိဘူး။ ကိုယ့်ကိစ္စကိုယ် ပြောရင်တောင် ရန်ကုန်ကလွဲပြီး ဘယ်မှ နေမဖြစ်ဘူးလို့ ပြောရမှာပဲ။ အောက်စီဂျင်ကို စက်နဲ့တပ်ရှူတယ် ဆိုပေမဲ့ မီးပျက်တဲ့အခါ သုံးဖို့ ဆေးရုံတွေမှာသုံးတဲ့ အိုးလည်း ဆောင်ထားရတယ်။ အဲဒီအိုးက ကုန်သွားရင် ပြန်ဖြည့်ရတယ်။ ရန်ကုန်မှာတော့ ကုန်တာနဲ့ ဖုန်းဆက်လိုက်ရင် နာရီဝက်အတွင်း အိမ် အရောက် လာပို့တယ်။ မန္တလေးတို့ ပြင်ဦးလွင်တို့မှာ အဲဒီလိုလုပ်လို့ မရဘူး။ ကိုယ်တိုင် အိုးလွတ်ယူသွားပြီး ဖြည့်ခိုင်းရတယ်။ တစ်ရက်အလုပ် မဟုတ်တော့ မလွယ်ဘူး။



**ဆေးရုံကြီးကို ပြေးကြရတာပဲ**

အခုဆိုရင် အခြေအနေက သန့်စင်ခန်းဝင်တာ၊ ရေချိုးတာတောင် ပိုက်ဖြုတ်ထားလို့ မရတော့ဘူး။ အချိန်ပြည့် တပ်ထားရတယ်။ အောက်စီဂျင် စက်ကြီးကို ရေချိုးခန်းထဲယူသွားလို့ မဖြစ်တော့ သံအိုးကို ယူသွားရတယ်။ ဒီတော့ နှစ်ရက် တစ်ခါလောက် အိုးလဲရတယ်။ ဒီလို ဝေယျာဝစ္စတွေ ရှုပ်ရှုပ်ထွေးထွေးနဲ့ အသက်ရှင်နေရတာဖြစ်တော့ စိတ်သွားတိုင်း ကိုယ်က မပါနိုင်ဘူး။ ဒါတင်မက ပုဂ္ဂလိကဆေးရုံတွေ ဘယ်လောက်ကောင်းတယ် ပြောပြော တကယ် အရေးကြုံလာတော့ ရန်ကုန်ဆေးရုံကြီးကို ပြေးကြရ တာချည်းပဲ။ တချို့ စက်ကိရိယာမျိုးတွေက အစိုးရဆေးရုံကြီးမှာပဲ ရှိတယ်။ တန်ဖိုးကြီးတဲ့ ပစ္စည်းမျိုးကို ပုဂ္ဂလိက ဆေးရုံတွေက ရင်းနှီးမြှုပ်နှံမှု လုပ် ချင်ကြတာ မဟုတ်ဘူး။

**အသက်ကို ဇက်နဲ့ထုပ်**

ကိုယ့်အခြေအနေက ဆေးရုံကြီးတွေ၊ ဆရာဝန်ကြီးတွေနဲ့ လက် တစ်ကမ်းလောက် အဝေးမှာသာ နေလို့ဖြစ်တာ။ စိတ်ရှိပေမဲ့ လက်တွေ့မှာ အခြေအနေက မပေးဘူး။ ကျေးလက်နဲ့ မြို့ပြဆိုတာထား။ ရန်ကုန်နဲ့ မန္တလေးတောင် ကွာခြားချက်က သိပ်ကြီးတယ်။ ကိုယ်ကလည်း အသက်ကို ဇက်နဲ့ထုပ်ထားသလို ယုံ့ယုံ့ကလေးနေရတာ မဟုတ်လား။ ဘယ်မှာ မြို့ငယ်လေးတွေမှာနေလို့ ဖြစ်မှာလဲ။ မန္တလေးဆိုတာ မြို့ငယ်လေး မဟုတ် ပါဘူး။ အခုလည်း မြို့ကြီးပါ။ ရှေးကဆို နေပြည်တော်ပါလို့ ဘယ်လိုပဲ ပြောပြော လိုအပ်ချက်တွေ ပြည့်စုံမှုကတော့ အများကြီး ကွာခြားလှပါတယ်။

**အမှိုက်ပြဿနာ**

မန္တလေးနဲ့ ရန်ကုန်သာ ကွာခြားလွန်းတာ မဟုတ်ဘူးခင်ဗျ။ မန္တလေး နဲ့ မုံရွာလည်း အများကြီး ကွာခြားပါတယ်။ မန္တလေးနဲ့ လားရှိုး၊ မန္တလေးနဲ့ တောင်ကြီးတို့လည်း အများကြီး ကွာခြားပါတယ်။ ဒီလို ကွာခြားလွန်းတော့ နှစ်တွေ ကြာလာတဲ့အခါမှာ ရန်ကုန်လိုမြို့ကြီးရဲ့ လူဦးရေက အဆမတန် တိုးပွားလာတဲ့အတွက် ပြဿနာပေါင်းစုံ ပေါ်ပေါက်လာခဲ့ပါတယ်။ အခု ဆိုရင် ရန်ကုန်မှာ အမှိုက်ပြဿနာကြောင့် တာဝန်ရှိသူတွေ တော်တော် ခေါင်းကိုက်နေကြရပြီ။ သိပ်မကြာခင်မှာ ရေမလုံလောက်မှု ကြုံတွေ့လာမယ့်



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာတွေ စပြီးပြနေပြီ။ နေစရာအိမ် အခက်အခဲတွေလည်း မလွဲမသွေ ကြုံတွေ့ကြရလိမ့်မယ်။ အခုတောင် ဝန်ထမ်းမိသားစုတွေ အရင်ကလို ရေကျော်၊ ပုဇွန်တောင်၊ ကျောက်မြောင်း စတဲ့ ရပ်ကွက်မျိုးမှာ အိမ်ငှား မနေနိုင်ကြတော့ဘူး။

**ခြေသလုံးအိမ်တိုင် လူတန်းစား**

ဖွံ့ဖြိုးတိုးတက်မှု ကွာခြားလွန်းတော့ နယ်ကလူတွေ မြို့တက်လာပြီး ကြုံရာကျပန်း လုပ်ကြတာတွေ တစ်နေ့တခြား များသထက်များလာတယ်။ ၁၉၄၈၊ ၄၉၊ ၅၀ ပြည်တွင်းစစ် အရှိန်အပြင်းဆုံး ကာလများက ရန်ကုန်မှာ ကျူးကျော်ရပ်ကွက်တွေ ရှောင်မလွတ်အောင် များပြားလာခဲ့ဖူးတယ်။ ပြည်တွင်းစစ် အရှိန်သေသွားတော့လည်း အဲဒီလူတွေက နယ်မပြန်ကြ တော့ဘူး။ ဒီလိုနဲ့ ၁၉၅၀ ဝန်းကျင်က လူဦးရေ ငါးသိန်းသာသာလောက်ပဲ ရှိတဲ့ ရန်ကုန်လူဦးရေဟာ သိန်း ၂၀ ကျော်အထိ ရှိလာခဲ့တယ်။ အိန္ဒိယ နိုင်ငံမှာဆိုရင် မြို့ကြီးတိုင်းမှာ အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင် လူတန်းစား (ခုခေတ်အခေါ် ပြည်တွင်း ရွှေ့ပြောင်းလုပ်သားများ)တွေရဲ့ ပြဿနာဟာ တစ်နေ့တခြား ဆိုးသထက် ဆိုးလာတာကို တွေ့ကြရတယ်။

**တစ်ဖက်စောင်းနင်း မဖြစ်အောင်**

တရုတ်ပြည်မှာလည်း ရေးက မရှိပေမဲ့ အခုတော့ လယ်သမား တွေ မြို့တက်ပြီး ကြုံရာကျပန်းလုပ်တာတွေ ထိန်းမနိုင်သိမ်းမရ အခြေအနေ မျိုးထိ ရောက်လာတယ်ဆိုတဲ့ သတင်းတွေ ကြားသိနေရတယ်။ ဖွံ့ဖြိုးမှု ကွာခြားချက် အဆမတန် ကြီးမားလာခြင်းက လူမှုရေးပြဿနာမျိုးစုံကို ဖြစ်ပေါ်လာစေပြီး အဲဒီက နောက်တစ်ဆင့်တက်တော့ လူ့အဖွဲ့အစည်း အတွင်းက ပဋိပက္ခတွေကို ပြင်းထန်လာစေတယ်။ အဲဒါတွေကို တားဆီးဖို့ အတွက် ကျေးလက်နဲ့ မြို့ပြ ကွာဟမှုပပျောက်ရေး ဆောင်ရွက်သလို မြို့ကြီးမြို့ငယ်တွေကြား ဖွံ့ဖြိုးမှု တစ်ဖက်စောင်းနင်း မဖြစ်အောင်လည်း ဆောင်ရွက်ဖို့လိုကြောင်း နှိုးဆော်လိုက်ပါရစေ။

၉၊ ၁၁၊ ၂၀၁၁



# ကြာကြာမစောင့်ရဖို့ မျှော်လင့်ပါတယ်

ပြီးခဲ့တဲ့အပတ်က ဂျာနယ် အတော်များများမှာ စာမရေးဖြစ်ဘူး။ စောင့်ဖတ်တဲ့ ပရိသတ်ကို တောင်းပန်ပါတယ်။ ရာသီက ပူပြင်းလွန်းလို့ နေညည်းကြီး တောင့်ခံနေရတဲ့အထဲ ခေါင်းပူစရာတွေလည်း ခါတိုင်းထက် ပိုများသွားလို့ပါ။

**ဆွေမျိုးထက် ခင်လို့**

သီတင်းကျွတ်လပြည့်နေ့က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လိုက်တဲ့ အထဲ ပါလာတဲ့လူငယ်တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာပြီး နှုတ်ဆက်ကြတယ်။ ခန္တီးက၊ ကလေးက၊ သရက်က၊ သာယာဝတီက၊ အင်းစိန်က နေရာစုံကပါပဲ။ တစ်ခါမှ မြင်ဖူးတွေ့ဖူးကြတာ မဟုတ်ပေမဲ့ ဆွေမျိုးတွေထက်တောင် ခင်ကြလို့ 'တကူးတက'လာပြီး နှုတ်ဆက်ရှာကြ တာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုရတယ်။ ဆွေမျိုးထက်တောင် ခင်ကြလို့ဆိုတာ အပိုပြောတာ မဟုတ်ပါဘူး။ သူတို့ခမျာများ ထောင်က လွတ်ပြီး ကိုယ့်အိမ်ကိုယ့်ယာတောင် မပြန်ကြသေးဘဲ ရောက်လာကြတာ ဖြစ်တယ်။

**ကြုံဖူးမှသိ**

ဒီသံယောဇဉ်မျိုးက 'ပြောမယုံ ကြုံဖူးမှသိ' ဆိုသလို တော်ရုံနဲ့ နားမလည်နိုင်ဘူး။ ကြုံဖူးသူများသာ သိနိုင်ကြတာမျိုး ဖြစ်တယ်။ လူငယ် အားလုံးက ခုမှ တွေ့ဖူးကြတာ ဖြစ်ပေမဲ့ စိမ်းမနေဘူး။ သူတို့ကိုယ်သူတို့ မိတ်ဆက်ပြီးတာနဲ့ သူတို့ရင်ထဲ ပါလာတဲ့စကားတွေကို အားရပါးရ ရင်ဖွင့် ပြောကြတော့တာပဲ။ သူတို့စိတ်ထဲမှာ ရင်းနှီးပြီးသားဖြစ်တာကြောင့် ပြောချင် တာအားလုံး မခြွင်းမချန် ပြောကြတယ်။ မရှင်းတာတွေကို မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ သဘောမတူတာ ရှိရင်လည်း ပွင့်ပွင့်လင်းလင်း ပြောတယ်။ မျိုးဆက်ကွာဟမှုကို သူတို့ သတိမထားမိဘူး။ သူတို့နဲ့ တစ်ခရီးတည်း သွားနေတဲ့ ဘဝတူ ခရီးဖော်တစ်ဦးအဖြစ်ပဲ မြင်ကြတယ်။

**ရဲဘော်ရဲဘက်တွေ**

ဟုတ်တာပေါ့။ ပန်းတိုင်တစ်ခုတည်းကို ဦးတည်ပြီး နှစ်ပေါင်းများစွာ အားခဲသွားနေကြတဲ့ ခရီးသည်ချင်းပဲလေ။ ကိုယ်က စောပြီးမွေးလို့ အရင် သွားခဲ့တာပဲ ရှိတယ်။ အားလုံး အတူတူပဲ။ ဘာမှ မကွဲပြားပါဘူး။ ကိုယ် ကျော်ဖြတ်ခဲ့ရတဲ့ ဆူးပြောင့် ခလုတ်တံသင်းတွေကို သူတို့လည်း ကျော်ဖြတ် ခဲ့ရတယ်။ ကိုယ်ကျခဲ့တဲ့ ချောက်ကမ်းပါးကြီးတွေထဲ သူတို့လည်း ကျခဲ့ ရတယ်။ နှစ်ပေါင်းများစွာ ရှေ့က စောထွက်ခဲ့ပေမဲ့ အခုချိန်ထိ ပန်းတိုင် ရှိရာကို ကိုယ်က ဒဏ်ရာဒဏ်ချက်ပေါင်း များစွာနဲ့ ချီတက်နေဆဲဖြစ်သလို သူတို့လည်း ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနဲ့ ချီတက်နေဆဲပဲ ဖြစ်တယ်။ ဘဝတူတွေ၊ ခရီးသွားဖော်တွေပဲပေါ့။ ရဲဘော်ရဲဘက်တွေလည်း ဖြစ်ကြ တယ်။ ရဲဘော်တွေကြားမှာ အသက်ကွာခြားချက်ဆိုတာ မရှိဘူး။ အထက် နဲ့ အောက်ဆိုတာ မရှိဘူး။ အားလုံး အတူတူပဲ။

**ခလုတ်မထိ၊ ဆူးမငြိပါစေနဲ့**

ထောင်ထဲကထွက်လာတဲ့ လူငယ်တွေအားလုံးမှာ တူညီတဲ့အချက် တစ်ခုကတော့ နှစ်ပေါင်းများစွာ သူတို့ခံစားခဲ့ရတဲ့ ဒုက္ခတွေအကြောင်း ရေးကြီးခွင့်ကျယ်လုပ်ပြီး စာဖွဲ့ပြောဆိုမနေကြတာ ဖြစ်တယ်။ အရင်ဆုံး သူတို့ပြောတာက ကျန်နေရစ်ခဲ့သူတွေအကြောင်း ဖြစ်တယ်။ နောက်တော့ 'တိုင်းရေးပြည်ရေး ပေါက်နဲ့ကျေးတွေ'အကြောင်း ဖြစ်တယ်။ သူတို့တစ်တွေ ထဲမှာ အဖေဆုံးသွားတာ မသိလိုက်သူပါသလို အမေကို ဒီတစ်သက် အမေလို့ ခေါ်ခွင့်မရတော့သူလည်း ပါတယ်။ မိဘနှစ်ပါးစလုံး ဆုံးရှုံးလိုက်ရ သူလည်း ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ဒီကိစ္စတွေကို နာနာကြည်းကြည်း ပြောမနေကြဘူး။ တိုင်းပြည်ရဲ့ အနာဂတ်အတွက်ပဲ စိတ်မအေးနိုင်အောင် ဖြစ်နေကြတယ်။ ပြည်တွင်းစစ်ကြီး ဖြစ်လာမှာကို စိုးရိမ်ကြတယ်။ ဒီမိုကရေစီ အရေးတော်ပုံကြီး ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ရင်တမမနဲ့ စောင့်ကြည့် နေကြတယ်။



**ကြောက်လာတယ်**

အဲဒီလိုနဲ့ပဲ သူတို့အပူတွေက ကိုယ့်အပူတွေဖြစ်လာပြီး ခေါင်းအူ အောင် စဉ်းစားရတယ်။ သူတို့အားလုံး ကိုယ့်အပေါ်မှာထားတဲ့ မျှော်လင့် ချက်က သိပ်ကြီးမားလွန်းတော့ ကြောက်လာတယ်။ စကားကို ပေါ့ပေါ့ လွယ်လွယ်ပြောလို့ မဖြစ်ဘူး။ လေးလေးနက်နက် စဉ်းစားရတယ်။ ဒါတိုင်း လို လူငယ်လေးတွေ သူတို့ ကိုယ်ရေးကိုယ်တာ ပညာရေး၊ လူမှုရေးကိစ္စ တွေ လာရောက်ရင်ဖွင့် တိုင်ပင်တာမျိုးဆို ကိစ္စမရှိဘူးလို့ ဆိုနိုင်သေးတယ်။ များသွားလည်း ကာယကံရှင် တစ်ဦးတစ်ယောက်ပဲ နစ်နာမှာ။ ဒါတောင် အကယ်တော့ မမှားသင့်ဘူး။ ကိုယ့်ကို ယုံကြည်အားကိုးလို့ လာတာ မဟုတ်လား။ အခုကိစ္စကျတော့ လူငယ်တွေရဲ့ ကိုယ်ရေးကိုယ်တာ မဟုတ် ဘူး။ မှားသွားရင် သံသရာစင်မှောက်တဲ့ကိန်း ဆိုက်သွားနိုင်တယ်။

**လမ်းကြောင်းချော်ထွက်နိုင်**

အထူးသဖြင့် မီဒီယာတွေ သိပ်အားကောင်းတဲ့ခေတ်မှာ နည်းနည်း လေးမှ အမှားခံလို့ မဖြစ်ဘူး။ ကိုယ်တိုင်က သတင်းမီဒီယာသမားဖြစ်တော့ ပိုပြီး သတိထားနေရတယ်။ စတုတ္ထမဏ္ဍိုင်ကို လူရှိသေ ရှင်ရှိသေ ဖြစ် အောင် မနည်းကြီး ကြိုးစားတည်ဆောက်ခဲ့ကြလို့ အခုမှ အသိအမှတ်ပြု ခံရကာစပဲ ရှိသေးတာ ဖြစ်တယ်။ ဒီလိုအချိန်မှာ သတင်းသမားတွေကိုယ်တိုင် ကလည်း သိက္ခာ သမာဓိ ရှိရုံတင်မက တာဝန်သိစိတ်ပါ ရှိကြရမှာပါ။ နိုင်ငံရေးသမားတွေ စကားတစ်ခွန်းမှားရင် သမိုင်းလမ်းကြောင်း ချော်ထွက် သွားနိုင်သလို သတင်းသမားတွေ စာတစ်ကြောင်း အရေးမှားရင်လည်း အားလုံးပွက်လောရိုက်ပြီး သမိုင်းလမ်းကြောင်း နောက်ပြန်လှည့်သွားနိုင် ပါတယ်။

**စားဝိုင်းမဟုတ်**

အဲဒါကြောင့် စကားမပြောခင် အထပ်ထပ် ချိန်ဆရတယ်။ မှားသွား ရင် ကိုယ့်စကားကိုယ် တာဝန်ယူတယ်လို့ ပြောရုံနဲ့မရဘူး။ မှားသွားရင် ခံရမှာက ကိုယ်တစ်ယောက်တည်း၊ သူတစ်ယောက်တည်း မဟုတ်ဘူး။ အားလုံး ခံကြရမှာ။ တစ်တိုင်းပြည်လုံးရဲ့ ကံကြမ္မာကို လောင်းကစားဝိုင်းမှာ တစ်ကွက်တည်း ပုံအောပြီး ထိုးသလိုမျိုး လုပ်လို့မဖြစ်ဘူး။ နိုင်ငံရေးဆိုတာက



www.burmeseclassic.com

www.burmeseclassic.com

ကစားပိုင်းမဟုတ်ဘူး။ ညကမက်တဲ့ အိပ်မက်ကိုယုံကြည်ပြီး စွန့်စားတာမျိုး မလုပ်ရဘူး။ အထပ်ထပ် အခါခါ စဉ်းစားတွက်ချက်ပြီး လုပ်ရတဲ့ကိစ္စမျိုး ဖြစ်တယ်။

**အချိန်သင့်၊ မသင့်**

ထောင်ထဲကထွက်လာတဲ့ လူငယ်တွေ ကိုယ့်အပေါ်ထားတဲ့ မျှော်လင့်ချက်က သိပ်ကြီးမားလွန်းလို့ ကြောက်လာတယ်လို့ ပြောခဲ့တယ်။ တကယ်တော့ လူငယ်တွေသာ မကဘူး၊ လူကြီးပိုင်းကလည်း ဖုန်းဆက်ပြီး အားပေးကြ၊ ထောက်ခံကြတယ်။ တချို့က ရင်ဖွင့်ကြတယ်။ ဒီ ယုံကြည် ကိုးစားမှုမျိုးတွေကို တန်ဖိုးမထားဘဲ ဘယ်လိုလုပ် နေနိုင်မှာလဲ။ ဒီလို တန်ဖိုးထားတော့ စကားကို ပြီးလွယ်စီးလွယ် မပြောဝံ့ဘူး။ အထပ်ထပ် စဉ်းစားရတယ်။ ပြောသင့်တဲ့စကား မှန်ပေမဲ့ အချိန်အားဖြင့် သင့်၊ မသင့် ချင့်ချိန်ရတယ်။ ကိုယ်တစ်ဦးတည်းအရေး မဟုတ်တဲ့အတွက် ဆံခြည်တစ်မျှင် စာလေးတောင် အမှားခံလို့ မဖြစ်ဘူး။

**တက်သမျှ ဆန့်ကျင်ခဲ့**

နောက်ဆုံးကျတော့ ရောဝတီမျက်နှာကိုထောက်ပြီး အခုချက်ချင်း မဆုံးဖြတ်ဘဲ အချိန်ပေး စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ နှစ် ၅၀ အတွင်း ဘယ်တုန်းကမှမကြားဖူးတဲ့ ပြည်သူ့ဆန္ဒကို လေးစားသောအားဖြင့် မြစ်ဆုံရေကာတာ စီမံကိန်းကို ဆက်မလုပ်ဘဲ ရပ်ဆိုင်းလိုက်တယ်ဆိုတဲ့ သမ္မတ ဦးသိန်းစိန်ရဲ့ ကြေညာချက်ကို ကြိုဆို အသိအမှတ်ပြုပြီး တူညီတဲ့ တုံ့ပြန်မှုမျိုး ပေးသင့်တယ်။ နှစ်ပေါင်း ၅၀ လုံးလုံး ကိုယ့်ဘက်ကလည်း တက်သမျှ အစိုးရတိုင်းကို ဆန့်ကျင်ခဲ့တယ်။ တော်လှန်ရေးကောင်စီ အစိုးရကို ဆန့်ကျင်သလို မြန်မာ့ဆိုရှယ်လစ် အစိုးရကိုလည်း ဆန့်ကျင် ခဲ့တယ်။ ၁၉၇၄ အခြေခံဥပဒေကို မထောက်ခံသလို နောက်ဆက်တွဲ ပေါ် ပေါက်လာတဲ့ ရွေးကောက်ပွဲတွေနဲ့ အစိုးရတွေကိုလည်း အသိအမှတ်မပြု ခဲ့ဘူး။ အားလုံးကို အတုအယောင်တွေလို့ပဲ သဘောထားခဲ့တယ်။

**မျှော်လင့်ပါတယ်**

အခုနောက်ဆုံး အခြေခံဥပဒေနဲ့ ရွေးကောက်ပွဲကိုလည်း အသိအမှတ်



မပြုခဲ့ဘူး။ ဦးသိန်းစိန် အစိုးရကိုလည်း အခုထိ မထောက်ခံသေးဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို အမှန်တကယ် အကောင်အထည်ဖော်၊ မဖော် ဆိုတာ မသိနိုင်သေးဘူး။ ဒါပေမဲ့ ရောဝတီ ဆုံးဖြတ်ချက်ကတော့ ဒီမို ကရေစီ အစိုးရမျိုးရဲ့ လုပ်နည်းလုပ်ဟန် ဖြစ်တယ်။ နောက် ဝန်ကြီးများရုံးကို ကိုယ်တယ်ဖွင့်ဖို့ မငှားတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ဟာလည်း ပြည်သူ့ဆန္ဒကို လေးစားလိုက်နာတဲ့သဘော ဖြစ်တယ်။ ဒီမိုကရေစီ အရိပ်လက္ခဏာတွေ ဖြစ်တယ်။ ဒီမိုကရေစီနဲ့ မအပ်စပ်တဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျ ခံနေရသူတွေ ကိစ္စနဲ့ ပြည်တွင်းစစ် ကိစ္စကိုသာ ပြည်သူ့ဆန္ဒကို လိုက်လျောပြီး အမြန်ဆုံး ဖြေရှင်းလိုက်မယ်ဆိုရင် စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို တောင် လျှောက်လှမ်းနေပြီလို့ ဆိုနိုင်တော့မှာ ဖြစ်တယ်။ အမြန်ဆုံး ဆိုချင် ပါတယ်။ ကြာကြာစောင့်မနေရဖို့ပဲ မျှော်လင့်ပါတယ်။

၁၆၊ ၁၁၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# ထိပ်တန်းကျသော အစိုးရ

အခုတလော စာရေးပျက်တာတွေ များနေတယ်။ နိုဝင်ဘာလလယ် ရောက်နေတာတောင် ရန်ကုန်မှာ ဆောင်းမဝင်သေးဘဲ ပူမြဲ ပူနေသေးတာ ကြောင့် နေလို့ထိုင်လို့ သိပ်မကောင်းဘူး။ ပြီးတော့ ဒီရက်ပိုင်းအတွင်း ခေါင်းပူစရာတွေကလည်း များတယ်။

## "လွှတ်ပြီဆို" နဲ့ "ဝင်မယ်ဆို"

တိုင်းရေးပြည်ရေး လှုပ်လှုပ်ရှားရှားဖြစ်လာတဲ့ အခါမျိုးတွေဆိုရင် ညွှန်များသလို ဖုန်းခေါ်သံတွေလည်း များတယ်။ မျက်စိကြီး နားကြီး ရပ်ကွက်ထဲက လူတစ်ယောက်လို့ အများက ထင်မှတ်မှားနေကြလေတော့ တစ်ခုခု အသံကြားတိုင်း လှမ်းမေးတတ်ကြတယ်။ ဒီရက်ပိုင်းမှာတော့ 'လွှတ်ပြီဆို' နဲ့ 'ဝင်မယ်ဆို' မေးခွန်းနှစ်ခုကို မောလောက်အောင်ကို ဖြေရတယ်။ မသိပါဘူး၊ မကြားပါဘူး၊ မသိပါဘူး။ မကြားပါဘူးပေါ့။ ဟုတ်တယ်လေ 'နိုင်ငံ့အရေး ပေါက်နဲ့ကျေး' ဆိုတာ အင်မတန် ခန့်မှန်းရခက်တာ ကလား။ မိုးလေဝသ ခန့်မှန်းသလို ရာသီဥတု သာသာယာယာရှိမယ် ခန့်မှန်းထားပေမယ့် တဝုန်းဝုန်း တဒိုင်းဒိုင်း ထစ်ချုန်းပြီး မိုးတွေ သဲကြီးမဲကြီး ရွာချင် ရွာချတတ်တာ။

## ဒီမိုကရေစီ ကြာတောမိုး

မျက်စိကြီး နားကြီး ရပ်ကွက်သားဆိုပေမဲ့ မျက်စိက မှုန်သီပြီ နားကလည်း ထိုင်းနေပြီဆိုတော့ တည့်တည့်ပြောမှ ရိပ်မိတယ်ဆိုရုံလောက် ရှိတော့တာ။ အဲဒီတော့ မသိပါဘူး၊ မကြားပါဘူး ဆိုတာထက် ဘာမှ ပိုမပြောနိုင်တော့ဘူး။ ဒီမိုကရေစီဆိုတာကလည်း ကြာတောမှာရွာတဲ့ ပေါက်ွရဝသမိုးလို စိုချင်တဲ့နေရာမှာ စိုပြီး ခြောက်ချင်တဲ့နေရာမှာ ခြောက်တဲ့



သဘော ရှိတယ်ထင်ပါရဲ့။ အများအားဖြင့်တော့ ရုပ်မြင်သံကြားမှာ ထုတ်ပြန်ကြေညာတော့မှ သိရတာချည်းပါပဲ။ ကိုယ်တိုင်က သတင်းသမား ဖြစ်တော့ အချက်အလက်မရှိရင် မပြောတတ်ဘူး။ ရော်ရမ်းမှန်းဆလည်း မလုပ်တတ်ဘူး။ ခုအချိန်မှာ သတင်းစာထုတ်မလားလို့မေးရင် ခေါင်းခါဖို့မှာပဲ ဘယ်လိုမှ လုပ်တတ်မှာ မဟုတ်တာ သေချာတယ်။

## ငါးကြင်းဆီနဲ့ ငါးကြင်းကြော်

စာတွေ အများကြီးရေးနေတော့ ခတ်မသိသူတွေကတော့ မျက်စိကြီး နားကြီးလို့ ထင်ကြရှာတာပေါ့။ အဲဒီအထင်နဲ့ပဲ တစ်ခုခု လှုပ်လှုပ်ရွရွကြားရ မြင်ရတာနဲ့ ဖုန်းလှမ်းဆက်ကြတယ်။ တက္ကသိုလ်ရိပ်သာလမ်းက ခြံထဲကို ဘယ်အချိန်က ကားဘယ်နှစီး ဝင်သွားတယ် ဆိုတာမျိုး၊ အင်းစိန် ထောင် နားမှာ သတင်းထောက်တွေ အများကြီး လာစောင့်နေတယ် ဆိုတာမျိုး သတင်းတွေ လှမ်းပြောကြတယ်။ ဒီလိုနဲ့ပဲ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်သလို လူထုဆီကရတဲ့ သတင်းတွေကို လူထုဆီ ပြန်ပို့ပေးရတယ်။ နည်းနည်းလေး ဒိယမ စိုက်ထုတ်ပြီး သေချာအောင် ထပ်ဆင့်မေးမြန်းရတာမျိုးတော့ ရှိတာ ပေါ့လေ။ ဒါလောက်ကလေးမှ မလုပ်ရင်လည်း သတင်းသမားလို့ အခေါ် ခံထိုက်တော့ပါဘူး။

## စောင့်ကြည့်မယ်ဆိုတဲ့ ကိစ္စ

သမ္မတ ဦးသိန်းစိန် အစိုးရကို မထောက်ခံသေးဘူး။ ထောင်ထဲကလူ လွှတ်၊ မလွှတ်ဆိုတဲ့ စံနဲ့ ပြည်တွင်းစစ်ရပ်စဲရေး လုပ်၊ မလုပ်ဆိုတဲ့ စံနှစ်ခုနဲ့ ချိန်ထိုးပြီး စောင့်ကြည့်ဦးမယ်လို့ ဂျာနယ်တွေ အတော်များများမှာ ရေးခဲ့တာနဲ့ ပတ်သက်ပြီး တချို့က ဖုန်းဆက်တယ်၊ တချို့က စာရေးတယ်၊ တချို့က လူကိုယ်တိုင်လာပြီး မေးတယ်။ အင်တာနက်ကတစ်ဆင့် မေးတာတွေလည်း ရှိတယ်။ တချို့က စောင့်ကြည့်တာကို သဘောတူတယ်။ တချို့ကတော့ ဘာစောင့်ကြည့်စရာ လိုသလဲ။ ဒီပုတ်ထဲက ဒီပဲတွေပဲ မဟုတ်ဘူးလားလို့ စောဒကတက်ကြတယ်။ တက်ပါစေ။ ဒီလို ကိုယ်မကြိုက်တာကို မကြိုက်ဘူး ပြောခွင့်ရှိမှ ဒီမိုကရေစီလို့ ခေါ်နိုင်မှာပေါ့။ အထက်ကပြောသမျှ ခေါင်းညိတ်လုပ်တဲ့ အကျင့်တွေ ဆက်ပြီး သယ်ဆောင် သွားဖို့ မကောင်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

**ဖြည့်စွက်ချက်**

စောင့်ကြည့်တာကို သဘောတူသူနဲ့ မတူသူပဲ ရှိတာ မဟုတ်ဘူး၊ ဖြည့်စွက်ဆွေးနွေးသူလည်း ရှိပါတယ်။ သူ့ဆွေးနွေးချက်ကလည်း မှန်နေတာကြောင့် ထည့်မစဉ်းစားလို့ မဖြစ်ဘူး ယူဆတယ်။ သူက စံနှစ်ခုနှိုင်းချိန်ထိုးကြည့်ရုံနဲ့တင် မလုံလောက်ဘူးလို့ ထောက်ပြတယ်။ တိုင်းသူပြည်သားအများစုကြီးရဲ့ ကျောပေါ်မှာ ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချမပေးသရွေ့ ကာလပတ်လုံး ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ်ကို ရောက်ပြီလို့ မဆိုနိုင်ဘူးလို့ ဆိုပါတယ်။ ဆွေးနွေးသူမိတ်ဆွေက မန္တလေးက လုပ်ငန်းရှင်တစ်ယောက်ပါ။ တိုင်းသူပြည်သားများအနေနဲ့ မြေခွန်၊ အိမ်ခွန်၊ ရေခွန်၊ မီးခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် စတဲ့ တရားဝင် အခွန်အတုတ်များကို မှန်မှန်ကန်ကန် ပေးသွင်းထမ်းဆောင်ဖို့ တာဝန်ရှိတယ်။ ရှောင်ရှားပျက်ကွက်ရင် အရေးယူသင့်တယ်လို့ သူက လက်ခံပါတယ်။

**ခါးစည်း ခံခဲ့ရ**

တရားဝင် ဥပဒေနဲ့ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ အခွန်အတုတ်များအပြင် မလိုလားအပ်တဲ့၊ ဥပဒေနဲ့လည်း မကိုက်ညီတဲ့ ခေါင်းစဉ်အမျိုးမျိုး တပ်ထားတဲ့ ကောက်ခံမှုတွေက တရားဝင် အခွန်အခတွေထက် အများပိုစုံပြီး ကောက်ခံမှုပမာဏကလည်း မတန်တဆ ကြီးမား များပြားလွန်းတဲ့ ဒဏ်ကို တောရွာမြို့ပါမကျန် နှစ် ၅၀ လုံးလုံး ခါးစည်းခံခဲ့ရတာကြောင့် တိုင်းပြည်ရဲ့စီးပွားရေး နာလန်မထူနိုင်အောင် ဖြစ်နေတာလို့ သူက ဆိုပါတယ်။ မြို့ပေါ်က လုပ်ငန်းရှင်တွေဆိုရင် ဥပဒေအရ ကောက်ခံတဲ့ အခွန်တွေအပြင် တော်တော်ကြာ လမ်းခင်းဖို့ဆိုပြီး အနည်းဆုံး ငါးသိန်းက ဆယ်သိန်း၊ ဆယ့်ငါးသိန်းထိ ကောက်လိုက်၊ တော်တော်ကြာ ထရံစဖော်မှာ ထိုင်ဖို့ဆိုပြီး ငါးသိန်း၊ ဆယ်သိန်း ကောက်လိုက်၊ ရေပိုက်သွယ်ဖို့ ဖုန်းလိုင်းသွယ်ဖို့ဆို ကောက်လိုက်နဲ့ တစ်နှစ်ပတ်လုံး ကောက်လို့ မပြီးနိုင်တော့ဘူး။

**ပြာတာတောင် ဆရာခေါ်ရ**

ဒီကောက်ခံမှုတွေလုပ်ပြီး လုပ်ငန်းတွေပြီးအောင် လုပ်၊ မလုပ်ဆိုတာ မသိရသလို စာရင်းအင်းရှင်းတမ်းလည်း ဘယ်တော့မှ မမြင်ရဘူး။ တောတောင်သူလယ်သမားတွေဆို ပိုဆိုးတယ်။ ရုံးက စာလာပို့တဲ့ ပြာတာကို ဆောင် ကြောက်ပြီး ဆရာခေါ်နေကြရတာဆိုတော့ ဘာလာကောက်ကောက် မေးရဲမြန်းရဲကြတာ မဟုတ်ဘူး။ ထည့်လိုက်ကြရတာပဲ။ အမတော်ကြေး ထုတ်ချေးတဲ့အခါများ ဟိုဟာဒီဟာတွေ ဖြတ်ယူထားလည်း မပြောရဲဘူး ငြိမ်နေကြရတယ်။ အဆိုးဆုံးကတော့ ဈေးလာရောင်းတဲ့သူတွေ ဖြစ်တယ်။ အမတော်ကြေး ထုတ်ပေးတဲ့နေရာနားမှာ ကားတွေထိုးဆိုက်ပြီး ဌာနဆိုင်ရာ ဆိုလို့၊ ဘာလိုလိုနဲ့ ရောင်းတော်ပြန် ရောလွှတ်ပြီး မြေဆီတွေနဲ့ ပိုးသတ်ဆေးတွေ မဝယ်မနေရ ဖွတ်ရောင်းကြတယ်။ သူတို့ရောင်းတဲ့ တံဆိပ်တွေက မကောင်းလို့ မဝယ်ချင်ပေမဲ့လည်း လယ်သမားတွေက ပြန်ပြောရဲတာ မဟုတ်ဘူး။

**အမတော်ကြေးစနစ် ပြင်ဖို့လို**

အမတော်ကြေး ပေးတဲ့စနစ်ကိုလည်း ပြုပြင်ဖို့ စဉ်းစားသင့်တာကြာပြီ။ အမတော်ကြေး ပေးရုံနဲ့ လယ်သမားတွေရဲ့ အခက်အခဲ ပြေလည်သွားတာ မဟုတ်ဘူး။ ပေးတုန်းက ဟိုနုတ်ဒီနုတ်နဲ့ အပြည့်မရပေမဲ့ ပြန်ဆပ်ချိန်ရောက်တော့ အပြည့်ဆပ်ကြရတာ။ လယ်သမားတွေရဲ့ဘဝ အမှန်တကယ် တိုးတက်ဖို့ဆိုရင် မျိုးကောင်းမျိုးသန့် သီးနှံတွေ ဖြန့်ဖြူးပေးပြီး နည်းပညာအကူအညီတွေ လုံလုံလောက်လောက် ပံ့ပိုးပေးကြရမှာ ဖြစ်တယ်။ အဓိကကတော့ လယ်သမားတွေရဲ့ကျောပေါ်က ဝန်ထုပ်ဝန်ပိုးတွေဖြစ်တဲ့ တရားမဝင် ငွေကောက်ခံမှုမျိုးစုံကို အမြန်ဆုံး ရပ်စဲပစ်ဖို့ဖြစ်တယ်။ ဒါတွေ လုပ်ဘဲနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်မယ် ပြောဆိုနေခြင်းဟာ အိတ်ပေါက်နဲ့ ဖားကောက်သလိုသာ ရှိလိမ့်မယ်လို့လည်း မိတ်ဆွေက ထောက်ပြပါတယ်။

**ဆိတ်တန်းကျသော အစိုးရ**

နောက်ဆုံးတော့ မိတ်ဆွေက လူထုဦးလှရဲ့ 'ထောင်နဲ့ လူသား' စာအုပ် အဖွင့်စာမျက်နှာမှာပါတဲ့ စာပိုဒ်ကလေးကို ဖတ်ဖြစ်အောင် ဖတ်ကြည့်စမ်းပါလို့ ညွှန်းလိုက်တဲ့အတွက် ရှာပြီး ဖတ်ကြည့်လိုက်တော့ ဒီလို တွေ့ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

**"အစိုးရ"**

'ဆင်းရဲသားများ ပျော်ရွှင်၍ စာမတတ်သူ၊ ဒုက္ခရောက်သူများ မရှိဘဲ အကျဉ်းသားမဲ့သော ထောင်၊ သူတောင်းစားကင်းသော လမ်းလူအိုများ ချမ်းသာ၍ အခွန်အတုတ် နည်းပါးပေသည်ဟု ပြောဆိုနိုင်သော အစိုးရမျိုးမှ လောကတွင် ထိပ်တန်းကျသော အစိုးရဟု ကြွားနိုင်သည်'

သောမတ်စ်ပိန်း

၂၃၊ ၁၁၊ ၂၀၁၁



# ၈ ဇာတ်စဉ် ပေဟာဋ္ဌြမ် မဖြစ်ကြရအောင်

ဒီခေတ်က နည်းပညာလွှမ်းမိုးတဲ့ခေတ် ဖြစ်တယ်။ နည်းပညာ တိုးတက်မှုရှိမှ တိုင်းပြည်တိုးတက်နိုင်တယ်။ ဈေးရောင်းတာတောင် တိုးတက်တဲ့ ဈေးရောင်းနည်းအတတ်ပညာတွေ သုံးတတ်ဖို့ လိုအပ်လာတယ်။ သမားရိုးကျ 'ဆန်ပေးဆေးယူ' ဈေးရောင်းနည်းတွေနဲ့တင် အလုပ်မဖြစ်တော့ဘူး။

**အာရှရဲ့ ထိပ်ဆုံးက**

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ကိုလိုနီခေတ်ကတောင် အာရှတိုက် တစ်ခုလုံးမှာ ထိပ်ဆုံးကရှိတဲ့ ပညာရေးစနစ် ဖြစ်တယ်။ စာတတ်မြောက်မှု ရာနှုန်းမှာဆိုရင် အာရှသာမကဘူး ဥရောပနိုင်ငံတချို့ထက်တောင် မြင့်မားခဲ့တယ်။ ဥရောပနိုင်ငံတွေမှာ မြို့တော်ကြီးက မှူးမျိုးမတ်နွယ်တွေနဲ့ လူကုံထံ သားသမီးတွေသာ အိမ်မှာ ဆရာထားပြီး စာသင်ကြားခွင့် ရကြပေမဲ့ မြန်မာပြည်က ကျေးလက် တောရွာတွေမှာတော့ တောင်သူ လယ်သမား ဆင်းရဲသား သားသမီးတွေအားလုံး ဘုန်းတော်ကြီးကျောင်းတွေမှာ အခမဲ့ ပညာသင်ကြားနိုင်ခဲ့ကြတယ်။ အဲဒါကြောင့် မြန်မာအမျိုးသမီး အများစုဟာ သေစာရှင်စာလောက်တော့ တတ်ကြတယ်။ လက်မှတ်ထိုးတဲ့နေရာမှာ ကြက်ခြေခတ်စရာ မလိုဘူး။ မြန်မာပြည်က မယ်ခွေလို အမျိုးသမီး စာဆိုတွေ စာပေလွှ ရင်မှာပိုက်ပြီး ကဗျာလင်္ကာတွေ ရေးဖွဲ့နေချိန်မှာ ဥရောပနိုင်ငံ အတော်များများမှာ အမျိုးသမီးတွေ ပညာသင်ကြားခွင့်ရရေး အတွက် တိုက်ပွဲဝင်နေရဆဲ ဖြစ်တယ်။

**ကွမ်းယာဆိုင်တောင် မကျန်**

၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းလိုက်ပြီး မကြာမီမှာ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းမှန်သမျှ ကွမ်းယာဆိုင်တောင်မကျန်



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူပိုင် သိမ်းလိုက်တယ်။ သာသနာပြုကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေ အားလုံးလည်း သိမ်းပစ်လိုက်တယ်။ အဲဒီအချိန်ကစပြီး ပညာရေး အဆင့်အတန်းဟာ တရိပ်ရိပ် ကျဆင်းသွားခဲ့ရတယ်။ ပညာရေးစနစ်တွေက မတည်ငြိမ်ဘဲ ခဏခဏ အပြောင်းအလဲဖြစ်နေတဲ့ဒဏ်ကို ကျောင်းသားတွေ မရှုမလှ ခံခဲ့ကြရတယ်။ ဆရာ၊ ဆရာမတွေလည်း 'ခုတစ်မျိုး တော်ကြာ တစ်မျိုး' ပေါ်လစီ မူဝါဒတွေကြောင့် မလုပ်တတ် မကိုင်တတ်ဖြစ်ပြီး လက်မှိုင်ချ နေကြရတယ်။ ကြားထဲက အချောင်နာမည်ပျက်တာပဲ အဖတ် တင်တယ်။

## မရှိမဖြစ် ကျူရှင်

အပြောင်းအလဲများတဲ့ ပညာရေးစနစ်ကြောင့် ကျူရှင်တွေ ပေါ်ပေါက်လာရတယ်။ မရှိမဖြစ် အနေအထားမျိုးထိ ရောက်သွားတယ်။ အစိုးရကျောင်းက ဆရာ၊ ဆရာမတွေလည်း ကျူရှင်ရေစီးထဲ မျောပါလာကြတယ်။ ဒီမှာတင် အားလုံးက ဆရာ၊ ဆရာမတွေကို ဝိုင်းပြီးလက်ညှိုးထိုးကြတယ်။ တကယ်တော့ ဘယ်ဆရာ၊ ဆရာမမှ ကျူရှင်မပေးချင်ပါဘူး။ ကျောင်းမှာ ကျောင်းတက်ခေါင်းလောင်း ထိုးချိန်ကစပြီး ကျောင်းဆင်းခေါင်းလောင်း ထိုးချိန်အထိ တစ်တန်းဝင် တစ်တန်းထွက် မနားတမ်း သင်ကြားနေရတာ ဆိုတော့ ညနေစောင်းတာနဲ့ ခြေကုန် လက်ပန်းကျပြီး မောဟိုက်နေပါပြီ။ အိမ်မှာ ခြေပစ်လက်ပစ် နားနေချင်တဲ့သူချည်းပါပဲ။ မတတ်သာလို့သာ နားချိန်ကလေး အဆုံးခံပြီး ကျူရှင်သင်ရတာပါ။ ဘယ်သူက သင်ချင်ပါ့မလဲ။ 'ငါ့ဝမ်းပူဆာ မနေသာ'ဆိုတဲ့ အခြေအနေမျိုးသာ မဟုတ်ရင် ဘယ်ဆရာ ဆရာမမှ ကျူရှင်မသင်ပါဘူး။ မြန်မာ့ပညာရေး ဒီအခြေအနေထိ ကျဆင်းသွားရတာဟာ ဆရာ၊ ဆရာမတွေ ကျူရှင်ပေးလို့ မဟုတ်ပါဘူး။

## တွေ့သမျှလူ ပါရဂူ

ဆရာ၊ ဆရာမတွေက ကျူရှင်ကို မွေးထုတ်လိုက်တာ မဟုတ်ဘူး။ ပညာရေးစနစ်ကြီး ဟန်မကျလို့ ကျူရှင်တွေ ပေါ်ပေါက်လာရတာ ဖြစ်တယ်။ နောက်ဆုံး ဘယ်လောက်ထိ အခြေအနေဆိုးလာသလဲဆိုရင် 'မြင်မြင်သမျှ ပါမောက္ခ၊ တွေ့သမျှလူ ပါရဂူ' ဆိုတဲ့ စာချိုးတွေတောင် ပေါ်ပေါက်လာခဲ့ရတယ်။ ပြီးခဲ့တဲ့ နှစ် ၅၀ အတွင်း အစိုးရအဆက်ဆက် လက်ထက်တွေမှာ ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ ညီလာခံတွေ အကြိမ်ကြိမ် ကျင်းပခဲ့ကြတယ်။ စာတမ်းတွေလည်း အများကြီး တင်သွင်း ဆွေးနွေးခဲ့ကြတယ်။ ဒါပေမဲ့ တိုင်းပြည်နဲ့ သင့်တော် အံဝင်ခွင်ကျ မှန်ကန်ကောင်းမွန်တဲ့ ပညာရေးစနစ်တစ်ရပ် ဒီနေ့ထိ မထူထောင် နိုင်သေးပါဘူး။



## ကြောက်ဖူးတာတွေ

ဒီနေ့ဒီအချိန်မှာတော့ နှစ် ၅၀ လုံးလုံး ကျင့်သုံးလာခဲ့တဲ့ တစ်ပါတီ တစ်ဖွဲ့စည်း အာဏာရှင်စနစ်ကို ထားရစ်ခဲ့ပြီး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် ဘက်ဖြစ်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းဖို့ ခြေလှမ်း ပြင်နေတာ မြင်တွေ့ရတယ်။ နှစ်ပေါင်း ၅၀ လုံးလုံး မကြားဖူးခဲ့တဲ့ ပြည်သူ့ဆန္ဒကို လေးစားရမယ်။ အမြင်ချင်း မတူသူတွေနဲ့တောင် မတူတာ တွေ ထားပြီး တူတာတွေ အတူတွဲလုပ်နိုင်အောင် နည်းလမ်းတွေ ရှာရမယ်။ တုတ္တမဏ္ဍိုင်ကို ကြံ့ခိုင်အောင် ထူထောင်ရမယ်။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိစေရဘူး စတဲ့ စကားသံတွေ နေ့စဉ်ကြားလာရတယ်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ ဆွေးနွေးပွဲကြီးတွေလည်း တစ်ခုပြီးတစ်ခု ကျင်းပနေတာ တွေ့ရတယ်။

## ကာယကံရှင်တွေ မပါဘူး

ပညာရေးနဲ့ပတ်သက်လို့လည်း လွှတ်တော်ထဲမှာ မေးမြန်းဆွေးနွေး နေကြတာ ကြားရတယ်။ မကြာခင်မှာတော့ စီးပွားရေး ဆွေးနွေးပွဲကြီးတွေ လုပ်ခဲ့သလို ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကြီးတွေလည်း လုပ်လာလိမ့်မယ် လို့ မျှော်လင့်ရတယ်။ မြန်မြန်လုပ်လေ ကောင်းလေလို့ပဲ ပြောချင်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ အရင့်အရင် ခေတ်အဆက်ဆက်က လုပ်ခဲ့တဲ့ ညီလာခံတွေလို အခရာအကျဆုံး အဓိကလူတွေကို ချန်ထားပစ်ခဲ့တာမျိုး မဖြစ်စေချင်ဘူး။ ရှေးက ဆွေးနွေးပွဲကြီးတွေ၊ ညီလာခံကြီးတွေ ကျင်းပတဲ့အခါ အစိုးရ ဌာနဆိုင်ရာ အရာရှိကြီးတွေနဲ့ တက္ကသိုလ်က ပါမောက္ခကြီးတွေ၊ ဆရာ၊ ဆရာမကြီးတွေနဲ့ တခြားပညာရှင်ကြီးတွေကို ဖိတ်ကြား တက်ရောက် စေခဲ့တယ်။ တကယ့် ကာယကံရှင်တွေတော့ မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

**လယ်မင်းသားတွေ**

တောင်သူလယ်သမား ညီလာခံတွေမှာ တဘက်ကြီးတွေ ခေါင်းမှာ ပေါင်းထားတဲ့ မြို့က အရာရှိကြီးတွေနဲ့ ပါတီကောင်စီဝင်တွေ၊ လယ်သမား ယောင်ယောင်၊ စပါးပွဲစား၊ ပဲပွဲစားယောင်ယောင် 'လယ်မင်းသား'တွေချည်း တက်ရောက်ပြီး ရေးပေးထားတာတွေကို ဖတ်ကြ၊ ပြောကြတယ်။ လယ်သမား စစ်စစ်တွေမပါတော့ ပကတိအခြေအနေမှန်ကို ဘယ်လိုလုပ် သိမှာလဲ။ ဒီလိုနဲ့ပဲ အပ်နဲ့ထွင်းရမယ့် ကိစ္စတွေကို ပုဆိန်နဲ့ပေါက်ပြီး ရှင်းရတဲ့ အဖြစ် မျိုးတွေ ဖြစ်လာရတာ မဟုတ်လား။

**ရင်ဖွင့်သံတွေ**

အလုပ်သမား ညီလာခံဆိုတာတွေလည်း အလားတူပဲ။ ဘာမှ မထူး ဘူး။ အပြာရောင် အလုပ်သမားဝတ်စုံဝတ်ထားတဲ့ ညွှန်ချုပ်တွေ၊ ညွှန်မှူး တွေ၊ စက်ရုံမှူးတွေ၊ မန်နေဂျာတွေနဲ့ အလုပ်သမား အရာရှိတွေချည်းပဲ။ အဲဒီတော့ စက်ရုံ၊ အလုပ်ရုံတွေရဲ့ အခြေအနေမှန်ကို မသိရတော့ဘူး။ တစ်နှစ်လုံး ရပ်ထားပြီး လူကြီးလာမှ စွမ်းအားပြည့် လည်ပြတဲ့ စက်ရုံမျိုး တွေကိုပဲ ဟုတ်လှပြီ ထင်နေကြတာ။ ဒါမျိုးတွေ မနေ့တစ်နေ့ကအထိတောင် မြင်တွေ့နေရသေးတယ်။ ဒီနေ့ဒီအချိန်မှာတော့ ဒါမျိုးတွေ ဆက်ပြီး ရှိမနေ သင့်တော့ဘူး။ လယ်ယာစိုက်ပျိုးရေးကိစ္စတွေမှာ အညာက၊ မြစ်ဝကျွန်းပေါ် က၊ မြေလတ်က၊ ကမ်းရိုးတန်းက၊ တောင်ပေါ်က စသဖြင့် ဒေသစုံက တောင်သူလယ်သမားစစ်စစ်တွေရဲ့ ရင်ဖွင့်သံတွေ ကြားရအောင် လုပ်ဖို့ လိုတယ်။ အလုပ်သမားကိစ္စတွေမှာလည်း အလုပ်သမားစစ်စစ်တွေ မပါ မဖြစ် ပါရပါမယ်။

**ဆရာတွေက အသိဆုံး**

လယ်ယာကိစ္စကို လယ်သမားထက် ဘယ်သူမှ ပိုမသိနိုင်ဘူး။ အလုပ်သမားကိစ္စကို အလုပ်သမားက အသိဆုံးပဲ။ အလားတူပဲ ပညာရေးကိစ္စ မှာလည်း လက်တွေ့သင်ကြားပေးနေရတဲ့ ဆရာ၊ ဆရာမတွေနဲ့ သင်ကြားခံ ကျောင်းသူ ကျောင်းသားတွေထက် ဘယ်သူမှ ပိုမသိနိုင်ဘူး။ အဆင့်မြင့်နဲ့ အထက်တန်း ပညာရေးကိစ္စ ဆွေးနွေးပွဲတွေမှာ လက်တွေ့ သင်ကြားပေး နေတဲ့ ဆရာ၊ ဆရာမတွေ မပါမဖြစ် ပါစေသင့်သလို အရွယ်ရောက်နေပြီ



ဖြစ်တဲ့ အထက်တန်းနဲ့ အဆင့်မြင့်ပညာ ကျောင်းသားတွေရဲ့အသံတွေကို ကြားနိုင်အောင် သူတို့ကိုလည်း ပါဝင်စေသင့်ပါတယ်။

**လွတ်လပ်တဲ့ တက္ကသိုလ်ပညာရေး**

ရှေးက တက္ကသိုလ်ဆီးနိတ်လို့ခေါ်တဲ့ အုပ်ချုပ်ရေးအဖွဲ့ဆိုတာ ရှိတယ်။ အဲဒီမှာ ဝန်ကြီးချုပ်က အဓိပတိဖြစ်ပြီး ကျောင်းအုပ်ကြီးက ဒုတိယအဓိပတိ ဖြစ်တယ်။ ဘာသာရပ်အလိုက် ပါမောက္ခတွေက ဆီးနိတ် လူကြီးများအဖြစ် ပါဝင်ပြီး မြို့မိမြို့ဖ ကိုယ်စားလှယ်နဲ့ ကျောင်းသားများရဲ့ ကိုယ်စားလှယ်အဖြစ် သမဂ္ဂဥက္ကဋ္ဌက ပါဝင်ရတယ်။ တက္ကသိုလ်အုပ်ချုပ်ရေး သင်ကြားရေးကိစ္စ အရပ်ရပ်ကို ဒီအဖွဲ့က လွတ်လွတ်လပ်လပ် ဆောင်ရွက် နိုင်တယ်။ အစိုးရက ဝင်ရောက်စွက်ဖက်တာမျိုး မလုပ်ဘူး။

**က ကညစ် ပေမှာခြစ်**

ပညာရေးမှာ အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးက မူလတန်း ပညာရေး ဖြစ်တယ်။ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်တွေနဲ့ အတူ ထားပြီး ဆွေးနွေးတာမျိုးမလုပ်ဘဲ မူလတန်းအဆင့် ပညာရေး ဆွေးနွေးပွဲ သီးသန့် လုပ်သင့်တယ်။ မူလတန်းဆရာ၊ ဆရာမတွေကိုပဲ ဦးစားပေး ဖိတ်ကြားပြီး စာတမ်းဖတ်တာ၊ ဆွေးနွေးတာတွေ လုပ်စေသင့်တယ်။ ပညာရေး တက္ကသိုလ်၊ ကောလိပ်တွေက မူလတန်း ပညာသင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမတွေကလည်း ခေတ်မီသင်ကြားရေး နည်းစနစ်နဲ့ ပတ်သက်တဲ့ စာတမ်းတွေ တင်တာ၊ ဟောပြောတာတွေ လုပ်စေသင့်တယ်။ မူလတန်း အတွက် ပြဋ္ဌာန်းစာအုပ်တွေ ရေးသားပြုစုတဲ့နေရာမှာလည်း ဒီပုဂ္ဂိုလ်တွေ ဟာ မပါမဖြစ် ပါသင့်သူတွေ ဖြစ်တယ်။ မူလတန်း ကလေးတွေရဲ့အကြောင်း ကို မူလတန်း ဆရာ၊ ဆရာမတွေက အသိဆုံး ဖြစ်တယ်။ ကလေးတွေ အကြောင်း မသိသူတွေကို အရေးခိုင်းတဲ့အတွက် ရှေးက 'က ကညစ် ပေမှာ ခြစ်' ဆိုတဲ့ စာအုပ်မျိုးတွေ ထွက်ရှိလာတာ ဖြစ်တယ်။

**ကညစ်ကို မမြင်ဖူးဘူး**

'ကကြီး ကန်စွန်းပင် ရေမှာရှင်'ဆိုတဲ့စာက ဟုတ်နေပါလျက်နဲ့ 'က ကညစ် ပေမှာခြစ်' လုပ်ပစ်လိုက်တော့ အားလုံး ဒုက္ခရောက်ကုန်ကြရော။



www.burmeseclassic.com

www.burmeseclassic.com

ကညစ်တို့၊ ပေတို့ဆိုတာ ကလေးတွေက ဘယ်လိုလုပ် သိမှာလဲ။ ကလေး မပြောနဲ့ သူတို့ကို သင်နေရတဲ့ ဆရာမတွေ ကိုယ်တိုင်တောင် ကညစ်ကို မမြင်ဖူးသလို ပေရွက်ကိုလည်း မြင်ဖူးတာ မဟုတ်ဘူး။ အဲဒါကြောင့် ကျောင်းသုံး စာအုပ် ပြုစုရာမှာ မူလတန်း ဆရာ၊ ဆရာမတွေ မပါမဖြစ် ပါသင့်တယ်လို့ ပြောခဲ့တာ ဖြစ်တယ်။

### လှေခါးစီးသလို

အပြောင်းအလဲတစ်ခု ပြုလုပ်တဲ့အခါမှာ လှေကားထစ် တက်သလို တစ်ဆင့်ပြီးတစ်ဆင့် အထက်ကို တက်သွားတဲ့ပုံစံနဲ့ သွားရပါတယ်။ ဒါမှ ချောချောမောမောနဲ့ လိုရာရောက်ပါတယ်။ လှေခါးစီးသလို အပေါ်က အောက်ကို လျှောချတဲ့ပုံစံနဲ့ သွားတာက ဝရုန်းသုန်းကားနိုင်လှပြီး အခန့် မသင့်ရင် တလိမ့်ခေါက်ကွေး ကျသွားတတ်ပါတယ်။ ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီ ပညာရေးစနစ်ဖြစ်ဖို့အတွက် အောက်ခြေကစဖို့ လိုအပ်ပါတယ်။ အလားတူပဲ တခြားနေရာတွေမှာလည်း အောက်ခြေက စပြောင်းလဲဖို့ လိုပါတယ်။ အပေါ်ပိုင်းပဲ ပြောင်းပြီး အောက်ပိုင်း အခြေခံက မပြောင်းဘဲနဲ့ တော့ ဘယ်နည်းနဲ့မှ ဒီမိုကရေစီ ဖြစ်မလာနိုင်ဘူးလို့ ပြောလိုက်ချင်ပါတယ်။

၂၃၊ ၁၁၊ ၂၀၁၁



# ဇာတ်ကြီးကို ဒါးစောင်းတင်ထားနိုင်မှ တော်ကာကျတယ်

'Eleven ကို ဆူပေးပါခင်ဗျ'

တစ်မနက် ဂျာနယ်တွေဖတ်နေတုန်း နယ်စာဖတ်ပရိသတ်တစ်ယောက် ဆီကဖုန်း ဆိုလို့ ကောက်နားထောင်လိုက်တော့ အရင်ဆုံး ကြားလိုက်ရတဲ့ စကား ဖြစ်တယ်။ အဆက်အစပ်မရှိ ကြားလိုက်ရတာကြောင့် ဘုမသိ၊ ဘမသိဖြစ်ပြီး ကြောင်သွားလို့ 'ခင်ဗျာ'လို့ပဲ အာမေဋိတ်ပြုလိုက်တယ်။

### သည်းခြေနိုက်တွေနောက် မလိုက်တော့

အဲဒီတော့မှ ဖုန်းဆက်သူက 'ဒီမနက်ထွက်တဲ့ Bi-Weekly Eleven ဖတ်ပြီးပြီမဟုတ်လား ခင်ဗျ။ ဆရာကတော့ ဘယ်လိုမြင်သလဲ မသိဘူး။ ကျွန်တော်တော့ တော်တော်စိတ်ပျက်သွားတယ်။ ကျွန်တော် သိပ်အထင် ကြီးထားတဲ့ Eleven က ဒီလိုသတင်းမျိုး ထည့်တယ်ဆိုတာ ယုံတောင် မယုံနိုင်ဘူး။ Eleven က လူငယ်တွေကို ဆူပေးမှ ဖြစ်ဦးမယ်ထင်လို့ ဆရာ့ဆီ ဖုန်းဆက်လိုက်တာပါလို့ အကျိုးအကြောင်း ရှင်းပြတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီသတင်းဖတ်ပြီး အုန်းအုန်းကျွက်ကျွက်တော့ ဖြစ်ဦး မှာပဲလို့ တွေးတောနေချိန်မှာ ဒီဖုန်းဝင်လာတာ ဖြစ်တယ်။ ဒီနေ့ မြန်မာစာဖတ် ပရိသတ်ဟာ သည်းခြေနိုက် (Sensation) သတင်းတွေနောက်ကို မလိုက် ကြတော့ဘူး။ တော်တော် အဆင့်အတန်းမြင့်နေပြီလို့ ဖော်ပြနေတာ ဖြစ်လို့ ဝမ်းသာရသေးတယ်။

### တောင်းကောင်းရှိုးကျူး

ပဏာမအနေနဲ့ အကျိုးအကြောင်း ရှင်းပြပြီးတော့ သူက ဆက်ပြော ပါတယ်။ 'ကျွန်တော်က Eleven စထွက်ကတည်းက မပြတ်တမ်း ဖတ် လာတဲ့ အမာခံပရိသတ်ပါ။ မူတစ်ခု အခိုင်အမာ ကိုင်စွဲထားတဲ့ ဂျာနယ်မို့



www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်တယ်။ အဝါရောင် သတင်းဆောင်းပါးမျိုးတွေနဲ့ 'ဟုတ်ပါ့ဘုရား မှန်ပါ့ဘုရား' စာမျိုးတွေကင်းရှင်းလို့ သဘောကျတယ်။ Eleven ၁၁ နှစ်ပြည့်မြောက် အခမ်းအနားအခွေကို ကြည့်ပြီး Eleven စီအီးအိုပြောသွားတဲ့ စကားတွေကို သိပ်အားရတယ်။ ကိုယ့်အပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်တွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး တိုင်းပြည်အတွက် ပြောသင့်ပြောထိုက်တာတွေကို ပြောသွားတာဖြစ်လို့ အလွန်လေးစားသွားတယ်။ ရောဝတီမြစ်ဆုံ ရေကာတာကိစ္စကတော့ မြန်မာစာနယ်ဇင်းလောကမှာ မှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်ရလိမ့်မယ်လို့ သတ်မှတ်လိုက်တယ်။ သတင်းစာမှာပါတဲ့ အစိုးရရဲ့ ပေါ်လစီဆောင်းပါးတစ်ပုဒ်ကို ပြတ်ပြတ်သားသား ဝေဖန်ရေးသားတာ ဒါ ပထမဆုံး တွေ့ဖူးတာပဲ။ အရင်က ဘယ်သူမှ မရေးဖူးဘူး။

**တောင်းကောင်းဝေဖန်**

သူက ချီးကျူးစကားတွေ အားရပါးရ ပြောပါတယ်။ ပြီးတော့မှ သူ မကြိုက်တာကို ဘွင်းဘွင်းရှင်းရှင်း ဆက်ပြောတယ်။ Bi-Weekly Eleven ရဲ့ ရေးသားချက်ကြောင့် အဲဒီနေ့က တစ်နိုင်ငံလုံး ရေသန့်ဘူးတွေ ရောင်းမလောက်အောင် ဖြစ်သွားပါတယ်တဲ့။ ဒီလို 'သည်းခြေခိုက်' သတင်းတွေ ရေးနေကျ ဂျာနယ်တွေမှာပါရင် ပရိသတ်က ဒီလောက် အုန်းအုန်းကျွက်ကျွက် ဖြစ်ချင်မှ ဖြစ်မှာပါ။ သူတို့ အထင်ကြီးလေးစားတဲ့ ဂျာနယ်မှာ ပါတာဆိုတော့ စိတ်ချယုံကြည်စွာနဲ့ အများလုပ်သလို လိုက်လုပ်ရုံသာမက နီးစပ်ရာတွေဆီ ဖုန်းဆက်ပြီးတောင် သတင်းပေးမိကြတယ်။ နောက်ဆုံး မဟုတ်ဘူးဆိုတာ သိရတော့ သတင်းက တစ်ပြည်လုံးသာ မကဘူး၊ နိုင်ငံခြားရောက် မြန်မာလူမျိုးတွေအထိပါ ပျံ့နှံ့နေပြီ။ ဒါကိုကြည့်ပြီး ဂျာနယ်သမားတွေ ကောင်းကောင်း ဆင်ခြင်ကြဖို့ လူကြီးတွေက ဆုံးမပေးပါ။ သတင်းမီဒီယာဆိုတာ အင်မတန် တာဝန်ကြီးပါတယ်။ ကောင်းသတင်းကိုသာ ပြန့်စေပြီး အဆိပ်အတောက် အညှီအဟောက်တွေကို မဖြန့်မိစေဖို့ ကြပ်ကြပ်နှိုးဆော်ပေးပါ။ ဆရာက Eleven စထွက်ကတည်းက ရေးလာတာဆိုတော့ အယ်ဒီတာတွေနဲ့ ရင်းနှီးနေမှာပါ။ အယ်ဒီတာ လူငယ်လေးတွေကို ကောင်းကောင်း ဆူပေးပါခင်ဗျား။



**ကိုရီးယားကားထဲကလို**

သူပြောတာတွေကို ဂရုစိုက် နားထောင်ပါတယ်။ အားလုံး မှန်ပါတယ်။ ပါးစပ် ၁၀ ပေါက်ပါရင်တောင် ပြန်ပြောစရာစကား မရှိပါဘူးဆိုတဲ့ ကိုရီးယားကားထဲကလို ပြောရမှာပါပဲ။ မှားသွားပါတယ်။ တောင်းပန်ပါတယ်ဆိုတာကလွဲပြီး တခြားပြောစရာမှ မရှိတာ။ အဲဒီတော့ သူကျေနပ်အောင် 'ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆူပေးပါ့မယ်'လို့ အာမဘန္ဓေ ခံလိုက်ရတာပေါ့။ ဒီခေတ်ဂျာနယ် လောကမှာ အသက်နှစ်ဆယ်နဲ့ သုံးဆယ်ကြား ယောကျာ်းလေးတွေနဲ့ မိန်းကလေးတွေ များသလို Eleven ဂျာနယ်တွေမှာလည်း လူငယ်တွေ ချည်းပါပဲ။ ပေါ်လစီမူဝါဒ နိုင်နိုင်မာမာချထားတဲ့ ဂျာနယ်တစ်စောင် ဖြစ်တာကြောင့် ဂျာနယ်တွေရဲ့ လားရာလမ်းကြောင်းနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေမှာ အပြည့်အဝ စိတ်ချယုံကြည်နိုင်ပေမယ့် အလုပ်ပိုင်းဆိုင်ရာတွေမှာတော့ 'ဒေါင်ဒေါင်မြည် သတင်းသမား'တွေလို့ အခေါ်ခံရဖို့ အဝေးကြီး လိုပါသေးတယ်။ အများကြီး ကြိုးစားကြရပါဦးမယ်။

**ပိုက်ဆံ မနမြောဘူး**

သတင်းနဲ့ ပတ်သက်ရင် Eleven က ပိုက်ဆံမနမြောပါဘူး။ နှစ်စဉ် အာဆီယံ ထိပ်သီးအစည်းအဝေးတိုင်းကို ကိုယ့်စရိတ်နဲ့ကိုယ် သတင်းထောက် လွှတ်ပြီး သတင်းယူခိုင်းတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံက သတင်းမီဒီယာ လုပ်ငန်းတွေကို လေ့လာဖို့ သတင်းထောက်လေး၊ ငါးယောက်ကို ကိုယ့်စရိတ်နဲ့ကိုယ် လွှတ်ပေးတယ်။ တောင်အာဖရိကနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလား ဘောလုံးပွဲကိုလည်း ကိုယ့်စရိတ်နဲ့ကိုယ် သတင်းထောက် လွှတ်ပြီး သတင်းယူခိုင်းတယ်။ အဲဒါကြောင့် သတင်းတွေကို ပြည့်ပြည့်စုံစုံ ဦးဦးဖျားဖျား ဖတ်ကြ၊ သိကြရတယ်။ ဒါပေမဲ့ ပြည်တွင်း သတင်းတွေမှာတော့ အများကြီး ကြိုးစားဖို့လိုနေတာ တွေ့ရတယ်။ ပါသင့်ပါထိုက်တဲ့ သတင်းတွေ တခြားဂျာနယ်တွေမှာ ပါပြီး Eleven ဂျာနယ်တွေမှာ မပါတာမျိုးတွေ ရှိတယ်။ ဒါ့အပြင် သတ်ပုံအမှားနဲ့ စာအကျအပေါက်တွေလည်း အပတ်စဉ် တွေ့နေရတယ်။ Eleven လို ဂျာနယ်ကြီးမှာ ဒါမျိုးတွေ လုံးဝ မရှိသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

**အပတ်စဉ် သတင်းစာ**

Weekly Eleven နဲ့ Bi Weekly Eleven တို့ဟာ အပတ်စဉ်ထုတ် ဂျာနယ်တွေလို့ ခေါ်နေကြပေမယ့် အမှန်ကတော့ သတင်းစာအလုပ်တွေ လုပ်နေကြတာဖြစ်လို့ အပတ်စဉ်ထုတ်သတင်းစာလို့ ခေါ်မယ်ဆိုခေါ်နိုင်တယ်။ အနောက်နိုင်ငံတွေမှာလည်း 'ဆန်းဒေးတိုင်း'တို့၊ 'ဆန်းဒေးပို့စ်'တို့လို တစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာတွေ ရှိတာပါပဲ။ ဒီနေ့ဂျာနယ်ဖတ် ပရိသတ်က သတင်းတွေသိချင်လို့ ဖတ်နေကြတာ ဖြစ်တယ်။ သတင်းစာသမားတစ်ယောက်ရဲ့ မျက်စိနဲ့ ပြောရရင်တော့ Eleven က သတင်းဓာတ်ပုံတွေနဲ့ ဆောင်းပါးတွေဟာ သတင်းစာရဲ့ အင်္ဂါရပ်တစ်ခုဖြစ်တဲ့ 'လိုတိုရှင်း'ပုံစံ ကျစ်လျစ်သိပ်သည်းမှု သိပ်မရှိဘူး။ ရှည်လျားထွေပြားပြီး ပွယောင်းယောင်းဖြစ်နေတယ်လို့ မြင်တယ်။ စာမျက်နှာအပြင်အဆင်လေးအောက်ဒီဖိုင်းကလည်း ဆွဲဆောင်မှု သိပ်မရှိဘူး။ ရောင်စုံရိုက်နှိပ်နိုင်တာကို အပြည့်အဝ အသုံးမချနိုင်သေးပါဘူး။ သတင်းဓာတ်ပုံပညာ (ဖိုတိုဂျာနယ်လစ်ဇင်)နဲ့ ရောင်စုံပုံနှိပ်ပညာ ပေါင်းစပ်ပြီး သွက်လက်လှပတဲ့ စာစောင်တစ်ခုဖြစ်အောင်လုပ်ဖို့ ကြိုးစားကြစေချင်ပါတယ်။

**မျက်စိပသာဒ လှပဖို့**

သတင်းစာတစ်စောင်ရဲ့ အသက်ဟာ အဲဒီသတင်းစာက ကျင့်သုံးတဲ့ ပေါ်လစီ မူဝါဒအပေါ်မှာ မူတည်တာ မှန်တယ်။ ဒါပေမဲ့ သတင်းစာတွေ အများကြီး ဖြန့်ခင်းရောင်းချနေတဲ့အထဲက ကောက်ယူ ဆွဲလှန်ကြည့်ချင်လောက်အောင် မျက်စိပသာဒ လှပနေဖို့လည်း လိုတယ်။ လှဖို့ဆိုရာမှာ ခံ့ညားလှပတာကို ပြောတာပါ။ ကလက်တက်တက်နဲ့ လှတာကို ပြောတာမဟုတ်ပါဘူး။ စာနယ်ဇင်း မိတ်ကပ်ပညာ ကျွမ်းကျင်သူ တစ်ယောက်ဟာ ခံ့ညားလှပအောင် စာမျက်နှာဖွဲ့တတ်ရတယ်။ မျက်နှာဖုံးတစ်ခုတည်း လှနေလို့ မဖြစ်ဘူး။ အတွင်းက စာမျက်နှာတိုင်း လှနေဖို့ လိုတယ်။

**ကိုယ့်ဟာကိုယ်ခန့်တဲ့ မော်နီတာ**

နိုင်ငံကြီးတွေက သတင်းစာတိုက်တွေမှာ စာဖတ်ပရိသတ်ရဲ့ တိုင်တန်းမှုတွေကို စိစစ်ဖို့နဲ့ တိုက်တွင်း သတင်းစာကျင့်ဝတ် မြဲမြဲစေဖို့အတွက် အခါမလပ် စောင့်ကြည့် စည်းကြပ်ပေးဖို့ အများယုံကြည်လေးစားတဲ့



အယ်ဒီတာတစ်ဦးကို အလွယ်တကူ Watch Dog လို့ခေါ်တဲ့ Ombudsman အဖြစ် ခန့်ထားလေ့ရှိပါတယ်။ စာသင်ကျောင်းတွေမှာ အတန်းလိုက် မော်နီတာတွေ ခန့်ထားတဲ့သဘောပေါ့။ အခုလည်း Eleven ရဲ့ မော်နီတာအဖြစ် ကိုယ့်ဟာကိုယ်ခန့်ပြီး အမြင်မတော်ဘူး ထင်တာလေးတွေ ရေးလိုက်တယ်။ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလို ဆိုပါတော့။ သူများက လာထောင်းရင် ပိုနာမယ်မဟုတ်လား။ ဒီလောက်ဆိုရင် 'Eleven ကို ဆူပေးပါ ခင်ဗျ'လို့ပြောတဲ့ စာဖတ်ပရိသတ်ကလည်း ကျေနပ်သွားလိမ့်မယ် ထင်ပါတယ်။

**ဝေဖန်တာ ကြိုဆိုတယ်**

လက်တွေ့လုပ်ကိုင်နေတဲ့ လူငယ်တွေအနေနဲ့လည်း 'ဆရာက ဒို့(တို့)ကိုခေါ်ပြီး ဆူရင် ရလျက်သားနဲ့ အခုလို ဂျာနယ်ကနေ ရေးတာတော့ ကောင်းပါဘူး'ဆိုပြီး စိတ်မကွက်ကြစေချင်ဘူး။ Eleven ဟာ သူများတွေကိုသာ ဝေဖန်တာမဟုတ်ဘူး။ ကိုယ့်ကို ဝေဖန်တာကိုလည်း အမြဲ ကြိုဆိုတယ် ဆိုတဲ့အကြောင်း ပရိသတ်သိအောင် ပြလိုက်တာလို့ သဘောထားစေချင်တယ်။ ပြီးပြည့်စုံသူဆိုတာ မရှိပါဘူး။ လူတိုင်း မှားတတ်တာပဲ။ မှားတာက အပြစ်မဟုတ်ဘူး။ ရှက်စရာလည်း မဟုတ်ဘူး။ မှားတာကို မှားတယ်လို့ ဝန်မခံချင်ဘဲ ဆင်ခြေဆင်လက် အမျိုးမျိုးပေးပြီး မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာသလို လုပ်ရင်သာ အပြစ်ဖြစ်တာပါ။ မှားသွားပါတယ်။ တောင်းပန်ပါတယ်။ နောင် မမှားအောင် သတိထား ဆင်ခြင်ပါ့မယ်လို့ ပြောလိုက်ရင် စာဖတ်ပရိသတ်က ကျေနပ် ခွင့်လွှတ်နိုင်ပါတယ်။

**အရည်အချင်း ပြည့်ဝဖို့ လို**

လူငယ်တွေမို့ မှားသွားတာ ခွင့်လွှတ်ပါဆိုတာမျိုး မပြောစေချင်ဘူး။ အသက်ငယ်တာ၊ ကြီးတာကို စာဖတ်ပရိသတ်က မကြည့်ဘူး။ ကြည့်စရာလည်း မလိုဘူး။ ဂျာနယ်မှာ 'ဂျာနယ်လစ်'ဆိုပြီး လုပ်တယ်ဆိုကတည်းက ဂျာနယ်လစ်အရည်အချင်း အပြည့်အဝရှိသူတွေလို့ သူတို့ ယူဆထားမှာပဲ။ အသက်ငယ်ပေမဲ့ သတင်းထောက်ဟာ သတင်းထောက်လုပ်နိုင်တဲ့ အရည်အချင်း အပြည့်အဝရှိဖို့ လိုတယ်။ အယ်ဒီတာလုပ်ရင် အယ်ဒီတာလုပ်နိုင်တဲ့ အရည်အချင်းအပြည့်အဝ ရှိရမယ်။ မပြည့်သေးရင် ပြည့်အောင် အဆက်



www.burmeseclassic.com

www.burmeseclassic.com

မပြတ် ဖြည့်နေရမယ်။ သတင်းထောက်တို့၊ အယ်ဒီတာတို့ဆိုတာက ကမ္ဘာကြီးကို ခါးစောင်းတင်ထားနိုင်မှ တော်ကာကျတဲ့ အလုပ်မျိုး ဖြစ်တယ်။ ဒါကြောင့် စဉ်ဆက်မပြတ် လေ့လာဖြည့်ဆည်းနေကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

၇၊ ၁၂၊ ၂၀၁၁



# သတင်းအာပတ်မသင့်စေဖို့ ရေးရတာပါ

တလောက အစိုးရအဖွဲ့ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပွဲအပြီး သတင်းထောက်တွေနဲ့ တွေ့ဆုံရာမှာ ဝန်ကြီးက 'ကျွန်တော်တို့က စုံမခုန်ဘူး။ ရပ်လည်း မနေဘူး။ ဖြည်းဖြည်းချင်း တစ်ဆင့်ပြီး တစ်ဆင့် သွားနေတယ်'လို့ ပြောခဲ့တာကို ကြားလိုက်ရတယ်။

**ဒုံးပျံလွှတ်သလို**

ကြားကြားချင်းပဲ ဒီစကားကို သဘောကျသွားတယ်။ ဟုတ်တယ်။ စုံခုန်ရင် အကျမတော်တဲ့အခါ မှောက်လျက်သား ကျသွားနိုင်တယ်။ လမ်းသွားတယ်ဆိုတာ ခြေထောက်ကို တစ်လှမ်းချင်းလှမ်းပြီး သွားရတာပဲ။ တစ်လှမ်းချ၊ တစ်လှမ်းကြွပဲ ပြေးရတယ်။ စုံခုန်ပြီးပြေးလို့ မဖြစ်ဘူး။ ဒါပေမဲ့ ဒီရက်ပိုင်းအတွင်း ဂျာနယ်တွေမှာ ဒုံးပျံလွှတ်သလို ရှူးခနဲ၊ ဒိုင်းခနဲ ဆောင်တက်သွားတာတွေကို တွေ့နေရတော့ တွေးကြည့်ရုံနဲ့တင် ရင်ထဲမှာ ဆို့တက်လိုက်ပြီး မောလာလို့ ဒီစာကို ရေးလိုက်ရတာ ဖြစ်တယ်။

**ပထမဆုံး ဒုံးပျံ**

ပထမဆုံး ရေးချင်တာကတော့ ဒေါ်အောင်ဆန်းစုကြည် လွှတ်တင်တိုက်တဲ့ ဒုံးပျံအကြောင်းပါ။ ၁၈-၁၁-၂၀၁၁ နေ့က ကျင်းပတဲ့ NLD ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှာ ပါတီကို မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပတဲ့အခါ နေရာအားလုံး ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကန့်ကွက်သူမရှိ ညီညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ခဲ့ကြတယ်။ ဒီကိစ္စဟာ နိုင်ငံရေးပါတီတစ်ခုရဲ့ ကိစ္စဖြစ်လို့ ဘာမှမပြောလိုဘူး။ ဒါပေမဲ့ ပြည်သူတစ်ရပ်လုံး ...ပ်ပေါင်းလောင်းဖြစ်အောင် အုံ့အားသင့်သွားကြတယ် ဆိုတာကတော့ 'သတင်း'ဖြစ်နေတာကြောင့် ရေးပြလိုက်ပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

## ၃၆၀ ဒီဂရီပြည့်အောင် လှည့်

သတင်းဆိုတာမှ တော်ရုံသတင်း မဟုတ်ဘူးခင်ဗျ။ ၂၃ နှစ်လုံးလုံး အနိုင်အမြဲ ကိုင်စွဲလာခဲ့တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ် ပြုရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးနဲ့ သုံးပွင့်ဆိုင် တွေ့ဆုံ ဆွေးနွေးရေးဆိုတဲ့ 'မူ'ကို ပြောမနေတော့ဘဲ လက်ရှိ အခြေခံဥပဒေဘောင် ထဲက ကျင်းပမယ့် ရွေးကောက်ပွဲကို ဝင်ရောက်ဖို့အတွက် ပါတီကို တရားဝင် မှတ်ပုံတင်မယ်လို့ ဆုံးဖြတ်လိုက်တာဟာ ၃၆၀ ဒီဂရီပြည့်အောင် လှည့် ပြောင်းလိုက်တဲ့ အပြောင်းအလဲကြီး ဖြစ်တယ်။ တကယ့်ကို မိုးမြေသိမ့်သိမ့် တုန်သွားစေလောက်တဲ့ ရောမသတင်းကြီး ဖြစ်တယ်။ မနှစ်က ဒီအချိန် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွှတ်စအချိန်နဲ့တောင် နည်းနည်းလေးမှ မတူတော့တဲ့ အပြောင်းအလဲ ဖြစ်တယ်။

## အောင်နိုင်ရေးသီချင်းတွေ ဆိုကြဖို့

မနှစ်က ဒီအချိန်မှာ ရွှေဂုံတိုင် ကြေညာစာတမ်းတို့၊ ဒုတိယ ပင်လုံ ညီလာခံတို့ ဆိုတဲ့အသံတွေ ညံနေအောင် ကြားနေရသေးတယ်။ အခုတော့ ဒါတွေလည်း မပြောတော့ဘူး။ ဘယ်သူတွေ ဘယ်နေရာက ရွေးကောက်ပွဲ ဝင်မယ်၊ လွှတ်တော်ထဲရောက်ရင် ဘာလုပ်မယ်၊ ရွေးကောက်ပွဲ အောင်နိုင် ရေးအတွက် ဘယ်လို သီချင်းတွေစပ်ပြီး ဘယ်အဆိုတော်တွေက ဆိုကြ မယ်ဆိုတဲ့ အသံတွေပဲ နေ့စဉ်ရက်ဆက် ကြားနေရတယ်။ ဒီပြောင်းလဲမှုတွေ ကို ကြည့်ပြီး လူတွေအားလုံး ပါးစပ်ဟောင်းလောင်း ဖြစ်ကုန်ကြတယ်။ သတင်းသမားဆိုတာ သတင်းကို ဖြစ်တဲ့အတိုင်း၊ မြင်ရတွေ့ရတဲ့အတိုင်း ရေးရတဲ့ ဝတ္တရားရှိတာကြောင့် ပြောင်းတာတွေကိုလည်း ပြောင်းတဲ့အတိုင်း ရေးလိုက်တာ ဖြစ်တယ်။ မှန်၊ မှား၊ ကောင်း၊ ဆိုး ဆိုတာကတော့ ပြည်သူ တွေနဲ့ သမိုင်းက အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ဖြစ်တယ်။

## ဒုတိယ ဒုံးပျံ

ဒုတိယအကြိမ် ဒုံးပျံလွှတ်သလို ရှူးခနဲ၊ ဒိုင်းခနဲ ဖြစ်သွားတာက တော့ အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတွေကလည်း နှစ်ပေါင်း ၂၀ ကျော် တင်းတင်းမာမာ ဆက်ဆံတဲ့ ပေါ်လစီတွေကို ရုတ်တရက် ချက်ချင်း ၃၆၀ ဒီဂရီ လှည့်ပြောင်းပြီးသွားတဲ့ကိစ္စ ဖြစ်တယ်။ အမေရိကန်က



ဆိုရင် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ကိုယ်တိုင် ရောက်ရှိ လာတယ်။ ဗြိတိန်က ဝန်ကြီးတစ်ဦးနဲ့ နော်ဝေက ဝန်ကြီးတစ်ဦးလည်း ရောက်လာကြတယ်။ အကူအညီတွေ ပေးမယ်၊ ချေးငွေတွေ ပေးမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်ဆိုတဲ့ အသံတွေလည်း မစားရ ဝခမန်း ကြား လာရတယ်။ လွန်ခဲ့တဲ့ သုံးလေးလလောက် အထိတောင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မြန်မာပြည် လာမယ်ပြောရင် ဘယ်သူမှ ယုံမှာမဟုတ် ဘူး။ အပြောင်းအလဲတွေက သိပ်ကို မြန်လွန်းတာကိုး။ ဒါကြောင့် ဒုံးပျံ လွှတ်သလိုပဲလို့ ပြောခဲ့တာ ဖြစ်တယ်။

## ဖျတ်ခနဲမြင်ရတဲ့ ရုပ်ပုံလွှာ

သမ္မတကြီး ဦးသိန်းစိန်တို့ အစိုးရဘက်ကတော့ ဒုံးပျံ တစ်စင်း၊ နှစ်စင်း မကဘူး။ ဒုံးပျံတွေ တစ်စင်းပြီးတစ်စင်း ရှေ့စဉ်နောက်ဆက် အဆက်မပြတ်ကို လွှတ်တင်ခဲ့တာကို တွေ့ရတယ်။ တစ်တိုင်းတစ်ပြည်လုံး ပါးစပ်ဟောင်းလောင်း ဖြစ်သွားစေလောက်တဲ့ ဒုံးပျံကတော့ သမ္မတကြီး ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်မှာ လက်ခံတွေ့ဆုံ ခဲ့စဉ် လွှတ်ခဲ့တဲ့ဒုံးပျံ ဖြစ်တယ်။ အဲဒီသတင်းကို ရုပ်မြင်သံကြားက ထုတ် လွှင့်ရာမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံကြီး ချိတ်ထားတာကို နောက်ခံ ထားပြီး သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဖျတ်ခနဲ ပြသွားတယ်။ အမှတ်မထင် မြင်လိုက်ရတာဆိုတော့ ကြည့်နေသူအားလုံး ကိုယ့်မျက်လုံး ကိုယ်တောင် မယုံနိုင်သလိုတောင် ဖြစ်သွားကြတယ်။ နောက်တော့ ရင်ထဲက လှိုက်လှိုက်ပြီး ဝမ်းသာလုံးကြီး ဆို့တက်လာအောင် ဝမ်းသာပီတိ တွေ ဖြစ်သွားကြတယ်။ ဖုန်းရှိတဲ့ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးဆီကို ဖုန်း သွမ်းဆက်ကြတယ်။

## ရေခဲတုံးကြီး အရည်ပျော်သလို

အဲဒီနောက်တော့ ရေခဲတုံးကြီး အရည်ပျော်ကျသွားသလို မနားတမ်း ဆက်ပြီး စီးဆင်းပါတော့တယ်။ မတူတာတွေထားပြီး တူတာတွေကို လက် တွဲ လုပ်ဆောင်သွားမယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်သေးသူ တွေနဲ့လည်း အတူတကွ လက်တွဲလုပ်ဆောင်သွားမယ်၊ ထာဝရ ငြိမ်းချမ်း ရေး တည်ဆောက်နိုင်အောင် လုပ်ဆောင်သွားမယ်၊ စတုတ္ထမဏ္ဍိုင်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြံနိုင်အောင် ဆောင်ရွက်မယ်၊ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို အမြဲတမ်း ဦးထိပ်ထားသွားမယ် ဆိုတဲ့စကားသံတွေ နေ့စဉ်ရက်ဆက် ကြားလာရတယ်။ ဂျာနယ်တွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေ ပလူပျံသလို ဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်တာဗျူးလုပ်ခွင့် ရဖို့ အပြိုင်အဆိုင် ကြိုးစားနေကြတယ်။ အရင်က မျက်နှာဖုံးမှာ မင်းသမီး မင်းသား ဓာတ်ပုံတွေ ထည့်နေကျ ဂျာနယ်တွေကတောင် ဒေါ်အောင်ဆန်း စုကြည် ပုံနဲ့ ထွက်လာကြတယ်။

**ရေးအား ပိုရှိ၊ ပိုသွက်**

သိပ်မကြာမီ ကာလတွေတုန်းက စာပေစိစစ်ရေးက တစ်ပုဒ်လုံး ဖြုတ်ခိုင်းလို့ သိမ်းထားရတဲ့ ဂျာနယ်ဆောင်းပါးတွေကို အခု ပြန်ပေးလိုက် တော့ တစ်လုံးတစ်ပါဒမှ မဖြုတ်ဘဲ ခွင့်ပြုလိုက်တာကြောင့် ရေးအားပိုရှိ လာပြီး လက်ပိုသွက်လာတယ်။ ဂျာနယ်တွေ စထုတ်ခွင့်ရကတည်းက ဝယ်ဖတ်လာခဲ့တာ အခုမှပဲ ပိုက်ဆံကုန်ရကျိုး နပ်တယ်လို့ သဘောထား နိုင်တော့တယ်။ ဒါတောင် ဒီမိုကရေစီပန်းတိုင်ကို ရောက်သေးတာ မဟုတ်ဘူး။ အဝေးကြီး လိုသေးတယ်။ အခုမှ လမ်းကြောင်းပေါ် ခြေချ မိရုံ ရှိသေးတာ။ သူများနိုင်ငံတွေနောက်မှာ အများကြီး ပြတ်ကျန်နေရစ် ခဲ့တာဆိုတော့ အခုလို ဒုံးပျံရဲ့ အမြန်နှုန်းနဲ့သွားမှ တော်ရုံကျမှာမဟုတ်လား။ အပေါင်းလက္ခဏာပြတဲ့ ဒုံးပျံလွှတ်တင်မှုမျိုးတွေကို ပြည်သူလူထုက အားရ ဝမ်းသာ ကြိုဆိုပြီး အစိုးရကို ချီးကျူးထောမနာ ပြုကြတာလည်း နှစ်ပေါင်း ၂၀ ကျော်အတွင်း မကြားဖူး၊ မကြုံဖူးတဲ့ ရောမသတင်းထူးကြီး ဖြစ်တယ်။

**အနုတ်လက္ခဏာ ပြတာတွေ**

ပြည်သူတွေက အပေါင်းလက္ခဏာ ဒုံးပျံတွေကို ကြိုဆိုပေမဲ့ အနုတ် လက္ခဏာပြ ဒုံးပျံတွေကိုတော့ မကြိုက်ဘူးခင်ဗျ။ အပေါင်းလက္ခဏာ ဆောင်တာတွေက ခုအချိန်မှာ အရိပ်အယောင်တွေကို မြင်တွေ့ရုံ မြင်တွေ့ နေရသေးတာ။ တစ်ခုမှ လက်တွေ့အကျိုးကျေးဇူး မခံစားရသေးဘူး။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့ကူညီမှုတွေ၊ ချေးငွေတွေ ဆိုတာ တွေက ပါးစပ်ပြောပဲ ရှိသေးတာ။ ဘယ်တော့ဘယ်ခါ ရောက်လာမယ်ဆိုတာ မသိရသေးဘူး။ အနုတ်လက္ခဏာဒုံးပျံတွေရဲ့ အရှိန်အဟုန်ကတော့ အခုကို



တော်တော် ရိုက်ခတ်နေပြီဆိုတာ တွေ့ရတယ်။ မီးရထားခတွေ ဆယ်ဆ တက်သွားပြီး စာပို့ခတွေလည်း ငါးဆတက်သွားတယ်။ ပြည်တွင်း စာတစ်စောင်ပို့ရင် တံဆိပ်ခေါင်း ၂၀ိ/– ဖိုး ကပ်ရရာက အခု ၁၀၀ိ/– ဖိုး ကပ်ရတယ်။ အမေရိကန်ကို စာတစ်စောင်ပို့ရင် အရင်က ၃၀ိ/– ကျတယ်။ အခု ၅၀၀ိ/– ကုန်ကျတယ်။ ၁၆ ဆကျော် တက်သွားတယ်။

**ဈေးတက်စီးပွားရေး**

လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးရဲ့ ရည်ရွယ်ချက်က အပြိုင်အဆိုင် ဈေးကွက်ဝင်ဖို့ ကြိုးစားရင်း ဈေးလျှော့တာတွေ၊ discount တွေ သူ့ထက် ငါ ဦးအောင် လုပ်ကြတာကြောင့် စားသုံးသူတွေအတွက် ဈေးနှုန်းသက်သက် သာသာ ဝယ်ယူနိုင်ဖို့ ဖြစ်တယ်။ အခု လတ်တလော မြင်တွေ့နေရတာက တော့ 'ဈေးကွက်စီးပွားရေး'မဟုတ်ဘဲ 'ဈေးတက်စီးပွားရေး'သာ ဖြစ်တယ်။ ဈေးတက်တဲ့ သတင်းတွေပဲ တစ်မျိုးပြီးတစ်မျိုး ဖတ်နေရတယ်။ ရေခွန်၊ အမှိုက်ခွန် တိုးမယ်ဆိုတဲ့သတင်း ဂျာနယ်တစ်စောင်မှာ ဖတ်ပြီးလို့ နောက် ဂျာနယ်တစ်စောင် ကောက်ဖတ်လိုက်တော့ မီတာခတွေလည်း တက်ဦးမယ် တဲ့။ အစိုးရကဏ္ဍက ဈေးနှုန်းတွေ အဆပေါင်းများစွာ တက်သလို ပုဂ္ဂလိက ကဏ္ဍက ဈေးနှုန်းတွေလည်း 'ခေါင်ခိုက်အောင်' မြင့်တယ်လို့ ဆိုရလောက် အောင် မြင့်တက်နေတယ်။

**အာပတ်သင့်တယ်**

ဒုံးပျံနှုန်းနဲ့ မြင့်တက်နေတဲ့ ဈေးနှုန်းတွေအကြောင်း ညည်းညူ ကြတဲ့ သာမန်ပြည်သူတွေရဲ့ အသံတွေဟာ သတင်းသမားတိုင်းရဲ့ နားတွေထဲ ခဲနိုင်အောင် ဝင်ရောက်နေကြတယ်။ ပြည်သူလူထုရဲ့အသံနဲ့ ပြည်သူလူထု ရဲ့ အခြေအနေမှန်ကို ထင်ဟပ်ဖော်ကျူးရတဲ့ သတင်းသမားများအနေနဲ့ ဒီသတင်းမျိုးတွေကို လျစ်လျူရှုထားရင် တာဝန်မကျေရာ ကျတယ်။ သတင်း သမား 'အာပတ်'သင့်တယ်။ ဒါကြောင့် အပေါင်းလက္ခဏာဆောင်တဲ့ သတင်းတွေကို အားရပါးရဖော်ပြသလို အနုတ်လက္ခဏာဆောင်တဲ့ သတင်း တွေကိုလည်း မရေးချင်ပေမဲ့ ရေးကြရတယ်။ မရေးချင်လို့ ဖုံးဖုံးဖိဖိထားရင် အပ်နဲ့ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ပေါက်ရသလို ဖြစ်သွားနိုင်လို့ပါ။

၁၄၊ ၁၂၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူတွေ စိတ်ချမ်းသာစေချင်တယ်ဆိုရင်

၂၀၁၁ ခုနှစ်ဟာ နှစ်ပေါင်း ၂၀ ကျော် ကာလအတွင်းမှာ သက်ဝင်လှုပ်ရှားမှု အရှိဆုံးနှစ်အဖြစ် သတ်မှတ်ရလိမ့်မယ်။ ၁၉၈၈ အရေးတော်ပုံပြီးကတည်းက တစ်နှစ်လာ ပြောင်းနိုးနိုး၊ နောက်တစ်နှစ်လာ ကောင်းနိုးနိုးနဲ့ သောင်မတင် ရေမကျ အီလယ်လယ်ကြီး ဖြစ်နေခဲ့ရတာကို အားလုံးက စိတ်ပျက်လက်ပျက် ဖြစ်နေကြရတယ်။

**စစ်အုပ်ချုပ်ရေး ဖျက်သိမ်း**

၂၀၁၁ ခုနှစ်ရောက်တော့ ရုတ်တရက် ချက်ချင်း ပြောင်းလဲမှုတွေ ဆက်တိုက်ဆိုသလို ဖြစ်လာတယ်။ ၁၉၆၂ ခုနှစ်ကတည်းက အာဏာသိမ်းပြီး အုပ်ချုပ်လာခဲ့တဲ့ တစ်သွေးတစ်သံ တစ်မိန့် စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းကြောင်း တရားဝင် ထုတ်ပြန်ကြေညာပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လွှတ်တော်က ရွေးချယ်တင်မြှောက်လိုက်တဲ့ သမ္မတ ဦးသိန်းစိန်ကို အာဏာလွှဲပေးလိုက်တယ်။ နအဖအစိုးရကို ဦးဆောင်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလည်း အစိုးရရာထူး၊ တပ်ရာထူး အားလုံးက အငြိမ်းစားယူသွားတယ်။ သမ္မတဦးသိန်းစိန် ရာထူးလက်ခံရယူတဲ့ မိန့်ခွန်းမှာ သူနဲ့တကွ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူလူထုက ရွေးကောက် တင်မြှောက်လိုက်သူများ ဖြစ်တဲ့အတွက် ပြည်သူများရဲ့ဆန္ဒသဘောထားကို အမြဲတမ်း လေးစားလိုက်နာပြီး ပြည်သူများ စိတ်ချမ်းသာစေရန် ဆောင်ရွက်သွားမယ်။ ပြည်သူအားလုံး လိုလားတဲ့ ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားမယ်လို့ ထည့်သွင်း ပြောကြားသွားခဲ့တယ်။



**သမိုင်းဝင် ကြေညာချက်**

အဲဒီနောက် ပြီးခဲ့တဲ့နှစ် ကုန်ခါနီးမှာ နေအိမ်အကျယ်ချုပ်က ပြန်လွှတ်ပေးလိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရဝန်ကြီး ဦးအောင်ကြည်က တွေ့ဆုံခဲ့တယ်။ ဦးအောင်ကြည်နဲ့ နှစ်ကြိမ် တွေ့ဆုံဆွေးနွေးပြီး နောက်မှာ သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်က ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်မှာ လက်ခံတွေ့ဆုံခဲ့တယ်။ အဲဒီနောက် မတူတာတွေ ဖယ်ထားပြီး တူတာတွေ အတူလက်တွဲ လုပ်ဆောင်သွားမယ်ဆိုတဲ့ သမိုင်းဝင် ပူးတွဲကြေညာချက် ထွက်လာတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောင်းလဲမှုလမ်းစကို မြင်တွေ့နေရပြီ၊ သမ္မတ ဦးသိန်းစိန်ဟာ ပြောင်းလဲမှုကို အမှန်တကယ် လိုလားသူဖြစ်တယ်လို့ သူ ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်။

**တင်မယ်၊ ဝင်မယ်**

အဲဒီနောက်တော့ ရေခဲတောင်ကြီး အရည်ပျော်ကျသလို အပြောင်းအလဲတွေ ဆက်တိုက် တွေ့မြင်လာရတယ်။ ဧရာဝတီမြစ်ဆုံ ရေကာတာ စီမံကိန်းကို ပြည်သူများရဲ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ဆိုပြီး သမ္မတက ရပ်ဆိုင်းထားဖို့ ညွှန်ကြားခဲ့တယ်။ နှစ်ပေါင်း ၂၀ ကျော် အပြင်းအထန် ဆန့်ကျင် ဝေဖန်ခဲ့ကြတဲ့ အမေရိကန်၊ အင်္ဂလန်နဲ့ ဥရောပနိုင်ငံတွေက ဝန်ကြီး၊ ဝန်ကလေးတွေ ဝင်လာမစဲ တသဲသဲ ဖြစ်လာတယ်။ ကူညီထောက်ပံ့မှုတွေ ပြန်ပေးမယ်၊ ချေးငွေတွေ ပေးမယ် စတဲ့အသံတွေလည်း ကြားလာရတယ်။ နောက်ဆုံး အပြောင်းအလဲကတော့ လူတိုင်းကို ပါးစပ်ဟောင်းလောင်းနဲ့ မယုံနိုင်အောင် ဖြစ်ကြရတဲ့ကိစ္စ ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပြီး ရွေးကောက်ပွဲမှာ နေရာပြည့်ဝင်ပြီး အရွေးခံမယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပါဝင်အရွေးခံမယ်လို့လည်း တရားဝင် ထုတ်ပြန်ကြေညာခဲ့တယ်။

**ယုံကြည်မှု တိုးစေ**

ဒီဖြစ်စဉ်တွေ အားလုံးဟာ ပြည်သူအားလုံး ရှင်လန်း အားတက်စေတဲ့ အပေါင်းလက္ခဏာ သတင်းတွေ ဖြစ်တယ်။ သမ္မတ ဦးသိန်းစိန်အစိုးရအပေါ်မှာလည်း ယုံကြည်မှု တိုးလာစေတယ်။ နိုင်ငံတကာမှာလည်း မျက်နှာ ပွင့်လန်း လှလာတယ်။ ဒီခြေလှမ်းတွေအတိုင်း ဖြောင့်ဖြောင့်တန်းတန်း ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းသွားရင် ပြည်သူအားလုံး တောင့်တနေကြတဲ့ အကြောက်တရားအားလုံး ကင်းစင်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီပန်းတိုင်ကို ရောက်လိမ့်မယ်လို့ ယုံကြည်နိုင်ပါတယ်။ လမ်းချော် မသွားအောင်လည်း သတိရှိကြရပါမယ်။

**ပုဆိန်နဲ့ မပေါက်ရအောင်**

အပေါင်းလက္ခဏာဆောင်တဲ့ ဆောင်ရွက်ချက်တွေ မျက်နှာပန်းလှနေတဲ့အချိန်မှာ ယုံကြည်မှုအပေါ် ဗွီဟ၊ သံသယပွားစေတဲ့ အနုတ်လက္ခဏာပြ ကိစ္စရပ်များကို ရှင်းလင်း ဖယ်ရှားပစ်စေချင်ပါတယ်။ သတင်းသမားတစ်ယောက် အနေနဲ့ ပြည်သူများရဲ့ အသံတွေကို အမြဲ နားစွင့်နေတာ ဖြစ်တဲ့အတွက် ကြားသိမြင်တွေ့ရတဲ့ ပြည်သူ့အသံတွေနဲ့ ပြည်သူ့ဆန္ဒတွေကို သက်ဆိုင်ရာများ သိအောင် တင်ပြချင်ပါတယ်။ အပ်နဲ့ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ ပေါက်ရတဲ့အဖြစ်မျိုး ရောက်မသွားစေချင်လို့ပါ။ ထောင်ထဲမှာ ကျန်ရစ်သူတွေ ကိစ္စနဲ့ ပြည်တွင်းစစ်ရပ်စဲရေး ကိစ္စကတော့ အခုတလော အဆက်မပြတ် ရေးခဲ့တာကြောင့် ဒီတစ်ခါ မရေးတော့ပါဘူး။ သား ရွှေအိုးထမ်းပြီး ပြန်လာမှာကိုပဲ စောင့်မျှော်နေပါတော့မယ်။

**ဘယ်သူမှ မပြောကြလို့**

အခု ပြောချင်တာက ဂျာနယ်တွေမှာ သတင်းအဖြစ် ပါနေပေမဲ့ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းတွေကမှ အရေးထားပြီး ပြောတာဆိုတာ မရှိတဲ့အတွက် စာဖတ်ပရိသတ်များက နေ့စဉ်မပြတ် ဖုန်းဆက်ပြီး ရင်ဖွင့်နေကြတဲ့ အကြောင်းတွေပါ။ သူတို့အတွက်တော့ အင်မတန် အရေးကြီးတဲ့ ကိစ္စ ဖြစ်ပါတယ်။ အရင်ဆုံး ပြောကြတာကတော့ ရထားခတွေ ဆယ်ဆတက်သွားတဲ့ကိစ္စ ဖြစ်တယ်။ ဒီခေတ်မှာ မီးရထားက သာမန် ပြည်သူများအတွက် အဓိက အားထားရတဲ့အရာ ဖြစ်တယ်။ ရန်ကုန်မြို့နေလူထုအတွက် ဘတ်စ်ကားခ ၂၀၀ မတတ်နိုင်လို့ မြို့ပတ်ရထားကို တစ်ဆယ်ပေး စီးရတယ်။ အခု မြို့ပတ်ရထားက အသွားအပြန် ၂၀၀ ပေး ဝယ်စီးရမှာဆိုတော့ အများကြီး ခက်ခဲသွားပါတယ်။ ရန်ကုန်– မန္တလေး ကားခတွေက တစ်သောင်းအထက် ပေးရတော့ ဆင်းရဲသားများ မစီးနိုင်ကြဘူး။ ရထားစီးရင် တစ်ထောင်တောင်မကျတော့ ရထားပဲ အားကိုးရတယ်။



**ဈေးတက်စီးပွားရေး**

ရထားခတက်တဲ့နောက်က လိုက်တက်လာတာက စာပို့ခတွေ။ ပြည်တွင်းဆို နှစ်ဆယ်က တစ်ရာ၊ ပြည်ပဆို သုံးဆယ်က ငါးရာ ဖြစ်သွားတယ် ဆိုတဲ့သတင်း ဖြစ်တယ်။ အဲဒီကိစ္စ ပြောလို့ ပါးစပ်တောင် မပိတ်ရသေးခင်မှာ နောက်ထပ် ဂျာနယ်တွေထဲ ပါလာတာက မီတာခတွေလည်း နောက်ထပ် တစ်ဆတိုးပြီး တက်ဦးမယ်ဆိုတဲ့ သတင်း။ ပြီးတော့ ရေခွန်တွေ၊ အမှိုက်ခွန်တွေလည်း တိုးဦးမယ်တဲ့။ ဈေးကွက်စီးပွားရေးဆိုတာ အပြိုင်အဆိုင် ဈေးတွေလျှော့ရောင်းကြလို့ စားသုံးသူတွေ သက်သာချောင်ချိစေတယ်လို့ ဆရာကြီးတွေက ပြောကြပေမဲ့ လက်တွေ့မှာတော့ ဈေးတွေ တက်ချင်တိုင်းတက်နေလို့ 'ဈေးကွက်စီးပွားရေး' လို့ မခေါ်ဘဲ 'ဈေးတက် စီးပွားရေး' လို့ ခေါ်ချင်တယ်လို့တောင် ညည်းညူ ပြောဆိုနေကြရတယ်။

**ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား**

အဲဒီလို ညည်းညူသံတွေ ကြားနေရချိန်မှာ ထူးဆန်းတဲ့ သတင်းတစ်ပုဒ် ဖတ်လိုက်မိတဲ့အတွက် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား ခွဲခြားမရနိုင်တဲ့ ခံစားမှုတစ်မျိုး ခံစားလိုက်ရတာကို ပြောပြချင်ပါတယ်။ သတင်းက ၂၄–၁၁–၂၀၁၁ ထုတ် Popular News ဂျာနယ်၊ အတွဲ ၃၊ အမှတ် ၄၆ မှာ ပါလာတာပါ။ 'ရန်ကုန် ပြည်သူ့ဆေးရုံကြီး နိုင်ငံတော်သို့ တစ်နှစ် သိန်းထောင်ချီ ပြန်သွင်းပေးနိုင်' လို့ ခေါင်းစီးတပ်ထားပါတယ်။ လိုရင်း ပြောရရင်တော့ နိုဝင်ဘာ ၁၅ ရက်နေ့က ပြည်သူ့ ကျန်းမာရေး တက္ကသိုလ်မှာ ပြုလုပ်ခဲ့တဲ့ ကျန်းမာရေး အသုံးစရိတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှာ ရန်ကုန် ပြည်သူ့ဆေးရုံကြီးက ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် သက်တမ်းအရှည်ဆုံးဖြစ်သည့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ယခုနှစ်များအတွင်း နိုင်ငံတော်သို့ တစ်နှစ်လျှင် ကျပ်ငွေ သိန်းပေါင်းထောင်ချီ၍ ပြန်လည်ပေးသွင်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်လို့ ရေးထားပါတယ်။

**စရိတ်မျှပေးက ဝင်ငွေ**

'ဖြည့်ဆည်းစရာများ ရှိနေသည့်ကြားကပင် နိုင်ငံတော်သို့ ယခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

ပထမ လေးလပတ်က ငွေကျပ် သိန်း ၁၃၀၀ နှင့် ဒုတိယ လေးလပတ်တွင် ငွေကျပ် သိန်း ၁၂၀၀ ကျော် ပေးသွင်းနိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ ယင်း ပြန်ပေးသွင်းနိုင်ခဲ့သည့် ငွေကြေးများမှာ စရိတ်မျှပေး တစ်ခုတည်းက ပြန်လည်ပေးသွင်းခဲ့သည့် ပမာဏဖြစ်ပြီး တခြား ဝန်ဆောင်မှုများအတွက် ကောက်ခံထားသော ငွေကြေးပမာဏများ မပါလာသေးကြောင်း ဒေါ်နုနုသာက ဆိုသည်'လို့ ဆက်ပြီး ဖော်ပြထားပါတယ်။ ဒီသတင်းကို ဖတ်ပြီးတဲ့အခါ မီးရထားဌာနလို၊ လျှပ်စစ်ဌာနလို ဌာနကြီးတွေက နှစ်စဉ် ကျပ်ငွေ ဘီလျံရာနဲ့ချီပြီး အရှုံးပြနေချိန်မှာ နိုင်ငံတော်ကိုတောင် ငွေပြန်သွင်းပေးနိုင်တယ်လို့ သိလိုက်ရလို့ 'တယ်ဟုတ်ပါလား' ဆိုပြီး ဝမ်းသာသလို ဖြစ်သွားခဲ့တယ်။

### ဆေးရုံဆိုတာ ဈေးရုံမဟုတ်

ဒါပေမဲ့လို့ ချက်ချင်း ပြန်တွေးကြည့်လိုက်တော့ ဈေးကွက်စီးပွားရေးဆိုတဲ့အထဲမှာ ဆေးရုံတွေပါ ထည့်ထားတာလားဆိုပြီး စိတ်ထဲ စနိုးစနောင့် ဖြစ်သွားရတယ်။ ဆေးရုံဆိုတာ စီးပွားရှာတဲ့ ဈေးရုံကြီးမှ မဟုတ်တာ။ အထူးသဖြင့် ပြည်သူ့ဆေးရုံဆိုတာ ပြည်သူပြည်သားများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအတွက် နိုင်ငံတော်ဘဏ္ဍာငွေက ထုတ်ယူ ပံ့ပိုးပေးထားတာ ဖြစ်တယ်။ ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ မြန်မာ့ဆိုရှယ်လစ်ခေတ် စတဲ့ ခေတ်တိုင်းမှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ ရပ်တည်ခဲ့တာချည်း ဖြစ်တယ်။ ကိုလိုနီ ခေတ်နဲ့ ဖဆပလခေတ်တွေမှာ လူနာတွေကို စားရေးသောက်ရေးပါ ဆေးရုံက တာဝန်ယူပါတယ်။ အပြင်က အစားအစာတွေနဲ့ မတည့်မှာစိုးလို့ အိမ်က ထမင်းပို့တာတောင် အားမပေးပါဘူး။ လိုအပ်တဲ့ စွပ်ပြုတ်၊ နွားနို့၊ ဆန်ပြုတ် စတာတွေလည်း ဆေးရုံကပဲ ပေးတယ်။ အဲဒီခေတ်က ရန်ကုန်ဆေးရုံကြီးနဲ့ မန္တလေး ဆေးရုံကြီးတွေမှာ ထမင်းပေါင်း ဘိုင်လာအိုးကြီးတွေနဲ့ အဝတ်လျှော် ဘွိုင်လာကြီးတွေပါ ထားရပါတယ်။

### နားလည်ဖို့ ခက်

အဲဒီခေတ်က ပြည်သူအားလုံးအတွက် အခမဲ့ ဆေးကုခွင့် ရှိတယ်။ ငွေကြေး တတ်နိုင်သူများအတွက် အထူး ပိုက်ဆံခန်းတွေလည်း ထားပါတယ်။ အခုခေတ်မှာ အခြေအနေအရ 'စရိတ်မျှပေး ကျန်းမာရေး'ဆိုပြီး



လုပ်လာတာကို နားလည်နိုင်ပေမဲ့ အဲဒီ 'စရိတ်မျှပေး'ကရတဲ့ ငွေကြေးကို အစိုးရက ပြန်ယူတယ်ဆိုတာတော့ နားလည်ဖို့ ခက်ပါတယ်။ လူကြားလို့ မကောင်းဘူးလို့လည်း ထင်ပါတယ်။ ဒီလိုကိစ္စတွေဟာ သမ္မတဦးသိန်းစိန် အစိုးရ ရှေ့မျက်နှာစာမှာ ကြိုးစားပမ်းစား လုပ်ပြနေတဲ့ ပြည်သူတွေ စိတ်ချမ်းသာစေဖို့ဆိုတဲ့ လုပ်ငန်းတွေကို ထိခိုက်စေပါတယ်။ အဲဒါကြောင့် ဒီအချက်တွေကိုလည်း ပြုပြင်ပါဦးလို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

၂၁၊ ၁၂၊ ၂၀၁၁။



www.burmeseclassic.com

www.burmeseclassic.com

# ပေါက်တွေ့ရဝသ ဒီမိုကရေစီ

လွတ်လပ်တဲ့ ပုဂ္ဂလိက စာနယ်ဇင်းတွေ ပေါ်ထွက်လာတာ ဆယ်စုနှစ်တစ်ခုသာသာပဲ ရှိသေးတာကြောင့် သိပ်ပြီး အသားမကျလှသေးပါဘူး။ လူငယ်တွေအနေနဲ့ မှုဆိုးစိုင်သင် စမ်းတဝါးဝါး လုပ်နေရလို့ ချွတ်ချော်တိမ်းစောင်းတာတွေ ရှိသေးတယ်။ အထူးသဖြင့် လူထုစိတ်ဝင်စားတဲ့သတင်း (Public interest)နဲ့ သည်းခြေခိုက်(sensational)သတင်း မခွဲခြားနိုင်လို့ အဝါရောင် သမ်းသွားတတ်တယ်။

### ဒူးပေါ်၊ ပေါင်ပေါ် ကိစ္စတွေ

ဂျာနယ်တွေ ပေါ်ထွက်လာကတည်းက စာတွေ အဆက်မပြတ်ရေးလာခဲ့တယ်။ အဲဒီထဲမှာ စာနယ်ဇင်းကျင့်ဝတ်နဲ့ဆိုင်တဲ့ စာတွေ အများဆုံး ရေးဖြစ်တယ်။ စာနယ်ဇင်းမဏ္ဍိုင် ခြစားပြီး ယိုင်နဲ့မသွားစေချင်တာကြောင့်ပါ။ နိုင်ငံ့ဝန်ကို ထမ်းထားတဲ့ မဏ္ဍိုင်ကြီးလေးခုမှာ ဘယ်တစ်ခုက ခြစားခြစား၊ နိုင်ငံဆိုတဲ့အိမ်ကြီး ယိုင်နဲ့သွားမှာ ဖြစ်တယ်။ ကိုယ့်တာကိုယ် လုံအောင်ကာတဲ့အနေနဲ့ ကျင့်ဝတ်နီတိတွေအကြောင်း အဓိကထားပြီး ရေးနေတာပါ။ ကြီးကျယ်တဲ့ ကိစ္စကြီးတွေမှ မဟုတ်ပါဘူး။ ဒူးပေါ်၊ ပေါင်ပေါ် ကိစ္စတွေ၊ ရပ်ရှားဝတ်တာတွေ၊ ကံစမ်းမဲနှိုက်တာမျိုးတွေကအစ ရေးပါတယ်။ ရေးလွန်းအားကြီးလို့ နေရာတကာ ဝင်ပါနေတာပဲလို့တောင် ပြောသူတွေက ပြောကြတယ်။

### လူငယ်တွေက ရင်ဖွင့်ကြ

တချို့ လူငယ် သတင်းသမားလေးတွေကတော့ 'အဘရယ် ကျွန်တော်တို့ဘက်ကလည်း ရေးပေးပါဦး'ဆိုပြီး သူတို့ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ရင်ဖွင့်ကြတယ်။ သတင်းတစ်ပုဒ် အတည်ပြုချက်ရချင်လို့ ဌာနဆိုင်ရာတွေ သွားတဲ့အခါ ဝင်ခွင့်ရဖို့တောင် မလွယ်တဲ့အကြောင်း



ဝင်ခွင့်ရပြန်တော့လည်း တာဝန်ရှိသူကို တွေ့ခွင့်မရတဲ့အကြောင်း၊ တွေ့ခွင့်မေးခွင့်ရလို့ ပြောတဲ့အတိုင်း ရေးလိုက်ပြီးခါမှ မပြောပါဘူး၊ မဟုတ်ပါဘူးလို့ ပြောင်ပြောင်ငြင်းတဲ့အတွက် အချောင်တရားခံဖြစ်ရတဲ့အကြောင်း စတဲ့စတဲ့ အကြောင်းတွေ မနည်းပါဘူး။

### ဝန်ကို မျှထမ်းရင် ပေါ့တယ်

သူတို့ပြောတဲ့ အဲဒီအကြောင်းတွေလည်း ရေးခဲ့ပါတယ်။ တစ်နှစ်လုံးပိတ်ထားရတဲ့ စက်ရုံကို လူကြီးလာမှ ဖွင့်ခါပြီး လည်ပြသလို ပြောင်လိမ်တာမျိုးတွေ ရပ်တမ်းကရပ်သင့်ပြီဖြစ်ကြောင်း ရေးခဲ့ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့် ဆိုတဲ့အချက်ဟာ ဝန်ထမ်းများအပါအဝင် လူတိုင်း အကျုံးဝင်တာကြောင့် သူ့ကဏ္ဍနဲ့သူ တာဝန်ရှိသူများကို ပြောဆိုပိုင်ခွင့် ပေးထားတယ်ဆိုရင် တော်ရုံတန်ရုံ ကိစ္စများကို နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲကြီးများတောင် လုပ်ဖို့ မလိုတော့တဲ့အကြောင်းလည်း ရေးခဲ့ပါတယ်။ ဝန်ဆိုတာ မျှပြီးထမ်းရင် ပေါ့ပါတယ်။ တစ်ယောက်တည်း အားလုံးထမ်းထားရင် ဝန်ပိပြီး အလုပ်မတွင်ပါဘူး။

### ဘဝင်မကျချင်ဘူး

နှစ်ပေါင်း ၅၀ လုံးလုံး တစ်မိန့်၊ တစ်အာဏာနဲ့ အုပ်ချုပ်တဲ့စနစ်ကြီးအောက်မှာ နေခဲ့ရတာဆိုတော့ ဒီမိုကရေစီ လုပ်နည်းလုပ်ဟန်တွေနဲ့ ဘယ်သူမှ အသားမကျကြသေးဘူး။ ဘယ်ကိစ္စမဆို အသေးအဖွဲလေးကအစ အထက်ကို မော့ကြည့်နေကြတယ်။ အထက်ကခိုင်းမှ လုပ်တယ်။ မခိုင်းရင် မလုပ်ဘူး။ ကြာလာတော့ အထက်ကလူတွေလည်း မျက်စိဒေါက်ထောက်ကြည့်ပြီး နေရာတကာ ဝင်ပါရတဲ့အဖြစ်ကို ရောက်သွားတယ်။ အခုတလော ကြားနေ၊ ဖတ်နေရတာတွေကို တယ်ပြီး ဘဝင်မကျချင်ဘူး။ မြစ်ဆုံရေကာတာ စီမံကိန်း ရပ်ဆိုင်းတယ်ဆိုတုန်းကလည်း သမ္မတကြီး အမိန့်အရ၊ ဝန်ကြီးများရုံးကို ဟိုတယ်ဖွင့်ဖို့ ပုဂ္ဂလိက ငှားမယ့်ကိစ္စ ဖျက်လိုက်တော့လည်း သမ္မတကြီး အမိန့်အရ၊ မီတာခတွေကို ချက်ချင်းကြီး ၅၀/- မကောက်ခံသေးဘူး၊ ၃၅/- ပဲ ကောက်ဦးမယ် ဆိုတာလည်း သမ္မတကြီး ညွှန်ကြားချက်အရ၊ နေရာတကာ သမ္မတကြီးအမိန့်ရမှ ဆိုတာချည်း ဖြစ်နေတာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အမိန့်မရရင် ဘာမှမလုပ်**

ဌာနတိုင်း ဌာနတိုင်းက ဘယ်ကိစ္စမဆို သမ္မတကြီးအမိန့်အရ လုပ်တယ်ဆိုတော့ သမ္မတကြီးအမိန့်မရရင် ဘာမှမလုပ်ဘူး ဆိုတဲ့သဘော သက်ရောက်နေတယ်။ ဆိုင်ရာတွေအနေနဲ့ တာဝန်ယူမှု မရှိသလိုလည်း ဖြစ်နေတယ်။ ဒီလိုနဲ့ အာဏာရှင်စနစ် ပြန်ဖြစ်သွားမယ့် အန္တရာယ်ရှိပါတယ်။ ဒီလို မဖြစ်ရလေအောင် သတင်းမီဒီယာတွေက ရေးသင့်တာတွေရေး ထောက်ပြသင့်တာတွေ ထောက်ပြနေကြတာ ဖြစ်တယ်။ တကယ်တော့ သတင်းသမားတွေလည်း ရပ်ကွက်ထဲက ပန်းခြံနဲ့ ကလေးကစားကွင်းတွေ ထဲမှာ ကန်ထရိုက်တိုက်ဆောက်တဲ့ ကိစ္စ၊ ဘောလုံးကွင်းတွေကို ရောင်းစားတဲ့ ကိစ္စ၊ ဘီအိုတီစနစ်နဲ့ ခုံးကျော်တံတား ဆောက်မယ့်ကိစ္စဆိုတဲ့ အသေးအဖွဲ ကိစ္စမျိုးတွေကို ရေးမနေချင်ပါဘူး။ ဟီလာရီကလင်တန်နဲ့ သမ္မတကြီး တွေ့တဲ့ကိစ္စ၊ ထိုင်းဝန်ကြီးချုပ် ယင်းလတ်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့တဲ့ကိစ္စ၊ ကေအိုင်အေနဲ့ အစိုးရ ကိုယ်စားလှယ်အဖွဲ့တွေ တွေ့တဲ့ကိစ္စ ဗီယက်နမ်ဝန်ကြီးချုပ် နေပြည်တော် ရောက်လာတဲ့ကိစ္စ စတဲ့ သတင်းကြီး တွေကိုသာ ရေးချင်ကြပါတယ်။

**ကြာတောမှာ ရှာတဲ့မိုး**

ဒါပေမဲ့ လက်တွေ့အခြေအနေက ဒီမိုကရေစီဟာ ကြာတောမှာ ရှာတဲ့ ပေါက္ခရဝသမိုးလို စွတ်စိုလိုတဲ့သူကိုသာ စွတ်စိုနေသလို ဖြစ်နေတယ်။ ကွက်ကျားမိုးနဲ့ဝေးလို့ ခြောက်သယောင်းနေတာတွေအတွက် ဘယ်သူမှ တာဝန်မယူကြဘူး။ တာဝန်ယူမယ့်သူ သိအောင်တောင် ပြောမပေးကြဘူး။ အဲဒီလောက် ခေါင်းရှောင်ကြတာ။ သတင်းသမားတွေက သတင်းသမား တာဝန်ကျေဖို့အတွက် ရေးပြ၊ ထောက်ပြ ဝင်လုပ်ကြရတာ ဖြစ်တယ်။ အဲဒီအတွက် အမုန်းခံရ၊ အငြိုးအတေးခံရ၊ ဖိအားတွေ အပေးခံရတာတွေက လွဲပြီး ဘာကိုယ်ကျိုးစီးပွားမှ မပါပါဘူး။

**ကော်ပုံးဆွဲ လေကားထမ်း**

အမုန်းခံ၊ အငြိုးအတေးခံပြီး ဘာကြောင့် စာတွေရေးနေသလဲလို့ မေးရင် ကိုယ့်တာဝန်ကျေချင်လို့ပါလို့ပဲ ဖြေရလိမ့်မယ်။ ဝါသနာအလျောက် သတင်းသမားအလုပ်ကို လုပ်တော့ သတင်းတွေ၊ ဝေဖန်သုံးသပ်ချက်တွေ၊ ဆောင်းပါးတွေ ရေးရပါတယ်။ မရေးချင်လည်း ရေးရပါတယ်။ ဒီမှာ သတင်းသမားတာဝန် ကျေမှာကိုး။ လူရယ်လို့ဖြစ်လာရင် ရောက်တဲ့နေရာ မှာ ကျတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့ လိုတယ်လို့ ယူဆပါတယ်။ ကျောင်းသားဘဝတုန်းက ကျောင်းသားတာဝန် ကျေပွန်ခဲ့တယ်။ ကော်ပုံး ဆွဲ၊ လေကားထမ်း၊ ပိုစတာကပ် လုပ်စရာရှိသမျှ အားလုံး လုပ်ခဲ့တယ်။ ကျောင်းသားဘဝကနေ သတင်းစာလောက ရောက်တော့လည်း တာဝန် ကျေအောင် ကြိုးစားခဲ့တယ်။

**နောင်တ မရပါဘူး**

တာဝန်ကျေအောင် ကြိုးစားရင်း ထောင်ထဲလည်း ရောက်တယ်။ ကိုကိုးကျွန်းလည်း ရောက်ခဲ့တယ်။ ဝမ်းမနည်းပါဘူး။ နောင်တလည်း မရ ပါဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ။ သူတို့လည်း သူတို့အလုပ် သူတို့ လုပ်ပြီး ထောင်ထဲပို့တာပဲလို့ သဘောထားလိုက်ပါတယ်။ ငြိုးတာတေးတာ တွေလည်း မရှိပါဘူး။ အခုလည်း သတင်းသမားအလုပ် လုပ်နေမြဲဖြစ်တာ ကြောင့် ရေးစရာရှိတာ ရေး၊ ထောက်ပြသင့်တာ ထောက်ပြ လုပ်နေရ ပါတယ်။ ဘယ်သူ့အပေါ်မှာမှ မလိုမုန်းထားစိတ် မရှိပါဘူး။

**ကျောက်စာတိုင်ကြီးလို**

ချစ်သူကိုသာစေ၊ မုန်းသူကိုနာစေ မရှိစေရဘူးဆိုတာ သတင်းသမား တိုင်း လိုက်နာကျင့်သုံးရတဲ့ အခြေခံအကျဆုံး ကျင့်ဝတ်တစ်ပါး ဖြစ်ပါတယ်။ သတင်းသမားဆိုတာ ဘယ်သူ့မျက်နှာမှ မကြည့်ပါဘူး။ ပြည်သူလူထုရဲ့ မျက်နှာ တစ်ခုတည်းကိုသာ ကြည့်ပါတယ်။ ခြောက်လို့လည်း မကြောက်ရ ပါဘူး။ မြှောက်လို့လည်း မမြှောက်ရပါဘူး။ ကျောက်စာတိုင်ကြီးလို ဖြောင့်မတ်တည်ကြည်ရပါတယ်။ အခါခပ်သိမ်း ပြည်သူ့အကျိုးစီးပွားကို ဘာကွယ် စောင့်ရှောက်ရပါမယ်။ ရေးစရာရှိရင် ရေးရပါမယ်။ ထောက်ပြ စရာရှိရင် ထောက်ပြရပါမယ်။ ဒါဟာ သတင်းမီဒီယာတို့ရဲ့ အလုပ်ပဲ ဖြစ်တယ်။

၂၈၊ ၁၂၊ ၂၀၁၁။





www.burmeseclassic.com

www.burmeseclassic.com

# အောက်ခြေကလူတွေအတွက် သံတော်ဆင့်

အခုလေးတင် ကုန်ဆုံးလွန်မြောက်သွားတဲ့ ၂၀၁၁ ခုနှစ်ဟာ မယုံနိုင်စရာ ကောင်းလောက်အောင်ကို ထူးခြားတဲ့ဖြစ်စဉ်တွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်ပေါက်ခဲ့တဲ့ နှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်ရလိမ့်မယ်။

## ညွှဝတ်ပျူငှာ ကြိုဆို

ပထမဦးဆုံး ထူးခြားဖြစ်စဉ်ကတော့ ၁၉၆၂ ခုနှစ်ကတည်းက အာဏာသိမ်းပြီး အာဏာရှင်စနစ်နဲ့ အုပ်ချုပ်လာတဲ့ စစ်အစိုးရကို ဖျက်သိမ်းပြီး အရပ်သားအစိုးရ အသွင်ပြောင်းလိုက်တာ ဖြစ်တယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သူ့အလိုအလျောက် အာဏာစွန့်ပြီး အနားယူသွားလိမ့်မယ်ဆိုတာ ဘယ်သူမှ မယုံနိုင်ကြဘူး။ အလားတူပဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာလွှဲပေးခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မနေ့တစ်နေ့ကအထိ နာမည်ကိုတောင် မကြားချင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ညွှဝတ်ပျူငှာ ကြိုဆိုပြီး လက်ဆွဲ နှုတ်ဆက်လိမ့်မယ်ဆိုတာလည်း ဘယ်သူမှ မယုံနိုင်ဘူး။ ခေါင်းဆောင်နှစ်ယောက် လက်ဆွဲနှုတ်ဆက်နေတဲ့နောက်က ချိတ်ဆွဲထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံကြီးကို ရုပ်မြင်သံကြားမှာ ဖျတ်ခနဲ မြင်တွေ့လိုက်ကြရချိန်မှာ ကြည့်နေသူတိုင်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြတယ်။ ဒီမြင်ကွင်းမျိုး မြင်တွေ့ရလိမ့်မယ်လို့ ဘယ်သူမှ မျှော်လင့်မထားခဲ့ကြဘူးကိုး။

## ထောင်တန်တဲ့ စကား

အဲဒီနောက်တော့ 'ထောင်'တန်တဲ့စကားတွေဖြစ်တဲ့ ဒီမိုကရေစီတို့ လူ့အခွင့်အရေးတို့၊ သမဂ္ဂဖွဲ့စည်းရေးတို့ ဆိုတဲ့စကားတွေကို အစိုးရဘက်ကရော ဒေါ်အောင်ဆန်းစုကြည်တို့ဘက်ကပါ နေ့စဉ်ရက်ဆက် ရက်ရက်ရောရော ဖောဖောသီသီကြီး ပြောဆိုလာခဲ့ကြတယ်။ **အစိုးရရဲ့ အာဏာရ** ပါတီက ခေါင်းဆောင်ကြီးတွေ တစ်ယောက်ပြီးတစ်ယောက် **အတိုက်အခံ** အဖြစ် သတ်မှတ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်ထဲမှာ **လက်ခံ** တွေ့ဆုံကြပြီး ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ဝင်ရောက်လာမှာကို ကြိုဆိုကြောင်း ပြောကြတယ်။ တိုင်းပြည်ကို ဦးဆောင်နိုင်တဲ့ **အရည်** အချင်း ပြည့်ဝသူ ဖြစ်ကြောင်း ချီးကျူးထောမနာပြုကြတယ်။



## ယုံကြည်တာပဲ ပြောတော့တယ်

ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၃ နှစ်လုံးလုံး အခိုင်အမာကိုင်စွဲထားတဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ပြုလုပ်ပေးရေး ဆိုတဲ့အချက်တွေကို မပြောတော့ဘူး။ ၂၀၁၀ ပြည့်နှစ်အထိ ပြောနေသေးတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းတို့၊ ဒုတိယ ပင်လုံညီလာခံတို့ ဆိုတဲ့ စကားတွေလည်း မပြောတော့ဘူး။ အဲဒီအစား ဒီမိုကရေစီလမ်းစ မြင်တွေ့နေရပြီတို့၊ သမ္မတကြီးဦးသိန်းစိန်ကို ယုံကြည်တယ်တို့ ဆိုတဲ့စကားတွေပဲ ပြောတော့တယ်။ တစ်ဖက်က အထင်အမြင် လွဲမှားစရာဖြစ်နိုင်တဲ့ ထောင်သောင်းချီတဲ့ လူစုလူဝေးကြီးတွေလည်း မလုပ်တော့ဘဲ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေကို သီးခြား တွေ့ဆုံတာမျိုးတွေပဲ လုပ်တော့တယ်။

## မျက်လုံး ဒေါက်ထောက်ကြည့်တာတွေ

သတင်းစာတွေ၊ ဂျာနယ်တွေဖတ်ပြီး သိရသမျှကတော့ ဝမ်းသာစရာ၊ အားတက်စရာတွေချည်းပဲ။ ဒါပေမဲ့ စိတ်မကောင်းစရာ သတင်းတွေကလည်း ကြားမြဲကြားနေရသေးတယ်။ နိုင်ငံရေးအကျဉ်းသားတွေကိစ္စ၊ ပြည်တွင်းစစ် ရပ်စဲရေးကိစ္စတွေလို ကိစ္စကြီးတွေက ပေါ်လစီရေးရာတွေမို့ ချက်ချင်း အဖြေမထွက်နိုင်သေးတာကို နားလည်လို့ ရတယ်။ ပေါ်လစီကိစ္စ၊ နိုင်ငံရေးကိစ္စမဟုတ်တဲ့ ကိစ္စရပ်တွေမှာ စစ်အစိုးရလက်ထက်က ပုံစံအတိုင်း ဆက်လက် ဖြစ်ပွားနေတာတွေကတော့ မသင့်တော်ဘူး။ အစိုးရသစ် အပေါ်မှာ ယုံရနိုးနိုးနဲ့ မျက်လုံး ဒေါက်ထောက်ကြည့်နေသူများရဲ့ သံသယတွေ ပိုပြီး တိုးလာစေတယ်။



www.burmeseclassic.com

www.burmeseclassic.com

## သိက္ခာကျစရာ ဖြစ်ရ

အထူးသဖြင့် အခုတလော ရန်ကုန်ပတ်ဝန်းကျင် ဒေသတွေမှာတောင် ကြားနေရတဲ့ တောင်သူတွေရဲ့ လယ်ယာမြေတွေကို အတင်းအကျပ် သိမ်းယူတဲ့ကိစ္စမျိုးဟာ လုံးဝမဖြစ်သင့်တဲ့ ကိစ္စမျိုး ဖြစ်တယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးတွေက စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်မြေများကိုမသိမ်းဖို့ ညွှန်ကြားထားတယ်လို့ ပြောနေပေမဲ့ အောက်ခြေမှာတော့ သိမ်းယူမှုတွေ ရှိနေသေးတယ်၊ သမ္မတနဲ့ ဒုသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများက ပြည်သူများ စိတ်ချမ်းသာအောင် ဆောင်ရွက်ကြရမယ်။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိပေမဲ့ အောက်ခြေဌာနအသီးသီးရဲ့ ဝန်ထမ်းတွေက အရင်ခေတ်ကအတိုင်း အာဏာပါဝါပြမြဲ၊ နိုင်ငံထက်စီးနင်းပြုမြဲ၊ လာဘ်ပေးလာဘ်ယူတွေ လုပ်မြဲ ဖြစ်နေကြတဲ့အတွက် အစိုးရ သိက္ခာကျစရာ ဖြစ်ရတယ်။

## အောက်ခြေက ပြည်သူတွေအတွက်

သာမန်ပြည်သူတွေအဖို့က ဒီမိုကရေစီရဲ့ အရသာကို ဘာတစ်ခုမှ မခံစားကြရသေးဘဲ စနစ်ဟောင်းကအတိုင်း ဟိန်းဟောက် ခြိမ်းခြောက်ခံရ လယ်မြေအသိမ်းခံရ၊ အမျိုးမျိုး လှည့်ပတ်ပြီး ပိုက်ဆံတောင်းတာ ခံရ ဆိုတာမျိုးတွေပဲ ကြုံတွေနေရလေတော့ အပြောင်းအလဲဆိုတာကို မယုံ နိုင်အောင် ဖြစ်နေကြတယ်။ ဒီလို သိက္ခာကျစရာတွေနဲ့ သံသယဖြစ်စရာ တွေ ပပျောက်အောင် အမြန်ဆုံးလုပ်ဆောင်ဖို့ လိုတယ်။ အောက်ခြေက လူတွေရဲ့ဘဝပါ ပြောင်းလဲမှ ပြည်သူတွေက ယုံကြည်လာမှာပါ။ အဲဒီလို ဖြစ်ဖို့ အောက်ခြေဌာနဆိုင်ရာတွေကစပြီး ပြုပြင်ဖို့လိုပါတယ်။ အရေးယူသင့် တာတွေကို ထိထိရောက်ရောက် လူသိရှင်ကြား အရေးယူဖို့ လိုပါတယ်။

## ပြည်သူ့သံတော်ဆင့်

အထက်က တာဝန်ရှိသူ လူကြီးတွေအနေနဲ့ မြို့တကာ နယ်တကာ အသေးအဖွဲ့ကိစ္စမှန်သမျှကို သိမနေနိုင်ဘူး။ အသေးအဖွဲ့ဆိုပေမဲ့ သက်ဆိုင်သူ ပြည်သူများအဖို့တော့ သေရေးရှင်ရေးကိစ္စ ဖြစ်ချင်ဖြစ်နိုင်တယ်။ လူကြီးတွေ အထိ သိသင့်တဲ့ကိစ္စတွေကို ရေးသားဖော်ပြပေးတဲ့ တာဝန်ကို သတင်းစာနဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေက ယူကြရတယ်။ အထူးသဖြင့် အခုလို အတိုက်အခံ နိုင်ငံရေးပါတီရယ်လို့ မရှိတဲ့အချိန်မှာ သတင်းမီဒီယာတွေက ပြည်သူလူထုရဲ့ အသံတွေကို လွှင့်ထုတ်ပေးနိုင်တဲ့ ပြည်သူ့သံတော်ဆင့်အဖြစ် ဆောင်ရွက် ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီက အခုအခါ အတိုက်အခံ ပါတီ မဟုတ်တော့ဘဲ အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနဲ့ မောင်နှမပါတီ လို ဖြစ်နေပြီဆိုတော့ သာမန်ပြည်သူများမှာ သတင်းမီဒီယာတွေပဲ အားကိုး အားထား ပြုပါတော့တယ်။

သတင်းသမားဆိုတာကတော့ ဘယ်အစိုးရတက်တက် ပြည်သူ့ မျက်နှာကိုသာ ကြည့်ရမှာဖြစ်လေတော့ ဟိုဘက်က ငြိုငြင်မှာ၊ ဒီဘက်က ငြိုငြင်မှာကို ကြည့်မနေနိုင်ပါဘူး။ ဒါမှ စတုတ္ထမဏ္ဍိုင်လို့ အခေါ်ခံထိုက်မှာ ဖြစ်ကြောင်းပါ။

၄၊ ၁၊ ၂၀၁၂။





www.burmeseclassic.com

www.burmeseclassic.com

# ချိုးကျွံသလေး ကြားရဖို့

နိုင်ငံခြားရောက်နေတာ နှစ်ပေါင်း ၂၀ ကျော်နေပြီဖြစ်တဲ့ ကျောင်းသားဟောင်းတစ်ယောက်က ဖုန်းဆက်ပြီး နှစ်သစ်ကူး နှုတ်ဆက်စကား ပြောပါတယ်။ ခုတလော နိုင်ငံခြားရောက်မြန်မာတွေ အများဆုံးမေးတဲ့ 'တော်တော်ပြောင်းနေပြီလား'ဆိုတဲ့ မေးခွန်းကိုပဲ မေးပါတယ်။

## သတင်းသမားတွေ နေရာပေးခံရ

ဒီမေးခွန်းက လွယ်လွယ်ဖြေလို့ ရတာမျိုးမဟုတ်ဘူး။ ပြောင်းတာတွေ ရှိသလို မပြောင်းတာတွေလည်း အများကြီးရှိနေတာဆိုတော့ လိပ်ပတ်လည်အောင် ပြောဖို့ခက်တယ်။ အဲဒါကြောင့် သူမေးသလို တစ်ခွန်းတည်းနဲ့ ပြီးအောင် 'ပြောင်းတော့ပြောင်းပါတယ်။ ဒါပေမဲ့ မပြောင်းဘူး'လို့ ဖြေလိုက်တယ်။ ပြီးမှ အသေးစိတ်သိချင်ရင် ခုတလော ရေးနေတဲ့ ဂျာနယ်ဆောင်းပါးတွေကို 'အွန်လိုင်း'က ဖတ်ကြည့်ပေတော့လို့ ပြောရတယ်။ ထိပ်ဆုံးပိုင်းတွေမှာတော့ ပြောင်းနေကြတာပဲ။ ဒီမိုကရေစီဆိုတဲ့စကား၊ နှုတ်ဖျားမှာ သီးနေကြတယ်။ နှစ်ပေါင်း ၅၀ လုံးလုံး လူရာသွင်းမခံရတဲ့ သတင်းသမားတွေကို နေရာပေးပြီး အင်တာဗျူးလုပ်ကြတယ်။ ဂျာနယ်တွေထဲမှာ အရင်က နာမည်လေးတောင် ထည့်ရေးခွင့်မရခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေ မျက်နှာဖုံးမှာ ဖောဖောသီသီကြီး ဖော်ပြကြတယ်။ အရင်က NLD ရုံးရှေ့က လမ်းတောင် ဖြတ်မလျှောက်ရဲတဲ့သူတွေ ခုတော့ ရုံးထဲကို ချောင်းပေါက်မတတ် ဝင်ထွက်နေကြတယ်။

## အကြွေးဝန်ထုပ်ကြီး

ပြောင်းတာတွေက အောက်ခြေကိုမရောက်တော့ တိုင်းသူပြည်သားများရဲ့ ဘဝတွေကတော့ ဘာမှထူးခြားမလာဘူး။ ဒုံရင်းဒုံရင်းပဲ။ တောင်ပေါ်



ဒေသတွေမှာ သေနတ်သံတွေ မစဲသေးသလို သားကိုမျှော်ရတဲ့ မိခင်တွေလည်း လည်ပင်းကိုးတောင်ရှည် ဖြစ်နေရဆဲပဲ။ ဒီကြားထဲမှာ ဈေးကွက်စီးပွားရေးကို လက်ညှိုးထိုးပြီး ဟိုက ဈေးတက်၊ ဒီက ဈေးတက်ဆိုတော့ ပိုပြီးပင်ပန်းကြရတယ်။ တောသူတောင်သားတွေက ပိုပြီးခံရတယ်။ မြို့မှာ တစ်ခုမဟုတ်တစ်ခု ကြံဖန် ရှာဖွေစားသောက်လို့ ရတယ်။ ယုတ်စွအဆုံး ပလတ်စတစ် လိုက်ကောက်ရင်တောင် ရသေးတယ်။ တောမှာကျတော့ လယ်ယာအလုပ်ကလွဲပြီး တခြား ဘာမှလုပ်စားစရာ မရှိဘူး။ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံတွေပျက်ရပြီဆိုရင် ကျောပေါ်မှာ အကြွေးဝန်ထုပ်ကြီး ကြီးသထက်ကြီးလာတော့တာပဲ။

## ခွက်တစ်ဆယ် အနည်းဆုံး

မြို့ပေါ်ဆင်းရဲသားတွေရဲ့ကျောပေါ်က ဝန်ထုပ်ဝန်ပိုးကြီး နှစ်ပိဿာခွဲလောက် လေးတယ်ဆိုရင်တော့ တောသူတောင်သားတွေရဲ့ ကျောပေါ်မှာ ဖိစီးနေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးက ခွက်တစ်ဆယ်တော့ အနည်းဆုံး ရှိလိမ့်မယ်။ ဒီဖိစီးမှုကြီးက အရင့်အရင်က အစိုးရအဆက်ဆက်မှာ ရှိခဲ့တဲ့အတိုင်း ဘာမှ ပြောင်းလဲမသွားဘူး။ အပေါ်မှာ ကြည့်လိုက်ရင်တော့ ပြောင်းနေပေမဲ့ အောက်ခြေမှာတော့ ဘာမှမပြောင်းလဲဘူး။ အဲဒါကြောင့် 'ပြောင်းတော့ပြောင်းတယ်။ ဒါပေမဲ့ မပြောင်းဘူး'လို့ ဖြေလိုက်တာ။ နောက်ဆုံး ဖုန်းချခါနီးမှာ 'ပြောင်းရင် ပြန်လာမှာမို့လား'လို့ မေးလိုက်တော့ သူဖြေလိုက်ပုံက 'လုပ်ခွင့်သာရင်တော့ ပြန်လာဖို့ စဉ်းစားမှာပါ။ ရေရှည်အတွက်လည်း ကြည့်ရသေးတယ်လေ'တဲ့။

## စောင့်ကြည့်ချင်ကြသေး

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပြည်ပရောက်နေသူတွေလည်း ပြန်လာနိုင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ မိန့်ခွန်း ပြောခါစက အတော်လေး ဝမ်းသာမိတယ်။ ဒီတစ်သက်တော့ ပြန်မတွေ့နိုင်တော့ဘူးလို့ အောက်မေ့ထားတဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ မိတ်ဆွေ သူငယ်ချင်းတွေ၊ ဆွေမျိုးသားချင်းတွေနဲ့ တပည့်ဟောင်းတွေကို ပြန်တွေ့နိုင်ဦးမှာပါလားဆိုပြီး ပျော်သွားတယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ ဘယ်သူမှ ပြန်မလာကြသေးဘူး။ အခွင့်အလမ်းကောင်း၊ လုပ်ကွက်ကောင်း ရှိမလားလို့ လာပြီး ရှေ့သာရှုစမ်း



www.burmeseclassic.com

www.burmeseclassic.com

သူ တချို့တလေပဲ တွေ့ရတယ်။ အများစုကတော့ အကဲခတ် စောင့်ကြည့်ချင်ကြသေးတယ်။

**တစ်နေ့တော့ ပြန်လာမယ်**

ဟုတ်တာပေါ့။ ရေကြည်ရာ မြက်နုရာကို ရောက်နေပြီးမှတော့ သဲကန္တာရထဲကို ဘယ်သူက ပြန်သွားချင်မှာလဲ။ စောင့်ကြည့်ဦးမယ်ဆိုသူတွေကို အပြစ်မမြင်ပါဘူး။ တစ်နေ့နေ့မှာတော့ သူတို့ ပြန်လာမှာပါ။ ဘယ်လောက်တားတား ပြန်မလာဘဲ သူတို့ မနေပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မြန်မာတွေဖြစ်နေကြလို့ပဲ။ သူများနိုင်ငံတွေ ဘယ်လောက်ချမ်းသာတယ်ပြောပြော မြန်မာပြည်လောက်တော့ နေချင့်စဖွယ် မရှိနိုင်ဘူး။ မြန်မာနိုင်ငံက ဥတုသုံးပါး မျှတတယ်။ အပူလွန်ကဲလို့ သေတယ်ဆိုတာမျိုး မရှိသလို အေးလွန်းလို့ သေတယ်ဆိုတာမျိုးလည်း မရှိဘူး။ မိုးခေါင်လွန်းလို့ အငတ်ဘေး ကျရောက်တယ် ဆိုတာမျိုး မရှိသလို မိုးများလွန်းလို့ လူတွေ ထောင်သောင်းချီ သေရတယ် ဆိုတာမျိုးလည်း မရှိဘူး။

**ရတနာသိုက်ကြီး**

အပူပိုင်းဒေသဖြစ်ပေမဲ့ အအေးပိုင်းဒေသတွေက ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ စပျစ်သီး စတဲ့သစ်သီးတွေလည်း လမ်းဘေးမှာ ပုံတိုက်ပြီး ရောင်းရလောက်အောင် ပေါပေါများများ ထွက်တယ်။ ဝတ်ဖို့အတွက် ဝါချည်ပိုးချည်တွေလည်း ထွက်တယ်။ နေစရာအတွက် သစ်ဝါးတွေလည်း ပေါတယ်။ မြေကြီးကလည်း ဘယ်နေရာတူးတူး ရေနံထွက်တဲ့နေရာက ထွက်၊ ရွှေထွက်တဲ့နေရာက ထွက်၊ ပတ္တမြားတို့၊ ကျောက်စိမ်းတို့ ထွက်တဲ့နေရာက ထွက်မို့ တစ်နိုင်ငံလုံး ရတနာသိုက်ကြီးလိုလို ဖြစ်နေတယ်။ လူတွေကြောင့်သာ ခုလို ဆင်းရဲတွင်း နက်နေရတာ။

**မြန်မာတွေရဲ့ အပြုံး**

ဒါတွေအားလုံးထက်ပိုပြီး မြန်မာပြည်ကို စွဲမက်ကြတဲ့ အကြောင်းကတော့ မြန်မာတွေရဲ့ နွေးထွေးတဲ့ မေတ္တာတရားနဲ့ မြန်မာတွေရဲ့အပြုံး ဖြစ်တယ်။ မြန်မာတွေက ရန်သူကိုတောင် ဒုက္ခရောက်နေတာတွေ့ရင်၊ ဒါမှမဟုတ် နိမ့်ကျသွားရင် အခွင့်သာပြီဆိုပြီး အနိုင်ယူလေ့ မရှိဘူး။ အင်္ဂလိပ်



တွေနဲ့ အိန္ဒိယသားတွေ ထွက်ပြေးကြတော့ အစာတော်၊ ရေတော် မြော်သောသူတွေကို ကျွေးမွေးစောင့်ရှောက်ကြတယ်။ ဂျပန်တွေ အသက်လု ပြီး ထွက်ပြေးကြရတော့လည်း တစ်ယောက်တည်း သင်းကွဲ ထွက်ပြေးလာသူတွေကို အသက်ဘေးကကယ်တင်ပြီး ဖုက်ပေးထားခဲ့ကြတယ်။ စစ်ကြီးပြီးဆုံးသွားတာတောင် ဂျပန်ပြည်ကို မပြန်တော့ဘဲ အသက်ကယ်ထားတဲ့ ရွာမှာပဲ အသက်ထက်ဆုံး နေသွားခဲ့သူတွေ ရှိတယ်။

**ရေကုသိုလ်**

မြန်မာတွေက လူဆင်းရဲပေမဲ့ စေတနာမဆင်းရဲဘူး။ ကျောင်းသား ဘဝ မန္တလေးက ရန်ကုန်ကိုလာတော့ ရထားရပ်တဲ့ ဘူတာတိုင်းမှာ ရေအိုးလေးတွေ ရွက်ပြီး 'ရေကုသိုလ်၊ ရေကုသိုလ်'နဲ့ တစာစာအော်ရင်း သောက်ရေ လိုက်ပေးသူတွေ လေးငါးဦးထက်မနည်း အမြဲ တွေ့ရတယ်။ တချို့က အသက်ကြီးကြီး အမျိုးသမီးတွေ၊ တချို့က အသက်ငယ်ငယ် ကလေးမလေးတွေ။ ခုခေတ်လို ရေရောင်းတာတွေ မပေါ်သေးဘူး။ စေတနာ သက်သက်နဲ့ လိုက်ပြီး ကုသိုလ်ပြုကြတာ ဖြစ်တယ်။ ရပ်ကွက်ထဲမှာလည်း တစ်အိမ်က ဟင်းကောင်းကျွေးကောင်းချက်ရင် ဘေးအိမ်က လူကြီးသူမများ အတွက်ဆိုပြီး စားဦးစားဖျား ပို့လေ့ရှိတယ်။ အိမ်နီးနားချင်းတွေဟာ တစ်အိမ်နဲ့တစ်အိမ် ကူးလူးနေကြတာပဲ။ အလှူ မင်္ဂလာဆောင်လို ကိစ္စများဆို တစ်ရပ်ကွက်လုံး ဝိုင်းကူကြတယ်။ ဘာသိဘာသာနေလေ့ မရှိဘူး။ အင်မတန် ပျော်စရာ ကောင်းတာ။

**တန် သမ္မတရဲ့ မှတ်ချက်**

ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ ၃၁ ဆက်မြောက် သမ္မတဖြစ်ခဲ့တဲ့ ဟားဘတ်ဟူးဗား(Herbert Hoover 1874-1964)က 'မြန်မာလူမျိုးများဟာ အာရှတိုက်တစ်ခုလုံးမှာ တကယ့်အစစ်အမှန် ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိတဲ့ တစ်ခုတည်းသောလူမျိုး ဖြစ်တယ်' (The Burmese are the only genuinely happy people in all of Asia.)လို့ ပြောခဲ့တာ ဖြစ်တယ်။ ဟူးဗားက နိုင်ငံရေးနယ်ထဲမရောက်ခင် နမ္မတူဘော်တွင်းမှာ သတ္တုတွင်း အင်ဂျင်နီယာအဖြစ် လာရောက် လုပ်ကိုင်ခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အပျော်တွေ စိမ့်ဝင်**

ပျော်စရာအလွန်ကောင်းတဲ့ဒေသမှာ လူဖြစ်လာကြရတဲ့အတွက် မြန်မာလူမျိုးတိုင်းရဲ့ ခါတ်ခံမှာ အပျော်တွေ စိမ့်ဝင်နေတယ်။ သူတို့ရဲ့ မျက်နှာတွေမှာ အတိုင်းသား ဖော်ပြနေတယ်။ မြန်မာပြည်ကို ပထမဆုံး အကြိမ် ရောက်ဖူးတဲ့ နိုင်ငံခြားသားတိုင်း မယုံနိုင်လောက်အောင်ကို တအံ့ တဩ ဖြစ်ကြတယ်။ ဒီလောက် ဒုက္ခသုက္ခတွေကြားက ပြုံးနေနိုင်တာကို သူတို့ မစဉ်းစားတတ်ကြဘူး။ ဓာတ်ပုံကိုသာမြင်ရရင် 'ဆင်'ပြီး ရိုက်ထားတာလို့ ထင်မှာ သေချာတယ်။ လူကိုယ်တိုင် မြင်ရလို့သာ ယုံသွားကြရတာ။ မြန်မာလူမျိုးကလည်း အံ့ဩမယ်ဆို အံ့ဩထိုက်တယ်။ 'မှတ်ကရောဟဲ့' ဆိုပြီး ကိုကိုးကျွန်း ပို့ပစ်လိုက်တာတောင် ကျွန်းပေါ်မှာ ဇာတ်ကဖြစ်အောင် ကခဲ့သူတွေ ဖြစ်တယ်။ သကြံန်ကျတော့လည်း တီးမှုတ် ကခုန်ကြတာတွေ သာမက ဘောလုံးပွဲတွေ၊ ဘော်လီဘော ပြိုင်ပွဲတွေအပြင် ရခိုင်ရိုးရာ 'ကျင်'ကိုင်ပွဲတွေတောင် လုပ်လိုက်ကြသေးတယ်။

**ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာ**

ပျော်စရာတိုင်းပြည်က ပျော်စရာလူမျိုးတွေကြားမှာ နေရတာလောက် ဘယ်နေရာမှ ပျော်စရာကောင်းမှာ မဟုတ်ဘူး။ အကြောင်းကြောင်းနဲ့ နိုင်ငံခြား တိုင်းပြည်အသီးသီးမှာ ရောက်ရှိနေကြတဲ့ မြန်မာတွေ အများစုဟာ တစ်နေ့နေ့မှာ အသေအချာကို ပြန်လာကြမှာပါ။ မပြန်ချင်ပါဘူးဆိုသူက အနည်းစု ဖြစ်ပါလိမ့်မယ်။ 'လုပ်ခွင့်သာရင်တော့ ပြန်လာဖို့ စဉ်းစားမှာပါ' ဆိုသူမျိုးကတော့ ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာပေါ့။ အဲဒီလူမျိုးတွေ ပြန်မလာလို့ လည်း တိုင်းပြည်အတွက် ဘာမှ ဆုံးရှုံးမသွားပါဘူး။ သူတို့အတွက် ရောက်နိ အသင့် ကြာအသင့်ဖြစ်အောင် ဒီကလူတွေ ရုန်းကန်လှုပ်ရှားနေကြတာမှ မဟုတ်တာ။ သူတို့လိုလူမျိုးတွေ ပြန်လာလည်း အခွင့်အရေးရဖို့လောက်သာ ချောင်းနေကြမှာ ဖြစ်တယ်။ ဘာတစ်ခုမှ လက်ကြောတင်းအောင် လုပ်မယ့် သူတွေ မဟုတ်ဘူး။

**ချိုးကူသံလေး ကြားရဖို့**

နှစ်ပေါင်း ၅၀ လောက် နောက်ကျကျန်ရစ်ခဲ့တဲ့ နိုင်ငံကို ပြန်ပြီး ထူမတ်ပေးဖို့အတွက် လက်ကြောတင်းအောင် လုပ်မယ့်လူတွေ အများကြီး



လိုတယ်။ တိုင်းပြည်ရဲ့ အရွယ်ကောင်းလေးတွေ သိန်းပေါင်းများစွာက အခုအခါ ပြည်ပနိုင်ငံတွေမှာ ရောက်ရှိနေကြတယ်။ ဖိနှိပ်မှု၊ သွေးစုပ်မှု အနိုင်ကျင့်မှုတွေလည်း အမျိုးမျိုး ခံနေကြရတယ်။ မိဘကျေးဇူးဆပ်ဖို့နဲ့ မိသားစု လုပ်ကျွေးဖို့အတွက် မနည်းကြီး သည်းခံပြီး ရုန်းကန် လှုပ်ရှားနေရတယ်။ သူတို့တစ်တွေ မြန်နိုင်သမျှ အမြန်ဆုံး ပြန်လာနိုင်ဖို့က အရေး အကြီးဆုံး ဖြစ်တယ်။ ဒီမိုကရေစီ မြန်မြန်ရပြီး စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက် လာမှ သူတို့ ပြန်လာနိုင်ကြမှာ။ တောင်တန်းပြာကြီးတွေပေါ်မှာ သေနတ်သံ တွေ လုံးဝချုပ်ငြိမ်းပြီး ချိုးကူသံလေး ကြားရဖို့ကလည်း အရေးကြီးပါတယ်။

၉၊ ၁၊ ၂၀၁၂။



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းရင်းမျှော် မျှော်ရင်းလွမ်း

များသောအားဖြင့် မြန်မာလူမျိုးတွေဟာ ငယ်စဉ်အခါက ဘယ်လောက်ပဲ အငြိမ်မနေသူဖြစ်ဖြစ် အသက်ကလေး ရလာရင်တော့ လူရော စိတ်ပါ တည်တည်ငြိမ်ငြိမ်ဖြစ်လာလေ့ ရှိတယ်။ လောကဓံလှိုင်း ရိုက်ပုတ်မှုများကိုလည်း တရားသဘောနဲ့ ရှုမြင်ပြီး မတုန်မလှုပ် ရင်ဆိုင်နိုင်ကြတယ်။

**တရားမပြည့်လို့**

ဒေါသဖြစ်စရာရှိလည်း ချွန်းနဲ့အုပ်ပြီး သည်းခံနိုင်တယ်။ ဝမ်းနည်းစရာ ကြုံလည်း မြိုသိပ်ထားနိုင်တယ်။ ကိုယ်တိုင်ကတော့ တရားမပြည့်ဝလို့ ထင်ပါရဲ့။ အသက်သာ ၇၀ ကျော်လာတယ်။ ဒေါသတွေတော့ လျော့မသွားဘူး။ တစ်ခါတလေများ အသားတွေ ဆတ်ဆတ်တုန်တဲ့အထိ ဒေါသ ဖြစ်မိတယ်။ အဆိုးဆုံးကတော့ ငယ်စဉ်ကထက် အဆပေါင်းများစွာ လွမ်းတတ်လာတာ ဖြစ်တယ်။ အသက်ကြီးလေ လွမ်းစရာတွေကလည်း များလေဖြစ်လာတယ်။ ငယ်စဉ်ကတော့ ကျောင်းတွေဖွင့်ချိန်မှာ မန္တလေးမှာ ကျန်ရစ်တဲ့ မိဘတွေကို လွမ်းတယ်။ ကျောင်းတွေပိတ်လို့ အိမ်ပြန်ရောက်ချိန်မှာ ကျောင်းက သူငယ်ချင်းတွေကို လွမ်းတယ်။ ဒီထက်ပိုပြီး လွမ်းစရာမရှိဘူး။

**အလယ်ပေါက်က မြီးရှည်**

အခုချိန် ပြန်တွေးလိုက်တော့ မရှိတော့ပြီဖြစ်တဲ့ မိဘတွေကို လွမ်းသလို ဈေးချိုအလယ်ပေါက်က မြီးရှည်ကိုလည်း လွမ်းတယ်။ ဝင်းလိုက်ရဲ့ ထဲက အစ်မကြီး မမြရီရဲ့ မုန့်တီလက်ရာကိုလည်း လွမ်းတယ်။ မန္တလေး တက္ကသိုလ် အရှေ့ဘက်က လယ်ကွင်းစိမ်းစိမ်းတွေနဲ့ တောင်ပြာတန်းတွေကိုလည်း လွမ်းတယ်။ အလွမ်းတကာ့ အလွမ်းဆုံးကတော့ စစ်ကိုင်းတောင်



ပေါ်က တန်ဆောင်တိုင်ညနဲ့ မန္တလေးသင်္ကြန်ရက်တွေပဲ။ ငယ်စဉ်က ဒီပွဲနှစ်ပွဲတော့ ဘယ်အကြောင်းနဲ့မှကို အလွတ်မခံဘူး။ ကျောင်းပိတ်ရက်နဲ့ ဆုံလေ့မရှိတဲ့ တန်ဆောင်တိုင်ပွဲကိုတောင် နှစ်တိုင်း အရောက်ပြန်ဖြစ်အောင် ပြန်တယ်။

**ဟိုချောင်ဝင် ဒီချောင်ကူး**

အဖိတ်နေ့မတိုင်မီရက် ညရထားနဲ့လိုက်၊ အိမ်ခဏဝင်ပြီး ချက်ချင်း သူငယ်ချင်းတွေနဲ့ စစ်ကိုင်းဘက်ကူး။ တစ်ညလုံး ဟိုချောင်ဝင်၊ ဒီချောင်ကူး ပျော်မြူးကြတယ်။ နောက်နေ့ အိမ်ပြန်၊ တစ်ရေးအိပ်ပြီး ညရထားနဲ့ပြန်လာ၊ ကျောင်းတက်။ ပင်ပန်းတယ် မထင်ဘူး။ ရထားတွေက ခုခေတ်လို မြင်းရိုင်း ကဆုန်ပေါက်ပြေးသလို ဖြစ်နေတာမှ မဟုတ်တာ။ ထိုင်ခုံရှေ့က စားပွဲလေးပေါ် လက်ဖက်ရည်အပြည့်နဲ့ ပန်းကန်တင်ထားပြီး အေးအေးဆေးဆေး စာဖတ်လိုက်၊ လက်ဖက်ရည်တစ်ကျိုက်မော့လိုက် လုပ်လို့ရတယ်။ အိပ်ချင်ရင် အိပ်စင်ချပြီး အိပ်။ ညက်ညက်ညောညော ညင်ညင်သာသာနဲ့ သင်္ဘောပေါ်မှာ အိပ်နေရသလို သိပ်ဖိမ်ကျတယ်။

**မျှော်ရင်း လွမ်းရတယ်**

အခုတော့ ဒါတွေအားလုံးက အိပ်ရာကနိုးတာနဲ့ ပျောက်ကွယ်သွားတဲ့ အိပ်မက်တွေလို ဖြစ်ကုန်ပြီ။ ဘယ်လိုနည်းနဲ့မှ ပြန်မတွေ့ရတော့ဘူး။ မတွေ့နိုင်လေ ပိုလွမ်းလေ ဖြစ်တာကိုလည်း ဘာနဲ့မှကုလို့ မရဘူး။ တရားလက်ကိုင်ရှိသူ မဟုတ်တော့ အသက်ကြီးလေ လွမ်းစရာတွေ ပိုများလေဖြစ်လာတယ်။ ကျောင်းဆရာ လုပ်ခဲ့တုန်းက တပည့်တွေကိုလည်း လွမ်းနေတတ်တယ်။ ခရစ္စမတ်ရာသီနဲ့ တရုတ်နှစ်သစ်ကူးတဲ့ အချိန်တွေဆို ဘယ်သူဘယ်ဝါတွေများ ပြန်လာကြမလဲလို့ မျှော်ရင်း လွမ်းရတယ်။ သင်္ကြန်လို၊ လွတ်လပ်ရေးနေ့လို၊ ပြည်ထောင်စုနေ့လို အခါကြီး ရက်ကြီးတွေဆိုရင် အကျဉ်းထောင် အသီးသီးမှာ ထောင်နန်းစံမြန်းနေကြတဲ့ တပည့်လေးတွေနဲ့ သူတို့ အပေါင်းအသင်းတွေများ ပြန်ရောက်လာမလားလို့ လွမ်းရင်း မျှော်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ကုန်ဆုံး လွန်မြောက်စေချင်

မျှော်ရတာလည်း မကောင်းဘူး။ လွမ်းရတာလည်း မကောင်းဘူး။ သိပ်ပင်ပန်းတယ်။ ဒီလို လွမ်းရတဲ့ရက်တွေ အမြန်ဆုံး ကုန်ဆုံး လွန်မြောက်စေချင်လှပြီ။ ဒါကြောင့် သိပ်ကို ဒီမိုကရေစီရချင်တာ။ ငြိမ်းချမ်းရေးလည်း သိပ်လိုချင်တာ။ 'မသေခင်မှာ ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်'လို့ တဖွဖွပြောခဲ့တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းခမျာ ငြိမ်းချမ်းရေးကို မြင်တွေ့မသွားရရှာဘူး။ ဒီမိုကရေစီရပြီး ငြိမ်းချမ်းရေးရပါမှ အမေ့သားတွေကို စုံစုံလင်လင် ပြန်တွေ့နိုင်မှာဖြစ်လို့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေး မြန်မြန်ရစေချင်တယ်လို့ အမြဲတမ်း ပြောခဲ့တဲ့ အမေ လူထုဒေါ်အမာလည်း တစ်ခုမှ မြင်တွေ့မသွားခဲ့ရရှာဘူး။

### ဝမ်းနည်းစရာ၊ ရှက်စရာ

လွတ်လပ်ရေးနဲ့ မရှေးမနှောင်း ဖြစ်ပေါ်ခဲ့တဲ့ ပြည်တွင်းစစ်ကြီး တိုက်ခဲ့ကြတာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ ဘယ်သူ့ ဘယ်သူမှလည်း နိုင်အောင်တိုက်ပြီး ပြတ်အောင်မဖြတ်နိုင်ကြဘူး။ တိုင်းပြည်ကတော့ ထောင်းလမောင်းကြေနေပြီ။ ခါးမနောက်ပိတ်ခွေး ဘဝလည်း ရောက်နေပြီ။ ပြည်သူတွေလည်း အလူးအလဲ ခံနေကြရတယ်။ ဒါကြောင့် စစ်ပွဲတွေ အမြန်ရပ်စေချင်ပါပြီ။ တိုင်းရင်းသား လက်နက်ကိုင်တွေ သေတာလည်း မြန်မာနိုင်ငံသားတွေပဲ။ အစိုးရစစ်တပ်က သေတာလည်း မြန်မာနိုင်ငံသားတွေပဲ။ ဘယ်သူ့ဘက်က ဘယ်လောက် ကျသွားတယ်လို့ ကြေညာရတာ ဝမ်းသာစရာ မဟုတ်ပါဘူး။ ဝမ်းနည်းစရာ၊ ရှက်စရာပါ။

### ဆယ်ဆနဲ့ မလုံလောက်ဘူး

နှစ်ပေါင်း ၅၀ လောက် နောက်ကျကျန်ရစ်တဲ့ နိုင်ငံကို ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဖို့၊ အိမ်နီးချင်းနိုင်ငံတွေကို အမီလိုက်နိုင်ဖို့ဆိုရင် ငြိမ်းချမ်းရေး အမြန်ဆုံးရပြီး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးစားမှ ဖြစ်ပါမယ်။ ခုထက် ဆယ်ဆလောက် ပိုပြီးကြိုးစားရင်တောင်မှ မလုံလောက်ပါဘူး။ ရှေ့ကသွားနေတဲ့ နိုင်ငံတွေက ရပ်စောင့်နေကြမှာ မဟုတ်ဘူး။ သူတို့အရှိန်နဲ့ သူတို့ ရှေ့ဆက်သွားနေကြမှာ ဖြစ်တယ်။ သန်းပေါင်း ၆၀ လောက်ရှိတဲ့ တိုင်းရင်းသားတွေရဲ့ အင်အားနဲ့ အခုထက် အဆ တစ်ရာ



လောက် ကြိုးစားနိုင်ပါမှ တော်ကာကျပါမယ်။ ရှေ့တန်း စစ်နယ်မြေတွေမှာ သေဆုံးခဲ့ရတဲ့ နှစ်ဖက်စလုံးက တပ်သားတွေဟာ လူငယ်လူရွယ်လေးတွေ ဖြစ်ကြတယ်။ တိုင်းပြည်တည်ဆောက်ရေးမှာ သူတို့လုပ်အားတွေ ဆုံးရှုံး လိုက်ရတဲ့အတွက် တိုင်းပြည် နစ်နာပါတယ်။

### သေနတ်တွေ ဘေးချ

သမ္မတ ဦးသိန်းစိန် အစိုးရက ဒီမိုကရေစီ လမ်းကြောင်းပေါ်ကို နောက်ပြန်မဆုတ်တမ်း ဆက်လက်လုပ်ဆောင်သွားမယ်လို့ အကြိမ်ကြိမ် ပြောကြားထားပြီး ဖြစ်တယ်။ နိုင်ငံရေးပြဿနာကို လက်နက်ကိုင် ဖြေရှင်း ခြင်းဟာ ဒီမိုကရေစီကျင့်စဉ် မဟုတ်ပါဘူး။ လက်နက်ကိုင် တိုက်ခိုက်နေတဲ့ တိုင်းရင်းသား အဖွဲ့အစည်းများကလည်း ဒီမိုကရေစီ တည်ဆောက်ရေးကို ကြွေးကြော်ထားကြတာ ဖြစ်တယ်။ အဲဒီတော့ နှစ်ဖက်စလုံး သေနတ်တွေ ဘေးချထားပြီး စားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်း အဖြေရှာကြတာ အကောင်းဆုံး ဖြစ်တယ်။ သေနတ်သံတွေ မြန်မြန်တိတ်လေ ကောင်းလေပါပဲ။

၁၆၊ ၁၊ ၂၀၁၂။



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူချစ်တဲ့သူတွေ ပြည်သူနဲ့အတူ အမြဲရှိပါစေ

၁၃-၁-၂၀၁၂ နေ့ဟာ အင်မတန် ဝမ်းမြောက် ပျော်ရွှင်စရာကောင်းတဲ့နေ့ ဖြစ်တယ်။ နိုင်ငံတစ်ဝှမ်းလုံးက ပြည်သူအားလုံးလည်း အုန်းအုန်းကျွက်ကျွက်ဖြစ်အောင် ပျော်ကြတယ်။ ဒီလို ပျော်စရာကောင်းတာမျိုး ကမ္ဘာပေါ်က ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှ ခံစားဖူးလိမ့်မယ် မဟုတ်ဘူးလို့ တွေးကြည့်မိတယ်။

### တစ်နိုင်ငံလုံး ပျော်

အင်းစိန်ထောင်ရှေ့မှာ လူတွေ ထောင်နဲ့ချီ စုဝေးရောက်ရှိနေပြီး ထောင်ထဲက ထွက်လာသူတွေကို လက်ခုပ်သံတွေ ညံနေတဲ့ကြားက ပြေးဖက်သူက ပြေးဖက်၊ ပန်းစည်းပေးသူကပေး၊ ပြုံးမျက်ရည်တွေနဲ့ ငေးသူကငေး ဖြစ်နေတဲ့ မြင်ကွင်းမျိုးလည်း ဘယ်နိုင်ငံမှာမှ ကြုံဖူးကြမယ် မဟုတ်ဘူး။ မြန်မာလူမျိုးတွေအဖို့တော့ တစ်ကြိမ်တစ်ခါသာ မဟုတ်ဘူး။ ဒီလို ပျော်စရာ နေ့မျိုးတွေ ခဏခဏကို ကြုံတွေ့ခဲ့ကြဖူးတယ်။ ရှည်လျားတဲ့ နှစ် ၅၀ ကာလကို ထည့်မပြောပါဘူး။ ဒီ ၃ နှစ်လောက်အတွင်းမှာကို အကြိမ်တွေ မနည်းလှဘူး။ မှတ်မှတ်ရရဆို ဦးဝင်းတင် လွတ်တုန်းကတစ်ခါ ဒီလို ပျော်ခဲ့ကြရတယ်။ မနှစ်က ဒေါ်အောင်ဆန်းစုကြည် လွတ်တုန်းကလည်း တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်အောင် အပျော်ကြီး ပျော်ခဲ့ကြတယ်။

### ရင်ထဲကအလုံးကြီး ကျ

အခု ဇန်နဝါရီ ၁၃ ကျတော့ မနက် အိပ်ရာကထလိုက်တာနဲ့ ကျက်သရေ မင်္ဂလာရှိလှတဲ့သတင်းကို အရင်ဆုံး ကြားလိုက်ရတယ်။



ခွန်ထွန်းဦးနဲ့ မင်းကိုနိုင် အပါအဝင် အနှစ်နှစ် အလလ မျှော်လင့်စောင့်စားနေရသူတွေ အားလုံး ပြန်လွတ်လာပြီတဲ့။ နားနဲ့ကြားရတာကို အားမရလို့ ကွန်ပျူတာကို ကြည့်လိုက်တော့ အားလုံး လွတ်တဲ့အကြောင်း ဝက်ဘ်ဆိုက်သုံးလေးခုမှာ ရေးထားတာတွေ့တော့မှ စိတ်ချသွားတယ်။ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကြေညာချက် ထွက်ပြီးကတည်းက ဒီတစ်ခါ ပါမှာလား၊ သေချာပြီလားနဲ့ ရင်တမမ ဖြစ်နေခဲ့တာ အခုမှ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်။ ညကဆို တစ်ညလုံး မပျော်တစ်ချက် ပျော်တစ်ချက် ဖြစ်နေခဲ့ရတယ်။

### ဘယ်က လူကြီးလဲ

မနက် ၁၀ နာရီလောက် သတင်းထောက်တွေရဲ့ အမေးကို ဖြေနေတဲ့ မင်းကိုနိုင်ရဲ့အသံကို ကြားလိုက်ရတော့ စိတ်ချသွားပြီး လွတ်လွတ်လပ်လပ် ပျော်သွားတယ်။ သာယာဝတီထောင်ကလွတ်တဲ့ မနီလာသိန်းက သမီးလေးကို ပြန်တွေ့ရတော့ အရမ်းပျော်တယ်။ ဒါပေမဲ့ သမီးလေးကတော့ သူ့ကို စိမ်းနေသေးတယ်လို့ ပြောတာ ကြားလိုက်ရတော့ ရင်ထဲမှာ မကောင်းဘူး။ ဆို့သွားတယ်။ ကိုယ်လည်း သူ့လို နှစ်ခါ ကြုံဖူးခဲ့တာကိုး။ ပထမအကြိမ်မှာ သားကို ၃ လအရွယ်နဲ့ ထားခဲ့ရတယ်။ ဒုတိယအကြိမ်ကျတော့ သမီးက ဆယ်လသမီး။ နှစ်တွေ အကြာကြီးနေမှ ပြန်တွေ့ကြရတော့ အစမှာ ခပ်စိမ်းစိမ်းပါပဲ။ 'အမေ၊ ဘယ်က လူကြီးလဲ'လို့ အမေးမခံရတာကိုပဲ ကျေးဇူးတင်နေရသေးတယ်။

### ရုပ်သံနဲ့ မျက်စိ မခွာ

၁၃ ရက်နေ့ တစ်နေ့လုံး ရုပ်သံစက်ရှေ့မှာပဲ ထိုင်နေတယ်။ လာသမျှ လူတွေကိုလည်း ဒီဗီဘီနဲ့ပဲ ဧည့်ခံလိုက်တယ်။ တဂွမ်ဂွမ်နဲ့ ဆက်သမျှ ဖုန်းတွေကိုလည်း ရုပ်သံကြည့်ရင်း ဖြေလိုက်တယ်။ အသက်ကြီးလာတော့ လူက ပိုပြီးပူတတ်တယ်။ ဘာပြောပြော အိမ်ရောက်ပြီဆိုမှ စိတ်ချနိုင်မှာမို့ ရုပ်သံနဲ့ မျက်စိ မခွာဘဲ စောင့်ကြည့်နေမိတယ်။ ရုပ်သံဖန်သားပြင်ပေါ်က ပျော်ရွှင်မြူးထူးနေကြတဲ့ လူတွေကို ကြည့်ရင်းနဲ့ စာအစမှာရေးခဲ့တဲ့ 'ဒီလို ပျော်စရာကောင်းတာမျိုး ကမ္ဘာပေါ်က ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှ ခံစားဖူးလိမ့်မယ် မဟုတ်ဘူး'ဆိုတဲ့အတွေး ဝင်လာခဲ့တာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

### နာဂီအကျဉ်းစခန်းတွေထဲက

အဲဒီလို တွေးမိတာနဲ့ တစ်ဆက်တည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်း နာဇီအကျဉ်းစခန်းတွေထဲက အသက်မသေဘဲ ကျန်ရစ်နေသူတွေ ထွက်လာတာကို မိဘ ဆွေမျိုးသားချင်းတွေနဲ့ ဇနီးသားမယားတွေက ရင်တထိတ်ထိတ်နဲ့ စောင့်ကြိုနေကြတဲ့ မြင်ကွင်းတွေ မျက်စိထဲ ပြန်မြင်လာတယ်။ ကိုယ်ရှာနေသူကို တွေ့လိုက်ရတဲ့အခါ သူတို့မျက်နှာတွေပေါ်မှာ ဝမ်းသာခြင်းနဲ့ ဝမ်းနည်းခြင်း ခံစားမှုနှစ်မျိုး တစ်ပြိုင်တည်း ဖြစ်ပေါ်လာတာကို အရအမိ ရိုက်ယူထားနိုင်တဲ့ ဓာတ်ပုံဆရာရဲ့လက်ရာ ဓာတ်ပုံစာအုပ်ကို သေတ္တာတွေထဲမှာ ပြန်ရှာဦးမှပဲလို့ ခေါင်းထဲမှာ မှတ်ထားလိုက်တယ်။

### ခွပ်ဒေါင်းအောင်လံ တလူလူ

ရုပ်မြင်သံကြားရှေ့မှာ တစ်နေ့လုံး ထိုင်နေချင်တယ်လို့ ဆိုရပေမဲ့ အာရုံကတော့ အပြည့်မရောက်ပါဘူး။ ညှော်သည်တွေ ဝင်လိုက်ထွက်လိုက်၊ ဖုန်းသံ တဂွမ်ဂွမ်မြည်လိုက် ဖြစ်နေတော့ အာရုံတွေလည်း ဟိုရောက်ဒီရောက်ပါပဲ။ အသေအချာ မျက်စိထဲမှာ စွဲသွားတဲ့မြင်ကွင်းကတော့ သရက်ထောင်က ထွက်လာတဲ့ မင်းကိုနိုင်ကို သရက်မြို့သူမြို့သားများက ခွပ်ဒေါင်းအလံ တလူလူလွှင့်ပြီး ကြိုဆိုတဲ့မြင်ကွင်း ဖြစ်တယ်။ သရက်လို မြို့ငယ်လေးမှာတောင် လူစုလူဝေးက ရာနဲ့ချီပြီး ရှိတယ်။ သရက်မြို့သူမြို့သားများရဲ့ သတ္တိ ကို လေးစားမိသလို မင်းကိုနိုင်ကို ချစ်ကြတာကိုလည်း ကျေနပ်အားရဖြစ်မိတယ်။ အောင်လံဘက်ကိုကူးတော့ ပရိသတ်က ကမ်းလုံးညွှတ်မတတ်ရှိပြီး ခွပ်ဒေါင်းအလံတွေလည်း လေမှာ တဖျတ်ဖျတ် လွင့်ပျံနေတော့တယ်။

### သဲသဲလှုပ်အောင် ချစ်ကြ

မင်းကိုနိုင်ခမျာ အိမ်ပြန်ခရီးကို အသော့နှင် မသွားနိုင်ဘူး။ ပြည်သူတွေက ဟိုကထွက်တား၊ ဒီကထွက်တားနဲ့ တစ်တားတည်း တားနေကြလို့ ရောက်လေရာမှာ နှုတ်ဆက်စကားတွေ ပြောရတယ်။ ပန်းကုံးစွပ်တာ ခံရတယ်၊ အောင်သပြေတွေကမ်းတာ ယူရတယ်။ ပြည်သူတွေက ချစ်ကြတာကိုး။ အသက်ထင်ရှား ရှိနေဆဲမှာ တစ်တိုင်းပြည်လုံးက 'သဲသဲလှုပ်' အောင် ချစ်ကြတဲ့ နိုင်ငံရေးသမားဆိုလို့ တစ်သက်မှာ နှစ်ယောက်ပဲ တွေ့ဖူးတယ်။ တစ်ယောက်က ဒေါ်အောင်ဆန်းစုကြည်။ နောက်တစ်ဦးက



မင်းကိုနိုင်။ သန်း ၆၀ နီးပါးရှိတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ နှလုံးသည်းပွတ်ကို လှုပ်ခါသွားအောင် လုပ်နိုင်တာလည်း သူတို့နှစ်ဦးပဲ ရှိတယ်။ သူတို့နှစ်ဦးစလုံးက ပြည်သူတွေနဲ့ အတူရပ်ပြီး ပြည်သူတွေအတွက် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသူတွေ ဖြစ်ရုံမက စွန့်လွှတ် အနစ်နာခံတဲ့နေရာမှာလည်း အနိုင်းမဲ့ ဖြစ်တာကြောင့် လူတိုင်းက ချစ်ကြတာ ဖြစ်တယ်။

### ငါတကော ကောတတ်

ဒေါ်အောင်ဆန်းစုကြည်က အခု သမ္မတဦးသိန်းစိန် အစိုးရနဲ့ လက်တွဲပြီး လွှတ်တော်နိုင်ငံရေးလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်တယ်။ ဒီမိုကရေစီ လမ်းခရီးမှာ ရွေးကောက်ပွဲတို့၊ လွှတ်တော်တို့ဆိုတာ မရှိမဖြစ် အင်္ဂါရပ်တွေ ဖြစ်တယ်။ ဒါပေမဲ့ ပြီးပြည့်စုံပြီလို့တော့ မဆိုနိုင်ပါဘူး။ ရွေးကောက်ပွဲတို့၊ လွှတ်တော်တို့နဲ့ တက်လာပြီးမှ အာဏာရှင်ဆန်ဆန် အုပ်ချုပ်သွားတဲ့ အစိုးရမျိုးတွေလည်း အများကြီး ရှိခဲ့ဖူးပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လက်ရှိ ကမ္ဘာ့နိုင်ငံတိုင်းမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီက 'ကိုယ်စားပြု ဒီမိုကရေစီ' စနစ် ဖြစ်တယ်။ ကိုယ်စားလှယ်တွေကို ပြည်သူလူထုကရွေးကောက်ပြီး လွှတ်တော်ထဲပို့လိုက်ပေမဲ့ ကိုယ်စားလှယ်တွေဟာ လွှတ်တော်ထဲ ရောက်ပြီးတဲ့အခါ ပြည်သူ့ဆန္ဒကို ဦးထိပ်ပန်ဆင်ခြင်း မပြုတော့ဘဲ ငါတကော ကောတာမျိုးတွေ ဖြစ်လေ့ရှိတယ်။

### ပြည်သူ့ဒီမိုကရေစီ

အကောင်းဆုံးကတော့ တိုင်းရေးပြည်ရာကိစ္စ မှန်သမျှမှာ ပြည်သူပြည်သားတွေ အားလုံး ပါဝင်ဆွေးနွေး ဆုံးဖြတ်တဲ့ 'တိုက်ရိုက် ဒီမိုကရေစီ' ဒါမှမဟုတ် 'ပြည်သူ့ဒီမိုကရေစီ' ဖြစ်တယ်။ ဒါပေမဲ့ ဒါက လက်တွေ့လုပ်ဖို့ မဖြစ်နိုင်သေးဘူး။ ဒီအချိန်မှာ ပြည်သူရဲ့ အရေးကိစ္စမှန်သမျှကို ပြည်သူတွေ အလိုကျ လုပ်ကိုင်ဆောင်ရွက်နိုင်မယ့် အဖွဲ့အစည်းမျိုး မရှိမဖြစ် လိုအပ်ပါတယ်။ ထောင်ကလွတ်လာတဲ့ မင်းကိုနိုင်တို့ လူငယ်တွေအားလုံးက သူတို့ဟာ ပါတီမထောင်ဘူး၊ ရွေးကောက်ပွဲ မဝင်ဘူး၊ ပြည်သူတွေရဲ့ အရေးကိစ္စ မှန်သမျှကို ပြည်သူတွေရဲ့ ရှေ့ကရပ်ပြီး ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောတာကို ကြားရတော့ အများကြီး စိတ်ချမ်းသာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

**အဖွဲ့အစည်းတွေ အများကြီး**

သူတို့ လူငယ်တွေကို ပြည်သူတွေက ချစ်ကြတယ်။ ယုံကြည် အားကိုး ကြတယ်။ လွှတ်တော်နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်မယ့် ဒေါ်အောင်ဆန်းစုကြည်ကို အရင်ကအတိုင်း ဝန်းရံပေးရင်း ပြည်သူတွေရဲ့အသံကို ကိုယ်စားပြုပေးမယ့် အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းကြီးအဖြစ် မြင်တွေ့လိုကြတယ်။ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံရေးပါတီတွေအပြင် တခြား အသင်းအပင်း၊ အဖွဲ့အစည်းတွေလည်း မရေမတွက်နိုင်လောက်အောင် ရှိမြဲဖြစ်တယ်။ လိုအပ်လာရင် သူတို့ လူငယ်တွေဟာ ၈၈ မျိုးဆက် လူငယ်များဆိုတဲ့ နာမည်နဲ့ပဲဖြစ်ဖြစ်၊ အရပ်ဘက် လူထုအဖွဲ့အစည်းတစ်ရပ်အဖြစ် ရှိနေရင် သိပ်ကောင်းပါလိမ့်မယ်။

**အားကိုးအားထားပြုနိုင်တဲ့**

နိုင်ငံရေးပါတီဆိုတာက လိုက်နာစောင့်ထိန်းရမယ့် စည်းကမ်းကျင့်ဝတ်တွေ ရှိတယ်။ ဒစ်ပလိုမေစီ ကျင့်သုံးရတာတွေ ရှိတယ်။ မှန်တိုင်းပြောမဖြစ်ဘဲ ထိန်းချုပ်ရတာတွေ ရှိတယ်။ အဲဒါကြောင့် ပြည်သူတွေအနေနဲ့ အချိန်အခါမရွေး သူတို့ရှေ့က မားမားမတ်မတ်ရပ်ပြီး ပြောဆိုလုပ်ကိုင်ပေးမယ့် အဖွဲ့အစည်းမျိုး လိုအပ်တယ်။ ဒီမိုကရေစီခေတ်ရောက်ရင် အလုပ်သမားတွေအတွက် အလုပ်သမားသမဂ္ဂတွေ ရှိလိမ့်မယ်။ လယ်သမားတွေအတွက် လယ်သမားသမဂ္ဂတွေ ရှိလိမ့်မယ်။ ကျောင်းသားတွေအတွက် ကျောင်းသားသမဂ္ဂတွေ ရှိလိမ့်မယ်။ နိုင်ငံသားအားလုံးရဲ့ အရေးကိစ္စအမျိုးမျိုးကို ဆောင်ရွက်ဖို့ လူထုအခြေပြု အရပ်ဘက် အဖွဲ့အစည်းတွေလည်း အများကြီးရှိလာဖို့ လိုအပ်လိမ့်မယ်။ ၈၈ မျိုးဆက် လူငယ်တွေက နှစ်ကတည်းက ပြည်သူချစ်တဲ့အဖွဲ့ဖြစ်တော့ ရှေ့လာမယ့် ကာလတွေမှာလည်း ပြည်သူလူထု အားကိုးအားထားပြုနိုင်မယ့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်လိမ့်မယ်လို့ မျှော်လင့်မိကြောင်း သိစေလိုက်ရပါတယ်။

၂၅၊ ၁၊ ၂၀၁၂



# ပြည်တော်သာစီမံကိန်းကြီးလို ဂရုစိုက်စရာမဖြစ်သွားစေဖို့

နိုင်ငံခြားဧည့်သည်တွေ တစ်ယောက်ဝင် တစ်ယောက်ထွက်၊ ဝင်လာမစဲ တဖွဲဖွဲဖြစ်နေတာကို ကြည့်ပြီး မြန်မာနိုင်ငံသားအားလုံး ဝမ်းသာအားရဖြစ်ကြတယ်။ အထူးသဖြင့် နှစ်ပေါင်း ၅၀ ကျော် ခပ်စိမ်းစိမ်းနေခဲ့ကြတဲ့ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ် စတဲ့ အနောက်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေကိုယ်တိုင် ရောက်လာကြတာကို ပိုပြီး သဘောတွေ့ကြတယ်။

**ကိုယ်ထူကိုယ်ထ ပင်ပန်းလှပြီ**

ရောက်လာသမျှ ဧည့်သည်တိုင်းကလည်း အားတက်စရာစကားတွေ ပြောသွားကြတယ်။ စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းဖို့ နီးစပ်လာပြီ။ ကူညီထောက်ပံ့မှုနဲ့ ချေးငွေတွေလည်း ပြန်ပေးမယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း လာကြမယ် စတဲ့စကားတွေကို မစားရ ဝခမန်း ပြောကြတယ်။ နှစ်ပေါင်း ၅၀ လုံးလုံး ရေလိုရင်လည်း ကိုယ်ထူကိုယ်ထ၊ မီးလိုရင်လည်း ကိုယ်ထူကိုယ်ထ၊ လမ်းခင်းလည်း ကိုယ်ထူကိုယ်ထ၊ ကျောင်းဆောက်လည်း ကိုယ်ထူကိုယ်ထ၊ ဆေးရုံတက်လည်း ကိုယ်ထူကိုယ်ထ၊ အရာရာ ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထချည်း လုပ်နေကြရလို့ ပင်ပန်းလှပြီဖြစ်တဲ့ တိုင်းသူပြည်သားများအဖို့တော့ ကူညီထောက်ပံ့မှုတွေ လာတော့မယ်ဆိုတဲ့ စကားဟာ မင်္ဂလာအရှိဆုံးစကား ဖြစ်နေပါတော့တယ်။

**အားခဲနေကြတယ်**

ဒါ့အပြင် မြန်မာလူမျိုးတိုင်းရဲ့ရင်ထဲမှာ ကျိတ်ပြီး မခံချိ မခံသာဖြစ်နေရတာတွေကလည်း နည်းနည်းနောနောမှ မဟုတ်တာ။ ဟိုအရင်က ကိုယ့်ကို မော့ကြည့်နေခဲ့ရတဲ့ နိုင်ငံတွေက အခု ကိုယ့်ကို အောက်သလို

www.burmeseclassic.com

မတန်သလို ဆက်ဆံနေကြတာတွေ မနည်း အောင့်အီးသည်းခံနေခဲ့ကြရတာ ကြာနေပြီ။ အထူးသဖြင့် ကိုယ့်ဆီက သယံဇာတတွေကိုယူပြီး သူတို့ သူဌေး ဖြစ်နေကြတာတွေကို မခံချင်ဘူး။ ဒါပေမဲ့ ကိုယ်လည်း ဘာမှ မတတ်နိုင်လို့ 'နေသေးသပ ချုံထဲက၊ ချိုးသွေးသမျှ တမြမြ'ပဲ လုပ်နေခဲ့ကြရတယ်။ အခုလို ကူညီထောက်ပံ့မှုတွေ အလုံးအရင်းနဲ့ ဝင်လာမယ် ဆိုတော့ လုပ်လိုက်မယ်ဟဲ့ ဆိုပြီး အားခဲနေကြတယ်။ ဝမ်းသာအားရ စောင့်ကြိုနေကြတယ်။

**ပြင်ဆင်စရာရှိတာ ပြင်ဆင်ဖို့**

ကိုယ်တိုင်လည်း ဝမ်းသာကျေနပ် ဖြစ်ပါတယ်။ ကူညီထောက်ပံ့မှုတွေ ဝင်ရောက်လာတဲ့အခါ ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင် ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ထားဖို့လည်း စဉ်းစားမိပါတယ်။ စီးပွားရေးသမား မဟုတ်ဘဲ သတင်းစာသမားဖြစ်တော့ တစ်ချိန်ချိန်မှာ ရရှိလာမယ့် နေ့စဉ် သတင်းစာ ထုတ်ဝေခွင့်အတွက်ပဲ ဦးဆုံး စဉ်းစားမိတယ်။ စာပေစိစစ်ရေး ဆက်ပြီး ရှိနေဦးမှာလား၊ ဘယ်အချိန်မှာ လုံးဝ ရုပ်သိမ်းမှာလဲဆိုတာ ကိုယ့်ကိစ္စမဟုတ်တော့ ဒီအကြောင်း စဉ်းစားမနေချင်ဘူး။ ကိုယ့်ကိစ္စပဲကိုယ် စဉ်းစားတော့မယ်။ နေ့စဉ်သတင်းစာ ထုတ်ဝေခွင့်ရတဲ့အခါ ကိုယ့်ဆီမှာ လုံလောက်တဲ့အင်အား အမှန်တကယ် ရှိနေပြီလားဆိုတာ သုံးသပ်ဖို့ လိုတယ်။ သတင်းရှာတတ်၊ လိုက်တတ်၊ နှိုက်တတ်တဲ့ သတင်းထောက်တွေ အလုံအလောက် ရှိရဲ့လားဆိုတာ ဆန်းစစ်ရမယ်။ အင်တာဗျူးလုပ်ရာမှာ မေးခွန်းမေးတတ်ရဲ့လား ဆိုတာလည်း ကြည့်ရမယ်။ အယ်ဒီတာတွေကလည်း သတင်းထောက်တွေကို ဦးဆောင်လမ်းညွှန်မှုပြုနိုင်တဲ့ အရည်အချင်း ရှိဖို့ လိုတယ်။ စာနယ်ဇင်း ကျင့်ဝတ်တွေကိုလည်း နောကျေအောင် သိထားမှ ဖြစ်မယ်။ ဒီအချက်တွေကို စဉ်းစားပြီး ပြင်ဆင်ထားကြဖို့ ဂျာနယ်သမား လူငယ်တွေကို တိုက်တွန်းပါတယ်။

**စီးပွားရေးသမားစစ်စစ် ပေါ်ထွက်ဖို့**

စီးပွားရေးမျက်နှာစာမှာလည်း ပြင်ဆင်စရာတွေ အများကြီးရှိပါတယ်။ အရေးအကြီးဆုံး အချက်ကတော့ စီးပွားရေးသမား စစ်စစ်တွေ ပေါ်ထွက်လာဖို့ ဖြစ်တယ်။ ၁၉၈၈ နောက်ပိုင်းကစပြီး ဈေးကွက်စီးပွားရေး စတင်



ခဲ့တယ် ဆိုပေမဲ့ အုပ်ချုပ်ရေးစနစ်က တစ်သွေးတစ်သံ တစ်မိန့် အာဏာရှင် စနစ် ဖြစ်နေတာကြောင့် ပီပြင်တဲ့ ဈေးကွက်စီးပွားရေး ဖြစ်မလာခဲ့ဘူး။ လုပ်ပိုင်ခွင့်အာဏာ လက်ကိုင်ရှိသူက မီးစိမ်းမပြရင် ဘာမှ လုပ်လို့မရဘူး။ လုပ်ပိုင်ခွင့်ရှိသူဆီက ပါမစ်ရဖို့ သိပ်အရေးကြီးတယ်။ ရိုးရိုးသားသား စီးပွားရေးလုပ်တဲ့သူတွေက လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ ဘယ်နီးစပ်မှာလဲ။ ဒီတော့ အများစုက မိရိုးဖလာလုပ်တဲ့လုပ်ငန်းကို စွန့်ပြီး ဘေးထွက်ထိုင်နေလိုက်ကြတယ်။

**လက်သင့်ရာ စားတော်ခေါ်**

တချို့ကတော့ ထွက်မသွားဘဲ ကုတ်ကတ်ပြီးနေရင်းနဲ့ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ နီးစပ်ခင်မင်ရာတွေကို လိုက်ရှာကြတယ်။ ရှာတော့လည်း တွေ့တာပေါ့။ ဒီလိုနဲ့ပဲ ကြားပွဲစား၊ ပါမစ်ပွဲစားဆိုတာတွေ တစ်ယောက်ပြီး တစ်ယောက် ပေါ်ထွက်လာတယ်။ ကြာလာတော့ ဈေးကွက်စီးပွားရေး ဆိုတာလည်း မြန်မာ့ဆိုရှယ်လစ်ခေတ်ကလို 'လက်သင့်ရာ စားတော်ခေါ်' တဲ့ စီးပွားရေး ဖြစ်သွားပြီး စီးပွားရေးသမား စစ်စစ်တွေက လုံးဝ ဘေးကို ရောက်သွားကြတော့တယ်။ မြန်မာနိုင်ငံရဲ့ အစဉ်အလာ လူများစုဖြစ်တဲ့ လူလတ်တန်းစားဆိုတာလည်း တဖြည်းဖြည်း ပျောက်သွားပြီး သိပ်ချမ်းသာသူနဲ့ သိပ်ဆင်းရဲသူဆိုတဲ့ လူတန်းစားနှစ်ရပ်ပဲ ကျန်တော့သလို ဖြစ်သွားတယ်။

**အာဖရိက သင်ခန်းစာ**

ကမ္ဘာပေါ်က အာဏာရှင်နိုင်ငံ မှန်သမျှမှာ ချမ်းသာသူနဲ့ ဆင်းရဲသူများရဲ့ကြားက ကွာခြားချက်က သိပ်ကိုကြီးမားကြတယ်။ ဒီကွာခြားချက် သိပ်ကြီးမားမှုဟာ အင်မတန် ကြောက်စရာကောင်းတယ်။ ဒါကို အထူး သတိထားဖို့ လိုတယ်။ နောက်တစ်ခု သတိထားဖို့ လိုတာကတော့ အာဖရိက တိုက်ကြီးလို မဖြစ်စေဖို့ပဲ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတော့ အာဖရိက တိုက်ကြီးကို ဆင်းရဲမွဲတေခြင်းက လွတ်ကင်းအောင် လုပ်ဆောင်ဖို့ဆိုပြီး ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ အနောက်နိုင်ငံတွေက နှစ်စဉ်နှစ်တိုင်း ကူညီထောက်ပံ့မှုတွေ၊ ချေးငွေတွေ ဒေါ်လာဘီလျံပေါင်း များစွာ သုံးစွဲခဲ့ကြတယ်။ ဒါပေမဲ့ နှစ်ပေါင်း ၆၀ ကျော်လာတဲ့အထိ အာဖရိကတိုက်ကြီးဟာ ဆင်းရဲမွဲတေသူ



www.burmeseclassic.com

www.burmeseclassic.com

အများဆုံး၊ ရောဂါအထူပြောဆုံး၊ စစ်ပွဲတွေ အများဆုံးအဖြစ် ရှိနေသေးတယ်။

**အကျင့်ပျက်ခြစားမှု တိုက်ဖျက်**

ဒီလိုဖြစ်ရတဲ့အကြောင်း များစွာထဲမှာ အာဏာရ အသိုင်းအဝိုင်းနဲ့ အုပ်ချုပ်ရေးယန္တရားအတွင်း အကျင့်ပျက် ခြစားမှုတွေ ထိန်းမနိုင် သိမ်းမရ ကြီးထွားနေမှုကလည်း အဓိကနေရာက ပါနေတယ်လို့ ကုလသမဂ္ဂနဲ့ အကူအညီပေးရေး အဖွဲ့အစည်းများရဲ့ ထောက်ပြမှုတွေအရ သိရတယ်။ မြန်မာနိုင်ငံဟာလည်း နိုင်ငံခြား ကူညီထောက်ပံ့မှုတွေနဲ့ ချေးငွေတွေ မကြာမီ ရောက်ရှိလာဖွယ် ရှိလေတော့ အာဖရိကလို မဖြစ်ရအောင် အကျင့်ပျက်ခြစားမှုတွေကို ကြိုတင်ရှင်းလင်း ဖယ်ရှားထားဖို့ လိုပါတယ်။ ဒီလိုလုပ်မထားနိုင်ရင် ဖဆပလခေတ်က လူတစ်ကိုယ်၊ တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ လစဉ် ဝင်ငွေ ၅၀၀ ကျပ်ဆိုတဲ့ 'ပြည်တော်သာ စီမံကိန်းကြီး' ရေစုန်မျောသလို ဖြစ်သွားနိုင်တယ်။

**လွတ်လပ်စွာရေးခွင့် ရှိဖို့**

အကျင့်ပျက် ခြစားမှု တိုက်ဖျက်ဖို့အတွက် စာနယ်ဇင်းတွေက လွတ်လွတ်လပ်လပ် ရေးသားတင်ပြခွင့်ရှိဖို့ အထူးရှိဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေး အဖွဲ့အစည်းကလည်း လုံးဝသန့်ရှင်းပြီး ကျင့်ဝတ်သိက္ခာကို အပြည့်အဝ စောင့်ထိန်းဖို့ လိုအပ်ပါကြောင်း ထောက်ပြရင်း အဆုံးသပ်လိုက်ပါတယ်။

၁၊ ၂၊ ၂၀၁၂။



## ဖွတ်မညီနဲ့ ဓမ္မတာကို လက်ခံနိုင်အောင် ကြိုးစား

ညီညွတ်ရင် အလုပ်တွင်တယ်၊ ကောင်းတယ်။ မညီညွတ်ရင် အလုပ်မတွင်ဘူး၊ ဖင့်နွှေးတယ်။ ဒါပေမဲ့ မညီညွတ်တာ မကောင်းဘူးလို့တော့ တထစ်ချ ပြောလို့မရဘူး။ ညီညွတ်တိုင်း ကောင်းတယ်လို့ ပြောမရနိုင်တာမျိုး ရှိသလို မညီညွတ်လို့ ကောင်းသွားတာမျိုးလည်း ရှိတယ်။

**ကျွန်အဖြစ်တော့ မနေဘူး**

အင်္ဂလိပ်လက်အောက်မှာ နေရတာ ကောင်းတယ်။ အဘက်ဘက်က တိုးတက်တယ်လို့ လူတိုင်း တညီတညွတ်တည်း သဘောထားနေကြရင် လွတ်လပ်ရေးဆိုတာ ရှိခဲ့မှာတောင် မဟုတ်ဘူး။ မျက်နှာဖြူတွေကို သခင်ခေါ်၊ ရှိခိုးဦးတင်လုပ်ပြီး သူတို့ စားကြွင်းစားကျန် အရိုးအရင်း ကိုက်ရတဲ့ ကျွန်အဖြစ်နဲ့တော့ မနေဘူး။ ကိုယ့်မင်းကိုယ့်ချင်း သခင်ဘဝနဲ့ ထမင်းကြမ်းပဲ ယပ်ခတ်စားနေမယ်ဆိုတဲ့ သဘောကွဲသူတွေကြောင့်သာ အခုလို လွတ်လပ်တဲ့ နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်တယ်။ အင်္ဂလိပ်လက်အောက် နေရတာ ကောင်းတယ်ဆိုသူတွေက လွတ်လပ်ရေးရပြီးမှ ဘယ်မှာ ကောင်းကောင်းနေရတာရှိလို့လဲလို့ အပြစ်ပြောကြတယ်။

**ဒုက္ခတွေ များကြ**

မှန်တယ်။ လွတ်လပ်ရေးရပြီးနောက် ဖြစ်လာတဲ့ ပြည်တွင်းစစ်ကြောင့် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ ဒုက္ခတွေ များကြရတယ်။ တောသူတောင်သားတွေ လယ်တွေယာတွေ စွန့်ပစ်ပြေးကြရပြီး မြို့မှာ ကြုံရာကျပန်း အလုပ်ကြမ်းတွေ လုပ်ကြရတယ်။ အာရှတိုက်ရဲ့ အချမ်းသာဆုံး နိုင်ငံအဖြစ်ကနေ အဆင်းရဲဆုံးနိုင်ငံအဖြစ် လျှောကျသွားခဲ့ရတယ်။ ဒါပေမဲ့ ဒါတွေဟာ လွတ်လပ်ရေးကြောင့် ဖြစ်ရတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အများ ပြောနေကြသလို မညီညွတ်လို့ဖြစ်ရတာ မဟုတ်ဘူး။ ညီညွတ်ရေး ဆိုတဲ့ စကားကို အဓိပ္ပာယ်ကောက်လွဲလို့ ဒီမိုကရေစီရဲ့ အနှစ်သာရကို မျက်ကွယ်ပြုကြလို့ ဖြစ်တယ်။

## လူ ၁၀ ယောက်၊ အကြိုက် ၂၀

ညီညွတ်ရေးအကြောင်း ပြောကြတဲ့အခါမှာ 'ရေကိုသားလို့ အကြား မထင်'ဆိုတဲ့စကားနဲ့ တင်စားပြောဆိုလေ့ ရှိတယ်။ ဒါက စကားအဖြစ် သာ ပြောတာ။ လက်တွေ့ လူ့လောကမှာ ဖြစ်နိုင်တာမျိုး မဟုတ်ဘူး။ လူတစ်ကိုယ် အကြိုက်တစ်မျိုး ရှိခြင်းဟာ ဓမ္မတာတရား ဖြစ်တယ်။ လူ ၁၀ ယောက်ရှိရင် စိတ် ၁၀ မျိုးနဲ့ အကြိုက် ၂၀ တောင် ရှိနိုင်သေးတယ်။ တစ်မိတည်းဖွားတဲ့ ညီအစ်ကို မောင်နှမများတောင် စိတ်သဘောထား ချင်း တစ်ထပ်တည်း ကျတယ်လို့ မရှိနိုင်ဘူး။ တစ်ယောက် အကြိုက် တစ်မျိုး ရှိကြမှာပဲ။ ဒါပေမဲ့ အိမ်ဆိုတဲ့ အမိုးတစ်ခုတည်းအောက်မှာ အတူ နေနိုင်ကြတယ်။ အတူနေရင်း ကိုယ်နှစ်သက်ရာ၊ ဝါသနာပါရာ လုပ်ကြမြဲ ဖြစ်တယ်။

## စိတ်ကြိုက် ရွေးချယ်ခွင့်

တင်းနစ်ရိုက် ဝါသနာပါတဲ့ အစ်ကိုအကြီးဆုံးက တခြား ညီတွေ၊ နှမတွေကို တင်းနစ် မကစားလို့ဆိုပြီး ရန်လုပ်လို့ ဘယ်ဖြစ်မှာလဲ။ ဘောလုံး ကန်ချင်သူ ကန်ပါစေ၊ ဘတ်စ်ကက်ဘော ကစားချင်သူ ကစားပါစေ၊ ကရာတေး ကစားချင်သူ ကစားပါစေလို့ သဘောထားရမှာပဲ။ ဘာ အားကစားမှ ဝါသနာမပါဘူးဆိုပြီး ဘာမှ မလုပ်ချင်သူလည်း နေပါစေပေါ့။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ လူတိုင်း လုပ်ချင်တာကို လွတ်လွတ် လပ်လပ် လုပ်ခွင့်ရှိတာကို အသိအမှတ်ပြုရမှာပါ။ လူတိုင်းလူတိုင်း ကိုယ် လုပ်ချင်တာကို လွတ်လွတ်လပ်လပ်၊ စိတ်ကြိုက်ရွေးချယ် လုပ်ပိုင်ခွင့် ရှိခြင်းဟာ လွတ်လပ်ခြင်းရဲ့ သဘောသဘာဝ ဖြစ်တယ်။ ဒါမှမရှိရင် လွတ် လပ်ခြင်းဆိုတာ အဓိပ္ပာယ် မရှိတော့ဘူး။

## ဖွတ်အတင်း ဆွဲသွင်းလို့

ညီညွတ်ချင်းဆိုတာ တစ်ဦးချင်း လွတ်လပ်မှုတွေကို နားလည်



လက်ခံပြီး တည်ဆောက်ရတာ ဖြစ်တယ်။ မညီမညွတ်ဖြစ်ပြီး ကွဲကြ ပြဲကြတယ် ဆိုတာဟာ တစ်ဦးချင်းရဲ့ လွတ်လပ်မှုကို အသိအမှတ်မပြုလို့ ဖြစ်တယ်။ ဂျီစီဘီအေလည်း ကွဲတယ်။ တို့ဗမာ အစည်းအရုံးလည်း ကွဲတယ်။ ဖဆပလလည်း ကွဲ၊ ကွန်မြူနစ်လည်း ကွဲတယ်၊ ဆိုရှယ်လစ် လည်း ကွဲ၊ ပြည်သူ့ရဲဘော်လည်း ကွဲ၊ တည်မြဲ သန့်ရှင်းလည်း ကွဲဆိုတဲ့ အကွဲအပြဲ ဇာတ်လမ်းတွေဟာ တစ်ဦးချင်း လွတ်လပ်ခွင့်ကို အသိအမှတ် မပြုဘဲ တစ်သွေးတစ်သံ တစ်မိန့်အောက်ကို ဖွတ်အတင်း ဆွဲသွင်းလို့ ပေါ်ပေါက်လာရတာ ဖြစ်တယ်။ ဖဆပလ အဖွဲ့ကြီးဆိုတာဟာ ကွန်မြူနစ် တွေ၊ ဆိုရှယ်လစ်တွေ၊ တပ်မတော်သားတွေ၊ ပြည်သူ့ရဲဘော်တွေအပြင် ဘယ်ပါတီမှမပါတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေလည်း ပူးပေါင်းပါဝင်ဖွဲ့စည်းထားတဲ့ တပ်ပေါင်းစုကြီး ဖြစ်တယ်။

## ဂျပန်က ပါတီကြီး

တပ်ပေါင်းစုရဲ့သဘောက ရည်ရွယ်ချက် တူတာတွေကို အတူ လက်တွဲလုပ်ဆောင်ပြီး မတူတာတွေကို ကိုယ့်ပါတီနဲ့ကိုယ် သီးခြား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း ဖြစ်တယ်။ ဒီအတိုင်း လက်တွေ့ မကျင့်သုံးနိုင်ခဲ့လို့ ကွဲကြခဲ့ကြရတာ ဖြစ်တယ်။ ဂျပန်နိုင်ငံက 'အယ်လ်ဒီပီ' ဆိုတဲ့ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဟာ စစ်ပြီးကတည်းက အာဏာကို အကြာကြီး ဆုပ်ကိုင်ထားနိုင်တဲ့ သက်တမ်းအရှည်ဆုံး ပါတီကြီး ဖြစ်တယ်။ အဲဒီပါတီကြီးအတွင်းမှာ ဂိုဏ်းဂဏအုပ်စုပေါင်း တစ်ဒါဇင်လောက် အတိ အလင်း တည်ရှိနေခဲ့တယ်။ ပါတီတွင်းက အာဏာလုပွဲတွေ ခဏခဏ ဖြစ်ပြီး ပါတီဥက္ကဋ္ဌတွေ တစ်နှစ်တစ်ယောက်လောက် ပြောင်းလေ့ရှိတယ်။ ဒါပေမဲ့ ပါတီထဲက တစ်ယောက်စ၊ နှစ်ယောက်စ ထွက်သွားပြီး သီးခြား ပါတီထောင်တာမျိုး ရှိပေမဲ့ ပါတီအကြီးအကျယ် ကွဲသွားတယ် ဆိုတာ မျိုးတော့ မရှိခဲ့ဘူး။ ဂိုဏ်းအုပ်စုအားလုံးက အယ်လ်ဒီပီပါတီကို စွဲစွဲမြဲမြဲ ဖက်တွယ်ထားကြတယ်။

## မတူသူများရဲ့ ပေါင်းစည်းမှု

အယ်လ်ဒီပီ စိတ်ဓာတ်ဟာ ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီ ကျင့်စဉ် ဖြစ်တယ်။ အမြင်မတူသူများရဲ့ ပေါင်းစည်းညီညွတ်မှု ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်သွေးတစ်သံ တစ်မိန့်ကို နာခံဖို့ အတင်းအကြပ် မတောင်းဆိုဘူး။ လူတိုင်း ကိုယ့် သီးခြားအမြင်၊ မတူတဲ့ အယူအဆကို ဆုပ်ကိုင်ထားပြီး ပါတီတွင်းမှာ လွတ်လွတ်လပ်လပ် ပြောဆိုခွင့်ရှိတယ်။ စည်းရုံးတာလည်း လုပ်နိုင်တယ်။ ပါတီဝင်အများစုက ထောက်ခံရင် ပါတီခေါင်းဆောင် ဖြစ်လာနိုင်တယ်။ ပါတီခေါင်းဆောင်ဆိုတာ ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်လည်း ဖြစ်တယ်။ ပါတီဝင်အများစုက မကြိုက်တော့ဘူးဆိုရင်လည်း လပိုင်းနဲ့ ပြုတ်ကျသွားနိုင်တယ်။

**ကြောက်လို့ ငြိမ်နေရတာ**

နိုင်ငံရေးစကား ပြောကြတဲ့အခါတွေမှာ လူတိုင်း ညီညွတ်ရေး စကား ပြောမြဲဖြစ်တယ်။ ညီညွတ်တာ ကောင်းတယ်။ ဒါပေမဲ့ ဘယ်လို ညီညွတ်ရေးမျိုး ဖြစ်သင့်တယ်ဆိုတာကိုလည်း ရှင်းလင်းပြောကြားသင့်တယ်။ အာဏာရှင်စနစ်အောက်မှာ ကြောက်လို့ ငြိမ်နေရတဲ့ တစ်သွေးတစ်သံ တစ်မိန့် ညီညွတ်ရေးမျိုး မဖြစ်ဖို့တော့ လိုပါတယ်။ ဝါသနာချင်း၊ အကြိုက်ချင်း၊ စရိုက်ချင်း မတူကြတဲ့ ညီအစ်ကိုမောင်နှမတွေ တစ်အိမ်တည်းမှာ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ပါးပါး နေထိုင်ကြတဲ့ ညီညွတ်ရေးမျိုးသာ ဖြစ်သင့်တယ်။ တစ်အူထုံ့ဆင်း မောင်နှမရင်းချာတွေ ဖြစ်ပေမဲ့ စိတ်ချင်း တစ်ထပ်တည်းကျတယ် ဆိုတာမျိုး မရှိနိုင်တာကို အားလုံး နားလည် လက်ခံပြီး နေထိုင်ကြတဲ့ ညီညွတ်ရေးမျိုးသာ ဖြစ်သင့်တယ်။

**ပန်းတိုင်း ပွင့်စေရမယ်**

အတင်းအကြပ် ပေါင်းစည်းနိုင်းရင် ပိုပြီးဝေးကွာသွားမှာ သေချာတယ်။ မတူတာကို တူအောင်ဖွတ်ညှိရင် နှစ်ဦးနှစ်ဖက် ထိခိုက်မှာ သေချာတယ်။ မတူတဲ့အတိုင်း ပေါင်းစည်းနေထိုင်ခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်တယ်။ ‘ငါနဲ့မတူ ငါ့ရန်သူလို့’ သဘောထားခြင်းဟာ နိုင်ငံရေး အရ ရင့်ကျက်မှုမရှိတဲ့သဘော ဖြစ်တယ်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းမှာ အရောင်အသွေး အမျိုးအစားစုံ ပန်းတိုင်းပွင့်စေရမယ်။ အတွေးအခေါ် အယူအဆပေါင်းစုံ လွတ်လွတ်လပ်လပ် ထွန်းကားစေရမယ်။ အားလုံး လွတ်လွတ်လပ်လပ် ငြင်းခုံဆွေးနွေးဖို့ အားပေးရမယ်။ ငြင်းခုံခြင်းဟာ ရန်ဖြစ်တာ မဟုတ်ဘူး။ မတူတဲ့ အယူအဆတစ်ခုကို ထုတ်ဖော်တင်ပြတာ



ဖြစ်တယ်။ ရှေး ခေါ်မခေတ် လူသားတွေ အပြန်အလှန် ဆွေးနွေးငြင်းခုံ လုပ်ကြရာက ဒီမိုကရေစီ သဘောတရားတွေ ပေါ်ထွန်းလာရတာ မဟုတ်လား။

၈၊ ၂၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# စုံတွဲတွေကို အခန်းမဲပေါက်ပေးမယ့် ဈော်ဖြေပွဲ

တစ်နေ့က လူငယ်လေးယောက် ရောက်လာကြတယ်။ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ပုံကို ကြည့်ပြီး ကျောင်းသားလေးတွေ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းလိုက်တယ်။ ရုပ်ရည်လေးတွေလည်း သန့်ပြန့် မွန်ရည်ကြတယ်။ သူတို့ကိုယ်သူတို့ မိတ်ဆက်တော့ ရေကြောင်းတက္ကသိုလ်က ကျောင်းသားတွေမှန်း သိရတယ်။

**ကြက်သီးထစရာ**

'ဗလင်တိုင်းဒေး'လို့ ခေါ်ကြတဲ့ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ပြုလုပ်မယ့် ဖျော်ဖြေပွဲ ကြော်ငြာဆိုင်းဘုတ်ကြီးတွေနဲ့ ပတ်သက်ပြီး ပြောချင်ကြလို့ ရောက်လာကြတာပါ။ ပွဲက ကန်တော်ကြီး မျှော်စင်ကျွန်းမှာ ပြုလုပ်မှာဖြစ်ပြီ လူငယ်တွေကြား ရေပန်းစားနေတဲ့ လူငယ်အဆိုတော်တွေ ပါဝင်ပါတယ်။ မြို့တွင်း လူစည်ကားရာ နေရာတွေမှာ ကြော်ငြာဆိုင်းဘုတ်ကြီးတွေ ထောင်ထားပါတယ်။ လူငယ်တစ်ယောက်က အသင့်ပါလာတဲ့ အိတ်ဆောင် ကွန်ပျူတာကိုထုတ်ပြီး 'ကြည့်ပါဦး'ဆိုပြီး စားပွဲပေါ် တင်လိုက်တယ်။ ပထမ ပုံတစ်ပုံကို ကြည့်လိုက်တော့ ရေးထားတဲ့စာသားတွေက ကြက်သီးထစရာ ကောင်းလွန်းလို့ ကိုယ့်မျက်စိကိုယ် မယုံနိုင်လောက်အောင် ဖြစ်ရတယ်။

**အရေးယူလို့ ရတယ်**

*'ပထမဆုံး စုံတွဲ ၅၀၀ အား ဗေဒင်တစ်ခါ ပေးမေးခြင်း၊ နှင်းဆီပန်း ချောကလက်များပေးပြီး အလိုက်ဖက်ဆုံး စုံတွဲများအား ပန်းချီပုံဆွဲပေး၍ Dinner စားခွင့်နှင့် အခန်းများကို ကံစမ်းမဲ ဖောက်ပေးသွားပါမည်'*



အဲဒီကြော်ငြာစာသားတွေ ဖတ်ပြီး စာဖတ်သူများရော ကြက်သီး မထဘဲ နေနိုင်ပါ့မလား ခင်ဗျာ။ ဒီစာသားဟာ ဘယ်အထိ အဓိပ္ပာယ် သက်ရောက်သွားတယ်ဆိုတာ မစဉ်းစား မဆင်ခြင်နိုင်ဘဲ လက်မှတ်များများ ရောင်းရပြီး အမြတ်များများရဖို့သာ လောဘဇောတိုက်နေတာ မဟုတ် ဘူးလား။ ပြောရရင်တော့ (ကန်တော့ပါရဲ့) ဆောင်ကြာမြိုင် လုပ်ငန်းကို ပေါ်တင်ကြီးလုပ်မှုနဲ့ အရေးယူလို့တောင် ရနိုင်ပါတယ်။

**ပြောင်းလိုက်မှ ပိုဆိုး**

ဒီကြော်ငြာဆိုင်းဘုတ်ကြီး အင်တာနက်ပေါ်တက်လာတော့ ကန့်ကွက်သံတွေ ညံနေအောင် ထွက်ပေါ်လာတယ်။ ပြည်တွင်းကသာမက ပြည်ပရောက်နေသူတွေကလည်း ဝိုင်းရေးကြတယ်။ အဲဒီကန့်ကွက်သံတွေ ညံလာတော့ ဆိုင်းဘုတ်တချို့က စာသားတွေကို ပြင်ပြီးရေးလိုက်တယ်။ တချို့ မပြင်ဘဲ ကျန်နေတာတွေလည်း ရှိတယ်။ ပြင်ရေးလိုက်တာက ...

*'ပထမဆုံးစုံတွဲ ၅၀၀ အား ဗေဒင်တစ်ခါ ပေးမေးခြင်း၊ နှင်းဆီပန်း၊ ချောကလက်များပေး၍ Dinner စားခွင့်နှင့် ချောင်းသာခရီး စရိတ်ငြိမ်း (အခန်းခ၊ စားစရိတ်၊ ကားခ) ၅ ဦးကို ကံစမ်းမဲများ ဖောက်ပေးသွားပါမည်။ ကံစမ်းမဲ တစ်စောင်ပေါက်လျှင် နှစ်ဦး သွားခွင့်ရှိသည်'* လို့ ဖြစ်တယ်။

**ပိုက်ဆံတွေ အလကားရသလို**

ပြင်လိုက်မှ ပိုဆိုးသွားသေးတယ်။ တစ်ခါတည်း 'ဟန်းနီးမွန်း'ထွက်ခိုင်းလိုက်သလို ဖြစ်သွားတော့တယ်။ သားသမီးရှိတဲ့ မိဘတိုင်း ရင်လေးမိကြမှာ အမှန်ပဲ။ ပိုက်ဆံတွေ အလကားရသလို ရချင်တိုင်းရနေတဲ့ လူ့အသိုင်းအဝိုင်းကလေး တစ်ခုအတွင်းမှာ ဖြစ်ချင်သလို ဖြစ်နေကြတဲ့ သတင်းတွေကြားနေရတာ ကြာပြီ။ သူတို့ အသိုင်းအဝိုင်းအတွင်းမှာ ဖြစ်နေတာပဲဆိုပြီး သိပ်မစိုးရိမ်ခဲ့ဘူး။ အခုတော့ ပြောင်ကျကျ မြို့လယ်ခေါင်မှာ ဆိုင်းဘုတ်ကြီးတွေ ထောင်ပြီးတောင် ကြော်ငြာတာကတော့ အတင့်ရဲလွန်းရာကျတယ်။ ဒီဇရိုက်မျိုးတွေ တစ်စထက်တစ်စ ကျယ်ပြန့်သွားမှာ စိုးရိမ်မိတယ်။

**တန်ပေါင်ပေါ်က စုံတွဲ**

ကျယ်ပြန့်သွားမှာ စိုးရိမ်ကြောင်းပြောတော့ လူငယ်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com

အင်တာနက်မှာ တွေ့ရတဲ့ ပုံတစ်ပုံအကြောင်း ပြောတယ်။ အင်းလျားကန်ပေါင်ပေါ်မှာ စုံတွဲတစ်တွဲ မျက်နှာချင်းအပ်ပြီး နှုတ်ခမ်းချင်း ဂဟေဆက်နေပုံကို တင်ထားတယ်တဲ့။ ပုံအောက်မှာ ဝေဖန်ရှုတ်ချတဲ့စာတွေ ရေးကြတော့ ဒီလောက် အမြင်ကျဉ်းရသလား။ ဘယ်သူ့ကိုမှ ထိခိုက်အောင် လုပ်တာမဟုတ်ရင် ကိုယ်မကြိုက်လည်း သည်းခံရမှာပေါ့။ ဒါ သူတို့ရဲ့ လွတ်လပ်ခွင့်ပဲလို့ ပြန်ရေးသူက ရေးသတဲ့။ ကဲ . . . စာဖတ်သူများရော ဘယ်လိုသဘောထားပါသလဲ။ ကိုယ့်သားသမီးဆိုရင် ဒါမျိုးမလုပ်ဖို့ တားမြစ်မှာလား။ ခွင့်ပြုထားမှာလား။

## ကူးလူးယှက်နွယ်နေကြတယ်

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ကူးသန်းရောင်းဝယ်မှုတွေ လွတ်လွတ်လပ်လပ် လုပ်ကိုင်ကြသလို ယဉ်ကျေးမှုတွေလည်း နိုင်ငံတစ်ခုနဲ့တစ်ခု အပြန်အလှန် လွတ်လွတ်လပ်လပ် ကူးလူးယှက်နွယ်နေကြမှာဖြစ်တယ်။ ဒါကို ဘယ်လိုမှ ပိတ်ပင်တားဆီးလို့ မရဘူး။ ပြုလည်း မပြုအပ်ဘူး။ ဒါပေမဲ့ လွတ်လပ်မှုဆိုတိုင်း စည်းကမ်းမရှိဘူးလို့တော့ မယူဆနဲ့။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေး ကျင့်သုံးတယ်ဆိုတဲ့ နိုင်ငံတိုင်းမှာ 'ကိုယ်ကျိုးစီးပွား ကာကွယ်ရေး'မူဝါဒတွေ၊ ဥပဒေတွေ ရှိကြတယ်။ ဝင်ချင်တိုင်း ဝင်လာတာတွေကို ခွင့်မပြုဘူး။ သူတို့နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မထိခိုက်အောင် တားသင့်တာတား၊ ပိတ်သင့်တာပိတ် လုပ်ပေးကြရတယ်။

## သဘာဝ ချစ်သူများ

အိမ်ထောင်သားမွေး လူရေးလူမှု ကိစ္စတွေမှာ အင်မတန် လွတ်လပ်တဲ့ အနောက်နိုင်ငံကြီးတွေမှာ 'သဘာဝချစ်သူများအဖွဲ့'(Nature Society) ဆိုတာမျိုးတွေ ရှိကြတယ်။ အဲဒီအဖွဲ့တွေက သီးသန့် သတ်မှတ်ထားတဲ့ တောအုပ်ထဲက နေရာမျိုး၊ ဒါမှမဟုတ် ပန်းခြံမျိုးမှာ အဝတ်အစား မဝတ်ကြဘဲ သဘာဝအတိုင်း နေထိုင်၊ လေထိခံကြတယ်။ ကျန်းမာရေး လေ့ကျင့်ခန်းတွေ လုပ်ကြတယ်။ သူတို့ရဲ့ သီးသန့်နေရာတွေမှာ သူတို့ကြိုက်သလို နေကြထိုင်ကြတာကို ဘယ်သူကမှ ပိတ်ပင်တားဆီး မလုပ်ဘူး။ ဒါပေမဲ့ သီးသန့်နေရာက အပြင်ထွက်လာပြီး လမ်းတွေပေါ်မှာ အဝတ်မပါ၊ ဗလာ



ကိုယ်ချည်း လျှောက်သွားရင်တော့ Decency Act ဆိုတဲ့ ယဉ်ကျေးမှုအက်ဥပဒေ တစ်မျိုးမျိုးနဲ့ တရားစွဲခံရပါတယ်။

## မတင့်တယ်တဲ့ ကိစ္စ

ဒီ ယဉ်ကျေးမှုအက်ဥပဒေဆိုတာက နိုင်ငံတစ်ခုနဲ့တစ်ခု ကွဲပြားခြားနားမှု ရှိကြတယ်။ Decent ဖြစ်တယ်၊ ယဉ်ကျေးတယ်ဆိုတဲ့ စကားကို အဓိပ္ပာယ်ဖွင့်တဲ့အခါမှာ နိုင်ငံတစ်ခုနဲ့တစ်ခု၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး နောက်ခံ ယဉ်ကျေးမှုဓလေ့စရိုက် ကွာခြားရင် ကွာခြားသလောက် မတူကွဲပြားသွားကြတယ်။ အနောက်တိုင်း ယဉ်ကျေးမှုအရ လူမြင်ကွင်းမှာ ယောက်ျားနဲ့ မိန်းမ ဖက်ယမ်းနမ်းရှုံ့လုပ်တာကို မတင့်တယ်တဲ့ကိစ္စလို့ သဘောမထားကြဘူး။ မြန်မာအပါအဝင် အရှေ့တိုင်း ဓလေ့စရိုက်အရတော့ ဒီလိုလုပ်တာဟာ အများအမြင်မှာ မတင့်တယ်တဲ့ မဖွယ်မရာကိစ္စလို့ သဘောထားကြတယ်။

## တင်းတင်းကြပ်ကြပ် ကာကွယ်ထား

အိမ်နီးချင်းနိုင်ငံ အတော်များများမှာ အနောက်ယဉ်ကျေးမှုတွေကို လက်ခံကျင့်သုံးသူတွေ တစ်နေ့တခြား များသထက် များလာပေမဲ့ မြန်မာတွေကတော့ အတော်လေး တင်းတင်းကြပ်ကြပ် ကာကွယ်စောင့်ရှောက်ထားကြတယ်။ ဒီလို ကာကွယ်စောင့်ရှောက်ထားတဲ့ကြားက ဒီလောက် ပြောင်ပြောင်တင်းတင်းနဲ့ လက်ရဲဇက်ရဲလာကြတာ တွေ့ရတော့ အတော်ကြီးကို အလန့်တကြား ဖြစ်သွားရတယ်။ လူငယ်တွေအတွက် စိုးရိမ်ရသလို တိုင်းပြည်ရဲ့ အနာဂတ်ကိုလည်း တွေးပြီး ရင်လေးမိတယ်။

## အားသစ်တွေ တိုးလာတယ်

ဒါပေမဲ့ ဒီစိုးရိမ်စိတ်က ချက်ချင်း ပျောက်သွားတယ်။ ဟေးလားဝါးလားနဲ့ ပေါက်လွှတ်ပဲစားနေကြတဲ့ လူငယ်မျိုးက များများစားစားရှိတာ မဟုတ်ပါဘူး။ အထက်မှာ ရေးခဲ့သလို ပိုက်ဆံကို အလကားရသလို ရချင်တိုင်း ရနေတဲ့ လက်တစ်ဆုပ်စာ ရေပေါ်ဆီ အသိုင်းအဝိုင်းထဲမှာ ရှိနေတာဖြစ်တယ်။ အခု ဒီကိစ္စလာပြောတဲ့ သန့်သန့်ပြန့်ပြန့် လူငယ်လေးတွေလို လူငယ်တွေက တစ်နိုင်ငံလုံးအနှံ့ သန်းပေါင်းများစွာ ရှိနေကြတယ်။ ဒီလူငယ်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေက အမြင်မတော်တာကို လက်ပိုက်ပြီး ငုတ်တုတ်ထိုင် ကြည့်နေကြမှာ မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို သူတို့ အကောင်းဆုံးကာကွယ်စောင့်ရှောက်ကြမှာ သေချာတယ်။ ရေကြောင်းတက္ကသိုလ်က လူငယ် လေးယောက်ကို ကြည့်ပြီး အားသစ်တွေ တိုးလာတယ်။ တိုင်းပြည်ကို သူတို့ လူငယ်တွေလက်ထဲ အမြန်ဆုံး ထည့်ပေးလိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာတော့တယ်။

၁၅၊ ၂၊ ၂၀၁၂။



# သုံးဗန်လှ တောင်သမန်ရထတ် ဘယ်သူတွေရပ်ဝစ်သလဲ

နိုင်ငံခြား ဧည့်သည်တစ်ယောက် သူ့ကိုယ်သူ မိတ်ဆက်ပြီး ရောက်လာပါတယ်။ သူက စာရေးဆရာတစ်ယောက်ပါ။ အင်္ဂလိပ်စာရေးဆရာကြီး ဂျော့အော်ဝဲလ်အကြောင်း စာအုပ်တစ်အုပ်ရေးဖို့ ရောက်လာတာလို့ သိရတယ်။

## မြန်မာလူမျိုးများရဲ့ အပြုံး

အတော်ကြာအောင်နေပြီး သိချင်တာတွေ မေး၊ ဓာတ်ပုံတွေရိုက်လုပ်ပါတယ်။ သူက ညနေကားနဲ့ မန္တလေးသွားမှာပါ။ ပြီးရင် ဂျော့အော်ဝဲလ်ရောက်ခဲ့တဲ့ ကသာဘက်ထိသွားမယ်လို့ ပြောသွားတယ်။ နှစ်ပတ်လောက်ကြာတော့ သူ ပြန်လာပြီး မနက်ဖြန် ပြန်တော့မယ်လို့ နှုတ်ဆက်တယ်။ ကသာထိ ရောက်အောင် သဘော်စီးသွားခဲ့ရတဲ့ ခရီးစဉ်ကို တော်တော်ကျေနပ်နေပုံရတယ်။ ပတ်ဝန်းကျင်က သိပ်လှတာပဲလို့ ထပ်ခါတလဲလဲပြောရင်း တွေ့သမျှ မြန်မာလူမျိုးတိုင်းက ပြုံးနေကြတာကိုလည်း သိပ်သဘောကျနေတယ်။ မယုံနိုင်လောက်အောင် အံ့ဩရတယ်လို့လည်း ပြောပြတယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ တော်တော်လေး မကျေမနပ်ဖြစ်နေတာတစ်ခုလည်း တွေ့ခဲ့ရတဲ့အကြောင်း ပြန်ခါနီးမှာ ဖွင့်ဟသွားတယ်။

## ဖုန်တလုံးလုံးနဲ့ လှည်းတစ်စီး

ဘာကို မကျေနပ်တာလဲလို့ မေးလိုက်တော့ သူ့ကျောပိုးအိတ်ကြီးထဲက ခရီးသွား လမ်းညွှန်စာအုပ်ကို ထုတ်ပြီး ဓာတ်ပုံတစ်ပုံကို ပြတယ်။ ဦးပိန်တံတားကြီးရဲ့အောက်က ဖုန်တလုံးလုံးကြားမှာ လှည်းတစ်စီး ဖြတ်မောင်းသွားတဲ့ပုံ ဖြစ်နေတယ်။ မဲနယ်လိုပြာနေတဲ့ အပြာရောင်ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com

ကြီး အောက်မှာ တလိပ်လိပ်တက်နေတဲ့ ဖုန်လုံးကြီးတွေနဲ့ အသော့နှင်နေတဲ့ နွားလှည်းလေးဟာ ဓာတ်ပုံထဲမှာတော့ လှချင်တိုင်း လှနေတယ်။ ဝါဂွမ်းလို ဖွေးနေတဲ့ အဖြူရောင်တိမ်လိပ်တွေနဲ့ မြေပြင်ကတက်သွားတဲ့ ဖုန်လုံးကြီးတွေ ထိစပ်နေပုံကိုကြည့်ပြီး 'မိုးထိအောင် လေ့ကားထောင်' ဆိုတဲ့ စကားစလေးကို သတိရလိုက်မိတယ်။

**လိမ်ညာပြီး ကြော်ငြာသလို**

ဓာတ်ပုံထဲကရှုခင်းကို ကြည့်ချင်လို့၊ ဓာတ်ပုံနဲ့ ဗီဒီယိုတွေ အများကြီး ရိုက်ယူသွားချင်လို့ သွားခဲ့တာ ရေတွေပြည့်နေတဲ့ တောင်သမန်ကန်ကြီးကိုပဲ တွေ့ခဲ့ရလို့ သွားရကျိုး မနပ်တဲ့အကြောင်း ဗျစ်တောက်ဗျစ်တောက်နဲ့ သူ ပြောလို့မပြီးနိုင် ဖြစ်နေပါတော့တယ်။ ဒါဟာ လိမ်ညာပြီး ကြော်ငြာသလို ဖြစ်မနေဘူးလားလို့လည်း မေးခွန်းထုတ်လိုက်သေးတယ်။ သူပြတဲ့'လမ်းညွှန်' စာအုပ်ထဲက ဓာတ်ပုံဟာ နှစ်အတော်ကြာကြာက ရိုက်ယူထားတဲ့ပုံ ဖြစ်တဲ့ အကြောင်း၊ အခုအခါ တောင်သမန်အင်းဟာ တစ်နှစ်ပတ်လုံး ရေတွေ ရှိနေတဲ့ ကန်ကြီးအဖြစ် ပြောင်းလဲပစ်လိုက်တာဖြစ်ကြောင်း သူ့ကို ရှင်းပြ လိုက်တယ်။

**ကယ်ကြပါဦးတဲ့**

သူနဲ့ တောင်သမန်အကြောင်းပြောပြီး နောက်တစ်နေ့မှာ ကလျာ မဂ္ဂဇင်းက ဆရာမ ဒေါ်ကလျာက စာလေးတစ်စောင် ရေးပို့လိုက်လို့ ဖတ် ကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် တောင်သမန်အကြောင်းပဲ ဖြစ်နေတာ တွေ့လိုက်ရတယ်။ ဆရာမက စာထဲမှာ မတ်လထုတ် ကလျာမဂ္ဂဇင်းထဲက 'ကယ်ကြပါဦး'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတဲ့ ဆောင်းပါးကိုဖတ်ကြည့်ပြီး တောင်သမန်ကို ဝိုင်းပြီးကယ်ကြပါဦးလို့ တပ်ကူတောင်းထားပါတယ်။ ဆရာမဆီကစာ ရောက်မလာခင်ကတည်းက ဆောင်းပါးကို ဖတ်ပြီးပါပြီ။ ဖတ်ပြီး တော်တော် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ တောင်သမန်ဆိုတာ ကိုယ် သံယောဇဉ်ရှိတဲ့နေရာမို့ မဟုတ်ပါဘူး။ နေရာတကာ စီးပွားရေးအဓိက လုပ်နေကြတဲ့ လူသားများရဲ့ မိုက်မဲစွာ လောဘဇောတိုက်မှုတွေကြောင့် တိုင်းပြည်ရဲ့ ရေမြေတောတောင် သဘာဝ မြစ်ချောင်းအင်းအိုင်တွေ ပျက်စီး ချင်တိုင်း ပျက်စီးတာတွေကို တွေးမိလို့ပါ။



**ဝါးဘလောက်သောက်မြစ် သေဆုံးခြင်း**

အမျိုးသားရေး အမွေအနှစ်ဖြစ်တဲ့ အင်းလေးကန်ကြီး တစ်နှစ်ထက် တစ်နှစ် ပိုပြီး'ကော'လာနေတဲ့အတွက် အင်းလေးကန် ကယ်တင်ရေးကို အပူတပြင်း လုပ်ဆောင်နေကြရတဲ့ သတင်းတွေလည်း ကြားနေရတယ်။ နိုင်ငံတကာကတောင် ဝိုင်းပြီးကူညီနေရတဲ့ အခြေအနေ ဖြစ်နေပြီ။ ဒုဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင် ဆိုတဲ့ သီချင်းစာသားလေးထဲက ဇော်ဂျီမြစ်၊ ပန်းလောင် မြစ်တို့ဆိုရင် ဒီခေတ် မန္တလေးက လူငယ်တွေ ဘယ်နေရာမှာရှိမှန်းတောင် မသိကြတော့ဘူး။ စမုန်မြစ်၊ စမာမြစ်တို့ဆိုတာ ကြားတောင် မကြားဖူးကြ တော့ဘူး။ အောက်ပြည်အောက်ရွာမှာလည်း အလားတူပါပဲ၊ မနှစ်လောက်က ဆဲဗင်းဒေးဂျာနယ်မှာ စာရေးဆရာ မောင်သာချို ရေးခဲ့တဲ့ 'ဝါးဘလောက် သောက်မြစ် သေဆုံးခြင်း'ဆိုတဲ့ သတင်းဆောင်းပါးလေးကို ရင်နာစွာနဲ့ ကောင်းကောင်း မှတ်မိနေတယ်။

**မဆိုင်သလို နေခဲ့ကြ**

မောင်သာချိုတို့ ငယ်စဉ်က မြို့ကိုလာတဲ့အခါ ဝါးဘလောက်သောက် မြစ်ကို လှေနဲ့ ဖြတ်ကူးရတယ်။ အခုတော့ လှည်းနဲ့ဖြတ်ကူးနေရပြီလို့ ရေး ထားတယ်။ နောက် သိပ်မကြာဘူး။ ဂျာနယ်တွေထဲမှာ ပန်းလှိုင်မြစ်လည်း ကောနေပြီ။ နွေအခါဆိုရင် လှည်းနဲ့ဖြတ်မောင်းလို့ ရနေပြီလို့ ဓာတ်ပုံနဲ့ တကွ ဖော်ပြထားတာ တွေ့ရပြန်တယ်။ မနေ့က ဂျာနယ်ထဲမှာ သောင်တွေ ကြောင့် စစ်ကိုင်းနဲ့ ရွှေကြက်ယက်ဘက်မှာ သင်္ဘောတွေ သတိထား ခုတ်မောင်းနေရတယ်လို့ ဖတ်လိုက်မိသေးတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်၊ အနှစ်နှစ်ဆယ်လောက် ကတည်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းတွေက သတိပေး နှိုးဆော်မှုတွေ အမျိုးမျိုး လုပ်နေကြပေမဲ့ လူတွေက ကိုယ့်ဆီမှာ သိသိသာသာ မထိခိုက်သေးတော့ ကိုယ်နဲ့မဆိုင်သလို ပေါ့ပေါ့ပဲ သဘောထားခဲ့ကြတယ်။

**အများကြီး နောက်ကျသွား**

သတိထားရကောင်းမှန်း သိတဲ့အချိန်ရောက်တော့ အများကြီး နောက်ကျသွားပြီ။ ဝါးဘလောက်သောက်တို့၊ ပန်းလှိုင်တို့လို ကောယ်နိုင် တော့ဘူး။ အင်းလေးကန်ကြီးလည်း ကယ်လို့ရပါဦးတော့မလား။ ဧရာဝတီ



www.burmeseclassic.com

www.burmeseclassic.com

တို့၊ ချင်းတွင်းတို့တောင် အန္တရာယ်ရှိနေပြီဆိုတော့ အင်းလေးအတွက် ရင်လေးနေမိတယ်။ စီးပွားရေးနယ်ပယ် ချဲ့ထွင်မှုတွေနဲ့ မြို့ပြ ဖြစ်ထွန်းမှုတွေကြောင့် မြို့နေလူတန်းစားတွေအတွက် လေရှူဖို့တောင် အခက်အခဲရှိလာတယ်။ မြို့မှာက ဓာတ်ဆီနံ့၊ ဒီဇယ်နံ့တွေ၊ အညှော်ပေါင်းစုံ အနံ့တွေနဲ့ လေကောင်းလေသန့် မရှူရဘူး။ ညစ်ညမ်းတဲ့ ပတ်ဝန်းကျင်မှာ မိုးလင်းက မိုးချုပ် တကုပ်ကုပ်နဲ့ ကုန်းရုန်းပြီး အလုပ်လုပ်ကြရလေတော့ တစ်ခါတစ်ခါ စိတ်ရောကိုယ်ပါ အနားယူ အပန်းဖြေဖို့ မလုပ်မဖြစ်လုပ်ဖို့ လိုအပ်တယ်။

## တောပန်းတောင်ပန်းတွေ ရှုရတာ

ရေးက မန္တလေးမှာဆိုရင် အပန်းဖြေစရာနေရာတွေ အများကြီး ရှိတယ်။ ရန်ကင်းတောင်၊ ရေတံခွန်တောင်၊ သခင်မတောင်တို့ဘက် သွားရင်လည်း တောင်တန်းတွေ၊ တောအုပ်တွေနဲ့ တောပန်းတောင်ပန်းတွေ လိုက်ရှုရတာကိုက ပျော်စရာ။ ဆည်တော်ကြီးတို့၊ ဆည်တော်လေးတို့ဘက် ပျော်ပွဲစားထွက်ရင်း ရေချိုးရတာလည်း နွေအခါဆို သိပ်အရသာရှိတယ်။ ရွှေစာရံဘက်ဆိုရင်တော့ ပြောမနေနဲ့။ တောကြီးမျက်မည်းထဲ သွားရသလို သရက်ပင်အုပ်တွေက နေပြောက်မထိုးဘူး။ သားကောင်တွေ တွေ့တတ်လို့ လူအုပ်တော်မှ သွားရဲတယ်။ နားရွှောင်းကျချောင်းရေကလည်း တောင်ပေါ်က စီးဆင်းလာတာဆိုတော့ အေးစိမ့်နေတာ။

## အေးလည်းအေး၊ သန့်လည်းသန့်

တောင်သမန်ကတော့ သွားရေးလာရေး အလွယ်ကူဆုံးမို့ လူသူအရောက်အပေါက် အများဆုံးဖြစ်တယ်။ ဥပုသ်နေ့တွေဆို မိသားစု ပျော်ပွဲစား ထွက်သူတွေနဲ့ နွေမိုးဆောင်း ပြတ်တယ်မရှိဘူး။ တောင်သမန်က နွေမှာလည်း နွေမို့ ပျော်စရာကောင်းတယ်။ ကိုင်းခင်း ယာခင်းတွေထဲဆင်းပြီး ပြောင်းဖူးချိုးကြ၊ ကြံချိုးကြ၊ သခွားသီးဆွတ်ကြနဲ့ နေရာတိုင်း လူတွေ တရုန်းရုန်းပဲ။ ခုခေတ်လို စားသောက်ဆိုင်တွေမရှိတော့ ကိုင်းထဲယာထဲကပဲ ရှာဖွေစားသောက်ကြရတယ်။ 'ပူတယ်လေ ဆယ်နွေကဲ'လို့ဆိုရတဲ့ အညာနွေ ဖြစ်ပေမဲ့ မယ်ဇယ်ပင်တွေကြား ဖြတ်တိုက်လာတဲ့ လေကတော့ အေးလည်း အေးတယ်။ သန့်လည်း သန့်တယ်။ အမောပြေသွားစေတယ်။



## ကောက်ညှင်းပေါင်းနဲ့ ဘယာကြော်

မိုးကျတော့ ရေအပြည့်နဲ့ အင်းပြင်ကြီးကို ဖြတ်တိုက်လာတဲ့လေဆိုတော့ ရင်ထဲအထိကို အေးမြသွားရတယ်။ အင်းထဲမှာ လှေစီးပြီး မြူးကြတယ်။ ငါးဖမ်းရောင်းသူတွေဆီက ငါးဝယ်ပြီး လတ်လတ်ဆတ်ဆတ် ကင်စားရတဲ့ အရသာကလည်း ဘာနဲ့မှ မလဲနိုင်အောင် ကောင်းတာ။ ဆောင်းရောက်တော့လည်း ကန်ရေပြင်ထက် မြူနှင်းပြယ်စ မြင်ကွင်းက ကြည့်မဝအောင်ကို လှတာဖြစ်တယ်။ နေထွက်ပြူစ တံတားပေါ် လမ်းလျှောက်ရင်း ရောင်းဖို့ထွက်လာတဲ့ ကောက်ညှင်းပေါင်းသည်ဆီက အငွေ့တထောင်းထောင်း ကောက်ညှင်းပေါင်းနဲ့ အကြော်သည်ဆီက ဘယာကြော်တို့ကလည်း မမေ့နိုင်စရာ ဖြစ်တယ်။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ပါဘူး။ မြစ်ဝကျွန်းပေါ်သား ဆရာဒေါက်တာသန်းထွန်းတို့၊ ဆရာမ ဒေါ်ကလျာတို့ဆိုရင် တောင်သမန်ကို ချစ်ကြလွန်းလို့ ညအိပ်ညနေ ရက်ပေါင်းများစွာနေပြီး စာတွေရေးကြတယ်။

## သုံးဖန်လှ မဟုတ်တော့

အခုတော့ တောင်သမန်လည်း နဂိုရည်ပျက်ယွင်းခဲ့ပြီ။ ကဗျာဆရာ မောင်မြတ်မှိုင်း ရေးခဲ့သလို 'သုံးဖန်လှ' မဟုတ်တော့ဘူး။ လူသားများရဲ့ အသိဉာဏ်ကင်းမဲ့မှုကြောင့် အရုပ်ဆိုး အကျည်းတန်သွားပြီ။ ဆရာမ ဒေါ်ကလျာ မချိတင်ကဲ ရေးထားတာကို ဖတ်ကြည့်စေချင်တယ်။

*'ယခုအချိန်မှာဖြင့် တောင်သမန်သည် သစ္စာမဲ့ခဲ့ပြီ။ တောင်သမန် ရေတိုးခြင်း၊ ရောဝတီဆီအထိ ရေဆင်းခြင်း စသော လည်ပတ်မှုများ လုံးဝ မရှိတော့ပါ။ ငါးမွေးမြူရေး လုပ်ရန်အတွက် ရေဝင်ရေထွက်ခြင်းများကို လုံးဝပိတ်ဆို့ ကာရန်ထားလိုက်ကြခြင်းကြောင့် ရေသေကန်ကြီး ဖြစ်သွားခဲ့ရပါပြီ။ ရေမစီးနိုင်တော့ခြင်းကြောင့် ရှိသမျှ အမှိုက်များအားလုံး ဤရေကန်ထဲမှာ ဝင်နေခြင်းကြောင့် ရေညစ်ညမ်းမှုကြီးက ဆိုးသွမ်းလွန်းလှပါဘိ'*

## ခြင်တွေ ဝိုင်းဝိုင်းလည်

*'ရေသေဖြစ်သွားသည့်အတွက် ဘယ်တုန်းကမှ ခြင်ထောင်ထောင်၍ မအိပ်ရသော တောင်သမန်အနီးမှ အဆောက်အအုံ အားလုံးတွင် ခြင်တွေ က သပ်ချလို့ရအောင် ဝိုင်းဝိုင်းလည်ပြီး လူတစ်ကိုယ်လုံးလည်း ရစ်ရာ*



www.burmeseclassic.com

www.burmeseclassic.com

*မရှိအောင် ခြင်ကိုက်ဖုမျှားနှင့် နပန်းလုံးခဲ့ရပါသည်’*

‘ဆရာမဒေါ်ကလျာ ရေးသလို ရေသေဖြစ်သွားတော့ ရေသိုးနဲ့ ညှိစို့ကြီးက အော်ဂလီဆန်စရာ ကောင်းလှပါတယ်။ ဆရာမ ဒေါ်ကလျာက နောက်ဆုံးမှာ တစ်နိုင်ငံလုံးက ပြည်သူတွေ ရောဝတီကို ဝိုင်းပြီးကယ်တင်ခဲ့ကြသလို တောင်သမန်ကိုလည်း ကယ်ကြပါဦးလို့ ရင်ကွဲနာသံနဲ့ သံကုန်ဟစ်ထားရှာပါတယ်။

**သေသူကို ရှင်သူ တရ**

*တောင်သမန်သားတို့ရင်ထဲက*
*သုံးဖန်လှရဟတ်*
*ဘယ်သူတွေ ရပ်ပစ်နိုင်မတုန်း။*

ကဗျာဆရာ မောင်မြတ်မှိုင်းတစ်ယောက် သူ မြတ်နိုးလှတဲ့ သုံးဖန်လှတောင်သမန်ကို အခုအချိန်မှာ မြင်တွေ့မသွားရတဲ့အတွက် ကံကောင်းသွားတယ်လို့တောင် ဆိုရမလိုပဲ။ ဒါမျိုးတွေကြောင့်ပဲ ‘သေသူကို ရှင်သူက တရ’ ဆိုတဲ့စကား ဖြစ်ပေါ်လာရတာ ထင်ပါရဲ့။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့ ကြောင်ဖြူကြောင်မည်း စီးပွားရေးသမားတွေက လောဘဇောတိုက်ပြီး တောင်သမန်ရဲ့ သုံးဖန်လှရဟတ်ကို ဇွတ်အတင်းကြီး ရပ်ပစ်လိုက်ကြပြီလေ။

၂၂၊ ၂၊ ၂၀၁၂။



# လက်တွေ့လုပ်ပြတာပဲ မြင်တွေ့ချင်ကြတယ်

အခုတလော စာရေးရတာ ပျော်တယ်လို့ ခံစားမိလာသလိုလို ရှိတယ်။ စာတွေကို စက်နဲ့လှည့်ထုတ်သလို နှစ်ပေါင်းများစွာ ရေးနေပေမဲ့ တာဝန်ဝတ္တရားတစ်ခု အနေနဲ့သာ ရေးလာခဲ့တာဖြစ်တယ်။ စာရေးရတာ ပျော်တယ်လို့ မခံစားရတာ ကြာပြီ။ နှစ်ပေါင်း ၅၀ တောင်ရှိပြီ။

**လူမပြောင်း စနစ်ပြောင်း**

ပြီးခဲ့တဲ့နှစ်ကစပြီး အစိုးရပုံသဏ္ဍာန် အပြောင်းအလဲလုပ်တယ်။ အရင်ကလည်း ဒီလူတွေ၊ အခုလည်း ဒီလူတွေ ဖြစ်နေပေမဲ့ ‘လူမပြောင်း စနစ်ပြောင်း’ ဆိုသလို တစ်သွေးတစ်သံ တစ်မိန့် အာဏာရှင်ပုံစံကနေပြီး ရွေးကောက်ပွဲတို့၊ လွှတ်တော်တို့ ပုံစံကို ပြောင်းလဲကျင့်သုံးလိုက်တယ်။ အစိုးရအဖွဲ့သစ်ရဲ့ သမ္မတကြီးက လွှတ်တော်မှာ ပထမဆုံး မိန့်ခွန်းပြောကြားတော့ အစိုးရအဖွဲ့နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးဟာ မဲဆန္ဒရှင် ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသူများ ဖြစ်တာကြောင့် ပြည်သူ့ဆန္ဒကို အမြဲတမ်း ဦးထိပ်ထား လေးစားလိုက်နာကြရမှာဖြစ်ကြောင်း၊ ဘယ်ကိစ္စမဆို ပြည်သူတွေ စိတ်ချမ်းသာအောင် လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ သဘောထား အယူအဆမတူ ကွဲပြားသူများနှင့်လည်း လက်တွဲဆောင်ရွက်နိုင်အောင် နည်းလမ်းများ ရှာကြံကြရမှာဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေးကိုလည်း မဖြစ်မနေ လုပ်ဆောင်ပြီး သတင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ စတုတ္ထမဏ္ဍိုင် ခိုင်မြဲစေရေးကိုလည်း အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

**ယုံရခက်ကြီးပါ**

ဒီမိန့်ခွန်းကို ကြားရသူတိုင်း တအံ့တသြဖြစ်ကြတယ်။ နှစ်ပေါင်း ၅၀ လုံးလုံး မကြားခဲ့ဖူးတဲ့ ပြည်သူ့ဆန္ဒကို ဦးထိပ်ထားရမယ်တဲ့၊ အယူအဆ မတူသူတွေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်သေးသူတွေနဲ့ တောင် မတူတာတွေ အသာထားပြီး တူတာတွေ လက်တွဲလုပ်ဆောင်သွားမယ် ဆိုတာတို့ကိုလည်း မယုံရခက်၊ ယုံရခက်နဲ့ 'ယုံရခက်ကြီးပါပါ' ဆိုတဲ့ သီချင်းလို ဖြစ်နေကြတယ်။ ယုံရခက်နေသူတွေကိုလည်း အပြစ်ပြောလို့ မဖြစ်ဘူးလေ။ သူတို့မှာလည်း အတွေ့အကြုံတွေက မနည်းတော့ဘူးကိုး။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးဆိုသလို ဖြစ်နေကြလေတော့ ပြောတိုင်း မယုံတတ်ကြတော့ဘူး။

**မရဲတရဲ သွေးတိုးစမ်း**

သမ္မတကြီး မိန့်ခွန်းပြောပြီး မကြာခင်မှာပဲ သိသာထင်ရှားတဲ့ အပြောင်းအလဲကို အရင်ဦးဆုံး လုပ်ပြလိုက်တာကတော့ စာပေစိစစ်ရေး ဖြစ်တယ်။ ချုပ်ကိုင်တင်းကျပ်မှုတွေ အတော်များများကို လျှော့ပေးလိုက်တယ်။ အရင်က လုံးဝရေးလို့ မရတာတွေ ရေးလို့ရလာတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးဝင်းတင်တို့ နာမည်တွေကို ရေးလို့ရလာရုံသာမက သူတို့ကိုယ်တိုင်ရေးတဲ့ စာတွေပါ ထည့်သွင်းဖော်ပြခွင့် ပြုလာတယ်။ နောက်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံတွေနဲ့ စာတွေ စာစောင်မှန်သမျှမှာ နေ့စဉ် မလွတ်တမ်း မြင်တွေ့လာရတယ်။ ဂျာနယ်သမားတွေကလည်း ဖြည်းဖြည်းချင်း မရဲတရဲနဲ့ သွေးတိုးစမ်းသလို ဟိုဟာလေး နည်းနည်းရေးလိုက်၊ ဒီဟာလေး နည်းနည်းတို့ကြည့်လိုက်နဲ့ စာပေစိစစ်ရေးကို အကဲစမ်းကြည့်နေကြတယ်။

**အရဲကိုးပြီး မေးကြည့် ပြောကြည့်**

ပြည်သူလူထုဘက်ကလည်း အမြဲတမ်း အလားတူပဲ။ စစချင်းတော့ ကြောက်ကြောက်နဲ့ ဆယ်အိမ်ခေါင်းလောက်ကို ပြန်ပြောကြည့်တယ်။ ပြောလို့ရတော့ အရဲကိုးပြီး ရပ်ကွက်လူကြီးကို ပြန်လှန်မေးခွန်းထုတ်ကြည့်၊ ဖြစ်ချင်တာ ပြောကြည့်တယ်။ ရမှန်းသိတော့ မြို့နယ်ဆင့် ရုံးတွေ၊ ဌာနဆိုင်ရာတွေအထိ ပြောစရာရှိတာပြော၊ မေးစရာရှိတာမေး လုပ်ဝံ့လာကြတယ်။ ပြည်သူတွေက အဲဒီလို မေးကြပြောကြတာတွေကို **သတင်းမီဒီယာ**တွေကလည်း အမှန်အတိုင်း ရေးသားဖော်ပြလာကြတယ်။ အခု **တစ်နှစ်**နီးပါး ရှိလာတော့ စာနယ်ဇင်းဆိုတာ ပြည်သူလူထု **အားကိုးအားထားပြု**စရာ နေရာတစ်ခုပါလားလို့ ပြည်သူတွေက လက်ခံယုံကြည်လာကြတယ်။ သူတို့ ရင်ဖွင့်စရာရှိတာတွေကို ဖွင့်ဟတိုင်တည်ကြတယ်။ သူတို့ကိုယ်စား ပြောပေး၊ ရေးပေးဖို့ တောင်းဆိုလာကြတယ်။

**ပြည်သူကို သစ္စာရှိရမယ်**

စာနယ်ဇင်းသမားဆိုတာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသူများ မဟုတ်ပေမဲ့ ပြည်သူတွေ ဝယ်ယူအားပေးကြတဲ့ ပိုက်ဆံကို စားနေကြရတာ ဖြစ်လေတော့ ပြည်သူတွေရဲ့ တောင်းဆိုချက်တွေ၊ လိုအင်ဆန္ဒတွေကို အမြဲတမ်း ဦးထိပ်ထားပြီး ဖြည့်ဆည်းပေးကြရတယ်။ ပြည်သူ့အပေါ်မှာ အမြဲတမ်း သစ္စာရှိရမယ်။ ပြည်သူ့မျက်နှာကို အမြဲတမ်း ထောက်ထားရတယ်။ ပြည်သူကလွဲပြီး ဘယ်သူ့မျက်နှာကိုမှ မကြည့်ရဘူး။ အစိုးရကို မျက်နှာချိုသွေးပြီး အခွင့်အရေးမယူရ၊ မတောင်းရသလို နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေကို မြှောက်ပင့်ပြီး 'သာပေါင်းညာစား' လည်း မလုပ်ရဘူး။ အခုအချိန်မှာ အားကိုးအားထားပြုလောက်တဲ့ စိတ်ချယုံကြည်နိုင်တဲ့ စာနယ်ဇင်းက အရေအတွက်အားဖြင့် နည်းနေသေးပေမဲ့ စာနယ်ဇင်းသမားရဲ့ ဂုဏ်သိက္ခာနဲ့ စည်းကမ်းကျင့်ဝတ်တွေကို လေးလေးနက်နက် လိုက်နာစောင့်ထိန်းတဲ့ လူငယ် စာနယ်ဇင်းသမားလေးတွေရဲ့ အရေအတွက်ကတော့ တော်တော်လေး အားရစရာကောင်းတာ တွေ့ရတယ်။

**လစာတိုးပေးရေးကိစ္စ**

ပြည်သူတွေရဲ့ဆန္ဒကို ဦးထိပ်ထားရမယ့်ဝတ္တရား ရှိတာနဲ့အညီ အခုလည်း ပြည်သူတွေရေးစေချင်တဲ့ အကြောင်းတချို့ကို ရေးလိုက်ရပါတယ်။ ရေးလို့ဖြစ် မဖြစ်၊ ရေးဖို့သင့် မသင့် ချီတုံချတုံဖြစ်နေတာကြောင့် နည်းနည်းတောင် နောက်ကျသွားတယ်။ အခုတော့ နယ်ပယ်ပေါင်းစုံက ပြည်သူတွေရဲ့ ရင်ဖွင့်သံတွေက နားမဆံ့အောင် ကြားနေရတာကြောင့် ဘယ်ကိစ္စမဆို ပြည်သူတွေ စိတ်ချမ်းသာအောင် ဆောင်ရွက်ရမယ်ဆိုတဲ့





www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီးရဲ့စကားကို လက်ကိုင်ပြုပြီး ရေးသင့်ရေးအပ်တာကို ရေးလိုက်တာ ဖြစ်တယ်။ ပထမဆုံး ပြည်သူတွေ ပြောစေ၊ ရေးစေချင်တဲ့တာက နိုင်ငံ့ဝန်ထမ်းအားလုံး လစာတိုးပေးရေးကိစ္စ ဖြစ်တယ်။ ဒီကိစ္စကို ပြည်သူတွေကစပြီး တောင်းဆိုခဲ့တာ မဟုတ်ဘူး။ တောင်းတိုင်း ရတာမဟုတ်လို့ မတောင်းဘဲ ငြိမ်နေခဲ့ကြတာ ကြာပါပြီ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်မှာ အဆိုတင်သွင်းခဲ့တာ ဖြစ်တယ်။

## လိုက်လျောညီထွေမှုမရှိ

သူရဦးရွှေမန်းက အဆိုတင်သွင်းရာမှာ '*ယနေ့ နိုင်ငံ့ဝန်ထမ်းရဲ့ လက်ရှိ ရရှိနေသော လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများမှာ လိုက်လျောညီထွေမှု မရှိပါ။ အဲဒါကြောင့် ယနေ့ ဝန်ထမ်းများ၏လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများအား ထိုက်သင့်သလို အလျင်အမြန် တိုးပေးရန်လိုသည်ဆိုတဲ့အချက်ကို ထောက်ပြခြင်း ဖြစ်ပါတယ်။ အူမတောင့်မှ သီလစောင့်နိုင်မှာဖြစ်ပြီး အူမတောင့်ပြီး သီလမစောင့်ရင်တော့ သူ့တာဝန်ပဲဖြစ်ပြီး သူတို့တရားကို သူတို့စီရင်မှာ ဖြစ်ပါတယ်*'လို့ ပြောသွားခဲ့တယ်။ အဲဒီအဆိုကို အစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက ပြန်လည်ဖြေကြားရာမှာ ဘဏ္ဍာရေးရှုထောင့်အမျိုးမျိုးက ရှုမြင်တွက်ချက်ပြီး အဆိုတင်သွင်းသလို ၂၀၁၂–၁၃ ဘဏ္ဍာရေးနှစ်မှာ မဖြစ်နိုင်ဘဲ ၂၀၁၃–၁၄ ဘဏ္ဍာရေးနှစ်မှာမှ ဖြစ်နိုင်ကြောင်း အကျယ်တဝင့် ပြောကြားသွားတယ်။

## အနိမ့်ဆုံးလစာ တစ်သိန်းပေးသင့်

သူရဦးရွှေမန်းကတော့ ငွေကုန်ကြေးကျများပြီး အကျိုးမရှိတဲ့ စီမံကိန်းများကို ရပ်ပစ်လိုက်ပြီး နိုင်ငံတော်ဘဏ္ဍာထဲ လာသင့်ပေမဲ့ ဝင်မလာတဲ့ ယိုပေါက်၊ ထွက်ပေါက်တွေကို ပိတ်ပစ်လိုက်ရင် တိုးပေးနိုင်ပါတယ်လို့ ထပ်မံဆွေးနွေးတင်ပြပါတယ်။ ဒါ့အပြင် ဖေဖော်ဝါရီလ ၂၁ ရက် နေ့စွဲနဲ့ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌဆီကို ပေးပို့တဲ့ သဝဏ်လွှာမှာလည်း သူရဦးရွှေမန်းက ပြည်သူ့ဝန်ထမ်းများအတွက် လုပ်ခလစာများအား အနိမ့်ဆုံး ကျပ်တစ်သိန်း ဖြစ်သင့်ကြောင်း ဖော်ပြထားပါတယ်။ ဒီအဆိုကို ကြားလိုက်ရတော့ ပြည်သူလူထုတစ်ရပ်လုံး ဝမ်းသာအားရ



ဖြစ်သွားကြတယ်။ ရုံးမှာ အရာရှိကြီးဖြစ်နေ၊ တက္ကသိုလ်မှာ ဆရာကြီး ဖြစ်နေပေမဲ့ ပြင်ပက ပန်းရန်ဆရာတစ်ယောက်၊ အလုပ်သမားတစ်ယောက်၊ တက္ကစီမောင်းသူ တစ်ယောက်လောက်မှ မရတဲ့ လစာရိက္ခာလေးနဲ့ ထီးဖြူဖိနပ်ပါး ဖြစ်နေကြရသူတွေအဖို့တော့ လစာတိုးမယ်ဆိုတဲ့ စကားလောက် ဘယ်စကားမှ နားဝင်မချိုပါဘူး။

## ကူကြပါ၊ ကယ်ကြပါ

ဒါပေမဲ့ ဝန်ကြီးဦးလှထွန်းက လစာတိုးပေးလိုက်ရင် တိုးလာမယ့် ကုန်ကျစရိတ်တွေကို သေသေချာချာတွက်ပြပြီး ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မဖြစ်နိုင်ကြောင်း ပြောလိုက်တော့ အမြင့်ဆုံးရောက်သွားတဲ့ စိတ်ခါတ်တွေ အောက်ဆုံးထိအောင် 'ဖုတ်ခနဲ'ပြုတ်ကျသွားတော့တယ်။ လက်လှမ်းမီရာ သတင်းမီဒီယာတွေဆီ လှမ်းပြီး ကူကြပါဦး၊ ကယ်ကြပါဦး၊ ရေးပေးကြပါဦးနဲ့ ပူဆာကြတယ်။ ဒီတော့လည်း တာဝန်ကျေဖို့ မကြိုးစားဘဲ နေလို့ မဖြစ်တော့ဘဲ ရေးရ၊ ပြောရတော့တယ်။ ဘဏ္ဍာရေးဝန်ကြီး တွက်ချက်ပြတဲ့ ကုန်ကျစရိတ်တွေ သိပ်ပြီးမြင့်တက်လာမယ်ဆိုတာ မှန်ပါတယ်။ ငွေကြေးဖောင်းပွမှုလည်း မလွှဲမရှောင်သာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမဲ့ ဝန်ကြီးက ကုန်ကျမယ့်ဘက် တစ်ခုကိုပဲ ပြောသွားပြီး ရလာဖို့ရှိတဲ့ဘက်တွေကိုတော့ ပြောမသွားခဲ့ပါဘူး။

## ဝင်နေတာတွေ ရှိပါတယ်

ကျွန်တော်တို့မှာ နှစ်စဉ်ဒေါ်လာသန်းနဲ့ချီ ဝင်နေတဲ့ မုတ္တမကမ်းလွန်က ဓာတ်ငွေ့ဝင်ငွေတွေ ရှိနေပြီး တခြားနေရာတွေကထွက်တဲ့ ဝင်ငွေတွေကလည်း ဝင်လာဦးမှာပါ။ နှစ်စဉ် နှစ်ကြိမ်၊ သုံးကြိမ် ကျင်းပနေတဲ့ ကျောက်စိမ်းနဲ့ တခြား ကျောက်မျက်ရတနာတွေ၊ ပုလဲတွေက ဝင်ငွေတွေ ရှိပါတယ်။ လောလောဆယ် ပြင်ပပေါက်ဈေး ကျပ်သိန်းထောင်နဲ့ချီ တန်ဖိုးရှိတဲ့ နိုင်ငံပိုင် ရုံးအဆောက်အဦတွေနဲ့ စက်ရုံကြီးငယ်တွေ ထုတ်ရောင်းနေတာလည်း ရာနဲ့ချီ ရှိနေပါပြီ။ အဲဒီငွေတွေကလည်း နည်းမှာ မဟုတ်ပါဘူး။ ဒါ့အပြင် လွှတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း ပြောခဲ့တဲ့ မလိုအပ်တဲ့ စီမံကိန်းကြီးတွေ ပယ်ဖျက်တာတွေ၊ လျှော့ချတာတွေ လုပ်ခဲ့ရင် ထွက်လာမယ့် ငွေကြေးအလုံးအရင်းတွေလည်း အများကြီးပါ။ အရင်



www.burmeseclassic.com

www.burmeseclassic.com

အစိုးရတွေ လက်ထက်မှာ လုပ်ခဲ့တဲ့ တချို့စီမံကိန်းများဆိုရင် နိုင်ငံတော်ဘဏ္ဍာအဖြစ် ရလိုက်တာက နည်းနည်း၊ ပြင်ပ စီးပွားရေးသမားနဲ့ ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူ လက်ဖဝါးချင်းရိုက်ပြီး သူတို့အိတ်တွေထဲ ရောက်သွားတာက များများ ဖြစ်နေတာတွေ ရှိပါတယ်။ ဒါတွေကို ဥပဒေအတိုင်း တိတိကျကျ စစ်ဆေးလိုက်ရင် နိုင်ငံတော်ဘဏ္ဍာ အများကြီး တိုးသွားစရာ ရှိပါတယ်။

**အခွန်ရှောင်တာ တိမ်းတာ**

တစ်ဖက်ကလည်း အခွန်ရှောင်တာ၊ လုံးဝ မဆောင်တာတွေကို သေသေချာချာ စိစစ်ဖော်ထုတ် လုပ်သင့်ပါတယ်။ မနှစ်က Weekly Eleven ဂျာနယ်မှာ နှစ်စဉ် အခွန်အများဆုံး ပေးဆောင်နေတဲ့ လုပ်ငန်းရှင် ၁၀ ဦးဆိုတဲ့ စာရင်းတစ်ခု ဖော်ပြခဲ့တယ်။ ကြည့်လိုက်တော့ နိုင်ငံတော်သူဌေးကြီးအဖြစ် စာရင်းဝင်ခဲ့တဲ့ လုပ်ငန်းရှင်ကြီးတွေထဲက တစ်ဦးမှပါတာ မတွေ့ရပါဘူး။ တစ်ခုခုတော့ မှားနေပြီဆိုတာ ဒီမှာတင် ထင်ရှားနေပါပြီ။ ဒါပေမဲ့ ဘယ်သူကမှ ပြုပြင်ဖို့ စိတ်ကူးမရှိခဲ့ကြပါဘူး။ ဒီလို အခွန်ရှောင်တာ၊ လိမ်တာ၊ လုံးဝမသွင်းဘဲနေတာတွေကို အသေအချာ ကြပ်မတ်လိုက်ရင် ဝန်ထမ်းအနိမ့်ဆုံးလစာကို တစ်သိန်းမဟုတ်ဘူး။ သုံးသိန်းလောက်တောင် ပေးနိုင်လိမ့်မယ်လို့ တွေးလိုက်မိပါတယ်။

**ဖုန်းအမျိုးမျိုးကိစ္စ**

ဖျက်သိမ်းပစ်သင့်တဲ့ စီမံကိန်းတွေထဲမှာ ဈေးအမျိုးမျိုးပြောင်းပြီး ရောင်းနေတဲ့ ဖုန်းစီမံကိန်းတွေလည်း ထိပ်ဆုံးက ပါသင့်တယ်။ ၁၅ သိန်းတန်၊ ၁၀ သိန်းတန်၊ ၅ သိန်းတန်၊ အခု နှစ်သိန်းတန်ဆိုပြီး ရောင်းနေတဲ့ ဖုန်းတွေကိစ္စ အရင်က သာမန်ပြည်သူတွေ ဘာမှမသိကြဘူး။ တလောက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်က ပိုက်ဆံ ၅၀၀၀ ရှိရုံနဲ့ လူတိုင်း ဖုန်းကိုင်နိုင်မယ့် စီမံကိန်းကို သမ္မတကြီးဆီ တင်ပြထားတယ်။ ခွင့်ပြုချက်ရတာနဲ့ ချက်ချင်း အကောင်အထည်ပေါ်လာမယ်လို့ ပြောလိုက်တော့မှ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတယ်။ ဆက်သွယ်ရေးက သတင်းစာရှင်းလင်းပွဲလုပ်ပြီး နည်းပညာအရရော ဥပဒေအရပါ လုံးဝမဖြစ်နိုင်ဘူးလို့ ငြင်းလိုက်တယ်။



**ပုတ်သင်ဥပေါ်သလို**

ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ်သလို ဖြစ်ကုန်တယ်။ ၅၀၀၀ နဲ့ ရောင်းမယ်ဆိုတဲ့ ကုမ္ပဏီဘက်ကလည်း နည်းပညာတွေ ဘယ်လောက်မြင့်မြင့် ဖြစ်အောင်လုပ်နိုင်တယ်လို့ ထပ်ပြီး စာနယ်ဇင်းရှင်းလင်းပွဲ လုပ်ပြီး ပြောတယ်။ အဲဒီလို အပြန်အလှန် ရှင်းကြတော့မှ အရင်က ဖုန်းဈေးတွေ ၁၅ သိန်း၊ သိန်း ၂၀ အထိ ဘာကြောင့်ဖြစ်ခဲ့တာလဲဆိုတာ လူတွေက သိကုန်ကြတယ်။ ပွစိပွစိနဲ့ ပြောကုန်ကြတယ်။ ပြည်သူတွေ စိတ်ချမ်းသာအောင် ဆောင်ရွက်ကြရမယ်လို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် မကြာခဏ ပြောကြားနေတာတောင် ဒီလိုအဖြစ်မျိုးတွေ ဆက်ပြီး ရှိနေဆဲပါလားလို့ ညည်းတွားမိကြတယ်။

**လက်တွေ့လုပ်ပြဖို့ လို**

ပြုပြင်ပြောင်းလဲရေးဆိုတာ ပါးစပ်နဲ့တင် ပြောနေလို့မရဘူး။ စာရွက်ထဲမှာ ရေးထားရုံနဲ့လည်း မရဘူး။ Action speaks louder than words. ဆိုတဲ့စကားလို လက်တွေ့ပြဖို့ လိုတယ်။ မြန်မာ့ဆိုရှယ်လစ် အစိုးရခေတ်တုန်းကလည်း အပြောတွေကတော့ ချိုနေတာပဲ။ ရှေးက ကျောမွဲတွေ၊ ဘေတွေလို့ ခေါ်နေကြတဲ့ လယ်သမား ဆင်းရဲသားတွေကို 'ဦးကြီး၊ ဦးကြီး' နဲ့ ရွှန်းရွှန်းကို ဝေနေတာပဲ။ အလုပ်သမားတွေကိုလည်း 'လုပ်သားပြည်သူ' တွေလို့ ခေါ်ခဲ့တယ်။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာထဲမှာလည်း နိုင်ငံတော် စီမံကိန်းကြီးတွေ အကြီးအကျယ် အောင်မြင်နေကြတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ပေါင်မုန့်တစ်လုံး ဝယ်ရဖို့တောင် ပြည်သူ့မုန့်တိုက်ရှေ့ မနက်အစောကြီး သွားတန်းစီရတယ်။ မစီနိုင်ရင် ဗီဗီအိုင်ပီ (VVIP)တွေရထားတဲ့ ပါမစ်ကို ဝယ်စားရတယ်။ ပေါင်မုန့်ပါမစ်ကိုတောင် အလွတ်မပေးဘဲ ယူသူတွေလည်း အများကြီးရှိတယ်။

**တရုတ်စာဖတ်သလို**

အဲဒီတော့ ဌာနဆိုင်ရာတွေက ပြောတဲ့စကားတွေကို ပြည်သူတွေက အယုံအကြည် မရှိတော့ဘူး။ လုပ်သားပြည်သူ့နေ့စဉ်လို အစိုးရသတင်းစာထဲ ပါတာတွေကိုလည်း မယုံကြည်တော့ ဘယ်သူမှ မဖတ်တော့ဘူး။ သတင်းစာဖတ်တဲ့အခါ တရုတ်စာအုပ်တွေ ဖတ်သလို နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးက စပြီးလုန့်တဲ့ အလေ့အကျင့်ဟာ လုပ်သားပြည်သူ့နေ့စဉ် ခေတ်က စလိုက်တာ ဖြစ်တယ်။ အခုအထိ လူတိုင်း ဒီအကျင့်ကြီး စွဲနေတုန်းပဲ။ သတင်းစာရောက်တာနဲ့ နောက်ဆုံးစာမျက်နှာကို အရင်လှန်ကြည့်လိုက်ကြတယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှုနဲ့ ပူးပေါင်းပါဝင်မှု မရနိုင်ရင် ဘယ်လုပ်ငန်းမှ မအောင်မြင်နိုင်ဘူး။ အထူးသဖြင့် အခုလို ဆန့်ကျင်ဘက် တစ်ခုကနေ တခြား ဆန့်ကျင်ဘက်တစ်ခုကို ခုန်ပြီး ကူးပြောင်းတဲ့ အကူးအပြောင်း ကာလမျိုးမှာ ပြည်သူလူထုရဲ့ ယုံကြည်မှုဟာ အခရာအကျဆုံး ဖြစ်တယ်။ အပြောတွေ၊ ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေကို မြန်မာ့ဆိုရှယ်လစ် ခေတ်မှာကတည်းက ငြီးငွေ့လှပါပြီ။ အခုတော့ လက်တွေ့လုပ်ပြတာပဲ မြင်တွေ့ချင်ကြပြီ ဆိုတဲ့အကြောင်း ပြည်သူများက ပြောစေချင်တဲ့အတိုင်း ပြောလိုက်ရပါတယ်ဗျာ။

၂၂၊ ၂၊ ၂၀၁၂။



# ပြည်သူ့အသံ ဂရုစိုက်နားထောင်ပါ

နိုင်ငံရေးစနစ် ပြောင်းလဲခြင်းနဲ့အတူ ပညာရေးစနစ်ပါ ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်တွင်း လွှတ်တော်ပ ပြောဆိုဆွေးနွေးမှုတွေ အခုတလော အဆက်မပြတ် ကြားနေရတယ်။ ဝမ်းသာအားတက်စရာပါပဲ။

## သန်ရာသန်ရာ အကြံပေးကြ

ပြည်သူလူထုထဲက စိတ်ဝင်စားသူတွေသာမက သားသမီးပညာရေးအတွက် စိတ်ဝင်စားတဲ့ မိဘများကလည်း ဂျာနယ်တွေကတစ်ဆင့် ဝင်ရောက်ဆွေးနွေး အကြံပေးကြတာတွေ ဖတ်ရတယ်။ တချို့ကတော့ တစ်ခုလုံးခြုံပြီး ဝေဖန်အကြံပြုတာမျိုးမဟုတ်ဘဲ ကိုယ်သန်ရာသန်ရာ အကြောင်းအရာတစ်ခုကို ထည့်သွင်းသင်ကြားပေးစေချင်ကြောင်း အကြံပြုကြတယ်။ ဥပမာ တချို့က စိုက်ပျိုးရေးပညာ သင်ပေးပါလို့ အကြံပြုပြီး တချို့က စက်မှုနည်းပညာအခြေခံနဲ့ အိုင်တီပညာအခြေခံ သင်ပေးပါလို့ အကြံပြုကြတယ်။ ဒီလိုပဲ AIDS တားဆီးကာကွယ်ရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စ၊ လူ့အခွင့်အရေးတို့၊ ပြည်သူ့နီတိတို့လို လူမှုရေးပညာရပ်တွေလည်း မဖြစ်မနေ ပါဝင်သင့်တယ်လို့ အကြံပြုသူတွေလည်း ရှိကြတယ်။ စည်းကမ်းတကျ လမ်းဖြတ်ကူးရေးကို မူလတန်းအရွယ်ကတည်းက သင်ကြားပေးသင့်တယ်လို့ အကြံပြုသူလည်း ရှိတယ်။

## ဂီတနဲ့ ပန်းချီ သင်ပေးပါ

ကလေးတွေ စိတ်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေဖို့ ငယ်စဉ်ကတည်းက ဂီတနဲ့ ပန်းချီ သင်ပေးပါ။ နိုင်ငံတကာက ကျောင်းတွေမှာလည်း သင်ပေးတယ်။ ရှေးခေတ်က မြန်မာစာသင်ကျောင်းတွေမှာလည်း ပန်းချီဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com

ခန့်ပြီး သင်ကြားပေးပါတယ်လို့ တိုက်တွန်းနိူးဆော်သူတွေလည်း ရှိတယ်။ ဒါပေမဲ့ သင်ရိုးညွှန်းတမ်းထဲမှာ အားလုံးပါအောင် ထည့်ဖို့ဆိုတာကတော့ ဖြစ်နိုင်ဖွယ်မရှိဘူးလို့ ထင်ပါတယ်။ ကျောင်းသုံးစာအုပ် ပြုစုရေးသားတဲ့ အခါမှာ ပညာပေးတဲ့အကြောင်းအရာတွေချည်း တန်းစီပြီးထည့်သွားလို့ မဖြစ်ပါဘူး။ စာသင်ရတာ ပျော်စရာဖြစ်အောင် ပေါ့ပါးတဲ့အကြောင်းအရာ လေးတွေလည်း ညှပ်ပြီး ထည့်ပေးရပါတယ်။

## ကျွမ်းကျင်သူနဲ့တိုင်ပင်

ဘယ်အရွယ်ကလေးတွေအတွက် ဘယ်လိုရေးပြီး ဘယ်လိုပေးရမယ် ဆိုတာကို သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ ပညာရှင်များသာ သိနိုင်ပါတယ်။ လူတိုင်းဝင်ရေးလို့ မရပါဘူး။ မူလတန်းကလေးတွေအတွက် ပြဋ္ဌာန်းစာအုပ် ပြုစုရေးသားမယ်ဆိုရင် သင်ကြားရေး စိတ်ပညာကျွမ်းကျင်သူတွေ၊ ကလေး စိတ်ပညာ ပါရဂူတွေ၊ မူလတန်းဆရာ၊ ဆရာမတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီးမှ သင်ရိုးညွှန်းတမ်းပညာရှင်တွေက ရေးဆွဲကြရမှာ ဖြစ်တယ်။ ဘယ်အရွယ် ကလေးရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုက ဘယ်လောက်ရှိတယ်ဆိုတာကို ကလေး စိတ်ပညာပါရဂူတွေမှ သိပါတယ်။ သူတို့နဲ့ ညှိနှိုင်းခြင်းမပြုဘဲ လုံးဝမရေး သင့်ပါဘူး။

## စမ်းသပ်ခဲ့တဲ့ အကြိမ်တွေ

သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုရာမှာ ကလေးအသက်အရွယ်အလိုက် ကျွမ်းကျင်သူတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး သင်ရိုးညွှန်းတမ်းရေးဆွဲရေး ပညာရှင် များကသာ ရေးဆွဲရမယ်ဆိုတဲ့မူကို အခိုင်အမာချမှတ်ပြီး ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဟိုကပြော၊ ဒီကပြောနဲ့ ပြောသမျှတွေနောက်လိုက်နေ ရင် ငါးပွက်ရာ ငါးစာချသလို အချိန်သာကုန်ပြီး ငါးရဖွယ်မရှိ ဖြစ်တတ် တယ်။ ပညာရေးနဲ့ပတ်သက်လို့ စနစ်သစ်ဆိုပြီး စမ်းသပ်ခဲ့တဲ့အကြိမ်တွေ မနည်းတော့ဘူး။ ကြားထဲက ကျောင်းသူ ကျောင်းသားတွေပဲ ဒုက္ခရောက် ကြရတယ်။

## မပါမဖြစ် ပါရမယ့်သူတွေ

ဒီတစ်ကြိမ်တော့ သေသေချာချာ အချိန်ယူပြီး ဆောင်ရွက်သင့်တယ်။



တတ်သိနားလည်တဲ့ ပညာရှင်မှန်သမျှဆီက အကြံပြုချက်တွေရအောင် ယူသင့်တယ်။ လက်တွေ့သင်ကြားနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူ ကျောင်းသား မိဘတွေရဲ့အသံတွေကိုပါ နားထောင်ဖို့ လိုပါတယ်။ ကာယကံ ရှင်တွေရဲ့ ဆွေးနွေးဝေဖန်ချက်တွေကို ထည့်သွင်းမစဉ်းစားဘဲနဲ့ မှန်ကန်တဲ့ စီမံကိန်းတစ်ရပ် ပေါ်ထွက်မလာနိုင်ဘူးဆိုတဲ့အချက်ကို မမေ့သင့်ကြဘူး။ ပညာရေးမှာ ကာယကံရှင်က ကျောင်းသားရယ်၊ ဆရာရယ်၊ မိဘရယ် ဖြစ်တယ်။ ဒီသုံးဦးဟာ ပညာရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲမှန်သမျှကို မပါမဖြစ် ပါဝင်ရမယ့်သူတွေဖြစ်တယ်လို့ ဆိုချင်ပါတယ်။

## ဂရုမစိုက်ခဲ့ကြလို့

မှားမှားမှန်မှန် နိုင်းရင်နိုင်းတဲ့အတိုင်းလုပ်ဆိုတဲ့ တစ်ပါတီအာဏာရှင် စနစ်အောက်မှာ ဘာတစ်ခုမှ ထိရောက်အောင်မြင်အောင် မလုပ်နိုင်ခဲ့ကြ တာဟာ ပါဝင်ပတ်သက်နေတဲ့ ကာယကံရှင်တွေရဲ့အသံတွေကို လုံးဝ ဂရုမစိုက်ခဲ့ကြလို့ ဖြစ်တယ်။ ရှေးရှေးက ဝန်ကြီးတစ်ပါး နောက်တော်ပါ တွေနဲ့ တိုင်းခန်းလှည့်လည်ရာမှာ အညာဒေသရောက်တော့ ဒီနှစ် မိုးလေ မမှန်လို့ ထန်းအထွက်နည်းတဲ့အတွက် ထန်းသမားများ၊ ထန်းလျက် ကုန်သည်များ စားဝတ်နေရေးခက်ခဲကြောင်း ဒေသခံတွေက တင်ပြကြတယ်။ အဲဒီတော့ ဝန်ကြီးက ထန်းသမားတွေကို မျိုးကောင်းမျိုးသန့်တွေ ထုတ် ပေးလိုက်၊ မြစ်ရေတင်စီမံကိန်းကို ဒီဒေသအရောက် တိုးချဲ့လိုက်လို့ အမိန့် တော် ချမှတ်လိုက်သတဲ့။

## လူမှန်နေရာမှန်

ဒီမိုကရေစီခေတ်ကို မဖြစ်ဖြစ်အောင် ထူထောင်မယ်ဆိုရင်တော့ ထန်းမျိုးစေ့ကောင်းထုတ်ပေးလိုက် ဆိုသူတွေနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဘယ်နေရာ၊ ဘယ်ဌာန၊ ဘယ်စီမံကိန်းမျိုးမှာမဆို တကယ်တတ်သိနားလည် တဲ့ ပညာရှင်တွေနဲ့ လူမှန်နေရာမှန်ဖြစ်ဖို့ လိုတယ်။ စီမံကိန်းတွေ ရေးဆွဲ ချမှတ်ရာမှာ ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ပတ်သက်နေကြတဲ့ ကာယကံရှင် ပြည်သူလူထုဆီက အကြံပေးချက်၊ တင်ပြချက်တွေကို ဂရုစိုက်နားထောင် ကြဖို့လည်း လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ၁၉၅၃ ခုနှစ်က စာအုပ်

ရေးခေတ် ပထမတန်းဖတ်စာအုပ်ထဲမှာ ပါတာလေးတွေကို နမူနာအဖြစ် ရေးပြလိုက်ပါတယ်။ မြန်မာဖတ်စာသစ်လို့ ခေါ်ပါတယ်။ အဖုံးမှာ ဒေါင်းတံဆိပ်ကြီးပါလို့ ဒေါင်းဖတ်စာလို့ ခေါ်ကြတယ်။ စာမျက်နှာ ၁၀၂ မျက်နှာပါပြီး တန်ဖိုး K. 1-50(တစ်ကျပ်ငါးဆယ်ပြား) ဖြစ်တယ်။ Approved by Text Book Committe, Rangoon လို့ ဖော်ပြပါရှိပြီး British Burma Press, Rangoon Gazette Limited က ၁၉၅၃ ရိုက်နှိပ်ထားတာ ဖြစ်တယ်။ ပထမနှစ်မျက်နှာက ဗျည်းနဲ့ သရတွေကို သင်ထားတာဖြစ်ပြီး သင်ခန်းစာတစ်က လေ့ကျင့်ခန်းလုပ်ခိုင်းပါတယ်။ က ကာ ကား၊ ကိ ကီ ကီး ခြောက်လုံးနဲ့ ဝါကျတွေ ရေးထားပါတယ်။

ဤပုဝါ နီ၏။
မီးရထား စီးပါ။
မရီ ငါးမစားရ။
မနီ သတိထားပါ။
အနာမထိရ။
ထီးပါသလား။

### သူငယ်များနှင့် ဖားတို့အကြောင်း

သင်ခန်းစာ ၂ ကတော့ ကု ကူ ကူး၊ ကေ ကေ့ ကေးတို့ သင်ပါတယ်။ လေ့ကျင့်ခန်းက –

ဘဦး ရေကူးနေသည်။
ဆေးကု၍ မရပါ။
မနေ့က လေလာ၏။
အသီးနုနု မခူးရ။
ရာသီဥတု အေး၏။ တို့ ဖြစ်တယ်။

သင်ခန်းစာ ၇ ကစပြီး ဝါကျတိုလေးတွေ စသင်ပါတယ်။ 'သူငယ်များနှင့် ဖားတို့အကြောင်း'ဆိုတဲ့ ခေါင်းစဉ်အောက်မှာ –

၁။ သူငယ်များသည် ရေကန်တစ်ကန်အနီး၌ ကစားကာနေကြ၏။
၂။ ထိုကန်ထဲ၌ ဖားအများနေကြသတည်း။
၃။ ထိုအခါ ဖားကြီးက မောင်တို့သည် သူတစ်ပါးနာအောင်၊ သေအောင်



မကစားရာ။ ဆင်ကျီစားရာ ဆိတ်မခံသာပါဟုဆို၍ ရေကန်ထဲသို့ ငုပ်သွားလေ၏။

### တန်ခူးရက်မစုံ ၂၉

သင်ခန်းစာ ၉ ကျတော့ တြိချိုးသဖြန်ဆိုတဲ့ ခေါင်းစဉ်နဲ့ 'ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွပ်သည့် အဖိုးအို၊ ပေဟာ ကြည့်ပဆို၊ ဆိုသာဆို ပိုမိုသည့် စကား၊ ကလေး အငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ် ဖိုးလနတ်သား' ကဗျာကို စမိတ်ဆက်ပေးတယ်။ သင်ခန်းစာ ၁၂ က 'ပျိုလေးတို့အိမ်ဦး ဆပ်သွားဖူးတဲ့ တစ်ရုံနှစ်ရုံ၊ ကျေးတွေကအုံ' ဆိုတဲ့ကဗျာပါ။ သင်ခန်းစာ ၁၆ က 'အတတ်ပညာ၊ ကြိုးစားကာ သင်ပါ မေ့သားလှ' အစချီတဲ့ ပညာအကြောင်း သံပေါက်ပါ။ သင်ခန်းစာ ၂၀ က ယုန်နှင့် လိပ်တို့ အကြောင်း ပုံပြင်ပါ။ သင်ခန်းစာ ၂၆ ကျတော့ 'သန့်ရှင်းသောအဝတ်ကို ဝတ်ခြင်းအကြောင်း' ခေါင်းစဉ်နဲ့ ဝါကျတိုလေးရှစ်ခု ရေးထားတယ်။ ၃၇ မှာတော့ 'ဥဒေါင်းယောင်ဆောင်သော ကျီးအကြောင်း'ပုံပြင် ဖြစ်တယ်။ ၄၁ က 'ဝံပုလွေနှင့် သိုးငယ်အကြောင်း' ပုံပြင်ပါ။ ၅၁ က 'ကျီးနှင့် မြေခွေးအကြောင်း' ပုံပြင်ပါ။ ၅၆ ကျတော့ 'တန်ခူးရက်မစုံ ၂၉၊ ကဆုန်ရက်စုံ ၃၀'ဆိုတဲ့ မြန်မာလများအကြောင်း ဖြစ်ပါတယ်။

### အတုယူနိုင်ကြပါစေ

သင်ခန်းစာ ၆၀ က နေအကြောင်း၊ ၆၂ က ကြယ်များအကြောင်း။ နောက်ဆုံးသင်ခန်းစာ ၆၄ ကတော့ ညီက အစ်ကိုထံပေးစာဆိုတဲ့ ပေးစာရေးနည်း ဖြစ်ပါတယ်။ အဲဒီနောက်တော့ ဆရာများသတိပြုရန်ဆိုပြီး သင်ခန်းစာများ သင်ကြားနည်းကို ရှင်းလင်းပြောထားတာ ဖြစ်ပါတယ်။ ဒီဖတ်စာလေး ကြည့်လိုက်ရုံနဲ့တင် သင်ရိုးညွှန်းတမ်းတို့၊ ဖတ်စာတို့ ရေးဆွဲပြဋ္ဌာန်းရာမှာ သက်တမ်းအလိုက် ဘယ်လို အဆင့်ဆင့်ပေးသွားရမယ်ဆိုတာ သိသာထင်ရှားပါတယ်။ ကောင်းတာတွေ အတုယူနိုင်ကြပါစေလို့ သတိပေးနှိုးဆော်လိုက်ရပါတယ်။

၂၁၊ ၃၊ ၂၀၁၂။



www.burmeseclassic.com

www.burmeseclassic.com

## ပင်ဝါးရုံစာပေမှ ထုတ်ဝေပြီးစာအုပ်များ

**မိဘ၊ ဆရာတို့အတွက် လက်စွဲစာအုပ်များ**

၁။ ကလေးသူငယ် ပြုစုပျိုးထောင်နည်း
★ ဒေါက်တာတင်မောင်ထွေး(ဒေါက်ထွေး၊ ဆေး-မန်း)
၂။ သင့်ကလေး လူတော်လူကောင်းဖြစ်အောင်
★ ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ)နှင့် ဒေါ်ဥမ္မာတင်
၃။ အပြုသဘောဆောင်သော စည်းကမ်း ★ ဒေါက်တာသိန်းလွင်
၄။ ကလေးငယ်များနှင့် အတူကစားပါ ★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၅။ သင့်ရင်သွေးငယ် ဉာဏ်ရည်ထက်မြက်ရေး
★ ပါမောက္ခဦးခင်မောင်သန်း
၆။ မိသားစုနှင့် ဆယ်ကျော်သက်အရွယ် ★ ပါမောက္ခဦးခင်မောင်သန်း
၇။ မိဘ(သို့မဟုတ်) လက်ဦးဆရာ ★ ပါမောက္ခဦးခင်မောင်သန်း
၈။ ကလေးတို့ ဉာဏ်ရည် ★ ဒေါက်တာသိန်းလွင်
၉။ သားသားမီးမီးဖွံ့ဖြိုးမှု အထူးဂရုပြု
★ ဒေါက်တာယုဇနစောမြင့်(ကလေးအထူးကု)
၁၀။ သင်ယူနေတဲ့ ကလေးတွေ ★ ခေတ်ဘုန်းသစ်

**ကလေးများအတွက် စာအုပ်**

၁၁။ ပျော်ရွှင်ဖွယ်ကစားနည်းများ
★ ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ)

**လူငယ်များအတွက် စာအုပ်များ**

၁၂။ လူငယ်တို့ရဲ့ အနာဂတ် (စကားဝိုင်း)
★ ကိုတာ၊ အော်ပီကျယ်၊ ဖေမြင့်၊ သန်းစိုးနိုင်၊ ကျော်ဝင်း
၁၃။ အချစ်အကြောင်း (ကဗျာ) ★ ဝေမှုံးသွင်
၁၄။ အိမ်ထောင်ဖက်ရွေးချယ်မှုနှင့် စိတ်ပညာအမြင်
★ ခင်မောင်သန်း(စိတ်ပညာ)
၁၅။ လူငယ်တို့အတွက် ဘဝနေထိုင်နည်း
★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)

**ကျန်းမာရေးပညာ စာအုပ်များ**

၁၆။ ကလေးတို့ ကျန်းမာရေး (အမေးအဖြေများ)
★ ဒေါက်တာအိအိခင် (ကလေးအထူးကုဆရာဝန်ကြီး)
၁၇။ ကလေးသူငယ်တို့တွင် အဖြစ်များသောရောဂါများ
★ ဒေါက်တာမြတ်မြင့်မိုရ်
၁၈။ ကိုယ်ဝန်ဆောင်မိခင်လောင်းတို့ သိမှတ်ဖွယ်
★ ဒေါက်တာမြတ်မြင့်မိုရ်
၁၉။ ပဋိသန္ဓေတားခြင်း နည်းလမ်းများ ★ ဒေါက်တာမြတ်မြင့်မိုရ်
၂၀။ ကူးစက်ရောဂါနှင့် အဖြစ်များသောရောဂါများ
★ ဒေါက်တာအောင်သန်း
၂၁။ သွေးလွန်တုပ်ကွေး ★ ဒေါက်တာအောင်သန်း

**စိတ်ပညာ စာအုပ်များ**

၂၂။ မမြင်ရသောတွန်းအားများနှင့် ဘဝအဆင့်ဆင့်ကိုဖြတ်ကျော်ခြင်း
★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၂၃။ ဆက်ဆံရေးသတ္တဝါနှင့် မိုးခါးရေသောက်ခြင်း
★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၂၄။ အပြောင်းအလဲနှင့် ပုံသေစိတ်အစွဲ
★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၂၅။ စိတ်ဖောက်ပြန်မှုနှင့် စံလွဲအပြုအမူများ ★ ခင်မောင်သန်း(စိတ်ပညာ)
၂၆။ သိပ္ပံနည်းကျတွေးခေါ်မှု ★ ခင်မောင်သန်း (စိတ်ပညာ)
၂၇။ အယူသီးမှု၊ နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့်
★ ခင်မောင်သန်း (စိတ်ပညာ)

**ကိုးကွယ်ယုံကြည်မှု စာအုပ်များ**

၂၈။ ခေတ်အမြင် ဗုဒ္ဓဘာသာဆိုင်ရာ အမေးအဖြေများ
★ ဒေါက်တာသိန်းလွင်
၂၉။ ဗုဒ္ဓဓမ္မ အနှစ်ပြု ★ ဒေါက်တာသိန်းလွင်
၃၀။ ရိုးရာ နတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ ★ ခင်မောင်သန်း(စိတ်ပညာ)

www.burmeseclassic.com

www.burmeseclassic.com

**Language စာအုပ်များ**

၃၁။ Everyday English Idioms (1) ★ ခင်မောင်တိုး(မိုးမိတ်)
၃၂။ Everyday English Idioms (2) ★ ခင်မောင်တိုး(မိုးမိတ်)

**အထွေထွေ**

၃၃။ ဖတ်စရာ ★ လူထုစိန်ဝင်း
၃၄။ မှုပိုင်ခွင့် ★ လူထုစိန်ဝင်း
၃၅။ မသန်ပေမယ့် စွမ်းသူများ ★ လူထုစိန်ဝင်း
၃၆။ စကားမာရသွန်–၁ ★ လူထုစိန်ဝင်း
၃၇။ စကားမာရသွန်–၂ ★ လူထုစိန်ဝင်း
၃၈။ ပထမတန်းစားစိတ်ဓာတ် ★ လူထုစိန်ဝင်း
၃၉။ စာနယ်ဇင်းနှင့် ယုံကြည်မှု ★ လူထုစိန်ဝင်း
၄၀။ လမ်းဖောက်သူ ဖြစ်ပါစေ ★ လူထုစိန်ဝင်း
၄၁။ ဒီမိုကရေစီဆိုတာ နောက်ဆုံးပန်းတိုင်မဟုတ် ★ လူထုစိန်ဝင်း
၄၂။ ရှက်စိတ်၊ ကြောက်စိတ်၊ အရှိုင်းစိတ် ★ လူထုစိန်ဝင်း
၄၃။ သမိုင်းထဲက စီးပွားရေး စီးပွားရေးထဲက သမိုင်း ★ လူထုစိန်ဝင်း
၄၄။ ဘောခ်တစ်ယောက်လို စဉ်းစားပါ ★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၄၅။ ဟိမဝန္တာ၌ လမ်းပျောက်ခြင်း ★ ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၄၆။ ဘငွေးကြည် ကာတွန်းများ ★ ဘငွေးကြည်
၄၇။ မပြောသောကောင်းကင်(မဂ္ဂဇင်းဝတ္ထုရှည်များ) ★ ခက်မာ
၄၈။ ဒေါက်ဒေါက် အိမ်ရှေ့ကဘယ်သူလဲ ★ ရဲမြလွင်
၄၉။ ရှေ့နေလောက ဟာသများ ★ အန်ထော်နီ
၅၀။ ဆရာမဖို့လက်ဆောင် ★ အန်ထော်နီ
၅၁။ ထိမ်းမြားလက်ထပ်မင်္ဂလာ ★ မောင်မာကျော်(လယ်တီ)
၅၂။ သံယောဇဉ်ဖြင့် ဖွဲ့ရစ်တည်အပ်သော
အညိုရောင်တယောကလေး(ရသစာတမ်းများ)

**Junior Children Series**

၁။ ဝံပုလွေဆိုး ပုံပြင်များ ★ မင်းထက်မောင်၊ အောင်စိုးမိုး
၂။ ပေးအပ်ခြင်းသစ်ပင် ★ မင်းထက်မောင်
၃။ လိပ်ပြာတစ်ကောင်အဖြစ်ဆီသို့ ★ မင်းထက်မောင်
၄။ တောတွင်းက လျှို့ဝှက်ကမ္ဘာ ★ မောင်ဒေး
၅။ ကလေးတို့စံပြုအပ်သော ပုဂ္ဂိုလ်များ ★ စိုးမြင့်လတ်
၆။ ကောင်းမွန်သော အမူအကျင့် ★ မင်းထက်မောင်
၇။ ဖိုးရွှေလ ပုံပြင်များ ★ မင်းထက်မောင်၊ အောင်စိုးမိုး
၈။ မယ်လက်မကလေး ★ ခင်မောင်တိုး(မိုးမိတ်)
၉။ ငှက်ပျင်းနဲ့ အာပြဲခြောက် ★ မင်းထက်မောင်
၁၀။ ဘွတ်ဖိနပ်ကြီးနဲ့ကြောင် ★ ခင်မောင်တိုး(မိုးမိတ်)
၁၁။ တာဝန်သိသိ၊ သတ္တိရှိရှိ ★ စိုးမြင့်လတ်
၁၂။ ရှားလော့ရဲ့ ပင့်ကူအိမ် ★ မောင်ဒေး
၁၃။ ဉာဏ်များတဲ့ ဦးမြေခွေးနဲ့ မြေအောက်တိရစ္ဆာန်ကမ္ဘာ ★ မောင်ဒေး
၁၄။ အကောင်းဆုံးသူငယ်ချင်းများအသင်း ★ အေးငြိမ်းစံ
၁၅။ ကျုံ့ဝင်သွားတဲ့ ကြွက်ကလေး ★ အေးငြိမ်းစံ
၁၆။ ကလေးတို့ရွတ်ဆိုစရာ တေးကဗျာ ★ရန်နောင်ဦး
၁၇။ ရဲရင့်သောနှလုံးသားပိုင်ရှင် ★ စိုးမြင့်လတ်
၁၈။ မအိပ်ခင် ပုံပြင်နားထောင်တဲ့ အရုပ်ကလေးတွေ ★ စိမ်းသစ်

**ဆက်လက်ထုတ်ဝေရန် စီစဉ်ထားသော ကလေးစာအုပ်များ**

၁၉။ လူသားတို့၏ တီထွင်မှုများ (၁) ★ ထက်မြက်
၂၀။ လူသားတို့၏ တီထွင်မှုများ (၂) ★ ထက်မြက်
၂၁။ ဂျာနယ်ပို့သမားလေး ဟင်နရီ ★ အေးငြိမ်းစံ

www.burmeseclassic.com